www.burmeseclassic.com

တက္ကသိုလ်

# ဘုန်းနိုင်

# စိမ်းနေဦးမည့်ကျွန်တော့်မြေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

မြဝတီစာပေတိုက်၊ စာစဉ်အမှတ် (၂၈)

၁၉၉၈ - ခုနှစ်၊ ဖေဖေါ်ဝါရီလ။

ဆဌမအကြိမ်

အုပ်ရေ - ၂၀၀၀

မျက်နှာဖုံးပန်းချီ
မောင်မောင်သိုက်

တန်ဖိုး–၁၅၀ ကျပ်

မြဝတီစာပေတိုက်၊ အမှတ်–၇၅(ခ)၊ ပြည်လမ်း၊ စော်ဘွားကြီးကုန်း၊ ရန်ကုန်တွင် စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီး စိန်ဝင်းက ပုံနှိပ်သူ ယာယီမှတ်ပုံတင်အမှတ် (၄၅၆)ဖြင့် ပုံနှိပ်၍ ထုတ်ဝေသူ ယာယီ မှတ်ပုံတင်အမှတ် (၃၃၆)ဖြင့် ဖြန့်ချိ ထုတ်ဝေသည်။

# ဒို့တာဝန် အရေးသုံးပါး

- ✰ ပြည်ထောင်စု မပြိုကွဲရေး – ဒို့အရေး
- ✰ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး – ဒို့အရေး
- ✰ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး – ဒို့အရေး

## ပြည်သူ့သဘောထား

- ✰ ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✰ နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✰ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✰ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



### အမှာစာ

(၁)

'စိမ်းနေဦးမည့် ကျွန်တော့်မြေ' ကို ကြော်ငြာခဲ့သည်မှာ ကြာပြီ၊ ကျွန်တော်၏စာဖတ်ပရိသတ်ကြီးအတွက် မျှော်ရသည်မှာလည်း ကြာသင့်ရက်ထက် ပိုရှည်ခဲ့ရသည်၊ ဤအမှာစာဖြင့် စာဖတ်ပရိသတ်ကြီးကို လေးစားစွာတောင်းပန်ပါသည်။

စင်စစ်မူ ဤဝတ္ထုကြီးကို ၁၉၅၃-ခုနှစ်ကတည်းက ရေးပြီးခဲ့သည်ဆိုလျှင် အံ့သြကြပေမည်၊ ကျွန်တော်ရှင်းလင်းတင်ပြပါရစေ။

(၂)

၁၉၅၃- ခုနှစ်ဆီက ကျွန်တော့်တွင် ဂုဏ်ထူးဘွဲ့ထူးကြီးများမရှိသေး၊ ရာထူးဆိုလျှင်ဝေးစွ၊ ကလောင်နာမည်မှာလည်း စာပေသမုဒ္ဒရာ၌ ရေပွက်ငယ်ပမာသာ ရှိသေးသည်။ ဘဝကို ပင်ပန်းချို့ငဲ့စွာရုန်းကန်ရင်း ဤဝတ္ထုကြီးကို ရေးသားပြီးစီးခဲ့သည်။ ထိုစဉ်က ဝတ္ထုအမည်ကို **"မဟီမြနန်း"** ဟုတပ်ကာ မြန်မာပြည်၌ ဒုတိယဝါအရင့်ဆုံးဖြစ်၍ အကျော်ကြားဆုံး မဂ္ဂဇင်းတစ်စောင်

www.burmeseclassic.com

www.burmeseclassic.com



သို့ ပေးအပ်ခဲ့သည်...။အရွေးချယ်မခံရရုံမျှမက စာမူပင် ပြန်တောင်း၍ မရဘဲ ပျောက်ဆုံးလက်လွတ်ခဲ့ရသည်။

ယခုအချိန်တိုက်ပိုင်ရှင်များ ဖွတ်ရောအခမ့ပိုင်း စားပြတိုက်ခံရဆဲအဖြစ်မှ စဉ်းစားလျှင် ထိုစဉ်က ကြုံရချက်မှာ အသည်းနာဖွယ် ဖြစ်သည်။

မဟာမြနန်းတွင်မက အခြားသော ကျွန်တော့်ဝတ္ထုကြီးများမှာ ဤကြမ္မာမျိုးနှင့်ချည်းတိုးခဲ့ရသည်။...။

၁၉၅၁– ခုနှစ်ဆီ၌ **"မိုးတွေရွာမှဖြင့်"** အမည်ဖြင့် စိတ္တဇဝတ္ထုတစ်ပုဒ်ကို ရေး၍ သူငယ်ချင်းစာရေးဆရာ**ခင်မောင်အေး**နှင့်အတူ မြန်မာပြည်၌ ပထမဝါအရင့်ဆုံးမဂ္ဂဇင်းကြီးတစ်စောင်ဆီပို့ခဲ့ဖူးသည်။ အပယ်ခံရသည်။ ထိုဝတ္ထုကိုပင် ကျွန်တော် နာမည်တက်စ ၁၉၅၉–ခုတွင် **"တစ်မိုးသက်လျှင်"** ဟု အမည်ပြင်၍ မြဝတီမဂ္ဂဇင်းကြီးသို့ ပို့ခဲ့သည်။ အပယ်ခံရပြန်သည်။...။

မိုးတွေရွာမှဖြင့်သည်...တစ်မိုးသက်လျှင်...ထိုမှ **"မိုးညအိပ်မက်မြူ"** ဖြစ်လာသည်။ ပရိသတ်ကြီးသိပြီးသော မြစာပေတိုက်ထုတ် စောင်ရေ စံချိန်သစ်ထုခဲ့သော ဝတ္ထုကြီးပါပေ၊ မိုးတွေရွာမှဖြင့်၊ တစ်မိုးသက်လျှင်နှင့် မိုးညအိပ်မက်မြူကွာခြားချက်မှာ၊ မိုးညအိပ်မက်မြူတွင် အငြိမ့်သမလေးနွယ်နှင့်ကိုသစ္စာတို့အခန်းပိုလာခြင်းသာဖြစ်သည်။...။မိုးညအိပ်မက်မြူ အောင်မြင်လာသောအခါ မလိုသူတစ်စုက...ဟိုရုပ်ရှင်မိုးသည်၊ ဟိုရုပ်ရှင်ကူးသည်နှင့် စွပ်စွဲလာကြသည်။ ကျွန်တော့်အဖြေမှာ...မိုးညအိပ်မက်မြူ ဝတ္ထုကြီး ရေးစဉ်ကသူတို့ပြောသော ရုပ်ရှင်သည် ဘယ်ဆိနေမှန်းမသိသေး။...။

ကျွန်တော်ပြောလိုသည်မှာ၊ စာရေးဆရာ၌ မှန်ကန်သောသစ္စာရှိပါ၊ မှန်ကန်သောသစ္စာကို စာဖတ်သူပြည်သူတို့ အလွန်သိ



သည်။ စာရေးဆရာတစ်ဦး၏ ကံကြမ္မာကို မည်သူကမျှ ဝင်ရောက်အဆုံးအဖြတ်မပေးနိုင်၊ စာဖတ်သူ ပြည်သူတို့သာလျှင် ပေးနိုင်သည်...။

ယခုလည်း **"စိမ်းနေဦးမည့်ကျွန်တော့်မြေ"** ကို စာဖတ်သူပြည်သူလူထုထံသို့ လေးစားစွာတင်ပြလိုက်ရပြန်ပါသည်။

(၃)

"မဟာမြနန်း"သည် စာမူအဖြစ် ပျောက်ဆုံးသွားသော်လည်း ကျွန်တော့်ရင်၌...မမေ့ပြယ်နိုင်အောင် စွဲထင်ကျန်ရစ်သည်။ အကြောင်းမှာ ဤဝတ္ထုသည် ကျွန်တော်ကျင်လည်ခဲ့ရသော ချစ်သောမြေ၏ ဓာတ်လမ်းဖြစ်သောကြောင့်တည်း။...။

၁၉၆၀ ခုနှစ်၊ ဆောင်းတွင်း၌ ကျွန်တော်သည် နယူးယောက်မြို့အနောက် ၆၈ လမ်းရှိ ကျွန်တော်နေရာ အခန်းပြူတင်းမှ အပြင်ဘက်ကို ငေးကြည့်နေသည်။ အောင်းကင်မှာ မိုင်း၍နှင်းဖြူဖြူတို့ ထုထပ်စွာ ကျဆင်းနေ၏။...။ နယူးယောက်၏ မိုးထိတိုက်တို့ကလည်း မဲမဲညိုညိုနှင့်ဆိတ်သုဉ်းစွာ ရပ်နေကြ၏။ အရိုးကျဲသော သစ်ပင်တို့၌ ဘာရွက်မှမရှိ။...။

ကျွန်တော်က စိမ်းနေမည့်ကျွန်တော့်မြေကို ပြန်ပွမ်းမိသည်။ မဟာမြနန်း၏ ဓာတ်လမ်းသည်လည်း ခေါင်းတွင်ပြန်ပေါ်လာသည်။ ထိုခဏတွင်ပင် ဝတ္ထုနာမည်ကို **"စိမ်းနေဦးမည့်ကျွန်တော့်မြေ"** ဟု ပြင်လိုက်သည်။

စိမ်းနေဦးမည့်ကျွန်တော့်မြေဆိုသည်မှာ ကျွန်တော်ကြီးပြင်းခဲ့ရသည့် ထုံးဘို၊ ပေါင်းတလည်၊ ပေါင်းတည်စသည့် ပြည်ခရိုင်ကို ရည်ညွှန်းပါသည်။...။ ထုံးဘို၊ ပေါင်းတလည်၊ ပေါင်းတည်တို့သည် မိုင်အားဖြင့် ခြားနားကွာလှမ်းကြသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတွင်းမှ "ရွှေဂု" ရွာသည် ဤသုံးရပ်ကို ပေါင်းထားခြင်း ဖြစ်သည်။

ဥပမာ .. ညိုမှာ သိုက်တွင်းများသည် ထုံးဘိုအနီး အကောက်တောင်ပေါ်တွင်ရှိသည်။ ကိုးဆောင်တွဲ ကျောင်းကြီး မှာလည်း ထုံးဘိုတွင်ပင်တည်း။ ဦးလေးပုကြီးလည်း ကိုးဆောင် တွဲကျောင်းဝင်းရှိ ကျောင်းပျက်ကြီး၌ နေခဲ့ဖူးသည်။ ကိုးဆောင်တွဲ ကျောင်းကြီးကား ကျွန်တော်နေခဲ့ရသော ကျောင်းကြီးတည်း...။

ရိုးကလေးမှာမူ ပေါင်းတလည်နှင့် ပေါက်ခေါင်းကြား တွင် ရှိ၏။ ဘထွေးရွှေလွန်းမှာ ပေါင်းတလည်နယ် ကံမကြီးရွာ မှ ဖြစ်သည်။ ဟဲဟိုးတပ်ကို စစ်တပ်ထင်၍ ဝင်မိသော ကိုကျော်ရှိန် ၏ အဖြစ်မှာ ငရုအိုင်ရာ (ပေါင်းတလည်အပိုင်)၌ တကယ်ဖြစ်ခဲ့ သည်။

အဓိကမှာ...တော်လှန်ရေးအဆက်ဆက် အသက် သွေး ပေးခဲ့ကြသော ပြည်ခရိုင်မှတောင်သူလယ်သမားကြီးများကို ရည်ညွှန်းပါသည်။

ပြည်ခရိုင်သည် တော်လှန်ရေးအစဉ်အလာရှိခဲ့သော ခရိုင် ဖြစ်သည်။ ပြည်မြို့မ ဂါတ်ဝင်းအတွင်း၌ ကျောက်တိုင်တစ်တိုင် ရှိသည်။ ဆရာစံသူပုန်ကြီးတုန်းက ကျဆုံးခဲ့သော အင်္ဂလိပ် ရာဇဝတ်ဝန်တစ်ဦး၏ အထိမ်းအမှတ် ဖြစ်သည်။ တစ်နည်းအားဖြင့် တိုစဉ်က အရာအထူးကြီးလှသော ရာဇဝတ်ဝန်ကျသည်အထိ ပြင်းထန်သော ပြည်ခရိုင်သားတို့၏ တော်လှန်လုပ်ဆောင်ချက် အထိမ်းအမှတ်ဖြစ်သည်။ (ဤကျောက်တိုင်ကို ဖြိုပစ်ကြပြီလား မသိ၊ မဖြိုရသေးလျှင် ထိန်းသိမ်းထားနိုင်ပါစေ ဆုတောင်း၏။)

ထင်ရှားသော ခေါင်းဆောင်ကြီးများကို လူတိုင်းသိသည်။ မထင်မရှားဖြင့် တော်လှန်ရေး အဆက်ဆက် အသက်သွေးကို



စတေးခဲ့ကြသော ပြည်ခရိုင်၊ ထုံးဘို၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပေါင်းတည်နယ်မှ တောင်သူလယ်သမားကြီးများကို ဤ **"စိမ်းနေ ဦးမည့်ကျွန်တော့်မြေ"** ဝတ္ထုကြီးဖြင့် ဂုဏ်ပြုပါသည်။

အချို့နေရာတွင် နာမည်မှန်၊ အဖြစ်မှန်များကို ထည့်သွင်း ထားရာ ကာယကံရှင်များ ခွင့်လွှတ်ရန် ဦးညွှတ်တောင်းပန်ပါ သတည်း။

တက္ကသိုလ်ဘုန်းနိုင်
(၂၀-၄-၆၃)
တောင်ကြီးမြို့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ထင်ဆင့်အမှာစာ

**"စိမ်းနေဦးမည့် ကျွန်တော့်မြေ..."**

တစ်မိုးတွင်း၌ တောင်ကြီးမြို့မှ ရန်ကုန်သို့ ကျွန်တော် ဆင်းလာခဲ့သည်။

ပဲခူးတိုင်းလွင်ပြင်သို့ရောက်သောအခါ မိုးလေးဖွဲဖွဲရွာ နေသည်။ လယ်ကွင်းတွေမှာ ရေတင်နေပြီ။ စိုက်ပြီးစ စပါးပင်တွေနှင့် ပတ်ဝန်းကျင်တစ်ခုလုံးသည် တစ်မျှော်တစ်ခေါ် မြပင်လယ်ကြီး ဖြစ်နေသည်။ ဟိုးအဝေးဆီမှာတော့ တိမ်ဖြူတွေကျော်တက်နေရသည့်တောင်တန်း စိမ်းမှောင်မှောင်ကြီး...။

ကားစတီရာရင်ကို ထိန်းမောင်းရင်း ကျွန်တော်က သီချင်း ဆိုသည်။

"စိမ်းနေဦးမည့်ကျွန်တော့်မြေ...။ စိမ်းနေဦးမည့်ကျွန်တော် မြေ...။ စိမ်း...နေဦး...မည့်ကျွန်တော့်မြေ+ + + +"

ဂီတသဘောနှင့်ပြောရလျှင် ယခုရေးပြခဲ့သည့် ဝါကျသုံး ပိုဒ်မှာ ကျွန်တော့်သီချင်း၏ထုတ်ဖော်ကြေငြာခြင်း[Exposition] သဘောဖြစ်ပါသည်။ ဤအထိတော့ အနှေးအမြန်နှုန်း [Tempo] အသံသွား အသံလာ[Rhythm] နှင့်အသံများ စီစဉ်ဆက်စပ်မှု



[Melody]တွေရှိပြီးပြီ။ ဘယ်တူရိယာအမျိုးအစား၏ သဘာဝ လက္ခဏာသံ [Timbre]က လွှမ်းမိုးကြီးစိုး ရှေ့ဆောင်နေသည် ကိုပင် ကျွန်တော့်"အတွင်းနား" ၌ ကြားနေရသည်။

သို့ရာတွင် သီချင်းကို ဘိုးတက် ဖြစ်ထွန်းစေခြင်း [Development]၊ တုံ့လှည့်ခြင်း [Recapitulation]နှင့် နိဂုံး ချုပ်ပေးခြင်း [Coda] တို့ဖြင့် ပြည့်စုံ ပြီးမြောက်သည်အထိ ကျွန်တော်မစပ်ရသေး။ အကြမ်းစပ်ထားသည်တို့တော့ ရှိသည်။ ကျွန်တော့်ဘာသာပင် ကျွန်တော် မကျေနပ်သောကြောင့် ပယ်ချ ထားသည်။

မပြီးဆုံးသေးသော တေးသွင်[Unfinished Symphomy] ဟု ကျွန်တော့်ဘာသာကျွန်တော် နာမည်ပေးထားသည်။ စာသား ပါသော "သီချင်း"မျိုး [Cantata]ဖြစ်သောကြောင့် ဂီတသံချည်းသက်သက်ဖွဲ့စည်းမှုမျိုး [Sonata form] မဟုတ် သဖြင့် ကျွန်တော့်သီချင်းကို ဆင်(မ်)နီဟုတော့ ရာခိုင်နှုန်း ပြည့်ခေါ်နိုင်မည်မဟုတ် သို့ရာတွင် ဆင်(မ်)ဖနီတစ်ပိုဒ်နီးပါး ခံ့ခံ့ညားညား၊ ထည်ထည်ဝါဝါ၊ ပြည့်ပြည့်ဝဝ၊ လွှမ်းလွှမ်း မိုးမိုး ဖြစ်စေချင်သည်။

ခွင့်လွှတ်ပါ...။ မိုးထိအောင်လေကားထောင်မိခြင်း ဖြစ် ပါသည်။ စာရေးဆရာ၊ ကဗျာဆရာတွေ၌ နာမ်သဘောနှင့်စွန့်စား ခြင်းမျိုးဖြစ်သည့် မိုးထိအောင်လေကားထောင်ခွင့်ရှိသည်ဟု ကျွန်တော်ယုံကြည်သည်။

ဪ...အကြောင်းအရာကလည်း မိုးထိအောင်လေကား ထောင်ခွင့်ပေးသည်ဟု ကျွန်တော်ထင်သည်။

အကြောင်းအရာက "စိမ်းနေဦးမည့်ကျွန်တော့်မြေ..."။ ကျွန်တော့် မြေ။ ကျွန်တော့် ဘိုးဘွား မိဘများ၏ မြေ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် သားသမီး မြေးမြစ်များ၏ မြေ...။ အမိနိုင်ငံမြေ...။ မတတ်နိုင်ပါ။ အမိနိုင်ငံမြေကို ကျွန်တော်ချစ်သည်။

နိုင်ငံတကာ ချစ်ကြည်ရေး၊ လူမျိုးစုံ ချစ်ကြည်ရေး၊ လူသားဝါဒ၊ ဗြဟ္မစိုရ်တရား...။ ဤသည်တို့ကိုလည်း ကျွန်တော် မြတ်နိုးပါသည်။ တန်ဖိုးထားပါသည်။

သို့ရာတွင်–

အမိနိုင်ငံမြေကို ကျွန်တော်ချစ်သည်။...။ အချစ်ဆုံး...။

အမိနိုင်ငံမြေမှာ နေသူတွေရှိခဲ့သည်။ ရှိနေသည်။ ရှိလိမ့်ဦးမည်။

သူတို့ကိုလည်း ကျွန်တော်ချစ်သည်။ သူတို့ကြောင့်လည်း ကျွန်တော်သည် ကျွန်တော်ဖြစ်နေသည်။ နို့မဟုတ်လျှင် ကျွန်တော် လည်းမရှိ။

သူတို့မှာ မျှော်လင့်ချက်တွေရှိသည်။ မျှော်လင့်ချက်နှင့် လူသည် လူဖြစ်နေသည်။

"ယုံမယုံမှာ သင့်အလိုအတိုင်းရှိပါစေတော့..."။ ကျွန်တော် ကြီးပြင်း ဖြတ်သန်းလာသော ခေတ်တွင် မျှော်လင့်ချက်တွေ ပျောက်ကွယ်လုလုရှိခဲ့သည်။ ကြုံဖူးမှသိပါသည်။

သို့ရာတွင်...အရှုံးမပေးသူများ ရှိကြသည်။ သူတို့နှင့် အတူ ကလေးဘဝတည်းမှစပြီး ကျွန်တော်ခံစားခဲ့ရသည်။ ရှန်းကန်ခဲ့ရသည်။ ဝမ်းနည်းဖွယ် ဝမ်းသာဖွယ်တွေ ကြုံခဲ့ရသည်။ အောင်မြင်ခြင်းတွေရော ဆုံးရှုံးခြင်းတွေကိုပါရင်ဆိုင်ခဲ့ရဖူးသည်။

ဘာတွေဖြစ်ဖြစ်...မျှော်လင့်ခြင်းကို လက်မလွှတ်ခဲ့ကြပါ။

သူတို့အကြောင်းကို ကျွန်တော်ဝတ္ထုရေးသည်။

ပထမက 'မဟာမြနန်း'ဟု ကျွန်တော်အမည်ပေးသည်။ ၁၉၅၃ ခုနှစ်ကပါ။ ပုံနှိပ်မခံရရုံမက ... စာမူပင် ပြန်မရခဲ့ပါ။



ကောင်းပါသည်။...။

၁၉၆၀ ခုနှစ်၌ 'သူများမြေ' တွင် နေရင်း ကိုယ့်မြေကို ပြန်လွမ်းသည်။

ဩော်...သူများမြေတွင် ရောက်မှ ကိုယ့်မြေကို ပြန်လွမ်း သူတစ်ဦးလည်း ရှိခဲ့ဖူးသည်။

ဝါဒ်(စ်) ဝက်(သ်) [Wordsworth]ပါ...။

သူကစပ်ခဲ့သည်။

I travelecl among unknown me.<br>
In lands beyond the sea;<br>
Nor, England! did I know till then<br>
What love I bore to thee.

"သူစိမ်းဆို လူတွေကြား<br>
ရေခြားတစ်မြေပြင်၌<br>
ခရီးနှင်ငါတစ်ယောက်<br>
ရောက်ခဲ့ရမိ။...။<br>
အို...မိခင်နိုင်ငံ<br>
တစ်ရံဆဲမြေမရောက်ခင်က<br>
ဘယ်လောက်ကွယ်သင့်အတွက်<br>
ငါချစ်မက် ရင်၌သယ်<br>
တာတွယ်ကြောင်းငါမသိ။...။"

အဲသည်တုန်းက သူ့ကဗျာကို ကျွန်တော်မဖတ်ဖူးသေးပါ။ သူ့ခံစားမှုမျိုးတော့ ကျွန်တော်ရင်မှာ ရှိနေသည်။

မိခင်မြေမဟာမြနန်းအကြောင်း စိတ်တွင်း၌ ကျွန်တော် ပြန်ရေးသည်။ ဝတ္ထုအမည်ကိုလည်း "စိမ်းနေဦးမည့် ကျွန်တော့် မြေ" ဟု ပြင်လိုက်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုကတော့ မြန်မာပြည်ကို ကျွန်တော်ပြန်ရောက်ပြီး နှစ်နှစ်အကြာ ၁၉၆၃–ခုနှစ် မေလတွင်မှ ပထမနှိပ်ခြင်း အဖြစ် ထွက်ခဲ့သည်။

အုပ်ရေစံချိန်သစ်တင်ခဲ့သည်။ အကြိမ်ကြိမ်လည်း ထပ်ရိုက်ခဲ့ရသည်။

အုပ်ရေစံချိန်တွေ ဘာတွေအတွက် ကျွန်တော်အထူးဝမ်းမသာပါ။

လူတို့ရင်တွင်းပဲ့တင်လှိုင်းခတ်သံက ကျွန်တော့်ကို ပီတိဖြစ်စေပါသည်။

ကျွန်တော်အခြားဝတ္ထုတစ်ပိုဒ်၏ အမည် "သူ့ကျွန်မခံပြီ" ကဲ့သို့ပင် "စိမ်းနေဦးမည့် ကျွန်တော့်မြေ" သည် အဓိပ္ပာယ်ပြည့်ပြည့်၊ နိမိတ်ပုံခိုင်ခိုင်နှင့် လူတို့ နှုတ်၌စွဲသည်။ ဆီဆိုင်လာလျှင် ရွတ်ကြသည်။

ဩော်...သူ့ကျွန်မခံလိုသော ဘယ်လူသည်စိမ်းနေဦးမည့် ကိုယ့်မြေကိုလည်း ဘယ်မချစ်၊ ဘယ်မမြတ်နိုးဘဲရှိပါမည်နည်း။

ဤအမည်သည် အတိတ်ကိုချည်းမညွှန်း။ ပစ္စုပ္ပန်ကိုသာမဆို။ အနာဂတ်အတွက် ယုံကြည်ချက်နှင့် မျှော်လင့်ခြင်းတွေပါသည်။

တစ်လောက ပြည်ခရိုင်အရှေ့ပိုင်းသို့ ကျွန်တော်ရောက်ခဲ့သည်။

"ပေါင်းတလည်နှင့်ပေါက်ခေါင်းကြား ရိုးလေး၏ တောင်ကြား တစ်နေရာတွင်ကားဆိုက်နားကြသည်။

ပြည်မှအိမ်ရှင်တစ်ဦးက ရိုးလေးတွင်းမှ တောတစ်နေရာကို ညွှန်ပြပြီး ဆိုသည်။

"အဲဒီနေရာမှာ တကယ်တိုက်ပွဲတွေ ဖြစ်ခဲ့တယ်။ သန့်ဇင်



တို့၊ သူ့အဖေတို့၊ သူ့ဆရာတို့ရဲ့ ဖက်ဆစ်တော်လှန်ရေးနေရာလေ။ မယဉ်နွယ်တွေလည်းပါသဗျ...။"

ကျွန်တော့်ရင်တွင်းမှာလည်း ခံစားမှုမျိုးစုံနေသည်။

ပေါင်းတလည်နှင့်ရိုးလေးကြားက ရှုခင်းတွေပြောင်းနေပြီ။

ပိုစိမ်း၍ ပိုစိုနေသည်။ မြေပြင်မှာ ဟိုစဉ်က မရှိသော ဆည်ရေစီးသော အုတ်မြောင်းလက်တံတွေကို တွေ့ရသည်။

"ကိုကျော်ရှိန်"တို့၏ "ငါးခုအိုင်"ရွာနားတွင်ပင် ခေတ်ပညာ၏ သင်္ကေတစာသင်ကျောင်းကြီးတစ်ကျောင်းကို တွေ့ရသည်။

ကျွန်တော့်တို့က ပေါက်ခေါင်းမြို့ကိုအများကြီးလွန်ပြီး "တောင်နဝင်း"ဆည်ကြီးဖောက်နေသည်အထိရောက်ခဲ့သည်။

ဟိုတုန်းကတော့ တောကြီးမျက်မည်းပါ။

ယခုလည်း ရောမတောတောင် ရှုခင်းကြီးပါ။ ရင်သပ်ရှုမောရသော တောတောင်ရှုခင်းကြီးပါ။ လူ့သားကို ဟော့... ငါကြီးကျယ်ခြင်းကို ရှုစမ်းဟု ကြွားဝင့်ပြနေသော တောတောင်ရှုခင်းကြီးပါ။

သို့ရာတွင် ယခု ဆောက်နေဆဲ၌ပင် ရင်သပ် ရှုမောငေးကြည့်ရသည့် ရောမဆည်လှလှကြီးကလည်းရှိနေသည်။

ဟိုး အရှေ့ဘက် မလှမ်းမကမ်းမှာက "အာဏာနီ" ထောင်လို သူတို့၏ ကြောက်ဖွယ်စခန်းကြီးရှိခဲ့ဖူးသည်။

ရှိခဲ့ဖူးသည်...။ ဟုတ်ကဲ့...၊ ယနေ့မရှိပြီ။

ရောမဆည်လှလှကြီးက ရောမတောတောင်ရှုခင်းကြီးနောက်ခံနှင့်ကျွန်တော့်ကို ရင်းရင်းနှီးနှီးစကားတွေပြောနေသည်။

သူ့ကိုလည်း ကျွန်တော်စကားပြန်ပြောခဲ့သည်။ ကျွန်တော့်ဝတ္ထုဇာတ်သိမ်းမှ စကားတွေ ပြန်ပြောခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"... ဤမြေကို သွေးအထပ်ထပ်ဖုံးလွှမ်းရန် ကြိုးပမ်းကြသည်။ သွေးအထပ်ထပ်လည်းကျခဲ့ဖူးပြီ။... သို့သော်... စိမ်းသောမြေကို ယာယီသွေးတို့ ထာဝစဉ်မလွှမ်းနိုင်။

ကျွန်တော့်မိခင်မြေသည် စိမ်းနေဆဲဖြစ်ပါ၏။ အတိတေအတိတ်ကာလတရာဟုလည်း စံချိန်တင်ခဲ့သည်။ အချိန်ကာလတိကျစွာ သုံးနိုင်သော ရှေးပဝေဏီ ကျွန်တော့်ဘိုးဘွား ဘီဘင်ကျေးဖူးရှင်များလက်ထက်ကတည်းမှ ကျွန်တော့်မြေသည် စိမ်းလန်းသာယာခဲ့သည်။ ယခုလည်း စိမ်းလန်းသာယာနေပါ၏။ နောက်နောင်၌လည်း စိမ်းလန်းသာယာနေပေမည်။

ထာဝစဉ်စိမ်းနေဦးမည့် ကျွန်တော့်မြေ...။"

ဩော်...ဤအမှာစာကို ရေးနေစဉ်အတွင်း ကျွန်တော့်အတွင်းနားတွင် ဂီတလှိုင်းသံတွေပေါ်လာနေသည်။

"မပြီးဆုံးသေးသော တေးပဠှင်..."။

ပြီးဆုံးအောင် ကျွန်တော်ဆက်စပ်ရပါမည်...။ ဟင့်အင်း... ကျွန်တော်တို့ ဆက်စပ်ရပါမည်။

မိခင်မြေက ကျွန်တော်တို့အားလုံးကို ခိုင်းနေလေသည်။

တက္ကသိုလ်ဘုန်းနိုင်

၁၂-၅-၉၇



## အတ်ဆောင်သူများ

၁။ သန့်ဇင် — ဉာဏ်ထက်သမျှ ဂုဏ်ဝင့်မာန်ကြီးသော ကလေးတစ်ဦး။

၂။ မယဉ်နွယ် — လှပ၍ ကရုဏာရှိသော သူငယ်မလေး။

၃။ ဦးရန်ရှင်း — သူကြီးဟောင်း၊ ကျွန်းပြန်သူပုန်ကြီး၊ သန့်ဇင်၏ ဖခင်။

၄။ ဒေါ်ပန်းဝါ — ဦးရန်ရှင်း၏ဇနီး၊ သန့်ဇင်၏မိခင်။

၅။ ဦးသာစံ — သူကြီး၊ မြေပိုင်ရှင်၊ ဦးရန်ရှင်း၏ကမ္ဘာရန်၊ မယဉ်နွယ်၏ဖခင်။

၆။ ဒေါ်မိုး — ဦးသာစံ၏ဇနီး၊ မယဉ်နွယ်၏မိခင်။

၇။ ကိုရွှေလွန်း — ရွာသားလူရိုး၊ လူကြောက်၊ သန့်ဇင်၏ ဘထွေးလေး။

၈။ မငြိမ်းမယ် — ကိုရွှေလွန်း၏ဇနီး။

၉။ အရူးကြီးကိုပု — တောအုပ်ဟောင်း၊ စိတ်နောက်နေသူ။

၁၁။ ကိုအုန်းဖေ — အလယ်တန်းကျောင်းအုပ်၊ တို့ဗမာ အစည်းအရုံးဝင်၊ သန့်ဇင်၏ဆရာ။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ မသန်းရင် ချောမောအေးချမ်းသည့်မြို့သူ၊
ကိုအုန်းဖေ၏ဇနီး။

၁၂။ ကိုမြင့်ဦး အာရှလူငယ်အသင်း ကာယဗလမှူး၊
မသန်းရှင်၏မောင်။

၁၃။ ကိုအုန်းမောင် ကိုအုန်းဖေ၏အစ်ကို။

၁၄။ မခင်သိန်း ကိုအုန်းမောင်၏ဇနီး။

၁၅။ ဦးထွန်း ကြင်နာတတ်သူ ရဲဌာနပိုင်ကြီး။

၁၆။ ဦးဆံနီ ရဲတိုက်ပိုင်ကြီး။

၁၇။ ဦးပဏ္ဍိတ ကျောင်းထိုင်ဆရာတော်။

၁၈။ ဦးကောဝိဒ ဆရာတော်၏လက်ထောက် ဦးပဥ္စင်း။

၁၉။ ဗိုလ်စောလင်း မြန်မာလူမျိုး ဗြိတိသျှ လေထီးတပ်ဗိုလ်
တစ်ဦး။

## ဇာတ်ရံများ

(ကိုရင်များ)

၁။ လောစံ။
သာခွေး။
ကျပ်ခိုးစွဲ။

(ဘုန်းကြီးကျောင်းသားများ)

၂။ နက်ကျော၊ သောင်းဟန်။
ပါစီနောင်၊ တိမ်တစ်လုံး။



(ရွာသားများ)

၃။ ကိုချစ်တီး၊ စံကွန့်။
ဘိုးဒန်၊ ရွှေနီ။
ကိုကျော်ရှိန်၊ ကိုကျင်ခဲစသည်...

(ဂျပန်စစ်ဗိုလ်များ)

၄။ နာကာမူရာ၊ အိမူရာ။

(အထွေထွေဇာတ်ဖြည့်သူများ)

၅။ ဗမာ့တပ်မတော်သားများ။
ဂျပန်စစ်သားများ၊ ပုလိပ်များ။
ပေါင်းတလည်မြို့ လူကြီးများ။
လူငယ်များနှင့်မိန်းမပျိုများ။
မြို့ပိုင်ကြီး၊ မဟာဗမာဥက္ကဋ္ဌကြီး။

၆။ တရုပ်ဖြူဗိုလ်တစ်ဦးနှင့် စစ်သားများ။
ရှမ်းဓားပြများ၊ ပြည်ထောင်စုတပ်မတော်သားများ။

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(၁)

## ကျွန်းပြန်သူပုန်၏ ဂုဏ်ဝင့်သော သားတစ်ဦး


၁။ ကျွန်တော့်မိခင်မြေ
၂။ သူကြီးသမီးနှင့် ရန်သူ၏သား
၃။ ဒဏ်ရာဦး
၄။ မုန်းသူဟောင်းနှင့်ချစ်သူသစ်




(၁)

### ကျွန်တော့်မိခင်မြေ

တောင်ကျရေတိုးသဖြင့် ချောင်းအသွယ်သွယ်တို့ ပြည့်ဖြိုးလေသမျှ ရေအောင်ရသော လယ်တောတစ်ခွင်ဝယ် စပါးညှန့်မြလွင်လွင်များ လေအဟုန်တွင် လှိုင်းဆင်းသည်သို့၊ ပျောင်းအိလှုပ်ရှား ကတိမ်းကပါးနှင့် နိမ့်ရှိုင်းသွားတုံ၊ မြင့်မောက်တုံ၍ မဟီနန်းဘုံ ဤမြေခုံ၌ မုတ်သုံတေးတွင် က,ကြိုးယဉ်သည့် ဝါဝင်းပြီးစ သမယတည်း...။

ပတ်ဝန်းကျင်မှာ မျှော်ချေလျှင်မဆုံး၊ ရှေ့နောက်၊ ဝဲယာတောင်မြောက်ပတ်ကုံး၊ စပါးညွှန့်မြပင်လယ်ကောက်မှည့် ရွှေရောင်ရေပြင်ဖုံး၍ နှလုံးကြည်နူးဖွယ်ရှိခွတကား...။

ဤသည်တစ်ဝိုက်မှာ ကျွန်တော်၏ မွေးရပ်ဌာနေ ဖြစ်ပါ၏။ ဤသည်တစ်ဝိုက်မှာ ကျွန်တော်၏ ချစ်လှစွာသော မိခင်မြေဖြစ်ပါ၏။ ဤသည် တစ်ဝိုက်မှာ ကျွန်တော့်ဘိုးဘွားမိဘ၊ ဦးရီး၊ ဆရာသမားတို့၏ မွေးဖွားရာ၊ ရှင်သန်ရာ၊ ရုန်းကန်ရာ၊ ပျော်ရွှင် ရာ၊ မျက်ရည်ကျရာ၊ ခေါင်းချရာ၊ ထာဝစဉ်စိမ်းလန်း၍ ထာဝစဉ် မပျက်မကွက် ဝမ်းစာကို ရင်မှထွက်သည့်နို့ချိုပမာ

www.burmeseclassic.com

www.burmeseclassic.com



ပေးလေပါ သော ကျေးရူးရှင်မိခင်မြေမြတ် လောကခာတ်ဖြစ်ပါ၏ . . .။

ကျွန်တော်၏လက်ဝဲဘက်အတန် လှမ်းသောမြောက်အရပ်ဆီ၌ ကုက္ကိုပင်တန်း ဆက်သွယ်ရံအပ်သည့် **ပေါင်းတလည် ပေါက်ခေါင်း** ကားလမ်းသည် လယ်ကွင်းတို့ကို ဖြတ်လျက် အရှေ့ဘက်ရိုးကလေးဆီ ဦးတင်သွန်ကာ လဲလျောင်းကျန်ရစ်သည်။

ကျွန်တော်၏လက်ယာတောင်ဆီမှာမူ လယ်တောသည် အဆုံးသတ်မှုရှိလေ၏လောဟု အံ့ဩလောက်အောင် ပြန့်ပြောနေသည်။ အလွန်ဝေးရာဆီ၌သာ သစ်အုပ်စုစုနှင့် ရွာပုပုတို့ကို မြစိမ်းပင်လယ်ထက် ခပ်ကျဲကျဲပေါ်လောပေါ်နေသော ကျွန်းညို့ညို့တို့အလား လှမ်းမျှော်မြင်ရသည်။

ဤသည်မှာ ချောင်းခေါင်းရွာ၊ ထိုသည်ကား ဥသျှစ်ပင်၊ ဟိုမှာလျှင် ကံမကြီးဟု ကျွန်တော့်စိတ်တွင်ရွာတို့၏အမည်များကို မှတ်ထင်ရေရွတ်မိနေ၏။

ကျွန်တော် တစ်ဦးတည်း ရှေ့ရှုလျှောက်နေရာ အရှေ့ဆီတွင် မိုးမြူပါးပါးလွှမ်းသဖြင့် မှုန်ပြာပြာမှိုင်းရီဝေသော ရိုးကလေးဟု ခေါ်သည့် တောင်တန်းသွယ်သွယ်ကို မြင်ရသည်။

ကျွန်တော်၏ဇာတိချက်မြှုပ် “**ရွှေရူ**” ရွာသည် ရိုးကလေး၏ မြလွှာရိပ်တွင် ဆိတ်ဆိတ်ငြိမ်ငြိမ် ရှိနေပေလိမ့်မည်။

ကျွန်တော်ယခုရောက်ရှိနေလေရာမှသည် ရွာအရောက် တစ်နာရီကျော်ကျော် လျှောက်ပေဦးမည်။ သို့ရာတွင် ကျွန်တော့်အတွက် လောဖွယ်ရာ အကြောင်းမရှိ။ ရွာ၌လည်း ကျွန်တော့်ကို ဆီးကြိုမျှော်စောင့်နေလေမည့်သူ တစ်ဦးမျှမရှိ။ ချောင်းရေနံ့၊ လယ်ရနံ့နှင့် သစ်စိမ်းနံ့တို့ကို ရှူရှိုက်ရင်း လယ်ကန်သင်းတစ်လျှောက် အေးအေးဆေးဆေးလျှောက်ရခြင်းသည်ပင် ကျွန်တော့်အဖို့ တွင် ထူးခြားဆန်းသစ်နေ၏။



ခြေလမ်းဘေး ကန်သင်းစပ်တွင်းဝမှ လယ်ပုစွန်လုံးတို့အား ပါးစပ်၌ အမြှုပ်တစီစီဖြင့် မျက်လုံးကို ထောင်အောင်မြှောက် ကျွန်တော့်အား စူးစမ်းသယောင် ကြည့်နေကြသည်။ ကန်သင်းထက် လွှမ်းလျက်ရှိသည့် မြက်ပုတ်ပေါ်မှ ရေမြွေမြက်လျှောသည်လည်း ဖားပေါင်စင်းကို လိုက်ရာမှ ရပ်တန့်ငြိမ်သက်လျက် ကျွန်တော့်အား အကဲခတ်နေဟန်တူသည်။

ပုစွန်လုံးနှင့်ရေမြွေတို့ ကျွန်တော့်အား မှတ်မိကြတော့မည်မဟုတ်၊ မှတ်မိကြလျှင်မူဤသို့ ငြိမ်နေကြမည့်အစား လွတ်ရာသို့ပြေးကြမည်မှာ သေချာပေသည်။ သို့ရာတွင် စင်စစ်မူလယ်ပုစွန်လုံးကို မြင်လျှင် မီးဖုက်စားရန် လိုက်ဖမ်းတတ်၍ ရေမြွေဆိုလျှင် အပျော်တမ်းလိုက်လံ ထုရိုက်သတ်တတ်သော အရွယ်နှင့်အချိန်ကာလများကို ကျွန်တော်ဖြတ်ကျော်လာခဲ့ရပြီးသည်မှာ ကြာမြောလှပေပြီ။

အမှတ်မထင်ပင် ကျွန်တော်သည်ကျွန်တော့်ကိုယ်၌ အမျိုးအမည်မသိသော အပြုံးကို ပြုံးလိုက်မိသည်။

လယ်ကန်သင်းရိုးထက် လျှောက်နေစဉ် ကျွန်တော့် ကိုယ်ကိုလည်း ကျွန်တော်ပြန်၍ရှုမိသည်။

ကျွန်တော့်ကိုယ်တွင် အစိမ်းရင့်ရောင်ဝတ်စုံကို ဆင်မြန်းထားပါ၏။ ကျွန်တော့် ပခုံးတစ်ဖက်စီထက်ဝယ်မှ . . .၊ ရွှေသပြေရွက်တန်းနှင့် ရွှေခရေတစ်ပွင့်သည် ဝင့်ကြွားတင့်တယ်စွာ ရှိနေသည်။

ယခုမူ ကျွန်တော်သည် တပ်မတော်၏ “**သူရ**” ဘွဲ့ခံ ဗိုလ်မှူးတစ်ဦးတည်း။

www.burmeseclassic.com

www.burmeseclassic.com



ရာထူး၊ ဘွဲ့ထူး၊ ဂုဏ်ထူးအဆောင်အယောင်အခမ်းအနားနှင့် တစ်မူထူးခြားခဲ့ပြီးဖြစ်သော ကျွန်တော့်အားကျွန်တော့်ရွာငယ်သည် မည်သို့ဆီးကြိုလေမည်နည်း။ ရှေးစဉ်အခါနှင့် တစ်ဘာသာခြားလေပြီ ဖြစ်သော ကျွန်တော့်ရွာငယ်ကိုလည်း ကျွန်တော် မည်သို့ ရင်ဆိုင်ရလေမည်နည်း...။

မတည်မြဲသော ဤလောက၏ ပြောင်းလဲခြင်း ဓမ္မနိယာမသဘောကို လွန်ဆန်လျက် **အစစရှေးနည်းအတူ** ဟု ကျွန်တော့်ကိုယ်ကျွန်တော် မလှည့်စားလိုပါ။

တတ်နိုင်လျှင်မူ**အစစရှေးနည်းအတူ**သာလျှင် ဖြစ်နေပါစေဟု ကျွန်တော်ယူဆချင်ပါသည်။ ဤဆုသာပြည့်လျှင်မူ အထူးပိုမိုမပျော်ရွှင်လေသည့်တိုင်စေ၊ ရရှိခဲ့မိသော ဒဏ်ရာဒဏ်ချက်တို့နှင့် ကင်း၍ ကျွန်တော့်အသည်းနှလုံးသည်လည်း **အစစရှေးနည်းအတူ** ပြန်လည်ဖြစ်နေတန်ကောင်းပါ၏။ ပြန်လည်ဖြစ်နေတန်ကောင်းပါ၏။

ကျွန်တော့်ရွာငယ်သည် အစစရှေးနည်းအတူမဖြစ်နိုင်တော့ပါပေ၊။ မဖြစ်နိုင်တော့ပါလေ...။

ကျွန်တော့်ရွာမှာ ရှိခဲ့ဖူးသည့် ကျွန်တော့် အဖေသည်လည်းကောင်း၊ ကျွန်တော့်ဆရာသည်လည်းကောင်း၊ ကျွန်တော့်ဘထွေးလေးသည်လည်းကောင်း၊ ထို့နောက် ထို့နောက် အများသော ရွာသားရွာသူများနည်းတူ...ကျွန်တော့်အသည်းမဟီနန်းတွင် တစ်ကြိမ်သာတင့်ဆန်း၍ တစ်ဘဝတွင် တစ်ခါသာပွင့်လန်းလေသည်ဖြစ်သဖြင့် **"သည်းဦးပန်း"**ဟု တင်စားခေါ်ဆိုခဲ့ရသည့် ကျွန်တော့် အချစ်ဦး **မယဉ်နွယ်** တစ်ယောက်သည်လည်းကောင်း၊ ရှေးနှင့်တော့ မတူနိုင်ပြီ...၊ မတူနိုင်ပြီ...။



ကျွန်တော်ကိုယ်၌ပင် ရှေးနှင့်မတူ တစ်မူခြား၍ ပုဂ္ဂိုလ်ကာလသားများ၏ အမြင်နှင့်ရှုဘိမူ တစ်ပြည်သားပမာ ဖြစ်နေပါမည်လော မပြောတတ်၊ ကျွန်တော်မပြောတတ်...။

ကျွန်တော့်ပတ်ဝန်းကျင် ကျွန်တော့်မျက်စိတစ်ဆုံးမြင်သမျှမှ ကျွန်တော့်မိခင်မြေသည်သာ မပြောင်းလဲရှေးနည်းအတူရှိနေပါ၏။ ဝမ်းစာကို ပေးသကဲ့သို့ ရင်နှလုံးကို အေးစေသော ကျွန်တော့် မိခင်မြေသည် စိမ်းနေပါ၏။ အတိတေ...အတိတ်ကာလဟု မှန်ကန်စွာ သုံးနှုန်းနိုင်သော ရှေးပဝေသဏီ...ကျွန်တော့်ဘိုးဘွားဘီဘင်ကျေးဇူးရှင်များ လက်ထက်ကတည်းမှ ကျွန်တော့်မြေသည် စိမ်းလန်းသာယာခဲ့၏၊ ယခုလည်း စိမ်းလန်းသာယာနေပါ၏၊ နောင်-နောင်၌လည်း စိမ်းလန်း သာယာနေပေမည်၊ ထာဝစဉ် စိမ်းလေဦးမည့်ကျွန်တော့်မိခင် မြေနန်းမဟီတည်း။

ဤမိခင်မြေ၏ ဇာတ်လမ်းကိုပင် ကျွန်တော်ပြန်ပြောရပါမည်။

ကျွန်တော့်မိခင်မြေ၏ ဇာတ်လမ်းဆိုသည်မှာလည်း ကျွန်တော့်ရွာ၏ ဇာတ်လမ်းဖြစ်ပါသည်။ ကျွန်တော့်ရွာမှ ကျွန်တော့်အဖေ၊ ကျွန်တော့်ဆရာနှင့် ကျွန်တော့်ဘထွေးလေးတို့၏ ဇာတ်လမ်းဖြစ်ပါ၏၊ တစ်နည်းအားဖြင့် ဆိုလျှင်လည်း ကျွန်တော့်ဇာတ်လမ်းကပင် ဖြစ်နေပါ၏။ ကျွန်တော်နှင့်ကျွန်တော့်အချစ်ဦး မယဉ်နွယ်တို့၏ ဇာတ်လမ်းဖြစ်နေပါ၏။

ကျွန်းပြန်သူပုန်ကြီး၏ ဂုဏ်ဝင့်သော သားတစ်ဦးနှင့် မျက်လုံးပြာဝယ် ကရုဏာတရားသာ ပြတတ်လေသော တောသူကြီးသမီးတစ်ယောက်၏ ဇာတ်လမ်းမှာ ကျွန်တော်မွေးရာရှု လျှောက်နေသော ရိုးကလေး၏ တောင်ယံစွယ်မှာ စခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြူဆိုင်းပျ မှိုင်းရိပ်ဆင်သော ဤတောင်စွယ်မှ ဓာတ်လမ်းဆီနောက်ကြောင်းပြန်ရာ၌ နှစ်လရာသီအလီလီဖြင့် ဖိလာခြားခဲ့ပြီဖြစ်သော အချိန်သင်တိုင်းကို မျက်ရည်ဝိုင်းလျက်ကျော်ဖြတ်ရမည် ဖြစ်သောကြောင့် ဤဓာတ်လမ်း၌ လွမ်းငွေ့ဝေသော ... ကျွန်တော့်အား ခွင့်လွှတ်နိုင်ကြပါစေသတည်း။

◆

(၂)

**သူကြီးသမီးနှင့်ရန်သူ၏သား**

ထိုစဉ်က မြေလတ်ဆောင်း၏ တစ်နေ့ခင်းဖြစ်၍ ပတ်ဝန်းကျင်မှာ ကြည်လင်သာယာသည်။

မယဉ်နွယ်နှင့်ကျွန်တော်သည် အပြေးအလွှားလာခဲ့ကြရာ "**ထိုနေရာလေး**"ရောက်မှ ရပ်လိုက်ကြသည်။ ထိုနေရာလေးဆိုသည်မှာ နောင်အခါ မယဉ်နွယ်နှင့်ကျွန်တော် ဆိုစမှတ်ပြုသည့် တောင်စွယ်မြေပြန့်မှ ဆီးတော်ပင်ကြီးတစ်ပင်သာ ဖြစ်ပါသည်။

မယဉ်နွယ်က ကျောက်ဆောင်တစ်ခုကို မှီ၍ ခြေဆင်းထိုင်လိုက်ပြီး ဟူးခနဲသက်ပြင်းမှုတ်ရင်း ကိုယ်ကို လက်ကိုင်ပဝါပန်းရောင်လှလှလေးတစ်ထည်နှင့် ယပ်ခတ်နေ၏။

"မောလိုက်တာသန့်ဇင်ရာ၊ နင်က နီးနီးလေးဆိုလို့ ဟွန်း"

မယဉ်နွယ်က ညည်းရင်းအပြစ်တင်သည်ကို ဘာမျှပြန်မပြောဘဲကျွန်တော်က မြက်ခင်းပေါ်ပက်လက်လှန်လှဲ၍ အမောဖြေသည်။

"ငါကတော့ ဟောဒါတွေ တွေ့ရင် အမောပြေသွားတာပဲ"



"ဘယ်ဟာတွေလဲ"

"ဟိုမှာလေ အပေါ်မှာကြည့်"

မယဉ်နွယ်က မော့ကြည့်ရာ အပင်ပေါ်မှ ဝင်းမှည့်နေသော ဆီးတော်သီးများကို တွေ့သွားသည်။

"အေးဟယ်...အမလေး... အကြီး, ကြီးတွေ၊ ထဟယ် နင်ကလည်းမရှုံ့မရှာ မြေကြီးပေါ်လှဲအိပ်နေလိုက်ထာ..."

"မြေကြီးပဲ၊ ဘာရွံစရာရှိလဲ..."

"ပေကုန်မှာပြောတာ...၊ အင်းလေ နင့်အင်္ကျီတွေက ထပ်ပေစရာလည်း မလိုတော့ပါဘူး၊ ကဲပါ...ထပါ"

ကျွန်တော်က ဖုတ်ဖက်ခါ၍ နေရာမှထသည်၊ ထစဉ်ကျွန်တော့်မျက်လုံးများက မြေပြင်မှ ဆီးသီးမှည့်နီနီနှစ်လုံးဆီရောက်သွားသည်၊ ကျွန်တော်က ဆီးသီးများကို ကောက်၍ပေကပ်နေသော ဖုန်များစင်အောင် ပုဆိုးနှင့်သုတ်ပြီး တစ်လုံးစားကြည့်သည်။

"ချိုတယ်ဟော့၊ ရော့ နင်စားကြည့်စမ်း"

မယဉ်နွယ်က ကျွန်တော်ပေးသော ဆီးသီးကို မယူဘဲခေါင်းခါသည်။

"ယူပါဟ...စားကြည့်စမ်း...သိပ်ချိုတယ်"

မယဉ်နွယ်၏ မျက်နှာ၌ ဘာကြောင့်မသိ အပြုံးပေါ်လာသည်၊ ဆီးသီးကိုမူမယူ။

"နင်ပဲစားပါ၊ ငါကအပင်ပေါ်က လတ်လတ်ဆတ်ဆတ်မှ စားချင်တာ ကဲ...တို့ဘယ်လို ခူးကြမလဲ၊ ငါတုတ်ရှာပေးမယ်၊ နင်ပစ်ချပေးမလား"

"ဘာလို့ပစ်ချမလဲ၊ ငါအပင်ပေါ်တက်လှုပ်ချပေးမှာပေါ့"

"ဘာ...အပင်ပေါ်တက်မလို့..."

www.burmeseclassic.com

www.burmeseclassic.com



အေးပေါ့ဟာ၊ ငါသစ်ပင်ကောင်းကောင်း တက်တတ်ပါတယ်..."

"နင်တက်တတ်မှန်း ငါသိသားပဲ၊ ဒါပေမဲ့..."

မယဉ်နွယ်သည် စကားဆက်မပြောဘဲ၊ သူ့မျက်လုံးဝန်းဝန်းများနှင့် ဘေးပတ်လည်ကို လိုက်ကြည့်သည်။

"နင်ဘာကြည့်တာလဲ"

မယဉ်နွယ်၏ မျက်နှာလေး၌ စိုးရိမ်မှုများ ပေါ်နေသည်။

"ငါတစ်ယောက်တည်း အောက်မှာမနေခဲ့ရဲဘူး..."

"ဒါဖြင့်ရင် နင်ပါလိုက်တက်ခဲ့ပါလား"

"အို...မိန်းကလေးသစ်ပင်တက်ရင် နတ်တွန်းချမှာပေါ့"

"နင့်မလဲကြောက်နေတာချည်းပဲ၊ အောက်မှာလည်းကြောက်၊ အပေါ်လည်းကြောက်၊ နေခဲ့ပါဟာ...ဘာမှကြောက်စရာမရှိဘူး၊ ငါ...ဒီနေရာ ခဏ ခဏရောက်ဖူးပါတယ်"

ပြောပြောဆိုဆိုနှင့် ကျွန်တော်က မယဉ်နွယ်မယူသော ဆီးသီးတစ်လုံးကို ပါးစပ်တွင်းပစ်ထည့်၊ ခါးတောင်းကျိုက်ပြီး အပင်ပေါ်တက်ခဲ့သည်၊ ခွဆုံတစ်နေရာ၌ ရပ်ကာ သစ်ကိုင်းကို ညွတ်အောင်နင်း၍ လှုပ်ခါပေးသော် မှည့်ဝင်းစ ဆီးတော်သီး :တို့ တသဲသဲ တဖောက်ဖောက် ကြွေကျကြသည်။

ကြောက်ရန်မေ့သွားဟန်တူသူ မယဉ်နွယ်က ဆီးသီးများကို အပြေးအလွှား လိုက်ကောက်နေသည်။ ကောင်းရင်းလည်း "ကြွေတယ်ဟ ကြွေတယ်၊ သန့်ဇင်ရေ...လှုပ်ပေးလှုပ်ပေး..." နှင့် အော်နေ၏။

ကျွန်တော်က အားရအောင် လှုပ်ပေးပြီးမှ အပေါ်မှ ဆင်းခဲ့သည်၊ ထိုနောက် အင်ဖက်တစ်ရွက်ခူးကာ ကတော့ထိုး



ပြီး ဆီးသီးထည့်ရန် မယဉ်နွယ်အား လှမ်းပေးသည်၊ ဆီးသီးလည်း ကုကောက်ပေး၏။

ကုန်အောင် ကောက်ပြီးသောအခါ မယဉ်နွယ်က ဆီးသီးတစ်လုံးကို သူ့လက်ကိုင်ပဝါလေးနှင့်သုတ်၍ ကျွန်တော့်အားပေးသည်။ သူလည်း တစ်လုံးစားသည်။

"သိပ်ချိုတာပဲဟယ်...နင် ဒီဆီးပင်ဒီမှာရှိတာ ဘယ်လိုသိလဲ..."

"ငါလား...ဦးလေးပုကြီးနဲ့ လိုက်လာလို့သိတာ"

"ဘာ...အရူးကြီးကိုပုနဲ့"

"ဦးလေးပုကြီးက အရူးမဟုတ်ပါဘူးဟာ၊ လူတွေကသာ ထင်နေကြတာ..."

"တစ်ရွာလုံးရူးနေတယ်လို့ ပြောနေတာ၊ နင်ကမရူးဘူး လုပ်နေပြန်ပြီ၊ ရူးလို့သာ ဒီနေရာတွေ လာနေတာပေါ့"

"ဒီနေရာ လာတာနဲ့ ရူးတာနဲ ဘာဆိုင်လို့လဲ၊ ဒီနေရာတော့ ငါ့အဖေလည်းလာတာပဲ..."

"ဒါကြောင့်လည်း နင့်အဖေကိုလည်းပြောနေကြတာပါ"

"ငါ့အဖေကို ဘာပြောကြလဲ"

"နင့်အဖေ ဒီလာပြီး ဥစ္စာစောင့်နဲ့တွေ့တယ်တဲ့"

"ဥစ္စာစောင့်တွေ...တောက်တီးတောက်တဲ့၊ ဒီမှာဘာမှမရှိဘူး"

"နင်ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့၊ ငါခဏခဏ လာတာပဲ...၊ ငါပေးဟို ပေါ်ထိ ရောက်ဖူးတယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ဟိုအပေါ်အထိ နင်မကြောက်ဘူးလား၊ အေးလေ– နင်ကြောက်မှာမဟုတ်ဘူး၊ နင်က ကျွန်းပြန်လူမိုက်ကြီးရဲ့သားကိုး…"

"ငါ့အဖေက လူမိုက်ကြီးမဟုတ်ဘူး၊ မျိုးချစ်ကြီးပါ"

"ဘာရယ်.."

"မျိုးချစ်ကြီး…"

"မျိုးချစ်ကြီးဆိုတာ ဘာလဲ…"

"အဲဒါတော့ ငါမသိဘူး၊ ဆရာကိုအုန်းဖေက ပြောတာပဲ၊ ငါ့အဖေက မျိုးချစ်ကြီးတဲ့…"

"ဆရာကိုအုန်းဖေက တကယ့်ကို အဲသလို ပြောတယ်…"

"တကယ်ပြောတာပေါ့…၊ နင့်ကို ငါက ဘာကြောင့်လိမ်ရမှာလဲ…"

မယဉ်နွယ်သည် ကျွန်တော်အနည်းငယ်စိတ်ဆိုးသွားမှန်းသိ၍ သူ့သွားဖြူဖြူညီညီကလေးများပေါ်သည်အထိ ပြုံး၍ ပြန်ချော့သည်။

"သန့်ဇင်ကလည်းဟယ်… ငါ နင့်ကို ကျီစားတာပါ၊ တကတည်း ဒေါသကြီးပဲ၊ ကဲပါဆက်ပြောပါဦး၊ နင်အဲဒီအပေါ် ရောက်ဖူးတယ်ဆိုတော့ အဲဒီမှာ သိုက်တွင်းတွေ ဘာတွေရှိတယ် ဆိုတာ တကယ်လား…"

"တကယ်ရှိတာပေါ့၊ အလကားပါဟာ…သိုက်တွင်းသာဆိုတယ် ကျောက်ရေတွင်းကြီးပါ…"

"ကျောက်ရေတွင်းကြီး…အနက်ကြီးလား"

"သိပ်နက်တယ်လို့ ပြောတယ်၊ အပ်ချည်လုံး တစ်လုံး



ဆုံးတာတောင် အောက်မထိဘူးလို့ ငါကြားတာပဲ၊ ပြီးတော့ ငါပြောဦးမယ်၊ အဲဒီရေတွင်းထဲဆင်းဖို့ အဲဒီရေတွင်းနံရံမှာ လှေကားထစ်တွေနဲ့…"

"လှေကားထစ်တွေက ဘာလုပ်ဖို့လဲ…"

"အေးလေ ဒါကြောင့်မို့ သိုက်တွင်းလို့ ခေါ်တာပေါ့၊ သိုက်တူးတုန်းက ဆင်းဖို့တက်ဖို့လုပ်ထားတာပေါ့…"

မယဉ်နွယ်သည် မေးလေးကို လည်ပင်း၌အပ်၍ ပခုံးကြုံ့၍… "အောင်မယ်လေး ငါကြက်သီးတွေထလိုက်တာ" ဟု ပြောသည်။

ကျွန်တော်ကရယ်သည်၊ မယဉ်နွယ်သည် အားတိုင်း ကြောက် ကြောက်နေတတ်သည်။

"နင်က အလကားကြောက်နေ၊ အဲဒီနင်တစ်ခါလောက် ရောက်ဖူးရင် ခဏခဏ နင်သွားချင်မယ်…"

"ဘာဖြစ်လို့ သွားချင်ရမှာလဲ"

"သိပ်ဆန်းတယ်ဟ၊ တောင်ထိပ်တည့်တည့်မှာ ရေတွင်းအနက်ကြီးဖြစ်နေတာ နင်ဘယ်မှာတွေ့ဘူးသလဲ၊ ပြီးတော့ ရေတွင်းဟာ ဂူကြီးထဲမှာ…"

"ဂူကြီးထဲမှာ ဂူကြီးက အကြီးကြီးဘဲလား…"

"အေး…ကြီးတယ်၊ တို့ကျောင်းက ဘုရားခန်း နှစ်ဆသုံးဆလောက်ရှိတယ်"

"မယဉ်နွယ်လည်း မယုံကြည်ဟန် ကျွန်တော့်အားကြည့်သည်။

"သန့်ဇင် နင် တကယ်ပြောနေတာလား…ငါ့ကိုဖြီးနေတာလား…"

www.burmeseclassic.com

www.burmeseclassic.com



ဤအချိတွင်မှကျွန်တော်အတော်ဒေါပွသည်၊ မယဉ်နွယ်သည် ကျွန်တော့်သတ္တိကို စော်ကားနေသည်။

"ကဲ...နင်ဒီလောက်မယုံရင် ငါသွားပြမယ်"

ပြောပြောဆိုဆိုနှင့် ကျွန်တော်က သိုက်တွင်းရှိရာ တောင်ထိပ်ဆီသို့ ပြေးတက်ခဲ့သည်။

"သန့်ဇင်...သန့်ဇင်...ပြန်လာခဲ့ပါဟ"

ကျွန်တော်က လှည့်မကြည့်ဘဲ ဆက်တက်မြဲတက်ခဲ့သည်။ နောက်တစ်ကြိမ်အော်ခေါ်သော မယဉ်နွယ်၏အသံများ၌ ငိုသံပါနေသည်။

"သန့်ဇင် ပြန်လာတော့ဟ...၊ ငါဒီမှာ တစ်ယောက်တည်း မနေရဲဘူး"

ကျွန်တော်က အောင်မြင်စွာဖြင့် လှည့်ကြည့်သည်။

"နင်တစ်ယောက်တည်း မနေရဲရင် နင်ငါ့နောက်လိုက်ခဲ့"

"ဟင်းအင်း...နင်ဆင်းခဲ့ပါ..."

"မဆင်းလေးရယ်တဲ့ မဆင်း"

ကျွန်တော်က မယဉ်နွယ်ကို ကျောခိုင်း၍ တောင်ထွတ်ဆီဆက်တက်သည်၊ ဤတစ်ကြိမ်တွင် မယဉ်နွယ်က အရှုံးပေးသည်။

"သန့်ဇင်...စောင့်အုံး၊ ငါလိုက်ခဲ့မယ်"

ဤသို့ဆိုပြန်သော် ကျွန်တော်စောင့်ရသည်။ မယဉ်နွယ်သည် ကျွန်တော်ရှိရာသို့ အပြေးကလေးတက်လာခဲ့သည်။

"သန့်ဇင်...နင်တကယ် အဲဒီအရောက်သွားမလို့လား..."

"အေးပေါ့ဟ...မကြောက်ပါနဲ့ နင်ဟိုက[illegible]ရင် ငါပြောတာ



ယုံမှာ...၊ ပြီးတော့... ငါ တောင်ပို့ကြီးတစ်ခု တွေ့ထားတယ်၊ ခြသံရှိတယ်နဲ့တူတယ်။"

"ခြသံဆိုတာဘာလဲ..."

"နင်ဒါတွေ နားမလည်ပါဘူး၊ အေးအေးဆေးဆေးသာ လိုက်ခဲ့စမ်း"

ကျွန်တော်က ရှေ့ဆက် တက်သဖြင့် မယဉ်နွယ်က ကျွန်တော့်ပုဆိုးစ,ဆွဲရင်း တွန့်ဆုတ်တွန့်ဆုတ်ဖြင့် လိုက်လာသည်။

တောင်ကို ကွေ့ပတ်တက်သော လမ်းဖြစ်၍ ကျဉ်းသည်။ ကျောက်တောင်ကျောက်ခဲထူ၍ အတက်ရခက်သည်။

ရှေ့သို့မတက်နေခိုက်သေားချုံတောများဆီမှ တရှဲရှဲအသံကြားရ၏။

"အမေ့"ဟု ခေါ်၍ မယဉ်နွယ်သည် ကျွန်တော့်ကို လှမ်းဖက်သည်။

ချုံဆီသို့ ကျွန်တော်လှမ်းကြည့်လိုက်သောအခါ နက်ပြောင်သော အကြေးခွံတို့နှင့် လျှာတစ်လစ်-တစ်လစ် ထုတ်ပြနေသော သတ္တဝါတစ်ကောင်ကို မြင်ရသည်။

"အလကားပါဟာ ချီးခြောက်စားတဲ့ ကင်းလိပ်ချောပါ...၊ နင်တံထွေးသာ အလျင်မျိုထားလိုက်၊ အဲဒါတော့ မှတ်ထား...၊ ကင်းလိပ်ချောတွေ့ရင် ကိုယ်ကတံထွေးဦးအောင် မျိုရတယ်"

ပြောပြောဆိုဆို ကျွန်တော်က တံထွေးကို ဂွီကနဲနေအောင် မျိုချလိုက်သည်။ ကျွန်တော်မှာတစ်ပါးအားကိုးစရာ မရှိဖြစ်နေသော မယဉ်နွယ်မှာ ကျွန်တော့်စကားကို နားထောင်လျက် တံထွေးမျိုချလိုက်သည်။ ထိုအခါမှ ကျွန်တော်သည် လ[illegible]ဘေး[illegible] ကျောက်ခဲတစ်လုံးကောက်ကာ ကင်းလိပ်ချော[illegible] လှမ်းပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဘသားချော လျှာတစ်လစ်၊ တစ်လစ်မလုပ်နိုင်ဘဲ တစ်ကြိုးတည်းလစ်သည်။ ကျွန်တော်က အားရကျေနပ်စွာ ပြုံးရင်း မယဉ်နွယ်အား ဆက်လက်ပညာပေးရသည်။

"ချိုးခြောက်စားတဲ့ ကင်းလိပ်ချောကို ဘယ်တော့မှ မကြောက်နဲ့၊ ကိုယ်ကသာ တံထွေးဦးအောင်မျိုထား...ပြီးတာပဲ၊ ကင်းလိပ်ချောမပြောနဲ့...သင်းခွေချပ်တောင်မကြောက်နဲ့၊ သူက နာမည်ခေါ်လျှင် ကိုယ်ကမထူးနဲ့"

ကျွန်တော်က ရှေ့သို့ ချီတက်ရင်း ပြောနေသည်ကို ကျွန်တော့် ပုဆိုးစ၊ ကိုင်လိုက်ရင်း မောမောပန်းပန်းကြားမှ မယဉ်နွယ်က မေးသည်။

"ဒီတောထဲမှာ သင်းခွေချပ်ရှိလား..."

"အေး...ရှိတယ်"

မယဉ်နွယ်သည် ကျွန်တော့်ပုဆိုးစကို လွှတ်ကာ ကျွန်တော့် လက်မောင်းကိုကိုင်၍ ဆက်လိုက်လာသည်။

"နင်ကလဲ...အားရင်ကြောက်နေတာပဲ...၊ သင်းခွေချပ်က ကြောက်စရာမကောင်းပါဘူးဟ...၊ တို့ပုတ်သင်ညို အပျိုလိုချင် ခေါင်းညိတ်အော်တဲ့ ပုတ်သင်ညိုက ကြောက်ဖို့အကောင်းဆုံး"

"နင်ကကယ်ပြောတာလား..."

"နင့်ကို ငါက ဘာလို့ လိမ်ရမှာလဲမယဉ်နွယ်...၊ ပုတ်သင်ညို လည်ပင်းက ဆူးတောင်တွေမြင်လား...၊ အဲဒီဆူးတောင်တွေက အဆိပ်ချည်းပဲ"

"နင်တကယ်ပြောတာလား"

"ရော...ခက်ပါပြီ၊ နင့်ကိုငါက ဘာလို့ လိမ်ရမှာလဲ၊ အနီနဲ့ အပြာစပ်တဲ့ ပုတ်သင်ညိုက သာ ကြောက်စရာကောင်းသေးတယ်"



ကျွန်တော့်ပုတ်သင်ညိုတရားကြောင့် ဥစ္စာစောင့်များကိုလည်း မေ့သွားဟန်တူသည်။ ကျွန်တော်ခေါ်ရာနောက် တကောက်ကောက်ပါလာ၏။ ဤသို့ဖြင့် သိုက်တွင်းရှိသည်ဆိုသော ဂူရှေ့သို့ ကျွန်တော်တို့ ရောက်ခဲ့သည်။

"အဲဒီဂူလား...နင်ခုနပြောတာ"

"အေး...ဒါပေမဲ့...ဟိုမှာ ကြည့်စမ်း..."

မယဉ်နွယ်သည် "အမေ့"ဟု ထိတ်လန့်အော်လိုက်ပြီး ကျွန်တော်ပြရာကို မြင်သော်..."နင်ကလည်းအလန့်တကြား...ဘာများအောက်မေ့လို့ ခြတောင်ပို့ကြီး...အဲဒါဘာဖြစ်လဲ"

"နင်သေသေချာချာကြည့်ပါလား၊ အဲလောက်ကြီးတဲ့ ခြတောင်ပို့ မြင်ဘူးလား၊ သေသေချာချာ ကြည့်စမ်း၊ ထိပ်က အတွန့်အတွန့်နဲ့၊ အဲဒါအတက်တွေ၊ ဟောဟိုဘက်နိမ့်သွားတာက အမြီး၊ အဲဒီတဲမှာ နဂါးနေတယ်တဲ့..."

မယဉ်နွယ် မျက်လုံးပြူးသွားပြန်သည်။

"နင်တကယ်ပြောတာလား..."

"အဲဒါတော့ ငါလည်းမသိဘူး၊ ဒါပေမဲ့...ငါအဲဒီ တောင်ပို့ကြီးကို ဖြိုမလို့"

"နင်က ဘာလို့ ဖြိုမှာလဲ..."

"ခြသံလိုချင်တယ်လို့ နင့်ကို ငါပြောဖူးသားပဲ..."

"နဂါးကြီး ထွက်လိုက်တော့ဘယ်နဲ့လုပ်မလဲ..."

"နဂါးဆိုတာကို ပေါက်ကျိုင်းက နိုင်တယ်ဟ"

"နင်က နင့်ကိုနင် ပေါက်ကျိုင်းထင်လို့လား"

"ပေါက်ကျိုင်းက ငါထက်ပိုတော်လို့လား၊ ပေါက်ကျိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ စာမတတ်ဖူး၊ ငါက ပရိတ်ကြီးရော နမကာယရော ကုန်လို့ သင်္ကြိုဟ်စ, ထတက်နေပြီ…"

မယဉ်နွယ်သည် ဘာမှပြန်မပြော။ ကျွန်တော်ပြောသမျှ ခံရမည့်ဘ၀တွင် ရှိနေ၏။

"ကဲပါလာလာ…သိုက်တွင်း သွားကြည့်ရအောင်"

ဤတစ်ကြိမ်တွင်မူ မယဉ်နွယ်သည် နေရာမှမရွေ့ဘဲ ရပ်နေ၏။

"ဟင့်အင်း…အဲဒီဂူထဲတော့ ငါမလိုက်ရဲဘူး…"

"ဒါဖြင့် နင်နေရစ်ပေါ့…ငါ၀င်သွားမယ်"

ပြောပြောဆိုဆို ကျွန်တော်က ဂူတွင်းသို့ ၀င်သည်။ ဤအကြိမ်တွင်မူ မယဉ်နွယ်သည် ကျွန်တော့်နောက်မလိုက်။

သူရဲကောင်းကြီးကဲ့သို့ ၀င် သာ ၀င် ခဲ့ ရ သော် လည်း ကျွန်တော့်ကိုယ်၌က သိပ်မရဲလှ။

ဤသိုက်တွင်းကို "ဦးမွှားသိုက်တွင်း" ဟု ခေါ်သည်၊

ဦးမွှားဆိုသည်မှာ ရှင်ဘုရင်တစ်ယောက်ဟု ကျွန်တော် ကြားဖူးသည်။ ဦးမွှားသည် သိုက်တပေါင်အရ ဤတောင်ထိပ်၌ သိုက်လာတူးသည်ဆို၏။

တောင်းတွင်း၌ စကြာမင်းဖြစ်မည့်သူ၀တ်ဆင်ရမည့် မင်းမြောက်တန်ဆာ ၅-ပါးရှိသည်ဆို၏။ မင်းမြောက်တန်ဆာ ငါးပါးသည် ပထ၀ီမြေလွှာ (၆)ထပ်သို့ ရောက်သည်၊ နောက်ဆုံး အလွှာ၌ ကျောက်ဖျာကြီးခံနေ၍ ဦးမွှားဆက်မတူးနိုင်။

စိတ်ပျက်အားငယ်စွာဖြင့် ဦးမွှားသည် လက်လျှော့လျက် တောင်ထိပ်၌ စေတီတစ်ဆူတည်ရင်း ပြန်ရန်ပြင်သည်၊ စေတီ ပြီးခါနီး၌ စေတီ၏ငှက်မြတ်နားထက် ငှက်ဆိုးတစ်ကောင်လာ နားသည်ဆို၏။



ရှင်ဘုရင် ဦးမွှားသည် ငှက်ဖျားမိ၍ ဤတောင်ပေါ်တွင် သေသွားသည်ဆို၏။

ဤတောင်၏ အရှေ့နံရံ၌ သပိတ်လုံးအရွယ် ရှိသော လိုဏ်ပေါက် တစ်ခုရှိသည်။ တစ်ကြိမ်က မုဆိုးတစ်ဦးအမဲလိုက် ရင်း ဤလိုဏ်တွင်းသို့ ၀င်သွားသောအခါ ရွှေရက်ကန်းကို ရက်နေသော "မြစိမ်းရှင်"မင်းသမီးကို ဖူးတွေ့ခဲ့ရသည် ဆို၏။

ဤအကြောင်းတို့ကြောင့် ဂူတွင်းရောက်သော် ကျွန်တော့် သတ္တိတို့ပျောက်ကုန်သည်။ ကျွန်တော်သည် နောက်သို့ပြန်ဆုတ် ထွက်လာစဉ်… "သန့်ဇင်… သန့်ဇင်…" ဟု မယဉ်နွယ်၏ ခေါ်သံကို ကြားရသည်။ ကျွန်တော်က ဂူပြင်သို့ ရောက်လာ သည်။ တုန်ရီချောက်ချားနေသော မယဉ်နွယ်ကို ကျွန်တော်က အားပေးရသည်။

"ငါရှေ့ဆက်သွားမလို့…နင်တစ်ယောက်တည်း ကြောက် နေမှာ စိုးတာနဲ့ ပြန်ထွက်လာတယ်"

"လာပါ သန့်ဇင်ရယ် တို့ပြန်ကြရအောင်"

ကျွန်တော်က ဂူတွင်းသို့ ပြန်ကြည့်သည်။ အရှုံးကြီး ကိုပွနင့်အတူ ဤဂူတွင်းသို့ ကျွန်တော်ရောက်ဖူးသည်မှာ အမှန် ဖြစ်သည်။ လူကြီးပါစဉ်က မကြောက်သော်လည်း ယခုမူ အတန်ငယ်လန့်နေသည်။

"အေးပါဟယ် နင်ကြောက်ရင် ငါပြန်ပါ့မယ်"

ဤအခိုက်တွင်ပင်ဂူအတွင်းဆီမှ တ၀ေါ၀ေါတ၀ုန်း၀ုန်း အသံကြီးပေါ်လာ၏။ ရုတ်ခြည်းပြန်တိတ်သွားသည်။ ကြောက် အားလန့်အားနှင့် မယဉ်နွယ်သည် ကျွန်တော့်ကိုတွန်းကာ တောင်ဆင်ခြေလျှောအတိုင်း ဆင်းပြေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မယဉ်နွယ်...မယဉ်နွယ်...

တကြော်ကြော်အော်ရင်း ကျွန်ုပ်တော်နောက်မှ ပြေးလိုက်သည်၊ ထိုစဉ် မယဉ်နွယ်က ကျောက်ဆောင်တစ်ခုနှင့် တိုက်မိ၍ ဒလိမ့်ခေါက်ကွေးကျသွားသည်။

ကျွန်တော်အနီးသို့ရောက်သောအခါ မယဉ်နွယ်သည် မြေပြင်၌ ပက်လက်ကလေးလဲကာရှိသည်၊ မယဉ်နွယ်၏ခြေမမှ သွေးတို့ စီးကျနေသည်။

"ဟာ...နင့်ခြေထောက်မှာ သွေးတွေနဲ့၊ နင်က အရမ်းပြေးတာကိုး"

ကျွန်တော်သည် မယဉ်နွယ်၏ခြေမကလေးကို ကိုင်လျက် ..."ဥ၊ မှု...မှု..."ဟု မန်းရင်း မြေမှုန့်နှင့်သိပ်ပေးသည်။

မျက်တောင်ကော့များ ရံအပ်သော မယဉ်နွယ်၏ မျက်လုံးများ၌ ထိတ်လန့်စိုးရွံ့မှုများတို့ သနားဖွယ်ပေါ်နေသည်။

"မယဉ်နွယ်ရယ်...အဲဒီအသံကြီးကို မကြောက်ပါနဲ့၊ ဂူထဲမှာ စမ်းချောင်းတစ်ခုရှိတယ်...အဲဒီ စမ်းချောင်းတစ်ခုက သိုက်တွင်းထဲကို ကျတယ်၊ ကန်ရေပြည့်လို့ရှိလျှင် သိုက်တွင်းထဲ ရေကျဟော့ ဒီအသံပေါ်လာတယ်"

မယဉ်နွယ် စိတ်သက်သာပုံရသည်၊ အကြောက်မှ ပြေဟန်မပေါ်သေး၊ ကျွန်တော်က မယဉ်နွယ်၏ ခြေမမှ ဒဏ်ရာကို ဖုန်ဆက်သိပ်ပေးသည်။ ထိုအခါ အထူးအဆန်းကို ကျွန်တော် တွေ့ရသည်တကား။

မယဉ်နွယ်၏ ခြေထောက်ကလေးများသည် အလွန်လှသည်။ ဤခြေထောက်ကလေးများသည် ကျွန်တော့်၏ မျက်နှာထက် ပို၍ဖြူစင်ဖွေးနုသည်။ ကျွန်တော့်မျက်လုံးများက မယဉ်နွယ်၏ မျက်နှာနှင့် လည်ပင်းများဆီသို့ရောက်သွားသည်။



မျက်နှာနှင့်လည်ပင်းများ၌ စိမ်းစိမ်းမြသော အကြောလေးများတို့ ယှက်သန်းနေသည်၊ အမပြောဖူးသော လှပသော မိန်းမတစ်ယောက်အကြောင်း ကျွန်တော်ကြားဖူးသည်။

ထိုမိန်းမသည် မည်မျှအသားအရေလှသနည်းဆိုသော် ရေသောက်သောအခါ ကြည်လင်သော လည်ချောင်းကိုခွဲ၍ အတိုင်းသား မြင်ရသည်ဆို၏။

မယဉ်နွယ်ရေသောက်သည်ကို ကျွန်တော်မမြင်ဖူး၊ သို့ရာတွင် မယဉ်နွယ် ရေသောက်လျှင် အမပြောသကဲ့သို့ လည်ချောင်းတစ်လျှောက် ရေဆင်းသွားသည်ကို အတိုင်းသား မြင်ရမည်ဟု ကျွန်တော်ယုံကြည်၏။

ကျွန်တော်က သတိလစ်၍ ငေးငိုင်နေခိုက် မယဉ်နွယ်က မေးသည်။

"သန့်ဇင်...နင်ငါ့ကို ဘာလို့ ကြည့်နေတာလဲ"

"မယဉ်နွယ်...နင်ကသိပ်လှတယ်ဟ..."

မယဉ်နွယ်သည် ပြုံးသည် ပြုံးသော်နီရဲသောပါးကလေးထက် ပါးချိုက်ကလေးများပေါ်လာသည်။

"ငါတကယ်လှလား"

"နင့်ကို ငါဘာလို့ လိမ်ရမှာလဲ"

မယဉ်နွယ်သည် ကျေနပ်စွာပြုံး၍ ကျွန်တော့်အားကြည့်သည်။ ထိုစဉ်ဝယ် မမျှော်လင့်သောအသံကြီးတစ်ခု ပေါ်လာသည်။

"ဝါး...ဟား...ဟား ဟေး...ဟေး...ဟေး"

မယဉ်နွယ်သည် သမင်မငယ်သို့ထ၍ ဆင်းပြေးသည်၊ ကျွန်တော်က ရုတ်တရက်တော့ကြောင်သွားသည်၊ ထိုနောက်မှ သတိရ၍ ခြေဖဝါးမှဖုန်မှုန့်ကို နမှုးသုတ်၍ ဖော၌တွေ့ သ...

www.burmeseclassic.com

www.burmeseclassic.com



စာဥပြောက်ပိုးပဝါခေါင်းပေါင်းနှင့် ခန့်ညားလှစွာသော ကျွန်တော်တို့ရွာ၏ ဘုရင်ဖြစ်သော မယဉ်နွယ်၏အဖေဖြစ်သော သူကြီးမင်း ဦးသာဇံကို နှုတ်ခမ်းမွေးတကားကားနှင့် မာန်ဖီအပ်သော ကျားကြီးပမာရင်ဆိုင်မြင်နေရပေပြီ။

ဦးသာဇံသည် လှည်းထက်မှ ကျားပမာ ခုန်ဆင်းလိုက်သည်၊ သို့သော်လေးလံသော သူ့ခန္ဓာကိုယ်ကြောင့် မြေပြင်သို့ ဝက်ပမာကျလာ၏။ သူကြီးမင်းသည် မြေပြင်မှ ဖုတ်ဖက်ခါထချိန်၌ အခြားလှည်းတစ်စီးကလည်း ဆိုက်လာသည်၊ ဤလှည်းထက်၌ ရီးပြတ်အပြည့်တင်လာသည့် ရောင်တစောင်းနှင့် လှည်းမောင်းသူသည် ကျွန်တော်တို့အား ပါးစပ်အဟောင်းသားနှင့် ထိတ်လန့်တကြားကြည့်နေသည်။ သူကြီးမင်းသည် ဝက်စွယ်နှင့်တူသော နှုတ်ခမ်းမွေးများထောင်အောင် ဒေါသတကြီးနှင့် ကျွန်တော်ကို့ရှေ့၌ လာရပ်သည်။

"ခွေးရီးမသားလေး...နင်ဟာ ငါ့သမီးကို ဘာလာလုပ်တာလဲ"

"ဦးကြီးသမီး ကျွန်တော် ဘာမှမလုပ်ပါဘူး ... မယုံ မယဉ်နွယ် မေးကြည့်ပါ၊ မယဉ်နွယ် နင့် ငါဘာလုပ်လို့လဲ"

မယဉ်နွယ်ဆီမှ ပြေသံ မကြားရ၊ သူကြီးမင်းကသာ သူ့သမီးဘက်လှည့်သည်။

"နင်... ဒီမျိုးမစစ်လေးနဲ့ ဘာလာလုပ်တာလဲ"

"ဆီးသီးလာကောက်တာ"

သူကြီးမင်း၏မျက်လုံးများသည် မယဉ်နွယ်၏ရင်မှ အင်ဖက်နှင့် ထုပ်ထားသော ဆီးသီးကို မြင်၏။

သူကြီးမင်းသည် ဆီးသီးထုပ်ကို ဆွဲယူကာ မြေပြင်သို့



ပေါက်ချလွှင့်ပစ်လိုက်သည်၊ ဤမျှနှင့်မကျေနပ်၊ အပြစ်မဲ့သမျှ အသက်မဲ့သော ဆီးသီးများကို ခြေထောက်နှင့်လိုက်နင်းသည်။

"ခွေးကမွေးတဲ့ ခွေးသမီး... သွား လှည်းပေါ်တက် ဟောကောင် အောင်ဘု... ရွာပြန်မောင်း ရွာဆိုတာ...ဆရာတော် ကျောင်းရောက်အောင်မောင်း"

သူကြီးသည် ဒေါသတကြီးနှင့် ကျွန်တော့်အား ရင်ဆိုင်သည်။

"ခွေးသူနိုးသေချင်းဆိုးလေး...နင့်ဖင်ပုပ်တော့မယ် နင့် ဆရ ာကော်ကို ငါလျှောက်မယ်... သိလား"

ကျွန်တော်သည် သူကြီးအား တောင်းပန်သည်။

"ဦးကြီးရာ ဆရာတော်ကို မလျှောက်ပါနဲ့၊ ဦးကြီးသမီး ကျွန်တော် ဘာမှ မလုပ်ပါဘူး..."

"ငါ့သမီး နင် ဘာလုပ်လုပ် မလုပ်လုပ် နင့်ကိုတော့ ဆရာတော် လုပ်စေရမယ် ၊ နားလည်လား..."

သူကြီးမင်းသည် အားရပါးရကြိမ်းပြီး နွားချေးပုံတစ်ခုနင်းမိလေသည်ကိုပင် အမှတ်မပြုနိုင်ဘဲ လှည်းယဉ်ပေါ်သို့ တက်၍ ထွက်ခွာသွားသည်။

ကျွန်တော်သည် ထွက်သွားသော လှည်းယဉ်ထက်မှ မယဉ်နွယ်အား မျက်စိတဆုံး ဝမ်းနည်းစွာ လှမ်းကြည့်သည်။ ထို့နောက် ကြေကွဲလေးပင်စွာနှင့် သူကြီးလွှတ်ပစ်သွားသော ဆီးသီးများကို လိုက်၍ကောက်သည်။

ဆီးသီးများကောက်ပြီးသောအခါ ယခုတိုင် ကျွန်တော့်အား ကြောင်ကြည့်နေသော ကောက်ရိုးလှည်းထက်မှ ရောင်တစောင်းနှင့်လှူဆီ လျှောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤ့န်တော်သည် ထိုသူနံဘေးသို့ ခုန်တက်ဝင်ထိုင်၏။

‘ကဲ...ဘထွေးလေးမောင်းဗျာ”

“ဟော့...ငါဘယ်မောင်းရမလဲ...”

“ဆရာတော့် ကျောင်းပေါ့ဗျ”

ဘထွေးက ကျွန်တော့်အား မျက်လုံးပြူးကြည့်သည်။

“ဆရာတော့်ကျောင်းရောက်ရင် မင်းဖင်ပုပ်မှာပေါ့”

“ဆရာတော်ရိုက်တိုင်း ဖင်ပုပ်ရရင် ကျုပ်အခုလို ထိုင်တောင် မထိုင်နိုင်ဘူး၊ မောင်းစမ်းပါဗျာ၊ သောက်ရေးထဲခင်ဗျားက ဝင်ပူနေပြန်ပြီ”

ရောင်တစောင်းနှင့်လူက မျက်လုံးပြူး၍ကြည့်သည်။

“ငါ့လူရာ မင်းယောက္ခမကိုတော့ မဆဲဘဲနဲ့ ငါ့ကိုဘာလို့ ဆဲနေရတာလဲ၊ မောင်းဆိုမောင်းပါ့မယ်ကွာ၊ ဟဲ့ကောင်ချွေးမသား ငနဲ့နဲ့ ငညို၊ ချွေးလိုပြေးစမ်း ချွေးလိုပြေးစမ်း..."

သူက အော်ရင်းဟစ်ရင်း ဤလောကဝယ် နှစ်ကောင်တည်းသူ့အမိန့်ကို နာခံဟန်ရှိသည့်နွားနှစ်ကောင်ကို သံဆူးတပ်ကြိမ်နှင့် ဘယ်ပြန်ညာပြန်တို့၍ အပြေးမောင်းသည်။

သူ့နွားများက ရေရှည် ပြေးနိုင် ဝါးနှစ်ပြန်လောက်ရောက်သော်...ပြန်နှေးသွားကြသည်။ ဆိကင်းသော လှည်းဝင်ရိုးမှ တအီအီညည်းညူသံပေါ်လာသည်။ ဤလှည်းအီသံသို့ သူကဗျစ်တောက် ဗျစ်တောက်နှင့် ဆိုလာသည်။

“ငယ်လေးရာ...ငါ့လူရာ ရာဇဝတ်အိုးမှ မင်းက တုတ်နဲ့ထိုးပလေကွာ”

“ဘထွေးရွှေလွှန်းကလည်း ... ကျုပ်က ဘယ်အိုးကိုတုတ်နဲ့ထိုးလို့လဲ”



“ဟ... နင့်ကောင်မလေးက ရွှေအိုးပေါ့ ငါ့လူရာ ...လုပ်မှ လုပ်ပရဲ့ကွာ..."

“ကျုပ်ဒီကောင်မလေးကို တုတ်နဲ့မထိုးပါဘူး၊ ဆီးသီးသွားကောက်တာ”

“ကောင်မလေးက မင်းနဲ့ ဆီးသီးကောက်လိုက်တယ်”

“မလိုက်ရင် ခင်ဗျားသူ့မြင်ရမလားဗျ”

“အေး...ကောင်းပ ငါ့လူရာ ကောင်းပ၊ ကောင်းပ”

ဘထွေးရွှေလွှန်း နှင့် ကျွန်တော်သည် စကားမပြောဘဲဆက်လာခဲ့ကြသည်။ အတန်ကြာမှ ဘထွေးသည် ဘာကိုမတွေးမိသည်မသိ ၊ “ဟီး...ဟီး” ဟု ရယ်သည်။

“ငါ့လူ...မင်းကောင်မလေးကို တကယ်ဆီးသီးကောက်ခေါ်သွားတာလား”

“ဆီးသီးကောက်မသွားလို့ ကျုပ်တို့က လင်မယားပေပုပ်တန်း ကစားမှာလား”

“တယ်...ချိုး ငါ့လူက အိုးမလုံ အုံမွှင့်နေပြန်ဘဲ”

“ ဘထွေးလေးက ကျုပ်ကို မယုံဘူးလား ကျုပ်ကောင်မလေးကို ဘာမှမလုပ်ပါဘူးဗျ”

ဘထွေးရွှေလွှန်းသည် မျက်လုံးများ မှိတ်အောင် တဟဲဟဲရယ်သည်။

“မင်းမလုပ်ရင်တော့... ညံ့တာပေါ့ ငါ့လူရာ..."

“ကျုပ်က မယဉ်နွှယ်ကို ဘာလုပ်ရမှာလဲ”

“မင်း...ကောင်မလေးပါးကို ဖက်မနမ်းခဲ့ဘူးလား”

“ပါးကို ဘာလို့ နမ်းရမှာလဲဗျ၊ ကျုပ် သူ့ခြေထောက်တော့ ကိုင်ခဲ့တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဟာ...ဟော့ဟော၊ ငါ့လူက ဒီလိုတော့ အဟုတ်သား၊ မင်းခြေထောက်ကိုင်ပြီး ဘာဆက်လုပ်သလဲ"

"ဖုန်သိပ်ပေးတာပေါ့ဗျာ"

ဘထွေးရွှေလွန်းသည် ခေါင်းကို ခါသည်။

"မင်း သိပ်ရှော်တဲ့ ကောင်ကွာ၊ အေးလေ...မင်းတော့ ဖင်ပုပ်မှာပဲ သနားလိုက်ပါရဲ့ကွာ..."

ဤသို့ဖြင့် ကျွန်တော်သည် ကိုးဆောင်တွဲ ကျောင်းသို့ ရောက်လာ၏။

ကျောင်းဝင်း အတွင်း၌ ကျောင်းသားနှင့် ကိုရင်တို့သည် ရေခပ် ပန်းခူး လုပ်နေကြသည်။ ကျောင်းဝင်းအတွင်း၌ လောကဓာတ်ကျောင်းမှ ကျောင်းသူ ကျောင်းသားများ အရိပ်အရောင်ကို မမြင်ရသဖြင့် လောကဓာတ်ကျောင်းလည်း တက်ခဲ့ပြီးဖြစ်ကြောင်း ကျွန်တော်ရိပ်မိသည်။ ကျွန်တော်က ရေတွင်းဆီသို့ လျှောက်လာခဲ့၏။

ကေသီကို လည်ပင်း၌ ပတ်ထားသော ကိုရင်သာခွေးက တိုင်ပေးသည်။

"တုပ်...တုပ်...တုပ်...ဖြုန်း..."

ရေတွင်းကြိုးဆွဲနေသော ကျောင်းသားနက်ကျော့နှင့် ကျန်ကျောင်းသားများက သံပြိုင်လိုက်၏။

"သန့်ဇင်ကျော့ကြီး တဝုန်းဝုန်း..."

ရေခပ် ပန်းခူး ဆိုသော စကားကို ကျွန်တော်ရှင်းလိုသည်။ ကျောင်းရှိသောက်ရေအိုးများနှင့် ဘုန်းကြီးချိုးရေအိုးမှန်သမျှကျွန်တော်တို့ ဖြည့်ရသည်။ ဤသည်ကား ရေခပ်တည်း။ ကျောင်းအတွင်းရှိ ပန်းမန်များကို ခူး၍ ဉောင်ရေအိုးတို့၌ ထိုးရသည်။ ဤသည်ကား...ပန်းခူးတည်း။



ရေခပ်ပန်းခူးအပြီး၌ ဘုရားရှေ့မှောက်၌ ကျွန်တော်တို့အားလုံးစု၍ ပန်းကပ်ကြရသည်။ နက်ကျော့သည် ငယ်သံပါအောင် အော်ပေးသည်။

"အရဟတ္တာရိ နဝဂုနေဟိ၊ အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ သမ္မန္နာဂတံ၊ ပြည့်စုံတော်မူသော၊ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်သော ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊ ဥဒ္ဒိဿ၊ ရည်မှတ်၍..."

ဘုရားသို့ ရေ၊ ပန်းကပ်အပြီး၌ ဆရာတော်၏လက်ထောက် ဦးပဥ္စင်း ဦးကောဝိဒသည် မေတ္တာတရား ပြည့်ဝစွာ ကြိမ်တုတ်ကို ကိုင်လျက် သပ္ပာယ်ကြည်ညိုဖွယ်ရာ ကြွရောက်တော်မူလာ၏။

ကျောင်းသားများအားလုံး ငြိမ်နေခိုက် ဦးဇင်း၏ တင်းမာသော စူးရှသောအသံ ထွက်လာသည်၊

"ငသန့်ဇင်..."

"ဘုရား..."

"ရှေ့ထွက်ခဲ့"

ကျွန်တော်သည် ရှေ့ထွက်၍ ဦးဇင်းအား ဦးချပြီး ကြမ်းပြင်၌ မှောက်ပေးရသည်။

ဦးဇင်း၏ ကြိမ်စကြာသည် ကျွန်တော့်တင်ပါးသို့ မြစ်ရိုးတစ်လျှောက် (ကျွဲကြီး ကျွဲကလေး) စက်သေနတ်ပစ်သည့်နှယ် ဆက်တိုက်ကျလာသည်။

ဪ် မယဉ်နွယ်အတွက် ကျွန်တော် ပထမဆုံးရခဲ့သော ဆုလာဘ်တည်း...။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



## (၃)

### စကော်ရာဦး

နောက်တစ်နေ့နံနက် ကိုးနာရီခန့် ဆွမ်းဟင်းခွက်ချရန် ကျွန်တော်ထွက်လာသောခါ တင်ပါးတို့မှာ လမ်းလျှောက်တိုင်း နာနေ၏။ မည်မျှနာစေ ဝတ္တရားကို ပျက်၍မဖြစ်။

ကျွန်တော်တို့ရွာ၏ ကိုးဆောင်တွဲကျောင်း ဆွမ်း၊ ဆွမ်းဟင်းခံသည်မှာ တစ်မျိုးဖြစ်သည်။

ဆရာတော်အမှူးပြု၍ ဦးပဥ္စင်းဦးကောဝိဒ၏တူ ကိုရင်လောစ်၊ သူကြီးတူ၊ မယဉ်နွယ်၏အစ်ကိုဝမ်းကွဲ ကိုရင်သာချွေးနှင့်နောက်ဆုံးမှ ကိုရင်ကျုပ်ခိုးစွဲတို့သည် ရွာတစ်လျှောက်ဆွမ်းကိုသာ ခံသည်။ ဆွမ်းဟင်းအတွက်မူကြွရည်သုတ် သံပန်းကန်ကလေးတို့ဖြင့် အိမ်ပေါက်စေ့ လှည့်လည်ဝေ၍ ကျွန်တော်တို့ဘုန်းကြီးကျောင်းသားများက တာဝန်ယူရ၏။

ကျွန်တော်တို့ ကျောင်းသားများက ဆွမ်းဟင်းအတွက် သီးသန့်ထွက်သည်။ ဆွမ်းအတွက် ဘုန်းကြီးတို့က သီးခြားခံယူသည်။

ဆရာတော် အမှူးပြုသော သံဃာများသည် သက်နန်းရုံလျက် ရွာလယ် လမ်းမတစ်လျှောက် ကြွသွားကြသည်ကို ဆွမ်းဟင်းခွက်ဗန်းအား ခေါင်းရွက်ရင်း ကျွန်တော် ချောင်းဦးတံတားထက်မှ လှမ်းမြင်ရသည်။ နောက်ဆုံးမှလိုက်ရသူ ကိုရင်ကျုပ်ခိုးစွဲသည် ကျွန်တော့်အား မျက်စိတစ်ဖက်မှိတ်ပြ၍ လက်သုံးချောင်းထောင်ပြသည်။ ညနေရာ၌ ကိုရင်ကျုပ်ခိုးစွဲ၏ ဘွဲ့တော်ကို ကျွန်တော်ရှင်းထိုက်သည်ဟု ထင်သည်။



ကိုရင်၌ သူ၏သီးခြားဘွဲ့ရှိသည်။ သို့သော် ကိုရင်သည် ဆေးလိပ် အလွန်ကြိုက်၏။ ဆေးလိပ် မည်မျှသောက်သနည်းဆိုသော် နှာခေါင်းကျုပ်စွဲအောင် သောက်သည်ဟု ဆိုကြသည်။ ထို့ကြောင့်ကိုရင့်ကို ကိုရင်ကျုပ်ခိုးစွဲဟု ခေါ်ကြသည်။ လက်သုံးချောင်းထောင်ပြသည့် အဓိပ္ပာယ်မှာ ဆေးပေါ့လိပ်သုံးလိပ်အရှာရမည်။ မရှာမဖြစ်သော အကြောင်းလည်းရှိသည်။

ကျွန်တော်သည် ရွာရိုးလျှောက်၍ အိမ်ပေါက်စေ့ ဆွမ်းဟင်းခွက်စုသည်။ သုံးအိမ်တွင် နှစ်အိမ်က ကန်တော့ဆွမ်း လုပ်ကြသည်။ အိမ်ကြီးအိမ်ကောင်းများက ကန်တော့ဆွမ်းပို၍ လုပ်ကြသည်။

ကျွန်တော်တာဝန်ကျသောအပိုင်းမှ အိမ်စေ့ဝင်ပြီးသောအခါ ကျွန်တော့်လင်ပန်းထဲ၌ ဆွမ်းဟင်းခွက်လေးခွက် ကျန်နေသေးသည်။ ထုံးစံအတိုင်း ကျွန်တော်သည် ကျွန်တော်နိုင်သောဘထွေးလေးတို့ အိမ်အရင်ဝင်ခဲ့သည်။

"ဟဲ့...ငယ်လေး၊ နင့်ဆွမ်းဟင်းခွက်တွေ မကုန်သေးပါလား"

အရီးလေးရွှေမှုန်က ဗိုင်းငင်နေရာမှ လှမ်းမေးသည်။

"အေးဗျ...မကုန်လို့ ခင်ဗျားဆီနှစ်ခွက်လာပို့တယ်..."

"ငယ်လေးရေ...တို့အိမ်ဒီနေ့တော့ ဆူးပုပ်ကြီးဟင်းပဲချက်တယ်"

"ဟာ ဟိုအိမ်ကလည်း ဆူးပုပ်ကြီးဟင်း ... ဒီအိမ်ကလည်း ဆူးပုပ်ကြီးဟင်း၊ အရီးလေးတို့ကလည်း တစ်ခါတလေဝက်သားဟင်းလေး ဘာလေးချက်ပါအုံးဗျာ...၊ ဗန်းထဲ ဆူးပုပ်ဟင်းချည်းပဲဆိုရင် ကျုပ်မျက်နှာငယ်တယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



အရီးလေးသည် သက်ပြင်းရှိုက်၍ ကျွန်တော့်အား ခါးထောက်ရင်း ရန်တွေ့သည်။

"ဝက်သားဘီးစပတ်တုံးကြီး နေ့တိုင်းလောင်းချင်တာပေါ့ ငယ်လေး၊ ဒါပေမဲ့...ငါတို့က သူကြီးမဟုတ်ဘူး၊ နင့်ယောက္ခမ အိမ်သွားပြီး ဟင်းခွက်ချပါလား၊ ဝက်သားဟင်းမှန်မှန်ရမှာပေါ့"

ကျွန်တော်သည် အရီးလေးအား မျက်မှောင်ကြုတ်ကြည့်သည်။

"ခင်ဗျားကြီးက ဘာလို့ သူကြီးကို ကျုပ်ယောက္ခမလို့ ခေါ်ရတာလဲ..."

"သိပါဘူးတော်...မင်းဘထွေးလေး မနေ့က ပြောတာပဲ၊ မင်းမနေ့က ကောင်မလေးကို တောထဲခေါ်သွားတယ်ဆို"

"တော်စမ်းပါ အံရီးလေးရာ...ဘထွေးလေးသာ သူကြီးကို သွားပြီး နွားလှည်းအလကားမောင်းပေး...၊ ကျုပ်က သူ့သမီးကို အလကားပေးတောင်မယူဘူး"

အရီးလေးသည် သဘောကျစွာ ရယ်သည်။ ထို့နောက် ကျွန်တော့်ကို နောက်သည်။

"သောက်ပြော ဘယ်နှယ်ရေးပါ့မယ်၊ သောက်ရေသောက် ပြောရေပြော သောက်နဲ့ ပြောနဲ့ပေါင်း သေနံ့ဇင်..."

ကျွန်တော်သည် ဒေါပွ၍ လင်ပန်းကို ခေါင်းပေါ်ပြန်ရွက်သည်။

"တော်ပြီဗျာ...ခင်ဗျားတို့အိမ် ကျွန်တော်ဘယ်တော့မှ ဟင်းခွက် လာမချတော့ဘူး..."

ဤသို့ ဆိုပြန်သော် အရီးလေးသည် ကျွန်တော့်အား မွေ့ဖက် ချော့မော့သည်။



"ငယ်လေးကလည်း ဒေါသချည့်ပဲ၊ ကဲပါ...ဟင်းခွက် ပေးခဲ့ပါ။ ဒါပဲနော်...ဆူးပုပ်ဟင်းတစ်ခွက်ပဲရှိတယ်"

"တစ်ခွက်တည်းရှိလည်း တစ်ခွက်ထဲပေါ့ဗျာ၊ ကျန်တဲ့ တစ်ခွက် တည်းတော့ ထန်းလျက်ထည့်လိုက်နော်၊ အချိုပွဲအတွက် ရတာပေါ့"

ဤသို့ဆို၍ ကျွန်တော်သည် ကျန်သောနှစ်ခွက်နှင့်အတူ ကျွန်တော့်အိမ်ဘက်ထွက်လာခဲ့သည်။ ကျွန်တော့်ကိုမြင်သော် ကျွန်တော့်အမ (အမေ)သည် နွားစာအတွက် ကောက်ရိုးနှင့် နှမ်းဖတ်နယ်နေရာမှထပြီး ကြိုဆိုလာ၏။

"ငယ်လေး...ဒီနေ့အမ ကြက်သားဟင်းချက်ထားတယ်။ မင်းဟင်းခွက်နှစ်ခုလုံး အမကြက်သားဟင်းထည့်ပေးလိုက်မယ်"

ကျွန်တော်သည် ဝါးလှေခါးမှ အိမ်ပေါ်သို့ တက်ခဲ့သည်။ ကျွန်တော်တို့အိမ်မှာ ခြေတံရှည်ဖြစ်၍ အောက်၌နွားထားပြီး အပေါ်၌ လူနေ၏။

မောမောနှင့်ကျွန်တော်သည် ဘုရားစင်အနီး သောက်ရေအိုးမှ ရေသုံးခွက်ဆင့်၍ သောက်ချပစ်လိုက်သည်။ ထို့နောက် ကျွန်တော့်သည် အိမ်ခါးပန်းကို ခု၍ ကြမ်းပေါ် ထိုင်သည်။ သို့သော် တင်ပါးမှ ဒဏ်တို့ကြောင့် မရှိမဆန့်နာကျင်သဖြင့် ဆတ်ခနဲ ပြန်ထမိသည်။

ဤသည်ကို နောက်မှလိုက်တက်လာခဲ့သော အမမြင်သွားသည်။

"ငယ်လေး...ဘာဖြစ်တာလဲ"

ကျွန်တော်သည် တင်းဆည်ထားသမျှတာရိုးကျိုး၍ အမ ရင်ခွင်၌ မျက်နှာအပ်ကာ အားရပါးရ ငိုကြွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သား...ငယ်လေး ဘာဖြစ်သလဲဆရာတော်ရိုက်သလား"

"ဆရာတော်က ကျုပ်ကို အရမ်းမရိုက်ပါဘူးအမရယ် ဦးဇင်းက ရိုက်တာပါ သူကြီးလျှောက်တာနဲ့ ကျုပ်ကိုရိုက်တာ"

အမသည် မနေ့က ကျွန်တော်ဘာဖြစ်ခဲ့သည်ကို သိပြီးဟန်တူသည်၊ ထို့ကြောင့် . ဘာမျှဆက်မမေး။ မျက်လုံးများ၌ မျက်ရည်ဝဲနေသော်လည်း တည်ငြိမ်စွာ ဆုံးမသည်။

"ဦးဇင်းက ငယ်လေးကိုရိုက်တာ ငယ်လေးလိမ္မာအောင်ပေါ့ ငယ်လေးကလည်းဆိုးတာကို နောက်မဆိုးနဲ့ကြားလား၊ ကဲကဲ ...အမလက်ဆေးပြီး ဆွမ်းဟင်းခပ်လိုက်အုံးမယ်၊ မင်းအဘလည်း ပြန်လာခါနီးပြီ"

အမဆွမ်းဟင်းခပ်ရန် ထသွားချိန်၌ ကျွန်တော်သည် ကြမ်းပြင်၌ ကြိုးစားထိုင်ရင်း အတွေးနယ်ချဲ့နေမိ၏။

အဘသည် အစက ဤရွာ၏သူကြီးဟု ကျွန်တော်သိရသည်။ မယဉ်နွယ်၏အဖေဦးသာဖံနှင့်အဘသည် ဘိုးဘွားများလက်ထက်ကတည်းက သူကြီးရာထူးပြိုင်ဖက် မတည့်သူများတည်း။

သာယာဝတီသူပုန်ကြီးထစဉ် အဘသည် ဆရာစံ၏ဂိုဏ်းဝင်လျက် ဤပြည်ခရိုင်တွင် ကုလားဖြူများကို တိုက်ခိုက်ခဲ့သည်ဆို၏။ အဘသူပုန်ဖြစ်သော် ဦးသာဖံသူကြီးဖြစ်လာသည်။

ကျွန်တော်လူမှန်းသိတတ်စ လေးနှစ်သားအရွယ်၌ အဘကိုသူတို့ဖမ်းသွားသည်၊ ထိုအချိန်မှာ အဘတို့ခေါင်းဆောင်ဆရာစံကို ကြိုးပေးသတ်ပြီး တစ်နှစ်ကျော်ကြာခဲ့ပြီဆိုသည်။

အမ ဘထွေးလေးတို့နှင့်အတူ ကျွန်တော် မြို့တက်၍ စက်ရှင် ရုံးသို့ ခဏခဏရောက်ခဲ့ဖူးသည်ကို မှတ်မိ၏။ အကျိုန်



လက်ပြတ်နှင့် လက်ထိပ် သံခြေကျဉ်းခတ်ထားသော အဘကို ကာကီရောင် ဖောင်းထုပ်ဦးချွန်းနီနီနှင့် ကုလား·ပုလိပ်များ သေနတ်ထမ်းခြံရံလျက် ရုံးထုတ်လာသည်ကို ကျွန်တော် ယခုတိုင်မြင်ယောင်နေသေးသည်။

အဘကို ထုချေ ကာကွယ်ပေးသူမှာ ရန်ကုန်မှ လာသည့် ဘိလပ်ပြန် ဝတ်လုံတော်ရကြီးတစ်ဦးဟု မှတ်မိသည်။ ထိုဝတ်လုံတော်ရကြီးကျေးဇူးကြောင့် အဘသည် သေဒဏ်မခံရဘဲ တစ်သက်တစ်ကျွန်းကျသည်။ အမ၌ရှိ ပစ္စည်းတို့လည်း ပြောင်သည့်ဆို၏။

အဘကို တစ်ကျွန်းပို့မည့်နေ့ ရန်ကုန်ဆိပ်ကမ်းသင်္ဘောဆိအမနှင့်ကျွန်တော် သွားနှုတ်ဆက်ကြခြင်းကိုလည်း မမေ့သေး။ အမမှာ ငိုလိုက်သည့်ဖြစ်ခြင်း အမငိုတော့ ကျွန်တော်လည်းငိုခဲ့သည်။ အဘလည်းမျက်ရည်ကျ၏။

အဘကို ကျွန်တော်တို့ တစ်သက်ပြန်မတွေ့ရဟု ထင်ခဲ့သည်။ သို့ရာတွင် နှစ်အတန်ကြာသော် အဘပြန်ရောက်လာ၏။ ဂျော့ဘုရင်ကြီး နတ်ရွာစံ၍ သူ့သားကြီးနောက်သမီးနှစ်ယောက်နှင့် သားအငယ်ဂျော့ဘုရင်ကလေး နန်းတက်သောအခါ မဲပေါက်သဖြင့် အဘလွတ်လာခဲ့သည်ဆို၏။

လွတ်လာခဲ့သည် ဆိုတော့လည်း အဘသည် ခုနစ်ရက်တစ်ခါ မြို့တက်၍ ဂါတ်၌ လက်မှတ်ထိုးရသည်၊ တစ်ရွာတစ်ကျေးလည်း သွားခွင့်မရှိ၊ ထိုအခါအဘ၌ ဘွဲ့တစ်ခုတိုးလာသည်။

"ခြေချုပ်ကြီး"ဟူသတည်း...။

ခြေချုပ်ကြီးဆိုသည်မှာ ရောမလူဆိုးကြီးဟု ကျွန်တော်နားလည်ထားသည်၊ အများကလည်း ဤအတိုင်း ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ မဖျော်လင့်သော စကားကြောင့် အဘသည် ခေတ္တငိုင်သွားသည်။ ခဏော္ဘမှုမျက်နှာသည် တင်းမာ၍ သွား၏။

"ဘယ်တော့မှ ပြန်မဖြစ်ဘူး...ဖြစ်လည်းမလုပ်ဘူး"

"အဘမဖြစ်ချင်ပေမဲ့ ကျုပ်ဖြစ်ချင်တယ်ဗျ"

အဘသည် ကျွန်တော့်အား ဆတ်ခနဲမော့ကြည့်သည်။ အဘ၏ တင်းမာသောမျက်နှာ၌ ပြုံးရိပ်မသိမသာ ပေါ်လာသည်။

"မင်းကိုဘယ်သူမြှောက်ပေးလို့ အရူးထရတာလဲ..."

"ကျုပ်အရူးထနေတာမဟုတ်ဖူး...တကယ် ပြောနေတာ"

"မင်းက ဘာလို့ သူကြီးဖြစ်ချင်ရတာလဲ"

"အဖေကြီး (အဘိုး)ကလည်း သူကြီးပဲ...။ အဘလည်း သူကြီး ဖြစ်ခဲ့ဖူးတာပဲ၊ အခု သူကြီးဦးသာခံကြီးမှာ သားမှမရှိဘဲ သူသေ ရင်ကျုပ်သူကြီးလုပ်မယ်"

အဘ၏ကင်းမာသော မျက်နှာသည် အနည်းငယ်လျော့ သွား၍ သက်ပြင်းရှိုက်သည်။ ထိုနောက် လေသံပျော့လျက်ဆို သည်။

"အေးလေ...သူကြီးဖြစ်ချင်ရင် ကြိုးစားပေါ့"

"ကျုပ်ကြိုးစားပါတယ်၊ ဒါပေမဲ့ ဒီဘုန်းကြီးကျောင်း ကျုပ်မနေချင်ဘူး"

"ဘာပြောတယ် ငယ်လေး"

"ကျုပ် လောကဓာတ်ကျောင်း တက်ချင်တယ်ဗျာ"

အဘငိုင်သွားပြန်သည်၊ အဘသည်နေရာမှထ၍ ကြမ်းပြင် ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သည်။ အဘဤသို့လမ်း လျှောက်လျှင် စိတ်ထိခိုက်၍ ဖြစ်ကြောင်း ကျွန်တော်နားလည်



သည်။ ထို့ကြောင့် ကျွန်တော်သည် နေရာမှထလိုက်လျက် အဘရှေ့တွင် ရိုသေစွာတောင်းပန်သည်။

"ကျုပ် မသိသားဆိုးဝါးတာ မဟုတ်ပါဘူး အဘရယ်။ အဘတို့မှာ ငွေစရှားတာ ကျုပ်သိပါတယ်။ ကျုပ်ဒီနှစ် ဘုန်းကြီး ကျောင်းကထွက်ပြီး အလုပ်လုပ်ချင်တယ်"

အဘသည် စူးရှစွာ ကျွန်တော့်အား တစ်ချက်လှည့် ကြည့်သည်။

"ဘာကွ...မင်းက အလုပ်...လုပ်မယ်"

"ဟုတ်တယ်...ကျုပ်အလုပ်လုပ်မယ်၊ မြို့က ကိုညွန့်မောင် ကြီးတို့ဆိုင်အတွက် ကျုပ်အထည်ကောက်ပေးမယ်။ အလကာပွ စက်ကြီးလည်း ကျုပ်စပါးတိုက်ပေးမယ်။ ကျုပ်ငွေစရရင် ကျုပ် ကျောင်းတက်မယ်"

အဘသည် လမ်းလျှောက်ရာမှ ရပ်လိုက်သည်။ အဘက ကျွန်တော့်အား ငြိမ်၍စူးစိုက်ကြည့်နေသဖြင့် နားရင်းအတီးခံ ရတော့မည်လော...ဟု ကျွန်တော်ထိတ်လန့်သွားသည်။

သို့ရာတွင် အဘ၏လက်နှစ်ဖက်သည် ကျွန်တော့်လက် မောင်းများဆီသို့ ယုယစွာဆုပ်ကိုင်လာသည်။ အပြုံးနှင့်အမဲ့ ရောသော အဘ၏ မျက်နှာကြီးသည် ကျွန်တော့်အတွက် စိတ် ထိခိုက်ဖွယ်ဖြစ်နေ၏။

"ငယ်လေးကို အဘကျောင်းထားမှာပေါ့၊ ငယ်လေး အလုပ်လုပ်ဖို့ မလိုပါဘူး။ ဒီတစ်နှစ်ပြီးရင် အဘငွေစချောင်မှာ ပါ၊ ကြားလား...ကဲ သွားတော့ သွားတော့..."

အမကလည်း ဟင်းခွက်များ ယူလာပြီး ဖြစ်သဖြင့် ကျွန်တော်သည် ဟင်းခွက်များကို လင်ပန်းတွင် စည့်ရွက်လျက် ရွာစဉ်တစ်လျှောက် လာလမ်းအတိုင်း ပြန်ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟင်းခွက်အားလုံး ပြန်သိမ်းပြီးသော် ကျွန်တော်သည် ကျောင်းဆီသို့ အမြန်ပြန်ခဲ့သည်။

ဆွမ်းစားချိန်ကျလျှင် ကျွန်တော်တို့ကျောင်းမှ ကြေးစည်နှင့် သားရေစည်ကြီး အသံသည် နောင်ဒိုင်းသံ မြည်ဟိန်း၍ တစ်ရွာလုံးကြားနိုင်သည်။

ဆွမ်းစားစည်သံထက် နောက်ကျမှ ကျောင်းပြန် ရောက်သူအတွက် ကြိမ်စကြာသည် အဆင်သင့်စောင့်နေတတ်၏ ထို့ကြောင့်ကျွန်တော်အမြန်ဆုံးသုတ်လာခဲ့သည်။

အရှေ့ဘက်သို့ မျက်နှာမူသော ကျယ်ဝန်းသည့် ကျွန်တော်တို့၏ ကိုးဆောင်တွဲကျောင်းဝင်းအတွင်း၌ လက်ယာဘက်တွင် သွပ်မိုးပျဉ်ထောင်နှင့် ဆရာကိုအုန်းဖေ၏ လောကဓာတ်ကျောင်း ရှိ သည်။

ကျွန်တော်သည် ဗန်းကိုရွက်၍ ခပ်သုတ်သုတ်ကျောင်းဝင်းအတွင်းသို့ ဝင်လာစဉ် လောကဓာတ် ကျောင်းနောက်ဖေးစောင်ခြမ်းပင် အကွယ်မှ အသံတစ်သံကြားရ၏။

"သန့်ဇင်..."

ကျွန်တော်လှည့်ကြည့်သောအခါ စောင်ခြမ်းပင်အကွယ်မှ ခိုးကြောင်ခိုးဝှက်နှင့် ကျွန်တော့်အား လှမ်းခေါ်နေရှာသော မယဉ်နွယ်ကို တွေ့ရသည်။

ကျွန်တော်သည် ဘေးပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ပျာပျာသလဲစုံစမ်းကြည့်ပြီး မယဉ်နွယ်အနီးသို့ ကပ်လိုက်၏။

စောင်ခြမ်းပင်ခြားသော ဟိုမှာဘက်မှ မယဉ်နွယ်၏ မျက်သားပြာသော မျက်လုံးဝိုင်းဝိုင်းကလေးကို ရင်ဆိုင်ရသည်၊



"သန့်ဇင်...၊ ငါအိမ်သာထွက်ချင်ယောင်ဆောင်ပြီး နင့်ကိုစောင့်နေတာ..."

"ငါ့ကို စောင့်နေတယ်...ဘာလုပ်ဖို့လဲ"

မယဉ်နွယ်၏မျက်လုံးထဲတွင် မျက်ရည်ဝဲသွားသည်။

"ဘာလုပ်ဖို့ရမလဲ...၊ နင်ငါ့ကြောင့် မနေ့က အရိုက်ခံရတယ်ဆို"

"နင့်ကြောင့် မဟုတ်ပါဘူးဟယ်...။ ငါရေခပ်ပန်းခူးနောက်ကျလို့ပါ..."

"အေးလေ...ငါ့ကြောင့်ပဲ နင်နောက်ကျတာမဟုတ်လား"

ကျွန်တော်က မပြေနိုင် ...၊ ကျွန်တော့်ကြောင့် မယဉ်နွယ်လည်း စိတ်မကောင်းမဖြစ်စေလို။

"မဟုတ်ပါဘူး မယဉ်နွယ်ရယ်...၊ ပြီးတော့ တို့ဘုန်းကြီးကျောင်းသားတွေအတွက် အရိုက်ခံရတာ အဆန်းမဟုတ်ပါဘူး"

မယဉ်နွယ်သည် နောက်သို့ တစ်ချက်လှည့်ကြည့်၍ ကျွန်တော့်ဘက်ပြန်လှည့်ကာ ချစ်စဖွယ်ပြုံးသည်။

"သန့်ဇင်၊ နင့်ကို ငါ ဘာပေးရမှန်း မသိဘူး ဒါပေမဲ့ သာဒီမှာ လက်ကိုင်ပဝါကလေးတစ်ထည်ယူလာခဲ့တယ်၊ ငါ ပါးကြား မညှပ်ရသေးပါဘူး။ မီးပူတိုက်ပြီး အသစ်စက်စက် ...ယူ"

ကျွန်တော်က လက်ကိုင်ပဝါကလေးကို လှမ်းယူလိုက်သည်။

ပိတ်သားဖြူဖြူဝယ် အပြာရောင် နှုတ်ခမ်းသပ်ထား၍ ထောင့်တစ်ထောင့်၌ လက်ပန်းထိုးထားသော အစိမ်းရောင် ပန်းပွင့်နှင့်အဝါရောင်လိပ်ပြာကလေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် လှပသော လက်ကိုင်ပဝါကလေးကို ကြည့်ရင်း ရီးသားစွာ ပြန်မေးမိသည်။

"ငါ အဲဒီလက်ကိုင်ပဝါကို ဘာလုပ်ရမလဲ"

မယဉ်နွယ်က မျက်လုံးကလေးပြူး၍ ကျွန်တော့်အား ကြည့်သည်။ ထို့နောက် အမျိုးအမည်မသိသော အပြုံးကလေး တစ်ရပ်ပေါ်လာသည်။

"ဘာလုပ်ရမယ်ဆိုတာ နင်မသိဘူးလား၊ နောက်တစ်ခါ နှပ်ညစ်ရင် ပုဆိုးနဲ့ မသုတ်နဲ့. အဲဒီလက်ကိုင်ပဝါနဲ့... သုတ် သိလား"

ကျွန်တော်က လက်ကိုင်ပဝါကလေးကို သေချာစွာပြန် ကြည့်သည်။ ထို့နောက် ရင်တွင်းရှိသမျှ အမှန်ပြောသည်။

"နင့်လက်ကိုင်ပဝါကလေးကို ငါ နှပ်မညစ်ရက်ပါဘူး မယဉ်နွယ်ရာ၊ ငါ့အိတ်ထဲမှာ ထည့်သိမ်းထားပါ့မယ်"

ကျွန်တော်သည် လက်ကိုင်ပဝါကလေးကို အင်္ကျီအိတ်တွင်း ထည့်ရာ အင်္ကျီအိတ်တွင်း၌ ခိုးလိုးခုလုအရာများကို စမ်းမိသည်။ ထိုအခါမှ ကျွန်တော် ဝမ်းသာအားရထုတ်ယူမိသည်။

"မယဉ်နွယ် မနေ့က နင့်အဖေကြီး ဂြိုဟ်နောက်လို့ နင် ဆီးသီးတွေ ပစ်ထားခဲ့ရတယ်၊ အတော်ပဲ ငါ့အိတ်ထဲမှာ သုံးလုံး ကျန်သေးတယ်။ ရော့...ရော့...နင်စားဖို့"

ကျွန်တော်သည် လှမ်းပေးနေရာမှ သတိရလျက် လက်ပြန် ဆုတ်ကာ ဆီးသီးများကို မယဉ်နွယ်ပေးသော လက်ကိုင်ပဝါလေး နှင့် ပွတ်သုတ်လိုက်သည်။

"ရော့...အင့်...စားတော့"

မယဉ်နွယ်သည် ဆီးသီးများကို ပါးစပ်တွင်းထည့်



ထားသည်။ စားရင်းလည်း ပါးခွက်ကလေးပေါ်အောင် ပြုံးရင်း ... ကျွန်တော့်အား စိုက်ကြည့်နေသည်။ ကျွန်တော်ကလည်း ပြန်စိုက်ကြည့်နေမိသည်။

မယဉ်နွယ်၏ ပါးကြောကလေးများ စိမ်းနေရုံမက ပါးမို့ ကလေးများကလည်း နီနေသည်။ ပထမဦးစွာအဖြစ် ဘထွေး ရွှေလွန်းပြောသကဲ့သို့ ဤပါးကလေးများအား နမ်းလိုက်ရလျှင် အလွန်ကောင်းလိမ့်မည်ဟု ကျွန်တော်စဉ်းစားမိသည်။

ဤသို့ ကြည်နူးစွာဖြင့် ကျွန်တော်နှင့် မယဉ်နွယ်သည် တစ်ဦးမျက်နှာ တစ်ဦးကြည့်နေခိုက် မယဉ်နွယ်၏မျက်လုံး ကလေးများ ပြူးကျယ်သွားသည်။

"ဟောဟိုမှာ..."

ပြောပြောဆိုဆို မယဉ်နွယ်သည် ဖက်ပုံ ငုံ့လျှိုး၍ ထွက် ပြေးသွားသည်။

နောက်သို့ ကျွန်တော် လှည့်လိုက်သောအခါ ဆွမ်းခံမှ ပြန်လာသော ဆရာတော်အမှူးပြုသည့် ကျောင်းရှိ ဦးဇင်းကိုရင် များကို မြင်ရသည်။

ဆရာတော်နှင့် ဦးဇင်းမှာမူဆွမ်းခံကြွလျှင် ဘေးဘီနှင့် ရှေ့သို့သုံးတောင်ထက် ပိုမကြည့်သဖြင့် ကျွန်တော်တို့အား မြင် ဟန်မတူ။ သို့ရာတွင် လောစံ၊ သာချွေး၊ ကျပ်ခိုးစွဲတည်းဟူသော သုံးပါးသော ကိုရင်တို့၏ ပြောင်လက်သော ဦးပြည်းများ သည် ဆရာခိုကြီး၏ ရုပ်သေးစင်မှ သမင်ခေါင်းများသဖွယ် ပြန်လည် ၍ ကျွန်တော့်အား ကြည့်သွားကြသည်။

ကျွန်တော်သည် သက်ပြင်းရှိုက်၍ ကျောင်းဆီသို့ ကိုရင်တို့ နောက်ပါးမှ ကုပ်ကုပ်သုတ်သုတ် ပြန်လိုက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကျောင်းကြီးသည် မြင့်မားသော ကျွန်းတိုင်ကြီးများဖြင့် မြေမှဆင်တရပ်စာမြင့် ဆောက်ထားသည်။ ကိုးဆောင်တွဲကျောင်း ဟူသော အမည်ပီပီ အဆောင် ကိုးဆောင်ရှိသည်။ လက်ဝဲဘက် (မြောက်ဘက်) အစွန်ဆုံးအဆောင်သည် ဆွမ်းစား ဆောင်ဖြစ်သည်။ ဆွမ်းစားဆောင်အောက်၌ ကပ္ပိယကိုစံကွန့် အပိုင်စားသော မီးဖိုချောင်ရှိသည်။ ဆွမ်းစားဆောင်၏ အနောက်ဘက်ထောင့်မှ တံတားသဖွယ် သွယ်တန်းလျက်ရှိသော စင်္ကြံသည် ကိုက်ငါးဆယ်ခန့်ရှိ ဘုန်းကြီးကုဋိများဆီသို့ ဦးတည်ပြေးနေသည်။

ဆွမ်းစားဆောင်၌ ကျွန်တော်၊ နက်ကျော၊ သောင်းဟန်၊ ငွေးကျား၊ ပါစိနောင်၊ တိမ်တစ်လုံး၊ ကြက်ရိုး၊ ပန်းနှာ၊ ချောက်စောင်း ငထစ် အမှူးပြုသော ဆွမ်းဟင်းခွက်တာဝန်ခံ ဘုန်းကြီးကျောင်းသားတို ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီရင်းတန်းစီရသည်၊

စားပွဲဝိုင်းလေးများထက် ကျွန်တော်တို့ သယ်ဆောင်လာသော ဆွမ်းဟင်းခွက်များ အဆင်သင့်ရှိနေသည်။ ကိုရင်လောစံ အမှူးပြုသော ကိုရင်များက ဟင်းကောင်းခွက်တို့ကို ရွေးချယ်၍ ဆရာတော်နှင့် ဦးဇင်းတို့ ဝိုင်းပို့ရသည်။ ဝက်သား၊ ကြက်၊ ဘဲ၊ အမဲစသော ဟင်းကောင်းဟင်းလျာတို့သည် ဆရာတော် နှင့် ဦးဇင်းစားပွဲရောက်သည်။ ငါး ၊ ပုစွန်၊ ဖားကင်၊ ကြွက်ကြော်၊ ပုတတ်သား၊ ဘဲဥ၊ ချဉ်ရည်တို့သည် ကိုရင်တို့စားပွဲ၌ ကျန်ရစ်၏။ ပဲကြီးနှင့် ဆူပုပ်ကြီးဟင်း ဆူးပုပ်ကလေးဟင်းချို၊ ကင်းပုံသီးဟင်း၊ ခရမ်းသီးအိုးကပ် ဤသည်တို့က ကိုရင်စားပွဲ နှင့် ဆရာတော်စားပွဲဆီ တစ်ဝက်စီရောက်သွားသည်။ မည်သို့ ရောက်ရောက် အပြီးသတ်ကျလျှင် ဆူးပုပ်၊ ပဲကြီး၊ ခရမ်းသီး အမှူးပြုသော ဤဟင်းတို့သည် ကျွန်တော်တို့ ဘုန်းကြီး ကျောင်းသားစားပွဲသို့ ရောက်လာမည်မှာ ဆွမ်းစားအပြီး ကြေးစည်တီးလျှင်ရန်လုံ အမှူးပြုသော ခွေးတို့ အမှုမည် သေချာသည့်နည်းတူ ကျွန်တော်တို့အတွက် သေချာနေသည်။



ကျွန်တော်တို့ ခံခဲ့သော ဆွမ်းဟင်းခွက်များတွင် ဟင်းတို့အပြင် အချိုပွဲအတွက် အစားများလည်း ပါ၏။ ဤအချိုပွဲများတွင် ရာသီလိုက်ပေါ်သော သစ်သီးသစ်ကောင်းများ၊ နနွင်းမကင်း၊ ဟလဝါ၊ ထိုးမုန့်ကဲ့သို့ မုန့်ကောင်းများ၊ ထန်းလျက်ပေါက်ပေါက်ဆုပ်ကဲ့သို့ အချိန်မရွေးရနိုင်သော ချိုချဉ်ခဲဖွယ်များ ရခိုင်ငှက်ပျောသီး၊ မာလကာသီးမှည့်၊ ဆီးချိုဆီးချဉ် စသော အပေါစား သစ်သီးများတို့လည်း ပါ၏။

နံ့သာပုငှက်ပျောသီး၊ သရက်ပြင်၊ ငှက်ပျောခြောက်၊ နနွင်း မကင်း၊ ဟာလဝါကိုးမုန့် စသည်တို့သည်က ဆရာတော်တို့ဝိုင်းသို့ သမဝါယမစနစ်နှင့် ညီမျှစွာ ရောက်သွားသည်။

အခွံမည်းနေသော ရခိုင်ငှက်ပျောသီး၊ အစေ့မာသော မာလကာသီး၊ ဆီးချဉ်သီးတို့မှာ ကျွန်တော်တို့ ဘုန်းကြီးကျောင်းသား အချိုပွဲဝေပုံကျအတွက် သစ္စာရှိစွာရောက်လာမည်မှာလည်း အလွန်သေချာသည်။

ဤသို့လျှင် အစားအသောက်ကို တရားမျှတစွာ ကိုရင်တို့က ခွဲဝေပြီးသောအခါ၌ ဆရာတော်သည် ကြွလာ၍ ဝိုင်း၏ အကောင်းဆုံးသော ဟင်းလျာချိုချဉ်တို့ကို ရွေးနှုတ်ပြီး ပြောင်လက်အောင် တိုက်ထားသော ကြေးလင်ပန်းထက် ထည့်ကာ ဘုရားဆွမ်းတော်ပွဲကို ကိုယ်တိုင်ပြင်သည်။

ကျွန်တော်တို့ ကျောင်းသားများက ဤဆွမ်းတော်ပွဲကို ယူ၍ မြောက်ဘက်အဆောင်ရှိ ဆင်းတုတော်ကို ကပ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရဟတ္တာရိ နဝဂုဏောဟိ အစရှိသော…"

ဤသို့အစချီ၍ ဟစ်သူက ဟစ်သည်။ တစ်ယောက်ဖင် တစ်ယောက်ဆိတ်၍ တစ်ယောက်ကုပ်ပိုးတစ်ယောက် အုပ်နေသူ ကျောင်းသားများလည်း ရှိ၏။ ဤဆွမ်းကပ်ပွဲကို ကိုရင်တစ်ဦး ကြီးကြပ်ရသည်။ ယနေ့ဆွမ်းကပ်ပွဲ၌ ကိုရင်ကျပ်ခိုးစွဲ အကြီး အမှူးပြု၏။

ဆွမ်းကပ်ပြီးသော ဘုရားဆွမ်းတော်တင် လင်ပန်းကို အပြေးလုယူကြသည်။ သို့သော် ဤလင်ပန်းကို မည်သူစွန့်ရမည် မှာ ယနေ့ကိုရင်ကျပ်ခိုးစွဲ ဆုံးဖြတ်ရမည်၊ အချိန်းအချက် ရှိ သည့်အတိုင်း ကိုရင်ကျပ်ခိုးစွဲသည် လင်ပန်းကို ကျွန်တော့်အား ပေးသည်၊ ကျန်ကျောင်းသားများက ကြေးစည်နှင့် သရေစည် ဆီသို့ ပြေး၍ လုကြပြန်သည်။

ကြေးစည်မှာ အဝိုင်းဖြစ်၍ ငရုတ်ကျည်ပွေ့ တုတ်တိုနှင့် ထုရသည်၊ တစ်လံခန့် ရှည်သော စည်ကြီးကိုမူ ထိပ်၌ ဖုထုံး ပါသော သင်္ကန်းစုပ်နှင့် လွှဲ၍ လွှဲ၍ ထုရသည်။

ကြေးစည်ထုသမားက "နောင်…နောင်…နောင်…" ဟု သုံးချက်ထုသည်၊ စည်တီးသမားက သင်္ကန်းဖုထုံးကို လွှဲကာ မည်းချက်အလိုက် "ဒိုင်း" ကနဲထုသည်၊ ထိုအခါ "နောင်…ဒိုင်း" ဟူသော အသံတို့ တစ်ရွာလုံး ကြားကြသည်။ ဤအသံများ ကို ပြုရခြင်းကို ကျွန်တော်တို့ကျောင်းသားများ အလွန်ပျော် သည်။ ထို့ကြောင့် ကြေးစည်ထုကျည်ပွေ့နှင့် စည်တီးသင်္ကန်းစကို လုကြရသည်။

ယနေ့တွင်မူ ကျွန်တော်သည် ဘုရားဆွမ်းတော်တင် လင်ပန်းရခဲ့၍ "နောင်…ဒိုင်း…" ထုရန် အမှုမထားတော့ဘဲ မီးဖိုချောင်ဆီ ဆင်းခဲ့သည်၊ ရန်လုံနှင့် အောင်နက်အမှူး ပြုသော ခွေးတို့ သွားရေတများများ ကြည့်နေခိုက် ကျွန်တော်သည်



ဆွမ်းတော်ပွဲမှ ကြက်သားဝက်သားဟင်းတို့ကို ထမင်းနှင့်နယ်၍ မြိန်ရေရှက်ရေ စားသည်၊ ဟလဝါနှင့် နနွင်းမကင်းတို့ကိုလည်း အသင့်ယူလာသော အင်ဖက်နှင့်ထုပ်၍ အိတ်ထဲထည့်သည်။

ဘုရားဆွမ်းတော်တင်စားလျှင် ဉာဏ်တိုင်းဆွံ့အ, တတ် သည်ဟု စာမတတ်သူတို့က ယုံကြည်သည်။ သဂြိုဟ်တတ်သော ကျွန်တော်တို့ကမူ ဗုဒ္ဓဘုရားရှင်ထက် မြင့်မြတ်သူသည် ဤ လောက၌မရှိ ထို့ကြောင့် ဘုရားဆွမ်းတော်တင်စား၍ ဘုန်းမနိမ့် သည့်ပြင် ဘုန်းပိုကြီးမည်ဟု ယထာဘူတကျနစွာ ယုံကြည်၏။

ဆရာတော်သည် ဘုရားဆွမ်းတော်ပွဲမကျမီ ဆွမ်းဘုဉ်း ပေးရိုးထုံးစံမရှိသဖြင့် ဆွမ်းတော်ပွဲကျချိန်နှင့် ဘုန်းကြီးဆွမ်းစား ချိန်သည် အချိန်အတန်ကွာလှမ်းသည်၊ ထို့ကြောင့် ကိုရင်ကျပ်ခိုး စွဲ ကျွန်တော့်အား လာတွေ့သည်။

"ဟေ့ကောင်သန့်ဇင်… ငါ့မှာလိုက်တာကော…"

ကျွန်တော်သည် ခါးကြားမှ ဗန့်ပွေးဖက် ဆေးလိပ် သုံးလိပ်ကို ထုတ်ယူသည်။

"ကိုရင်နှစ်လိပ်ယူပေါ့ဗျာ၊ ကျန်တစ်လိပ်ကတော့ ကျုပ် ဖို့၊ အမှန်ကို ရိုးသားစွာဝန်ခံရလျှင် ထိုအချိန်ကစ၍ ကျွန်တော် သည် ဆေးလိပ်ကို နှာခေါင်းမှ အငွေ့ထွက်ရုံသောက်တတ်သည် မက အဆုတ်ရောက်အောင် ရှိုက်၍ရှိုက်၍ သောက်တတ်နေပြီ၊ ဤတွင်လော မကသေး၊ ကွမ်းရာဆေးကြီးကိုလည်း ပါးစောင်နှင့် သွားကြားညှပ်ကာ ငုံတတ်ခဲ့ပြီ။

ကိုရင်ကျပ်ခိုးစွဲက "အေးပါ…အေးပါကွာ" ဟု ဆို၍ ဖြူဖတ်ဖြူရော်ရှိအပ်သည့် ဗန့်ပွေးဖက် နှစ်လိပ်ကို လှမ်းယူ သည်။ ထိုနောက်လေသံတိုးတိုးဖြင့် ကျွန်တော့်အား လျှို့ဝှက် သတင်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းမနက်က မယဉ်နွယ်နဲ့ စကားပြောတာ လောစ်ရော၊ သာခွေးရော၊ ငါရောမြင်တယ်၊ အဲဒါ သာခွေးက သူ့နှမနဲ့ စကားပြောရမလားဆိုပြီး မင်းကို ဓားကြိမ်းကြိမ်းနေတယ်..."

"သာခွေးကို ကျုပ်မမှုပါဘူးဗျာ..."

"အေးလေ...ငါက သတိပေးတာပါ...၊ မင်းမမှုတာတော့ ငါအသိသားပေါ့"

ကိုရင်ကျပ်ခိုးစွဲသည် ဤမျှလာပြော၍ ဆွမ်းစားရန် အပေါ်ထပ်သို့ တက်သွားသည်။

ဘုရားဆွမ်းတော်တင်ပွဲကို အ၀အုပ်ခဲ့၍ ၀မ်းပြည့်နေပြီဖြစ်သဖြင့် ကျောင်းမြောက်ဘက် သရက်တောဆီသို့ ထွက်ခဲ့၏။

ဤသရက်ကောအရိပ်၌ ဘယ်ခေတ်က ဆောက်လာခဲ့သည်မသိ၊ ပြိုချင်တိုင်းပြို၍ ပျက်ချင်တိုင်းပျက်နေသော ကျောင်းအိုကြီးတစ်ခုရှိသည်။

ဤခမ်းနား စုတ်ပြတ်လှစွာသော ရိပ် သာ ကြီး ကား ကျွန်တော်၏ ချစ်လှစွာသော ဦးလေးပု (ဝါ)အရူးကြီးကိုပုစံရာ နန်းမဟာကြီးတည်း။

လှေကားထစ်သုံးထစ် ပြုတ်နေသော ဆွေးမြည့်သည့် လှေကားမှ ကျွန်တော်တက်ခဲ့သည်။

အရောင်အသွေးမပေါ်ဘဲ ခြကိုက်ရာ ကနုတ်ပန်းဆင် အပ်သော သေတ္တာတစ်ခုအေား၌ ဦးလေးပုသည် သူအနှစ်သက်ဆုံးသော အာဟာရတို့အား မှီ၀ဲသုံးဆောင်နေ၏။

ဦးလေးပု၏ လက်တွင်း၌ မမှည့် တမှည့် ဥသျှစ်သီးတစ်လုံးရှိသည်။ ကျွန်တော့်ကို မြင်သော် ဦးလေးပုသည် ၀မ်းသာအားရ ဆီးကြို၏။ ဆီးကြိုပြီးသော ဦးလေးပု၏ သွားများသည်



ဖြူစင်ဝင်းလက်နေသည်၊ ဦးလေးပုကို ရူးသည်ဟု တစ်ရွာလုံးက ခေါ်သော်လည်း ဦးလေးပုသည် တမာရိုးဖြင့် သူ့သွားများကို ထမင်းအိုးတစ်တည်ခန့် တိုက်သည်။

ဦးလေးပု၏ ရှည်နေသော ကတုံးဆံတောက် တန်ဆာဆင်သည့် နောက်စေ့၌ သွေးညိုညိုတို့ ခြောက်ကပ်နေသည်၊ နဖူးထောင့်၌လည်း သွေးခြောက်ဥသော ဒဏ်ရာတစ်ခုရှိသည်။ ကျွန်တော်သည် ပုပန်စိုးရိမ်စွာဖြင့် မေးသည်။

"ဦးလေးပု ဆွမ်းစားချိန်မလာလို့ ကျွန်တော်ပူလို့ လိုက်လာတာ ၊ အို... ဦးလေးပုမှာ... ဒဏ်ရာတွေနဲ့ ဘယ်ကရလာတာလဲ..."

ဦးလေးပုသည် ကျွန်တော့်အား မျက်စောင်းထိုးကြည့်သည်။

"နင်ကျောက်ခဲနဲ့ ဆော်သွားလို့ ရခဲ့တဲ့ ဒဏ်ရာတွေပေါ့၊ ငါက နင်တို့ကို အကောင်းနှတ်ဆက်တာ"

ဤအခါမှ ကျွန်တော် သဘောပေါက်သည်။ မနေ့က မယဉ်နွယ်နှင့် ကျွန်တော်ကြားခဲ့သော အသံမှာ ဦးလေးပု၏ အသံသာတည်း...။

"ဒါဖြင့် မနေ့က မယဉ်နွယ်နဲ့ ကျွန်တော့်ကို လှန့်တာ ဦးလေးပု အသံပေါ့..."

ဦးလေးပုသည် အစေးထွ အပူပြင်းသော ဥသျှစ်စေ့များကို စိတ်ရှည်လက်ရှည် ဖယ်ရှားနေရာမှ ကျွန်တော့်အား မော့ကြည့်သည်။

မနေ့က အချိန်မရောက်မိမဲ့တဲ့ ဥသျှစ်သီးနှစ်လုံး ငါရထားတယ်၊ နင်နဲ့နင့်သောက်ကောင်မလေး တွေ့တော့ ငါက ဥသျှစ်သီးပေးမလို့နှတ်ဆက်တာ၊ နင်က ငါ့ကိုခဲနဲ့ထု သွားတယ်..."

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးပုသည် ဘာမျှဆက်မပြောဘဲ မုတ်ဆိတ်မွေးများ ခြံရံအပ်သော သူ့ပါးစပ်တွင်းသို့ ဥသျှစ်အဆံမှည့်များကို တစ်ဆန်ပြီး တစ်ဆန်သွင်းနေသည်။

“ဦးလေးပုက အလန့်တကြား လုပ်တာကို ကျွန်တော် မကြောက်ပေမဲ့ မယဉ်နွယ်က ကြောက်တတ်တယ်ဗျ”

ဦးလေးပုသည် ဖျတ်ခနဲမော်ကြည့်၍ မေး၏။

“မင်းကောင်မလေးက ဥသျှစ်သီးစားဖူးသလား...”

“ဘယ်သိမလဲဗျ”

ဦးလေးပုသည် သူ့သေတ္တာတွင်းမှ ဥသျှစ်သီးနှစ်လုံးကို ပစ်ပေးလိုက်သည်။

“ငါ့လူ တစ်လုံးမင်းစား၊ တစ်လုံးကို မင်းကောင်မလေး ပေးလိုက်၊ မင်းကိုငါပြောတဲ့ပုံမှတ်မိလား...”

“ကျုပ်မှတ်မိပါတယ်ဗျာ”

သို့သော် ဦးလေးပုက မကျေနပ်၊ သူပြောချင်တာသာ ဆွတ်ပြောနေ၏။

“သေသေချာချာ မှတ်ထား၊ မင်းကောင်မလေးကို သေသေချာချာပြောပြလိုက်”

“ဟိုး...ရှေးရှေးတုန်းက ဘယ်တိုင်းပြည်လည်းတော့ မသိဘူး။ အဲဒီတိုင်းပြည်မှာ “ချီးအလုပြိုင်ပွဲ” ကျင်းပတယ်၊ အဲဒီတော့ သူဌေးသားက ချီးလုအောင်ဆိုပြီး ဝက်သားတို့ ဘဲသားတို့ ဆိုတဲ့ အပုပ်စာတွေချည်းပဲ စားသွားတယ်၊ ဓာတ်လိုက် မင်းသားကလေးကတော့ ဆင်းရဲသားကိုး သူက ဘာမျှမစားနိုင်ဘူး၊ အဲဒီတော့...သူတတ်နိုင်တဲ့ ဥသျှစ်သီးတွေပဲစားသွားတာ



ပေါ့ မင်းယုံသလား လယ်ကွင်းထဲမှာ မကျှပ်ထိုးပြီး ရှင်ဘုရင်ကိုယ်တိုင်ဆိုင်းတော်တွေနဲ့ ဗေထိဗေထိ လုပ်နေတယ်၊ အဲဒီတော့ သူဌေးသားက အားရပါးရချီးပါပြတာပေါ့၊ သောက်ကျိုးနဲ့ကွာ ပုပ်လိုက်တဲ့ချီး အရောင်ကလည်း မည်းနေတယ်၊ ငါ့လန္ဒီး ဘဲတို့ ဝက်တို့ ဆိုတာ အပုပ်တွေပဲကွ အဲ...”

ဦလေးပုသည် သူ့ဥသျှစ်သီးကို တစ်ကော်နိုက်စား၏။ နောက်မှ သူ့ပုံကို ဆက်ပြန်၏။

“အဲ...ငါတို့ မင်းသားကလေးကတော့ နောက်ဆုံးမှ ပြိုင်သတဲ့ကွ၊ ဒါပေမဲ့ သူယိုလိုက်တဲ့ ချီးက ဘုရင်မင်းတရားကြီးရဲ့ သရဖူက ရွှေထက်တောင် ဝင်းပြီးမှည့်နေတာတဲ့၊ မင်းသားလေး ပြိုင်ပွဲနိုင်တာပေါ့ကွာ၊ ဒီတော့ ဥသျှစ်သီးစားလကွာ၊ မင်းကောင်မလေးကိုလည်း တစ်ခုပေးလိုက် ငါပြောတဲ့ပုံလည်း သူ့ပြောလိုက်ဦး”

ကျွန်တော်သည် ဦးလေးပုပေးသော ဥသျှစ်သီးနှစ်လုံးကို ကိုင်လျက် ဘာပြန်ပြောရမှန်းမသိ၊ ထို့နောက်မှ သတိရ၍ မေးရသည်။

“ဦးလေးပု ကျုပ်ကို ဗိုလ်စာသင်ပေးမလား”

ဦလေးပုသည် မျက်မှောင်ကြုတ်၍ ကျွန်တော့်အား ကြည့်သည်၊ ထို့နောက် ခန့်ညားတည်ကြည်စွာမေးသည်။

“မင်း တကယ်သင်ချင်လို့လား...”

“တကယ်သင်ချင်တာပေါ့ဗျာ”

ဦးလေးပုသည် အခြားသော ခြစားထားသည့် သေတ္တာကြီး ဆီပြေးသွားသည်၊ ထို့နောက် ဟောင်းနွမ်းနေသော အင်္ကျီပဲသတင်း

www.burmeseclassic.com

www.burmeseclassic.com



စာနှစ်စောင် ထုတ်ယူလာခဲ့သည်၊ ထို့နောက် ကျွန်တော့်အား သေသေချာချာ တရားဟောတော့၏။

"မင်းတို့က အင်္ဂလိပ်လို့သာ ခေါ်နေ အမှန်က "**ဗျစ်တစ်ရှုပ်**"လို့ ခေါ်တယ်၊ ဗျစ်တစ်ရှုပ်အင်ပါယာက နေမဝင်ဘူး၊ နေမဝင်တယ်ဆိုတာ မင်း နားလည်လား၊ အေးလေ... မင်း နားလည်မှာ မဟုတ်ပါဘူး၊ မှတ်ထားကွ၊ ကမ္ဘာကြီးဆိုတာ လုံးလုံးကြီး၊ နေဆိုတာလည်း ဘယ်ကစဝင်ပြီး ဘယ်ကထွက်မှန်း မသိဘူး၊ ဘဲဥအစရှာမတွေ့သလိုပေါ့ကွာ၊ မင်းခွေးမသားဂျပန်တွေက ချီးအိုး သေးအိုးနဲ့ ထမင်းထည့်စားတဲ့ အကောင်တွေ၊ ဒီကောင်တွေ ဗျစ်တစ်ရှုပ် အင်ပါယာကြီးကို ဘယ်တော့မှမနိုင်ဘူး"

ဦးလေးပုသည် ရုတ်ခြည်း သတိရလာဟန် လေသံတိုးသွားသည်။

"ဟော့ကောင်လေး...မင်း ငါအခုပြောတာတွေ လျှောက်တော့ မပြောနဲ့၊ ဂျပန်ကင်ပေတိုင်က ငါ့လက်သည်းနှာပြီးပြီ၊ ဒီတော့ မင်းမှတ်ထားဖို့က ဗျစ်တစ်ရှုပ် အင်ပါယာ ဆိုတာက အကြီးကြီးနားလည်လား"

ကျွန်တော်သည် ဦလေးပုအား အကယ်ပင် နားမလည်စွာ ကြည့်သည်၊ ဦးလေးပုပြော၍ ဗြိတိသျှဆိုတာ အင်္ဂလိပ်ဟု နားလည်သည်၊ အင်ပါယာဆိုတာက ဘာနည်း။

"ဗြိတိသျှဆိုတာက ကုလားဖြူပဲ ကျုပ်နားလည်ပြီ"

"အင်ကြင်း...အဲလေ...အင်းဘာ..."

"အင်ပါယာ...၊ အင်ပါယာ"

"အဲဒါကြီးက ဘာလဲ"

"အင်ပါယာဆိုတာ..."



ဦးလေးပုသည် ခေါင်းကုတ်ခဉ်းစားသည်၊ အတန်ကြာစဉ်းစားနေပြီးမှ သေတ္တာတွင်းမှ ဥသျှစ်သီးတစ်လုံးကို ထပ်ထုတ်သည်၊ ဥသျှစ်သီးကို ကြမ်းကို ရိုက်ခွဲရင်း ဖြေသည်။

"အင်ပါယာဆိုတာ... အဲ အင်ပါယာပေါ့ကွ"

ဦးလေးပုသည် သူ့အဖြေကို သူ လုံလောက်သည်ထင်ဟန်ရှိ၏။ ကြမ်းၥ်ဆောင့်၍ ကွဲအက်ခဲ့သည့် ဥသျှစ်သီးအခွံများကိုသာ တစ်ခုပြီးတစ်ခုခွာနေသည်။ ဆက်၍မဖြေ။

ဦးလေးပုသည် တစ်ကြိမ်က ကျွန်တော်တို့နယ်၌ သစ်တောဒီဝီဇံများကို ကြည့်ရှုရသော နယ်တောအုပ်ကြီး ဖြစ်ခဲ့ဖူး၏။ ဦးလေးပုသည် ဗိုလ်ကျောင်းမှ ဆယ်တန်းအောင်သည်ဆို၏။ ကျွန်တော်တို့နယ်တွင် တောအုပ်ကြီးလုပ်ရင်း တောလန့်၍ ရူးသွားသည် ဆိုကြသည်။

ယခုဦးလေးပုသည် ဤကျောင်းပုက်ကြီးကို အေးချမ်းစွာ အပိုင်စားနေ၏။ ဦးလေးပု၌ အလွန်ကျေပွန်သော ဝတ္တရားတစ်ခု ရှိခဲ့ဖူးသည်။

ကျွန်တော်တို့ရွာနှင့်ပေါင်းတလည်မြို့သည် (၇)မိုင်ကျော်ဝေးသည်။ ဤခရီးကို ဦးလေးပုသည် နေ့စဉ်မှန်စွာ အသွားအပြန် လျှောက်လေ့ရှိသည်။ ပေါင်းတလည်မြို့၏ ကြံသကာနှင့်ဖျော်သော လက်ဖက်ရည်ဆိုင်တို့၌ ထိုင်ရင်း သူ့သတင်းစာဟောင်းများကို ထုတ်ဖတ်ကာ ဗြိတိသျှအင်ပါယာကြီး ကြီးကျယ်ကြောင်း အော်ကျယ် အော်ကျယ် ပြောလေ့ရှိ၏။ အမြတ်ကား...ဂျပန်ကင်ပေတိုင်တို့ ဦးလေးပုအား ဖမ်း၍ အချုပ်တွင်း၌ (၇)ရက်ထားသည်။ ရွာသို့ ဦးလေးပုပြန်လာသောအခါ ခြေသည်းလက်သည်းတို့ မပါတော့...။ သူ့ဗြိတိသျှအင်ပါယာကြီးအကြောင်းလည်း မပြော

www.burmeseclassic.com

www.burmeseclassic.com



တော့။ ဤသည်တို့အစား တောမြောင်ချောက်ကြားတို့ကိုလည်ပတ်၍ ဥသျှစ်သီးကိုသာ ရှာတော့သည်။

"ဦးလေးပု ဥသျှစ်သီးကိုလည်း ကျွန်တော်စားပါမယ်၊ မယဉ်နွယ်ကိုလည်းပေးပါမယ်၊ ကျွန်တော့်ကိုလည်း ဗိုလ်စာသင်ပေးဦးပေါ့ဗျာ..."

"မင်းက ဘာလို့ ဗိုလ်စာသင်ချင်ရတာလဲ"

"ကျုပ်...သူကြီးဖြစ်ချင်လို့ဗျ..."

"သူကြီးဖြစ်ချင်ရင်...သူကြီးသမီးယူပေါ့ကွ၊ ဟား...ဟားမင်း ဗြိတိသျှအင်ပါယာကြီးအကြောင်း သူတကာ လျှောက်မပြောရင်တော့ ငါ ဗိုလ်စာသင်ပေးမယ်ပေါ့ကွာ"

ဤသို့ဖြင့် ဦးလေးပုနှင့် ကျွန်တော်သည် နားလည်မှုယူကာ သူပိုင်ရာကျောင်းပျက်မှ ဥသျှစ်သီးနှစ်လုံးကို ကိုင်၍ကျွန်တော်ဆင်းခဲ့သည်။ ကျောင်းပျက်မှ အတော်ဝေးဝေးရောက်သောအခါ ကျွန်တော်သည် ပထမဦးဆုံးတွေ့ရသော ချုံပုတ်များအတွင်းသို့ ဥသျှစ်သီးများကို လွှင့်ပစ်သည်။ ကျိုကျိုစွဲစွဲ ပြောင်ပြောင် လက်လက်အစေးတို့ဖြင့် ပြူးကြောင်ကြောင်အစေ့တို့ရှိအပ်သော ဤပုပြင်းသည့် ဥသျှစ်သီးကို ကျွန်တော်မမက်မောကျွန်တော်မမက်မောလျှင် မယဉ်နွယ်အတွက်မက်ရန် သာ၍ဝေးသည်။

ဆွမ်းစားပြီးချိန်၌ တစ်နာရီခန့် ကျွန်တော်တို့အားသည်။

ကျွန်တော်တို့ ကျောင်းသင်ရိုးအရ နံနက်ပိုင်း၌ မင်္ဂလသုတ်၊အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နာမကာယ၊ ပရိတ်ကြီးစသည်တို့ကို သင်သည်။ နေ့ခင်းတစ်နာရီကျော်မှစ၍ 'လက်ရေးလှ' စာသင်ရ၏၊ လက်ရေးလှဆိုသည်မှာ လောကီစာဖြစ်သည်။ လက်ရေးလှလှဖြင့် လိုက်ကူးရ၏။



ဦးလေးပုထံမှ ကျွန်တော်ပြန်လာသောအခါ စက်နာရီ-၁ နာရီထိုးနေသည်။

ထို့ကြောင့် ကျကျနနခေါ်ပြီးသော ကျွန်တော့်သင်ပုန်းကိုယူလျက် တောင်ကျောင်းလေးအောက်ထပ်သို့ ကျွန်တော်ထွက်ခဲ့သည်။ ကျောင်းသားအားလုံးလည်း စုံနေပြီ။ ဦးဇင်း ဦးကောဝိဒသည် ကျွန်တော်တို့သင်ပုန်းများထက်၌ အလွန်လှသော လက်ရေးများဖြင့် ကံကူဆံကို သုံးကာရေးပေးသည်။ သူဘာစာရေးပေးသည်မှာ ကျွန်တော်တို့၏ ပညာအဆင့်အတန်းအလိုက်ဖြစ်သည်။

ဦးဇင်းရေးပေးပြီးသောအခါ ကျွန်တော်တို့က ဦးဇင်းကိုဦးသုံးကြိမ်ချရှိခိုး၍ နားထောင်ရသည်။ ဦးဇင်းက စိတ်ရှည်လက်ရှည် ရေးထားသောစာကို သုံးကြိမ်တိတိချပေးသည်။ ကျွန်တော်တို့က လက်အုပ်ချီရင်းလိုက်အံရသည်။ မှန်မှန်ကန်ကန် မအံနိုင်သော် ဦးဇင်းသည် ဖနောင့်နှင့်ပေါက်တတ်၏။ ဦးဇင်းကျေနပ်မှကျွန်တော်တို့အားလုံး အပေါ်ထပ်သို့တက်၍ ကြမ်းပြင်တွင်သင်ပုန်းများကို ချလျက် ပုဆစ်တုပ်မှောက်ဝပ်ရင်း အသံကုန်ဖြဲ၍စာကို ကျေအောင်အံကြရသည်။

ဦးဇင်းသည် ထိုအခါမျိုး၌ ပက်လက်ကုလားထိုင်တစ်လုံးထက် လဲလျောင်းကာ ကြိမ်လုံးတစ်လုံးကို လက်လှမ်းတစ်မီ၌ထား၍ ဒဂုန်မဂ္ဂဇင်းအဟောင်းကြီးတစ်ခုကို ဖတ်ရင်း စံပယ်နေတတ်၏။

ကျောင်းသားများက တစ်ယောက်တစ်ပေါက်နှင့် ကိုယ့်စာကိုယ်ဆွဲဆွဲငင်ငင်အံကြရသည်။ ထမင်းစားပြီးစ ဖြစ်၍ အားလုံးက အိပ်ချင်နေကြသည်။ အိပ်ချင်သော်လည်း ဦးဇင်းကြိမ်တုတ်ကို ကြောက်၍ ငိုက်ငိုက်ညည်းညည်းဖြင့် အံတော့အံကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်ယာဘက်၌ အိပ်ချင်မူးတူးနှင့် နက်ကျော သည် စာကိုကုန်း၍ အံ့နေသည်။

"ပါးစပ်ကဝင်သွားမိလျှင် ကိုယ်တွင်ဘေးကြီးရ. ."

သူ့ဘေးမှသောင်းဟန်ကြီးသည် သူ့အတွက် စာကို သူရွတ်၏။

"ရွှက်ရင့်ကြွေပြောင်း တပေါင်း တန်ခူး ရှင်မြူး ပစ္စုန် လ,ကဆုန် နေတုံမရွှိမ..."

သူ့ဘေးမှ တိမ်တစ်လုံးသည် တစ်ခုတည်းသော အသုံးပြု၍ ရသော မျက်လုံးကို မှေးလျက် သူ့အပိုဒ်သူရွတ်သည်။

"ဗေဒင်စကား နတ် နဂါး ခေါင်းထားမှတ်ကုန်ကြ"

"သူတို့ရွတ်နေသည်ကို သာမန်လူတို့တော့ နားမလည်နိုင်။ အမှန်ကား နဂါးခေါင်းလှည့်ခြင်း လင်္ကာကို ရွတ်နေကြခြင်း ပေတည်း။

သူတို့ထက်မြင့်သော ကျွန်တော်ကမူ ဆရာတော်ဦးဗုဓ်၏ ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာသရုပ်ခွဲ ရကန်ကို ရွတ်ရသည်။

"ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာယူနည်းမှာ မှုကျမ်းလာ လို့ မှတ်လေ၊ အနောဓိသပုဂ္ဂလသည် ပဥ္စငါးယောက်နေရှင့်၊ ထူးတစ်ထွေရည်မှတ်သား၊ ဩဓိသမှာ၊ ပုဂ္ဂလာသည်၊ မှန်စွာ (၇)ပါးတည်း..."

ဤသို့လျှင် တစ်ယောက်တစ်ပေါက်နှင့် ကျွန်တော်တို့က အိပ်ငိုက်ရင်းရွတ်ကြသည်။ မော်ဆရာမှတ်တမ်းနှင့် မိုးနက်၏စွန့် စားခန်းများကို မြိန်ရေရှက်ရေ ဖတ်နေသော ဦးဇင်းသည် သူ့ဟာသူမိန်းမောနေ၏။ ထိုအခါ ကျွန်တော်တို့ကလည်း ငိုက်ကြ သည်။



ကျွန်တော်တို့ အသံများကျဲ၍ ဝေါဝေါဝုံဝုံ မြည်သံစုံသော အခါ ဦးဇင်းသည် ဒဂုန်မဂ္ဂဇင်းကို ဘေးချ၍ အနီးမှကြိမ်လုံး ဖြင့် ကြမ်းပြင်ကို တဖြန်းဖြန်းချသည်၊ နက်ကျောသည် ထိုအခါ ထိပ်ဆုံးမှ အသံကုန်ဟစ်သည်။

"ပါးစပ်က ဝင်သွားမိလျှင် ကိုယ်တွင်ဘေးကြီးရ..."

သောင်းဟန်ကြီးကလည်း ထိတ်လန့်တကြားအော်သည်။

"ရွှက်ရင့်ကြွေပြောင်း တပေါင်း တန်ခူး ရှင်မြူးပစ္စုန်၊ လကဆုန် နေတုံမရွှိမ"

တိမ်တစ်လုံးသည် တစ်ခုတည်းသော မျက်လုံးကို ဖြဲ၍ တွန်းအော်သည်။

"ဗေဒင်စကား၊ နတ်နဂါး၊ ခေါင်းထားမှတ်ကုန်ကြ"

ဤသို့ဖြင့် ဦးဇင်းက ကြမ်းကို ကြိမ်နှင့် ရိုက်လိုက် ကျွန်တော်တို့က သံကုန်ဟစ်လိုက် ဦးဇင်းက ဒဂုန်မဂ္ဂဇင်းပြန် ဖတ်လိုက်၊ ကျွန်တော်တို့က အိပ်ငိုက်လိုက် ဦးဇင်းက ကြမ်းကို ကြိမ်နှင့်ရိုက်လိုက် ကျွန်တော်တို့က သံကုန်ဟစ်လိုက်နှင့် တစ်နာရီ ဆိုသောအချိန်သည် ချောင်ချောင်လည်လည်ကုန်ဆုံးသွားသည်။

တစ်နာရီပြည့်သော် ကျွန်တော်တို့ ကျက်ထားသော စာအား ဦးဇင်းရှေ့ ဦးချရှိခိုးလျက် ပြန်အံ့ပြရသည်၊ မအံ့နိုင်သူတို့ တဖြန်းဖြန်းအချခံရစဉ် အံ့နိုင်သူတို့ ပျော်တပြုံးပြုံးဖြင့် သင်ပုန်း ကို ပိုက်ကာ မီးဖိုချောင်ကို ထွက်လာခဲ့ကြသည်။

အကြောင်းမှာ နောက်တစ်နာရီကြာလျှင် မပျက်သော ဝတ္တရားဖြစ်သည့် ရေခပ် ပန်းခူးသည် လာလိမ့်ဦးမည်။

ဤတစ်နာရီအတွင်း သင်ပုန်းကို ချေပြီးပါမှ နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နံနက် လောကုတ္တရာစာကူးရန် အစစအဆင်သင့် ဖြစ်နေမည်။

ကျွန်တော်သည် သင်ပုန်းကို ရေနှင့်ပက်၍ ထင်းမီးသွေးဖြင့် ပွတ်တိုက်လေသည်။ သင်ပုန်းစင်သွားသောအခါ ထမင်းပျော့ကို သင်ပုန်းထက်တင်၍ ထင်းမီးသွေးဖြင့် ထပ်တိုက်ရ၏။ သင်ပုန်းညက်ကျေမှ ခြောက်ရန်နေရာ၌ လှန်းရသည်။

ကျွန်တော် သင်ပုန်းချေဆဲ ကိုရင်သာခွေးသည် ဆိုက်ရောက်လာ၏။

"ဟော့ ကောင် သန့်ဇင် မနက်က မင်း ငါ့နှမ မယဉ်နွယ်နဲ့ ဘာစကားပြောတာလဲ"

"ကိုရင့်နှမနဲ့ ကျုပ်နဲ့ စကားပြောတာ ကိုရင်နဲ့ ဘာဆိုင်လို့လဲ..."

ဤသည်ကို ကိုရင်သာခွေးနှင့် အတူတူပါလာသော ကိုရင်လောစံက လက်ခုပ်လက်ဝါးတီး၍ ရယ်သည်။

"ဟား...ဟား...သာခွေးရာ နင့်နှမနဲ့ သူနဲ့ စကားပြောတာ နင်နဲ့မဆိုင်ဘူးတဲ့...ဟား...ဟ"

ဤသရော်ချက်ကြောင့် ဒေါထွက်ခဲ့သော ကိုရင်သာခွေးသည် သူ၏သင်းပိုင်ကြားမှ ဓားမြှောင်ကို ဆွဲထုတ်၍ ကျွန်တော့်အားချိန်သည်။

"ခွေးမသားလေး နင့်ကို ငါသတ်မယ်"

ကိုရင်သာခွေးသည် ရှေ့သို့တိုးလာခဲ့၏။ ကျွန်တော်က တောင်းပန်သည်။

"ကိုရင် ကျွန်တော့်မှာ ဘာအပြစ်မှမရှိဘူး..."



သို့သော်...ကိုရင်သည် "နင်လား အပြစ်မရှိတာ" ဟုဆိုရင်း ကျွန်တော့်အား ဓားမြှောင်ဖြင့် လှမ်းထိုးသည်။

ကြောက်လန့်တကြားဖြင့် ကျွန်တော်သည် ဘေးသို့ရှောင်လိုက်ပြီး သင်ပုန်းနှင့်လည်း ကိုရင့်ခေါင်းဆီသို့ ရိုက်ချလိုက်မိသည်။

ကိုရင်သာခွေးခေါင်း၌ သွေးတို့ ချင်းချင်းနီရဲ၍ မြေသို့ ခွေလဲကျသွား၏။ ကျွန်တော်ကြောင်နေခိုက် ကိုရင်လောစံသည် အပြင်ဘက်ထွက်ပြေး၍ ဟစ်သည်။

"ဆရာတော်ဘုရား...ဆရာတော်ဘုရား၊ သန့်ဇင်ပုန်ကန်နေပါသည်ဘုရား။ ကိုရင့်ကို သင်ပုန်းနှင့်ရိုက်ပါသည်ဘုရား..."

ဤအခါမှ ကျွန်တော်သည် မည်မျှ ကြီးကျယ်သော အမှုကို ပြုလုပ်မိမှန်းသိရတော့သည်။

ဘုရားအရှေတော်ဝတ် ကိုရင်ကို လက်ထိလက်ရောက်စော်ကားမိခဲ့လေပြီတည်း...။

ကျွန်တော်သည် ကိုရင့်အားဦးသုံးကြိမ်ချသည်၊ ထိုအခိုက်တွင်ပင် ကျောင်းသားများက ကျွန်တော့်အပေါ် ခုန်စီး၍ ဖမ်းချုပ်ကြသည်၊ ကျောင်းဝင်းတစ်ခုလုံး၌လည်း ကမ္ဘာပျက်တမျှ ဆူညံသွားသည်။ ကျောင်းသားနှင့် ကိုရင်တို့ ဝိုင်းချုပ်အပ်သော ကျွန်တော်သည် ဆရာတော်၏ ရှေ့မှောက်သို့ ရောက်ခဲ့ရသည်။

ဆရာတော်သည် ကြိမ်တုတ်ကိုင်၍ ကျွန်တော့်အားကြည့်သည်။

"သေနံ့ဇင် နင် ကိုရင့်ကို ဘာကြောင့်ရိုက်ရသလဲ"

ကျွန်တော်သည် ပြည့်ဝင်းသော ဆရာတော်၏ မျက်နှာသို့ မော်ကြည့်သည်၊ ဆရာတော်ကို ကျွန်တော် မလိမ်ရဲ...။

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် မှားပါတယ်ဘုရား...အရှင်ဘုရားဆုံးမသမျှခံပါ့မယ်..."

ဆရာတော်ဘုရားသည် ကျွန်တော့်အား တစ်ချက်ကြည့်၍ ငိုင်သွားသည်။ မည်သို့မျှ စကားဆက်မဆိုတော့ဘဲ ကြိမ်တုတ်ကို လွှတ်၍ ဘုရားခန်းဆီ ကြွသွားတော်မူသည်။

ဆရာတော်ချသွားသော ကြိမ်တုတ်ကို ဦးဇင်းက ကောက်ကိုင်သည်၊ ကျောင်းသားနှင့်ကိုရင်တို့က ကျွန်တော့်အား ဖိထားနိုက် ဦးဇင်းသည် အားကုန်လွှဲ၍ ကြိမ်ဖြင့် ကျွန်တော့်တင်ပါးကို ချသည်။

"တစ်ချက်- နှစ်ချက်-သုံးချက်-လေးချက်...ငါးချက် ...ခြောက်ချက်"

ကြိမ်ချက်များ မည်မျှကျသည်ကို ကျွန်တော်မသိ နာကျင်၍ လူးလိမ့်နေရသော ကိုယ်သည် မလှုပ်နိုင်အောင် ဖြစ်နေသည်။ မျက်လုံးများလည်း ပြာလာ၏။ ခဏ၌ပင် တစ်လောကလုံးသည် မှောင်အတိကျသွားတော့သည်။

မည်မျှအချိန်ကြာကြာမေ့သွားသည်ကို ကျွန်တော်မသိ ကျွန်တော်သတိရ၍ မျက်စိဖွင့်ကြည့်သောအခါ ကျွန်တော့်ပါးစပ်အတွင်းသို့ ရေစက်တို့ကျနေသည်၊ ရီဝေသော ကျွန်တော့်မျက်လုံးများ လင်းလျှင်လင်းခြင်း နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ဖြင့် တန်ဆာဆင်အပ်သော ဦးလေးပု၏ မျက်နှာကြီး ကျွန်တော်မြင်ရသည်။ ဦးလေးပုသည် ကျွန်တော့်ပါးစပ်အတွင်းသို့ ရေစက်များ ချပေးနေသည်။

ကျွန်တော့်အပေါ် စိုးမိုး၍ ရပ်နေသူ၏ မျက်နှာကိုလည်း ကျွန်တော်မြင်ရသည်။



ဤအခိုက်တွင်ပင် ကျွန်တော့်မျက်နှာထက်သို့ အေးမြသော ရေစက်တို့ ကျလာ၏။ ဤရေစက်တို့သည် ကျွန်တော့်ပါးစပ်ထက်သို့ မကျဘဲ အဘယ်ကြောင့် ပါးထက်သို့ ကျရသနည်း...။

သတိကောင်းစွာ လည်ခဲ့ပြီဖြစ်သော ကျွန်တော်သည် ဤရေစက်တို့ ကျရာဆီသို့ မော့ကြည့်မိသည်။

မျက်တောင်ကော့ တို့ဝယ် မျက်ရည်တို့ ခိုတွဲလျက် ဖြူဝင်း သော မယဉ်နွယ်၏ မျက်နှာလေးက ကျွန်တော့်ကို ငုံ့ကြည့်နေသည်။

ဪ...ကျွန်တော်ထင်ခဲ့သော ရေစက်တို့သည် မျက်ရည်သာတည်း...။ ဤမျက်ရည်တို့သည် အနှောတတ်ရေစင်သို့ ပမာအေးချမ်းပေသည်တကား...။

◆

(၄)

## ဗုန်းဆုတောင်းမှန်ချစ်သူအစ်

ဤသို့လျှင် မမျှော်လင့်သော နည်းဖြင့်ကိုးဆောင်တွဲဘုန်းကြီးကျောင်းမှထွက်ခဲ့ရသည်။ ကိုးဆောင်တွဲကျောင်းမှ မမျှော်လင့်သောနည်းဖြင့် ထွက်ခဲ့ရသကဲ့သို့ လောကဓာတ် ကျောင်းသို့ မမျှော်လင့်သောနည်းဖြင့် တက်ခဲ့ရပြန်သည်။

ကျွန်တော်သတိလစ်မေ့မြောသည့်တိုင် အရိုက်ခံရသော အခါ နှစ်ပေါင်းများစွာ ဆောင်းငုံ့သည်းခံချိုးနှိမ်ထားအပ်သော အဘ၏ ဒေါမာန်တို့ပြန်ပေါ်လာသည်။ ကျွန်တော်အိပ်ရာထမှ မထနိုင်သောရက်များအတွင်း ပါးကြောများတင်းလျက် ...မာသော မျက်နှာဖြင့် အဘသည် သူ့ငှက်ကြီးတောင် ...းကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဆ,ကာ ဆ,ကာ ကြည့်နေသည်ဆို၏။ အမသည် အဘလူသတ် လိမ့်ဦးတော့မည်ဟု တွေးတော ထိတ်လန့်နေခဲ့သည်။ အဘ တစ်ဦးတည်းသော သဘောအရဆိုလျှင် အမထင်သည့်အတိုင်း လူသတ်ချင် သတ်မိပေလိမ့်မည်။ ချောင်၌ ပိတ်မိနေသော ကျားသည် မိမိအား ညှဉ်းဆဲပုတ်ခတ်သည်ကို သည်းခံနိုင်ကောင်း ခံနိုင်မည်ဖြစ်လင့်ကစား ရင်သွေးသားကို ထိလျှင် မိရာကို အသေခဲမည်မှာ ဓမ္မတာတည်း။

အဘစိတ်ထိခိုက်မည်ဆိုလျှင်လည်း စိတ်ထိခိုက်လောက် သည်။ သတိပြန်လည်လာပြီးနောက် အရွယ်နှင့် မလိုက်အောင် ပြင်းထန်စွာခံခဲ့ရသော ကြိမ်ဒဏ်ကြောင့် ကျွန်တော် အပြင်း ဖျားခဲ့သည်။

"ငါ့သားသေရင် တစ်ရွာလုံးခုတ်သတ်မယ်"

အဖျားသွေးနှင့် သတိလစ်ရာမှ ရံဖန်ရံခါလန့်နိုးလာခိုက် အဘ၏ ကြောက်မက်ဖွယ် အော်ဟစ်ကြိမ်းဝါးသံကို ကျွန်တော် ကြားရသည်။

တစ်နေ့၌ အဖျားကျ၍ ကျွန်တော်အနည်းငယ်လန်းဆန်း နေ၏။ အဘသည် ကျွန်တော့်အနီးထိုင်လျက် ဤတစ်နွေကုန်၍ မိုးကျသော် ကျွန်တော့်အား လောကဓာတ်ကျောင်းထားမည်ဟု အားပေးချော့မော့နေသည်။

ဤသည်အခိုက် အောက်ထပ်မှ အမ၏ တားမြစ် တောင်းပန်သံကြားရသည်။

"ဟဲ့ သမီး...မတက်နဲ့ကွယ်၊ အမ စကား နားထောင်စမ်း ပါ၊ ပြန်ပါငယ်လေးရယ် ...ပြန်ပါ"

သို့ရာတွင် အိမ်လှေကားမှ တကျွဲကျွဲမြည်သံဖြင့် တစ်စုံတစ်ယောက် တက်လာကြောင်း ကျွန်တော်သိသည်။



အဘသည် ရုတ်တရက်ထိုင်ရာမှ ထလိုက်သည်။ ထ,စဉ် ငှက်ကြီးတောင်ဓားကိုလည်း ဆွဲယူပြီးဖြစ်နေသည်။

ဤမျှခက်ထန်သော ယောကျာ်းကြီးအား လှေကား ထိပ် ၌ ရပ်ရင်း ရင်ဆိုင်နေရသူမှာ နုနယ်ငယ်ရွယ်သူမိန်းကလေးတစ်ဦး သာတည်း...။

"မယဉ်နွယ်...မယဉ်နွယ်..."

သို့သော် ကျွန်တော်၏ခေါ်သံကို အဘ၏ ကျားဟိန်းသံ က လွှမ်းပစ်လိုက်သည်။

"ခွေးတိရစ္ဆာန်မလေး... နင်ဘာလာဂြိုဟ်မွှေပြန်တာလဲ"

" အဘ ... အဘ " ကျွန်တော်က လှမ်းခေါ်သည်။ အဘသည် ကျွန်တော့်ခေါ်သံကို ကြားဟန်မတူ။ မယဉ်နွယ်ကို သာ ဆက်ကြိမ်းသည်။

"နင့်အဖေက ငါ့အရာလုတယ်၊ နင်က ငါ့သားကို သေ အောင် ဂြိုဟ်မွှေတယ်ပေါ့...ဟုတ်လား၊ ငါ့အိမ်ပေါ်ကို အမျိုး ယုတ်တွေ မတက်ရဘူး၊ ဆင်း... အခုဆင်း"

မယဉ်နွယ်သည် အဘဓားကို တစ်လှည့်၊ အဘမျက်နှာကို တစ်လှည့်ကြည့်သည်။ ထို့နောက် အပြစ်ကင်း၍ အေးချမ်းလှသော အပြုံးဖြင့် အဘကို စကားဆိုရန် မော့ကြည့်သည်၊

"အဘရိုက်ရင် ကျွန်မ ခံပါ့မယ်၊ ဒါပေမဲ့...သန့်ဇင်ကို ကျွန်မ စကားပြောပါရစေ"

ကျွန်တော်သည် အိပ်ရာမှ လူးလဲထ၏။ အဘယ်ဆီက အားတို့ ကျွန်တော့်ကိုယ်တွင်းသို့ ဝင်လာမှန်းမသိ၊ အဘနှင့် မယဉ်နွယ်ကြားသို့ မည်သို့မည်ပုံရောက်သွားမှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



မယဉ်နွယ်ရှေ့မှ ကာဆီးရင်း အဘကို ကျွန်တော် တောင်းပန်ရန် ကြိုးစားသည်။ သို့သော်... အားနည်းလွန်းသဖြင့် ကျွန်တော် ခွေကျသွား၏။

မယဉ်နွယ်သည် ကျွန်တော့်အားလှမ်း၍ ပွေ့လိုက်ပြီး အဘကို အသနားခံစွာ မော့ကြည့်သည်။

အဘ၏တင်းမာသော မျက်နှာသည် လျော့ကျသွား၏။ လက်မှ ဓားကိုလည်း လွှတ်ချလိုက်သည်။ ထို့နောက် ကျွန်တော့်ကို ပွေ့ချီလျက် အိပ်ရာပေါ်ပြန်ချပေးပြီး အိမ်ပေါ်မှ ဆင်းသွားသည်။

ထိုအခါမှ မယဉ်နွယ်သည် သက်ပြင်းလေးချ၍ ကျွန်တော်အား လက်မောင်းတို့ကို ဆုပ်လျက် အပြုံးနှင့်အမဲ့ ရောသော မျက်နှာလေးနှင့် စကားဆိုသည်။

"သန့်ဇင်...နင်သိပ်နာနေသလား"

ကျွန်တော်က မနာဘူးဟု ဖြေချင်သည်။ သို့သော်...ဤသို့ဖြေလျှင် ကျွန်တော်ညာရာကျပေလိမ့်မည်။ ထို့ကြောင့် ဘာမှပြန် မဖြေဘဲငြိမ်နေရသည်။ ငြိမ်နေစဉ်လည်း ဘာကြောင့် မသိ ကျွန်တော့်မျက်လုံးတို့၌ မျက်ရည်များသည် အလိုလိုပြည့်လာသည်။ ထို့နောက်မှ အားတင်း၍ မယုတ်မလွန်ဖြေရသည်။

"နာတော့ နာတာပေါ့ မယဉ်နွယ်၊ ဒါပေမဲ့...သိပ်တော့ မနာလှပါဘူး"

မယဉ်နွယ်သည် သူ့မျက်နှာကို အပြုံးမပျက်စေဘဲဆက်၍ ပြောသည်။ အပြုံးသာမပျက်သော်လည်း မျက်ရည်တို့က ကျနေသည်။ ဤမျက်ရည်ဝိုင်းသော အပြုံးကို ကြည့်ရင်းကျွန်တော်သည် မယဉ်နွယ်ကို ငေးငိုင်ကြည့်မိသည်။ မယဉ်နွယ်၏အပြုံးသည် ကျွန်တော့်မိခင်အပြုံးနှင့်တူလှလေစွတကား။



"သန့်ဇင်...နင် ငါ့ကို စိတ်မနာဘူးလား..."

ကျွန်တော်သည် နားမလည်စွာ မယဉ်နွယ်အား မော့ကြည့်၏။

"နင့်ကို ငါ ဘာလို့စိတ်နာရမှာလဲ မယဉ်နွယ်..."

"နင် ငါ့ကို တကယ်စိတ်မနာဘူးလား၊ ဟို တစ်ခါ ငါ့ကြောင့်မို့ နင်အရိုက်ခံရပြီ၊ အခုတော့ အစ်ကို ကိုရင်သာခွေးကြောင့် နင်ခံရပြန်ပြီ၊ နင့်အဘပြောတာမှန်တယ်၊ ငါဟာ နင့်အတွက် ဂြိုဟ်ကောင်မလေးပါဟာ"

"မယဉ်နွယ် ဘာတွေ လျှောက်ပြောနေတာလဲ၊ နင် ဂြိုဟ်ကောင်မလေး မဟုတ်ပါဘူး၊ ဖြစ်ခြင်းဖြစ် ငါကသာ နင့်အတွက် ဂြိုဟ်ကောင်ဖြစ်မယ်"

"သန့်ဇင်ရာ...နင်ဒီလိုမပြောနဲ့၊ အေးလေ...တို့ နှစ်ယောက်စလုံး ဘယ်သူမှဂြိုဟ်ကောင်မဟုတ်ပါဘူး၊ နင့်အဖေကြီးနဲ့ ငါ့အဖေကြီးတွေသာ ဂြိုဟ်တွေပါဟာ..."

"မယဉ်နွယ်...အဲသလိုမပြောရဘူး၊ တော်တော်ကြာ နင်ရော ငါရော ပိတုဂါရကကံထိုက်နေအုံးမယ်"

မယဉ်နွယ်သည် ငိုင်သွားသည်။ ထို့နောက် တွေးတွေးခေါ်ခေါ်ဖြင့်မေးသည်။

"နင့်အဖေနဲ့ ငါ့အဖေဟာ ဘာကြောင့် ဒါလောက် မုန်းကြတာလဲ..."

ကျွန်တော်သည် ဘာဖြေရမှန်းမသိ။ သို့သော်...တစ်ခုခု ဖြေရန် ကြိုးစားသည်။ ကျွန်တော်ဖြေရန်မလို။ အဖြေသည် သူ့အလိုလို ပေါ်လာ၏။ အကြောင်းမှာ...

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်မှ ဆူညံဆူညံအသံများ ပေါ်လာသည်။

မယဉ်နွယ်သည် ကျွန်တော့်ဘေးမှ အပြေးကလေးထ၍ ငုံ့ကြည့်သည်။ ထို့နောက် ကျွန်တော့်အနီးသို့ ပြန်ပြေးလာ၍ ထိတ်လန့်တကြားဆိုသည်။

"သန့်ဇင်...ငါ့အဘလိုက်လာပြီ၊ ရော့...ရော့...အဲဒါလေး ယူထားလိုက်၊ နင်တို့ လောကဓာတ် ကျောင်းတက်"

ပြောပြောဆိုဆိုလျှင် မယဉ်နွယ်သည် ပြေးဆင်းပျောက်သွားသည်။ ကျွန်တော်လက်တွင်း၌မူ ရွှေသမှည့်သီး ဆွဲကြိုးလေး ကျန်နေခဲ့သည်။ ကျွန်တော်သည် ဆွဲကြိုးကို ခေါင်းအုံးစွပ် အောက် ထည့်လိုက်ပြီး အိမ်ရှေ့တံခါးပြင်သို့ လေးဖက်ထောက် ထွက်၍ လှမ်းငုံ့ကြည့်သည်။

ခြံဝ၌ သူကြီးဦးသာဇံကြီးသည် ဆယ်အိမ်ခေါင်းဦးချစ်တီး နှင့်အတူရပ်နေသည်။ ကိုချစ်တီးက သူကြီး၏ နှစ်လုံးပြူးကြီးကို ပခုံးထက် ထမ်းထားသည်။ ဤသူနှစ်ဦးကို ရင်ဆိုင်နေသူမှာ ဝါးလုံးပြတ်တစ်ချောင်းကို ကိုင်ထားသော ကျွန်တော့်အဘ ဖြစ်သည်။ ဤကမ္ဘာရန်သူကြီးနှစ်ဦးကြားသို့ မယဉ်နွယ်သည် ခပ်ကုပ်ကုပ်ကလေးဝင်သွားသည်။

ဦးသာဇံ၏ဒေါသသည် အဘထံမှ မယဉ်နွယ်ထံသို့ ပြောင်းသွား၏။

"သောက်ကန်းမလေး ...၊ ငါ့သောက်ရှက်ကို ခွဲတဲ့ သောက်ကန်းမလေး"

ဦးသာဇံသည် မယဉ်နွယ်၏ကုပ်ပိုးဆီ လက်လှဲ၍ ရိုက်လိုက်၏။



သို့သော်...သူကြီး၏လက်သည် မယဉ်နွယ်ဆီမရောက်။ တစ်စုံတစ်ယောက်က လှမ်းဆွဲလိုက်သည်။ သူကြီးလက်ကို ဖမ်းချုပ်ပြီး ရှေ့သို့ပေါ်လာသူမှာ ကိုအုန်းဖေဖြစ်သည်။

အဘရော သူကြီးပါ အလွန်အရပ်မြင့်သည်။ သို့သော် ဆရာကိုအုန်းဖေသည် သူကြီးနှင့် အဘထက် တစ်မိုက်ခန့် ပို၍ ရှည်သည်။ ကျွန်တော် ဆရာကိုအုန်းဖေကို မကြာခဏ တွေ့သည်။ တွေ့လေတိုင်း ဆရာကိုအုန်းဖေ ပြုံးသည်ကို တစ်ခါမှ မမြင်စဖူး။

ဆရာကိုအုန်းဖေ၏ နားထင်မှ မေးအထိ အရိုးသည် တည့်တည့်ကြီး ကျဆင်းနေ၏။ ပါးနှင့်မေးနှင့် ကြွက်သားကြီး များ ပေါ်ထင်နေ၍ အမြဲအံကြိတ်နေသည်ထင်ရ၏။ နဖူးကကျယ် သည်။ မျက်ခုံးက ပါး၏။ မှေးသော မျက်လုံးများသည် အစဉ် အရောင်တောက်စူးရှနေသည်။

ဤအရပ်အမောင်း ဤရုပ် ဤရည်တို့ဖြင့် ဆရာ ကိုအုန်းဖေသည် ဝါးလုံးပြတ်ကို ကိုင်သောအဘနှင့်နှစ်လုံးပြူးကိုင် ကိုယ်ရံတော်ပါသော သူကြီးကြား မားမားကြီးရပ်သည်။ ပထမ ဦးစွာ ဆရာကိုအုန်းဖေသည် ဆယ်အိမ်ခေါင်းကိုချစ်တီးအား အမိန့်ပေးသည်။

"ဟေ့ကောင် ချစ်တီး၊ မင်း သေနတ်ကြီး ငါ့ လက်ထဲ ပေးစမ်း..."

စပါးကြီးမြွေအညို့ခံရသော လူတစ်ဦးကဲ့သို့ ကြောင် ကြောင်ငိုင်ငိုင်ဖြင့် ကိုချစ်တီးသည် နှစ်လုံးပြူးကို ဆရာကိုအုန်းဖေ ၏ လက်သို့ထည့်လိုက်သည်။ ဆရာကိုအုန်းဖေသည် နှစ်လုံးပြူး ကို ယူ၍ မောင်းတင်ကာ ကျွန်တော်၏ခြံဝင်းထောင့် မန်ကျည်းပင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ နှစ်ဘောင့်ဆင့်၍ပစ်လိုက်၏။ မန်ကျည်းရွှမ်းပြင်းများ တဖွဲဖွဲ ကြွေကျလာသည်။ ထိုအခါကျမှ ဆရာကိုအုန်းဖေသည် နှစ်လုံးပြူးကို ကိုချစ်တီးအား ပြန်ပေးသည်။

"နှစ်လုံးပြူးဆိုတာ မန်ကျည်းသီးမှည့်ချွေဖို့ပဲ ကောင်းတယ်၊ အဲဒီတော့သူကြီး...ခင်ဗျားပြန်ဗျာ၊ ဦးလေးကလည်းခင်ဗျား တုတ်ကြီးလွှင့်ပစ်ဗျာ၊ ခင်ဗျားတို့ လူကြီးလုပ်နေပြီး မွေးကင်းစ ကလေးတွေလောက်တောင် အသုံးမကျဘူး..."

ထိုနောက် ဆရာကိုအုန်းဖေသည် မယဉ်နွယ်ဘက် လှည့်၍ အမိန့်ပေးသည်။

"မယဉ်နွယ် ငါ့အိမ်မှာ သွားစောင့်နေ၊ နင့်အဖေအိမ် မပြန်နဲ့ ကြားရဲ့လား၊ ကဲ...သူကြီးကလည်း ပြန်လေဗျာ"

မယဉ်နွယ်သည် ရှေ့က သွက်သွက်ကလေး ထွက်သွားသည်။ သူကြီးသည်လည်းကောင်း၊ ကျည်မရှိသော နှစ်လုံးပြူးအား ထမ်းလျက် ကိုချစ်တီးသည်လည်းကောင်း၊ အောင်မြင်စွာ ဆုတ်ခွာသွားကြသည်။ ထိုအခါမှ အဘသည်လည်း ဝါးလုံးပြတ်ကို လွှင့်ပစ်လိုက်သည်၊ ဆရာက အဘအား တည်ငြိမ်စွာဆိုသည်။

"ကဲ... ဦးလေး ကလေးကို ကျန်းမာအောင် ပြုစုနေကောင်းရင် ကျွန်တော့် ကျောင်းလွှတ်၊ ကျွန်တော်တာဝန်ခံပြီး ကလေးကို စာသင်ပေးမယ် နားလည်လား"

ဆရာကိုအုန်းဖေသည် အဘထံမှ အဖြေမစောင့်ဘဲမားမား မားမားနှင့် ထွက်ခွာသွားသည်။

ဤသို့ဖြင့် ကျွန်တော်နေကောင်းသောအခါ လောကဓာတ် ကျောင်းသားကြီး ဖြစ်နေသည်။



လောကဓာတ် ကျောင်းသား အရင်က ဖြစ်ချင်လွန်းလှသော်လည်း တကယ်ဖြစ်လာသော် မသက်သာ၊ ဆရာကိုအုန်းဖေ၏ လောကဓာတ်ကျောင်းမှာ တစ်တန်းမှ ခုနစ်တန်းအထိ သင်သည်၊ ကျွန်တော်သည် ဒေါင်းဖတ်စာနှင့် ဗုဒ္ဓဘာသာ သင်ခန်းစာများကို ကောင်းစွာလိုက်နိုင်သော်လည်း ဂဏန်းသင်္ချာနှင့် ပထဝီကို လုံးဝနားမလည်၊ ထို့ကြောင့် ဆရာကိုအုန်းဖေက ကျွန်တော့်ကို လေးတန်း၌ထားသည်၊ မယဉ်နွယ်ကမူခြောက်တန်း၌ တက်နေသည်။

"နောဇကနော"ကို ကျက်ခဲ့ဖူးသော ကျွန်တော်သည် တစ်တလီတစ်မှစ၍ ပြန်ကျက်သည်၊ အကြီးဆုံးသော ကုန်းပိုင်းကို တိုက်ဟုခေါ်သည်။ ရေပတ်လည်ဝိုင်းလျက်ရှိသော ကုန်းမြေကို ကျွန်းဟုခေါ်သည်။

...စသော ပထဝီဝင်ကိုလည်း သင်ရသည်။ သင်သည် ဆိုသည်မှာ ကျောင်း၌မဟုတ်၊ အိမ်၌ဖြစ်သည်၊ ဤစကားကို ကျွန်တော်ရှင်းရပါမည်။

ကျွန်တော်၏ အသက်အရွယ်အသိဉာဏ်၊ ပါဠိမြန်မာစာပေ နိုင်နင်းမှု၊ ဤအချက်များကြောင့်သာ ဆရာကိုအုန်းဖေသည် စတုတ္ထတန်း၌ ထားသော်လည်း သင်္ချာနှင့် ပထဝီတို့တွင် ကျွန်တော်သည် သူငယ်တန်းအဆင့်၌ရှိသည်၊ ဂဏန်းသင်္ချာ၌ စတုတ္ထတန်းသားများသည် ကျွန်တော်မတွေ့ဖူးသော အပိုင်းဂဏန်းများနှင့် ကျပ်– ပဲ–ပိုင်များသင်နေကြရသည်။ ဆယ်လီမူးကိုတော့ ကျွန်တော်နားလည်သည်၊ ကျပ်–ပဲ–ပိုင်ကိုတော့ နားမလည်၊ အပိုင်းဂဏန်းမဆိုတားနှင့် အမြှောက်အစားကို ကျွန်တော်သည်ဘာ မပေါက်သေး။

www.burmeseclassic.com

www.burmeseclassic.com



လေးတန်းပထဝီဝင်တွင် အိန္ဒိယပြည်အကြောင်း သင်နေသည်။ ကျွန်တော့်အတွက်မှာ မြန်မာပြည်မြေပုံနှင့် ကမ္ဘာလုံးဆိုတာကြီးကို ဤလောကဓာတ်ကျောင်းရောက်မှ မြင်ဖူးသည်။ ကျွန်တော့်ထက် တစ်ဆင့်နိမ့်သော သုံးတန်းကျောင်းသားများက လဏ္ဍီတွဒ်၊ လောင်ဂျီတွဒ်၊ အီကွေတာ၊ ဒက္ခိဏာယဉ်စွန်းတန်း၊ ဥတ္တရယဉ်စွန်းတန်း အစရှိသည်တို့ကို ရေရေလည်လည် ပြောနေကြချိန်၌ ကျွန်တော်က မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ ဩစတြေးလျားတိုက် စသည်တို့ကို လျှာတယားယား အသည်းတယားယားဖြင့် ကျက်နေရတုန်းပင် ဖြစ်တော့သည်။

ဆရာကိုအုန်းဖေသည် လူပျိုကြီးဖြစ်သည်၊ ဆရာသည် သူ့အစ်ကိုကိုအုန်းမောင်နှင့် မခင်သိန်းတို့အိမ်တွင်နေသည်။ မခင်သိန်းသည် ကိုအုန်းမောင်မယားဖြစ်၍ ဆရာ့မရီးဖြစ်သည်၊ ကိုအုန်းမောင်၏အလုပ်မှာ မြို့တက်အထည်ကုန်ကူးခြင်း ဖြစ်သည်။

ကျွန်တော်သည် ဤအိမ်၌လာနေရသည်။ ကျောင်းမတက်ခင် ဆရာ့အခန်းကို တံမြက်လှည်းခြင်း၊ မခင်သိန်းနှင့်မီးဖိုချောင်ကူလုပ်ခြင်းစသော ဝတ္တရားများကို ဆောင်ရွက်ရသည်။

ဆရာကိုအုန်းဖေသည် အလယ်တန်းကျောင်းအုပ် ဖြစ်သော်လည်း ဒို့ဗမာအစည်းအရုံးဝင်ဖြစ်သောကြောင့် အားလပ်သည်မရှိညဉ့် အိမ်၌အိပ်ခဲသည်။

ကျွန်တော့်ကို ဦးလေးကိုအုန်းမောင်က ညအခါများတွင် သင်္ချာနှင့်ပထဝီကို သင်ပေးသည်။

ဦးလေးကိုအုန်းမောင်သည် သင်ပေးသည်ကို နားမလည်သောအခါ မယဉ်နွယ်ကို မေးရသည်။



ဤအခါ ကာလများသည် ကျွန်တော့်အတွက် ပျော်မွယ်ကောင်းသော အချိန်ကာလများဖြစ်၏။ မယဉ်နွယ်ကို ကျွန်တော်နေတိုင်း တွေ့နိုင်၏။ တောင်ခြေမှ ဆီးပင်ကြီး၌ ဆီးသီးတို့ မတုံးမချင်း ဆီးတော်သီးများကို မယဉ်နွယ်အား နေ့တိုင်း မှန်မှန်ပေးနိုင်သည်။

ဆရာကိုအုန်းဖေ၏ စာကြည့်စားပွဲ၌ ထူးထူးဆန်းဆန်း စာအုပ်များ ကျွန်တော်တွေ့ခဲ့ရသည်။ ကျွန်တော် ပထမဆုံး စိတ်ဝင်စားသော စာအုပ် (နောင်အခါ ဂျာနယ်ဟု သိရသည်) မှာ နဂါးခေါင်းအနီရှိသော စာအုပ်တစ်အုပ် ဖြစ်သည်။ ထိုစာအုပ်အမည်မှာ "နဂါးနီဂျာနယ်"ဟု ခေါ်သည်။

နဂါးနီဆိုသော စကားကို နားလည်သော်လည်း ဂျာနယ်ဆိုသော စကားကို နားမလည်၊ သို့ရာတွင် နဂါးနီဂျာနယ်ကို လှောက်ဖတ်မိ၏။ ကျွန်တော်စဖတ်မိသော စာမျက်နှာ၌ လှပသော မိန်းမကြီးတစ်ဦးအား ကုလားကြီးသော ပထန်ကြီးသော မသိသော လူကြီးတစ်ကောင်က ကြာပွတ်ကြီး တစ်ချောင်းဖြင့် ရိုက်နေသော ပန်းချီပါသည်။ ထိုပန်းချီနှင့်အတူ ခေါင်းစဉ်စာလုံးများပါ၏။

"ပေါ်နန်းပျော် သူလျှိုမိဖုရား" ဟူသတည်း။

တူရကီပြည့်ရှင် မိဖုရားလုပ်ရင်း ဂျာမဏီပြည်၏ သူလျှိုလုပ်နေသူမိန်းမအကြောင်း ရေးထားသည်ဖြစ်၍ အလွန် ဖတ်ကောင်းသည်။ ဖတ်ကောင်းသည်ဆိုသည်မှာ ကြောက်စရာ အလွန်ကောင်းသည်။ သနားစရာလည်း အလွန်ကောင်းသည်။

ထိုအခါမှစ၍ ဆရာ့စားပွဲမှ စာအုပ်များကို ဖတ်တတ်သော အကျင့်ကျွန်တော်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်များ ကျွန်တော် ဖတ်ကြောင်းသိသော် ဦးလေးကိုအုန်းမောင်သည်လည်းကောင်း၊ ဆရာကိုအုန်းဖေသည်လည်းကောင်း၊ ချီးမွမ်းအားပေးကြသည်၊ အားပေးရုံတွင်မက ကျွန်တော်မသိသည်ကို ရှင်းလင်းပြကြသေး၏။

ဆရာကိုအုန်းဖေအိမ်ရောက်၍ တစ်လကြာသောအခါ ပထဝီဝင်ကို ကျွန်တော်သိပ်မသိသော်လည်း အလွန်စိတ်ဝင်စားဖွယ်ကောင်းသော စာအုပ်ကို အစအဆုံးဖတ်ပြီးပြီ...၊ စာအုပ်နာမည်မှာ **"ကျွန်ုပ်နှင့်မိုက်ကယ်ကောလင်း"** ခေါ်သည်။

ထိုစာအုပ်၏ မျက်နှာဖုံးမှာ အဝါရောင်ဖြစ်သည်။ မျက်နှာဖုံးပေါ်၌ စစ်ဗိုလ်ကက်ဦးထုပ်ဆောင်းလျက် ပေါင်၌ကား၍ ခြေသလုံး ရှုံးသော ဘောင်းဘီကို ဝတ်ထားသည့် လူတစ်ယောက်က ရပ်နေသည်၊ သူ့ရင်ဘတ်ဆီသို့ သေနတ်လေးငါးလက်က ချိန်ထားသည်။

ဤစာအုပ်ပါသမျှ ကျွန်တော်အကုန်နားမလည်၊ သို့သော် ကျွန်တော်သေသေချာချာ နားလည်သည်မှာ တစ်ခုရှိသည်။

မိုက်ကယ်ကောလင်းသည် အိုင်ယာလန်ပြည်မသားဟု ကျွန်တော်သိသည် (အိုင်ယာလန်မှာ ဘယ်မှာရှိသည်ကို ကျွန်တော်မသိသေး) အိုင်ယာလန်ပြည်ကို အင်္ဂလိပ်မျက်နှာဖြူတို့က ကျွန်လုပ်ထားသည်၊ မိုက်ကယ်ကောလင်းသည် ထိုအင်္ဂလိပ်တို့ကို ခံတိုက်ခဲ့သည်။

မိုက်ကယ်ကောလင်းအကြောင်း ကျွန်တော်မေးသောအခါ ဆရာကိုအုန်းဖေသည် ပြုံးပြုံးကြီးဖြေလိုက်သည်။



"မိုက်ကယ်ကောလင်းဆိုတာက မင်းအခု ကြားဖူးတဲ့ သခင်အောင်ဆန်းဆိုတဲ့ ဗိုလ်တေဇလိုပေါ့၊ သူတို့ နှစ်ယောက်လုံးက ကုလားဖြူကို ခံချခဲ့တယ်၊ မျိုးချစ်ကြီးတွေကွ မှတ်ထား"

ထိုအခါမှ ကျွန်တော့်ခေါင်း၌ ဘဏ်သည် ဝင်းခနဲ လက်လာ၏။

မိုက်ကယ်ကောလင်းသည် အင်္ဂလိပ်ကို ခံတိုက်ခဲ့သည်၊ ဗိုလ်တေဇသည်လည်း အင်္ဂလိပ်ကို ခံတိုက်ခဲ့သည်၊ ကျွန်တော့်အဘသည်လည်း အင်္ဂလိပ်ကို ခံတိုက်ခဲ့သည်။ ဪ... မျိုးချစ်ကြီးများဆိုသည်မှာ အင်္ဂလိပ်ကြီးများကို ခံတိုက်ခဲ့သူများပါတကား။ ။

◆

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်းနှစ်

## သွေးလှူပွဲ၏နိဒါန်းတစ်ပိုဒ်


၅။ အယဉ်နှင့်အရိုင်း

၆။ နွားတစ်ကောင်နှင့် လူတစ်သက်

၇။ ညဦးယံ လူရိုက်ပွဲ

၈။ နေမျိုးသူရိန် ဗိုလ်ကျော်ရိန်

၉။ သည်းဦးပန်းနှင့်မိုးမှိုပွင့်

၁၀။ သွေးလှူပွဲ၏နိဒါန်း




(၅)

### အယဉ်အရိုင်း

မယဉ်နွှယ်နှင့်အတူ တစ်ကျောင်းတည်းအတူ တက်ရခြင်းသည် ပျော်ရွှင်ဖွယ်ကောင်းသည့်နည်းတူ ကျောင်းအားရက်များတွင် ကျွန်တော့်အတွက် အခြားပျော်ရွှင်ဖွယ်များ သုံးရပ်ရှိသေးသည်။

တစ်ရပ်မှာ ဦးလေးပုကြီးနှင့် တစ်တောဝင်တစ်တောင်ထွက် ခြေဦးတည့်ရာသွားကြရခြင်းဖြစ်သည်။ ဦးလေးပုက သူ့ထုံးစံအတိုင်း လွယ်အိတ်ကြီး တစ်လုံးလွယ်၍ ဥသျှစ်သီးမှည့်လိုက်လံစုဆောင်းသည်။ ကျွန်တော်က တူရွင်းတစ်လက်ထမ်းရင်းလမ်း၌တွေ့သမျှခြတောင်ပို့တို့ကို တူးသည်၊ ကျွန်တော်ကြားဖူးသည်မှာ ကံကောင်းထောက်မ,ပါက ခြတောင်ပို့တွင်း၌ သပိတ်လုံးခန့်ရှိခြသံကို တွေ့ရတတ်သည်ဆိုသည်။ ခြသံရသော် တုတ်ပြီး . . . ခားပြီး . . . သေနတ်ပီး၍ ရှိမ်းဆာယာပိုမောက်ကာ ကိုယ်လည်းပျောက်နိုင်သည်ဆိုသည်၊ ခြသံတွေ့၍ ကျွန်တော်သာ ကိုယ်ပျောက်ခဲ့သော် ကျွန်တော်လည်း လူစွမ်းကောင်းမျိုးချစ်ကြီးဖြစ်ရမည်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အခြားတစ်ရပ်မှာ နှင်းမှုန်ဝိုင်းစဆောင်းညနေညို့ရီရီတွင် ဘထွေးလေးရွှေလွန်းနှင့် တောလည့်ရခြင်းဖြစ်သည်။ တောလည့်သည်ဆိုသည်မှာ သားကောင်ကြီးကြီးကို လိုက်ခြမ်းတော့မဟုတ်။

ဘထွေးရွှေလွန်းသည် ခါ,တည်အလွန်ကောင်း၏။ သူမွေးထားသော ခါ,မအယဉ်ကလေးကို သစ်ကိုင်းသစ်ရွက်များဖုံးအုပ်သော ထောင်ချောက်တွင်း ထားသည်၊ ထို့နောက် ကျွန်တော်တို့နှစ်ယောက်က ရေခန်းသော သဲချောင်းများတစ်လျှောက် ဖွတ် ပုတတ် လိုက်တန်လိုက်၊ ပျား ဖွပ်တန်ဖွပ် အလျဉ်းသင့်သလို လုပ်ကြသည်။ ပျားရည်ရသော်-ဘထွေးသည် မီးတောက်ချက် အရက်နှင့် စိမ်သောက်ရန် ဖြစ်သည်။ ကျွန်တော်က ပျားသလက်ကို ပိုမက်သည်၊ ပျားကောင်ပေါက်ဖြူဖြူ ကလေးများနှင့် ပြည့်နေသော ပျားသလက်ကို ခွေးတောက်ရွက်နှင့် ဟင်းချိုကျိုသောက်ရလျှင် အရသာအလွန်ရှိသည်။

ဤသို့ ဖွတ် ပုတတ်လိုက်ရင်း ပျားဖွပ်ရင်း၊ အချိန်တစ်နာရီခန့်ဖြုန်းပြီး ထောင်ချောက်ရှိရာ ချုံသို့ ပြန်လာလျှင် ခါမ,တွန်သံကြောင့် ဇောကပ်ပင်တိုးသူ ခါထီးတစ်ကောင်လောက် မိနေတတ်၏။ ခါထီးကို ယဉ်အောင်သင်ပေး၍ အခွပ်ကောင်းသော်ခါချင်း ချိန်းတိုက်ရလျှင် အလွန်ပျော်သည်။

အခြားကျွန်တော်ပျော်သော လုပ်ငန်းတစ်ရပ်မှာ မြို့တက်ရခြင်း ဖြစ်သည်။ မြို့သို့ အကြောင်းအားလျော်စွာ ကျွန်တော်သည် တစ်လသုံးလေးခေါက်ရောက်သည်။ မြို့တရုတ်ဆိုင်မှ ခေါက်ဆွဲပြုတ်ကို ကျွန်တော်အလွန်ကြိုက်သည်။ မြို့ကတ္တရာလမ်းဘေး ကွမ်းယာဆိုင်မှ ကွမ်းယာမွှေးမွှေးသည် အိမ်မှာ အမ ယာပေးသော ကွမ်းယာထက် ပိုအရသာရှိသည်။



တစ်နေ့တွင် နွားပွဲလည်း ရှိသဖြင့် ဘထွေးနှင့်အတူ ကျွန်တော်မြို့တက်ခဲ့သည်၊ ပေါင်းတလည်မြို့နှင့် ကျွန်တော်တို့ရွာမှာ ၇ မိုင်ခန့်ဝေးသည်။ ယခင်ဤခရီးကို ဦးလေးပုကြီးသည် နေ့စဉ် မှန်မှန်လျှောက်နေကျဖြစ်၏။ သို့သော် ဂျပန်အဖမ်းခံရ၍ ပြန်လွတ်လာကတည်းက ဦးလေးပု မြို့တက်သည်ကို မတွေ့ရလေတော့။

ဘထွေးမှာ စက်ဘီး ဆန်ကြိတ်ရန်ရှိသဖြင့် စပါးလှည်းနှင့် ထွက်လာခဲ့ခြင်းဖြစ်ရာ ကျွန်တော်က လှည်းပေါ်တွင် ဓိမ်နှင့် ထိုင်လိုက်ခဲ့သည်။ စပါးကြိတ်နေစဉ်အတွင်း ဘထွေးက နွားကောင်းကောင်းတစ်ကောင်လည်း ရှာလိုသည်။

ကျွန်တော်နှင့်အတူ ချည်ကြမ်းလုံချည် ဆပ်ပြာအုပ်ခန့်ပါလာခဲ့၏။ ဤချည်ကြမ်းလုံချည်တို့မှာ ဦးလေးကိုအုန်းမောင်က မသန်းရှင်တို့ ဆိုင်သို့ပို့နိုင်းလိုက်ခြင်း ဖြစ်လေသည်။

မသန်းရှင်မှာ ဦးလေးကိုအုန်းမောင်၏ မရီးလောင်းတစ်နည်းအားဖြင့် ကျွန်တော့်ဆရာ ကိုအုန်းဖေ၏ ဇနီးလောင်း ဖြစ်သည်။

ကျွန်တော်တို့လာခဲ့ကြစဉ် မလှမ်းမကမ်း ကန်သင်းရိုးများအထက် ကြောမော့နပျိုသော စာဥပြောက်နွားလေးတစ်ကောင်ကို ဆွဲရင်း မြို့ဆီသို့ သွားနေသော လူတစ်ဦးကို တွေ့သည်။

"ဟော- ကိုဘိုးဒန်၊ ဒီကောင်လေးထုတ်တော့မလို့လား"

"ဒါပေါ့ရွှေလွန်းရဲ့ မင်းက မလိုချင်ဘူးဆို"

"လိုတော့ လိုချင်တာပေါ့ဗျ၊ ဒါပေမဲ့ ခင်ဗျားက ဈေးလည်း ကိုင်တယ်၊ ပြီးတော့ ကျွန်တော်က ခိုင်းနွားကြီးကြီး လိုချင်တာ

"အေးလေ မင်းနဲ့ မတန်လို့ မင်းမရတာ..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လှည်းက ရှေ့သို့ ကျော်တက်ခဲ့သည်။ ကျွန်တော်သည် ကိုဘိုးဒန်၏နွားလေးအား မျက်စိတစ်ဆုံး ကြည့်မိသည်။

"တောက် ကြော့လိုက်တဲ့ နွားလေးဗျာ ကျုပ်လိုချင်လိုက်တာ"

"ငါလည်းလိုချင်တာပေါ့ ငယ်လေးရာ ဒါပေမဲ့ သူက ဈေးသိပ်ကိုင်တယ်၊ နွားကလည်းငယ်သေးတယ်"

စကားတပြောပြောဖြင့် ကျွန်တော်တို့သည် ဆက်လာခဲ့ကြရာ မြို့ကိုစ,ဝင်မိသည်။

မြို့ထိပ်၌ ခေါင်းတိုင်ဝယ် မီးခိုးတလူလူဖြင့် အလကာပွစက်ရှိသည်။ သစ်စက်နှင့်ဆန်စက်တွဲထားသော စက်ဖြစ်၏။ ဆန်ကြိတ်ရန်ရှိသော ဘထွေးလေးက ဤစက်၌ နေရစ်သည်။ ကျွန်တော်က ပုဆိုးထုပ်များထမ်း၍ မြို့တွင်းဝင်ခဲ့သည်။ ရဲဌာနဝင်းကိုကျော်၍ အတန်ကြာလျှောက်မိသော် မသန်းရှင်တို့ အိမ်ရောက်သည်။

ပေါင်းတလည် ပေါက်ခေါင်း ကတ္တရာလမ်းအတိုင်း တစ်ဖက် တစ်ချက်၌ နှစ်ထပ်အိမ်များရှိသည်အနက် မသန်းရှင်တို့အိမ်မှာ တစ်ထပ်တည်းသာရှိ၍ အနည်းငယ်သိမ်ငယ်သယောင် ရှိ၏။ မသန်းရှင်အမေမှာ မုဆိုးမဖြစ်၍ မုဆိုးမအိမ်သည် သိမ်ငယ်ရိုးပင်တည်း။

မသန်းရှင်တို့ အိမ်ရှေ့ခန်းတစ်ခြမ်းမှာ ကြမ်းအမြင့်နှင့် အထည်ဆိုင်လည်း ဖြစ်သည်။ ထိုစဉ်က အောက်ပြည်အောက်ရွာမှ အနုတ်အသိမ်းများသဖြင့် ပေါင်းတလည်မြို့၌ အထည်ရောင်းကောင်း၏။



မသန်းရှင်သည် အထည်ပုံအနီး၌ ထိုင်ရင်း စာရင်းရေးနေ၏။ ကျွန်တော့်ကိုမြင်သော် ပြုံးရွှင်စွာဖြင့် "လာ–ငယ်လေးထိုင်" ဟု ဖိတ်ခေါ်ရင်း စာရေးခြင်းကို ရပ်လိုက်သည်။ ကျွန်တော်က ပခုံးထက် ထမ်းလာသော အထည်ထုပ်ကို ချရင်း ဝင်ထိုင်၏။

"ဦးလေးကိုအုန်းမောင်က အထည် ၂၀ ပေးလိုက်တယ်"

"အေး...အေး...ပြီးတော့ကော"

"ပြီးတော့ ဆရာက မမရှင်ကို စာပေးလိုက်သေးတယ်..."

မသန်းရှင်၏မျက်နှာ၌ ရှက်သွေးမသိမသာ ရဲသွားသည်။ ကျွန်တော်လှမ်းပေးသော စာကို လှမ်းယူရင်း အရှက်ပြေသဘောဖြင့် "မင်းဆရာ နေကောင်းရဲ့လား" ဟု မေးသည်။

"ဆရာ နေကောင်းပါတယ်၊ မမရှင်ကလည်း ဆရာ့ကို ကလေးလေးမှတ်လို့ လာတိုင်း ဒီလိုပဲမေးရတာလား"

မသန်းရှင်သည် ကျွန်တော့်အား မဖြေဘဲ ဆရာ့စာကိုသာ ဖတ်နေသည်။ ကျွန်တော်ကသာ စာငုံ့ဖတ်နေသော မသန်းရှင်ကို တောသားပီပီ စူးစိုက်ကြည့်မိသည်။

မြို့သူနှင့်ရိုးစားဖြစ်ရသော ဆရာသည် အလွန်ကံကောင်းသည်။ အကြောင်းမှာ ကျွန်တော့်မျက်စိထဲ၌ မသန်းရှင်သည် အလွန်လှနေသောကြောင့်တည်း။

မသန်းရှင်၏အသားအရေများက ဝင်းဝင်းဝါဝါ ဖြစ်သည်။ တော၌မယဉ်နှယ်သာဝတ်သည်တွေ့ဖူးသော ပဒုမ္မာဖြူ ဖြူပြါးပါးကလေးကို ဝတ်ထားရာ မသန်းရှင်သည် အလွန်ကျက်သရေရှိနေ၏။ မသန်းရှင်၏ မျက်လုံးများမှာ ကြည်၍ မျက်တောင်တို့မှာ ကော့သည်။ ဤမျက်တောင်ကော့တို့သည် မီးခြစ်ဆံတစ်ချောင်းကို ကောင်းကောင်း တင်ထားနိုင်လိမ့်မည်ဟု ကျွန်တော်ထင်

www.burmeseclassic.com

www.burmeseclassic.com



မိ၏။ မသန်းရှင် စကားပြောလျှင် ပြုံး၍ ပြောတတ်သည်။ ပြုံးလိုက်လျှင် သွားဖြူဖြူ ကြည်ကြည်တို့မှာလည်း လက်ခနဲလက်ခနဲရှိ၏။ ဆရာ့စာကို ကိုင်ဖတ်နေသော မသန်းရှင်၏ လက်ချောင်းသွယ်သွယ် ပြည့်ပြည့်တို့မှာ ဖယောင်းတိုင်လေးများ သဖွယ် ချောမွတ်နေ၍ မွေးညင်းကလေးများ လွှမ်းနေသည်။ သူတို့ မြို့သူများသည် ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေရသည်နှင့်တူသည်။

မသန်းရှင်အား စူးစပ်းစိုက်ကြည့်ရင်း မယဉ်နွယ်ကြီးလာလျှင် ဤအတိုင်း မြို့သူကဲ့သို့လှမည်ဟု ကျွန်တော်စဉ်းစားမိသည်။

စာဆုံးသွားသောအခါ မသန်းရှင်က ကျွန်တော့်အား မော့ကြည့်၍မေးသည်။

"မင်းဆရာ သိပ်နေနိုင်တယ်ကွယ်၊ တစ်လတစ်ခေါက်တောင် မြို့မတက်နိုင်ဘူး…အလုပ်များလို့တဲ့၊ သူ…ဘာတွေ အလုပ်များနေလဲ"

"သိပါဘူးဗျာ …၊ စာသင်ရတာနဲ့ သူ့ …. သခင်အစည်းအရုံးအတွက် လုပ်ရတာတွေ ဖြစ်မှာပေါ့"

မသန်းရှင်သည် ငိုင်ငိုင်လေးဖြစ်သွားသည်။ ထို့နောက်မှ သက်ပြင်းရှိုက်ရင်း မေးသည်။

"ငယ်လေး…ဘယ်အချိန်ပြန်မလဲ"

"ဘထွေးဆန်ကြိတ်ပြီးမှပြန်မယ်… ညနေပေါ့"

"ဒါဖြင့် ငယ်လေးမပြန်ခင် ဝင်ခဲ့အုံးနော်"

"ဟုတ်ကဲ့…၊ ဒါထက် ကိုမြင့်ဦးရော"

"ဟိုရှေ့က အသင်းတိုက်မှာ…"



ကျွန်တော်သည် ထ,ရန် ပြင်သည်။ ထိုအခါကျမှ မသန်းရှင်သည် တစ်စုံတစ်ခုသတိရဟန် …"သြော်…ငယ်လေး ခဏနေဦး" ဟု ဆို၏။

မသန်းရှင်သည် အံဆွဲတစ်ခုဖွင့်၍ ဂျပန်ငွေကျပ်တန် တစ်ရွက်ဆွဲထုတ်ပြီး ကျွန်တော့်အားပေးသည်။ ကျွန်တော်လည်း မဆိုင်းမတွ လှမ်းယူလိုက်သည်။ နေ့တွက်စီခဲ့သဖြင့် ပေါ့ပါးရွှင်လန်းစွာဖြင့် အိမ်မှထွက်ခဲ့သည်။

မြို့ရောက်သော် ဝတ္တရားအရ ကျွန်တော်ဝင်နေကျ အခြားအိမ်နှစ်အိမ် ရှိသေးသည်။ တစ်အိမ်မှာ မသန်းရှင်တို့အိမ်နှင့် မျက်စောင်းထိုးလမ်းတစ်ဖက်မှ ဘကြီးဖေယျာမှူးဦးတင်ဖြစ်သည်။ အခြားတစ်အိမ်ကား မသန်းရှင်တို့ အိမ်နှင့် လေးအိမ်ကျော်မှ ဘကြီးဦးဘိုးခတို့အိမ် ဖြစ်သည်။

ယနေ့…ကျွန်တော်က ဘကြီးဖေယျာမှူးဦးတင်ကို့အိမ် ဝင်သည်။ အိမ်ပေါ်ရောက်သော် ကြီးတော်က နှုတ်ဆက်သည်။

"ဟဲ့…သန့်ဇင်၊ နင်က အခုလောကစာတ်ကျောင်းသားဖြစ်နေပြီဆို၊ ပျားတွေဘာတွေ ဖွပ်တုန်းပဲလား"

"တစ်ခါတလေတော့ ဖွပ်တာပေါ့ကြီးတော်ရာ…။ ကျုပ်အမြဲမဖွပ်ပါဘူး"

စာဖတ်နေရာမှ ဘကြီးဦးတင်သည် မော်ကြည့်၍… "ပျားဖွပ် သားထိုး … မယားနိုး …၊ အပြစ်သိပ်ကြီးတယ်ကွ၊ တစ်ခါတလေလည်း မလုပ်ရဘူး" ဟု ဆိုသည်။

ဘကြီးနှင့်ကြီးတော်သည် ထုံးစံအတိုင်း ဆုံးမစကားဆိုရာ ကျွန်တော်က ဘာမှ ပြန်မပြောဘဲအိမ်နောက်ဖေးသို့ ထွက်ခဲ့သည်။

ခြံတွင်း စပယ်ပင်များအနီး၌ ဘကြီး ဦးတင်၏ သမီး မမြကြည်ကို တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…သေနဲ့ဖင်… ငါမှာလိုက်တာပါလား"

"ပါ…ပါတယ်ဗျ၊ ကျုပ်က မမေ့တတ်ပါဘူး"

မမြကြည်လည်း မယဉ်နွယ်ကဲ့သို့ အလွန်ဆီးသီးကြိုက်သည်။ ကျွန်တော်က အဆင်သင့်ယူလာသော ဆီးသီးထုပ်ကို မမြကြည်အားပေးသည်။

"ငယ်လေးက တော်သားပဲ၊ ငါက…နင့်ဆရာကတော်သာ နင်သတိရတယ်မှတ်လို့"

"ခင်ဗျားကြီးကပြောရှာ့မယ်…။ ကျုပ်ဆရာကတော် မဟုတ်သေးပါဘူးဗျ။ သူတို့ညားမှ မညားသေးဘဲ"

မမြကြည်သည် ရယ်မောရင်း ကျွန်တော်ပေးသော ဆီးသီးကို ဝါးနေသည်။ ကျွန်တော်က ထုံစံအတိုင်း မမြကြည်ကို စူးစူးစိုက်စိုက်ကြည့်မိပြန်သည်။

သူတို့မြို့သူတိုင်း လှသည်ဟု ထင်၏။ မသန်းရှင်သွယ်သွယ် ပျောင်းပျောင်းနှင့် လှသကဲ့သို့ မမြကြည်သည် ပြည့်ပြည့်တင်းတင်းလှသည်။ မသန်းရှင်က ရှက်တတ်၍ စကားကိုတိုးတိုးပြောတတ်ပြီး မမြကြည်က ရဲတင်း၍ ဟောဟောဒိုင်းဒိုင်းပြောတတ်သည်။

"ဒါထက် နင့်ဆရာတို့ ဘယ်တော့လက်ထပ်ကြမလဲ"

"ဒါ…ကျုပ်အပူမှ မဟုတ်ဘဲ၊ ဘယ်သိမလဲဗျ"

"မသိရင်နေ…ငါကပူလို့ ပြောတာ"

"ခင်ဗျားက ဘာပူတာလဲ"

မမြကြည်၏လေသံမှာ တိုး၍လေးနက်စွာဆိုသည်။

"မသန်းရှင်ကို ငါသနားတယ်ဟယ်…ဂျပန်စစ်ဗိုလ်က ရန်ရှာနေတယ်"



"ဂျပန်စစ်ဗိုလ်က ဘာလို့ ရန်ရှာရတာလဲ"

"ဂျပန်စစ်ဗိုလ်ဆိုတာက အပျိုချောချောဆိုရန်ရှာတာပဲ၊ နင်မသိဘူးလား၊ ဒါကြောင့် ငါတောင်လင်ယူတော့မလို့"

"လုပ်ပြီ ခင်ဗျားကြီးဏာ…ခင်ဗျား တကယ်လင်ယူတော့မလို့လား"

မမြကြည်သည် ဘာမျှမပြောဘဲရယ်၍သာ နေသည်။

ကျွန်တော်သည် ခေတ္တမျှ စကားစမြည် ဆက်ပြောနေပြီးနောက် မမြကြည်တို့အိမ်ခေါင်းရင်းရှိ အာရှလူငယ်အသင်းတိုက်ဆီ ထွက်ခဲ့သည်။

အသင်းတိုက် အတွင်း၌ မသန်းရှင်၏ မောင် ကိုမြင့်ဦးသည် သံပြားအဝိုင်းကြီးကို မ,၍ ရှေ့မှ လူငယ်သုံးလေးဦးအား ရှင်းပြနေသည်။ ကိုမြင့်ဦးသည် ကာယဗလမှူးဆို၏။

ကိုမြင့်ဦးသည် ကျွန်တော့်ကို မြင်သော် စကားရပ်၍ လျှောက်လာခဲ့သည်။

"မောင်သန့်ဇင် အိမ်ဝင်ခဲ့ပြီးပလားဟေ့"

"ဝင်ခဲ့ပြီးပြီ၊ ခင်ဗျားကလည်း ရွာဘက်ကို မလာဘူး"

ကိုမြင့်ဦးမျက်နှာသည် တည်ကြည်သွားသည်။

"လာချင်တာပေါ့ကွာ၊…လာလို့ မဖြစ်သေးလို့"

"ဘာလို့မဖြစ်တာလဲ"

ကိုမြင့်ဦးမျက်နှာမှာ တစ်စုံတစ်ခုကြောင့် မခံချင်ဟန်ပြ၍ တင်းမာသွားသည်။

"ဒါတွေ မင်းမသိပါဘူးကွာ… ဒါထက်… မင်း ထမင်း ဘယ်မှာ စားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မမရှင်ဆီက ငွေတစ်ကျပ်ရခဲ့တယ်။ ထမင်းမစားတော့ဘူး။ ခေါက်ဆွဲပြုတ် ဝယ်သောက်မလို့။ ဒါပေမဲ့ ကျုပ်ခင်ဗျားတို့အသင်းက လိုချင်တာ တစ်ခုရှိတယ်"

ကျွန်တော်၏ ထူးထူးဆန်းဆန်း စကားကြောင့် အံ့သြဟန် ကိုမြင့်ဦးသည် စူးစိုက်ကြည့်သည်။

ယောက်ျားကဲတွင် ကျွန်တော့်ဆရာကလွဲလျှင် ကိုမြင့်ဦးကို ကျွန်တော်သဘောအကျဆုံး ဖြစ်၏။ ကိုမြင့်ဦး၏ ရင်ခွင်ကြီးသည် ကျယ်၍ လက်မောင်းကြီးများမှာ ကြွက်သားအပြိုင်းပြိုင်းနှင့် ခုံညားသည်။ ဤကြွက်သားတို့ကို သူရသည်မှာ စောစောက သံပြားဝိုင်းကြီးများကို မ,၍ ဟု သိရသည်။

"ဆိုပါအုံးဟ...ငါတို့အသင်းက မင်းက ဘာများ လိုချင်လို့လဲ"

"ခင်ဗျားတို့အသင်းမှာ စာအုပ်တွေအများကြီး ရှိတယ်လို့ ဆရာကပြောတယ်။ ကျုပ်သူပုန်အကြောင်း စာအုပ်တွေဖတ်ချင်လို့ဗျ...။ ဟို...အိုင်ယာလန် သူပုန်အကြောင်းတွေဆိုတာလေ"

ကိုမြင့်ဦး၏မျက်လုံးများ ပြူးကျယ်သွားပြီးနောက် သဘောကျစွာ တဟားဟားရယ်သည်။

"ဟ လုပ်လှချီလားငါ့လူရ...။ သူပုန်အကြောင်းဖတ်ပြီး မင်းဘာလုပ်မလို့လဲ"

"ကျုပ် သူပုန်သိပ်ထချင်တယ်ဗျာ...။ သူပုန်ထရာတာ ပျော်စရာကြီးပဲ"

ကိုမြင့်ဦးသည် ကျွန်တော့်ပခုံးအား ကျေနပ်စွာပုတ်သည်။

"အေး...အေး... ကောင်းတယ်၊ မင်း သူပုန်ထချင်ရင် ငါနောက်မှ အေးအေးဆေးဆေးပြော[ပြ]ဦးမယ်၊ မင်းလိုချင်တဲ့



စာအုပ်ကတော့ စာကြည့်တိုက်မှူးမရှိလို့၊ ညီလေးပဲ သော့ကိုင်တယ်၊ သူလည်းအခု မရှိဘူး"

"သူက ဘယ်သွားမလို့လဲ"

"အိမ်မှာ အလုပ်များနေတယ်"

"ဘာတွေအလုပ်များသလဲ..."

"မင်းသွားကြည့်ပေါ့...သိလိမ့်မယ်၊ မင်းလိုချင်တဲ့စာအုပ်လည်း သူ့ဆီ တောင်းယူပေါ့..."

ကိုညီလေး၏နာမည်ရင်းမှာ ကိုသိန်းညွန့်ဖြစ်၍ အာရှလူငယ်အသင်း၏ အတွင်းရေးမှူးဆိုသည်။ သူ့အစ်ကိုများက ညီလေး... ညီလေးဟု ခေါ်နေရာမှ အားလုံးက ညီလေးဟု ခေါ်နေကြသည်။ ကိုညီလေး၏အစ်ကိုတစ်ဦးမှာ ကိုရွှေမောင်ဖြစ်၍ ယခုအခါ "ဗိုလ်နေဝင်း"ဟု ခေါ်သည်။

ဗိုလ်နေဝင်းကို ဗိုလ်ဖြစ်မှ ကျွန်တော်တစ်ခါတွေ့ဖူးသည်။ တစ်ကြိမ်က သူသည် မော်တော်ကားအနက်ကလေးဖြင့် ဖခင်ဖြစ်သူဘဘကြီး ဦးဘိုးခထံ တစ်ခေါက်ပြန်လာဖူးသည်။ သူ့အရပ်ကြီးသည် ရှည်ရှည်ကြီးဖြစ်၍ သူ့ခါးမှ ဓားကြီးသည်လည်း ရှည်ရှည်နှင့် ခုံခုံကြီးပင်ဖြစ်၏။ စစ်ဝတ်စုံစိမ်းစိမ်းသည် သူ၏ ဝါဝင်းသော အသားမှာ အလွန်လိုက်သည်။ ကတုံးနှင့် ဖြစ်သဖြင့် ဖြောင့်တန်းခိုင်မာသော မေးရိုးကြီး ပေါ်လွင်၍ သူ့ မျက်နှာသည် အလွန်တည်ကြည်သည်။ သူရောက်လာစဉ်က ဘဘဦးဘိုးခ အိမ်ပေါ်၌လာရောက် စကားပြောနေသော ဂျပန်စစ်ဗိုလ်သုံးဦး ရှိ၏။ သူဝင်လာသောအခါ ဂျပန်စစ်ဗိုလ်သုံးဦးက ထ၍ အလေးပြုရသည်။ ထိုစဉ်က ကျွန်တော် အလွန် ကျေနပ်သွားမိသည်။ ဂျပန်ကို မတ်စတာခေါ်၍ လူကိုင်းက အလေးပြုရသည်။ ယခု

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နေဝင်းကိုကား ဤဂျပန်ကောင်တွေ အလေးပြုရသည် မဟုတ်ပါလော။ ထို့ကြောင့် အလွန်ကျေနပ်မိခြင်းဖြစ်သည်။

ကျွန်တော်သည် ကိုမြင့်ဦးအား နှုတ်ဆက်လျက် ဘဘကြီးဦးဘိုးခအိမ်ဘက်သို့ ထွက်လာခဲ့သည်။ ဘဘဦးဘိုးခသည် အိမ်ရှေ့ကပြင်ရှိ ခုံတန်းရှည်တစ်ခုပေါ်၌ တင်ပျဉ်ခွေ၍ ထုံးစံအတိုင်း အေးအေးဆေးဆေးထိုင်နေသည်။

"ကိုညီလေးရော... ဘ..."

"အပေါ်မှာကွဲ့၊ မင်းလူ အလုပ်များနေတယ်၊ သွားကြည့်ပါဦး..."

ကျွန်တော်သည် အိမ်ပေါ်ထပ်သို့ တက်လာခဲ့သည်။ အိမ်ပေါ်ထပ်မှာ ထူးထူးခြားခြားမွမ်းမံပြင်ဆင်ထားသည်။ ကုတင်အသစ်ကိုလည်း တွေ့သည်။ မွေ့ရာအသစ်ကိုလည်း တွေ့သည်။ ကျွန်တော်အံ့သြသွား၏။

ကိုညီလေးသည် သူ့သူငယ်ချင်းတစ်သိုက်နှင့် အလုပ်ရှုပ်နေရာမှ ကျွန်တော့်သို့မြင်သော် လှမ်းနှုတ်ဆက်သည်။

"ဟ...ကောင်...သန့်ဇင်အတော်ပဲ၊ မင်း ဘာလက်ဖွဲ့မလဲ"

ကျွန်တော်ကြောင်သွား၏။

"ကျုပ်က ဘယ်သူ့လက်ဖွဲ့ရမှာလဲဗျ..."

"ဩ...မင်္ဂလာဆောင်မလို့ကွ၊ မင်းမသိသေးဘူးလား"

"မင်္ဂလာဆောင်မလို့... ဘယ်သူနဲ့လဲ"

"မင်းမမ မြကြည်နဲ့လေ..."

ကျွန်တော်ပို၍ အံ့သြသွားမိသည်။ ထိုနောက်မှ ဝမ်းလည်းသာသွားသည်။ ရွာပြန်ရောက်လျှင် ဆရာတို့၊ အဘတို့အား ဤသတင်းထူးကို ဦးဦးဖျားဖျားပေးရမည်။



ထိုအခိုက်တွင် ကိုညီလေးက မမျှော်လင့်သော မေးခွန်းကို မေးသည်။

"ဒါနဲ့ မင်းဆရာတို့ကော ဘယ်တော့လောက် လက်ထပ်မလဲ"

ရော... ခက်ချေပြီ။ မမြကြည်ကလည်း ဒီမေးခွန်းမေးခဲ့သည်။

"ကျွန်တော်မသိဘူးဗျ၊ ဘာဖြစ်လို့ အဲဒီလို ခဏခဏမေးကြရတာလဲ"

"မင်းကို ဘယ်သူက အဲဒီလိုမေးလို့လဲ"

"မမမြကြည်ကလည်း မေးတာပဲ"

ကိုညီလေးသည် နေရာမှထ၍ လေးနက်သောအသံဖြင့် ကျွန်တော့်အား မှာကြားသည်။

"မင်းဆရာကို ပြောလိုက်ကွာ...မြို့ပေါ်မှာ ဂျပန်တွေ သိပ်များတယ်၊ မသန်းရှင်ကိုလည်း မဆိုးမသမီးဆိုပြီး ဂျပန်က ရန်ရှာပြီး သိမ်းပိုက်ချင်ပုံရတယ်၊ တို့ကတော့ တတ်နိုင်သမျှ စောင့်ရှောက် နေတာပဲ၊ ဒါပေမဲ့...မင်းဆရာက ပိုစောင့်ရှောက်နိုင်တယ်"

ကျွန်တော့်စိတ်မှာ အတော်ပင်ပန်းသွားသည်။ ဆရာက သူ့ကိုယ်သူ သခင်ဟုခေါ်သည်။ တို့ဗမာဟူသည် သခင်ဟု ဆရာက ပြောပြဖူးသည်။ လက်တွေ့အားဖြင့် ကျွန်တော်တို့က သခင်လော... ဂျပန်က သခင်လော။ ကျွန်တော်သည် မကျေနပ်စွာဖြင့် ကိုညီလေးအား ပြန်မေးမိသည်။

"ကိုညီလေးရာ...ဒီဂျပန်ကောင်တွေ ထင်တိုင်းလုပ်နေတာကို ဗိုလ်တေဇတို့၊ ဗိုလ်နေဝင်းတို့က ဒီတိုင်းကြည့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



တော့မလား၊ ဦးလေးဦးရှုမောင်ကို ဂျပန်အရိုအသေပေးတာကို ကျွန်တော်တွေ့ဖူးတယ်၊ ဦးလေးဦးရှုမောင်တို့က ဒီဂျပန်တွေကို ဆုံးမ မပေးနိုင်တော့ဘူးလား...”

ကိုညီလေးသည် ပါးစပ်အဟောင်းသားနှင့် ကျွန်တော့်အား ကြည့်နေတော့သည်။ ခဏကြာမှ အစ်ကိုရင်းသဖွယ် ကျွန်တော့်အား ပွေ့ဖက်သတိပေးရင်းဆိုသည်။

“သန့်ဇင်...နင်ကလေးရှိသေးတယ်၊ ဒါတွေကို နင်နားမလည်သေးဘူး၊ ဒီတော့ နင်တစ်ခုတည်းမှတ်ထား၊ အစ်ကိုရှုမောင်ရော...၊ ဗိုလ်တေဇရော ဒို့ဗမာအားလုံးတွေကို သိပ်ချစ်တယ်၊ တို့တစ်တွေကောင်းအောင် တစ်နေ့သူတို့ လုပ်ပေးလိမ့်မယ်၊ မင်းဘာတွေမှတော့ တွေ့ကရာတွေ လျှောက်ပြောမနေနဲ့ ... ကြားလား”

ကျွန်တော်သည် ကိုညီလေးတို့အိမ်မှပြန်လာသောအခါ လမ်း၌တွေ့သော ဂျပန်မှန်သမျှကို သက်ချင်နေသည်။ သင်းတို့နေနှင့်ဦး ခြံသံတွေ့ခါမှ တစ်ယောက်မကျန် မားနှင့်ခုတ် သတ်မည်။

ဂါတ်တဲဝင်းနှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက်၌ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိသည်။ ထိုလက်ဖက်ရည်ဆိုင်၌ တိုင်တောက်ခုံရှိသည်။ တိုင်တောက်သည်ဆိုသည်မှာ ချော်သော ပျဉ်ခုံထက်၌ တိုင်ကလေးတွေ ထောင်ထားသည်။ ကျွဲကော်ပြားနှစ်ပြားအသုံးပြု၍ တိုင်ကလေးတွေကို လဲအောင်တောက်ရသည်။ တိုင်အနက်နှင့်အဖြူရှိသည် ရန်သူတိုင်ကို ကုန်အောင် ကိုယ်က အရင်ထိုးနိုင်သော် ကိုယ်က,နိုင်၏။ တိုင်တောက်ခုံရှိသော ဤဆိုင်ဝယ်ပေါင်းတလည်မြို့တွင် ရှိသမျှ ကာလသားများ စုဝေးသည်။



ဤဆိုင်၌ ကျွန်တော်သည် ညွှန့်မောင်ကြီးအား သွားရှာသည်၊ ညွှန့်မောင်ကြီးသည် ကလေးမဟုတ် ပေါချာချာ သတ္တဝါကြီးတည်း၊ ကျွန်တော့်ကိုမြင်သော် ညွှန့်မောင်ကြီးသည် ဝမ်းသာအားရ ဆီးကြိုသည်။

“ဟဲ့ကောင် ဖိုးသန့်ဇင်၊ မင်းငါ့ကို ခေါက်ဆွဲပြုတ် တိုက်မလား၊ ငါတိုင်တောက်လို့ ရှုံးတဲ့ ပိုက်ဆံကုန်ပြီ”

ကျွန်တော်သည် ညွှန့်မောင်ကြီးအား သနားသွားသည်။

ညွှန့်မောင်ကြီးသည် ပါးဟောင်း၍ နှုတ်ခမ်းရှူသည်၊ ပါးဟောင်းသော သတ္တဝါများသည် မိုက်လုံးကြီးသည်ဟု ဆရာတော်ပြောသည်ကို ကြားဖူးသည်။ ညွှန့်မောင်ကြီးမိုက်လုံးကြီး မကြီးတော့ ဆရာတော်မသိ၊ ဒီကောင်ကြီးသည် အလွန်သဘောကောင်းသည်၊ ရွယ်တူများနှင့်မပေါင်းဘဲ၊ ကလေးတွေနှင့်ပေါင်း၍ ကလေးမဟုတ် လူကြီးမဟုတ် ပေါတီပေါချာကြီးဖြစ်သည်။

ညွှန့်မောင်ကြီးတို့လည်း အထည်ကုန်ကူးသည်၊ ယခင်က သူ့ကို ကူညီ၍ အထည်ကောက်ပေးဖူးသည်၊ ညွှန့်မောင်ကြီးသည် ခေါက်ဆွဲပြုတ် အလွန်ကြိုက်သည်၊ အထည်လှိုင်လှိုင်ကောက်ရ၍ သူ့အမေက မုန့်ဖိုးပေးသောအခါ၌လည်းကောင်း၊ တိုင်တောက်၍ နိုင်သောအခါများ၌လည်းကောင်း၊ ညွှန့်မောင်ကြီးသည် ကျွန်တော့်အား ခေါက်ဆွဲပြုတ်ကျွေးမြဲဖြစ်သည်။

ယခု တိုင်ရှုံး၍ ညွှန့်မောင်ကြီးဒုက္ခရောက်နေချိန်တွင် ခေါက်ဆွဲပြုတ်တိုက်ရမည်မှာ ကျွန်တော့်ဝတ္တရားဖြစ်၏။

“လာပါဗျာ...ကျုပ်မမရှင်ဆီက ငွေတစ်ကျပ် ...ရထားတယ်၊ ခေါက်ဆွဲပြုတ်သွားသောက်ကြရအောင်”

ပေါင်းတလည်ဂါတ်တဲဝင်းလက်ဝဲဘက်ဘေး၌ တရုတ်ခေါက်ဆွဲဆိုင်ရှိသည်။ ဝက်သားခေါက်ဆွဲပြုတ်တစ်ပွဲကို ဆင့်

www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်ပေးရသည်။ ကျွန်တော်နှင့်ညွန့်မောင်ကြီးသည် ခေါက်ဆွဲပြုတ်တစ်ယောက်တစ်လုံး ဆင့်ငါးဆယ်ဖိုးစီ စားသောက်လိုက်သည်။ ထို့နောက် အလကာပွဲဆန်စက်သို့သွား၍ ဘထွေးလေးကို ရှာသည်။ ဘထွေးလေးဆန်က ကြိတ်ဆဲ၊ ဘထွေးလေးကိုကား မတွေ့၊ သို့သော် ဘထွေးလေးကို ဘယ်မှာရှာရမည်ကို ကျွန်တော်နှင့် ညွန့်မောင်ကြီး သိသည်။ ကျွန်တော်တို့နှစ်ယောက်သည် ဂါတ်တဲဝင်းမြောက်ဘက် မနီးမဝေးရှိ ကစော်ဆိုင်သို့ ဘထွေးလေး သွားရှာသည် မတွေ့။

ညွန့်မောင်ကြီးနှင့် ကျွန်တော်သည် မြို့အနောက်ဘက်သို့ ထွက်ခဲ့၏။

နွားပွဲအတွင်း၌ ဘထွေးလေးကို ရှာသည်၊ ဘထွေးလေး အရိပ်အရောင်ကိုမတွေ့၊ ဘထွေးလေးအစား သူ့စာဥပြောက်နွားလေးကို ကြော့ကြော့မော့မော့ပြေးစေ၍ ဟန်ရေးပြနေသော ကိုဘိုးဒန်ကို တွေ့ရသည်၊ ကျွန်တော်တို့ ရပ်ကြည့်နေခိုက် နွားပွဲစားတို့ ကိုဘိုးဒန်အား ဝိုင်းနေ၏။

ဤနေရာ၌ နွားပွဲအကြောင်း အနည်းငယ် ရှင်းပြလိုသည်။ နွားပွဲဆိုသည် နွားအရောင်းအဝယ်လုပ်သော ဈေးတစ်ခုဖြစ်သည်။ နွားဝယ်သူတို့လည်း လာကြ၏။ နွားရောင်းသူတို့လည်း လာကြ၏၊ ဝယ်လိုသူရော၊ ရောင်းသူပါ သာမန်လယ်သမားများဖြစ်ကြသည်။ ဝယ်လိုသူက ဈေးအနည်းဆုံးနှင့် နွားအကောင်းဆုံး ရလို၏။ ရောင်းလိုသူက ဈေးအများဆုံးနှင့် နွားပျက်ကိုပင် နွားကောင်းအဖြစ်ရောင်းလိုသည်။

သို့သော်...နွားအကြောင်းဆိုသည်မှာ မိန်းမတစ်ယောက် အကြောင်းသိရန်ထက် ပိုခက်ပါဘိခြင်း။



လယ်သမားသည် နွားနှင့်အတူဖက်ရုန်းရသူဖြစ်သည်၊ နွားနှင့်ဖက်ရုန်းရသည်က တစ်ကဏ္ဍ၊ နွားအကြောင်း နားလည်သည်က တစ်ကဏ္ဍ၊ မည်သို့မဆိုင်၊ နွားဝယ်များလျှင် မယားအယူများသည်ထက်ဆိုးသည်။ ထိုအခါ နွားအကြောင်း အရည်ကျိုသောက်ထားသော နွားပွဲစားတို့ဝင်လာ၏။ နွားပွဲစားသည် စာတတ်ရသည်၊ နွား၏ ဗွာအကြောင်း၊ မျိုးအကြောင်း၊ သွားအကြောင်း၊ အမွေးအကြောင်း၊ မွေအကြောင်း အကုန်သိရသည်။ ကုန်ကုန်ဆိုလျှင် နွားဈေးပါက နွား၌ ဘာရောဂါရှိသည် အထိ သိရသည်၊ သိသည်ဆိုရာ၌လည်း သာမန်သိရုံမက စာတိုပေစသည်း ရွတ်ပြနိုင်ရမည်။ နွားပွဲစားသည် အခြားသော ပွဲစားများနည်းတူ နှစ်ဖက်လွှများဖြစ်သည်။ တစ်ခါတစ်ရံ နွားရောင်းသူဘက်က ဝယ်လိုသူကျအောင် ပြောပေးသည်။ တစ်ခါတစ်ရံ ဝယ်လိုသူဘက်မှ တန်ရာတန်ဖိုးထက် ဈေးကျအောင် ပြောပေးသည်။ တစ်နည်းဆိုသော် နွားပွဲစားသည် အခရာဖြစ်သည်။

ကိုဘိုးဒန်၏ စာဥပြောက်နွားလေးကို ပွဲစားတို့ဝိုင်းနေသည်းက အမှုယ်မတိုင်မီ လပို့ထောင်သော ဤနွားလေးကို လူကြိုက်များနေသည်မှာ ထင်ရှား၏။ လူကြိုက်များသော် ဈေးကောင်းကောင်းရမည်။

ဤနွားကလေးကို ကျွန်တော်အလွန်ကြိုက်သည်။ ဤနွားလေး သူများလက်ရောက်မည်ကို ကျွန်တော်မရှုစိမ့်၊ မရှုစိမ့်သော်သည်း ကျွန်တော်မဝယ်နိုင်သည့်အတူတူ သူများယူမည်ကို မျက်ဝါးထင်ထင် မကြည့်ချင်၍ နွားပွဲမှ ကျွန်တော်တို့ ထွက်ခဲ့သည်။

ဘထွေးလေးကို ရှာရန် နောက်ဆုံးတစ်နေရာရှိသည်။ ဆိုင်းတလည်မြို့ အနောက်ဖျား ခါလာကြီးတို့၏ အမဲဈေးသည်

www.burmeseclassic.com

www.burmeseclassic.com



အိမ်တန်းများကြား၌ ဖဲဝိုင်းထောင်ထားသော အိမ်ကြီးတစ်အိမ်ရှိသည်။ ၎င်းအိမ်ဆီသို့ ကျွန်တော်နှင့် ညွှန့်မောင်ကြီးကို ခေါ်လာခဲ့သည်။

မျှော်လင့်ထားသည့်အတိုင်းပင် ဖဲဝိုင်း၌ ဘထွေးလေးကိုတွေ့ရသည်။ ဘထွေးလေးကိုသာမက ကျောက်မြှုန်း မြွေနီကိုတွေ့ရသည်။

မြွေနီကို ကျောက်မြှုန်းဟု ခေါ်ရသည်မှာ မျက်နှာကျောက်ပေါက်မများရှိသည်။ ပုလိပ်လူဖွက်ဖြစ်၍ အလွန်လည်၏။ သူကြီးဦးသာခံကြီး၏ လက်စွဲတော်ဖြစ်သကဲ့သို့ ဟိုက်မိုးကြီး ကိုဆံနီ၏ လက်သုံးတော်ကြီးလည်း ဖြစ်သည်။

ကျွန်တော်တို့ ရောက်ရှိချိန်၌ ဖဲဝိုင်းသည် ဆူဆူညံညံဖြစ်နေ၏။ မြွေနီသည် မတ်တတ်ရပ်လျက် ဖဲထုပ်ကို ကြမ်းပြင်ပေါ် ပေါက်ချသည်။ ၎င်းတို့ ဖဲသမားများ ဆူညံသည်ဖြစ်နေခိုက် ဖဲဝိုင်း ကိုဝှက်ရိုး နှင့် ပုလိပ်ကိုသန်းမောင်တို့ ဝင်လာသည်။ ဘထွေးလေးသည် လူအုပ်ကြားမှ တိုးလျှက်ခဲ့ရာ ကျွန်တော်တို့နှင့် ရင်ဆိုင်တွေ့သည်။

"ဘထွေးလေး ဘာဖြစ်တာလဲ"

"မြွေနီဖဲရှုံးလို့ကွ၊ လာလာ မြန်မြန်လာ ပေါ်တော်ကြာ ရန်ပွဲဖြစ်လို့ တို့ပါအမှုပတ်နေလိမ့်မယ်"

ဘထွေးသည် ပြေကျနေသော သူ့ခေါင်းပေါင်းကို ထုံးရင်း ဒရောသောပါးထွက်ခဲ့၍ ကျွန်တော်တို့ပါ နောက်ယောင်လိုက်ရသည်။

ကျွန်တော့် ဘထွေးလေးသည် ငါတိုက် ကြက်တိုက် မဟုတ်တာအကုန်လုပ်သော်လည်း ပုလိပ်ကြောက်တတ်သည်



ကျွန်တော့်အား တစ်ကျွန်းကျောတည်းက ရုံးတက်ရမည့်ဆိုလျှင် သာ၍ ကြောက်သည်။

"ဘထွေး ခင်ဗျား နိုင်လား..."

"အရှုံးပါပဲကွာ ၊ ဖဲထုတ်ဦးရှိသေးတယ် မြွေနီသောင်းကျန်းလို့..."

"ကိုမြွေနီက ဘာလို့ သောင်းကျန်းတာလဲ"

"မြွေနီက တစ်ထောင်လောက်ရှုံးသွားတယ်၊ အဲဒါ သူကိုယ်တိုင် နိုင်လာပါမယ်ပြောတယ်၊ သူ့အိတ်ထဲမှာလည်းပိုက်ဆံတစ်ပြားမှ မရှိဘူး။ ဖဲသမားအချင်းချင်း ဒါလောက်တော့ ပါးတာပေါ့ကွာ၊ ဘယ်ခံကြမလဲ"

စကားတပြောပြောနှင့် ကျွန်တော်တို့ မြို့လယ်သို့ ရောက်ခဲ့၏။ ထိုအခါကျမှ ဘထွေးသည် ကျွန်တော့်အား အမိန့်ပေးသည်။

"ငါ့ဆံမြှေ့ကျလို့ပြီ၊ စက်ကဆန်ယူပြီး မင်းလှည်းနဲ့ ဒိပြန်ခဲ့ကွာ၊ ငါဟိုဆိုင်က စောင့်နေမယ်"

"ဘထွေး ခင်ဗျား သောက်ရမ်းတော့ မသောက်နဲ့ဗျာ၊ အရီးက ကျုပ်ကို အသေအချာ မှာလိုက်တယ်"

"အေးပါကွာ နည်းနည်းပါးပါးပါ၊ သွားမှာ သွားစမ်း"

ကျွန်တော်သည် ညွှန့်မောင်ကြီးနှင့်ခွဲ၍ အလကာပွဲ ဆန်စက်သို့ ထွက်ခဲ့သည်။ ဆန်အကုန်မကျသေး၍ တစ်နာရီခန့်စောင့်ရသည်။ ဆန်ရသော်...ကျွန်တော်သည် လှည်းကို မြို့တွင်းပြန်မောင်းခဲ့၍ မသန်းရှင်တို့အိမ်သို့ ဝင်သည်။

မသန်းရှင်က ကျွန်တော့်အား စာတစ်စောင်ပေးသည်။

"ယော်လေး ဒီစာ နှင့်သူ့ပေးလိုက်"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဆိုရင်း မသန်းရှင်မျက်နှာ၌ ရှက်သွေးရဲ့နေသည်။ မသန်းရှင်သည် အားတိုင်းရှက်တတ်သော မိန်းမတစ်ယောက် ဖြစ်လေသည်တကား။

ကျွန်တော်သည် လှည်းကို ကစော်ဆိုင်သို့ ဆက်မောင်းခဲ့သည်။ ဘထွေးလေးသည် အပေါင်းအဖော်များနှင့် ဆန်နီရည်သောက်ရင်း ပျော်ကောင်းတုန်းဖြစ်၏။

"ဘထွေးပြန်မယ်ဗျာ၊ နေစောင်းပြီ"

ဘထွေးသည် နီရဲသော မျက်လုံးများနှင့် ကျွန်တော့်အား မော်ကြည့်ရင်း၊ အဓိပ္ပာယ်မရှိ ရယ်သည်။

"ငါ့လူကလည်း နေစောင်းရုံမကလို့ မိုးချုပ်တော့ ဘာဖြစ်လဲ၊ ငါ့လူက လမ်းမှာ သူ့ရဲခြောက်မှာ ကြောက်လို့လား"

ဤသည်မှာ ဘထွေးကျွန်တော့်အား စော်ကားခြင်း ဖြစ်၏။ ထို့ကြောင့် ကျွန်တော်က ပြန်ဘုပြောသည်။

"ဘထွေး...၊ ခင်ဗျားအရက်တွေမူးပြီး သောက်စကားတွေသိပ်မပြောနဲ့၊ ခင်ဗျား မလိုက်ရင် ကျုပ်တစ်ယောက်တည်း ပြန်မယ်"

"ဤသို့ ဆိုပြန်သော် ဘထွေးသည် ဆန်နီရည်ပုလင်းခါးထိုး၍ထွက်လိုက်လာသည်။ ကျွန်တော်တို့မြို့မှ ထွက်သောအခါ နီရဲသောနေလုံးသည် မြေပြင်သို့ ငုပ်လျှိုးစပြုသည်။ ပေါင်းတလည်မြို့တစ်ပိုက် ထန်းတောများဆီ၌ နှင်းမြူတို့ မှုန်တဝေဝေ ရှိနေ၏။

အချိန်နှောင်း၍ လမ်း၌ လူသူပြတ်နေသည်၊ ကျွန်တော်က စိတ်တိုတိုနှင့် နွားများကို ဖိရိုက်မောင်းလာခိုက်၊ ဘထွေးသည် ပက်လက်လှန်လျက် ဆန်နီရည်မော့ရင်း ပျော်ပျော်ရွှင်ရွှင်လိုက်လာသည်။



ချောင်းခေါင်းရွာ သချိုင်းကုန်းသို့ ရောက်သောအခါ လူသုံးယောက်ကို တွေ့ရသည်။ တစ်ဦးမှာ ကိုဘိုးဒန်ဖြစ်၍ အခြားတစ်ဦးမှာ ကျောက်ဖြူန်းရွှေနီဖြစ်၏။ အခြားတစ်ဦးကိုကား ကျွန်တော်မသိ သူတို့လည်း ထန်းတောမှ မူးပြန်လာဟန်ရှိသည်။

ကျွန်တော်သည် ကိုဘိုးဒန်၏ စာဥပြောက်နွားလေးကို ပွဲစားများဝိုင်းနေသည်အားသတိရမိသည်။ ထို့နောက် ကျောက်ဖြူန်းရွှေနီ ဖဲရှုံးနေသည်ကိုလည်း အမှတ်ရမိ၏။

"ဘထွေး... ထကြည့်စမ်း ကိုဘိုးဒန်နဲ့ ကိုရွှေနီထန်းရည်မူးလာကြတယ်နဲ့တူတယ်"

ဘထွေး ထကြည့်သည်၊ ထိုစဉ်ကိုဘိုးဒန်က လှမ်းအော်သည်။

"ဟေ့ကောင် ရွှေလွန်း ...၊ မင်း လှည်းနဲ့ ငါတို့ပါလိုက်မယ်"

ကိုရွှေနီနှင့် ၁၊ခြားလူတို့က ကိုဘိုးဒန်ကို ဆွဲသည်၊ ဆွဲရင်းလည်း ကိုဘိုးဒန်က လှမ်းအော်သည်။

"မလိုက်ဘူးဟေ့...ထန်းရေမူးပေမဲ့ ကုန်းကြောင်း လျှောက်နိုင်တယ်၊ သွားနှင့်ကြ... သွားနှင့်ကြ"

ပထမသော်...ကျွန်တော်သည် လှည်းရပ်ပေးမည်ကြံ၏။ သို့သော်...လှည်းပေါ်၌ ဘထွေးအပါအဝင် အမူးသမားလေးဦး ပါခဲ့သော်ခက်မည်။ ထို့ကြောင့် လှည်းကို ရပ်မပေးဘဲ ဆက်မောင်းလာခဲ့သည်။

ရွာသို့ ကျွန်တော်ရောက်သောအခါ မိုးစုပ်စုပ်ချုပ်ပြီး ဘထွေးလေးခြံဝ၌ လှည်းဆိုက်မိသောအခါ အရိုးဖလား ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာ၏။ အရက်မူးလာသော ဘထွေးအားမြင်သော် အရိုးလေးသည် ရန်တွေ့တော့သည်။

"ဘယ်မလဲ နွားဝယ်ခဲ့မယ်ဆိုတာ...၊ မြင်းခြူးမြင်းပြန်လာခဲ့တယ်ပေါ့၊ တယ်ကောင်း၊ ငွေတွေကော ပါသေးရဲ့လား"

အရိုးလေးသည် ဘထွေး၏ အိတ်ကို နှိုက်ရှာသည်။ ဘထွေး၏အိတ်၌ ငွေများပါမလာတော့ပါသေးသည်။ သို့ရာတွင် အရိုးလေးသည် ငွေများကို ရေတွက်ပြီးနောက် ဘထွေးလွယ်အိတ်ကို ဆွဲကာ ချတော့၏။

"နွားလိုချင်တယ်ဆိုလို့ ငွေသုံးရာပေးလိုက်တယ်၊ အခု တစ်ရာဘယ်မလဲ၊ နွားမရရင် နင်ပဲ နွားလုပ်ဟဲ့ ချွေလွှန်းရဲ့၊ နင့်ကို နဖားထိုးပြီး ငါကိုယ်တိုင်မောင်းမယ်"

တစ်နေ့လုံးဝင်ပန်းခဲ့သဖြင့် အရိုးလေးနှင့် ဘထွေးတို့၏ နပန်းပွဲကို မကြည့်လိုတော့သော ကျွန်တော်သည် အိမ်သို့ အမြန်ဆုံး ပြေးထွက်ခဲ့သည်။

*

(၆)

## နွားတစ်ကောင်နှင့်လူတစ်ယောက်

နောက်တစ်နေ့နံနက်၌ ကျွန်တော်သည် အရိုးလေးတို့ အိမ်သို့ရောက်ခဲ့ပြန်သည်။ နဖားထိုးခံလျက်သားနှင့် "ဝတ်လရိုမ်း" ဟု အော်ရင်း နွားလိုရုန်းနေမည့် ဘထွေးလေးအား တွေ့ရမည် လောထင်ခဲ့သည်။ သို့ရာတွင် ကျွန်တော့်အထင်မှာ တက်တက်စင်



အောင်လွဲနေသည်။ အိမ်ရှေ့မန်ကျည်းပင်ကြီးအောက်၌ ဘထွေးသည် သူ့ဆံပင်ကို ဖားလျားချရင်း ထိုင်နေသည်။ အရိုးလေးက တရုတ်ဘီးစိပ်တစ်ချောင်းဖြင့် သန်းရှာပေးနေသည်။

"တောမှာ၊ ငယ်လေး အကြမ်းစာဘက်တော့" ကျွန်တော့်ကို မြင်လျှင်မြင်ခြင်း ဘထွေးလှမ်းဖိတ်သဖြင့် ကျွန်တော်က ပင်လိုင်ကာ သူတို့ရှေ့ရှိ လက်ဖက်ခြောက်ဆီတက်နေသော မှိုင်းကျပ်ခိုး တူလာပုံစံနှင့် မြေကရားထဲမှ လက်ဖက်ရည်ကြမ်း ခါးခါး တစ်ခွက်ကို ငုံ့သောက်၏။

မနေ့ညနေက အရိုးလေးသည် ပေါ်သူ့ပုန်ထသည့် မျက်နှာလည်း သုန်မှုန်နေ၏။ ယနေ့နံနက်၌ မျက်နှာမှာ ကြည်လင်သဖြင့် အသံလည်းချိုနေသည်။

"ငယ်လေး မင်း ဘထွေး မနေ့က ဆန်နီရည် ဘယ်နှစ်ပုလင်း သောက်ခဲ့သလဲ"

"ဒါတော့ ကျုပ်ဘယ်သိမလဲ၊ လှည်းပေါ်အထိတော့ ပုလင်းတစ်လုံး မော့လိုက်လာတာပဲ"

ဘထွေးသည်ရယ်၍ ကျွန်တော့်အား ကာနံ့ကွက်သည်။

"ငယ်လေးကလည်း နင့်အရိုးလေး အကြိုက်ကြီးပဲ လိုက်ပြောနေတာပဲ၊ ငါသိပ်မှ မသောက်ဘဲ"

အရိုးလေးသည် ဘထွေးအား မျက်စောင်းထိုးလျက်...

သိပ်မသောက်လို့ တန်တော့တယ်၊ ဟဲ့... ငယ်လေး နင့်ဘထွေး မမူးဘူး၊ မူးတယ် ဆွမ်းခံချိန်ကြမှ အိပ်ရာက ထနိုင်တယ်" ဟု ဆိုသည်။

ဘထွေးတို့ အိမ်အောက်ထပ်၌ ဘထွေး၏သားကြီး နှစ်ကောင်သည် ယန်းလက်နွားတစ်ရှဉ်းကိုယ်စီနှင့် သွန်ရေး ငင်တမ်း ကစားနေကြ၏။ ဘထွေးသားအငယ်ဆုံးမှာ နွားဖောခွက်

www.burmeseclassic.com

www.burmeseclassic.com



အနီး ကမ္ဘာဦး ပြဟ္မာကြီးများသဖွယ် ဆောင့်ကြောင့်ထိုင်လျက် မြေသင်းခဲကို ကိုက်ဝါးစားပွဲထိုင်နေသည်။ အရိုးလေးသည် သားငယ်ဆီ ထသွားလျက် တင်ပါးကို သုံးလေးချက်ချလိုက်ပြီး အိမ်ပေါ်သို့ လှမ်းခေါ်သည်။

"ခင်မြိုင့်...ဟဲ့...ခင်မြိုင်၊ လာစမ်းကလေးကို ခေါ်စမ်း"

ဘထွေး၏ အကြီးဆုံးသမီး ခင်မြိုင့်သည် အိမ်ပေါ်မှ ဆင်းလာ၍ ကလေးကို ခေါ်သွားသည်။

အရိုးလေး ကျွန်တော်တို့ထံ ပြန်လာခိုက် ခြံပေါက်ဝ၌ ကိုဘိုးဒန်၏မယား မလှမေရောက်လာသည်။

"လာဟေ့ ရှင်လှမေ မလာစဖူး အလာထူးလှချေလား"

အရိုးလေးက ဖိတ်ခေါ်စဉ် မလှမေသည် မသာမယာသော မျက်နှာနှင့် ဝင်ထိုင်လိုက်သည်။

"ဒါထက် ကိုရွှေလွန်း ညက ကိုဘိုးဒန်ပြန်မလာဘူးတော့"

ဘထွေးလေး၏ မျက်လုံးပြူးသွားလျက် ကျွန်တော့်အား လှမ်းကြည့်သည်၊ မလှမေကသာ ဆက်၍ပြောသည်။

"မနေ့မနက်ကတည်းက ဟိုစာဥပြောက်ကလေးနဲ့ နွားပွဲထွက်သွားတာ အခုထိပြန်မလာဘူး၊ မနေ့က တော်လည်း မြို့တက်တယ် ကြားလို့ လာသတင်းစုံစမ်းတာ"

ကျွန်တော်သည် ဘထွေးမဖြေမီ ဝင်ပြောသည်။

"ကျုပ်လည်းမနေ့က မြို့တက်တယ်ဗျ၊ ကိုဘိုးဒန်ကို အသွားတုန်းက လမ်းမှာလည်းတွေ့တယ်၊ သူ့နွားလေးကို ပွဲစားတွေဝိုင်းနေတာပဲဗျာ..."

မလှမေသည် စိတ်ဝင်စားစွာဖြင့် ကျွန်တော့်အား ပြန်မေးသည်။



"ငယ်လေး ကိုဘိုးဒန်ကို နွားပွဲမှာတွေ့တယ်၊ သူ့နွားရောင်းရလား..."

"အဲဒါတော့ ကျုပ်မသိဘူးဗျ"

ကျွန်တော့်စကားမဆုံးမီ ဘထွေးလေးက ဝင်ဖြတ်ပြောသည်။

"နွားရောင်းရတယ် မရောင်းရဘူးဆိုတာ ဒီကလေး ဘယ်သိမလဲဗျ၊ ခင်ဗျားယောကျ်ားက ဘယ်ချောင်ဝင်မူးနေမှန်းမှ မသိဘဲ၊ ငယ်လေးသွားစမ်း အိမ်ပေါ်မှာ ငါးရံ့ခြောက်သွားဖုတ်ချေ လက်ဖက်ရည်ကြမ်းနဲ့ သောက်ရအောင်"

"ကျွန်တော့်စကားကို ဘထွေးလေး ဘာကြောင့် ဝင်ဟန့်သည် ကျွန်တော်မသိ၊ သို့ရာတွင် ဘထွေးလေး မျက်နှာထားကြောင့် စကားဆက်မပြောဘဲ အိမ်ပေါ်သို့ တက်ခဲ့၍ ငါးခြောက် ဖုတ်သည်။

ငါးခြောက်ဖုတ်ပြီး ကျွန်တော်ပြန်ဆင်းလာသောအခါ၌ မလှမေပြန်သွားပြီး ဘထွေးသည် ကျွန်တော့်အား မျက်စောင်းထိုး၍ "ငယ်လေး ကလေးပီပီနေစမ်း၊ လူကြီးတွေထဲ ဟိုဝင်ပြော ဒီဝင်ပြော မလုပ်နဲ့"

"ကျုပ် ဘာစကားမှားလို့လဲ ဘထွေးရ၊ မြင်ခဲ့တာ မြင်တဲ့အတိုင်း ပြောတဲ့ဟာ..."

"ငယ်လေးက မြင်တာတွေ လျှောက်ပြောလို့ ဘယ်ဖြစ်မလဲ နင် ဘိုးဒန်အကြောင်းရော၊ ရွှေနီ့အကြောင်းရော သိသားပဲ၊ ဘယ်ရွာက ဘယ်ကစားဝိုင်းတွေ ဆက်လိုက်နေမှန်းမှ မသိဘဲ"

"အင်းလဗျာ၊ ညနေက ကိုဘိုးဒန်နဲ့ ကိုရွှေနီနဲ့ မူးနေကြတာ တွေ့ခဲ့သားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပြောတာပေါ့...သူတို့ဘာသာသူတို့ ဘယ်သွားသွား သွား ဘာဖြစ်ဖြစ်၊ ဘုန်းကြီးအမူ ရွာမပတ်ချင်စမ်းပါနဲ့၊ ဘိုးဒန် ပြန်လာလို့ သင်မယားရန်ဖြစ်တော့ ဟို့က တိုက်တယ် ဖြစ်နေ ပါအုံးမယ်"

ဘထွေးပြောသည်မှာ လမ်းကျသည်ဟု ထင်၍ ကျွန်တော် သည် ဘာမှပြန်မပြောဘဲ အဝေးဆီသို့သာ မျှော်ကြည့်မိသည်။ ကျွန်တော့်မျက်လုံးများသည် ဘထွေးတို့ခြံ၏ အနောက်ဘက် မရန်းပင်ကြီးဆီသို့ ရောက်သွား၏။ မရန်းသီး များ ခွေးနို့စို့သကဲ့သို့ တပြွတ်ပြွတ်သီးနေ၏။ ကျွန်တော့်ခေါင်းတွင်း၌ အကြံတစ်ခု ပေါ်လာသည့်နည်းတူ လျှာ၌လည်း သွားရည်ယိုလာသည်။

"ဘထွေး မရန်းသီးတွေတောင် အတော်ကြီးပြီ"

"အေးလကွာ... ဇဲဒါဘာဖြစ်သလဲ"

"ဘာဖြစ်ရမလဲ ... အခု ပြာသို မဟုတ်လားဗျ ... တောင်ညိုပေါက်ပြီ"

ထိုအခါမှ ဘထွေးလေး သတိရဟန်မျက်လုံး၌ အရောင် တောက်လာသည်။

"အေးဟာ... ငယ်လေးပြောမှ သတိရတယ်။ ဒါဖြင့် မင်း ဒီညနေအားလား"

"ကျုပ် ဆရာ့အိမ်မှာ နည်းနည်းရှင်းပေးစရာ ရှိတယ်။ ညနေကျရင်တော့ အားမှာပဲ"

'ဒါဖြင့် ငါ မရန်းသီးဆွတ် ရေစိမ်ထားလိုက်မယ်။ မင်း ညနေကျလာခဲ့"

ကျွန်တော်သည် ဘထွေးတို့အိမ်မှပြန်ခဲ့၍ အိမ်ပြန်ရောက် သော် ဆရာ့အခန်းနှင့် စားပွဲကို ရှင်းပေးသည်။ ရေတွင်းမှ ရေခပ်၍ သောက်ရေအိုးဖြည့်သည်။ တင်းပေါက်ခြမ်းများကို



ဓိုးဖိုတွင်ဖြည့်သည်။ ဤကိစ္စများပြီးသော် ညနေချမ်း၌ ဘထွေးထံသို့ ထွက်ခဲ့တော့သည်။

ဘထွေး၏အိမ်မှတစ်ဆင့် ဘထွေးနှင့်ကျွန်တော်သည် ရိုးပြတ်ဖုံးသော လယ်ကွင်းတို့ကို ဖြတ်၍ တောင်ခြေဘက်သို့ ထွက်ခဲ့သည်။

ဘထွေးက သီချင်းတကြော်ကြော်ဖြင့် ရှေ့မှသွားခိုက် ပေါက်ပြားတစ်လက်ကိုထမ်းရင်း ကျွန်တော်က နောက်မှလိုက် သည်။ သွားလာကြရင်းလည်း လယ်ပြင်သို့ ဂရုတစ်စိုက်ကြည့် မိကြသည်။ လယ်ပြင်၌ နွားချေးခြောက်အရာတွေ့လျှင် ကျွန်တော် တို့က ရပ်ကြသည်။

ဤနေရာ၌ နံနက်က ဘထွေးနှင့် ကျွန်တော်တို့ ပြောခဲ့ သော စကားတို့အနက်မှ မရန်းသီးပြာသို တောင်ညိုပေါက် သည်တို့ကို ရှင်းပြလိုသည်။

ပြာသိုဆိုလျှင် ဒီပိုးတို့ တောင်ညိုပေါက်ပြီ။ ဒီပိုးတောင်ညို ပေါက်သော် မရန်းသီးကလေးဖြင့် အုပ်ချက်စားလျှင် အလွန် အရသာရှိ၏။

ဒီပိုးဆိုသည် နွားချေးပိုးထိုးအကောင်ပေါက်ဖြစ်သည်။ လယ်ကွင်း၌ နွားချေးကျသော် ပိုးတွယ်သည်။ ပိုးကောင်မကြီးသန္ဓေ တည်ပြီးသော် မြေလျှိုး၏။ ဘယ်အချိန်က စလျှိုးသည်ကိုတော့ ကျွန်တော်မသိ။ လူမိန်းမတို့ ကိုးလလွယ် ဆယ်လဖွားဟန် မျိုးတော့မတူ။

နွားချေးရာရှိသောမြေကို ပေါက်ပြားနှင့် မှုပ်တူးသော် ပပ်ကြားအက်သဏ္ဍာန်ဟက်ကွဲနေသော မြေကို တွေ့မည်။ ဤမြေကွဲ အတိုင်း အလိုက်သင့်လိုက်က မြေအတွင်းအတော်နက်နက်၌ အုန်းသီးတစ်လုံးထက် ကျယ်သော လိုဏ်ဂူတစ်ခု တွေ့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဤလိုဏ်အတွင်း၌ သီးသီးလုံးနှင့် သဏ္ဍာန်တူသော မြေကြီးလုံး (၇)လုံးမှ (၁၀)လုံးအထိတွေ့ရသည်။ ဤမြေကြီးလုံးကို အပေါ်၌ တကျည်ကျည် အော်နေသော နွားချေးပိုးထိုးမကြီးကို တွေ့ရမည်။ မြေကြီးလုံး တစ်လုံးကိုယူ၍ ခွဲလိုက်ပါက ကတ္တီပါ ဘောလုံး တစ်လုံးကို ခွဲသကဲ့သို့ အတွင်း၌ အခေါင်းရှိသည်။ အခေါင်း တွင်း၌ ဒီပိုးကို တွေ့ရမည်။ ဒီပိုး၏သဏ္ဍာန်မှာ နွားချေးပိုးနှင့် ထပ်တူညီမှုဖြစ်၏။ သို့ရာတွင် အရောင်အဆင်းမှာ ရွှေရောင် တဝင်းဝင်းရှိ၏။ ယခုလို ပြာသိုလဆိုလျှင် အတောင်ညိုတို့ ပေါက်စပြုလေပြီ။ ပြာသို၏ ရွှေရောင်ဝင်းသော အတောင် ညိုပေါက် ဒီပိုးကို မရန်းသီးလေးဖြင့်အုပ်၍ ချက်စားသော် ထူးကဲသော အရသာအား မြို့သားတို့ ခံစားဖူးကြလိမ့်မည် မဟုတ်။

ဘထွေးနှင့်ကျွန်တော်တို့သည် ဒီပိုးတွင်း သုံးတွင်းခန့် တွေ့သဖြင့် ဒီပိုးအကောင်နှစ်ဆယ်ခန့်ရသည်။ တော်လောက်ပေ ပြီ။ ထို့ကြောင့် ဘထွေးနှင့်ကျွန်တော်တို့သည် ထုံးစံအတိုင်း သဲချောင်းကစ်လျှောက် ပျားဖွပ်ထွက်ခဲ့ကြပြန်၏။

ဆောင်းညနေ၏နေရောင်သည် ဖျော့ဖျော့သာရှိလေသည်။ မြူနှင်းတို့ဝေနေ၏။ အင်တိုင်းကို ဖြတ်တိုက်လာသော မြောက်လေ သည် အေးချမ်းသည်။

ဤမြောက်လေကို အနံ့ခံကြည့်လျှင် ပျားအုံဘယ်အနား၌ ရှိသည်ကိုတော့ ဘထွေးရော ကျွန်တော်ပါသိသည်။

သဲချောင်းတစ်လျှောက် ကြာကြာမလျှောက်ကြရ။ ပေါက် ပင်ပျိုအကိုင်းတစ်ခုထက် ပျားအုံတစ်အုံကို တွေ့ရသည်။ ပျားအုံ ဆိုသော်လည်း ယင်ပျားအုံဖြစ်၍ သိပ်တော့မကြီးလှ။ ယင်ပျား ဖွပ်ရသည်မှာလည်း အလွန်လွယ်သည်။



ဘထွေးသည် သစ်ပင်ခွဆုံသို့ တက်၍ အဆင်သင့်ပါ လာသော ဆေးပြင်းလိပ်ကို မီးညှိသည်။ ထို့နောက်ပုဆိုးခေါင်းမြီး ခြုံ၍ ဆေးပြင်းလိပ်ငွေ့ဖြင့် ပျားအုံကိုမှုတ်သည်။ ဆေးပြင်းလိပ် ငွေ့ကြောင့် ပျားတို့ပြန်ပြေးသော် သစ်ကိုင်းကို ဓားမနှင့် ချိုင်၍ ပျားအုံကို အောက်သို့ချပေးသည်။ ကျွန်တော်က မိအောင် ဖမ်း ရ၏။

ဘထွေးသည် ဝိုင်းအုံလာသော ပျားတို့အား ဆေးပြင်းလိပ် ငွေ့ဖြင့် မှုတ်ရင်း ပုဆိုးကိုလည်း ခေါင်းမြီးခြုံလျက် သူ့ ဖင် ပြောင်ကြီး အပေါ်သားဖြင့် သစ်ပင်ပေါ်မှ ဒရောသောပါး ဆင်း ရသည်။

အောက်၌ ပျားအုံကိုင်ထားသော ကျွန်တော့်တွင်လည်း ရန်မကင်း၊ တပ်စုခွဲ၍ တိုက်စစ်ဆင်လာသောပျားတို့ကို အဆင် သင့် မီးညှိထားပြီးသော ဆေးပြင်းလိပ် တစ်လိပ်ဖြင့် ခုခံရ၏။ ကျွန်တော်နှင့် ဘထွေးလေးတွင် လွယ်အိတ်တစ်လုံးပါသည်။ လွယ်အိတ်အတွင်း၌ မီးတောက်ချက်အရက်တစ်လုံးပါလာသည်။ ပျားတို့နှင့် ဝေးရာရောက်သော် အရက်ပုလင်းထဲသို့ ပျားလပို့ ညှစ်၍ ပျားရည်တို့ကို ထည့်သည်။ ပျားရည်တို့ကို ညှစ်ပြီးသော အခါ ပျားရည်တို့ သမအောင်ပုလင်းလှုပ်ပေးရ၏။ တစ်ယောက် တစ်ကျိုက်ဆီမော့ကြည့်သောအခါ ပူရှိန်းရှိန်းချိုမြမြဖြင့် အလွန် အရသာရှိ၏၊

ချောင်းရိုးအတိုင်း ဘထွေးနှင့် ကျွန်တော်တို့ ပြန်လာခဲ့ သည်။ တစ်နေရာ၌ ဆီးချုံကိုနွယ်တက်နေသော ခွေးတောက်ရွက် များကို တွေ့ရသည်။

“အတော်ပဲဘထွေး၊ ပျားသလက်နှင့်ချက်ဖို့ ခွေးတောက် ရွက်ကို ကျူပ်သွားခူးအုံးမယ်”

www.burmeseclassic.com

www.burmeseclassic.com



"ခူးလကွာ... အတော်ပဲ ငါလည်း ပျားတစ်အုံ ဟိုမှာ တွေ့ပြန်ပြီ"

ဘထွေးက ပျားအုံရှိရာ သစ်ပင်ဆီသို့ သွားသည်။ ကျွန်တော်က ခွေးတောက်ရွက်ခူးရန် ထွက်လာသည်။

ဆီးချုံရှိရာမှာ တောအနည်းငယ် ထူသည်၊ မူလက ခွေးတောက်ရွက်ခူးရန်သွားသော်လည်း ချုံကြား၌ ကျွန်တော် အတပ်မက်ဆုံးသော အရာတစ်ခုကို တွေ့ရသည်။

ခြတောင်ပို့ တစ်ခု၏ အစွန်းအစတည်း။

ပေါက်တူးလည်း အဆင်သင့်ပါသဖြင့် ခြတောင်ပို့ကို ဖြိုဖျက်ရာဖြင့်ကျွန်တော်သည် ချုံကို တိုး၍ဝင်၏။ သို့ရာတွင် ချုံအတွင်းတောင်ပို့ အား၌ မြင်ရသော အရာတစ်ခုကြောင့် ကျွန်တော်သည် ထိတ်လန့်တကြား အော်လုမိမတတ်ဖြစ်သွား၏။

လည်ပင်းပြတ်လု ဓားဒဏ်ရာနှင့်မရှုမလှ သေနေသော အလောင်းတစ်လောင်းတည်း။

"ဘထွေး ... လာဗျ ... ဟာဗျ၊ အလောင်းကြီး... အလောင်းကြီး၊ ကိုဘိုးဒန်အလောင်းကြီးဗျ"

ကျွန်တော်၏ ထိတ်လန့်တကြားအော်သံကြောင့် ပျားမှုတ်နေရာမှ ဘထွေးသည် အပြေးအလွှားရောက်လာသည်။ သူ့နောက်ကလည်း ပျားတို့သည် တိုက်လေယာဉ်တို့သဖွယ် ထိုးဆင်းလိုက်လာ၏။

ပျားသုံးလေးကောင်ကို ကျွန်တော်တို့လည်ကုပ်ကို တုပ်သည်ကိုပင် အမှတ်မပြုနိုင်ဘဲ ဘထွေးနှင့်ကျွန်တော်သည် ရှေ့မှ အလောင်းကို မျက်လုံးအပြူးသားနှင့် ကြည့်နေကြ၏။



ကိုဘိုးဒန် မနေ့နံနက်က တာဥပြောက်နွားကလေးနှင့် မော်မဆုံးသော ကိုဘိုးဒန်...။

မနေ့ညက ကျောက်ပြုးရွှေနီနှင့် အပျော်ကျူးနေသော ကိုဘိုးဒန်၊ ယခုမူ အသက်မရှိပြီ။ အသက်မရှိတော့သော ကိုဘိုးဒန်၏ အလောင်းမှဒဏ်ရာများပေါ်တွင် ယင်မမဲရိုင်းများ အုံနေ၏။

ကြောင်နေရာမှ ဘထွေးသည် သတိရလျက် သူ့ဖနောင့်မှ ခြေမှုန့်ကို နဖူးတွင် သုတ်သည်။ သုတ်စဉ်ပါးစပ်မှလည်း ဖွ–ဖွဟု အော်သည်။ ကျွန်တော်ကလည်း ဘထွေးလုပ်သည့်အတိုင်း လိုက်လုပ်၏။

ဘထွေးနှင့်ကျွန်တော်သည် ချုံအပြင်သို့ အလျင်အမြန် ထွက်လိုက်ကြသည်။ အမှန်ဝန်ခံရလျှင် ကျွန်တော်အနည်းငယ် ကြောက်နေသည်။ သဘာဝကျွန်တော့်ဘထွေး၏ မျက်နှာ၌မူ သွေးမရှိတော့...။

"ကဲ... ဘထွေး... သူကြီးအိမ်ပြေးတိုင်ရအောင်"

"ဘယ်ဖြစ်မလဲ... ဘယ်ဖြစ်မလဲ"

ဘထွေးက တုန်ရီစွာ ငြင်းသည်။

"ဘာလို့မဖြစ်ရမလဲဗျ..."

"ဘယ်ဖြစ်မလည်း...တော်ကြာ တို့ကို အမှုပတ်နေအုံးမယ်"

"ဘထွေးကလအလောင်းတွေ့လို့ တိုင်တာ၊ ဘာလို့ အမှုပတ်ရမှာလဲ၊ ထိန်ချန်ထားမှ ဟကယ်အမှုပတ်မှာ"

ဤသို့ဆိုပြန်သော် ဘထွေး၏မျက်လုံးများမှာ ပိုပြူး လာသည်။

"အေး...ဟုတ်တယ်။ ထိန်ချန်မှုဖြစ်နေအုံးမယ်၊ ဒါဖြင့် ဘာလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမယ်ဆိုတာ ကျုပ်ပြောပြီးပါပကော၊ သူကြီး တိုင်ရမှာပေါ့ ..."

ထိုအခါကျမှ ဘထွေးသည် သတိရဟန် ခေါင်းညိတ်သည်၊ အရေးတကြီး သတိလည်းပေးသည်။

"အေး...တို့ သူကြီးတော့ တိုင်မယ်၊ ဒါပေမဲ့ မနေ့က ညနေ နောက်ဆုံးသူ့ကို ရွှေနီနဲ့ဘာနဲ့ တွေ့ခဲ့တာတွေ မင်းလျှောက် လေရှည်မနေနဲ့ဦး"

"ဘာပြုလို့..."

"တယ်...လရိုး၊ တယ်အမေးအမြန်းထူတဲ့ အကောင်ကိုး၊ တော်တော်ကြာ ရုံးတက်သက်သေတွေ ဘာတွေ ခံနေရဦးမယ်..."

ရုံးတက် သက်သေခံရမည်ကိုတော့ ကျွန်တော်လည်း ကြောက်သည်၊ ရုံးဆိုတာကပင် ကြောက်စရာကောင်းသည်၊ ကျွန်တော်ကြောက်သွားမှန်းသိ၍ ဘထွေးက ဆက်၍ ခြောက်သည်။

"ပြီးတော့ရွှေနီက တိုက်ပိုင်ကြီးဦးဆံနီရဲ့လူကွ၊ တော်တော်ကြာ သူကြီးမကျဘဲလွတ်လာတော့ တို့ကို ပြန်ရန် ရှာနေဦးမယ်၊ ဒီတော့... မင်းဘာမှသူကြီးဆီမှာ သောက်စကားတွေ မများနဲ့"

"အေးပါဗျာ...ကျုပ်နားလည်ပါပြီ ...လာပါဗျာ မြန်မြန် ပြန်ကြရအောင် တော်တော်ကြာ ကိုဘိုးဒန် အပမှိုပြီး ကျုပ်ကို့ကို စီးနေဦးမယ်"

ဘထွေး အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်၊ ထို့ကြောင့် သူသည် ပျားရည်ရောထားသော ချက်အရက်ကို ထုတ်ကာမော့သည်၊ ထို့နောက် ကျွန်တော့်အား ပုလင်းကို လှမ်းပေးသည်။



ကျွန်တော်ကလည်း တစ်ကျိုက်မော့သည်၊ ဤသို့ဖြင့် တုဝရိုးနှစ်ယောက် ချက်အရက်ကို တစ်ယောက်တစ်ကျိုက်စီ အကြိမ်ကြိမ်မော့ပြီးနောက် ရဲဆေးဝင်လာသောအခါ ရွာဆီသို့ သုတ်ခြေတင် ဒုန်းစိုင်းခဲ့လေသတည်း။

◆

(၇)

ညဉ့်ဦးယံလူရိုက်ပွဲ

နောက်တစ်နေ့တွင် ကိုဘိုးဒန်သတ်မှုနှင့် ပတ်သက်၍ တိုက်ပိုင်ကြီး ကိုဆံနီခေါင်းဆောင်သော ပုလိပ်များ ရွာသို့ ရောက်လာသည်။ သူတို့အားလုံး သူကြီးအိမ်၌ တည်းကြသည်။

ပုလိပ်ဆိုသော သတ္တဝါများသည် အလွန်ရွံ့စရာကောင်းသော သတ္တဝါများအဖြစ် နားလည်၏။ သူတို့ ရွာရောက်လာလျှင် အိမ်၌မွေးထားသော ကြက်ကို ချက်ကျွေးရသည်၊ မီးတောက် အရက် (သို့မဟုတ်) ပုစွန်ဆိတ် ဆတ်ဆတ်တုန်သော ထန်းရည် ကောင်းကောင်း ရှာပေးရသည်။

ကျွန်တော်တို့ ရွာသားများ အရက်မူးလျှင် ပုလိပ်က ဖမ်းတတ်၏။ အရက်မူးသူကို ဖမ်းသော ပုလိပ်တို့ရွာရောက်လျှင် မူးအောင်သောက်ရန် အရက်ရှာခိုင်းခြင်းကို ကျွန်တော် နားမလည်။ ကျွန်တော်နားလည်သည်မှာ ပုလိပ်ဆိုသည် အလွန်ဆိုးရွားသော သတ္တဝါများဟူ၍တည်း။

တိုက်ပိုင်ကြီး ကိုဆံနီသည် ပြည်ခရိုင်၌ အနေကြာပြီး တစ်ခရိုင်လုံး သူ့ကို သိ၍ ကြောက်လည်း ကြောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆံနီတဲ့ကွ ...၊ ပုလိပ်လုပ်ရင်း လူသတ်လာတာ သုံးယောက်ရှိပြီ..."

သူက ဤသို့ ကြုံဝါးလေ့ရှိသည်။

ထို့ကြောင့်လည်း ရွာသားများ တိုက်ပိုင်ကြီးကို ကြောက်ကြသည်။

ဩော်...ပုလိပ်ဆိုသည်မှာ လူသတ်မှုတရားခံကို ဖမ်းသူများ ဖြစ်သော်လည်း သူတို့မှ လူကိုလွတ်လပ်စွာ သတ်နိုင်ခွင့်ရှိဟန်တူစွ ကကား...။

တိုက်ပိုင်ကြီး ကိုဆံနီ၏အဖွဲ့၌ ဌာနာပိုင်ကြီးဦးထွန်းမှာ အရပ်ပု၍ ဗိုက်တွဲသည်၊ ငယ်ထိပ်မှာ ဆံပင်မပေါက်ဘဲ ပြောင်စပြုနေသည်။ ဤဌာနာပိုင်ကြီးသည် ပုလိပ်တစ်မျိုးဖြစ်၏။ သူသည် အရက်မသောက်၊ စကားပြောလျှင် ပြုံးပြုံးနှင့်ပျော့ပျောင်းသည်။ တော်ရုံတန်ရုံ အမှုသူ့ဂါတ်ရောက်လျှင် ဖြန်ဖြေကျေအေးစေ၍ ငြိမ်းစေသည်၊ သူ့ကိုမူကျွန်တော်တို့ ရွာသူရွာသားများ ချစ်ကြသည်၊ "ကယ်ဆယ်ရေးဆရာကြီး" ဟု ခေါ်ကြ၏။

မည်သို့ဖြစ်စေ... တိုက်ပိုင်ကြီးကိုဆံနီ အမှူးပြုသော အရက်နှင့် ထန်းရည်ကြိုက်တတ်သော ကြက်သားလည်လိမ်းကို ကြိုက်တတ်သော ရွာ၌ ကောင်းသည်ဟူသမျှ ကြိုက်တတ်သော ပုလိပ်အဖွဲ့ရောက်လာခြင်းမှာ ကျွန်တော်တို့ ရွာကို သုသာန်တစကဲ့သို့ ခြောက်သွေ့စေခဲ့သည်၊ ပုလိပ်မင်းများ ရောက်ဆဲဖြစ်၍ ကာလသားတို့ပင် ရွာလမ်း၌ ထွက်မလျှောက်ရဲ။

ထိုညနေကျောင်းဆင်း၌ မယဉ်နွယ်သည် ကျွန်တော်အား ကျောင်းတစ်ထောင့်၌ တိုးတိုးတိတ်တိတ်သတင်းမေးသည်။

"သန့်ဇင် နင် ဟိုနေ့က လူသေအလောင်းကြီး တွေ့တယ်ဆို"



"အေးလေ...ဒါကြောင့် နင့်အဘကို ငါတို့လာတိုင်တာပေါ့"

"နင်လူသေအလောင်းကြီးတွေ့တော့ မကြောက်ဘူးလား"

"ငါက လူအရှင်တောင် မကြောက်တာ မလှုပ်နိုင်တဲ့ လူသေကို ဘာလို့ကြောက်ရမလဲ"

"နင်သိပ်သတ္တိကောင်းတာပဲဟယ်"

မယဉ်နွယ်သည် ကျွန်တော့်အား ချီးမွမ်းသော မျက်လုံးများဖြင့် စူးစိုက်ကြည့်ရင်းပြောသည်။ ကျွန်တော်က မယဉ်နွယ်ကို အထူးတလည် စူးစူးစိုက်စိုက်ကြည့်မိသည်။

မယဉ်နွယ်၏ မျက်တောင်များသည် မသန်းရှင်၏မျက်တောင်များထက် ပိုကော့သည်၊ မသန်းရှင်၏မျက်တောင်များထက် မီးခြစ်ဆံတစ်ချောင်း တင်နိုင်သော်၊ မယဉ်နွယ်၏ မျက်တောင်များထက် ဆေးပေါ့လိပ်တစ်တို တင်နိုင်မည်ထင်သည်။ မယဉ်နွယ်၏ မျက်တောင်ကော့ကြီးများ ခတ်ပုံမှာ ယခုပြာသိုလ ခွာညိုပန်းထက်ဝတ်ရည်စုပ်သော လိပ်ပြာတောင်ကြီးများ ပျံနေသည်နှင့်တူသည်ဟု ကျွန်တော်နှိုင်းယှဉ်မိသည်။

"သန့်ဇင်... နင်ငါ့ကို ဘာလို့ စိုက်ကြည့်နေတာလဲ"

"မယဉ်နွယ်...နင်ကသိပ်လှတယ်ဟာ၊ ဒါကြောင့် နင့်ကို ငါက ကြည့်တာ"

"ငါတကယ်လှလား"

"ရော...ခက်ပါပြီ၊ ထန်းပင်ပေါ်က လိမ့်ကျပါတယ်ဆိုမှ အပေါက်ကလေးနဲ့ လုပ်နေပြန်ပြီ၊ နင်တကယ် လှပါတယ်ဟ... များစူးရပါစေရဲ့"

"ငါတကယ် လှတယ်၊ နင့် ဆရာရည်းစား မသန်းရှင်နဲ့ ငါနဲ့ ဘယ်သူပိုလှလဲ..."

www.burmeseclassic.com

www.burmeseclassic.com



"မမရှင်လည်း လှတာပဲ၊ ဒါပေမဲ့ ငါတော့ နင်ပိုလှတယ် ထင်တာပဲ"

မယဉ်နွယ်သည် ကျေနပ်နှစ်ခြိုက်စွာပြုံး၍ ကျွန်တော့်နားကပ်ကာ တိုးတိုးပြောသည်။

"သန့်ဇင်... ဒီည တို့ခြံထဲမှာ အမှုစစ်မလို့ အဲဒါ နင်ကြည့်ချင်သလား"

"ကြည့်ချင်တာပေါ့ မယဉ်နွယ်ရာ၊ နင်တို့အိမ် ရောက်နေတဲ့ တိုက်ပိုင်က လူသတ်မှုးတယ်ဆို"

"အေးဟ...ငါလည်းကြားမှုးတာ၊ သူ့နံမည်က ဦးဆံနီတဲ့ သူ့မျက်ဆန်ကြီးကလည်း အမြဲနီနေတာပဲ"

"ငါတော့ မျက်ဆန်နီတဲ့ သတ္တဝါဆို တစ်ကောင်မှ မကြောက်ဘူး၊ မျက်ဆန်နီတဲ့ကောင်ဟာ အမှုးသမားဟ၊ အမှုးသမားဆိုတာ အရူးပဲ၊ အရူးကိုဘာလို့ လူကောင်းက ကြောက်ရမှာလဲ"

"အေးပါဟယ်...နင်သတ္တိကောင်းတာ ငါသိပါတယ်၊ ဒီညသူငယ်အိပ်ဆိတ်ကြက်တွန်ရင် တို့ခြံထောင့် နင်လာပေါ့၊ သရက်ကိုင်းမှာ ငါကြိုးချည်ပြီး ခြံအပြင်ဘက် ချထားပေးမယ်၊ နင်တွယ်တက်ခဲ့ပေါ့"

ကျွန်တော်သည် အလွန်ဝမ်းသာသွားသည်။ "နင်ကြိုးတောင် ချပေးဖို့ မလိုပါဘူးဟာ... နင်တို့ ခြံထဲလောက်တော့ ငါဝင်နိုင်ပါတယ်၊ ထားပါတော့လေ...ငါလာခဲ့ပါ့မယ်၊ နင် ငါ့ စောင့်နေမလား..."

မယဉ်နွယ်သည် ကျွန်တော့်အား မျက်စောင်းထိုးသည်၊ ကျွန်တော့်ကို အမလည်း မျက်စောင်းထိုးမှုးသည်။ အရီးလေး



လည်း မျက်စောင်းထိုးမှုးသည်။ အမနှင့်အရီးလေးမျက်စောင်းထိုးသော် ကျွန်တော်အလွန်စိတ်ဆိုးသည်။ မယဉ်နွယ်မျက်စောင်းထိုးပုံမှာ တစ်မျိုးဖြစ်သည်၊ မျက်နက်ကလေး အပေါ်လှန်၍၊ မျက်တောင်ကလေးစင်းကာ ဖွေဖွေလေးထိုးလိုက်သော်လည်း အကြောစိမ်းကလေးများ ပေါ်နေသော သူ့မျက်နှာ၌ ပါးခွက်ကလေးများ ပေါ်အောင်ပြုံးလျက်ရှိနေ၏။

"နင်တော်တော်ဝိတယ်သန့်ဇင်၊ စောင့်နေပါမယ်ဆိုပါမှ ငါက စောင့်မနေရမှာလားဟင်..."

ဒီတော့မှ ကျွန်တော်က ပြန်ချော့ရသည်။

"အလကား ကလူတာပါ မယဉ်နွယ်ရယ်၊ နင်စောင့်နေနော်၊ ငါညလာလို့ရှိရင် ဆီးသီးထုပ် တစ်ထုပ်ယူခဲ့မယ်"

"ဆီးသီးမယူခဲ့နဲ့ဟာ၊ မရုန်းချိုသီး မယူခဲ့နိုင်ဘူးလား၊ အေးလေ နင်ပေးချင်ရင်တော့ ရှာနိုင်မှာပါပဲ"

"မရုန်းချိုသီးများ စာမွဲ့လို့ဟာ၊ ဒါလောက်တော့ ငါရှာနိုင်ပါတယ်။ ငါမရှာနိုင်တာက ခြသံပါ..."

"နင်...ခြသံအကြောင်းပြောတာ နှစ်ခါရှိပြီ၊ ခြသံဆိုတာ ဘာလဲ..."

"နင်...ဒါနားမလည်ပါဘူး မယဉ်နွယ်ရာ"

ကျွန်တော့်ဆရာကိုအုန်းဖေ လျှောက်လာသည် တွေ့သဖြင့် မယဉ်နွယ်နှင့် ကျွန်တော်သည် ကပြာကရာလူချင်းခွဲလိုက်ရသည်။

ထိုည၌ လမင်းသည် ထိန်ထိန်သာနေ၏။ ပြာသိုလ မိုးကောင်းကင်၌ တိမ်ကြက်တစ်ဝပ်ရှိသော် စစ်မက်ဖြစ်ရာ ထုပြောသည်ဟု ကျွန်တော်ကြားဖူးသည်။ မိုးကောင်းကင်၌ တိမ်တို့ ကြက်မ,တစ်ဝပ်စာမက ဆင်မအကောင်တစ်ရာ ဝပ်စာ

www.burmeseclassic.com

www.burmeseclassic.com



ထက်များနေသည်။ ဤသည်ကိုပင် ကျေးဇူးတင်မိ၏။ လရောင်မှိန်လေ ကိုယ်ဖျောက်ဖို့ကောင်းလေ၊ ယနေ့ည ကျွန်တော်သည် ကိုယ်...ဖျောက်သွားရမည် မဟုတ်ပါလော။

မယဉ်နွယ်က အလွန်ကတိတည်သည်၊ သရက်ပင်ကိုင်းကို ကျော်၍ မြေပြင်သို့ ကြိုးတစ်ချောင်းကျနေသည်။ ကျွန်တော်သည် စစ်မဖြစ်မီက ပေါင်းတလည်မြို့ ခာတ်ရှင်ရုံကြီး၌ ကြည့်ဖူးသော ရဲခေါင်ချစ်ဆွေကြီးနည်းတူ၊ ကြိုးကိုဆွဲ၍ နောက်သို့ခြေလှမ်းလေးငါးလှမ်းဆုတ်ကာ ခြံစည်းရိုးအား လွှားခနဲကျော်လိုက်သည်၊ ဝါးဖျားအချွန်တပ် ခြံစည်းရိုးနှုတ်ခမ်းနှင့် ကျွန်တော့်တင်ပါးအတွေ့၊ ပွကနဲ ဖြစ်ကာ ကျွန်တော့်မှာ မြေပြင်သို့ ဖုံးခနဲကျသွားသည်။

ဖုတ်ဖက်ခါထပြီးသောအချိန် ကျွန်တော်သည် ရဲခေါင်ချစ်ဆွေကြီး၏ နည်းကို ရိုးသားစွာစွန့်လွှတ်လိုက်သည်။ ကြိုးကိုခြေနှစ်ဖက် လက်နှစ်ဖက်နှင့်ကပ်တွယ်၍၊ မျောက်တစ်ကောင်၏ လျင်မြန်ခြင်းဖြင့် ကျွန်တော်သည် သရက်ပင်ကိုင်းပေါ်ရောက်သွား၏။

သရက်ပင်ကိုင်းမှ ကြိုးအတိုင်း လျှောချလိုက်သည်၊ အရှိန်မသတ်နိုင်သဖြင့် ကျွန်တော်သည် မြေပြင်သို့ စက်သီးမှ ရေပုံးကျသည့်နှယ် တစ်ရှိန်ထိုးကျသွားသည်။

မချိမဆံ့ခံရသော ဒဏ်ကြောင့် ကျွန်တော်အောင့်နေခိုက် လက်ကလေးနှစ်ဖက်က ကျွန်တော့်အား ပွေ့ထူလိုက်သည်။

"သန့်ဇင်...သန့်ဇင်..."

ကျွန်တော်က ရုတ်တရက် ပြန်မထူးနိုင်။

"သန့်ဇင်၊ နင်ငါခေါ်တာကြားလား၊ နင် မသေသေးဘူးနော်..."



ကျွန်တော်သည် ဒေါသအလွန်ထွက်သွားသည်၊ သစ်ပင်ပေါ်မှကျရုံနှင့် လူသေရမည်လော...။

"ငါ မသေပါဘူးဟ၊ သေလို့ အပမှီရော၊ နင်သိမှာမို့လား..."

မယဉ်နွယ်သည် ကျွန်တော့်ကိုယ်မှ လက်ကလေးများရုတ်၍ နောက်သို့ ဆုတ်သွားသည်။ ဤတော့မှ ကျွန်တော်က ကပျာကသီထ၍ သူ့နောက်လိုက်မိသည်။

"နင်ကလည်းအားရင်ကြောက်နေတာပဲ၊ ငါကျီစားတာပါဟ..."

ထိုအခါကျမှ မယဉ်နွယ်သည် သက်ပြင်းချရင်း ကျွန်တော်အလွန်မြတ်နိုးသော မျက်စောင်းကို ထိုးသည်။

မယဉ်နွယ်နှင့် ကျွန်တော်သည် တစ်ဦးလက်တစ်ဦး ဆုပ်၍ လရောင်ဝိုးဝါးတွင် ချုံကြိုချုံကြားတိုးကာ အိမ်ကြီးဆီကပ်လာကြသည်။

မယဉ်နွယ်၏ ကိုယ်လေးမှာ တဆတ်ဆတ်တုန်နေသည်၊ သနပ်ခါးနံ့မွှေးသော မယဉ်နွယ်၏ နားကလေးနား ကပ်ကာ ကျွန်တော်က တိုးတိုးမေးသည်။

"နင့်ကိုယ်တွေတုန်နေတယ်၊ ကြောက်သလား မယဉ်နွယ်"

"အေး...ငါကြောက်တယ်..."

"နင်ဘာကို ကြောက်တာလဲ..."

"ငါသရဲလည်း ကြောက်တယ်၊ အဘကိုလည်း ကြောက်တယ်၊ ပုလိပ်ကိုလည်း ကြောက်တယ်..."

"မကြောက်ပါနဲ့ မယဉ်နွယ်ရယ် ငါပါ, ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်နှင့် မယဉ်နွယ်သည် ဇလပ်ချုံကြီး တစ်ခုအနီးသို့ရောက်လာခဲ့၏။ အိမ်နောက်ဖေးမီးရောင်များက ကျွန်တော်တို့ဆီလာနေသည်။ အောက်လင်းဓာတ်မီးရောင် ဖြစ်သဖြင့် အလွန်ထိန်သည်။ မယဉ်နွယ်နှင့် ကျွန်တော်သည် ဇလပ် ပင်ရင်း၌ ဝပ်လိုက်ကြသည်။ ဝပ်ရင်းလည်း တစ်ယောက်ကို တစ်ယောက် ဖက်ထားကြသည်။

ပြာသိုလဖြစ်သော်လည်း မယဉ်နွယ်၏ကိုယ်ကလေးမှာ နွေးနေသည်၊ သူတို့မိန်းမကိုယ်ကလေးသည် အချိန်မရွေး နွေး နေဟန်ရှိ၏။ ကိုယ်က နွေးရသည့်အထဲ သနပ်ခါးနံ့ကလည်း မွှေးနေပြန်တော့ ကျွန်တော်သည် ရောက်နေသော နေရာကိုလည်း ကောင်း၊ တိုက်ပိုင်ကြီး ကိုဆံနီကိုသော်လည်းကောင်း၊ ပုလိပ်များ ကို လည်းကောင်း၊ အားလုံးမေ့သွားသည်။

"ပဋိသန္ဓေယောနိသော အပျိုမြင် ငါ့ကိုပြော..."

ကျွန်တော် ဘုန်းကျောင်းသားဘဝက ဤသို့ ခဏခဏ အော်ဖူးသည်။ ယခုအပျိုကို မြင်ရုံတင်မက ဖက်နေရသည်။ ဤသို့ ဖက်နေရကာမှ အဘယ်ကြောင့်ကျောင်းသားကြီးတို့သည် "အပျိုမြင်လျှင် ငါ့ကိုပြော" ဟု ကြွေးကြော်ရသနည်းဟု ကျွန်တော် သဘောပေါက်သွားသည်။

မယဉ်နွယ်၏ ကိုယ်သည် ပြာသိုလ၌ပင် အလွန်နွေးနေ ပါ၏။ မိန်းမတိုင်း၏ ကိုယ်သည် မယဉ်နွယ်ကဲ့သို့ နွေး မနွေး ကျွန်တော်မသိ...။

ဤစဉ်းစားခန်းဖြင့် ကျွန်တော်ငိုင်နေခိုက် မယဉ်နွယ်က ကျွန်တော့်ကို လက်တို့သည်။

"ဟော...ဟော... တိုက်ပိုင်ကြီး ထွက်လာပြီ ..."



မယဉ်နွယ်တို့၏ အိမ်နောက်ဖေး၌ ဝါးပိုးတိုင်လုပ်၍ သက်ငယ်မိုးနှင့် မကျွပ်သဖွယ် အဆောက်အဦတစ်ခု ရှိသည်။ အောက်လင်းမီးအိမ်၏ အရောင်ကြောင့် ဤအမိုးအောက် ကျွန်တော်တို့ဘက် ကျောပေးရင်း ဆောင့်ကြောင့်ထိုင်နေသော လူဆယ်ဦးခန့်ကို မြင်ရ၏။ သူတို့၏ ထိပ်နှစ်ဖက်နှင့် အနောက် ၌ သေနတ်ကိုင်ပုလိပ်သုံးဦး စောင့်နေ၏။

တိုက်ပိုင်ကြီး ကိုဆံနီနှင့် ဌာနာပိုင်ကြီး ဦးထွန်းတို့ ထွက်လာကြသောအခါ ဆောင့်ကြောင့်ထိုင်နေသူအနက် တစ်ဦးမှ လွဲ၍ အားလုံးဦးချရသည်။

တိုက်ပိုင်ကြီးနှင့် ဌာနာပိုင်ကြီးသည် အဆင်သင့်ရှိသော ကုလားထိုင်ကြီးထက်၌ ဝင်ထိုင်လိုက်ကြသည်။ သူကြီးဦးသာဇံ သည် တိုက်ပိုင်ကြီး၏ကုလားထိုင်အနီးရှိ ဖျာထက်၌ ကျို့ကျို့ရို့ရို့ ဝင်ထိုင်သည်။

အနီးရှိ ပွတ်တိုက်ခြေထောက်နှင့်စားပွဲတစ်လုံးထက်ဝယ် အရက်ပုလင်းများနှင့် ဖန်သားခွက်များ ရှိသည်။ လူနှစ်ဦးက ဖန်သားခွက်များအတွင်းသို့ အရက်ငှဲ့ပေး၍ တိုက်ပိုင်ကြီးနှင့် ပုလိပ်များကို ဆက်ရသည်။ ဌာနာပိုင်ကြီးကိုထွန်းကမူ အရက် မသောက်။

အရက်ငှဲ့ပေးသူ နှစ်ဦးအား သေသေချာချာ မြင်မိသော အခါ ကျွန်တော်သည် အတော်အံ့သြသွားမိ၏။

တစ်ဦးမှာ ကျွန်တော့်ဘထွေးလေးရွှေလွန်းဖြစ်၍ ကျန် တစ်ဦးမှာ ကျောက်ဖြုန်းရွှေနီဖြစ်သည်။

တိုက်ပိုင်ကြီးတို့ ရှေ့၌ ဆားပုလင်းနှစ်ကောင် ရှိသည်။ (ဆားပုလင်းဆိုသည်မှာ အမှုစစ်ရဲကြပ်ကြီးဟု နောင်မှ ကျွန်တော် သိရသည်။)

www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှစ်ကောင်အနီး၌ တုတ်တို တုတ်ရှည်များ အပြင် ကြေးစည်ထုသောဘုနှင့် တူသည့် တင်းပုတ်နှစ်ခုရှိသည်။

"မယဉ်နွယ်အဲဒီတုတ်တွေနဲ့ ကြေးစည်ဘုက ဘာလုပ်ဖို့ လဲ"

"အဲဒါတွေက အမှုစစ်ရင် သုတို့သုံးတယ် နင်စောင့်ကြည့်"

ကျွန်တော်ကြာကြာစောင့်မကြည့်ရ၊ ရှေ့၌ ဆောင့်ကြောင့် ထိုင်နေသူတစ်ဦးပြီး တစ်ဦးခေါ်ထုတ်၍ ဆားပုလင်းနှစ်ကောင် သည် တုတ်နှင့်လည်းရိုက်သည်။ တင်းပုတ်နှင့်လည်း ထုသည်။ ကစ်ချိတစ်ချိတွင် တိုက်ပိုင်ကြီးဦးဆံနီ က ရှူးဖိနပ်နှင့် မျက်နှာသို့ ထ၍ထ၍ ကန်သေးသည်။

ကန်လိုက် ရိုက်လိုက်နှင့် တရားခံကို မေးခွန်းလည်း ထုတ်သေးသည်၊ အမေးနှင့်အဖြေတို့ကို ဌာနာပိုင်ကြီးဦးထွန်းက စာရွက်တစ်ရွက်ဖြင့် လိုက်မှတ်သည်။

လူတစ်ဦးပြီးတစ်ဦး အရိုက်အထုအကန်ခံရသည်။ မချိ မဆံ့ အော်သူလည်း အော်ကြသည်။ သတိမေ့မြောသူလည်း မေ့မြောသွားကြသည်။ စစ်မေးသော မေးခွန်းများမှာ ထူးမခြားနား များသာဖြစ်သည်။

"ဘိုးဒန်ကို နွားပွဲမှာ တွေ့တယ်မဟုတ်လား"

"ဘိုးဒန်နဲ့မင်း ရန်ဖြစ်ဖူးတယ်မဟုတ်လား..."

"ဘိုးဒန်ကို မင်းသတ်တယ်မဟုတ်လား"

ဤမေးခွန်း ဤအရိုက် ဤအထုတို့ဖြင့် အမှုစစ်ခြင်း သည် မြိုင်မြိုင်ဆိုင်ဆိုင်ကြီးဆက်လက်သွားနေ၏။

ကျွန်တော်သည် မယဉ်နွယ်၏ နားသို့ကပ်၍ တိုးတိုး မေးမိသည်။



"အဲဒီလူတွေအားလုံးက ကိုဘိုးဒန်ကို သတ်တဲ့လူတွေ ဟုတ်ပါ့မလား..."

"ဘယ်တော့ဖြစ်နိုင်မလဲ... ဒါပေမဲ့ လူတစ်ယောက်ကို တိုက်ပိုင်ကြီးက ငါးဆယ်ရတယ်"

"ဘာ...လူတစ်ယောက်ကို ငါးဆယ်ရတယ်"

"သန့်ဇင်...နင်ဒါတွေ နားမလည်သေးဘူး။ ပုလိပ် မသက်ရင် အချုပ်ခံရတယ်၊ အချုပ် မခံချင်ရင် ငွေငါးဆယ် ရှာပေးလိုက်ရင် ပြီးတာပဲ"

မယဉ်နွယ် စကားမဆုံးခင်ရှေ့မှ ရှုခင်းသည် ထူးခြား ပြောင်းလွဲသွား၏။ ဆောင့်ကြောင့်ထိုင်နေသူတစ်ဦးအား ဆား ပုလင်း တစ်ကောင်က တိုက်ပိုင်ကြီး ရှေ့သို့ ခေါ်ထုတ်သည်။ ထိုသူသည် တိုက်ပိုင်ကြီး ရှေ့သို့ မသွားဘဲ နောက်သို့ ဆုတ်၍ မားမားကြီး ရပ်လိုက်၏။

မယဉ်နွယ်သည် ထိတ်လန့်တကြား ကျွန်တော့်အား ဖက်ရင်း ပြောသည်။

"သန့်ဇင်... အဲဒါ နင့်အဘ..."

မယဉ်နွယ်ပြောသည်မှန်၏၊ ကျွန်တော့်အဘသည် မားမား ကြီးရပ်ရင်း တိုက်ပိုင်ကြီးကို စူးစူးစိုက်စိုက်ကြည့်နေ၏။ ဤ သည်ကို မကျေနပ်သော ဆားပုလင်းတစ်ကောင်က အဘအား ဘုတ်နှင့်ဝင်ရိုက်သည်။ အဘသည် ရိုက်သောလက်အား သူ့ဘယ် လက်ဖြင့် ဆီးဖမ်း၍ သူ့ညာခြေထောက်နှင့် ဆီးခုံအားပေါက်ချ သည်။ ဆားပုလင်းကောင်သည် ခွေးနာတစ်ကောင်လို အော်၍ ခြေပေါ်သို့ ပုံကျသွားသည်။ ရုတ်တရက်သော် အားလုံးကြောင် နေကြသည်။ ထို့နောက်မှ ပုလိပ်သုံးကောင်က အဘခါးကို သေနတ်များဖြင့် တေ့ချိန်၍ လက်မြှောက်စေသည်။ အဘသည်

www.burmeseclassic.com

www.burmeseclassic.com



လက်မြှောက်လိုက်၏။ ထိုအခါကျမှ တိုက်ပိုင်ကြီးဦးဆံနီသည် ဟာဟဲဟဲရယ်၍ တင်းပုတ်ကြီးကို ကိုင်ရင်း အဘရှေ့၌ရပ်သည်။

နောက်တစ်စက္ကန့်ဆိုလျှင် ဘာဖြစ်မည် ကျွန်တော်မသိ။ သို့သော် ကျွန်တော်သည် မယဉ်နွယ်ဆွဲရင်းတန်းလန်းက ချုံကွယ်သူတို့ရှိရာ ပြေးထွက်ခဲ့သည်။ ကျွန်တော့်နောက်ပါး မှ မယဉ်နွယ်လည်း ကပ်ပါလာ၏။

မမျှော်လင့်ဘဲ ကျွန်တော်တို့ ကလေးနှစ်ဦးပေါ်လာသဖြင့် အားလုံးကြောင်ကြည့်နေသည်။ ကျွန်တော်နှင့် မယဉ်နွယ်သည် အဘနှင့် တိုက်ပိုင်ကြီးကြား ရပ်လိုက်ကြသည်။

"တိုက်ပိုင်ကြီး ခင်ဗျား မတရား မလုပ်နဲ့၊ ကျုပ်အဘ ကိုဘိုးဒန်ကို မသတ်ဘူးဗျ..."

အဘသည် သတိဝင်လာဟန်နှင့် ကျွန်တော့်အားလှမ်း အော်သည်။

"ဟဲ့ငယ်လေး နင်ဘယ်ကလာသလဲ သွားစမ်းပြန်"

ကျွန်တော်က အဘအား ပြန်အော်သည်။

"ကျုပ်က ဘာလို့ ပြန်ရမှာလဲဗျ၊ ကိုဘိုးဒန် သတ်တဲ့ သူကျုပ်သိတယ်"

တိုက်ပိုင်ကြီးကိုဆံနီသည် မီးတောက်သော မျက်လုံးများဖြင့် ကျွန်တော့်အနားကပ်လာသည်။ ကျွန်တော်သည် နောက်ဆုတ်၍ အသင့်ရှိသော အရက်ပုလင်းတစ်လုံးကို ဆွဲကိုင်သည်။

"တိုက်ပိုင်ကြီး ကျုပ်နားခင်ဗျား မကပ်နဲ့ဗျာ၊ ခင်ဗျားခေါင်းကို ကျုပ်ရိုက်ခွဲမယ်၊ ပြီးတော့ ကျုပ်ဆရာကို တိုင်မယ်၊ ကိုညီလေးကို တိုင်မယ်၊ ဗိုလ်နေဝင်းကို တိုင်မယ်"



ကျွန်တော့်စကားအနက် ကျွန်တော့်ပုလင်းကို ကြောက်၍လော၊ ကျွန်တော့်ဆရာကို ကြောက်၍လော...၊ ကိုညီလေးကို ကြောက်၍လော၊ ဗိုလ်နေဝင်းကို ကြောက်၍လောမသိ တိုက်ပိုင်ကြီးရပ်သွားသည်။

ထိုအခါ သူကြီးဦးသာဇံသည် ဝုန်းခနဲထ၍ အော်သည်။

"သောက်ကန်းမလေး... ဒီမျိုးမစစ်ကလေးနဲ့ ဘယ်က တွေ့လာလဲ"

ဦးသာဇံသည် ဒေါသတကြီးနှင့် ကျွန်တော့်အနီးရှိ မယဉ်နွယ်ဆီပြေးလှမ်းလာ၏။

"ဒီမှာသူကြီး၊ ခင်ဗျား မယဉ်နွယ်ထိရင် ခင်ဗျား ခေါင်းလည်း ကျုပ်ရိုက်ခွဲမယ်"

သတ္တိတစ်ပြားသားမှမရှိသော သူကြီးသည် နောက်ဆုတ်သွားသည်။ မယဉ်နွယ်လည်း ရောယောင်၍ အရက်ပုလင်းတစ်လုံးကို ဆွဲထားသည် အားလုံးကျွန်တော်တို့ကြောင့် ကြောင်နေခိုက် ဌာနာပိုင်ကြီးဦးထွန်းသည် နေရာမှထသည်၊ သူကအေးချမ်းစွာဖြင့် ကျွန်တော့်အား လှမ်းပြောသည်။

"ငယ်လေး ခုနက ကိုဘိုးဒန်ကို သတ်တဲ့လူ သိတယ်လို့ ပြောတယ်၊ သူဘယ်သူလဲ"

ကျွန်တော်သည် ကိုရွှေနီဘက်သို့ လှည့်လိုက်သည်။

"ကိုဘိုးဒန်သတ်တာကျောက်ဖြူနံးရွှေနီ ဒါကို ဘထွေးလေးလည်းသိတယ် မှတ်ဖူးလား ဘထွေးလေး"

ကိုရွှေနီသည် အလွန်လျင်မြန်၏။ သူသည် ကျားသဖွယ် ကျွန်တော့်အပေါ် ခုန်အုပ်လိုက်သည်။ သို့ရာတွင် ရှေ့ထက် ဌာနာပိုင်ကြီးက ပိုလျင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေနီ၏ လက်များ ကျွန်တော့်လည်ပင်းရောက်ချိန်၌ ဌာနာပိုင်ကြီး၏ ခြောက်လုံးပြူးသည် ကိုရွှေနီ၏ နားထင်၌ တေ့ပြီး ဖြစ်နေသည်။

"ရွှေနီ မင်း ကလေးကို လွှတ်လိုက်၊ ငါပြောတာကြားလား"

ဤသို့ ဆိုပြန်သော် ကိုရွှေနီသည် အမိန့်ကို နာခံသော အမဲလိုက်ခွေးပမာ ကျွန်တော့်ကိုယ်ပေါ်၌ ခွာ၍ တစ်နေရာ၌ လက်အုပ်ချီဆောင့်ကြောင့်ထိုင်သည်။

ဤအချိန်အထိ ငြိမ်နေသော တိုက်ပိုင်ကြီးသည် လှုပ်ရှားလာ၏။

"ဟေ့လူ ကိုထွန်း ခင်ဗျားဘာလုပ်တာလဲ"

ဌာနာပိုင်ကြီးသည် ခြောက်လုံးပြူးကို လက်ကမချဘဲ တည်ငြိမ်စွာဖြင့် ပြန်ဖြေ၏။

"ကျုပ်ဟာရားခံအစစ်မိထားပြီ၊ ဒီကလေးပြောတာမှန်တယ်။ ကျုပ်သတင်းရပြီးပြီ၊ ဘိုးဒန်နွားဈေးကောင်းကောင်းရတယ်၊ ရွှေနီဖဲရှုံးတယ်၊ ငယ်လေး မင်းက ဘိုးဒန်ကို ရွှေနီသတ်တယ်လို့ ဘာကြောင့်ပြောလဲ"

ကျွန်တော်သည် အလွန်အားရှိသွား၏။ ထို့ကြောင့် သ်သမျှစပြောသည်။

"ဌာနာပိုင်ကြီး၊ ကိုဘိုးဒန်ရဲ့ စာဥပြောက်နွားလေးကို ပွဲစားတွေ ဝိုင်းနေတာ ကျွန်တော် တွေ့ခဲ့ရတယ်၊ စာသင်ကိုသန်းမောင်ရဲ့ညီ ညွန့်မောင်ကြီးနဲ့ ကျွန်တော်နဲ့ ကျောက်ဖြူန်း ရွှေနီ ဖဲရှုံးတာလည်းတွေ့ခဲ့တယ်၊ ညနေရွာပြန်လာတော့ ကိုဘိုးဒန်နဲ့ ရွှေနီနဲ့တွဲပြီး ချောင်းခေါင်းသချိုင်းမှာ ကန်းရေမူးနေတာလည်း တွေ့ခဲ့တယ်"



ဌာနပိုင်ကြီးသည် ကျေနပ်စွာပြုံးရင်း ခေါင်းတညိတ်ညိတ်ဖြင့်ဆက်မေး၏။

"ဘိုးဒန်နဲ့ ရွှေနီအရက်မူးတာ ငယ်လေးအပြင် ဘယ်သူမြင်သေးသလဲ..."

"ကျုပ်ရော ဘထွေးလေးရောမြင်တယ်"

ဌာနာပိုင်ကြီးက ဘထွေးကို ကြည့်တယ်၊ ဘထွေးက ပါးစပ်အဟောင်းသားနှင့် ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်က ဘထွေးကို အားပေးသည်။

"မကြောက်ပါနဲ့ ဘထွေးရယ် ခင်ဗျားက သက်သေလိုက်ရမှာ ကြောက်တာနဲ့ ကျုပ်ပါးစပ်ပိတ်ထားတယ်...၊ အမှုထိမ်ချန်ရင် အပြစ်ကြီးတယ်လို့၊ ဌာနာပိုင်ကြီး ကျုပ်အမှု မထိမ်ချန်ဘူးဗျ၊ ကျုပ်အမှန်တွေပြောနေတာ"

ဌာနပိုင်ကြီးသည် ကျွန်တော့်အား မည်သို့မျှ ပြန်မပြောတော့ဘဲ ပုလိပ်များအား အမိန့်ပေးသည်။

"ဟေ့....ရွှေနီကို ချုပ်၊ ရွှေလွှန်းကိုလည်း ချုပ်ကွာ"

ဘထွေးသည် မျက်လုံးအပြူးသားနှင့် ကျွန်တော့်အား လှမ်းကြည့်သည်။

"ငယ်လေးရော ငါ့လူရာ မင်းနဲ့ငါနဲ့ ရန်ငြိုးမရှိပါဘူးကွာ၊ မင်းသိသားပဲကွာ၊ ငါမဟုတ်တာဘာမှ မလုပ်ပါဘူးကွာ၊ မင်းက ငါ့ကို အနုအကျဉ်းကျအောင် လုပ်ပြီပေါ့ကွာ"

ကျွန်တော်သည် ဘထွေးအား အလွန်သနားသွား၏။ ရင်၌လည်း ဆို့သွား၏။ ထို့ကြောင့် ဌာနာပိုင်ကြီးအား မေတ္တာရပ်ခံသည်။

"ဌာနာပိုင်ကြီးရာ၊ ကျုပ်ဘထွေးမှာ အပြစ်မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဌာနာပိုင်ကြီးသည် ဘထွေးအားစေ့စေ့ကြည့်၍ မေးသည်။

"ဖိုးရွှေလွန်း ငယ်လေးပြောတာတွေ အမှန်လား"

"မှန်...မှန်...မှန်ပါတယ်ခင်ဗျ"

"မင်း အစိုးရသက်သေလုပ်မလား"

"လုပ်...လုပ်...လုပ်ပါ့မယ်ခင်ဗျ"

ဌာနပိုင်ကြီးသည် တိုက်ပိုင်ကြီးဘက်သို့လှည့်သည်။

"ကဲ အကိုကြီး၊ အမှုပေါ်ပြီ၊ ဆိုင်ရာတရားခံကို ဖမ်းချုပ်ရုံပဲ"

တိုက်ပိုင်ကြီးသည် မည်သို့မျှ မိန့်မြွက်တော်မမူဘဲ ရှုံ့မဲ့နပ်သံ တဂေါက်ဂေါက်ဖြင့် အိမ်ဆီထွက်ရင်း မျက်နှာလွှဲတော်မူ၏။

အဘနှင့်တကွ ဖမ်းထားသော လူအားလုံးလွှတ်သည်။

အားလုံးပြန်ခါနီး ကျွန်တော်က ဌာနာပိုင်ကြီးကို မှာကြားသည်။

"ဌာနာပိုင်ကြီးရာ၊ ခင်ဗျားက ကယ်ဆယ်ရေးဆရာကြီးပါ၊ ခင်ဗျားကို ကျုပ်အဖေလိုရှိခိုးပါတယ်ဗျာ၊ အဲဒီ်တော့ ကျုပ်ကို ခင်ဗျား တစ်ခုကူညီပါ"

ဌာနာပိုင်ကြီးသည် ပြုံးရွှင်စွာဖြင့် ကျွန်တော့်ပခုံးအားပုတ်ရင်း...

"ပြောပါငယ်လေးရာ၊ ဦးလေးဘာကူညီပေးရမလဲ"

ကျွန်တော်သည် သူကြီးဦးသာဖံအား လက်ညှိုးထိုးပြသည်။

"ဟောဒီ သူကြီးက အလွန်အရိုက် ပက်စက်တယ်၊ မယဉ်နွယ်ကို မရိုက်ပါစေနဲ့ဗျာ၊ မယဉ်နွယ်ကို သူရိုက်ရင် သူ့ကို တစ်ကျွန်းချပေးပါဗျာ..."



ဌာနာပိုင်ကြီးမျက်နှာ၌ ရယ်ခြင်းကို ထိန်းသိမ်းဟန်ပေါ်လာသည်။ ထိုနောက် သူကြီးဘက်လှည့်၍ ပြောသည်။

"ကဲဗျာ သူကြီး၊ ဒီကောင်လေးစိတ်ကျေနပ်အောင် ကတိပေးလိုက်ဗျာ၊ ကောင်လေးကြောင့် အမှုမှန်ပေါ်တာကိုလည်း သတိထားနော်၊ ခင်ဗျားသမီး ခင်ဗျား ရိုက်မှာလား"

"ဌာနာပိုင်ကြီးရာ... ကျွန်တော့်သမီး ကျွန်တော် မရိုက်ပါဘူး..."

မကျေနပ်သော ကျွန်တော်က ရှေ့သို့ထွက်သည်။ ဌာနာပိုင်ကြီးအားကိုးနှင့် သူကြီးကို ကျိန်ခိုင်းသည်။

"သူကြီး...ခင်ဗျားဘုရားစူး"

"ဖျားစူး..."

"မိုးကြိုးပစ်..."

"မိုးကြိုးပစ်..."

"မြွေပွေးကိုက်..."

"မြွေပွေးကိုက်..."

"ကာလနာတိုက်..."

"တိုက်..."

ကျွန်တော်သည် မယဉ်နွယ်အား အားပေးပြုံးပြပြီး သူကြီးအိမ်ရှေ့ပေါက်မှ ထွက်ခဲ့သည်။ မယဉ်နွယ်ကိုရိုက်လျှင် သူကြီးကာလနာတိုက်သေမည်မှာ အလွန်သေချာသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



## (၈)

## နေမျိုးသူရိန် – ဓိုလ်ကျော်ရှိန်

ဤသို့ဖြင့် ရုံးပြင်ကနားတက်ရန် အလွန်ကြောက်သော ကလေးလေးသည် အစိုးရသက်သေအဖြစ် ရုံးမှန်မှန်တက်နေရပြန်သည်။ ရုံးတက်ဂါတ်တက်ရမည်ကြောက်၍ ပုလိပ်လာလျှင် မှန်မှန် ရှိခိုးလျက် သူကြီးအိမ်၌ ကိုယ့်ထမင်း ကိုယ်စားရင်း မှန်မှန်ကျွန်ခံလေသော ဘထွေးခမျာ ဤသို့ဖြစ်ရသည်ကို ကျွန်တော်စိတ်မကောင်း၊ သို့သော်မတတ်နိုင်။

ကိုဘိုးဒန်သတ်မှုကြီး ပြီးဆုံးသည်နောက် ရွာ၌ အထူးအထွေ မပေါ်ပေါက်ခဲ့၊ အထူးအထွေ မပေါ်ပေါက်သောအခါ တစ်နည်းအားဖြင့် ပျင်းခြောက်ခြောက်တော့နိုင်သည်။ သို့ရာတွင် မကြာမီအတွင်းမမျှော်လင့်ဘဲကျွန်တော်တို့ရွာသည် ပွဲလမ်းသဘင်နှင့် စည်စည်ပင်ပင် ဖြစ်ခဲ့၏။ ဤသို့ဖြစ်လာခဲ့သည့်အတွက် ကျေးဇူးတင်ရမည့်သူမှာ ရွာတောင်ဖျားမှ မုဆိုးမသား ကိုကျော်ရှိန် ဖြစ်သည်။

ကျွန်တော် ရွာ၏သစ်ပင်များနှင့် ဇရပ်များတွင် ယခုတလော စက္ကူရွက်ကြီးများကပ်ထားသည်ကို တွေ့ရ၏။ စက္ကူရွက်ထိပ်၌ "**ဟေးဟိုးတပ်သို့ဝင်ကြလော့...**"ဟု ရောမ စာလုံးကြီးများဖြင့် ရေးထားသည်။ စာလုံးများအောက်၌ ဂျပန်စစ်ဝတ်စုံဝတ်လျက်ရိုင်ဖယ်သေနတ်ကို မြှောက်ပြနေသော လူတစ်ယောက်ပုံကို ဆွဲထားသည်။

ဟေးဟိုးတပ်ဆိုသော စကားကို ကျွန်တော် နားမလည်၊ တပ်ဆိုသဖြင့် စစ်တပ်ပဲဖြစ်ရမည်၊ ပုံထဲက အရုပ်သည်လည်း



သေနတ်ကိုင်ပြထားသည်မဟုတ်ပါလော၊ ဗမာတွေကို ဝင်ခိုင်းပုံထောက်၍ ဂျပန်တပ်တော့မဖြစ်တန်ရာ၊ ဗိုလ်တေဇ၊ ဗိုလ်နေဝင်းတို့၏ ဗမာ့တပ်မတော်ပဲဖြစ်ရမည်။

ကျွန်တော်တို့ တစ်ရွာလုံးမှ ကိုကျော်ရှိန်တစ်ယောက်သာ ဟေးဟိုးတပ်သို့ ဝင်သည်။

မုဆိုးမသား ကိုကျော်ရှိန်မှာ ယခင်က ရွာ၌ ထင်ရှားလှသည် မဟုတ်၊ သူ့ကို လူကြီးများက ငကျော်ရှိန်ဟု ခေါ်သည်။ ကျွန်တော်တို့ ကလေးများက ကိုငကျော်ရှိန်ဟုခေါ်သည်။

ကိုငကျော်ရှိန်မှာ လူလုံးလူဖန်သေးသေးလေး ဖြစ်သည်။ အသားကလည်းမည်းသေးသည်။ မုဆိုးမသားလည်း ဖြစ်သေးသည်။ သူ့တို့ ရွာမှအပျိုများက မည်သူမျှ ဂရုမစိုက်ကြ။ သို့ရာတွင် ကိုငကျော်ရှိန်ဟေးဟိုးတပ်သို့ ဝင်သည်နှင့်တစ်ပြိုင်နက် နေ့ချင်း ညချင်းသူရဲကောင်းကြီး ဖြစ်လာသည်။ ကိုငကျော်ရှိန် သူရဲကောင်းကြီး ဖြစ်ထိုက်သောအကြောင်းလည်းရှိသည်။

သူကြီးသည် ရွာသားများအား မောင်းထုခေါ်၍ ကျွန်တော်တို့ မကြားဖူးသော ထူးထူးဆန်းဆန်းပွဲတစ်ခုလုပ်မည့် အကြောင်းရှင်းပြသည်။ ဤပွဲမှာ နှယ်နှယ်ရရပွဲများ မဟုတ်၊ ဂျပန်စစ်ဗိုလ်ကြီးနာကာမူရာနှင့် ပေါက်ခေါင်းမြို့ပိုင်မင်း ဦးလေးခန့် အမိန့်နှင့်လုပ်သော မင်းပွဲစိုးပွဲလည်း ဖြစ်သည်ဆို၏။ ပွဲအမည်မှာ ဂုဏ်ပြုပွဲဟု ခေါ်သည်။ ကိုငကျော်ရှိန်ကို ဂုဏ်ပြုမည့်ပွဲဟု သိရသည်။ ဤပွဲသို့ ဂျပန်စစ်ဗိုလ်ကြီးရော လာမည်။ မြို့ပိုင်ကြီးရော လာမည်။ တိုက်ပိုင်ကြီးရော လာမည်။ ဌာနာပိုင်ကြီးရော လာမည်။ မာယာသောင်းအငြိမ့်လည်းပါမည်ဟု ဆိုသည်။

ကျွန်တော်တို့ တစ်ရွာလုံး ပျော်ရွှင်ကြသည်။ ရွာသည် ပွဲငတ်နေသည်မှာ ကြာပြီ။ ဂျပန်ဝင်ကတည်းမှ ငွေစ, ကြေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အလှူအတန်းများလည်းမရှိ။ မလွဲမရှောင်လုပ်ရမည့် ဘုန်းကြီးပျံပွဲ လုပ်ရန်လည်း ရှာနီးချုပ်စပ်မှ ဘုန်းကြီးများသည် တစ်ပါးမှ ပျံလွန်တော်မမူကြ။

ရွာလယ်၌ မဏ္ဍပ်ကြီးဟိန်းအောင်ထိုးကြသည်။ ဂျပန်စစ်ဗိုလ်ကြီးနှင့် မြို့ပိုင်ကြီးလာမည့်လမ်းကိုလည်း ငှက်ပျောပင်စိုက်၍ သဲဖြူခင်း ရာဇမတ်ကာကြသည် ရွာရှိအပျိုတစ်သိုက်မှာမူ ကျွန်တော်တို့ကျောင်းက သုံးတန်းပြဆရာလေးကိုကြင်ခဲနှင့် အလုပ်ရှုပ်နေကြသည်။

ဆရာလေး ကိုကြင်ခဲလည်း အလွန်ပျော်ရွှင်နေသည်။ ဆရာလေးသည် ရွာ၌ ရှင်ပြုပွဲရှိလျှင် သျှိုးလိုက်ရတာကို အမြဲစပ်ပေးသည်။ မင်္ဂလာဆောင်ရှိလျှင် သြဘာစာရေး၍ ကိုယ်တိုင်အမြဲ ဖတ်သည်။ ဘုန်းကြီးပျံရှိလျှင် သံဝေဂသံပေါက်များနှင့် ဧယင်ကျူးရန် စာများကို ဒိုင်ခံရေးပေးသည်။

ရှင်လည်းမပြုကြ၊ မင်္ဂလာလည်း မဆောင်ကြသည့်ပြင် ဘုန်းတော်ကြီးများကလည်း ပျံလွန်တော်မမူကြသဖြင့် ဆရာလေး လက်စွမ်း မပြရသည်မှာအတော်ကြာလှပေပြီ။ ယခု မောင်မင်းကြီးသား ကိုငကျော်ရှိန်မ,စ၍ ဆရာလေးလက်စွမ်းပြရန် သုတိသြဘာ မင်္ဂလာအခါတော် ရောက်ခဲ့ပြီမဟုတ်လား။ ထို့ကြောင့် ဆရာလေးကိုကြင်ခဲအလွန်ပျော်ရွှင်နေခြင်း ဖြစ်သည်။ ဂုဏ်ပြုပွဲနေ့တွင် ဆရာလေးစပ်ထားသော "မဲဇာတောင်ခြေ" အလိုက် "ဝဲယာအောင်မြေ" ချီ ရတုပိုဒ်စုံကို ကွမ်းတောင်ကိုင် တရုတ်မခေါ် မငြိမ်းသာ ခေါင်းဆောင်သော အပျိုတစ်သိုက်က ရွတ်ဆိုကြရမည်။ ဆရာလေးသည် မမောနိုင်မပန်းနိုင် အပျိုများကို ရတုချ ပေးနေသည်။



ဆရာလေးနည်းတူရွာဆံပင်ညှပ်ဆိုင်မှ ဘင်ဂျိုစိမ်းမောင်နှင့် သံပတ္တလားဆရာ ပန်းပဲကိုမှတ်ကယ်တို့ ခေါင်းဆောင်သော ကာလသားတီးဝိုင်းအဖွဲ့လည်း အလုပ်ရှုပ်နေကြသည်။

ထိုနေ့ကြီးနေ့ကောင်းကား စကတည်းက ပျော်စရာကြီး ဖြစ်နေ၏။

မြို့ပိုင်မင်းနှင့် ဂျပန်စစ်ဗိုလ်ကြီးသည် သဲဖြူခင်းလမ်းမှ ကြွလာသည်နှင့်တစ်ပြိုင်နက် ကာလသားတီးဝိုင်းက မြိုင်မြိုင်ဆိုင်ဆိုင်စ၍စ၍ တီးဘော့သည်။

"ဘရဏီရှုံးအောင် ပြုံးလိုက်ရင်... တဲ့တယ်နယ် တဲ့... တယ်တဲ့ နယ်၊ ပါးချိုင့် ကလေး ချစ်စရာ လှထိပ်ခေါင်တင်"

သူတို့သီချင်းက အလွန်နားထောင်ကောင်းသည်။ သူကြီးတူ ရွှေသွားနှင့်ကိုဟန်စိန်ကလည်း အလွန်အဆိုကောင်းသည်။

ခက်သည်မှ မြို့ပိုင်မင်း မျက်နှာ၌ ပါးချိုင့် မရှိ။ ဂျပန်စစ်ဗိုလ်ကြီးကလည်း ဘရဏီရှုံးအောင်မပြုံး၊ စစ်ဗိုလ်ကြီးမျက်နှာမှာ တင်းတင်းကြီးဖြစ်သည်။ လူပုလျှင် စိတ်တိုသည်ဟု ကြားဖူးသည်။ ဂျပန်တိုင်းသည် အရပ်ပု၍ အားတိုင်းလည်း စိတ်တိုနေကြဟန်တူသည်။

မဏ္ဍပ်သံဃာစင်လိုအမြင့်၌ ဂျပန်စစ်ဗိုလ်ကြီး၊ မြို့ပိုင်ကြီး၊ တိုက်ပိုင်ကြီး၊ ဌာနာပိုင်ကြီး မဟာဗမာအဖွဲ့ဥက္ကဋ္ဌကြီး။ သူကြီး၊ ကျွန်တော့်ဆရာကိုအုန်းဖေ၊ ကိုးဆောင်တွဲကျောင်းဆရာတော် ဦးပဏ္ဍိစသော လူကြီးလူကောင်း သူတော်ကောင်း သူမြတ်လောင်းတို့ ထိုင်ကြသည်။

စင်အောက်မဏ္ဍပ်အလယ်၌ လက်တန်းပါသော ကျွန်းကုလားထိုင်ထက်တွင် ကိုငကျော်ရှိန်သည် လက်ပြင်ကုန်းကလေးဖြင့် ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားမှူးအဖြစ် ဆရာလေးကိုကြင်ခဲက ဆောင်ရွက်၏။

ပထမအနေနှင့် မြို့ပိုင်ကြီးက မိန့်ခွန်း ပြောသည်၊ သူပြောသမျှမှာ ပေါက်ခေါင်းတစ်နယ်လုံး ကျွန်တော့်တို့ရွာမှသာ သူရဲကောင်း ထွက်ကြောင်း၊ ဤအတွက် သူဂုဏ်ယူကြောင်း၊ နိပွန်စစ်ဗိုလ်ကြီးကလည်း အလွန်ဝမ်းသာကြောင်း၊ ဟေးဟိုးတပ်ဆိုသည်မှာ အလွန်ကောင်းကြောင်း၊ နောင်ကိုလည်း ရွာမှလူငယ်တို့ ဝင်စေလိုကြောင်း...စသည်ဖြစ်၏။

မြို့ပိုင်ကြီးနောက် မဟာဗမာ ဥက္ကဋ္ဌကြီးက စကားပြောသည်။ သူက...။ သူသည် အဓိပတိအရှင်မင်းကြီးကိုယ်စား စကားပြောကြောင်း၊ အဓိပတိကြီးသည် တောင်သူလယ်သမား ဆင်းရဲသားများကို အလွန်သနားကြောင်း၊ တို့ကြောင့် ဆင်းရဲသားပါတီကို သူအရင်ထောင်ခဲ့ကြောင်း၊ ဆင်းရဲသားများကို အလွန်ကောင်းစားစေလိုကြောင်း၊ ထို့ကြောင့် ဟေးဟိုးတပ်သို့ ဗမာလူငယ်တိုင်းဝင်၍ နိပွန်များနှင့် လက်တွဲဆောင်ရွက်စေ လိုကြောင်း ... စသည်ဖြင့် ဟောကြားသည်။

နောက်ဆုံးအနေနှင့် ကျွန်တော်တို့တောင့်တနေသော ဂျပန်စစ်ဗိုလ်ကြီးက စကားပြောသည်။ စစ်ဗိုလ်ကြီးသည် သူ့ဓားကြီးကို ဆုပ်ကာ–ဆုပ်ကာဖြင့် အခြောက်တိုက်ဒေါသတကြီး ရှူးရှူးရှားရှား ရှုတ်ရှုတ်ရှက်ရှက် ကွိကွိကွကွနှင့် ကျွန်တော်တို့ နားမလည်သော စကားတို့ကို အသံကုန်အော်ဟစ်ပြောသည်။ သူရပ်လိုက်လျှင် စကားပြန်လုပ်သူက မြန်မာလို ပြန်ပြောသည်။

ဂျပန်စစ်ဗိုလ်ကြီးပြောသည်မှာ နိပွန်တပ်မတော်ကြီးသည် အင်္ဂလိပ်မိစ္ဆာတို့အား မြန်မာပြည်မှ မောင်းထုတ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာတိုင်းသည် နိပွန်တို့ကို ကျေးဇူးတင်ရမည်



ဖြစ်ကြောင်း နိပွန်ဘုရင်မင်းမြတ်သည် နေမျိုးနွယ်ဖြစ်ကြောင်း ထို့ကြောင့် အလွန်ဘုန်းကြီးကြောင်း၊ နိပွန်နှင့်မြန်မာကို ညီအစ်ကိုဟုပြောနေကြကြောင်း၊ ထိုစကားသည် မှားကြောင်း၊ အမှန်မှာ နိပွန်သည် ဆရာဖြစ်၍ မြန်မာသည် တပည့်ဖြစ်ကြောင်း၊ တပည့်ဆိုသည်မှာ ဆရာ့စကားနားထောင်မှ ကြီးပွားကြောင်း၊ ဟေးဟိုးတပ်ဝင်လျှင် တပည့်ကောင်းကောင်း ဖြစ်နိုင်ကြောင်း၊ နိပွန်၏ ခေါင်းဆောင်မှုအောက်တွင် မြန်မာတွေလိမ်လိမ်မာမာဖြင့် တပည့်ကောင်းပီပီနေကြလျှင် မဟာအာရှတိုက်ကြီး ပေါ်ပေါက်လာမည်ဖြစ်ကြောင်း စသည်ဖြစ်သတည်း။

နိပွန်စစ်ဗိုလ်ကြီး စကားပြီးဆုံးသွားသောအခါ ကာလသားတီးဝိုင်းက ခေတ္တဘိုးဘိုးအောင် သီချင်းဖြင့် ဖျော်ဖြေသည်။ ၎င်းနောက်ကိုငကျော်ရှိန်အား ချီးကျူးခန်းစဖွင့်တော့၏။ စဖွင့်သူမှာ အခမ်းအနားမှူး ဆရာကိုကြင်ခဲဖြစ်သည်။

ဆရာကိုကြင်ခဲ ပြောသော စကားကိုမူ ကျွန်တော်တို့အားလုံး နားလည်ကြသည်။

"မြန်မာအစ တကောင်းက" ဟူသကဲ့သို့ မြန်မာသည် သကျသာကီဝင်မင်းမျိုးဖြစ်သည်။ မြန်မာသူရဲကောင်းတို့ အနက်ဓားနှင့်ထိုးဓားကျိုး၍၊ မြေမြှုပ်၍လည်းမသေ၊ ရေ၌နစ်၍လည်း မသေသော ဘိုးဘိုးအောင် ကဲ့သို့သော အာဇာနည်များ ရှိခဲ့သည်။ ယောကျ်ားကောင်းအာဇာနည်ဆိုလျှင် ရဲသော်မသေ– သေသော်ငရဲမလားဟူသော စကားနှင့်အညီ အလွယ်တကူမသေနိုင်၊ သူရဲကောင်း ကျန့်စစ်သားအား အနော်ရထာဘုရင် လှံဖြင့်ထိုးစဉ်က မင်းမဟာဂီရိမောင်တင့်တယ် ကယ်ခဲ့သည့် သက်သေရှိသည်၊ ဤရွာ၏သူရဲကောင်း ကိုငကျော်ရှိန်ကိုလည်း သာသနာစောင့်နတ်မင်းကြီးလေးပါး စောင့်ရှောက်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးကိုကြင်ခဲ၏ ဤရဲရဲတောက်တောက်စကားတို့ကို နှစ်သက်လွန်းသဖြင့် မဏ္ဍပ်တွင်းရှိ လူကုန်သည် လက်ခုပ်တီး ဩဘာပေးကြသည်။ လက်ခုပ်ဩဘာသံဆုံးသောခါ ဆရာလေး ကိုကြင်ခဲက စကားဆက်သည်။

"ကြွရောက်လာသော သပ္ပုရိသ သူတော်ကောင်းအပေါင်းခင်ဗျား…၊ ဤနေရာမှ သူရဲကောင်း ကိုကျော်ရှိန်အား နေမျိုးသူရိန် ဗိုလ်ကျော်ရှိန်ဟု သူကြီးမင်းကိုယ်စား ကျွန်တော်က ကင်ပွန်းတပ်ပါသည်"

ထိုအခါ ကျွန်တော်တို့အားလုံးက လက်ခုပ်တီးရပြန်သည်။ နောက်အစီအစဉ်အရ ကွမ်းတောင်ကိုင်မငြိမ်းသာ ခေါင်းဆောင်သော အပျိုချောများက တစ်ယောက်လျှင် ပန်းကုံးတစ်ကုံးကျ ကိုငကျော်ရှိန်၏ခေါင်း၌ စွပ်ပေးကြသည်။ ထို့နောက် ကိုငကျော်ရှိန်ကို ဝိုင်း၍ စာရွက်ကိုယ်စီကိုင်ကာ ဝတ်ရွတ်သကဲ့သို့ ညီညီညာညာ သံပြိုင်…ဆရာလေးကိုကြင်ခဲ၏ ရတုကို ရွတ်ကြသည်။

"ဝဲယာအောင်မြေ…
ကြီးသရေရှင့်
ချောင်းငွေသဲဖြူ
ပတ်ဝိုင်းမူသား
ရွှေဂူဂါမာ
မြတ်ရွာဇာတိ
ဘုန်းရှိရှိလျှင်"

နောက်စာပိုဒ်များကို ကျွန်တော်မမှတ်မိတော့၊ သုံးပိုဒ်ရှိသည်။ အလွန်ရှည်သည်၊ ကျွန်တော်အသေအချာမှတ်မိသော အပိုဒ်မှာ ကိုငကျော်ရှိန်ကို ချီးကျူးထားသည်။



"နေမျိုးသူရိန်…
ဗိုလ်ကျော်ရှိန်သည်
လျှံထိန်ဝင်းပ
ဇန္နုလသို့
သူရအခေါင်
သတ္တိပြောင်ဘိ
ရန်ရှောင်ပယ်ကင်း
စောထီးမင်းသွင်…

ကျွန်တော်သည် ဇန္နုလသို့ သတ္တိပြောင်နေသော နေမျိုးသူရိန်ဗိုလ်ကိုငကျော်ရှိန်ကို လှမ်းကြည့်မိသည်။ ထိုခဏ၌ ဗိုလ်ငကျော်ရှိန်ကို ကျွန်တော်အလွန်သနားသွားသည်။

ယခင်က ကိုငကျော်ရှိန်သည် မှန်မှန်မညှပ်နိုင်သော ဗိုလ်ကေ ရှည်ရှည်ဖြင့်ဖြစ်၍ စုတ်ချွန်းချွန်းညွင်းဆိုးဆိုးနိုင်သည် ယခုမူ တပ်သားသူရဲကောင်းပီပီကတုံးဖြင့်ဖြစ်၏။ ကတုံးဖြင့် ဆိုပြန်သော် ပြောင်ချော်ချော် ကြောင်စိစိလေး ဖြစ်နေသည်၊ ရုပ်လက်တို အဖြူ၊ ရွှေတောင်လုံချီ အနီဝတ်ထားရာ လည်ပင်းမှ ပန်းကုံးတို့နှင့်ဆိုသော် အလကာပွဲချစ်တီးနှင့်တူသလို ဖြစ်နေသည်။

သနားစရာအကောင်းဆုံးမှာ သူ့မျက်နှာလေးဖြစ်သည်။ သူ့မျက်နှာလေးသည် ဆီးဆွဲမှုငယ်နေသည်။ မကြုံစဖူး အပျိုနှစ်ဦးဝိုင်း၍ ကမ္ဘဝါညှပ်သကဲ့သို့ ရတုဆိုနေကြသဖြင့် သူ့မျက်လုံးသည် မြေကြီးမှ မခွာရဲဘဲရှိရှာသည်။ သူကသာမည်သူမျှ မကြည့်ရဲသော်လည်း မဏ္ဍပ်တွင်းရှိ မျက်လုံးအားလုံးမှာ သူ့ဆီ ရှိနေမှန်း သူရိပ်မိပုံပေါ်သည်။ ထို့ကြောင့် သူ့ကိုယ် ကုပ်ကုပ်ကလေးမှာ ဆတ်ဆတ်တုန်နေရှာသည်။ သူ့ကြည့်ရသည်မှာ ကိုးဆောင်တွဲကျောင်းမှ တစ်ဝါတွင်း၌ ကိုရင်ကျုံးစွဲ ဥပုသ်

www.burmeseclassic.com

www.burmeseclassic.com



သည်တို့အား ပထမဆုံးသီလပေးစဉ်ကနှင့်တူနေသည်။ ထိုစဉ်က လူအားလုံး မျက်စိမှိတ်ရှိခိုးသီလယူနေခိုက် ကိုရင်သည် အသံရော လူရော ဘုန်နေရှာသည်။ ဒါလပေးအလယ်၌ ကျက်ထားသော ပါဠိတို့ မေ့၍ သရဏဂုံသုံးပါး တိုင်ပေးပြီးလျှင် ပေးပြီးခြင်း။

"သာဓုဂံကတွာ အပ္ပမာဒေန သမ္ပာဒေထ...ဦးဇင်းဆီ ဆက်သီလယူကြတော့ ဒါယကာဒါယိကာမကြီးတို့ .." ဆို၍ ထပြောသည်။

ကိုကျော်ရှိန်မှာ ကိုရင့်ထက် ကံဆိုးရှာသည်။ ကိုရင်က ထပြောနိုင်သေးသည်။ ဂျပန်စစ်ဗိုလ်ကြီး၊ မြို့ပိုင်ကြီး၊ တိုက်ပိုင်ကြီး ဌာနာပိုင်ကြီးတို့နှင့်တကွ ဝိုင်းဝိုင်းလည်နေသော ဤ ပရိသက်ကြီး ရှေ့မှာဘယ်နည်းနှင့်မျှ မပြောနိုင်၊ ဝင့်ရှိသမျှခံရ ပေရှာဦးမည်။ ဗိုလ်ကျော်ရှိန်အား မကြည့်ရက်သဖြင့် ကျွန်တော့် မျက်လုံးများသည် မဏ္ဍာပ်ရှေ့သို့ လွှဲကြည့်လိုက်သည်။ ထိုအခါ ကျ၄ ဤပွဲသို့ မဖိတ်သဖြင့် နောက်ကျရောက်လာဟန်တူသော ပုဂ္ဂိုလ်ကြီးတစ်ဦးအား တွေ့ရသည်။

ဦးလေးပု (ဝါ) အရှုးကြီးကိုပုတည်း။

ဦးလေးပု၌ အကျင့်တစ်ခုရှိသည်။ သူ့၌ဘာမျှ လုပ်စရာ မရှိသော် ကံတွေ ကို ဟိုထောင့်သည်ထောင့် မနားတမ်းထွေးတတ်သည်။ ကျောင်း၌ ဥပုသ်နေ့များတွင် ထွေးခံများချထားသော အခါ... ဦးလေးပုသည် ထွေးခံတစ်ခုမျှ မကျန်အောင် သက်မှေ့ လိုက် တံတွေးထွေးလေ့ရှိသည်။ ယခုလည်း မင်းခမ်း မင်းနား အဖြစ် စိုက်ထားသော ငှက်ပျောပင်တို့ စေ့အောင် လိုက်လံ ကံတွေးထွေးနေသည်။

ဦးလေးပုကို ကျွန်တော် အလွန်စိုးရိမ်သွားသည်။ မရှိ မသေ ကံတွေးထွေးနေသည်ကို ဂျပန်စစ်ဗိုလ်ကြီးများ တွေ့



သွားလျှင် ဦးလေးပု၏ ပြန်ပေါက်စ ခြေသည်း လက်သည်း များကို ပြန်အခွာခံနေရပေလိမ့်ဦးမည်။

ကျွန်တော်က စိုးရိမ်တကြီးဖြင့် ကြည့်နေမိစဉ် ကျွန်တော့် အား ဦးလေးပုက မြင်သွားသည်။ ထိုအခါ သူက မျက်စပစ်လိုက်၊ ခေါင်းညိတ်လိုက်၊ မျက်စိမှိတ်လိုက်၊ နှုတ်ခမ်းလှုပ်ပြလိုက်နှင့် အမျိုးမျိုး လုပ်ပြနေသည်။ မနေနိုင်တော့သော ကျွန်တော်က အရဲစွန့်၍ ပရိသတ်ကြားမှ တိုးထွက်ခဲ့ရသည်။ အပြင်ရောက် သော် ဦးလေးပုကို လက်တို့၍ ခပ်လှမ်းလှမ်းသို့ခေါ်ခဲ့ရသည်။

"ဦးလေးပု...ခင်ဗျားဘာလာလုပ်တာလဲ"

ဦးလေးပုသည် အလွန်အရေးကြီးသော စကားပြောလိုဟန် ကျွန်တော့်နားနားကပ်၍ ဆိုသည်။

"လူတစ်ယောက်က ငါ့ကိုတွေ့ချင်လို့တဲ့..."

"ဘယ်သူလဲ"

"ဟ...အဲဒါ...ငါဘယ်သိမလဲ၊ လူတစ်ယောက်က တွေ့ချင်တယ်ဆိုဟာ ခွေးတစ်ကောင်က တွေ့ချင်တာ မဟုတ် ဘူးလို့ ငါဆိုလိုတာ မဟုတ်ဘူး၊ သူ့နာမည်ငါမသိလို့ လူ တစ်ယောက်က တွေ့ချင်တာလို့ ငါပြောတာ"

"အဲဒီလူက ဘယ်လိုနေလဲ"

"ဗိုလ်ကေနဲ့...ရုပ်အင်္ကျီနဲ့..."

"ဟာ...ဗိုလ်ကေနဲ့ ရုပ်အင်္ကျီက ဆန်းတာလိုက် လို့.. သူ့ရုပ်က ဘယ်လိုနေလဲ"

"သူ့ရုပ်ကို ငါ မဖမ်းနိုင်ဘူးကွ၊ သူ့မျက်နှာက သဖန်းသီး တွေလို အဖုအထစ်တွေနဲ့ ကိုယ်ပျက်နေသလားမသိဘူး"

ကျွန်တော်သည် ကြက်သီးထသွားသည်။ ဦးလေးပုသည်

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ကိုယ်ပျက်သူက ခေါ်ခိုင်းသည်ကို လာခေါ်ရသနည်း...။

"အမှန်းကန်းမှန်း မသိဘဲနဲ့ ခင်ဗျားကြီးက ကျုပ်ကို ဘာလို့ လာခေါ်ရတာလဲ"

ဦးလေးပုသည် ဘာမျှမပြောဘဲချေးအထပ်ထပ် ရှိသော သူ့အင်္ကျီအိတ်ထဲမှ "ကိုးဝါ" စီးကရက်တစ်ဘူး ထုတ်ပြသည်။ စီးကရက်ဘူးကို မြင်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်သဘော ပေါက်သွားသည်။ ဦးလေးပုသည် အလွန်စီးကရက်ကြိုက်တတ်သည်။ စီးကရက်ရလျှင် ဘာမဆို လုပ်မည်မှာ သေချာ၏။ ယခုလည်း သူ့အလွန်ကြောက်သမျှ မုန်းသော ဂျပန်များရှိလျက် ဤမဏ္ဍပ်ဆီ လာခြင်းမှာ စီးကရက်တန်ခိုးဖြစ်ရပေလိမ့်မည်။

"အဲဒီလူက တကယ်ကိုယ်ပျက်နေလား"

"ငါ...ဘယ်လိုလုပ်သိမလဲ..."

"သူ့ကိုယ်က ညှီစော်မနံဘူးလား"

"ဟာ... အဲဒါတော့ မနံဘူးကွ"

မနံဘူးသာဆိုသည် ဦးလေးပုသည် သွားကြားမှ တံတွေးကို "ကျစ်"ခနဲ ထွေးလိုက်သည်။ ထို့နောက်မှ ဆင်ခြေဆက်ပေးသည်။

"ပြီးတော့လေကွာ မင်းနံမည်ကို သူက တိတိကျကျ ပြောတာ မင်းကို သူက(ငယ်လေး) လို့ခေါ်တယ်တဲ့၊ မင်းနံမည်သန့်ဇင်ဆိုတာလည်းပြောတယ်၊ နောက်ပြီး ဘာတဲ့...မင်းသိချင်တဲ့ သူပုန်ထနည်းလည်း ပြောပြမယ်တဲ့၊ ဒါထက် ငါ့လူ...မင်း တကယ် သူပုန်ထမလို့လား..."

"တော်စမ်းပါဗျာ...တောက်တီးတောက်တဲ့တွေ၊ အဲဒီလူ ဘယ်မှာလဲ။ လာ...သွားကြရအောင်"



ကျွန်တော်က ရှေ့မှထွက်ခဲ့သည်။ ဦးလေးပုသည် ငှက်ပျောပင် မှန်သမျှတံတွေးနှင့်ထွေးလိုက်၊ ပြောလိုက်နှင့် ရွာအစွန် သချိုင်းအနီး ဘုရားပျက်ကြီးဆီ ရောက်လာသည်။ ဂူပျက်အဝ၌ ဦးလေးပုက အသံပေးလိုက်သောအခါ ခေါင်းတစ်လုံးပြူထွက်လာသည်။ ရုတ်တရက်သော် ကျွန်တော့်မှာ ကြောင်သွားသည်။ အကြောင်းမှာ ဦးလေးပုပြောသကဲ့သို့ သူ့မျက်နှာမှာ သဖန်းသီးကဲ့သို့ အဖုအထစ်တို့ ထွတ်ထွတ်ထွက်နေသည်။ ထိုသူ့မျက်နှာကို အတန်ကြာစိုက်ကြည့်သည်။ ခဏ၌ ကျွန်တော်သည် ထိတ်လန့်တကြားအော်မိသည်။

"ကိုမြင့်ဦး...၊ ခင်ဗျား...ကိုမြင့်ဦးမဟုတ်လား. "

မှန်သည်။ ကိုမြင့်ဦးမှ...ကိုမြင့်ဦးအစစ်ဖြစ်သည်။

ကျွန်တော်နှင့် ဦးလေးပုသည် ဂူတွင်းဝင်၍ ကိုမြင့်ဦးနားထိုင်သည်။

ဂူတွင်းရောက်လျှင် ရောက်ခြင်း ကျွန်တော် ပထမဆုံး သတိထားမိသည်မှာ ကြိုင်ချင်တိုင်းကြိုင်၍ လှိုင်ချင်တိုင်းလှိုင်နေသော ဥသျှစ်သီးနံ့များတည်း။ ကိုမြင့်ဦးဘေး၌ စားလက်စ ဥသျှစ်သီး တစ်လုံးရှိသည်။ အခြားဥသျှစ်သီးနှစ်လုံးကလည်း အဆင်သင့် စောင့်နေသည်။

"ကိုမြင့်ဦး...ခင်ဗျားဘာဖြစ်လာတာလဲ..."

ကိုမြင့်ဦးသည် မေးရိုးများတင်းအောင် အံကြိတ်လျက် ခဏတ္တငြိမ်နေပြီးနောက် ပြန်ဖြေသည်။

"ငါ...ဂျပန်ကင်ပေတိုင်အချုပ်က ထွက်ပြေးလာတာ..."

"ဗျာ...ဂျပန်ကင်ပေတိုင်အချုပ်က..."

ကိုမြင့်ဦးသည် သူဖြစ်ခဲ့သမျှ ကျွန်တော့်အား ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ပေါင်းတလည်မြို့ပေါ်တွင် ဂျပန်မော်တော်ကားတပ်ကြီးရှိသည်။ ထိုမော်တော်ကားတပ်မှ ဗိုလ်တစ်ဦးဖြစ်သူ အိမူရာသည် မသန်းရှင်ကို မျက်စေ့ကျ၍ အပိုင်သိမ်းရန် အမျိုးမျိုးရန့်ရှာသည်။ တစ်နေ့တွင် အိမူရာသည် ခပ်တည်တည်ပင် မသန်းရှင်အား လက်ထပ်ရန်လာတောင်းသည်။ ကိုမြင့်ဦးတို့က ငြင်းပယ်လိုက်သည်။ နောက်တစ်နေ့နံနက်၌ ပေါင်းတလည်မြို့မှ အတန်ဝေးသော ဘုရားကြီးကျောင်းတိုက်၌ စခန်းချထားသည့် ကင်ပေတိုင်အဖွဲ့က ကိုမြင့်ဦးအား ဖမ်းသည်။ ကိုမြင့်ဦးအိမ်၌ မသင်္ကာဖွယ် စာအုပ်များတွေ့သည်ဆို၍ တစ်နေ့နှင့် တစ်ညညှဉ်းဆဲနှိပ်စက်ကြသည်။ ကိုမြင့်ဦးမျက်နှာမှ အဖုအထစ်တို့မှာ ဂျပန်လက်ရာများတည်း။

ဂျပန်ငရဲ၌ မရှုမလှခံရပြီးသော နံနက်ဝယ် အိမူရာသည် မျက်နှာချိုသွေး၍ ကယ်တင်ရှင်ဟန်ဖြင့် ကိုမြင့်ဦးကို ကင်ပေတိုင်အချုပ်မှ လာထုတ်သည်။ ကိုမြင့်ဦးကလည်း ပရိယာယ်ဆင်၍ လိုက်သည်။ လမ်းခရီး ဂျပန်အလစ်၌ ကားပေါ်မှ ခုန်ချ၍ ထွက်ပြေးလာခဲ့သည်။

"အဲဒါ ငါ...ရွာထဲမဝင်ရဲတော့ဘူးကွာ၊ မတော်တဆ ငါ့ကို မြင်သွားရင် မင်းတို့ရွာ အမွှေခံရမှာစိုးလို့..."

ကိုမြင့်ဦး၏စကားတို့ကို စိတ်မချမ်းမြေ့ခြင်းကြီးစွာဖြင့် နားထောင်နေရာမှ ကျွန်တော်သည် စိုးရိမ်တကြီး မေးမိ၏။

"ဒါထက်...မမရှင်တို့ကော..."

ကိုမြင့်ဦးသည် တွေတွေငိုင်ငိုင်ကြီး ဖြစ်သွားသည်။

"အဲဒါ...ငါမသိဘူး ၊ ဘဘကြီးဦးဘိုးခနဲ့ ကိုညီလေးတို့တော့ စောင့်ရှောက်ပေးလိမ့်မယ် ထင်တာပဲ"



ကိုမြင့်ဦးရော ကျွန်တော်ပါ ငိုင်နေကြသည်။ ဦးလေးပုကမူ ဥသျှစ်တစ်လုံးကို ခွာ၍ ဆိတ်စားသကဲ့သို့ တမြုံ့မြုံ့စားရင်း မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် ကျွန်တော်တို့အား ကြည့်နေသည်။

"ဒါဖြင့်... ခင်ဗျားဘာလုပ်မလဲ"

"ငါရန်ကုန်ပြေးချင်တယ်...ပိုက်ဆံလည်းမရှိဘူး၊ ထမင်းလည်း မစားရသေးဘူး၊ ဟောဒီလူကြီးက ဥသျှစ်သီးကျွေးထားလို့"

ဦးလေးပုသည် ပြုံး၍ ခေါင်းညိတ်ပြပြီး ကျန်နေသော ဥသျှစ်သီးတစ်လုံးကို ယူ၍ "ရော့၊ အင့်၊ စားအုံး၊ အားမနာနဲ့၊ ဥသျှစ်သီးတော့ လိုချင်သလောက် ငါပေးနိုင်မယ်၊ ငါ့ကျောင်းမှာ တစ်အိတ်ကြီးကျန်သေးတယ်၊ ရော့–စားလေ" ဟု တိုက်တွန်းရင်း ကိုမြင့်ဦးအားပေးသည်။

"ဦးလေးပုကလည်း အရေးထဲ ဥသျှစ်သီးနှောက်နေပြန်ပြီ၊ နေစမ်းဗျာ"

ဦးလေးပုသည် မကျေမနပ်နှင့် ကျွန်တော့်အား ကြည့်သည်။

"ငါ့လူကလဲအရေးထဲငါ့ဟောက်နေပြန်ပြီ၊ မင်းက ငါ့အရူးထင်လို့လား၊ ငါလူစကားနားလည်ပါတယ်ကွ၊ မင်းတို့ထက်နားလည်လွန်းလို့ခက်နေတာ"

ဦးလေးပုသည် မကျေမချမ်းဖြင့် တံတွေးကို "ကျစ်" ခနဲ ထွေးလိုက်သည်။ ထို့နောက် ဥသျှစ်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ပြောတော့၏။

"ငါက "ဗြိတိသျှ"အင်ပါယာကြီးအကြောင်း ပြောတော့ လူတွေက ရယ်ကြတယ်၊ "ဗြိတိသျှ"က လက်သည်းခြေသည်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့ မှမခွာဘူး၊ ဒီခွေးမသား ဂျပန်တွေ တစ်နေ့ ခွေးပြေး ပြေးရမယ်၊ ဂျော့ဘုရင်မင်းမြတ်က မိန့်တော်မူတယ်၊ ကျေးတော်မျိုး ကျွန်တော်မျိုးကို အမြန်ဆုံး ကယ်တင်တော့မတဲ့ … မင်းတို့မယုံဘူးလား"

"ခင်ဗျား ဂျော့ဘုရင်စကားကို ဘယ်လိုလုပ် ကြားလဲ"

ဦးလေးပုသည် လေသံကို တိုး၍ အရေးတကြီးပြောသည်။

"ငါ့ကို (လေနတ်သား)က ပြောတယ်"

"ဗျာ…လေနတ်သား"

ဦးလေးပုသည် ကျေနပ်စွာရယ်၏။ ထို့နောက် သူ့ရင်ဘတ်ကို ဂုဏ်ဝင့်စွာပုတ်ပြရင်း ဆိုသည်။

"မင်း လေနတ်သားမြင်ဘူးလား၊ ငါ့အိမ်မှာရှိတယ်"

ကျွန်တော်သည် အရူးကြီးကိုပု ဖောက်လာပြီ ထင်သည်။

သို့ရာတွင် သူက အင်္ကျီအိတ်ကို နှိုက်သောအခါတွင် စိတ်ဝင်စားစွာကြည့်မိသည်။ ဦးလေးပုဆွဲထုတ်လိုက်သည်မှာ ညှိုဝါသော စက္ကူစုတ်တစ်စုတ်သာ ဖြစ်နေသည်၊ ကျွန်တော်နှင့် ကိုမြင့်ဦးက သူ့စာရွက်ကို ကြည့်လိုက်သောအခါ ပြိုင်တူမျက်လုံးပြူးသွားကြသည်။

စာရွက်ပေါ်၌ လေနတ်သားဟု ရိုက်ထားသည်။ မာတလိလိုလို ဝိသကြံုလိုလို နက်တစ်ပါးပုံလည်း ပါ၏။ စာများကို ဖတ်ကြည့်သောအခါ ဦးလေးပုပြောသည်မှာမှန်သည်။ ဂျော့ဘုရင်သည် မြန်မာပြည်အား ပြန်လည်ကယ်တင်မည်ဟု ကတိပေးထားသည်။

"ဦးလေးပု ခင်ဗျား ဒီစာရွက် ဘယ်ကရသလဲ"



"လေယာဉ်ပျံသံကြားရင် မင်းတို့က ထွက်ပြေးတယ်၊ ငါက ထွက်ကြည့်တယ်၊ ဟိုတစ်နေ့က ထန်းတောထဲလေယာဉ်ပျံ နိမ့်နိမ့်လေးပျံလာတုန်းက အဲဒီအထုပ်တွေ ချသွားတယ်မောင်၊ ငါ ခုကောက်ထားတာ တစ်ပိဿာလောက် ရှိတယ်၊ လူတွေကို လျှောက်ပြောရင် ဂျပန်က ခြေသည်းလက်သည်းခွာမှာကြောက်လို့ ငါက ငြိမ်နေတာ၊ ငါ့ကျောင်းမှာရှိတယ် မင်းကြည့်မလား"

ကျွန်တော်တို့က ဘာပြန်ပြောရမှန်းမသိ၊ ဦးလေးပုကသာ ဆက်မှတ်နေသည်။

"ဗြိတိသျှအင်ပါယာကြီးဆိုတာ ဘယ်တော့မှ နေမဝင်ဘူး၊ မင်းကို ငါတစ်ခါ ပြောဖူးတယ်မဟုတ်လား၊ ဂျပန်အ[illegible] နေဆိုတာက ထွက်စ, နေချွတ်ကရားလေးပါ၊ ဗြိတိသျှ အင်ပါယာကြီးကမှ တကယ့်နေကြီးကွ"

ထို့နောက် ဦးလေးပုသည် လေသံကို အထူးနှိမ့်၍ ပြောသည်။

"ဗြိတိသျှတွေ ပြန်လာလိမ့်မယ်၊ ပြန်လာရင် ဒီဂျပန်ကောင်တွေကို မုဒိမ်းမှုနဲ့ရော၊ လူသတ်မှုနဲ့ရော၊ ဓားပြမှုနဲ့ရော အရေးပိုင်ကို ငါကိုယ်တိုင်လျှောက်မယ်၊ မင်းပုဒ်မ ၃၀၂-၃၀၃-၃၀၄-၃၀၅-၃၀၆ အဲဒါတွေ ကြားဖူးလား"

"အဲဒီပုဒ်မတွေက ဘာလဲ"

"အဲ ..ဒါကြောင့် ပြောတာပေါ့၊ မင်းတို့က ငါ့အရူးထင်နေတယ်၊ ပုဒ်မဆိုတာဥပဒေကွ၊ ဥပဒေဆိုတာ ထောင်ချလို့ရတယ် ကြိုးစင်တင်လို့ရတယ်…"

ဦးလေးပုသည် ဆက်လက် မိန့်မြွက်တော် မမူ[illegible] သူ့ဥသျှစ်သီးကိုသာ ဂျပန်အမှတ်ဖြင့် ဘင်္ဂပ်ငွပ်ထု၍ ဝါး[illegible] တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးပုကို ပမာမပြုတော့ဘဲ ကိုမြင့်ဦးနှင့်ကျွန်တော်တို့ ဆက်တိုင်ပင်သည်။

"ဒါဖြင့် ကျွန်တော်ဘာလုပ်ပေးရမလဲ"

ကိုမြင့်ဦးသည် ခေတ္တစဉ်းစား၍ဆိုသည်။

"မင်းဆရာကို ပြောကွာ၊ နေဝင်ရင် ဒီမှာလာတွေ့ပါလို့ သူနဲ့ ငါ တိုင်ပင်ပြီး လုပ်မယ်၊ ရွာထဲတော့ ငါမဝင်ချင်ဘူး"

ကျွန်တော်သည် ခေါင်းညိတ်၍ ပြန်ရန်ပြင်သည်။ ကိုမြင့်ဦး က သတိရဟန်မှာသည်။

"ငယ်လေး...ဆရာလာရင် ထမင်းနဲ့ဟင်းပါ ယူခဲ့လို့ ပြောလိုက်ကြားလား၊ အခက်အခဲရှိရင်တော့ မယူခဲ့ကြနဲ့ လူမြင် လို့ မသင်္ကာရင် ငါးပါးမှောက်ကုန်ကြမယ်"

ကျွန်တော်နှင့် ဦးလေးပုသည် ဘုရားဂူပျက်တွင်းမှ ထွက်ခဲ့ သည်။ ခွဲရခါနီး၌ ဦးလေးပုသည် လေးလေးနက်နက်မှာသည်။

"ငယ်လေး...မင်းထမင်းချိုင့် အရမ်းမယူနဲ့ လူမြင်လို့ မသင်္ကာရင် သူပြောသလို ငါးပါးမှောက်ကုန်ကြအုံးမယ်၊ သူ မဆာအောင် ငါဥသျှစ်သီးတစ်အိတ်ပို့ပေးထားမယ်၊ စိတ်ချ ကွယ် သိလား၊ အေး...ဒါထက်ငါ့အိတ်ထဲမှာ လေနတ်သား ရှိတဲ့အကြောင်း သောက်ရမ်းလျှောက်ပြောမနေနဲ့"

## (၉)

## သည်းဦးပန်းနှင့် မိုးမှိုင်း

ကိုမြင့်ဦးနှင့်ဆရာကိုအုန်းဖေတို့ ထိုညတွင် တွေ့ကြသည်။ ဆရာကိုအုန်းဖေသည် ကိုမြင့်ဦးကို ပေါက်ခေါင်းမှတစ်ဆင့် ရိုးကြီး (ပဲခူးရိုးမ) ကို ဖြတ်၍ တောင်ငူဘက်သို့သွားရန် စီစဉ် ပေးသည်။ တောင်ငူမှတစ်ဆင့်ရန်ကုန်အရောက် သက်ဆိုင်ရာ



အာရှလူငယ်အဖွဲ့များ၏ အကူအညီယူ၍ ကိုမြင့်ဦးသည် သွားရန် ဖြစ်သည်။

နောက်တစ်နေ့နံနက်စောစော၌ ကိုမြင့်ဦးသည် ကျွန်တော် တို့ အားလုံးအားနှုတ်ဆက်၍ ဆရာတပည့်မှဆိုးနှစ်ဦးနှင့်အတူ တောင်နှင့်တောတို့ဆီထွက်ခွာသွားသည်။

ထိုနေ့နေ့ခင်း၌ ဆရာသည် မြို့တက်၍ မသန်းရှင်ကို ရွာသို့ခေါ်လာခဲ့၏။ မသန်းရှင်မှာ ကိုမြင့်ဦးမျှော်လင့်ထားသည့် အတိုင်း ပေါင်းတလည်မြို့မှ လူကြီးကိုက စောင့်ရှောက်ထား သဖြင့် ဂျပန်ရန်မှ ယာယီလွတ်ခဲ့သည်ဆို၏။

ထိုနေ့ညက ရှုခင်းကို ကျွန်တော်မမေ့...။

မသန်းရှင်သည် ခါတိုင်းထက် ပိုလှနေသည်ဟု ကျွန်တော် ထင်သည်။ ခါတိုင်းထက်လည်း ပိုရှက်နေသည်လည်း ထင်၏။

အိမ်ရှေ့ဧည့်ခန်း၌ ဆရာ၊ မသန်းရှင်နှင့် အလိုက်မသိ သော ကျွန်တော်တစ်ကောင်သာရှိသည်။

မသန်းရှင်သည် သူ့မျက်တောင်ကော့များကို စင်း၍ မျက်လွှာချရင်း သူ့လက်ချောင်း ဝါဝါဝင်းဝင်းကလေးများဖြင့် ကြမ်းပြင်ကို ပွတ်နေသည်။

ကျွန်တော့်ဆရာကမူ မေးကြောများထောင်အောင် အံကြိတ် ရင်း အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်။

ကျွန်တော်က ဆရာ့ကို ကြည့်လိုက်၊ မသန်းရှင်ကို ကြည့်လိုက်နှင့် ငြိမ်ငြိမ်ကုပ်ကုပ် ထိုင်နေသည်။ မသန်းရှင်က တစ်ချီတစ်ချီကျွန်တော့်ဘက်လှည့်ရင်း အေးချမ်းစွာ ပြုံးပြခြင်းကို မှုပြုသည်။

အတန်ကြာမှဆရာသည် မသန်းရှင်၏ရှေ့၌ မားမားကြီး

www.burmeseclassic.com

www.burmeseclassic.com



ရပ်လေသည်။ ဆရာ့အမူအရာမှာ ရည်းစားရှေ့၌ရပ်သော ချစ်သူနှင့်မတူ။ တပည့်မတစ်ဦးကို စီရင်ချက်ချမည့် ကျောင်းအုပ်ကြီးနှင့်တူနေသည်။

"မသန်းရှင် ... နက်ဖန်ကျ အကျဉ်းချုံးပြီး ကျုပ်တို့လက်ထပ်ကြမယ်...နားလည်လား"

မသန်းရှင်သည် မမျှော်လင့်သောစကားကို ကြားရသဖြင့် မော်ကြည့်သည်။ ခဏ၌ လှပသော မသန်းရှင်၏ မျက်လုံးများသည် ဝမ်းသာခြင်းဖြင့် ဝင်းလက်လာ၏။ နီရဲသော ပါးကလေးများနှင့် ဆရာ့ကို မရဲတရဲပြန်မေးသည်။

"ဆရာ တကယ်ပြောတာလားဟင်"

ဆရာသည် မသန်းရှင်အား စူးစိုက်ကြည့်သည်။ ကျွန်တော်က သူတို့မျက်လုံးနှစ်စုံကို ခေါက်တုံ့လူးလာ စုံစမ်းကြည့်မိသည်။

မသန်းရှင်၏မျက်လုံးများ၌ မျက်ရည်များဝဲနေသည်။ မျက်လုံးကမူ ပြုံးရွှင်နေပါ၏။ ဩော်... သူတို့မိန်းမတို့သည် ပြုံးရင်းလည်း မျက်ရည်ဝဲတတ်လေသည်တကား...။

ဆရာ၏ တင်းမာသော မျက်နှာကြီးမှာလည်း လျော့ကျသွားသည်။ ဆရာ၏မျက်နှာသည် ကျွန်တော်မှတ်မိသမျှ အမြဲတင်းမာလေသည်။ ထိုနေ့မှာကဲ့သို့ တင်းမာခြင်းလျော့သော မျက်နှာကို တစ်ခါမှ မတွေ့ဖူး၊ ယခုကဲ့သို့ မျက်နှာထားလျော့သောအခါ ကျွန်တော့်ဆရာသည် ခံ့ညားသမျှ အလွန်ချောမောလေကြောင်း ကျွန်တော်သတိထားမိသည်။

ဆရာသည် နူးညံ့စွာပြုံး၍ ကြင်နာစွာဆိုသည်။

"ကျုပ်တကယ်ပြောတာပါ မသန်းရှင်ရယ်...၊ နက်ဖန်ကျ လက်ထပ်ကြမယ်"



မသန်းရှင်က ဆရာ့ခြေထောက်ကို ဖက်၍ မျက်နှာအပ်ကာ ဘာကြောင့်မသိ ရှိုက်ဖိုငိုကြွေးသည်။

ဆရာသည် ဖခင်တစ်ဦး၏ ကြင်နာမှုဖြင့် မသန်းရှင်၏ ခေါင်းကလေးကို သူ့လက်ဝါးကြီးဖြင့် အသာအယာပွတ်သပ်နေ၏။

ထိုအခါကျမှ အလိုက်မသိသော ကျွန်တော်သည် ဆိုင်းမဆင့်ဗုံမဆင့်ဘဲအိမ်ပေါ်မှ ယောင်တိယောင်ချာနှင့် ဆင်းထွက်ခဲ့ရ၏။

◆

နောက်တစ်နေ့၌ ဆရာနှင့် မသန်းရှင်တို့ လက်ထပ်ကြသည်။ လက်ထပ်သည်ဆိုရာ၌ ကြီးကြီးကျယ်ကျယ်မဟုတ်...။ ရွာရှိသက်ကြီးဝါကြီးများကို ဖိတ်၍ ကန်တော့ကာ သူတို့နှစ်ဦးအား ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် အသိအမှတ် ပြုရန် တောင်းပန်ခြင်း ဖြစ်သည်။

ထိုညဉ့်၌ ကျွန်တော်အလွန်ပျော်သည်။ ကျွန်တော်၏ချစ်လှစွာသောဆရာနှင့် မမရှင်တို့ လက်ထပ်ခြင်းကြောင့် ကျွန်တော်ပျော်ရသည်ကို တစ်စုံတစ်ယောက်အား အားရပါးရ ပြောပြချင်သည်။ ထိုတစ်စုံတစ်ယောက်မှာ အခြားမဟုတ်။ မယဉ်နွယ်သာ ဖြစ်ပါသည်။

ကျွန်တော်သည် မယဉ်နွယ်တို့ အိမ်ရှေ့၌ ယောင်ပေယောင်ပေလုပ်သည်၊ မယဉ်နွယ်၏အရိပ်အယောင်ကိုမျှ မတွေ့ရ။ ဘိုက်ပိုင်ကြီးကို ပုလင်းနှင့်ရိုက်မည်ဟူ၍ ပြုလုပ်ခဲ့သော ညကစ၍ သူကြီးသည် သူ့သမီးကို ကျွန်တော်နှင့် မတွေ့နိုင်အောင် အထူးအကာအကွယ်ပေးထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်စွာနှင့် ကျွန်တော်ပြန်တော့မည်ပြုခိုက် ဘထွေးလေးသည် ကောက်ရိုးလှည်းတစ်စီးဖြင့် သူကြီးအိမ်ရှေ့သို့ ရှေးရှုလာသည်။ ဘထွေးသည် အားလပ်တိုင်း သူကြီး၏ အလုပ်ကို စေတနာ့ဝန်ထမ်းလုပ်ပေးလေ့ရှိကြောင်း ကျွန်တော်အစီရင်ခံခဲ့ပြီ။

ပထမကျွန်တော်သည် ဘထွေးလေးထံမှ အကူအညီတောင်းမည်ဟု စဉ်းစားမိသည်။ သို့သော် ချက်ချင်းပင် သူကြီးကြောက်သော ဘထွေးထံမှ ကျွန်တော်ဘာအကူအညီမျှမရရှိနိုင်ကြောင်း သတိရမိသည်။ ထို့ကြောင့် ကျွန်တော်သည် ဘထွေးကို အသံမပြုဘဲ သစ်ပင်တစ်ပင်နှင့်ကွယ်နေလိုက်၏။ ဘထွေး၏လှည်းက ကျွန်တော့်ကို လွန်သွားသည်။ ထိုအခါကျမှ ကျွန်တော်သည် ဘထွေး၏ လှည်းပေါ်အသာခိုတက်၍ ကောက်ရိုးများ အောက်၌ ကိုယ်ကို လျှိုးခါ ပုန်းကွယ်နေလိုက်သည်။

ဘထွေးသည် သူကြီးခြံအတွင်းသို့ အနှောင့်အယှက်မရှိဘဲ ဝင်ခဲ့သည်။ ခြံတစ်ထောင့်၌ ဘထွေးက ကောက်ရိုးများကို လှည်းပေါ်မှ ဆွဲချကာပုံသည်။

"ဘထွေး ..."

"အောင်မယ်လေး...သောက်...ပလုပ်တုပ်၊ ဟာ...ဟယ်၊ လရိုး မင်းဘယ်က ပါလာတာလဲ"

"တိုးတိုးဗျာ ဘထွေး ကျုပ် မယဉ်နွယ်နဲ့ တွေ့ချင်လို့ ... ခင်ဗျား ခေါ်ပေးစမ်းပါ"

"လွန်လှချီလား ကိုယ့်လူရာ သူကြီးသမီးကို မင်းက အချိန်မတော် တွေ့ချင်တယ်၊ သောက်ကျိုးနဲ့ကွာ မင်းက အင်မတန် ရာဇဝတ်အိုး တုတ်နဲ့ထိုးချင်တဲ့အကောင်"

"ဘထွေး မခေါ်ပေးချင်နေလေ၊ ကျုပ်ဘာသာကျုပ် ခေါ်မယ် တစ်...နှစ်...သုံး...မ"



ဘထွေးသည် ပြူးပြူးပျာပျာဖြင့် ကျွန်တော့်ပါးစပ်ကို လှမ်းပိတ်သည်။

"ရှိကြီးခိုးပါရဲ့ ငါ့လူရာ သူကြီးကြားရင် ငါနှရင်းအအုပ်ခံရလိမ့်မယ်"

"ဒါဖြင့်ခင်ဗျား မယဉ်နွယ်ကို ခေါ်ပေးမလား"

"ငယ်လေးရာ...မင်း ငါ့ကို မသနားဘူးလား"

"ခင်ဗျားကြီးရော...ကျုပ်ကို မသနားဘူးလား"

ဘထွေးသည် သက်ပြင်းရှိက်၍ ကျွန်တော့်ကို အရှုံးပေးသည်။

"ကောင်းပါပြီ ကျေးဇူးရှင်ရာ ကောက်ရိုးပုံ အောက်ထဲ ငြိမ်ငြိမ်နေခဲ့၊ ငါခေါ်ပေးပါ့မယ်၊ အောင်မယ်လေး...ဟလေး ရွှေနီရာ...ဘိုးဒန်အစား နင်ငါ့ကိုသတ်ရင် သိပ်ကောင်းမယ်"

ကျွန်တော်သည် ဘထွေးကို သနားသွားမိသည်။

"ဘထွေးရာ...ဒီလောက်တော့ မညည်းပါနဲ့ဗျာ...ခင်ဗျား ဒီလောက်ကြောက်ရင် မခေါ်ပါနဲ့တော့ဗျာ။ ကျုပ်ပြန်မယ်..."

ဤသို့ဆိုပြန်သော် ဘထွေးသည် ကျွန်တော့်အား မေတ္တာအပြည့်ဖြင့် ပြန်ကြည့်သည်။

"ငယ်လေးရာ... မင်း သိပ်တတ်နိုင်တဲ့ကောင်ကွာ...၊ ကဲပါ ကောက်ရိုးပုံထဲ ပုန်းနေ မင်းကောင်မလေး ငါခေါ်ခဲ့မယ်"

ဘထွေးက ထွက်သွားသည်။ ကျွန်တော်က ကောက်ရိုးပုံထဲပြန်ဝပ်နေ၏၊ ဝပ်နေစဉ် စိတ်ကူးပေါက်တိုင်း ထင်တာလုပ်ခဲ့မိသော်လည်း ကြောက်စိတ်များ ဝင်လာသည်။

ကောက်ရိုးပုံထဲ၌ စောင့်နေရသည်မှာ ကျွန်တော့် စိတ်အထင် အလွန်ကြာသည်၊ ထို့နောက် ခိုးကြောင်ခိုးဝှက်ဖော့နင်း

www.burmeseclassic.com

www.burmeseclassic.com



လာသောခြေသံကို ကြားရသည်။ ကျွန်တော်က ကောက်ရိုးများကို ဖြဲ၍ ကြည့်မိသည်၊ မယဉ်နွယ်သည် ဟိုဟိုသည်သည်ရှာနေပုံရ၏။

"မယဉ်နွယ်...ငါဒီမှာ"

ကျွန်တော်သည် ကောက်ရိုးပုံအောက်မှ ခေါင်းပြူ၍ ပြရင်း တိုးတိုးအသံပြုသည်၊ မယဉ်နွယ်က လှည့်ကြည့်သည် ပထမသော် မျက်လုံးလေးများ ပြူး၍အံ့သြနေသည်၊ ထို့နောက် ချစ်စဖွယ်ပြုံး၍ ကျွန်တော့်နားကပ်လာသည်။

"သန့်ဇင်...နင်ဘယ်လိုလုပ်ဝင်လာတာလဲ၊ နင်...သိပ်သတ္တိကောင်းတာပဲ"

"လွယ်လွယ်လေးပါဟာ၊ ကောက်ရိုးလှည်းထဲ ဝင်အိပ်လိုက်ခဲ့တာ..."

မယဉ်နွယ်က ပြုံးလိုက်ပြန်သည်။

"နင်... ဉာဏ်လည်း သိပ်ကောင်းတာပဲ"

ဤသို့ ကျွန်တော်တို့ ကြည်နူးနေခိုက် ကျယ်ကျယ်ကျယ်ကျယ်ဖြင့် သူကြီးအသံကြားရသည်။

"ဟော့ကောင်ရွှေလွန်း...မင်း မိုးချုပ်လှချည်လား"

သူကြီးအသံသည် ကောက်ရိုးပုံအနောက်မှ ပေါ်လာ၏။

"မှန်ပါသူကြီးမင်း ဟောဒီနွားတစ်ကောင်က ဂျိုထိုးနေလို့ တယ်...ပြောရင်းဆိုရင်း ကောက်ရိုးတွေ ဆွဲစားနေပြန်ပြီ၊ ဒီလောက်ငတ်တဲ့နွား ကောက်ရိုးပုံထဲဝင်ဟာ...ဝင်ဟာ...ပြီးတော့ စားပိုးနင့်အောင်စား"

ကျွန်တော်သည် ဘထွေးဆိုလိုသည်ကို သိ၍ မယဉ်နွယ်၏ လက်ကလေးကို ဖမ်းဆွဲကာ ကောက်ရိုးပုံတွင်း သွင်းသည်၊



နှစ်ဦးသား တစ်ဦးကို တစ်ဦးဖက်၍ ကောက်ရိုးပုံများ အောက်၌ ငြိမ်နေကြသည်။

သူကြီးသည် ကောက်ရိုးပုံကို လှည့်ပတ်ကြည့်သည်။

"ဟော့ကောင် ရွှေလွန်း ...မင်းကောက်ရိုးတိုက်တာ သိပ်နေးတယ်ကွာ...၊ နက်ဖန်ကစပြီး...တစ်နေ့ငါ စီးကျူအောင် တိုက်ကြားလား"

"ဟုတ်...၊ ဟုတ်ကဲ့ ဒါပေမဲ့ သူကြီးမင်း..."

"ဘာလဲကွ ဒါပေမဲ့"

"အခု ဂျပန်တွေက နွားတွေလိုက်သိမ်းနေတယ်၊ ဟိုဘက်ရွာတွေတော့ နွားတွေဖမ်းပြီး သူကြီးအိမ်မှာစုတယ်ကြားတယ်...၊ ပြီးတော့...ဂါတ်တဲက မောင်းသွားကြတယ်တဲ့"

"အဲဒါဘာဖြစ်လဲ"

"တကယ်လို့ ကျွန်တော့်နွားတွေသိမ်းရင် သူကြီးက လွှတ်ပေးပါ..."

သူကြီးသည် တဟဲဟဲရယ်သည်။

"ရွှေလွန်း..."

"ခင်ဗျာ..."

"ငါတပည့်သားမြေးကို စောင့်ရှောက်တယ်ဆိုတာ မင်းသိတယ်မဟုတ်လား"

"မှန်ပါတယ်ခင်ဗျာ..."

"အေး...ငါ့စကားသာ နားတောင်၊ ငါခိုင်းတာသာလုပ် မင်းနွားလည်းဂျပန်မဆွဲစေရဘူး၊ မင်းကိုလဲချွေးတပ်မဆွဲစေဘူး ကြားလား..."

www.burmeseclassic.com

www.burmeseclassic.com



"ကြားပါတယ်ခင်ဗျာ...သူကြီးခိုင်းတာ ကျွန်တော် အမြဲ လုပ်ခဲ့တယ်မှတ်လား၊ သူကြီးကို ကျွန်တော်ဆည်းကပ်ပါတယ်"

"အေး...ငါသိပါတယ်။ ဒါပေမဲ့ မင်းတူ ဟိုသေချင်ဆိုး လေးကို ဆုံးမထား၊ နောက်ကို ဒီကာလနာလေး...ငါ့သမီးနဲ့ ရှုပ်ရှုပ်လုပ်တာ ငါမကြည့်ချင်ဘူး၊ ကြားလား..."

"စိတ်ချပါသူကြီးရယ်၊ ဒီနွားနာလေး ခင်ဗျားသမီးနား အခုကပ်ရဲကပ်စမ်းပါစေ ကျွန်တော်ကိုယ်တိုင် ဖနောင့်နှင့်ပေါက် စမ်းပါ့မယ်"

"ဒီလိုမှပေါ့ကွဲ့၊ တပည့်ဆိုတာ...ဆရာ့အပေါ်သစ္စာရှိရ တယ်၊ ကဲကဲ မင်းလည်း ပြန်ဦး၊ သတိနဲ့လည်းနေပေါ့ကွာ... တိုင်းပြည်ကြီးကလည်း သိပ်မကောင်းဘူးဟေ့..."

သူကြီးထွက်ခွာသံကြားရသည်၊ ဘထွေးသည် သူ့နွား များကို မောင်း၍ထွက်သည်၊ ထွက်ရင်းလည်းသတိပေးသွား၏။

"ဟဲ့နွားနာ သူကြီးကြိမ်းသွားတာကြားလား၊ နင့်ကြောင့် ငါနောက်ကျတာ၊ နင်ကောက်ရိုးဆွဲဆွဲစားနေလို့ နောက်ကျတာ၊ အခုလည်းအိမ်ကို ဖြောင့်ဖြောင့်ပြန် သွားစမ်း...သွားစမ်း..."

ဘထွေးရွှေလွန်း၏ လှည်းထွက်သွားသံ ကြားရသည်။ တစ်လောကလုံးငြိမ်သွားပါမှ မယဉ်နွယ်နှင့် ကျွန်တော်သည် ကောက်ရိုးပုံအတွင်းမှ ထွက်ခဲ့ကြသည်။

လဆန်းစဖြစ်၍ မှိုးပြာပြာ၌ လကွေးကွေးသည် ထွက်နေ ၏။ လရောင်မှိန်သဖြင့် ကြယ်တို့က တုပြိုင်တောက်ပြောင်နေ သည်။

"သန့်ဇင် နင်ဘာလာလုပ်တာလဲ..."

"နင့်ကို ဝမ်းသာစရာပြောချင်လို့ပါဟ"



"ဘာဝမ်းသာစရာလဲ..."

"ဒီနေ့တို့ဆရာ မိန်းမယူသွားပြီဟ"

"ဆရာ မိန်းမယူသွားပြီ...ဘယ်သူနဲ့လဲ..."

"မသန်းရှင်နဲ့..."

"မသန်းရှင်နဲ့..."

"အေးလေ...နင့်ကို ငါတစ်ခါ ပြောဖူးသားပဲ..."

"မသန်းရှင်ဟာ သိပ်လှတယ်မဟုတ်လား"

"လှပါတယ်ဆိုတာ...ဒါပေမဲ့ နင့်ကို မမှီပါဘူးလို့ ငါဘယ်နှစ်ခါပြောရမလဲ..."

"သန့်ဇင်နင်ညာတာလား တကယ်ပြောနေတာလား..."

"မယဉ်နွယ်ရယ်...ငါတစ်သက်လုံးမညာဘူး၊ နင့်ကို ငါ သာမညာသေးတယ်..."

မယဉ်နွယ်သည် ပြုံးရင်း ကျွန်တော့်ကို ကြည့်သည်။ လရောင်၌ မယဉ်နွယ်၏ အသားကလေးများသည် လက်နေ သည်ဟု ထင်ရ၏။ အသားဖြူသောသူများသည် နေ့ခင်း၌ လည်းကောင်း၊ လရောင်၌ လည်းကောင်း လှကြသည်ထင်၏။ မယဉ်နွယ်၏ မျက်လုံးများမှာလည်း မိုးပေါ်က ကြယ်ကလေးများ ထက်ပင် လှသည်ဟု ကျွန်တော်ထင်သည်။

"နင် ငါ့ကို တစ်သက်လုံးမညာဘဲနေမလား..."

"မညာပါဘူး မယဉ်နွယ်ရာ ငါ့ဆရာလည်း မမရှင်ကို ဘယ်တော့မှ မညာဘူး၊ ငါလည်းနင့်ကို ဘယ်တော့မညာဘူး"

မယဉ်နွယ်သည် ကျွန်တော့်အား မျက်မှောင်ကလေး ကြုတ်၍ ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်ဘာစကားပြောတာလဲသန့်ဇင် နင့်ဆရာနဲ့ မမရှင်က ရည်းစားပဲ၊ နင်နဲ့ငါနဲ့က သူငယ်ချင်းဘဲဥစ္စာ"

"အေးလေ ကြီးလာရင် နင်နဲ့ ငါနဲ့ ရည်းစားဖြစ်ရင် ဖြစ်ကြမှာပေါ့..."

"သန့်ဇင်... နင် ရှက်စရာတွေ မပြောနဲ့"

"ငါတော့ မရှက်ပါဘူးဟာ တကယ်ပြောတာ၊ ငါကြီး လာရင် နင့်ကိုပဲ ရည်းစားထားမှာပဲ"

မယဉ်နွယ်လည်း ခစ်ခနဲရယ်သည်။

"နင်ဘာရီတာလဲ"

"နင်ပြောတာ ရီစရာကောင်းတယ်ဟာ ...ခုနင်က ငါ့ အဘပြောတာ နင် ကြားလား၊ ငါ့နား နင်မကပ်ရဘူးတဲ့"

"အေး...ငါကြားတယ် ...ငါ့အဘကလည်းပြောတယ်"

"နင့်အဘက ဘာပြောလဲ"

ကျွန်တော်သည် ငိုင်သွားမိသည်၊ အဘက ကျွန်တော့်ကို ပြောဖူးသည်၊ နောင်အခါမယဉ်နွယ်နှင့်ပတ်သက်လာလျှင် ခားနှင့် ခုတ်သတ်မည်ဟူသတည်း။

"ငါ့အဘပြောတာ နင်မကြားချင်ပါနဲ့ဟာ"

"မပြောချင်နေဟာ... ဒါပေမဲ့ နင့်အဘကလည်း ငါ့ကို မုန်းတယ်မဟုတ်လား"

ကျွန်တော်မဖြေနိုင်၊ မယဉ်နွယ်နှင့် ကျွန်တော်သည် တစ်ဦး ကိုတစ်ဦး စကားမပြောနိုင်ဘဲ ထိုင်ငိုင်နေ၏။ အတန်ကြာမှ မယဉ်နွယ်ကစ၍ ပြောသည်။

"ငါသိပ်စိတ်ညစ်တာပဲ သန့်ဇင်ရာ..."



ကျွန်တော် စိတ်ထိခိုက်သွားသည်။ ဒါပေမဲ့ မယဉ်နွယ် ကိုတော့ စိတ်မညစ်စေလို၊ မယဉ်နွယ် စိတ်ချမ်းသာအောင် မည်သို့ ပြုရမည်နည်း၊ ချက်ချင်းပင် ကျွန်တော့်ခေါင်း၌ အကြံ တစ်ခုရသည်၊ တစ်နေ့ကပွဲ၌ ဘန်ကောက်လုံချည်ဝတ်၍ ခါး၌ ခြောက်လုံးပြူးထိုးထားသော မြို့ပိုင်ကြီး ဦးအေးခန့်ကို သတိရ မိသည်။

"ငါအကြံရပြီ စိတ်မညစ်နဲ့ မယဉ်နွယ်၊ ဆရာက ငါ့ကို ဉာဏ်ကောင်းတယ်လို့ ပြောတယ်၊ ပြီးတော့ငါတစ်ခု ပြောမယ်၊ နင်ဘယ်သူ့မှ လျှောက်မပြောနဲ့"

"ငါဘယ်သူ့မှ လျှောက်မပြောပါဘူး"

"ဦးလေးပုကြီးက ပြောတယ်၊ ရေဘုရင်ပြန်လာမယ်တဲ့၊ ပြီးတော့ ဦးလေးပုက ငါ့ကို ဗိုလ်စာသင်ပေးမယ်လည်းပြောတယ်၊ ရေဘုရင်ပြန်လာလို့ ဗိုလ်ကျောင်းတွေဖွင့်ရင် ငါဗိုလ်ကျောင်း တက်မယ်၊ ငါဗိုလ်စာတတ်ရင် မြို့ပိုင်ဖြစ်မှာပဲ၊ ငါမြို့ပိုင် ဖြစ်တော့ နင့်အဘငါ့ကို ဘာပြောရဲမလဲ"

မယဉ်နွယ်သည် ကျွန်တော့်လက်အား ဆုပ်ကိုင်သည်၊ အလွန်လည်း အားရှိသွားပုံရသည်။

ကျွန်တော်သည် ညနေက မသန်းရှင်ခေါင်းကို ဆရာပွတ်၍ ချော့သကဲ့သို့ ချော့ချင်သည်၊ သို့ရာတွင် မယဉ်နွယ်ကြိုက်မှန်း မကြိုက်မှန်းမသိ၍ ငြိမ်၍နေလိုက်ရသည်။

လ,သည် တိမ်များကြား ဝင်သွားသောအခါ မယဉ်နွယ် ကို နှုတ်ဆက်၍ ကျွန်တော်သည် ခွေးတိုးပေါက်မှ လျှို၍ ခြံပြင် ထွက်လာခဲ့သည်။

မြို့ပိုင်ဖြစ်ရန် စိတ်ကူးယဉ်၍လာခဲ့သော ကျွန်တော်သည် လမ်းအတိုင်း လျှောက်ခဲ့စဉ် လေယာဉ်ပျံသံ ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆိုလျှင် ကျွန်တော်ထွက်ပြေးမည်ဖြစ်သည်။ သို့ရာတွင် ဦးလေးပုကြီး၏စကားကို အမှတ်ရ၍ ရွာပြင်ထွက်ကာ ကြည့်မိသည်။

လေယာဉ်ပျံသည် ပတ်ခါပတ်ခါဝဲနေသည်၊ မကြာခင်မှာပင် လေယာဉ်ပျံပေါ်မှ ဖြူဖြူ အရာတစ်ခုကျလာသည်။ ကြည့်ရင်းကြည့်ရင်းနှင့်ပင် ထိုဖြူဖြူသည် မှိုပွင့်ကြီးကဲ့သို့ အောက်သို့ နိမ့်ကျလာသည်။

လေနတ်သားသည် စက္ကူ ဖြစ်သဖြင့် ဤမှိုပွင့်ကြီးသည် လေနတ်သား မဖြစ်နိုင်၊ မြို့ဌကြီသည်ဆိုသော ဗုံးများ ဖြစ်နေသလားမသိ။

ကျွန်တော်သည် ရွာတွင်းသို့ ပြန်ပြေးလာကာ အိမ်ပေါ်တက်၍ ဆိတ်ဆိတ်ငြိမ်ငြိမ်အိပ်ပစ်လိုက်၏။

◆

## (၁၀)

## သွေးလှူပွဲ၏နိဒါန်း

နံနက်အတန်မြင့်မှ ကျွန်တော်အိပ်ယာမှနိုးတော့သည်၊ ညက တွေ့ခဲ့သော မှိုပွင့်ကြီး အကြောင်းကို ဦးလေးပုအား သွားပြောပြချင်သော်လည်း ကျောင်းတက်စရာရှိသဖြင့် သွားမပြောဖြစ်ခဲ့။

ယနေ့နံနက်စာ ထမင်းစားရသည်မှာ အလွန်အရသာ ရှိသည်။ အကြောင်းမှာ ကျွန်တော့်ဆရာကတော် အသစ်စက်စက် မမရှင်၏ ပထမဦးဆုံးလက်ရာ ဖြစ်သောကြောင့်တည်း ...၊ မမရှင်၏ လက်ရာသည် မခင်သိန်းထက်အစပ်တည့်ခါ ထမင်းပွဲပြင်ပုံကိုက မြိုင်မြိုင်ဆိုင်ဆိုင်ရှိသည်။



မမရှင်သည် သူက ထမင်းစားသည် မရှိလှ၊ ဆရာ့ကို အရိုးနှင်ထည့်ပေးသည်။ ကောင်းနိုးရာရာ ဟင်းဖတ်ကို ဆယ်ထည့်ပေးသည်။ ယပ်တောင်တစ်ချောင်းနှင့်လည်း ယင်မနားအောင် ခပ်ပေးသည်။ ဆရာက ရှက်သလို သဘောကျသလို ပြုံးရင်း ထမင်းကို မြိန်ရေရှက်ရေစားသည်။ ထမင်းစားပြီးသောအခါ များ၌လည်း ဆပ်ပြာခဲနှင့် လက်ဆေးရေဇလုံအဆင်သင့်ရှိသည်။ ဆရာဆပ်ပြာတိုက်ပြီးသောအခါ မမရှင်က ရေဖလားနှင့် ဆရာ့လက်ပေါ်သို့လောင်းချပေးသည်။ ဆရာသည် ရေသောက်ရန်ပင် နေရာမှမထရ၊ မမရှင်က ငွေဖလားတစ်လုံးနှင့် ရေခပ်၍ လက်ဖက်ရည် ပန်းကန်ပြားတွင် ဖလားကိုတင်ကာ ဆရာ့ကို ပေးသည်။

ကျွန်တော်သည် ဒုတိယအကြိမ် မှတ်ချက်ချမိသည၊ ဆရာသည် မြို့သူ ရသည်မှာ ကံကောင်းလေစွတကား ...၊ အလွန်ကံကောင်းလေစွတကား ...။

ကိုအုန်းမောင်နှင့်တခြားစီဖြစ်သည်။ ယခင်က ထမင်းစားလျှင် ကိုအုန်းမောင်ချည်းပဲ ထရုန်းရသည်။ စားကြသောက်ကြပြန်လည်း ကိုယ့်ထမင်းကိုယ့်ဟင်းထည့်စား၍ ယင်ကောင်မလာရန် လက်အသောင်းခံ၍ မည်သူမျှ မမောင်း၊ စားသောက်ပြီးလျှင် ကိုအုန်းမောင်သည် အိမ်ရှေ့ရှိ ဘဲဥအိုးဆီ ထသွား၍ ကိုယ့်ဟာကိုယ်လက်ဆေးပလုတ်ကျင်းရသည်။ တစ်ခါတစ်ရံ သောက်ရေအိုးဆီသို့ပင် မလာတော့ဘဲ ပလုတ်ကျင်းရေကိုပင် မျိုချသောက်လိုက်သည်။ လက်သုတ်ပဝါလည်း အထူးရှာမနေတော့ဘဲ မိမိပုဆိုးကို ဖြည်၍ လက်ကိုလည်းသုတ်၊ ပါးစပ်ကိုလည်း သုတ်သော် ကိစ္စငြိမ်း၏။

ယခုမူ လက်သုတ်ပဝါကအစ လက်ကိုင်ပဝါလိုခေါက်၍ ပန်းကန်ပြားကလေးဖြင့် စားပွဲပေါ်တွင် အဆင်သင့်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ မြို့သူ ရသော ကျွန်တော့်ဆရာ အလွန်ကံကောင်းသည်။

နေ့ခင်းစာစားပြီး ဆရာရော ကျွန်တော်ပါ ကျောင်းပြန်တက်ကြသည်။

ကျောင်း၌ မယဉ်နွယ်ကို တွေ့၍ ဆရာကတော် ဟင်းချက်ကောင်းကြောင်း၊ သောက်ရေဖလားကို ပန်းကန်ပြားတွင်ထည့်၍ သောက်ကြောင်းစသည်တို့ကို ပြောမိသေးသည်။

"နင်က အားရင် နင့်ဆရာကတော်ပဲ ကြံဖန်ချီးမွမ်းနေတာပဲ၊ အဲဒါတွေဟာ အဆန်းမှတ်လို့လား"

"ဘာ...မဆန်းဘူး"

"ဘာလို့ဆန်းရမှာလဲ...၊ တို့အိမ်လည်းဒီလိုပဲ စားတာပဲ ဥစ္စာ၊ ထမင်းစားပြီးရင် ဆပ်ပြာမွှေးနဲ့တောင် တို့ကလက်ဆေးတာ၊ ကာလကောင်းတုန်းကဆိုရင် ထမင်းစားပြီးပြီးချင်း အမြှုပ်ထွက်တဲ့ ဆေးနဲ့ သွားတိုက်ပစ်သေးတာ"

"နင်တကယ်ပြောတာလား"

"ရော...ခက်ပါပြီ၊ ထန်းပင်ပေါ်က ကျတယ်ဆိုကာမှ အပေါက်ကလေးနဲ့လား လုပ်နေပြန်ပြီ"

ကျွန်တော်က မယုံသဖြင့် "ဒါဖြင့် နင့်လက် ပေးစမ်း... ငါ နမ်းကြည့်မယ်"ဟု စမ်းသည်။

မယဉ်နွယ်က သူ့လက်ကလေးကို ကမ်းပေး၍ ကျွန်တော်က နမ်းကြည့်သည်၊ ဟုတ်သည်၊ မယဉ်နွယ်၏ လက်သည် ကျွန်တော်လက်ကဲ့သို့ ဟင်းစော်မနံ၊ ဆပ်ပြာမွှေးနံ့ သင်းနေ၏၊ ကျွန်တော်အလွန်ကျေနပ်သွားသည်။

ဆရာသည်သာ ကံကောင်းသည်မဟုတ်၊ ကျွန်တော်လည်း ကံကောင်းမည်ထင်သည်။ ထိုညနေ ကျွန်တော် ကျောင်းဆင်း၍



အိမ်၌ စာအုပ်လွယ်အိတ်ကို ထားပြီးသောအခါ ဦးလေးပုထံ သွားမည်ကြံ၏။ ဧည့်ခန်း၌ ဆရာသည် မမရှင်အဆင်သင့်ချပေးသော အချိုပွဲကို လက်ဖက်ရည်ကြမ်းနှင့် မြည်းရင်း ကုလားထိုင်တစ်လုံးပေါ်ထိုင်လျက် သတင်းစာဟောင်းတစ်ခုကို ဖတ်နေသည်။ မမရှင်သည် ဆရာနှင့် မလှမ်းမကမ်း ကြမ်းပြင်၌ ကြုံ့ကြုံ့ကလေးထိုင်ရင်း သူတို့ မြို့သူတွေလုပ်လေ့လုပ်ထရှိသော သံချောင်းရှည်ရှည်တစ်ခုနှင့် ဇာပန်းထိုးနေသည်။

ကျွန်တော်က ဦးလေးပုကြီးထံ အမြန်သွားနိုင်ရန် အကွင်းဘက်ရှိ ဆရာ့စာကြည့်ခန်းကို အမြန်ဆုံးရှင်းလင်း တံမြက်စီးလှဲနေသည်။

ထိုအခိုက်တွင်ပင်အိမ်ရှေ့၌ မှန်ကားဆိုက်လာသည်။ မှန်ကားမြင်ကတည်းက ကျွန်တော်မျက်လုံးပြူးသွားမိသည်။

ကာလပျက်ပြီးနောက် သူဌေးတို့မှန်ကားများ ရွာများတွင် လာရောက်ဝှက်ထားသည်။ ကားများကို ရှာဖွေ၍ ဂျပန်စစ်ဗိုလ်များက သိမ်းယူသည်။ ထိုနောက် လှည်းလမ်းကြောင်းပါ မရှောင် လိုက်မောင်းနေသည်။ ဤကားသည် ဂျပန်စစ်ဗိုလ်ကားပင် ဖြစ်ရမည်။

ကျွန်ုပ်မျှော်လင့်သည့်အတိုင်း ကားပေါ်မှ ဂျပန်စစ်ဗိုလ်တစ်ဦးဆင်းလာသည်။ ကားအနောက်မှ ဂျပန်စစ်သားတစ်ဦးနှင့် မြန်မာရာဇဝတ်အုပ်တစ်ဦးလည်း ဆင်းလာသည်။ ကားရှေ့ခန်းရှိ ဒရိုင်ဘာဂျပန်တစ်ဦးကျန်ရစ်၏။ ဂျပန်စစ်ဗိုလ်နှင့် ရာဇဝတ်အုပ်သည် အိမ်ပေါ်သို့ တက်လာခိုက် ဂျပန်စစ်သားက ခြံဝ၌ စောင့်ရသည်။

ဂျပန်စစ်ဗိုလ်နှင့် ရာဇဝတ်အုပ်ကို ဆရာသည် တည်ငြိမ်စွာပင် ဆီးကြိုနေရာပေးသည်။ ရာဇဝတ်အုပ်သည် မိတ်ဖွဲ့ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုအုန်းဖေ ဒီဗိုလ်ကြီးက အိမ်မှုရာခေါ်တယ်။ ခင်ဗျား တို့ကို နည်းနည်းပါးပါး စစ်ချင်လို့တဲ့"

"စစ်ပါလေ...၊ ကျုပ်ဟာ နီပွန်တို့ရဲ့မိတ်ဆွေ၊ တို့ဗမာ အစည်းအရုံး ဥက္ကဋ္ဌတစ်ဦးပဲ"

ရာဇဝတ်အုပ်က ဂျပန်စစ်ဗိုလ်ကို အင်္ဂလိပ်စကားဖြင့် ဘာပြောသည်မသိ၊ ဂျပန်စစ်ဗိုလ်သည် ခေါင်းညိတ်သည်။ ဂျပန် ကလည်း ခေါင်းညိတ်၍ အင်္ဂလိပ်စကားနှင့် ပြန်ပြောသည်။ ရာဇဝတ်အုပ်က ဘာသာပြန်သည်။

"မသန်းရှင်မောင် ကိုမြင့်ဦးကို ကင်ပေတိုင်က ဖမ်းထား တာ ဒီက ဗိုလ်ကြီးက ကယ်ထုတ်ခဲ့တယ်၊ အဲဒါ ဗိုလ်ကြီး လက် ထဲကနေ ထွက်ပြေးသွားတယ်၊ အခု သူဘယ်မှာလဲ"

"ကျုပ်လည်း မသန်းရှင်ရောက်မှ ဒီသတင်းကြားတာပဲ၊ သူ ဘယ်မှာရှိတယ်ဆိုတာ ကျုပ်မသိဘူး"

ရာဇဝတ်အုပ်က ဂျပန်ကို တစ်ဆင့်ဘာသာပြန်ပြော သည်။ ဂျပန်သည် မျက်မှောက်ကုတ်သွား၍ မသန်းရှင်ကို လက်ညှိုးထိုးကာ ဝူးဝူးဝါးဝါးနှင့်ပြောသည်။

ရာဇဝတ်အုပ်က..."ဗိုလ်ကြီးက ပြောတယ်၊ မသန်းရှင် ...ဒီဘယ်လိုရောက်လာသလဲ၊ သူ့မောင်မရှိရင် မသန်းရှင်ကို စစ်ဖို့ ထည့်လိုက်ပါတဲ့"ဟု ဆို၏။

မသန်းရှင်သည် ထိတ်လန့်တကြား ဆရာ့ကိုမော့ကြည့် သည်၊ ဆရာ့မျက်နှာမှလည်း သိသိသာသာကြီး ပျက်သွားသည်။ သို့ရာတွင် ဆရာသည် တည်ငြိမ်စွာပြန်ပြော၏။

"နီပွန်...စစ်ဗိုလ်ကို ပြောလိုက်ပါ၊ မသန်းရှင်နဲ့ ကျုပ် မေတ္တာရှိတာကြာပြီ၊ မနေ့က ကျုပ်တို့ လက်ထပ်ပြီးပြီ၊ သူ့မောင် ဖြစ်ခဲ့တာနဲ့ ကျုပ်တို့နဲ့ မဆိုင်ဘူးထင်ပါတယ်"



ရာဇဝတ်အုပ်သည် ဤစကားကို ဂျပန်အား ပြန်ပြော သော ခဏ၌ ဂျပန်သည် ကျားကဲ့သို့ဒေါသတကြီးခုန်ထသည်။ သူသည် ဆရာ့ရှေ့၌ ရပ်ခါ ဆရာ့ပါးအား ဘယ်ပြန်ညာပြန် ဘီးတော့သည်။ ဆရာသည် အံကြိတ်၍ ခေါင်းငုံ့ခံသည်။ ဂျပန် စစ်ဗိုလ်ကသာ ဒေါသမပြေနိုင်ဘဲ ခါးမှခြောက်လုံးပြူးကို ထုတ်၍ မသန်းရှင်နှင့် ဆရာ့ကို တစ်လှည့်စီချိန်ရင်း ရာဇဝတ်အုပ်ကို သည်း စကားပြော၏။

"ဗိုလ်ကြီးကပြောတယ်...ခင်ဗျားတို့နှစ်ယောက်စလုံး ကို အခုသူဖမ်းချင်တယ်၊ ဒီတော့...လိုက်ခဲ့ကြဗျာ"

ဆရာသည် ဘာပြန်ပြောရမည်မသိ၊ ရာဇဝတ်အုပ်ကိုသာ ကြည့်နေ၏။ ထိုစဉ် မသန်းရှင်က နေရာမှထသည်။

"ရှင့်စစ်ဗိုလ်ကိုပြောပါ...ကျွန်မယောကျ်ားကို မဖမ်းပါနဲ့ ...ကျွန်မလိုက်ခဲ့ပါ့မယ်လို့..."

မသန်းရှင်၏စကားကို ရာဇဝတ်အုပ်မှတစ်ဆင့် သိရသော ဂျပန်ဗိုလ်သည် ကျေနပ်စွာပြုံး၍ သူ့ခြောက်လုံးပြူးကို အိတ်တွင်း ပြန်သွင်းရန်ပြင်သည်။

ထိုအခိုက်တွင်ပင် လျင်မြန်သော ဆရာ့လက်တစ်ဖက် သည် ခြောက်လုံးပြူးကို ပုတ်ချလိုက်ရာ အခန်းတစ်ထောင့်သို့ လွင့်သွားသည်။ မရှေးမနှောင်းပင် ဆရာ၏လက်သီးတစ်လုံး သည် ဂျပန်၏ မျက်နှာဆီသို့ ပြင်းထန်စွာကျရောက်သွားသည်။

ဂျပန်သည် ကြမ်းပြင်ပေါ်လဲကျသွားရာ ဆရာသည် လျင်မြန်စွာဖြင့် ဂျပန့်ခါးမှ ဓားရှည်ကြီးကို ဆွဲထုတ်ယူလိုက်သည်။

ခြံဝမှဂျပန်စစ်သားလေးသည် ဝူးဝူးဝါးဝါးအော်၍ လုံ့စွပ် တပ် သေနတ်နှင့်ပြေးထွက်လာသည်။

ကျွန်တော်သည် မျက်လုံးပြာသွား၏။ အကြောင်းမှာ ဆရာသည် ဓားဖြင့် ပြန်လည်ခုခံရန် ပြင်ခိုက် ကြောင်းနေရာမှ

www.burmeseclassic.com

www.burmeseclassic.com



သတိရသော ရာဇဝတ်အုပ်သည် ဆရာ့ကိုနောက်မှ ဝင်ဖမ်းချုပ်လိုက်သောကြောင့်ဖြစ်သည်။

ဂျပန်စစ်သားသည် ဆရာ့ရင်ဘတ်ကို လှံစွပ်ဖြင့် ထောက်ထားသည်။ ဆရာက လက်မှခါးကိုလွှတ်ချလိုက်ရ၏။

"ဒိုင်း"

မမျှော်လင့်ဘဲ သေနတ်သံတစ်ချက်ပေါ်ထွက်လာသည့် တစ်ခဏ၌ ဆရာ့ရင်ဘတ်ကို လှံစွပ်နှင့်ထောက်ထားသော ဂျပန်စစ်သားသည် ပျော့ခွေလဲကျသွား၏။ အခန်းတစ်ထောင့်တွင်မှ စောစောက ဆရာပုက်ချလိုက်သော ခြောက်လုံးပြူးကို ကိုင်ရင်း မသန်းရှင်သည် မိမိကိုယ်မိမိ ဘာလုပ်မိသည်မသိသူတစ်ဦးကဲ့သို့ ရပ်နေသည်။ ခြောက်လုံးပြူးပြောင်းမှ အငွေ့တလူလူထွက်နေသည်။

လျင်မြန်သောဆရာသည် သူ့နောက်မှ ချုပ်ထားသော ရာဇဝတ်အုပ်ကို ကိုင်ပေါက်ချလိုက်သည်။ ရာဇဝတ်အုပ်၏ ခန္ဓာကိုယ်ကြီး ကြမ်းပြင်ပေါ်သို့ ကျသွားလျှင် ကျသွားချင်း အောက်၌ကျန်ရစ်သော ဂျပန်ဒရိုင်ဘာသည် ပြေးတက်လာ၏။ ဆရာသည် ဂျပန်ဓားရှည်ကို ကောက်ယူ၍ နောက်ထပ်တက်လာသော ဂျပန်စစ်သားဆီ လှံပစ်သကဲ့ ဂျပန် ဓားရှည်ကြီးသည် စစ်သား၏ ရင်ဘတ်ဆီတည့်တည့်ကြီးဝင်စိုက် တုတ်ချင်း ဖောက်သွားသည်။ အခြေအနေလုံးဝပြောင်းလဲသွားသည်။ ဂျပန်စစ်သားနှစ်ဦးသေခဲ့၍ ဂျပန်စစ်ဗိုလ်မှာ သတိလစ်မေ့ နေသည်။ ကြမ်းပြင်မှကုန်းထသော ရာဇဝတ်အုပ်ကို ဆရာသည် ဓားနှောင့်နှင့် နောက်စေ့ကို ရိုက်ချလိုက်ရာ သူပါငြိမ်သွားသည်။

ထိုအချိန်ထိ ကျွန်တော်သည် စာကြည့်ခန်းတွင်း၌ ရှိသည်။ ကိုအုန်းမောင်နှင့် မခင်သိန်းတို့က ဘယ်ကပေါ်လာသည် မသိ၊



မျက်လုံးအပြူးသားနှင့် အိမ်ပေါ်ရောက်လာကြသည်။ ထိုအခါမှ ကျွန်တော်လည်း အခန်းတွင်းမှ ထွက်ခဲ့မိသည်။ ဆရာသည် ရာဇဝတ်အုပ်ခါးမှ ခြောက်လုံးပြူးကိုပါယူလိုက်၍ မခင်သိန်းကို လှမ်းပေးသည်။ ဂျပန်စစ်သားနှစ်ဦးဆီမှ ရိုင်ဖယ်နှစ်လက်ရသည်။ တစ်လက်ကို သူလွယ်လိုက်၍ တစ်လက်ကို ကိုအုန်းမောင်သို့ ပေးသည်။ ထိုအခါကျမှ ကိုအုန်းမောင်သည် သတိဝင်လာဟန် မေးသည်။

"ငါညီ...ဘာတွေဖြစ်နေတာလဲ..."

"ဘာတွေဖြစ်တာမေးမနေနဲ့၊ ကျုပ်တို့အားလုံး ဒီနေရာက ပြေးရမယ်၊ မခင်သိန်းနဲ့မသန်းရှင်...ရွှေတိုငွေစတွေ အမြန်ဆုံးသိမ်း..."

အခြေအနေကို ရိပ်မိသော မခင်သိန်းနှင့် မသန်းရှင်တို့ အခန်းတွင်းသို့ ပြေးဝင်သွားကြသည်။

ဂျပန်စစ်ဗိုလ် လှုပ်ရှားလာသဖြင့် ဆရာသည် မျက်နှာကို ဖနှောင့်နှင့်သုံးချက်ဆင့် ပေါက်လိုက်သည်။ ဂျပန်ငြိမ်သွားသည်။

"ကဲ...ငယ်လေး...တို့တွေ အားလုံးသွားရမယ်၊ မင်းလူမမြင်အောင် နောက်ဖေးပေါက်က တိတ်တိတ်ပြေးပေးတော့..."

"အို...ကျွန်တော်လည်းဆရာနဲ့ လိုက်မှာပေါ့" ဆရာသည် စိတ်ထိခိုက်သွားဟန်ပြသည်။ ထို့နောက် ခေါင်းကိုခါသည်။

"ငါ့တပည့်အသက်ငယ်သေးတယ်၊ ဆရာတို့နဲ့ လိုက်လို့ မဖြစ်ဘူး၊ ဒီတော့ ငယ်လေးကို အမှုမပတ်အောင် လူမမြင်ခင် မြန်မြန်ပြေးပေတော့၊ ဆရာ့စကားကို နားထောင်"

ကျွန်တော်သည် ဆရာ့စကားကို မပယ်လှန်ရဲသဖြင့် အိမ်နောက်ဖေးပေါက်မှ ကွေ့ပတ်ထွက်ပြေးပြီး ရွာထိပ်မှ ရွာတွင်း ပြန်ဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရွာတွင်းရောက်သောအခါ၌ ဆရာတို့ခြံဝ၌ လူအကော်စည်နေပြီ၊ လူကြားထဲ၌ နှစ်လုံးပြူးထမ်းထားသော ဆယ်အိမ်ခေါင်းကိုလည်း တွေ့ရသည်။ ကျွန်တော်က သူတို့အနီး တမင်တိုးဝင်သွား၍ မေးသည်။

"သူကြီး...ကျုပ်ဆရာ ဘာဖြစ်လို့လဲဗျ"

သူကြီးက မျက်စောင်းထိုး၍ ပြန်မဖြေ၊ ဆယ်အိမ်ခေါင်းကသာ ရှင်းပြသည်။

"ခွေးမသားလေး၊ နင် ဘယ်လျှောက်သွားနေတာလဲ... နင့်ဆရာ လူသတ်လို့"

"ဗျာ...လူသတ်လို့၊ မဖြစ်နိုင်တာဗျာ"

ကျွန်တော်သည် ဟန်ဆောင်၍ ရှေ့သို့တိုးရန်ပြင်သည်။ သို့ရာတွင် အနီး၌ရှိသော ဘထွေးလေးက ကျွန်တော့်လက်မောင်းကို လှမ်းဆွဲသည်။

"ငါ့လူရ...ငြိမ်ငြိမ်နေစမ်း၊ နင့်ပါ အမှုပတ်နေအုံးမယ်၊ နင့်ဆရာ လူသတ်တာ လူမဟုတ်ဘူး၊ ဂျပန် ဘာမှတ်လို့လဲ"

ကျွန်တော်သည် အသာငြိမ်နေလိုက်သည်။

သူကြီးနှင့် ဆယ်အိမ်ခေါင်းသည် နှစ်လုံးပြူးကြီးနှင့် ရှေ့တိုးသည်။ သို့ရာတွင် အိမ်ပေါ်မှ ထွက်လာသူများ မြင်သည် တစ်ခဏ၌ တန့်သွားကြ၏။ မခင်သိန်းနှင့် မသန်းရှင်က ခြောက်လုံးပြူးကိုယ်စီနှင့် ဖြစ်သကဲ့သို့ ဆရာတို့ညီအစ်ကိုကလည်း ရိုင်ဖယ်ကိုယ်စီနှင့် ဖြစ်သည်။ သူကြီးနှင့် ဆယ်အိမ်ခေါင်းသည် နောက်ဆုတ်၍ လူအုပ်ကြား၌ ငြိမ်ငြိမ်လေး နေလိုက်ကြသည်။ ဆရာသည် လူအုပ်ကို တည်ငြိမ်စွာကြည့်၍ "ရွာသူရွာသား အားလုံးကို ကျွန်တော်ပြောချင်တယ်၊ ကျွန်တော်တို့ကတော့ ဒီရွာနေလို့ မဖြစ်ဘူး သွားတော့မယ်၊ ဒီတော့ မကြာခင်ရွာကို



ဂျပန်တွေလာမှာမွှေမှာပဲ၊ အဖိုးတန်ပစ္စည်းတွေနဲ့ သမီးပျိုတွေကို တခြားရွာရွှေ့ထားကြ၊ ပြီးတော့အစစသတိဝီရိယနှင့် နေကြ၊ တစ်ခုတော့ ကျုပ်မှာခဲ့မယ်၊ ဒီဂျပန်ကောင်တွေကို တစ်နေ့ ဗမာတစ်မျိုးလုံး ခံချလိမ့်မယ်၊ အဲဒီအချိန်မတိုင်မီ လိမ်လိမ်မာမာ စည်းစည်းရုံးရုံးနေကြ၊ ကျုပ်လည်းတစ်နေ့ပြန်လာခဲ့မယ်၊ ဒါပဲ"

နောက်ဆုံးစကားများကိုမူ ဆရာသည် ဆို့နင့်စွာပြော၍ လူအုပ်ကြားသို့ ဆင်းကာ မားမားကြီး ထွက်ခွာသွားသည်။ သူနောက်မှ မခင်သိန်း၊ မသန်းရှင်၊ ကိုအုန်းမောင်တို့ လိုက်ပါသွားကြသည်။ ဆရာကို့တော်တော်ဝေးဝေးရောက်ကာမှ သူကြီးသည် ရွာသားများအကူအညီဖြင့် အလောင်းတို့ကို ကောက်ယူသည်။ နှစ်လုံးပြူးကြီးတကားကားနှင့် ဟိုအမိန့်ပေး ဒီအမိန့်ပေး ပြုလုပ်သည်။

ကျွန်တော်နှင့် ရွာသားသုံးလေးဦးသည် ရည်ရွယ်ချက်မဲ့စွာဖြင့် ဆရာတို့သွားရာဘက်ထွက်ခဲ့ကြသည်။

အကျမြန်သော ဆောင်း,နေသည် ငုပ်လျှိုးစဖြစ်၏။ ကျွန်တော်တို့ ရွာတစ်ဝိုက်ရှိလယ်ကွင်းများကို လွန်၍ မျှော်ကြည့်သော် အရှေ့ဘက်၌ ရိုးလေးသည် မှုန်မှိုင်းစွာရှိနေ၏။

ရိုးလေးတောင်ခြေရှိ မြူ ဆိုင်းစ အင်းတိုင်းတောအတွင်း တိုးဝင်ပျောက်ကွယ်သွားသော ဆရာတို့ တစ်သိုက်ကို အဝေးမှ ကျွန်တော်တို့ လှမ်းမြင်ရသည်။

ကျွန်တော့်ဆရာကို ဘယ်သောအခါမှ ပြန်လည်တွေ့ရပါမည်နည်း၊ ဤအတွေးဝင်လာမိသည်နှင့် တစ်ပြိုင်နက် လယ်မြေပြင်တွင် ဒူးထောက်ရင်း ကျွန်တော်သည် မျက်နှာကို လက်ဖဝါးနှင့် အုပ်၍ ချုံးပွဲချငိုကြွေးမိပါသတည်း။

◆

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း – သုံး

## နွေဦး၏သွေးပုံပြင်


၁၁။ အရှေး၏သစ္စာ

၁၂။ မှည့်ဝင်းနေသော ဥသျှစ်သီးတစ်လုံး

၁၃။ ဗိုလ်ကျော်ရှိန် ပြန်လာပြီ

၁၄။ တော်လှန်ရေး

၁၅။ ခြသ်နှင့်ရွှေအိုး




### (၁၁)

### အရှေး၏သစ္စာ

ဆရာတို့သွားလေရာကိုကြည့်ရင်း ကျွန်တော်တစ်ယောက် ငိုခဲ့ပါ၏၊ သို့ရာတွင် နောက်တစ်နေ့၌ ကျွန်တော်တို့တစ်ရွာလုံး ငိုပွဲဆင်ကြရသည်။

ဆရာ၏ အမှာစကားအတိုင်း ရွာရှိ အပျိုအားလုံးကို ကန်မကြီး၊ ဥသျှစ်ပင်စသော တစ်ပါးရွာများသို့ ညတွင်းချင်း ခရှောင်ရှားကုန်ကြသည်။ ကြေးရေတတ်တို့လည်း တစ်အိမ်ထောင် လုံးလိုလို လှည်းကိုယ်စီဖြင့် ပြေးကြသည်။

မပြေးနိုင်–မပြေးသာသူတို့သာ ဒုက္ခကြမ္မာကိုရောက်လာ မည်မှန်းသိလျက် ပင့်သက်ရှူ အံကြိတ်ရင်း စောင့်မျှော်နေကြ ရသည်။

စောင့်မျှော်နေကြသည့်အတိုင်းလည်း နောက်တစ်နေ့ ဆွမ်းခံချိန်၌ တစ်ရာခန့်ရှိသော ဂျပန်စစ်တပ်သည် ကျွန်တော် တို့ရွာကို ဝိုင်းတော့သည်။

မြင်သမျှလူကို ရိုက်သည်၊ တွေ့သမျှ လူကို စစ်သည်၊ ရှိသမျှ အိမ်ကို ရှာသည်။

သူတို့မွှေလို့ အားရမှ နိပ္ပွန်တပ်မတော်ကို အာဏာဖီဆန် သော ရွာအား ထိုက်ထိုက်တန်တန်ဆုံးမတော့သည်။

ဂျပန်တို့သည် ရွာကိုမီးတင်ရှို့သည်၊ ရွာတစ်ဝက်ပြောင် ၏။

ကျွန်တော်တို့၏ လောကဓာတ်ကျောင်းကိုလည်း မီးတင်ရှို့ ရာ ကျွန်တော်တို့ ကျောင်းတွင်မက သိမ်,တစ်ခုနှင့် ဦးလေးပုကြီး ၏ ကျောင်းပျက်တစ်ခြမ်းပါ ပါသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တို့ ပြန်သောအခါ ရွာရှိလူကုန်သည် မီးလောင်ပြင်ကို ကြည့်၍ ငိုသူငို၊ အံ့ကြိတ်သူကြိတ်နှင့် ဖြစ်နေကြသည်။ ငိုသူရော အံ့ကြိတ်သူရော အားလုံး၏နားတွင် ဆရာကိုအုန်းဖေ ပြောခဲ့သော စကားသည် ပဲ့တင်ထပ်နေ၏။

"တစ်ခုတော့ ကျုပ်မှာခဲ့မယ်၊ ဒီဂျပန်ကောင်တွေကို တစ်နေ့ ဗမာတစ်မျိုးသားလုံး ခံချလိမ့်မည်၊ အဲဒီအချိန်မတိုင်ခင် လိမ်လိမ်မာမာစည်းစည်းရုံးရုံးနေကြ"

ကျွန်တော့်အဘသည် မီးလောင်ပြင်ကို ကြည့်ရင်း အံ့ကြိတ်နေသည်၊ သူကြီးကမူ ပေါ်မလာ၊ ရွာသူရွာသားအားလုံးက မျက်နှာငယ်များဖြင့် အဘထံခိုင်းလာကြသည်။

အဘသည် ဆို့နင့်သော ရင်ကို မျိုသိပ်၍ သူတို့အား စကားပြောသည်။

"ရွာသူရွာသားတို့ ဝမ်းလည်းမနည်းကြနဲ့၊ အားလည်း မငယ်ကြနဲ့၊ တစ်ချိန်တုန်းက ကျုပ်တို့ရွာကို ဟုလားဖြူတွေက ဒီလိုပဲ မီးတင်ရှို့ခဲ့ဖူးတယ်၊ ဟုတ်တယ်မဟုတ်လား"

ရွာသူရွာသားများက ဖြိုင်ဖြိုင်ညီညီလက်သီးလက်မောင်း တန်း၍အော်ကြသည်။

"ဟုတ်တယ်...ဟုတ်တယ်...ဟုတ်တယ်..."

အဘသည် ကြေကွဲမှုနှင့် ဒေါသရောသော သူတို့အသံများ ငြိမ်သည်အထိ စောင့်ပြီးမှ စကားဆက်ပြောသည်။

"ကျုပ်တို့ရွာမီးရှို့ခဲ့တဲ့ ကုလားဖြူတွေ ဒီနေ့ မရှိတော့ဘူး၊ ကျုပ်တို့ရွာတော့ ရှိသေးတယ်"

တက်ကြွနေသော ရွာသူရွာသားများက သံပြိုင်အော်ကြသည်။



"ရှိနေသေးတယ်...ရှိနေသေးတယ်..."

အဘသည် ရွာသူရွာသားများအား စူးစိုက်ကြည့်ရင်း အဓိပ္ပာယ်ရှိရှိဆိုသည်။

"ဒီတော့...ကျုပ်တို့တစ်ခုပြောမယ်၊ သဘက်ခါမှာ ဒီမီးလောင်ပြင်ပေါ်မှာ အိမ်တွေပြန်ဆောက်ရမယ်၊ ဒါပဲ"

အဘသည် စကားတိုတိုဖြတ်၍ လူအုပ်ကြားမှ တိုးထွက်သွားသည်။

အဘစကားကို လူတိုင်းလိုက်နာကြသည်။ နောက်တစ်နေ့ နံနက်၌ လှည်းရှိသူတို့က လှည်းပေးကြသည်၊ လှည်းမရှိသူတို့က လုပ်အားဒိုက်ကြသည်၊ လုပ်အားမစိုက်နိုင်သော ကြေးရေ ဘတ်တို့က ငွေကြေးနှင့်ဆမင်းထုပ်များ ထောက်ပံ့ကြသည်။ သူကြီးဦးသာခံကြီးပင်မနေရ၊ ကျွန်တော်တို့ တစ်ရွာလုံး ရိုးလေးတွင် ဝင်၍ သစ်ခုတ်သူကခုတ်၊ ဝါးခုတ်သူကခုတ်၊ အင်ဖက်ခူးသူက ခူး၊ ကိုယ့်တာဝန်ကိုယ် ကျေပွန်စွာလုပ်ကြ၏။

"မီးရှို့သူတို့ ရှို့ကြပါစေ...သို့ရာတွင် ဤတော ဤတောင် ဤမြေရှိသမျှ အိမ်ဆိုတာလည်းဖြစ်ရမည်၊ အဘပြောသကဲ့သို့ ကျွန်တော် တို့ရွာသည် ရှိရမည်။

အဘ သဟ်မှတ်ခဲ့သည့်အတိုင်း တစ်ရက်ကျော်သောအခါ မီးလောင်ပြင်၌ အိမ်အသီးသီးပြန်ပေါ်ခဲ့သည်၊ ကျွန်တော် ဝမ်းနည်းဆုံးမှာ သွပ်မိုး ကျွန်းကာနှင့် ကျွန်တော်တို့၏ ကျောင်းကြီးကို ပြန်မဆောက်နိုင်တော့ခြင်းပင်ဖြစ်သည်။ ကျောင်းကို ပြန်ဆောက်၍လည်းမထူးတော့ ကျွန်တော်တို့တစ်ကျောင်းလုံး၌ ဆရာနှစ်ဦးသာ ရှိခဲ့ဖူးသည်။ ဆရာကိုအုန်းဖေနှင့် ဆရာကိုကြင်ခဲ့သည် ဖြစ်သည်။ ဆရာကိုအုန်းဖေရှိသည့်နောက် ဆရာကိုကြင်ခဲ့သည် ဤကျောင်းကို မည်သည့်နည်းနှင့်မျှ ဆက်လက်မထောင်နိုင်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းချောင်းတွင် မှိုင်ရင်း ရွာပျက် ရဇာပိုဒ်စုံကြီး တစ်ပုဒ်များ စပ်နေမည်လား မပြောတတ်။

ဤသို့ ဖြစ်ပျက်ပြီး သုံးရက်ခန့်အကြာ၌ ကျွန်တော်သည် ဦးလေးပုကြီးနေသော ကျောင်းပျက်ကြီးသို့ထွက်ခဲ့သည်။

ယခင်က ဦးလေးပု၏ကျောင်းကြီးသည် ပယိုင်နေယွင်းနေ ဆွေးနေပါ၏။ သို့ရာတွင် ကျောင်းဟူ၍ မှတ်မိနိုင်သော ပုံသဏ္ဌာန် ၌ ရှိသေးသည်။

ယခုမူ တစ်ခြမ်းမီးလောင်ထားသဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။

ဤကျောင်းပျက်ကြီးအပေါ်၌ ဦးလေးပုအလွန်သံယောဇဉ် ကြီး၏။ အကြောင်းမှာ ဤရွာ၌ ဦးလေးပု သောင်တင်ကတည်းက ဤကျောင်းပျက်ကြီးသည် ဦးလေးပုတစ်ဦးတည်း အပိုင်စား သော ရွှေနန်းတော်ကြီး ဖြစ်ခဲ့သည်၊ ဤရွှေနန်းတော်ကြီး မီးခ, ချိန်၌ ဦးလေးပုတစ်ယောက် သောကမီးလောင်နေမည်လော မပြောတတ်၊ သို့ရာတွင် ကျောင်းပေါ်သို့ ကျွန်တော်ရောက်သော အခါ ကျွန်တော့်အတွေးတို့သည် တက်တက်စင် မှားကြောင်း သိရသည်။

ခြကိုက်နေသော သေတ္တာအပျက်ကြီးဘေး၌ ကုပ်ကုပ် ကုပ်ကုပ်နှင့် ဦးလေးပုသည် အလုပ်ရှုပ်နေ၏။ မည်မျှအလုပ် ရှုပ်သနည်းဆိုသော် ကျွန်တော်တက်လာသည်ကိုပင် သူသတိ မမူမိ။

ဦးလေးပုသည် ဂုံနီအိတ်ကြီးတစ်ခုတွင်းသို့ ပစ္စည်းမျ ထိုးသွင်းထည့်နေသည်။ ခါတိုင်းကဲ့သို့ ဥသျှစ်သီးများချည်းမဟု ဥသျှစ်သီးများလည်း ပါသည်။ ငှက်ပျောဖီးများလည်းပါသည်။ ငါးရံ့ခြောက်များလည်း ပါသည်။ အမဲခြောက်များလည်း ပါသည်။



ကျွန်တော်ကပ်သွားချိန်၌ ဦးလေးပုသည် ဆန်တစ်ပြည်ခန့်ကို ဂုံအိတ်တွင်းသို့လောင်းထည့်ရန် ကြိုးစားနေသည်။ အရေးထဲ ဂုံအိတ်က အစနှစ်ခုပူးနေ၍ ဦးလေးပု၌ အခက်အခဲတွေ့နေ၏။

"ဦးလေးပု... ဘာလုပ်နေတာလဲ"

ဦးလေးပုသည် ထိတ်လန့်တကြား ကျွန်တော့်အား ပြန် ကြည့်သည်။ မည်သို့မျှတော့ စကားမပြန်နိုင်၊ ကျွန်တော်က ဂုံနီအိတ်အစနှစ်ခု ဖြဲပေးသည်။ ဦးလေးပုက ဂုံအိတ်တွင်းသို့ ဆန်တစ်ပြည်လောင်းထည့်သည်။ ထိုနောက် ကျောင်းထောင့် တစ်နေရာသို့ သွား၍ ကျစ်ကနဲကျစ်ကနဲအားရပါးရ တံတွေးထွေး နေတော့သည်။

"ဦးလေးပု... ခင်ဗျားကျုပ်တို့ရွာက သွားတော့မလို့လား"

ကျွန်တော်က စမ်းနည်းပန်နည်းဖြင့် မေးမိသည်။ ဦးလေး ပုက ကျွန်တော့်အနီးပြန်ကပ်လာသည်။ ထို့နောက် မှုန်ကုပ်ကုပ် နှင့်ဆိုသည်။

"ငါက ရွာက ဘာကြောင့်သွားရမှာလဲ...သွားရင် ငါ စပိုင် ဖြစ်သွားမှာပေါ့"

"ခင်ဗျားက ဘာကြောင့်စပိုင်ဖြစ်ရမှာလဲ ဦးလေးပုရ"

"အေးလေ... ဒါဖြင့် မင်းက ဘာကြောင့် ငါရွာက ထွက်သွားမယ်လို့ ပြောရတာလဲ"

ကျွန်တော်သည် ဦးလေးပုအား ဆက်စကားမပြောလို၍ တက်ပျက်လက်ပျက် ထိုင်နေသည် ထိုအခါကျမှ ဦးလေးပုသည် ကျွန်တော့်အနားသို့ကပ်လာသည်။

"ငယ်လေး... စပိုင်လုပ်ရမှာ သိပ်ကြောက်ဖို့ ကောင်း တယ်၊ စပိုင်ဆိုရင် ဂျပန်က ခြေသည်းလက်သည်းခွာတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲဦးလေးပုသည် ဘာတွေလာပြောနေသနည်း၊ ကျွန်တော်က စိတ်တိုစွာ ပြန်အော်သည်။

"ဒီခွေးတိရစ္ဆာန်ဂျပန်တွေ လက်သည်းခွာစမ်းပါစေ…။ ဒီကောင်တွေပေါ် ဗုံးကျပြီးသေအောင် ကျုပ်သိပ်ပြီး စပိုင်လုပ်ချင်တယ်"

ဦးလေးပု၏မျက်လုံးများ အရောင်တောက်လာသည်။

"ငယ်လေး…မင်းတကယ်ပြောတာလား"

"ကျုပ်တကယ်ပြောတာဗျ…ဦးလေးပုလို ဗိုလ်စကားတတ်ရင် ကျုပ်တကယ် စပိုင်လုပ်တယ်"

မင်းက ဘာလို့စပိုင်လုပ်ချင်တာလဲ"

"ကျုပ်ဆရာလည်း ပြေးရပြီ…ကျုပ်ရွာကိုလည်း မီးရှို့သွားတယ်။ ကျုပ်ဒီဂျပန်ကောင်တွေကို တိုက်ချင်တယ်" ဦးလေးပုသည် ဘာမျှမပြောဘဲသူ့သေတ္တာကြီးဖွင့်သည် သေတ္တာတွင်းမှ အင်္ဂလိပ်သတင်းစာအဟောင်းများကို ထုတ်ယူသည်။ ထို့နောက် ဟိုလှန်ဒီလှန်နှင့် ဘာရှာသည်မသိ ရှာနေ၏။ အတန်ကြာမှ ဓာတ်ပုံတစ်ပုံကို ထောက်ပြသည်။

"ယောဒီမှာ တွေ့လား…မင်းသေသေချာချာကြည့်" ဦးလေးပုပြသော ဓာတ်ပုံမှာ ကုလားဖြူတစ်ကောင်၏ ဓာတ်ပုံဖြစ်သည်။ သူ့ခေါင်းပေါက်၌ ထူးထူးဆန်းဆန်း ဦးထုပ်တစ်မျိုးဆောင်းထားသည်။

"အဲဒါ ဘယ်သူလဲဗျ"

"ကင်း ဂျော့ သိစ်စ်"

"အဲဒါ ဘာလဲဗျ"

"ကွာ…မင်းကလည်း…ဟို…ခြောက်ခု…အဲ…အဲ ဂျော့ဘုရင်"



"ခင်ဗျားဘုရင်ကို … ကျုပ်က ဘာလုပ်ရမှာလဲ"

ဦးလေးပုသည် ကုပ်ချောင်ကုပ်ကုပ်နှင့် ထွက်သွားပြန်သည်။ ကြေးအင်းတုတော် တစ်ခုကို တွန်းမ၍ ဆင်းကုတော် အခေါင်းကွင်းမှ စက္ကူထုပ်များယူလာသည်။

"အဲဒါလေးဖတ်သားတွေကွ…ငါရုဇားဖား…ငါဖတ်ပြမယ် မင်းနားထောင်" ဦးလေးပုသည် လေသံနှိမ့်၍ ဖတ်ပြတော့သည်။

"ဂျော့ဘုရင်းမင်းမြတ် မိန့်တော်မူသည်… တဲ့၊ မြန်မာပြည်သူပြည်သားများ…တဲ့၊ ဗြိတိသျှ…တပ်မတော်များ ပြန်လာမည်တဲ့၊ ဂျပန်ကို မကူညီကြနဲ့…တဲ့"

ကျွန်တော်သည် ပို၍ စိတ်တိုလာ၏။ ထို့ကြောင့် ဘုပြန်ပြောသည်။

"ခင်ဗျားဂျော့ဘုရင်က ပြေးပါဗျာ…၊ ဂျပန်တွေက… ကျုပ်တို့ကို ဒီလောက်နှိပ်စက်နေတာခင်ဗျား မမြင်ဘူးလား၊ ဘယ်မှာလဲခင်ဗျား ဗြိတိသျှ စစ်တပ်တွေ"

ဦးလေးပုသည် တဟဲဟဲရယ်သည်။ ထို့နောက်တံတွေးကို သုံးလေးချက်ဆက်တွေးလိုက်ပြီး ဆက်ပြော၏။

"ငါလူက သိပ်ညံ့တာပဲ၊ မင်းလေယာဉ်ပျံသံတွေ မကြားဘူးလား၊ အဲဒီဗြိတိသျှတပ်တော်တွေပေါ့ကွ…"

ဦးလေးပုက ဤသို့ပြောမှ ကျွန်တော်သည် သတိရမိတော့သည်။

"ဟာဦးလေးပု ကျုပ်သတိရပြီ၊ လွန်ခဲ့တဲ့ သုံးလေးညက လေယာဉ်ပျံသံကြားတော့ ကျုပ်ထွက်မပြေးဘဲစောင့်ကြည့်တယ်။ လေယာဉ်ပျံပေါ်က မီးပွင့်ကြီးလို အပွင့်ကြီးတစ်ခု ကျလာတယ်။ အဲဒါ ဘာကြီးလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးပုသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"နင်အဲဒါတွေအကြောင်း ဘယ်သူ့ကိုလျှောက်ပြောသလဲ"

"ပြည်ရှေ့ဆံတော် စူးရပါစေရဲ့ဗျာ ... ကျုပ်ဘယ်သူ့မှ မပြောရပါဘူး"

ဦးလေးပုသည် သူ့လေနတ်သားနှင့် သတင်းစာများကို ပြန်သိမ်းသည်။ ၎င်းနောက် အလွန်လျှို့ဝှက်သော အမူအယာဖြင့် မေးသည်။

"ငယ်လေး မင်း ဂျပန်ကို တကယ်သောက်မြင်ကပ်သလား"

"ဂျပန်ကို ကျုပ်သောက်မြင်ကပ်တာ မဟုတ်ဘူး ၊ သတ်ချင်နေတာ"

ဦးလေးပုသည် ဘာမျှမပြောတော့ဘဲ သူ့ဂုံနီအိတ်ကြီးကို ထမ်း၍ ကျွန်တော့်အားခေါ်သည်။

"မင်းဂျပန်သတ်ချင်ရင် ငါနဲ့လိုက်ခဲ့၊ ဘာမှတော့ စကားဆက်ရှည်မနေနဲ့"

ဦးလေးပုက ဂုံနီအိတ်ကြီး ထမ်း၍ ရှေ့မှ သွားသည်။ ကျွန်တော်က နောက်မှလိုက်သည်။ ဦးလေးပုသည် ရွာမှထွက်၍ ရိုးကလေးဆီသို့ ရှေးရှုသွားသည်။

"ဦးလေးပု ခင်ဗျားဘယ်လဲ"

ဦးလေးပုက လှည့်ကြည့်၍ ပြောသည်။

"မင်းခါတိုင်း လိုက်ရင် ဘယ်လဲလို့ မမေးဖူးပါဘူး"

ဦးလေးပုပြောသည်မှာမှန်၏၊ ထို့ကြောင့် ကျွန်တော်သည် ဆက်လက်မမေးတော့ဘဲသစ္စာရှိစွာဖြင့် နောက်မှလိုက်ခဲ့သည်။



ဦးလေးပုသည် ဦးဗွားသိုက်တွင်းများဆီ ကျွန်တော့်အား ခေါ်ခဲ့သည်။ သိုက်တွင်းများကို ကျော်၍ တစ်ဖက်လျှိုတွင်းထဲသို့ ဆင်းသည်၊ ထိုနောက် စမ်းချောင်းကလေးတစ်ခုအတိုင်း ဆက်လျှောက်သည်။ ကျူးကျူးကျဲ ရေတံခွန်နားရောက်သောအခါ ရပ်လိုက်၏။ သူရပ်သဖြင့် ကျွန်တော်လည်း ရပ်ရသည်။

ဦးလေးပုသည် ကျောက်ဆောင် တစ်ခုထက် တက်၍ သူ့ပါးစပ်ပေါက်ကို လက်ဝါးနှစ်ခုနှင့်ကာလျက် အသံကုန်ဟစ်သည်။

"အောက်အီး...အီး...အွတ်..."

"အောက်အီး...အီး...အွတ် ..."

ဤသို့အော်ပြီးသောအခါ ဦးလေးပုသည် ကျောက်ဆောင်ပေါ်၌ အေးအေးဆေးဆေးထိုင်၍ ဂုံနီအိတ်ကိုဖွင့်လျက် ဥသျှစ်သီးတစ်လုံးထုတ်ကာ ငြိမ်းချမ်းစွာစားနေတော့၏။

ကျွန်တော်သည် ဦးလေးပုအား စိတ်ပျက်လက်ပျက် ကြည့်မိသည်၊ ဦးလေးပုကြီး အရူးဖောက်ပြီလော။

သို့ရာတွင် ဦးလေးပု ဥသျှစ်သီး စားနေသည်မှာ ခါတိုင်းလိုပင် အိခြေရရဖြစ်၏။

ကျွန်တော်သည် စိတ်ပျက်လက်ပျက် ဦးလေးပုဥသျှစ်သီးစားနေသည်ကို ကြည့်နေဆဲနောက်မှ ခြေသံလိုလိုကြားသဖြင့် လှည့်မိသည်၊ တွေ့လိုက်ရသည့်သဏ္ဌာန်မှာ ကြောက်စရာဖြစ်၏။

တောင်ကမ်းပါးတောပင်များကို ကျောခိုင်းလျက် ထွားကြိုင်းသော လူကြီးတစ်ဦးရပ်နေသည်၊ သူ့ကိုယ်၌ အစိမ်းရောင် စစ်ဝတ်စုံကို ဝတ်ထားသည်။ မဖြီးဘဲထားသည့် ဆံပင်များ ဖွနေသကဲ့သို့ မုတ်ဆိတ်ပါးသိုင်းမွေးများလည်း ရှည်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်တွင်း၌ တစ်တောင်သာသာခန့်ရှိ သေနတ်တစ်မျိုးကို ကိုင်ထားသည်၊ ဤသေနတ်ပြောင်းဝက ကျွန်တော်တို့နှစ်ဦးအား ချိန်ထားသည်။

ကျွန်တော်ကတုန်လှုပ်နေသမျှ ဦးလေးပုသည် ဥသျှစ်သီး စားမပျက်ဘဲ ထိုသူအား အေးချမ်းစွာဆိုသည်။

"မစိုးရိမ်ပါနဲ့ ဆရာကြီး...ဒါ...ငယ်လေး၊ ကျုပ်တူကလေးပါ..."

သို့ရာတွင် ထိုသူက မည်သို့မျှ စကားမပြောဘဲလက်ဟန်ခြေဟန်နှင့်သာ ကျွန်တော်တို့နှစ်ဦးကို မတ်တတ်ရပ်ရန် ပြောသည်၊ ကျွန်တော်က မတ်တပ်ရပ်လိုက်၏၊ ဦးလေးပုကလည်း သူ့အိတ်ကြီးကို ထမ်း၍မတ်တပ်ရပ်သည်၊ ထိုသူက လက်ရပ်ခေါ်သဖြင့် ကျွန်တော်တို့နှစ်ဦး သူ့ဆီသွားသည်၊ အနီးရောက်သော်သူက ကျွန်တော်တို့အား ရှေ့ဆက်သွားခိုင်းသည်။ သူက ကျွန်တော်တို့နောက်မှ သေနတ်နှင့်ချိန်ရင်းလိုက်သည်။

ကျွန်တော်တို့သည် အလွန်ချောင်ကျသော ဂူတစ်ခုရှေ့ရောက်လာ၏၊ ဤနေရာကျမှ ထိုသူက ကျွန်တော်တို့အား ရပ်ခွင့်ပေးသည်၊ ကျွန်တော်သည် ဘာလုပ်ရမည်မသိ ကြောင်နေခိုက် ဦးလေးပုသည် သူ့အိတ်ကြီးကိုဖွင့်၍ တစ်စုံတစ်ခုနှိုက်မည်ပြုသည်၊ သို့ရာတွင် ထိုသူသည် လျင်မြန်စွာဖြင့် အိတ်ကြီးကို ဦးလေးပုလက်မှ ဆွဲယူသည်၊ သေနတ်ပြောင်းဝကို ကျွန်တော်တို့ဘက် ချိန်ထားရင်း လက်တစ်ဖက်ဖြင့် အိတ်တွင်းမှအရာတို့ကို သွန်ကြည့်၏။ အိတ်တွင်းမှ ဥသျှစ်သီး၊ ငှက်ပျောသီး၊ ငါးခြောက်စသည်တို့ ကျလာမှ ယုံသွားသည့် ကျေနပ်ဟန် သူ့သေနတ်ကို ပုခုံး၌လွယ်ပြီးကျွန်တော်တို့အား စကားပြောသည်။



"ဒီကလေး ဘယ်ကလဲ"

"ကျုပ်တူလေးပါ ဆရာကြီးရာ"

"ခင်ဗျား ဘာကြောင့်ဒီကလေးကို ခေါ်လာရသလဲ"

ဦးလေးပုသည် ရုတ်တရက် မဖြေနိုင်ဘဲ ကျွန်တော့်ကို တစ်လှည့် ထိုသူကိုတစ်လှည့် သနားဖွယ်ကြည့်နေ၏၊ မနေနိုင်သော ကျွန်တော်က ဝင်ပြောရသည်။

"စိတ်မရှိပါနဲ့ ဆရာကြီးရာ၊ ကျုပ်က ဂျပန်ဆို သိပ်သတ်ချင်တယ်၊ ဦးလေးပုက ဒီလိုက်လာရင် ဂျပန်ကိုသတ်ရမယ် ဆိုတာနဲ့ ကျုပ်လိုက်တာပါ"

ထိုသူသည် စူးစမ်းစွာဖြင့် ကျွန်တော့်မျက်နှာအားကြည့်သည်။ ကျွန်တော်က ဆက်တောင်းပန်သည်၊ ကျုပ်စကားကို ယုံပါ ဆရာကြီးရာ၊ ဂျပန်တွေက နှိပ်စက်လို့ ကျုပ်ဆရာလည်း ထွက်ပြေးရပြီ၊ ကျုပ်တို့ရွာလည်းမီးရှို့သွားပြီ၊ ကျုပ်ကို ခင်ဗျားလက်ထဲက သေနတ်မျိုး တစ်လက်ပေးစမ်းပါဗျာ ... ကျုပ်ဂျပန်တွေကို အကုန်ပစ်သတ်မယ်"

ထိုသူသည် မယုံတစ်ဝက် ယုံတစ်ဝက်ဟန်နှင့် ဦးလေးပုအား လှမ်းမေးသည်။

"ဒီကလေးပြောတာတွေ အမှန်ပဲလား"

ဦးလေးပုသည် ခေါင်းကို တဆတ်ဆတ်ညိတ်၍ နှုတ်မှလည်း တဖွဖွပြောသည်။

"အမှန်ပါပဲ၊ အမှန်ပါပဲ၊ ဒီကလေးမညာတတ်ဘူး၊ ဟုတ်ဖူးလား ငါ့လူရာ၊ ငါ့လူဘယ်တုန်းက ညာဖူးလို့လဲ"

ကျွန်တော်ကလည်း ထိုသူ့မျက်နှာထားကြည့်၍ ဦးလေးပု စကားကို ထောက်ခံကြောင်း ခေါင်းညိတ်ပြမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ သူသည် ဟက်ဟက်ပက်ပက် ရယ်မောသည်။ ကျွန်တော်က လိုက်မရယ်ရဲသော်လည်း ဦးလေးပုက သူ့မျက်လုံးများ မပွင့်အောင် ထိုသူနှင့် အတူလိုက်ရယ်သည်၊ ထိုသူအရယ် ရပ်သည်အထိ ဦးလေးပုက ရယ်တုန်းရှိသေးသည်၊ ထိုသူက မျက်နှာပိုးသတ်၍ ဦးလေးပုအား ကည်ကြည်စွာ စူးစိုက် ကြည့်လိုက်သည်။ ထိုအခါ ဦးလေးပုသည် မျက်နှာကို ချက်ချင်းဘာရိတ်အုပ်လိုက်ပြီး မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် ဟိုကြည့်ဒီကြည့်လုပ်၏။ ကံအားလျော်စွာ အနီး၌ ဥသျှစ်သီး တစ်လုံးတွေ့သဖြင့် ဆွဲယူလိုက်ပြီး အနံ့ခွာကာ မျက်လွှာလေးချ၍ ငြိမ်ငြိမ်ဆိတ်ဆိတ်စားနေတော့၏။

ထိုသူသည် လျှင်မြန်စွာ ထလိုက်ပြန်၍ ဦးလေးပုနှင့် ကျွန်တော်တို့ကိုယ်တို့အား လိုက်ဖမ်းသည်။ ဘာမျှ မတွေ့သော် သူက သူ့သေနတ်ပြောင်းကို ကျွန်တော့်ရင်ဘက်၌ တေ့လိုက်ပြီး ခက်ထန်စွာ ပြောသည်။

“ဟေ့ကောင်လေး၊ မင်းရီးတီးရားဟားမလုပ်နဲ့၊ သေသွားမယ်၊ နားလည်လား၊ ငါမေးတာဖြေစမ်း...”

ကျွန်တော်သည် ထိုသူ့မျက်နှာကို ကြည့်မိသည်။ သူ့မျက်နှာကြီးက သူပြောသည့်အတိုင်း တကယ်လုပ်မည့်ဟန် ခက်ထန်နေသည်။ ထို့ကြောင့် သူ့အမေးကို လျှင်လျှင်မြန်မြန် ဖြေလိုက်ရသည်။

“ဖြေဖြေပါ့မယ်ဗျား၊ ကျုပ်ကိုတော့ မသတ်ပါနဲ့”

“မင်းနာမည် ဘယ်သူလဲ...”

“သန့်ဇင်...”

“မင်းဘယ်ရွာကလဲ...”

“ရွှေဂူ...”



“မင်းဂျပန်တွေ့ဖူးလား...”

“တွေ့ဖူးတယ်...”

“ဘယ်မှာတွေ့ဖူးလဲ”

“မြို့မှာလည်း တွေ့ဖူးတယ်၊ တစ်နေ့က ရွာလာ မီးရှို့တော့လည်း တွေ့ဖူးတယ်”

“ရွာ ဘာလို့မီးရှို့လဲ...”

“ကျွန်တော်ဆရာ့က ဂျပန်ကို သတ်လို့...”

“မင်းဆရာ...ဘာလို့ ဂျပန်သတ်တာလဲ...”

“ဂျပန်စစ်ဗိုလ်က...ကျွန်တော့်ဆရာကတော်ကို ရန်ရှာလို့”

“မင်းဘာလို့ ဒီလိုက်လာလဲ”

“ကျုပ် ဂျပန်ကို ပြန်သတ်ချင်တယ်... ဦးလေးပုကြီးက သူ့နောက်လိုက်ခဲ့ရင် ဂျပန်သတ်ရမယ်လို့ ပြောတယ်”

“ငါဒီမှာရှိမှန်း မင်းသိလား”

“ဟင့်အင်း...မသိဘူး၊ နေအုံးဗျ...ကျုပ်သတိရပြီ”

ထိုသူသည် မျက်မှောင်ကြုတ်၍ ကျွန်တော့်အား ကြည့်သည်။

“မင်းဘာသတိရတာလဲ”

“ကျုပ်...တစ်ညက မီးပွင့်လိုဟာကြီး လေယာဉ်ပျံပေါ်က ကျတာတွေ့ရတယ်၊ အဲဒါ ခင်ဗျားမဟုတ်လား”

“ဘာကွ”

“ဟုတ်ပါတယ်...ခင်ဗျားပဲ ဖြစ်ရမှာပဲ”

“ကျုပ်ဘယ်သူ့မှ လျှောက်မပြောဘူး... ခင်ဗျား စပိုင်ဟုတ်လား၊ ကျုပ် စပိုင်နဲ့ သိပ်တွေ့ချင်နေတယ်ဗျာ”

ထိုသူသည် ရုတ်တရက်ကြောင်သွား၏။ ကျွန်တော့်အား ဆက်မေးခွန်းမထုတ်နိုင်၊ ကျွန်တော်ကသာ ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား စပိုင်ဆိုရင်...ကျုပ်ကို သေနတ်နဲ့ မပစ်ပါနဲ့ဗျာ၊ ခင်ဗျားမှာ ...ဓာတ်ခွက်မပါဘူးလား၊ ဓာတ်ခွက်ပါရင် လေယာဉ်ပျံတွေ ခေါ်ပြီး ဂျပန်တွေ အပေါ်ဗုံးကြဲ ခိုင်းစမ်းပါဗျာ၊ ခင်ဗျား မပြောချင်နေပါ၊ ကျုပ်ကို ဓာတ်ခွက်ပေးရင်... ခင်ဗျားတို့ ရော့ဘုရင်ဆီကျုပ်ကိုယ်တိုင်လှမ်းအကြောင်းကြားပါ့မယ်ဗျာ"

ဤအကြိမ်တွင်မူထိုသူသည် ကျွန်တော့်ရင်ဘတ်မှ သေနတ်ခွာ၍ လှိုက်လှိုက်လှဲလှဲရယ်သည်၊ သူရယ်သော် ဦးလေးပုသည် လိုက်ရယ်သည်။ ထို့နောက်မှ သူ့ဘာသာသူ သတိရလေဟန် ချက်ချင်းအရယ်ရပ်၍ ဥသျှစ်သီးပြန်စားသည်။ ထိုသူကသာ အတော်မသတ်ရယ်မောပြီးနောက် ကျွန်တော့်ပခုံးအား ပုတ်၍ ချိုသာစွာပြောသည်။

"ကြိုက်သဟေ့ ငါ့လူ... အဲ မင်းနာမည်ဘယ်သူ"

"သန့်ဇင်"

"အေး...မောင်သန့်ဇင် မင်းဂျပန်ကို သတ်ချင်ရင် သတ်ရမယ်၊ အများကြီးသတ်ရမယ်...ဒါပေမဲ့ ငါဒီမှာရှိတဲ့ အကြောင်း လျှောက်မပြောရဘူးနော်"

"စိတ်ချပါဗျ...ကျုပ်မပြောပါဘူး"

ထိုသူသည် ဂူတွင်းသို့ဝင်သွား၍ တစ်စုံတစ်ခုကို ယူလာကာ ကျွန်တော့်အားပေးသည်။

"ရော့...ကလေးစား၊ မင်းဒါစားဖူးလား"

ကျွန်တော်သည် ငွေရောင်ပတ်ထားသော မည်းမဲ အရာတို့ကို စားကြည့်သည်။ အလွန်မွှေးကြိုင်၍ ချိုဆိမ့်သည်။

"ကလေး...မင်း ဒါစားဖူးလား"

"ဟင့်အင်း"



"ကြိုက်ကောကြိုက်ကဲ့လား"

"သိပ်ကြိုက်တယ်ဗျ"

ဤသို့ ကျွန်တော်တို့ အချီအချပြောနေခိုက် ဦးလေးပုသည် လှမ်းကြည့်သည်။ ထို့နောက် အလွန်အံ့ဩဟန်ဆိုသည်။

"အံမယ်...အံမယ်...ချောကလက်တွေပါလား၊ ငယ်လေး ငါ့နည်းနည်းပေးစမ်း"

ဦးလေးပုသည် သူ့ဥသျှစ်သီးအား ဘေးချ၍ ကျွန်တော့် လက်တွင်းမှ ချောကလက်ကို လှမ်းလုသည်။ စောစောက သေနတ်နှင့်လူကြီးကဝင်ဖျန်ဖြေပေးပြီး ဂူတွင်းသို့ ပြန်ဝင်လျက် ဦးလေးပုအတွက် ချောကလက်တစ်ထုပ်ယူလာပေးသည်။ ဦးလေးပုသည် ချောကလက်ကို အငမ်းမရစားသည်။ စားရင်းလည်း ကျွန်တော့်အား ပြောသည်။

"ငယ်လေး...မင်းကို ငါမပြောဘူးလား၊ ဗြိတိသျှ အင်ပါယာကြီးဆိုတာ ဗြိတိသျှတွေရှိတုန်းက... တစ်ကျပ်ဖိုး ဝယ်စားရင် ချောကလက်တွေ အများကြီးစားရတယ်၊ ပြီးတော့ ... မင်း ငါးသေတ္တာစားဖူးလား၊ သိပ်ကောင်းမောင်...အရိုးပါ ဝါးစားလို့ရတယ်"

ကျွန်တော်သည် သေနတ်နှင့်လူကြီးအား လှမ်းမေးသည်။

"သူပြောတာ တကယ်လားဗျ"

ထိုလူကြီးက ခေါင်းညိတ်ပြသည်။ ထိုအခါမှ ကျွန်တော်သည် သတိရ၍မေးသည်။

"အမြှုပ်ထွက်တဲ့ သွားတိုက်ဆေးဆိုတာကောရှိလား"

"အေး...ရှိတယ်ကွ"

ထိုခဏတွင်ပင် ကျွန်တော်သည် မယဉ်နွယ်ကို သတိရ၏

www.burmeseclassic.com

www.burmeseclassic.com



ပထမသော် မယဉ်နွယ်အတွက်ပါ ချော့ကလက်တစ်ထုပ် တောင်းမည်ကြံသည်။ သို့ရာတွင် ထိုလူကြီးသဒ္ဓါပျက်သွားမည်ကို စိုးရိမ်သည်။ ထို့ကြောင့်ထပ်မတောင်းတော့ဘဲ ကျွန်တော် ချော့ကလက်ချွေးစားသည်။ ၎င်းပြင်အင်္ဂလိပ်လက်ထက်မှ ပစ္စည်းများတွေ့လျှင် ဂျပန်အဖမ်းခံရကြောင်း ကျွန်တော်ကြားဖူးသည်။ ချော့ကလက် မြင်လျှင် အင်္ဂလိပ်လူနှင့် ဆက်မှန်းကျွန်တော့်ကို သိသွားမည်။

လှူဒါန်းဝံ့သော ဤလူကြီးကလည်း ချော့ကလက်ကို ကျွန်တော်တို့ ရွာသို့ပြန်ယူသွားခွင့်ပေးချင်မှပေးမည်။ ထို့ကြောင့် ချော့ကလက်ကို ချွေးစားခြင်းဖြစ်သည်။ ကျွန်တော်သည် ချော့ကလက် ဝှက်ရန် အကြံယူရင်း ထိုလူကြီးအား ဆက်မေးသည်။

"ခင်ဗျားဘာလို့ ဒီရောက်နေတာလဲ..."

ထိုသူက ပြုံးသည်။

"ငါလည်း...မင်းလိုလဲ ဂျပန်သတ်ချင်လို့ပေါ့ကွ"

"ခင်ဗျားက ဘာလို့ ဂျပန်သတ်ချင်တာလဲ"

ထိုလူကြီး၏မျက်နှာသည် ငိုင်ကျသွားသည်။ သူ့မျက်နှာကြီးမှာ အလွန်စိတ်ထိခိုက်ဟန် လွှမ်းသွား၏။ ပြန်မေးသော သူ့အသံသည် တုန်ယင်နေ၏။

"ကလေးက ခုနင်ကပြောတယ်...မင်းဆရာကတော်ကို ဂျပန်က ရန်ရှာတယ်လို့...ဟုတ်လား"

"ဟုတ်တယ်ဗျ...ကျုပ်ဆရာနဲ့ မရခင် အပျိုကတည်းက ရန်ရှာတာ ဒါကြောင့် မသန်းရှင် ပြေးလာပြီး ကျုပ်ဆရာနဲ့ ယူတော့ ဂျပန်က ရွာလိုက်လာတယ်၊ အဲဒါကစပြီး ဂျပန်ကို သတ်ပြီး ကျုပ်ဆရာနဲ့ ဆရာကတော်ကော... သူ့အစ်ကိုနဲ့ သူ့မိန်းမရော... တောထဲထွက်သွားကြတာပဲ..."



ငိုင်နေသော ထိုသူ၏မျက်လုံးများမှ မျက်ရည်များ ကျလာသည်။ ကျွန်တော်အံ့ဩသွား၏။

"စောစောက ခက်ထန်သောလူကြီးသည် ယခု အဘယ်ကြောင့် မျက်ရည်ကျနေရသနည်း။

"ဆရာကြီး...ခင်ဗျားငိုနေသလား၊ ဘာဖြစ်လို့လဲ၊ ကျုပ်ဆရာနဲ့ ဆရာကတော်ကို သနားလို့လား"

သူသည် မျက်ရည်များသုတ်၍ ကျွန်တော့်ကို မော်ကြည့်သည်။

"မင်းဆရာနဲ့ဆရာကတော်က ကံကောင်းပါသေးတယ်ကွာ၊ ငါ့မိန်းမနဲ့ ငါ့နှမကိုတော့ ဂျပန်တွေက သိမ်းသွားတာ၊ ငါ့အဖေ...ကိုလည်း သတ်သွားတယ်၊ ဒေါက်..."

လူကြီးသည် တောက်ခေါက်၍ အံကြိတ်ကာ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေ၏။

ကျွန်တော်သည် သူ့အနားကပ်သွား၍ လိုက်လံ၍ ပြောမိသည်။

"ဝမ်းမနည်းပါနဲ့ ဆရာကြီးရာ...၊ ဒီဂျပန်ကောင်တွေက နွားသိုးတွေပဲ၊ မိန်းမလေးတွေဆို လျှောက်ဖျက်ဆီးနေတာ၊ ဒါကြောင့်လည်း ကျုပ်ဆရာက ပြောသွားတယ်၊ တစ်နေ့မှာ မြန်မာတစ်မျိုးသားလုံးက ဒီဂျပန်ကောင်တွေကို ထချမယ်တဲ့၊ ကျုပ်တို့အားလုံး လိမ်လိမ်မာမာ စည်းစည်းရုံးရုံးလုပ်ကြတဲ့"

"မင်းဆရာက ဒီအတိုင်းပြောသွားလား..."

"ဟုတ်တယ်...၊ ဒါကြောင့်လည်းကျုပ်တို့ တစ်ရွာလုံးက လည်းစည်းစည်းရုံးရုံး လိမ်လိမ်မာမာနဲ့စောင့်နေကြတာ၊ ဂျပန်ကို ချချင်လို့ လက်ယားနေပြီ။ ခက်တာက ကျုပ်တို့မှာ လက်နက်မရှိသေးဘူးဗျ၊ ခင်ဗျားကျုပ်တို့ကို လက်နက်ပေးနိုင်လား"

www.burmeseclassic.com

www.burmeseclassic.com



လူကြီးက ပြုံးလိုက်သည်။ ထို့နောက် ကျွန်တော့်အား ခေါ်၍ ဂူတွင်းသို့ဝင်ခဲ့သည်။ ဂူတွင်းတစ်နေရာ၌ သေတ္တာတစ်လုံး ရှိသည်။

သူသည် သေတ္တာကို ဖွင့်လိုက်သောအခါ သေတ္တာတွင်း၌ သူကိုင်သော သေနတ်များ အများအပြားတွေ့ရသည်။ အခြား သေတ္တာတစ်ခုအတွင်း၌ နာနတ်သီး သဏ္ဌာန် အလုံးကလေးများ တွေ့ရ၏။

"အဲဒါ လက်နက်တွေပဲ၊ မင်းတို့ ခံချချင်ရင် ငါ ဒါတွေ ပေးမယ်..."

ကျွန်တော်သည် အလွန်ဝမ်းသာသွား၏။ ထို့ကြောင့် လူကြီး၏ လက်မောင်းကို ကိုင်၍ပြောသည်။

" ဒီလိုဆို ကျုပ်ရွာကို မပြန်တော့ဘူးဗျာ၊ ခင်ဗျားနဲ့ပဲနေမယ်၊ အဲဒီလက်နက်တွေပစ်နည်း ကျုပ်ကို သင်ပေးမလား"

လူကြီးက ရယ်သည်။

"ကလေးရာ မင်းသတ္တိကို ငါသိပ်ကြိုက်တယ်၊ ဒါပေမဲ့ ...မင်းဟာငယ်သေးတယ်၊ လူကြီးတွေလုပ်မှ ဖြစ်တာ"

ကျွန်တော်ချက်ခြင်းသတိရ၏။

"ဒီလိုဆိုရင် ကျုပ် သတိရပြီ၊ လူကြီးတွေရှိတယ်ဗျ"

"ဘယ်သူတွေလဲ"

"ကျုပ်ဆရာ"

"မင်းဆရာ ဘယ်မှာလဲ"

ကျွန်တော်သည် ခေါင်းကုတ်မိ၏။

"အဲဒါခက်တာပဲဗျာ...ကျုပ်ဆရာ ဘယ်မှာမှန်း ကျုပ်မသိ ဘူး၊ ဂျပန်သတ်ပြီး တောထဲထွက်သွားတာပဲ"



ထိုသူကလည်း စိတ်ပျက်သွားပုံရသည်။

"မင်းဆရာကို မရှာနိုင်ဘူးလားကွာ..."

ကျွန်တော်အတန်ကြာစဉ်းစားသည်။ ချက်ချင်းပင် အသိ ဉာဏ်တစ်ခု ခေါင်းထဲပင်လာ၏။

"ဟာ...ကျုပ်အကြံရပြီ၊ ကျုပ်ဆရာက ဒီတောတွေ တစ်ဝိုက်မှာပဲရှိရမယ်၊ ဦးလေးပုကြီးက တောကျွမ်းကျင်တယ်၊ သူ့ကို ရှာခိုင်းမယ်၊ ဘယ့်နှယ်လဲ"

သူက သဘောတူသည်။ ထို့ကြောင့် ခဏချင်းပင် သူ၊ ကျွန်တော်နှင့် ဦးလေးပုတို့သည် ဂူဝ၌ အစည်းအဝေးလုပ်ကြ သည်။ အစည်းအဝေး၌ ဆရာတို့အား ရှာရန် ဦးလေးပုကို ကျွန်တော့်တို့က တာဝန်ပေးသည်။ ဦးလေးပုက မငြင်းဘဲလက်ခံ သည်။ အစည်းအဝေးအပြီး၌ ထိုလူကြီးက ကျွန်တော်တို့ နှစ်ယောက်လုံးအား ဂူတွင်းသို့ခေါ်သွား၍ ထူးထူးဆန်းဆန်း အရာတစ်ခုကို ပြပြန်သည်။ လေးဖံယောင့်ရှည်ရှည် အရာတစ်ခု ဖြစ်သည်။ မှန်တပ် ပြူတင်းပေါက်ကလေးများလည်း ပါ၏။ ပြူတင်းပေါက်အောက်၌ မြှားကလေးများလည်းပါ၏။ ကျွဲကော် လို မည်းနက်သော အဝိုင်းကလေးများလည်း ပါသည်။

"ကလေး... မင်း ခုနင်က ပြောတဲ့ ဓာတ်ခွက်ဆိုတာ ဒါပဲ၊ ဒီတော့ မင်းတို့ရွာက ဂျပန်တိုက်ချင်ရင် နောက်ထပ် လက်နက်တွေ အများကြီးငါပေးမယ်၊ ဒါပေမဲ့...ငါ့ကို သစ္စာ ဖောက်ရင် မင်းတို့တစ်ရွာလုံး စက်သေနတ်နဲ့ပစ်ပြီး မီးလောင် တိုက်သွင်းဖို့ လေယာဉ်ပျံတွေမှာလိုက်မယ်...ကြားလား"

ကျွန်တော်တို့သည် ဂူပြင်သို့ ပြန်ထွက်ခဲ့သည်။ ဦးလေးပုသည် ယခုပင် ဆရာတို့အား ရှာပုံတော်ထွက်ရန် ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူယူခဲ့သောအိတ်ကြီးအတွင်းသို့ သူယူခဲ့သည့် ပစ္စည်းများအနက်မှ ဥသျှစ်သီးများကို ရွေး၍တည့်သည်။

လူကြီးက သူ့အိတ်တွင်းမှနှိုက်၍ ပိုက်ဆံစက္ကူများပြ၏။ ပိုက်ဆံအချို့မှာ ဂျပန်စက္ကူများဖြစ်၍ အချို့မှာ ကျွန်တော်ရေးရေးမှတ်မိသော အင်္ဂလိပ်ပိုက်ဆံများဖြစ်၏။

“ခင်ဗျားကြိုက်တဲ့ပိုက်ဆံတွေ ယူသွား”

ဦးလေးပုသည် ခေါင်းခါ၏။

“ကျုပ်...ဒါတွေ မလိုပါဘူးဆရာကြီးရာ၊ ဟောဒါတွေပါရင်...ပြီးတယ်”

ဦးလေးပုက ဥသျှစ်သီးတွေပြရင်း အိတ်တွင်းသို့ ဆက်ထည့်သည်။ ကျွန်တော်ကလည်းအလစ်တွင် ချော့ကလက်တစ်ပိုင်းတစ်စကို အိတ်တွင်းထည့်လိုက်သည်။

ဦးလေးပုကို ကျွန်တော်တို့က လှိုဏ်အထိ လိုက်ပို့သည်။ ခွဲခွာခါနီး၌ ဦးလေးပုကမေးသည်။

“ကျုပ်ဆရာကိုအုန်းဖေကို တွေ့ရင် ဘယ်သူက ရှာခိုင်းတယ်လို့ ပြောရမှာလဲဆရာကြီး”

လူကြီးက ငိုင်သွား၏၊ အတန်ကြာမှဖြေသည်။

“မိုလ်စောလင်းကလို့ပြောပါ၊ ဂျပန်တော်လှန်ရေးအတွက် အိန္ဒိယ,က ပြန်ရောက်လာတဲ့ ဗမာရဲဘော်တစ်ဦးလို့ ပြောပါ... ကိုပု၊ ကြားလား”

ဦးလေးပုသည် ခေါင်းညိတ်လျက်ထွက်သွားတော့၏။

နေစောင်းပြီ၊ မြူဝိုင်းသော တောတို့ထူသည့် လှိုဏ်မြောင်အတွင်းသို့ ဥသျှစ်သီးအိတ်ကြီးထမ်းရင်း နိုက်စိုက်စိုက်စိုက်နှင့် တိုးဝင်ပျောက်ကွယ် သွားသည့် ဦးလေးပုအား ငေးကြည့်မိစဉ် ကျွန်တော့်ရင်၌ ဆို့တက်လာသည်။



ဤတောအတွင်းသို့ပင် ကျွန်တော်၏ ချစ်လှစွာသော ဆရာသည် တိုးဝင်ပျောက်ကွယ်သွားသည်။ ယခုလည်း ဆရာမှလွဲလျှင် ထိုရွာ၌ ကျွန်တော့်အချစ်ဆုံးဖြစ်သော ဦးလေးပုကြီးလည်း ဂုန်နီအိတ်ထမ်းလျက် တိုးဝင်ပျောက်ကွယ်သွားပြန်ပါ၏။

ကျွန်တော်သည် တရှုပ်ရှုပ်ငိုကြွေးမိသည်။ မိုလ်စောလင်းက ကျွန်တော့်ခေါင်းအား ယုယစွာ ပွတ်သပ်ရင်း ချော့မော့စွာဆို၏။

“မငိုပါနဲ့ကလေးရယ်...သူတို့အားလုံး တစ်နေ့ ပြန်လာပါလိမ့်မယ်...”

❀

(၁၂)

မှည့်ဝင်းနေသော ဥသျှစ်သီးတစ်လုံး

ကျွန်တော်ရွာသို့ ပြန်ရောက်ချိန်၌ နေဝင်စပြုပြီ၊ အနောက်မိုးပြင်တွင် ရဲရဲနီ၍ စိတ်ချောက်ချားဖွယ်ရှိ၏။

ကျွန်တော့်ရင်ထဲ၌လည်း ဟာနေသည်။ ယခုအချိန်၌ မယဉ်နွယ်ကို တွေ့ရလျှင် စိတ်ပြေတန်ကောင်းပါ၏။

ကျွန်တော်သည် အိမ်သို့မပြန်ဘဲကျွန်တော်တို့ကျောင်းနေရာသို့ စိတ်မှတ်မဲ့လျှောက်လာခဲ့သည်။

ဤကျောင်းနေရာကို မြင်မှ ရင်ပို၍ဆို့သည်။ တစ်ကြိမ်က ကျွန်တော်တို့ ပျော်ပျော်ရွှင်ရွှင် စာပေသင်ကြား ဆော့ကစားခဲ့ရာ ကျောင်းကြီးကို မမြင်ရတော့ပြီ၊ ကျောင်းအစား မီးကျွမ်းတိုင်ငုတ်နှင့် ပြာပုံသာရှိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်က လောကဓာတ်ကျောင်းသားကျွန်တော် အလွန်ဖြစ်ချင်ခဲ့သည်၊ အခက်အခဲကြားမှ ဖြစ်လာရပြန်တော့လည်း ယခု...ကျောင်းက မရှိပြီ၊ ဤအတွေးတို့ကြောင့် ပတ်ဝန်းကျင်ကို သတိမပြုမိသော ကျွန်တော်၏ နားတွင် ရှိုက်ဖိုငိုသံကြားရသည်၊ ကျွန်တော်သည် အံ့သြစွာ လှမ်းကြည့်လိုက်သောအခါ မီးကျွမ်းတိုင်ငုတ်ကလေးတစ်ခုအနီး၌ တိုင်ငိုင်နေသော မယဉ်နွယ်ကို တွေ့ရသည်။ ကျွန်တော်သည် မယဉ်နွယ်အနားသို့အပြေးကလေးကပ်သွားမိသည်။

"မယဉ်နွယ်...နင်ဘာဖြစ်လို့ ငိုနေရတာလဲ"

မယဉ်နွယ်သည် မျက်ရည်လည်ရွဲနှင့် ကျွန်တော့်အားမော့ကြည့်သည် ဘာမှတော့ မဖြေ၊ ဖြေစရာလည်း လိုအပ်တော့မည်မထင်၊ ဆရာ့ကို ကျွန်တော် ချစ်သမျှ မယဉ်နွယ်ကလည်း ချစ်သည်။ ဤကျောင်းကြီးကို ကျွန်တော်သံယောဇဉ်ကြီးသည်ထက် ဤကျောင်း၌ ကျွန်တော့်ထက် အနေကြာသော မယဉ်နွယ်သည် ပိုသံယောဇဉ်ကြီးမည်၊ ထို့ကြောင့်ပင် မယဉ်နွယ်ငိုသည်ဖြစ်ရမည်။

ကျွန်တော်ကိုယ်၌က ငိုချင်သဖြင့် မယဉ်နွယ်ကို အားပေးချော့မော့ခြင်းမပြုမိဘဲ ငိုင်နေမိ၏။ အားရအောင်ငိုပြီးမှ မယဉ်နွယ်က အံကလေးကြိတ်၍ဆိုသည်။

"သန့်ဇင်...နင်လိုငါ ယောက်ျားကလေးဖြစ်ရင် သိပ်ကောင်းမယ်..."

ထူးဆန်းသော မယဉ်နွယ်၏ စကားကြောင့် ကျွန်တော်ကြောင်သွား၏။

"မယဉ်နွယ် နင်ဘာပြောတာလဲ"

မယဉ်နွယ်က မျက်ရည်ကြားမှ ဒေါသထွက်သော မျက်နှာပေးဖြင့် အခြောက်တိုက် ကျွန်တော့်ကို ရန်တွေ့သည်။



"သန့်ဇင် နင့်ကိုငါက အစက သိပ်သတ္တိကောင်းတယ်၊ ထင်တယ် အခုတော့ နင်အလကားပဲ"

"မယဉ်နွယ်ရယ် ငါသတ္တိရှိပါတယ်ဟာ နင်က ဘာဖြစ်လို့ ငါ့ကို အလကားပဲပြောရတာလဲ"

"နင်လား သတ္တိရှိတာ၊ ငါသာယောက်ျားဆိုရင် ဟိုနေ့က ...ပန်တွေ ဟိုကျောင်းမီးရှို့တော့ ဒီကောင်တွေကို ဆရာ့လိုပဲ သေနတ်နဲ့ပစ်သတ်လိုက်မှာ"

မယဉ်နွယ်ရာ ဒီဥစ္စာက လူကြီးတွေတောင် ငြိမ်ခံနေရတယ် မဟုတ်လား၊ ဒီတော့ ငါသတ္တိတော့ရှိတယ် မိုက်ရူးရဲတော့ မလုပ်ချင်ဘူး..."

"ဘာပြောတယ် မိုက်ရူးရဲဟုတ်လား"

"နင်ဒီစကားကို နားလည်မှာမဟုတ်ဘူး မယဉ်နွယ်၊ ငါ့ကို ဆရာက သေသေချာချာ သင်ဖူးတယ်၊ သတ္တိရှိတာက တခြား မိုက်ရူးရဲတာက တခြား"

"ဘယ်လို တခြားလဲ"

"ဆရာ့လိုတော့ ပြန်မပြောတတ်ဘူး၊ ဒါပေမဲ့ ငါရှင်းပြမယ်၊ သတ္တိရှိတဲ့လူက ဉာဏ်ရှိတယ် မိုက်ရူးရဲတာက ကောက်ရိုးမီးတဲ့၊ နင် နားလည်လား"

မယဉ်နွယ်က ခေါင်းခါသည်၊ ကျေနပ်ပုံလည်းမရ။

"ဒါနင့်ဆင်ခြေတွေပါ..."

ကျွန်တော် အလွန်စိတ်ထိခိုက်သွားသည်၊ ထို့ကြောင့် ...မ်းနည်းပမ်းနည်း ပြောမိသည်။

"မယဉ်နွယ်ရာ ငါသိပ်စိတ်ညစ်နေတယ်၊ ဘုရားစူး...စေရဲ့၊ ...င့်ကိုတွေ့ရင် ငါစိတ်ချမ်းသာမယ် အောင့်မေ့နေတာ၊ နင်ကပါ

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုနှိပ်စက်နေပြန်ပြီ၊ အဲဒါလေ ငါမိုက်ရူးရဲပဲရဲပါတော့မယ်။ ဒီဂျပန်တွေကို ငါပစ်သတ်မယ်၊ ဒါပေမဲ့ ငါ့မှာသေနတ်မရှိဘူး။ နင့်အဖေနှစ်လုံးပြူးကြီး ငါ့ကိုခိုးပေးမလား"

မယဉ်နွယ်သည် မျက်လုံးလေးများ အရောင်တောက်လာ၍ ကျွန်တော့်ပခုံးကို သူ့လက်ကလေးများဖြင့် ဆွဲကိုင်လိုက်သည်။

"နင်... တကယ်ပြောတာလား သန့်ဇင်၊ အိမ်မှာ အခု ငါ့အဖေမရှိဘူး၊ ဆရာတို့ဖြစ်တဲ့ကိစ္စနဲ့ မြို့တက်ပြီးမြို့ပိုင်ကို အစီရင်ခံနေရတယ်တဲ့။ သူ့နှစ်လုံးပြူးကြီးကျန်နေခဲ့တယ်၊ အဲဒါ ငါခိုးပေးမယ်၊ ပြီးတော့ နင်နဲ့ငါနဲ့ ဆရာတို့နောက်လိုက်ရအောင်"

ဤတစ်ကြိမ်တွင်မူ ကျွန်တော် ဘာပြန်ပြောရမှန်းမသိ၊ ကျွန်တော့်ထံက စကားပြန်မရသောအခါ မယဉ်နွယ်က ကျွန်တော့်ကို တွန်းပစ်လိုက်သည်။

"ငါမပြောဘူးလား နင်အလကားပါလို့"

ကျွန်တော် အလွန်မခံချင်ဖြစ်သွားသည်၊ ထို့ကြောင့် မယဉ်နွယ်ကို တည်တည်ကြည့်၍မေးသည်။

"နင်တကယ် ဂျပန်ကို သတ်ချင်သလား"

"ငါအစိမ်းလိုက် ဝါးစားချင်တယ်"

"ဒီကောင်တွေကို အစိမ်းလိုက် ဝါးစားဖို့မလိုဘူး၊ ဘွဲ့ဖြူ လက်နက်မှန်သလို ငါမီးသောင်တိုက်သွင်းပြမယ်"

"ဘာပြောတယ် သန့်ဇင်"

ကျွန်တော်သည် နေရာမှထလိုက်သည်၊ ထို့နောက် ကျွန်တော့် ဆရာဟန်အတိုင်း မျက်လုံးကိုမှေး လက်ကိုပိုက်ရင်း မယဉ်နွယ်ကို အလွန်တည်ငြိမ်စွာပြောရ၏။



"မယဉ်နွယ်...၊ နင်ကလေးပဲရှိသေးတယ်၊ နင်ဒါတွေ နားမလည်နိုင်ဘူး၊ ငါအကြံအကျယ်တွေ စီစဉ်ထားတယ်၊ နင့် အဖေနှစ်လုံးပြူးကြီးလည်း ငါမလိုချင်ဘူး။ နှစ်လုံးပြူးဆိုတာ (ဆရာပြောသလိုပဲ) မကျည်းသီးမှည့် ခြွေဖို့ပဲ ကောင်းတယ်၊ ငါအဲဒီထက် ကောင်းတဲ့လက်နက်လိုချင်တယ်"

ကျွန်တော်၏ ဟန်ပန်အမူအယာကြောင့် မယဉ်နွယ် ငြိမ်ကျသွားသည်၊ ထို့နောက် လေသံလျှော့၍မေးသည်။

"နှစ်လုံးပြူးထက်ကောင်းတဲ့ လက်နက်...နင်ဘယ်က ရမှာလဲ..."

ကျွန်တော်သည် မယဉ်နွယ်နား ထိုင်လိုက်၏။

"ဒါကြောင့် နင့်ကို ငါပြောတယ် သတ္တိရှိတဲ့လူဟာ ဉာဏ်ရှိရတယ်လို့...၊ ငါတကယ်ကောင်းတဲ့ လက်နက်ရမယ်၊ မယုံရင် ကြည့်စမ်းဒီမှာ"

ကျွန်တော်သည် အိတ်တွင်းမှ မယဉ်နွယ်အတွက် တမင် ချန်ခဲ့သော ချောကလက်တစ်ဝက်ကို ထုတ်ပြ၏။

မယဉ်နွယ် မျက်လုံးပြူးသွားသည်၊ ထို့နောက် ထိတ်လန့် တကြားမေး၏။

"သန့်ဇင် ဒီဉစ္စာချောကလက်၊ နင်ဒါဘယ်ကရလဲဟင်"

"အေးပါဟာ ချောကလက်မှန်း ငါသိပါတယ်၊ နင်စားစေ ချင်လို့ ငါတမင်ယူလာတာ...၊ ရော့ဟာ...စားစမ်းပါ..."

ကျွန်တော်များများမတိုက်တွန်းရ၊ မယဉ်နွယ်သည် ချော ကလက်ကို နှစ်ခြိုက်ကျေနပ်စွာစားသည်။ စားရင်းလည်းမေးသည်။

"နင်...အဲဒါဘယ်ကရလဲဟင်"

"မေးမနေပါနဲ့ဟာ... စားမှာစားစမ်းပါ"

www.burmeseclassic.com

မယဉ်နွယ်သည် ဆက်မစားဘဲ ချော့ကလက်ကို ကျွန်တော့် ပါးစပ်ဆီပြန်ခွံ့သည်။

"ချော့လေ...နှင်လည်းစားအုံး"

"ငါစားပြီးပါပြီဟာ...နင်သာစားစမ်းပါ"

သို့ရာတွင် မယဉ်နွယ်ကမလျှော့

"နင်နည်းနည်းလေးဖြစ်ဖြစ်ကိုက်ပါ၊ နို့မို့ဖြင့် ငါမစား ဘူး"

ကျွန်တော်က မယဉ်နွယ်အား ရှုံ့ရိုက်ကြည့်မိသည်၊ ထိုခဏ၌ ကျွန်တော့်ခေါင်းတွင် အကြံတစ်ခု ပေါ်လာ၏။ ထို့ကြောင့် ချော့ကလက်ကို လှမ်းယူလိုက်သည်။

"ပေးစမ်း...ပြီးတော့ နင့်လက်ကလေးနဲ့လည်းကိုင်ထား၊ ငါလဲကိုင်ထားမယ်။ ပြီးတော့ ငါကျိန်ခိုင်းသလိုလိုက်ကျိန်"

မယဉ်နွယ်သည် ကျွန်တော်ခိုင်းသည့်အတိုင်း ချော့ကလက် ကို ကိုင်သည်။

"ငါ...ဘာကျိန်ရမှာလဲ"

"ငါတိုင်ပေးမယ်...နင်လိုက်ဆိုပေါ့ဟာ"

မယဉ်နွယ်က ခေါင်းကလေးညိတ်သောအခါ ကျွန်တော် က တိုင်ပေးသည်။

"ဒီနေ့..."

"ဒီနေ့..."

"သန့်ဇင်ပြောတာတွေကို"

"သန့်ဇင်ပြောတာတွေကို"

"ဘယ်သူ့မှ မပြောပါဘူးဘုရား"

"ဘယ်သူ့မှ မပြောပါဘူးဘုရား"



"ပြောလျှင်"

"ပြောလျှင်"

"ဤချော့ကလက်သည် သွေးပွက်ပွက်အံပါစေသား"

မယဉ်နွယ်သည် ကျွန်တော့်အား ပြန်ကြည့်သည်။

"နင်ကျိန်စာကြီးကလည်း ကြောက်စရာကြီးဟာ"

"နင်ဘာလဲ... ငါ့ကိုမယုံဘူးလား"

"ယုံပါတယ်ဟာ"

"ယုံရင် ...ပြီးတော့ ဂျပန်ကိုသတ်ချင်ရင် ငါကျိန်ခိုင်း သလို... လိုက်ကျိန်"

မယဉ်နွယ်သည် ကျွန်တော့်အား မျက်စောင်းထိုးသည်၊ အရေးထဲ ကျွန်တော့်မှာ သဘောကျလိုက်ရသေးသည်။

"အေးပါဟယ်...ကျိန်ပါ့မယ်၊ ဘာတဲ့ နင်ပြောတာ၊ အဲအဲ... အမှတ်ရပြီ၊ ဤချော့ကလက်သည် သွေးပွက်ပွက် အန်ပါစေသတည်း"

ကျိန်ပြီးသောအခါ ကျွန်တော်တို့နှစ်ဦးက ချော့ကလက် ကို တစ်ယောက်တစ်ကိုက် စားလိုက်ကြ၏။

"ကဲပြောလေ"

ပြောပါဆိုပြန်တော့ ကျွန်တော့်မှာ ရုတ်တရက်ဒိုင်မိပြန် သည်။ ဘယ်ကစပြောရမှန်းလည်းမသိ၊ အတန်ကြာစဉ်းစားပြီးမှ ဖြည်းဖြည်းရှင်းပြရသည်။

"မယဉ်နွယ် နင်ဆရာပြောသွားတဲ့ စကားမှတ်မိလား၊ တစ်နေ့ ဒို့မြန်မာတွေအားလုံးက ဂျပန်ကို ထချမယ်ဆိုတာ..."

"ဟင့်အင်း...ငါမကြားဖူးဘူး"

"အေးလေ၊ ငါမေ့သွားတယ်...ဆရာရွာက ထွက်သွား ခါနီးပြောတဲ့ စကားပဲ၊ ဒီတုန်းက နင်မှမလာဘဲ"

www.burmeseclassic.com



"ထားပါတော့ဟာ...ဆရာပြောတဲ့ စကားဆိုရင် ငါယုံပါတယ်"

"အေး ...ယုံပါဟာ ဒီညနေဆရာ့ကိုရှာဖို့ ဦးလေးပုကြီးကို ငါတို့လွှတ်လိုက်တယ်"

"ငါတို့ဆိုတော့...နင်နဲ့ဘယ်သူတွေနဲ့လဲ"

"ငါနဲ့ ဗိုလ်စောလင်းနဲ့..."

"ဗိုလ်စောလင်းဆိုတာ ဘယ်သူလဲ..."

"ဗိုလ်စောလင်းဆိုတာ လေယာဉ်ပျံပေါ်က မုန့်ဆင်းခဲ့တဲ့ ဗိုလ်ကြီး၊ ဗိုလ်ကြီးဆိုတာ အင်္ဂလိပ်မဟုတ်ဖူးဗမာပဲ၊ စစ်ဗိုလ်လို့ ငါပြောတာ..."

"နင်...တကယ်ပြောနေတာလား..."

"ငါတကယ်ပြောလို့ နင့်ကို ချော့ကလက်ကျွေးနိုင်တာပေါ့ သူ့မှာ ချော့ကလက်တွေအပြင် နင်တို့ငါတို့မမြင်ဘူးတဲ့ သေနတ်တွေရော၊ တခြားလက်နက်တွေပါပါတယ်။ အဲဒါဆရာ့ကို တွေ့ရင် ဒီလက်နက်တွေနဲ့ လူစုပေးပြီး ဂျပန်ကို ချဖို့ပဲ"

မယဉ်နွယ်သည် မျက်လုံးကလေး အပြူးသားဖြင့် ကျွန်တော့်အား ကြည့်နေ၏။ သူ့လက်တွင်းမှ ချော့ကလက်ပြားလေးကိုလည်း စူးစိုက်ကြည့်၏။ ကျွန်တော်ကသာ ဆက်ပြောသည်။

သူ့မှာ ဓာတ်ခွက်လည်းပါတယ်၊ ငါကိုယ်တိုင် မြင်ခဲ့တယ်။ သူခေါ်ရင် လေယာဉ်ပျံတွေ ရောက်လာမှာ"

မယဉ်နွယ်သည် ပါးစပ်ကလေး အဟောင်းသားနှင့် နားထောင်နေသည်။ ထို့နောက်မှ အားရဝမ်းသာမေးသည်။

"သနံ့ဇင်...ဒီအကြောင်း ငါဘယ်သူ့မှ မပြောပါဘူး စိတ်ချ"



"ဒါပေမဲ့ ... ငါဘာလုပ်ပေးရမလဲ"

"အဲဒါ...ငါနင်နဲ့ တိုင်ပင်မလို့ပဲ၊ လူကြီးတွေနဲ့တော့ ပြောရဲဘူးဟ၊ ဗိုလ်စောလင်းစားဖို့သောက်ဖို့ ဆန်တို့၊ ငါးခြောက်တို့ ဆီတို့လိုတယ်၊ သူက ငါ့ကို ပိုက်ဆံတွေတော့ ပေးတယ်၊ ဒါပေမဲ့ ငါလျှောက်ဝယ်ရင် ငါ့ကိုလူတွေ မသင်္ကာဖြစ်ကုန်မယ်"

"ဟုတ်တယ်၊ မသင်္ကာဖြစ်မှာပဲ"

"ဒီတော့...ငါကြံထားတယ်၊ ဆန်တော့ ငါ့အမအိမ်က ခိုးမယ်၊ ဆီတော့ အရီးလေးတို့အိမ်က ခိုးမယ်၊ ငါးခြောက်တို့ အမဲခြောက်တို့တော့ ကိုယ့်အိမ်တွေမှာ သိပ်မရှိဘူး၊ နင်တို့ အိမ်တော့ ရှိမှာပဲ၊ အဲဒါတွေ နင်ခိုးပေး"

မယဉ်နွယ်သည် အလွန်ကျေနပ်စွာ ပြုံးလိုက်သည်။

"အေးဟဲ့...တို့အိမ်မှာ ငါးခြောက်ကော အမဲခြောက်ကော သကြားရော၊ ဆားရော အများကြီးရှိတယ်၊ ငါခိုးပေးမယ်။ ဒါပေမဲ့ အဲဒါတွေကို ဘယ်လိုလုပ် နင့်လက်ထဲရောက်အောင် ငါပေးရမလဲ"

"ကျွန်တော်တို့ နှစ်ဦးစလုံးငိုင်သွားသည်။ ကျောင်းမရှိတော့၍ မယဉ်နွယ်နှင့် ကျွန်တော်ရှေ့ဆက်တွေ့ရန် မလွယ်၊ သို့ရာတွင် ချက်ချင်းပင် ကျွန်တော်အကြံရသည်။

"မယဉ်နွယ်...တစ်နေ့က ငါထွက်တဲ့ ချေးတိုးပေါက်မှတ်မိလား။ အဲဒီနေရာကို ငါညကျ တူရွင်းနဲ့ရှပ်ပြီး နက်အောင်တူးထားမယ်။ လူတစ်ယောက်ဝင်သာရုံပေါ့၊ ပြီးတော့ ငါသဲဖြည့်ပြီး သစ်ကိုင်းခြောက်တွေနဲ့ အုပ်ထားမယ်"

မယဉ်နွယ်သည် ဝမ်းသာအားရ ကျွန်တော့်ကိုယ်ကို ဆွဲလှုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သန့်ဇင် . . နင်သိပ်ဘဲတော်ကောင်းတာပဲဟယ်"

"ငါ ဉာဏ်တော် ကောင်းတာမဟုတ်ပါဘူးဟာ... သတ္တိလည်း ကောင်းပါတယ်"

ကျွန်တော်က ဓာဒကော မယဉ်နွယ်၏ စကားကို ပြန်ချေသဖြင့် မယဉ်နွယ်က နှုတ်ခမ်းမစူတစူဖြင့် ကျွန်တော့်ကို မျက်စောင်းထိုးသည်။

"ငါစိတ်မကောင်းတုန်း ပြောတဲ့ စကားကို နင်က အကျကောက်ထားတာကိုးဟာ၊ နင်သတ္တိကောင်းပါတယ်ဟယ်...ငါသိပါတယ်ဟင်း၊ ကဲ ကျေနပ်တော်မူပလား"

ဤသို့ဆိုပြန်သော် ကျွန်တော်က ကျေနပ်တော်မူပြန်သည်။ ထိုစဉ် ကျွန်တော်တို့ဆီသို့ ရှေးရှုလျှောက်လာသော မယဉ်နွယ်၏အမေဒေါ်မိုးကြီးကို တွေ့သဖြင့် ကျွန်တော်သည် မယဉ်နွယ်ကို ထပ်မှာသည်။

"ငါပြောတာ မှတ်ထားနော် ...ဒီညငါခွေးတိုးပေါက် လာချဲ့မယ်။ နက်ဖြန်ကစပြီး နင်ပေးမဲ့ဟာတွေကို အဲဒီအပေါက်ထဲ ထည့်ထား ပြီးတော့ သဲနဲ့ ပြန်အုပ်ထား ကြားလား၊ ကဲ... ငါသွားပြီ..."

◈

ကျွန်တော်နှင့်မယဉ်နွယ်၏ အစီအစဉ်သည် ကောင်းကောင်း အောင်မြင်ခဲ့သည်။

ဆန်၊ ဆီ၊ ငါးခြောက်၊ အမဲခြောက် စသည်တို့အား ကျွန်တော်က မှန်မှန်စုဆောင်းသည်။ တစ်ပတ်ပြည့်သော် တောင်ပေါ်တက်၍ ဗိုလ်စောလင်းထံပို့သည်။



ဗိုလ်စောလင်းသည် တွေ့တော ကျွန်တော့်အပေါ် ကြမ်းတမ်းသော်လည်း ယခုမူအကျွမ်းဝင်နေသည့် ယဉ်ကျေးသူဖြစ်ကြောင်း တွေ့ရ၏။

ဗိုလ်စောလင်း ကျွန်တော့်အား ပြောပြသော ဇာတ်လမ်းမှာ အသည်းနှင့်ဖွယ်ကောင်းသမျှ မခံချင်စရာလည်း ဖြစ်သည်။

ဗိုလ်စောလင်းသည် တစ်ကြိမ်က ကောလိပ်ကျောင်းသားဖြစ်သည်ဆို၏။ သူသည် သပိတ်မှောက်မှုသည်လည်း ဆို၏။ အင်္ဂလိပ်ကို တိုက်ရန်ဂျပန်နှင့် အဆက်အသွယ်ယူမှုသည်လည်း ဆို၏။

ဗိုလ်စောလင်းသည် ထားဝယ်သားဟု သိရသည်။ ဂျပန်တပ်များ ထားဝယ်ကို သိမ်းပြီးသောအခါ ဂျပန်သည် မြန်မာကို ညှာကြောင်း သူသိခဲ့ရသည်ဟုလည်း ဆို၏။ ထိုအခါ သူနှင့် လူငယ်အချို့သည် ဂျပန်တိုက်ရန် ကြံကြသည်။ ဤအကြံကို ဂျပန်သိသဖြင့် ဗိုလ်စောလင်းကို ဖမ်းလိုက်ရာ မမိသော် သူ့အဖေကို သတ်၍ သူ၏ရည်းစားမနှင်းနှင်းမကိုလည်း ဂျပန်သိမ်းသွားသည်ဆို၏။ ထိုအခါဗိုလ်စောလင်းသည် တောတို့နှင့် တောင်တို့ကို ဖြတ်၍ အိန္ဒိယဟု ခေါ်သော ကုလားပြည်အထိ ကုန်းကြောင်းလျှောက်ပြေးခဲ့သည်ဆိုသည်။

ဤဇာတ်လမ်းကို ပြောကိုင်း ဗိုလ်စောလင်းမျက်ရည်ကျသည်၊ ကျွန်တော်က ဗိုလ်စောလင်းအားမေးမိသည်။

"ခင်ဗျားအခု အင်္ဂလိပ်ခစ်တပ်က အင်္ဂလိပ်ကကော ကောင်းသလား..."

ဗိုလ်စောလင်းသည် ခေါင်းကိုခါသည်။

"အင်္ဂလိပ်လည်း မကောင်းဘူး၊ ဂျပန်လဲ မကောင်းဘူး တို့မြန်မာပေါ် တို့မြန်မာပဲ ကောင်းနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"နို့…ဘာဖြစ်လို့ ခင်ဗျားအင်္ဂလိပ်လူဖြစ်လဲ"

"ငါအင်္ဂလိပ်လူမဟုတ်ဘူး၊ ဒါပေမဲ့ ဂျပန်ကို ချချင်လို့ သူတို့နဲ့ ပေါင်းနေတယ်၊ သူတို့နဲ့ မပေါင်းတော့ ကိုဘယ်က လက်နက်ရမလဲ…"

ကျွန်တော့်ဦးနှောက် ပတ်ချာလည်သွားသည်။ သို့ရာတွင် ဗိုလ်စောလင်းကိုမူ ကျွန်တော်ကြည်ညိုခဲ့ပြီ၊ ထို့ကြောင့်လည်း အင်္ဂလိပ်ကို ခံချခဲ့သော ကျွန်တော့်အဘအကြောင်း ပြောမိသည်။

ဗိုလ်စောလင်းသည် အလွန်အံ့သြသွားသည်။

"ငါ့ညီရာ ငါ့ကိုငါ သူပုန်လို့ ထင်တယ်၊ မင်းကငါ့ထက် ပိုပြီး သူပုန်စစ်တယ်ကွ"

"ကျုပ်တကယ် သူပုန်ဖြစ်နေပလား"

"မြန်မာတွေ အနေတော့ မင်းဟာ သူပုန်မဟုတ်ဘူးကွာ မျိုးချစ်ကြီးပေါ့…ဒါပေမဲ့ ဂျပန်အမြင်တော့ မင်းဟာ သူပုန်ပေါ့"

ကျွန်တော် အလွန် ကျေနပ်သွားသည်။ လက်စသတ်တော့ ကျွန်တော်သည် သူပုန်ကြီးပါတကား။ ပြီးတော့ မျိုးချစ်ကြီးပါ ကလား။

ထိုနေ့မှစ၍ ဗိုလ်စောလင်းနှင့် ကျွန်တော်သည် ပိုမို ရင်းနှီးခင်မင်ခဲ့ကြသည်။ ဗိုလ်စောလင်းသည် ကျွန်တော် အလွန် တတ်ချင်သော သေနတ်ပစ်နည်းများလည်း သင်ပေးသည်။

ကျွန်တော်နှင့်ဗိုလ်စောလင်းသည် ကျွန်တော်တို့အကြောင်း အဘကို ဖွင့်ပြောသင့်မသင့် ဆွေးနွေးကြသည်၊ ဗိုလ်စောလင်းက အချိန်မတန်ခင် သတင်းပွ၍ လူတကာသိမည် စိုးသောကြောင့် မပြောရန် တားမြစ်သည်။ ကျွန်တော်ကလည်း သဘောတူ လိုက်၏။



ဤသို့ဖြင့် တစ်နွေကုန်ရုံမက တစ်မိုးကျသည်အထိ ကျွန်တော်သည် ဗိုလ်စောလင်းကို မယဉ်နှယ်အကူအညီနှင့် ရိက္ခာ တစ်ပတ်တစ်ခါ မှန်မှန်ပို့ခဲ့သည်။ လိုလိုမည်မည် ဗိုလ်စောလင်း အသုံးပြုရန်ချည်ကြမ်းလုံချည်၊ ချည်ကြမ်းအင်္ကျီ စသည်တို့ကိုလည်း ညွန့်မောင်ကြီးထံမှ လှည့်ပတ်တောင်း၍ ကျွန်တော်ပေးခဲ့သည်။

မိုးတွင်းတစ်နေ့၌ ဗိုလ်စောလင်း၏ ဂူသို့ ရိက္ခာပို့ရန် ကျွန်တော်ရောက်သွားသည်။ ခါတိုင်းဆိုလျှင် ဗိုလ်စောလင်းသည် ၃၀မှဆေးရာ ကျွန်တော် မမျှော်လင့်သော တစ်နေရာမှ ဆီးကြို အသံပြုမြဲဖြစ်သည်။ ယနေ့ဗိုလ်စောလင်း အရိပ်အရောင်ကို မတွေ့။ ကျွန်တော်သည် ဂူဆီသို့ ပြေးလာခဲ့သည်။ ဂူတွင်း၌ လူသူ မရှိတော့၊ ချောကလက်ထုပ်များကိုမူ တွေ့ရသည်။ ချော ကလက်ထုပ်ပေါ်၌ စာကလေးတစ်စောင်တွေ့ရ၏။

"ငါတို့ပြန်လာမယ်…"

ဒါပဲဖြစ်သည်။ ထို့ထက်လေးနက်သော အဓိပ္ပာယ်ပေး သည့် အက္ခရာတစ်ခုကို ကျွန်တော်တွေ့ရသည်။

မှည့်ဝင်းနေသော ဥသျှစ်သီးတစ်လုံး။

◆

(၁၃)

ဗိုလ်ကျော်ရှိန်ပြန်လာပြီ

မိုးကျသောအခါ အဘနှင့်တကွ ရွာသားအားလုံး လယ်ထွန် ကြပြန်သည်။

ခါတိုင်း၌ မိုးကျသောအခါသည် အလွန် ပျော်ဖွယ်ကောင်း သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် [illegible] တို့ [illegible] သည်။

[illegible] အောက်ကြသည်။ [illegible] တို့လည်း

[illegible]

[illegible]

[illegible] ပါးသည် [illegible] စိစစ်ရ [illegible]

မြကမ္ဘလာခြင်းသည်သို့ ရှိနေ၏။

[illegible] ကျွန်တော် [illegible] စိမ်းစို

[illegible] နေသည်။ လယ်ကွင်းတို့ စိမ်းစိုသကဲ့သို့ အင်တိုင်းတောသည်

လည်း စိမ်းစိုသည်၊ ဤအစိမ်းတွေထဲတွင် [illegible]

သည်လည်း နက်နက်စိမ်းနေ၏။

[illegible]

[illegible] ကျွန်တော်ရှိမြသည် အလွန်စိမ်းပါသည်။

[illegible]

[illegible]

တွင် ပုစွန်လုံးတို့လည်း အတော်ကြီးကျွန်ကြပြီ [illegible]"

[illegible] ပုစွန်လုံးပေါက်စလေးများ [illegible] တို့ကို

လက်မ ယားရှ် [illegible]

ကျွန်တော်တို့က ပုစွန်လုံးကြီးများ ဖမ်းကြသည်။ [illegible]

ပုစွန်လုံးဖမ်းရသည်မှာ နည်းမသိလျှင် မလွယ်ပါ၊ တွင်းမှ ခရီးပေးသွားသော ပုစွန်လုံးကို နောက်ကျောဘက်မှ လက်ညှိုး (၄င) လက်မခွ၍ ဖမ်းသော်အလွန်မိလွယ်သည်၊ မိသောပုစွန်လုံး၏ [illegible] လက်သည်းကိုချိုး၍ လက်မကြီးကြားသို့ ထိုက်လိုက်ပါ၊ ဤသည်ကို [illegible] ကျွန်တော်တို့ ခေါ်ကြသည်။ အကြောင်းမှာ လက်မကြီးတို့ အရှုံးပြမှ [illegible] နိုင်သောကြောင့် ဖြစ်၏။

[illegible]

တွင်းဝတွင် တစ်လစ်လုပ်နေသော ပုစွန်လုံးကို ဖမ်း [illegible] ဝါးခြမ်းပြားကစ်ခုလိုသည်၊ တွင်းဝ၌ ပုစွန်လုံးတွေ့သည်နှင့်



[illegible] ဝါးခြမ်းပြားကို [illegible] ဖြစ်စေ [illegible] သည်။ [illegible] ဆိုင်းမြေး [illegible] ဝါးခြမ်းပြား [illegible] ပုစွန်လုံး [illegible] ပုစွန်လုံးထွက် [illegible] သည်။

[illegible] ပုစွန်လုံးကို [illegible] အရသာရှိသည်။ [illegible] သည်။

" ... ပုစွန်လုံး [illegible] စားဖား [illegible] ငါးဖက် [illegible] အရသာရှိသည်။ [illegible] အရသာရှိသည်။

[illegible] နှင့် ပျော်မြူပျော်ကြသည်။ သို့ရာတွင် လူကြီးများ [illegible]

" ... [illegible] သွားတို့ကို [illegible] သည်။ [illegible] လာသည်ကြားလျှင် နွားတို့ကို တောတွင်းမောင်းထုတ်ရမြဲဖြစ်သည်။ [illegible] ရမြဲဖြစ်သည်။

တစ်နေ့တွင် ဂျပန်လာပြီးနောက် ကျွန်တော်သည် [illegible] နွား [illegible] ၏ [illegible] ကိုင်းမြက်တို့ [illegible] ရှည်နေသည်' ကိုင်းမြက်ထူသော ကျွားလာတတ်၏။' [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကထိတ်ထိတ်နှင့် အဘကို လမ်းခွဲ၍ ကျွန်တော်သည် အင်တိုင်းစပ် ကိုင်းတောကြားမှ လှုပ်လှုပ်လှုပ်လှုပ် သတ္တဝါ တစ်ကောင်ကို မြင်ရသည်။ ပထမသော်ကျားမှတ်၍ ကျွန်တော် လန့်ဖျပ်သွား၏။ သို့ရာတွင် ကျားဆိုသည်မှာ လူက ငြိမ်လျှင် မကိုက်ဟု ကြားသဖြင့် ကျွန်တော် မလှုပ်ဘဲ ရပ်နေသည်။

ကိုင်းတောထဲက ထွက်လာသော သတ္တဝါမှာ ကျား မဟုတ် မျောက်ကြီးတစ်ကောင်ဖြစ်သည်။ လူလောက်ကြီးသော မျောက်ကြီးတည်း။

"အဘရေ...လာပါဗျ၊ ဟောဒီမှာ မျောက်ကြီး..."

ကျွန်တော်က ထိတ်လန့်တကြားအော်သည်။ သို့ရာတွင် ကျွန်တော့်ထက် မျောက်ကြီးက ပိုထိတ်လန့်သွားဟန်ရှိသည်။ သူသည်ကိုင်းတောတွင်းလှည့်ပြန်ပြေးမည်လုပ်၏။ သို့ရာတွင် ချက်ချင်းပင် ဘာစိတ်ကူးရသည်မသိ ရပ်လိုက်ပြီး ကျွန်တော့်ကို စကားပြောသည်။

"ငယ်လေးရာ...ငါပါကွ၊ မျောက် မဟုတ်ပါဘူး..."

မျောက်ကြီးက စကားစ့ပြောသည်။ စကားပြောရုံမက ကျွန်တော့်နာမည်ကိုပါ သိနေပါပကော၊ ကျွန်တော်၏ ထိတ်လန့်ခြင်းမှာ ပိုခဲ့သည်။ ကေန္တ မျောက်မဟုတ်၊ တစ္ဆေခြောက်ခြင်း ဖြစ်ရမည်။

"အဘရေ...မြန်မြန်လာပါ...မျောက်မဟုတ်ဘူး၊ တစ္ဆေဗျ တစ္ဆေ..."

ကျွန်တော်သည် တစ္ဆေကိုပစ်ရန် ခဲလိုက်ရှာသည်။ ကိုင်း တောထဲ၌ ခဲမရှိ၊ ထိုစဉ်... သူက သနားစဖွယ် တောင်းပန်၏။

"ငယ်လေးရာ သေသေချာချာကြည့်ပါအုံး၊ တစ္ဆေ မဟုတ် ပါဘူး ငါပါ..."



"ဘယ်က ငါလဲ..."

"ငါပါကွ...ကျော်ရှိန်ပါ..."

"ကျော်ရှိန်"ကျွန်တော်ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ထိုအခိုက်တွင်ပင် အဘလည်း အနီးရောက်ခဲ့သဖြင့် သူက ဆက်ရှင်းသည်။

"ကျွန်တော်ပါဦးလေးရာ...ကျော်ရှိန်ပါ၊ ငယ်လေးက လန့်အော်တာပါ"

အဘက သူ့ကိုသေသေချာချာကြည့်သည်။

"ဟ... အေး...ငကျော်ရှိန် နင်ဘယ်လို ဖြစ်လာတာလဲ"

ထိုအခါကျမှ ကိုကျော်ရှိန်သည် စိတ်အေးဟန် ရှေ့တိုးထွက် လာခဲ့၏။

ကျွန်တော်သည် သူ့ကိုကြည့်ရင်း ရယ်ချင်ငိုချင် ဖြစ်မိ သည်။

ကိုကျော်ရှိန်...နေမျိုးသူရိန်...ကိုဗိုလ်ငကျော်ရှိန်။ ရွာမှ အကြီးအကျယ် ဂုဏ်ပြုလွှတ်လိုက်သော သူရဲကောင်းကြီး ဗိုလ် ငကျော်ရှိန်...ယခုမူကြည့်ပါဦး။

သူ့မျက်နှာနှင့်ကိုယ်မှာ ဖေါသွပ်သွပ် ဖောင်းပွပွ ဖြစ်နေ ၏။ ဤကိုယ်ခန္ဓာအထက်ပိုင်း၌ အင်္ကျီမရှိ–ဗလာ။ အောက်ပိုင်း ကို ဂုန်နီအိတ်အစုတ် တစ်တောင်ခန့်ပတ်ထားသည်။ တစ်ကိုယ် လုံးအနှံ့ ခွဲထားသဖြင့် အကွက်ကွက်ဖြစ်နေသည်။

အသားတွေမှာ ဝါ၍ ခေါင်း၌ ကျိုးကျိုးကျဲကျဲဆံပင် တစ်ပင် နှစ်ပင်သာ ရှိတော့၏။

"နေစမ်းပါအုံးကျော်ရှိန်ရာ...နင်ဘယ်လို ဖြစ်လာတာလဲ"

"ပြောပါမယ်ဗျာ ကျွန်တော်ထမင်းမစားရတာ ကြာလှ ပြီ ထမင်းပါရင် ကျွေးကြပါအုံး..."

www.burmeseclassic.com

www.burmeseclassic.com



နွားရှာရသည်မှာ တစ်ခါတစ်ရံ တစ်နေကုန်သဖြင့် ကျွန်တော်တို့၏ ထမင်းထုပ်များ အဆင်သင့်ပါလာသည်။

အဘသည် ထမင်းတစ်ထုပ် ဖြေချေးသောအခါ ကိုကျော်ရှိန်သည် ပလုတ်ပလောင်းအငမ်းမရ စားနေသည်ကို ကြည့်ပြီး အတန်ကြာမှ အဘက မေးသည်။

"နင် အခု ဘာ အယ်က လာတာလဲ"

"သံဖြူစရပ်က"

"ဘာ…၊ သံဖြူစရပ်"

"ဟုတ်တယ်၊ ယူဒယာနွားယ်စပ်က"

"နင်…အဲဒီဘာသွားလုပ်ပြီး အခုဘာဖြစ်လာတာလဲ"

ကိုကျော်ရှိန်သည် ထမင်းနင်နေ၍ ရုတ်တရက် ပြန်မဖြေနိုင်၊ ကျွန်တော်က လှမ်းပေးလိုက်သော ကျည်တောက်ထဲမှ ရေကို မော့သောက်ပြီးမှ စကားဆိုနိုင်ရှာ၏။

"ကျွန်တော်ဝင်သွားတဲ့ ဟဲမှိုးတပ်ဆိုတာ… စစ်တပ် မဟုတ်ဘူးဗျ၊ ကူလီတပ်

တစ်ပြည်လုံးလျှောက်အလုပ်ရှာနေရတာပဲဗျာ… စားစရာလည်း မစားရဘူး၊ မိုးရိုက်မှုလည်း ခံရသေးတယ်"

ကိုကျော်ရှိန်သည် ပြောရင်းထုပ်ဆောလာဟန်ဖြင့် ထမင်းကို ကုန်းလွေးနေပြန်သည်။

"နောက်တော့ အဒီသံဖြူစရပ်ရောက်တာပဲ အဲဒီမှာ ဘာလုပ်ရလဲ"

"မီးရထားလမ်းဖောက်ရတယ်၊ ဗိုက်တော်ခွေးတော်ကြီး ဗျာ၊ သေလိုက်တာ အစောင်းချိုးထပ်နေတာပဲ၊ ငှက်နဲ့ရော မိုးနဲ့ရော၊ ဂျပန်သတ်လို့ရော…"



အဘသည် ငိုင်သွား၏၊ စကားပြောသောအခါ အသံအသံ၌ စိုးရိမ်မှုကိုဝင်နေသည်။

◆

"နောက်ကျော်ရှိန်နဲ့ ဒီလိုဆိုရန်တော့ဒုက္ခပဲ၊ အခုဂျပန်က ပိုက်ဆံ ပေးပြီး အလုပ်သမားတွေ လိုက်ခေါ်နေတာ၊ လယ်ထဲမှာလုပ်ချင် တဲ့ ကောင်တွေ တော့တောင်များများ လိုက်ကြတယ်၊ တချို့ ကလေး သုံးမယောကျ်ာပါသွားလေရဲ့…

"အဲဒီလူတွေ မပြန်လမ်းသွားတာပဲ"

ကိုကျော်ရှိန်ထား ခေါင်းခါရင်းဆိုသည်။ [illegible]

"ကျွန်တော်ဖျားလို့ [illegible]

[illegible] တော့ ကုန်းထပြီး ရွာစဉ်တစ်လျှောက် [illegible]

"မင်းဘာ [illegible]

[illegible]

ချောင်တွေဝိုင်း၍ ရုတ်ရှုတ် ဂုဏ်ပြုလွှတ်လိုက်သည်။ [illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဤသည့်တိုင်အောင် နေဝင်မှ ကိုငကျော်ရှိန် ရွာတွင်းဝင်ဝံ့သတည်း။

◆

ရွာ၌ အခြေအနေတွေမှာ ကြာလေဆိုးလေ ဖြစ်ခဲ့သည်။ ကိုငကျော်ရှိန်သတင်းကြောင့် ဂျပန်အလုပ်သမားလာစုလျှင် လိုက်ရဲသူ မရှိကြ၊ ကိုငကျော်ရှိန် ပြောသကဲ့သို့ ယခင်က လိုက်သွားသူများမှာလည်း မပြန်လမ်း သွားသည့်နှယ် တစ်ဦးမှ မပေါ်လာတော့။

တောင်ရွာ မြောက်ရွာတို့၌ တစ်ခါတစ်ရံ ပြန်လာကြသူများရှိကြသည်၊ သူတို့အားလုံးမှာ ကိုငကျော်ရှိန်ကဲ့သို့ပင် ဗိုက်ရုန်ကားအသားဝါဝဲစွဲနှင့်ချည်း ဖြစ်သည်။

ပိုက်ဆံပေးခေါ်၍ မရသောအခါ ဂျပန်သည် စစ်တပ်နှင့် ရွာဝိုင်း၍ ဈေးတပ်ဆွဲတော့သည်။

တစ်ရွာလုံးမှာ ဘယ်အချိန် ဂျပန်နွားလာဆွဲ၍ ဘယ်အချိန် လူလာဆွဲမည်ကို အစဉ်ကြောက်ရွံ့နေရသည်။

ကျွန်တော်တို့ ကလေးတွေက နွားကျောင်းရင်း မြက်ရိတ်ရင်း မျက်စိရှင်ရှင်ထားကြသည်၊ ဂျပန်အရိပ်အယောင်မြင်သော် ကျွဲချိုမှုတ်အချက်ပေးကြသည်။ လူနှင့်နွားများက ကိုင်းတောထဲဝင်ပုန်းကြရ၏။ ဂျပန်တို့ ရွာရောက်သော် ယောက်ျားတစ်ယောက်မျှ မရှိတော့။

ထိုအခါ ဂျပန်က စနစ်တစ်မျိုးပြောင်းသည်။

သူကြီးမှတစ်ဆင့် ရွာရှိလူကုန် စာရင်းကောက်ယူသည်။ ထို့နောက် အလှည့်ကျ တစ်ရွာဘယ်နှစ်ယောက် လူပေးရမည်ဟု ဆင့်ဆိုသည်။ အမိန့်မနာခံသော ရွာကို မီးနှင့်တိုက်မည်။



မရှောင်လွှဲနိုင်တော့သဖြင့် ရွာသူရွာသားများ ငွေကြေးစု၍ ရဲရင့်သူများကို ငှားရမ်းထည့်ပေးရသည်။ ထိုသူများကိုလည်း ကိုငကျော်ရှိန်ကဲ့သို့ သေရွာပြန်များက သင်တန်းပေးကြသည်။

သူတို့ပေးသော သင်တန်းတို့ကား ... မီးရထားပေါ်မှ ခုန်ချနည်း၊ လေယာဉ်ပျံစက်သေနတ်ပစ်သော် မပုန်းဘဲ၊ ဂျပန်အလစ်ထွက်ပြေးနည်း၊ မော်လမြိုင်၊ စစ်တောင်း၊ ရန်ကုန်မှ ရွာအရောက်ပြန်လာနည်း၊ အလုပ်စခန်း၌ ကွီနိုင်ဆေးပြားမစားဘဲ စုထား၍ စရိတ်ရရန် ရောင်းချနည်း၊ စုံလည်းစုံလှသည်။

ကြာသော်...ရွာနှင့်တစ်ဝိုက်တွင် ဈေးတပ်လိုက်စားသော လူစားတစ်မျိုးပေါ်လာသည်၊ သူတို့က ဈေးတပ်လာဆွဲလျှင် ရွာမှစုပေးသော ငွေကို ယူ၍ နာမည်အမျိုးမျိုးပြောင်းကာ ဒိုင်ခံလိုက်ပေးသည်၊ တစ်လနှစ်လကြာလျှင် ပြန်လစ်လာကြပြန်သည်။

ဤသို့စိတ်မချမ်းသာဖွယ် အချိန်တွင်မှ ကျွန်တော့်အတွက် သတင်းတစ်ရပ် [illegible]လေးထံမှ ကြားရသည်။

ကျွန်တော့်အမ၌ ကိုယ်ဝန်ရှိနေပြီဟူ၍သတည်း။

အမသည် ကျွန်တော့်အရင် ကလေးနှစ်ဦး၊ ကျွန်တော့်နောက်ကလေးတစ်ဦး မွေးဖွားဖူးသော်လည်း တစ်ယောက်မျှ အဖတ်မတင်ခဲ့၊ ယခု အမကလေးရတော့မည်ဆိုပြန်ရာ... ညီ ... သို့မဟုတ် ညီမတစ်ဦးရတော့မည်ဖြစ်သဖြင့် ကျွန်တော် အလွန်ပျော်မိသည်။

အမမှာ နဂိုကတည်းက ပိန်ပိန်သေးသေး ဖြူဖြူ ပါးပါး ဖြစ်ရာ ယခု အမကြည့်ရသည်မှာ ပို၍ နွမ်းနယ်ပင်ပန်းနေပုံရသည်။ ကိုယ်ဝန် ရင့်လာသောအခါ အသက်အရွယ်ကြောင့် ရှက်ပုံလည်း ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘက ပို၍ အလုပ်လုပ်သည်။ ကျောင်းမတက်ရသော ကျွန်တော်က အဘအလုပ်ကိုလည်း ကူလုပ်သည်။ ခါတိုင်း အမလုပ်သော ရေခပ်ရေသယ်၊ နွားစာစဉ်း၊ ထင်းခွေ စသည်တို့ကို လည်း လုပ်ရသည်။ မည်မျှပင်ပန်းသော်လည်း ကျွန်တော့်မှာ ပျော်ရွှင်နေမိသေးသည်။

ကျွန်တော်တို့အိမ်နောက်ဖေး၌ အဘပိုင် ခြံမြေ ဖြစေက ရှိသည်၊ အဘသည် လယ်တစ်ဖက်က လုပ်ရင်း ဤခြံမြေ၌လည်း ဝါစိုက်ထားသည်။ သီတင်းကျွတ်တွင် ဝါသီးမှည့်များအာ၍ ဖွေးဖွေးဖြူသော ဂွမ်းနုများပေါ်ရာ ကျွန်တော့်မှာ ဝမ်းသာဝမ်းနည်းဖြစ်မိ၏။

ဒီနှစ်ငွေစချောင်မည်မှာသေချာသည်။ ယခင်က လောကဓာတ် ကျောင်းတက်နိုင်ရန် ငွေစချောင်မည့်အရေး အကြိမ်ကြိမ်ဆုတောင်းခဲ့ရသည်။ ယခုငွေစချောင်လမ်းမြင်သောအခါ ရှေ့ဆက်ပညာသင်လမ်းမမြင်တော့။

ပညာသင်လမ်းမမြင်လေ...ကျေးဇူးရှင်ဆရာကို ပိုသတိရလေဖြစ်မိသည်။ အခုဆရာ ဘယ်ဆီမှာရှိလေသနည်း။ ဗိုလ်စောလင်းနှင့် ကွေ့ပြီးနောက် ဆရာသည် ဘယ်အခါ၌ ရွာသို့ပြန်လာမည်နည်း၊ ဆရာပြောသကဲ့သို့၊ ဆိုးဝါးသော ဤဂျပန်များကို မြန်မာတစ်ပြည်းလုံးက ဘယ်အချိန်ထချကြမည်နည်း။ ဤသို့ ထချရန် ဗိုလ်တေဇနှင့် ဗိုလ်နေဝင်းတို့သည် ဘာ့ကြောင့်အမိန့်မပေးကြသနည်း။

ကျွန်တော့်ခေါင်းထဲတွင် မေးခွန်းတို့မဆုံးနိုင်အောင် ပေါ်နေသည်။

ကျွန်တော့် မေးခွန်းတို့ကို ဖြေနိုင်မည့်သူသည် တစ်နေ့သ၌ မမျှော်လင့်ဘဲ ပေါ်လာသည်။



နှင်းမှုန်ဝေ၍ နေရောင်ဖျော့သော တန်ဆောင်မုန်း နောက်ပိုင်း တစ်နေ့လယ်တွင် ကျွန်တော်သည် လယ်တောစပ် ဝါးရုံရိပ်တွင်ရပ်ရင်း ရည်ရွယ်ချက်မဲ့ ငေးနေမိ၏။

မိုးစဉ်က စိမ်းသော လယ်တော၌ ယခုရွှေရောင်ဖုံးနေပြီး၊ မှည့်ဝင်းသော အနံ့တို့ကြောင့် စပါးပင်တို့ မြေဆီညွှတ်နေပြီ။

စပါးနံ့တို့က သင်းနေ့...ကြိုင်နေ...လှိုင်မနေ၏။ သင်းကြိုင်လှိုင်သော ဤရနံ့သည် ကျွန်တော့်ရင်ကို အေးချမ်းစေလှသည်။

အဝေးလယ်တော ဟိုမှ...သည်မှသည် စာခြောက်သံများသည်း တစ်ချီတစ်ချီ ပေါ်ထက်သည်။

"ဝေး...ဟေး...ဟေး...ဝေး..."

ဤအသံသည် တေးတစ်ပုဒ်ပမာ လေ၌ လွင့်၍လွင့်၍ တောနှင့် တောင်တို့က ပဲ့တင်ထပ်သည်။

"ဝေ...ဟေး...ဟေး...ဝေး..."

ဟနှင့် ကျေးတို့အုပ်ဖွဲ့လန့်ပျံသည်ကို မြင်ရသည်။

ကျယ်ဝန်းသော လယ်တော၌ တစ်နေရာမှ ခြောက်သော် တစ်နေရာ၌ သူတို့ကျပြန်သည်။ ထိုအခါ...လယ်တော၏ စပါးမှည့်တေးသည် ထပ်ပေါ်လာပြန်၏။

"ဝေး...ဟေး...ဟေး...ဝေး..."

တောင်နှင့်တောတို့ကလည်း ပဲ့တင်ထပ်ပြန်၏။

ကျွန်တော်ချစ်သော စပါးမှည့်လယ်တော၌ ဤသို့ ကျွန်တော်ငေးနေစဉ်အခေးမှ ရွာဆီရှေးရှုလာနေသော လူတစ်သိုက်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူအချို့မှာ စစ်ဝတ်စုံဝတ်ထား၍ သေနတ်များလည်း ပါသည်။

ကျွန်တော်သည် ချက်ချင်းပင် ခါးကြားမှ ကျွဲချိုကို ထုတ်၍ မှုတ်ကာ အချက်ပေးသည်။ ထိုအခါ ဟိုမှသည်မှ ကျွဲချို မှုတ်သံသည် ဆက်ကာပေါ်လာသည်။

ကျွန်တော်သည် ဝါးရုံများကို အကာအကွယ်ယူ၍ ထိုသူများ လာရာဘက်သို့ ဟိတ်တိတ်သွားစောင့်သည်။

သူတို့သည် တစ်စတက်စနှင့် ရွာနားရောက်လာကြသည်၊ လူသူကို သဲသဲကွဲကွဲမြင်ရသောအခါ ကျွန်တော်အံ့သြသွားသည်။

တစ်ဦးမှာ ဌာနာပိုင်ကြီးဖြစ်သည်၊ ဌာနာပိုင်ကြီးသည် ရွာမှ ဂျပန်နွားဆွဲမည်ဆိုလျှင် အဘကို ကြိုတင်သတိပေးတတ် သူဖြစ်၍ ကျွန်တော်အနည်းငယ်စိတ်အေးသွားသည်။ အခြားတစ်ဦးမှာ ကျွန်တော်နာမည်မသိသော်လည်း အာရှလူငယ်အဖွဲ့မှ ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ကျန်လူများမှာ ပိုအံ့သြဖွယ်ကောင်း၏။

တစ်ဦးမှာ ဂျပန်စစ်ဗိုလ်ကဲ့သို့ ဝတ်ထား၍ ဓားရှည်ကြီးနှင့် ဖြစ်သည်။ သူနှင့်အတူ သေနတ်ကိုင်စစ်သားနှစ်ဦးလည်း ပါသေးသည်။

ဌာနာပိုင်ကြီးပါသဖြင့် မကြောက်တော့ဘဲကျွန်တော်သည် ဝါးရုံရိပ်မှထွက်၍ သူတို့ဆီလျှောက်သွားသည်။ ကျွန်တော့်ကို မြင်သော် စစ်ဗိုလ်က လှမ်းနှုတ်ဆက်သည်။

"ဟေး...ငယ်လေး..."

ကျွန်တော်အံ့သြခြင်းကို မဖော်ပြနိုင်တော့၊ စစ်ဗိုလ်က ကျွန်တော့်ကို ပီပီသသမြန်မာလိုခေါ်၍ ရင်းရင်းနှီးနှီး နှုတ်ဆက် နေလေပြီကော။



"ငယ်လေးသန့်ခင်...ငါပါကွ"

သူ့အသံကိုလည်း ကျွန်တော်ကောင်းကောင်း မှတ်မိသည်၊ ခဏအဖို့ပင် သူ၏ ရုပ်ကိုလည်း ဖမ်းမိ၏။

"ဘုရားရေ...ကိုမြင့်ဦး...ခင်ဗျား ကိုမြင့်ဦး"

ကျွန်တော်က သူ့ဆီပြေးဖက်၏။ သူကလည်း ကျွန်တော့်ကို ဖမ်းပွေ့ကြိုသည်။

"ကိုမြင့်ဦး...ခင်ဗျားဘာဖြစ်လာတာလဲ၊ သောက်ကျိုးနည်း အဲဒါကြီးတွေနဲ့ဆိုတော့ ကျုပ်က ဂျပန်ဗိုလ်အောက်မေ့လို့"

ကိုမြင့်ဦးက ကျွန်တော်ပြောသည်ကို သဘောကျပြာန် အတန်ကြာရယ်နေသည်။

"မင်းကကယ်ငါဘာဖြစ်လာတယ်ဆိုတာ မသိဘူးလား"

"အခုတော့ သိပါပြီဗျ၊ ခင်ဗျား စစ်ဗိုလ်ဖြစ်လာပြီ မဟုတ်လား၊ ဗိုလ်တေဇတို့ ဗိုလ်နေဝင်းတို့တပ်က ဗိုလ်၊ ဟုတ် တယ်မဟုတ်လား..."

ကိုမြင့်ဦးက ပြုံးပြုံးကြီး ခေါင်းညိတ်သည်၊ ဌာနပိုင်ကြီးနှင့် ကျန်လူများက ရယ်နေ၏။

ကျွန်တော်က သူ့ဓားကြီးကိုကိုင်ကြည့်သည်။ ခါး၌လည်း ခြောက်လုံးပြူးကြီးနှင့်ပါတကား။

ကျွန်တော်က အားရစွာမေးမိသည်။

"ကိုမြင့်ဦး ခင်ဗျားကို ဂျပန်ကောင်တွေကို ဆုံးမဖို့ ဗိုလ်တေဇတို့ ဗိုလ်နေဝင်းတို့က လွှတ်လိုက်သလား...ဟုတ်လား"

ကိုမြင့်ဦးက မျက်လုံးပြူးသွားသည်။

"ဟကောင် ငယ်လေး မင်း ဘာတွေ လျှောက်ပြောနေ တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးပု… ဆေးလိပ်ရောင်းတဲ့ ခင်ဗျားက ကြောင်မနေ
စမ်းနဲ့ဗျာ၊ အနုသိပ်အရေးကြီးနေတယ်"

ဦးလေးပုသည် ခေါင်းတဆတ်ဆတ်ညိတ်သည်။

"အင်း…အင်း…ဟုတ်တယ်၊ သိပ်အရေးကြီးနေတယ်"

စိတ်မရှည်တော့သဖြင့် ကျွန်တော်က ဦးလေးပုကို ဆွဲလှုပ်သည်။

"ကျုပ်ပြောတာ သေသေချာချာနားထောင်စမ်း၊ အနု
ကိုမြင့်ဦး ပြန်ရောက်လာပြီ၊ ဗမာစစ်ဗိုလ်အဖြစ်နဲ့… ကြားရဲ့လား"

ဦးလေးပု မျက်လုံးပြူးသွားသည်။

"ဟော…မြင့်ဦးပြန်ရောက်လာပြီ"

'ဟုတ်တယ်… အခု ဆရာတို့ ဘယ်မလဲ မြန်မြန်
ပြောစမ်း"

ဦးလေးပုသည် ငိုင်သွားပြန်၏။ ထို့နောက်မှဖြေသည်။

"ဘယ်မှာရှာမလဲ…ဟိုမှာပေါ့ကွ"

"ဒါဖြင့်ရင်သွားခေါ်…မြန်မြန်သွားဗျာ"

"မင်းတကယ်ပြောနေတာလား…"

"ကျုပ်တကယ်ပြောနေတာဗျာ…ခင်ဗျားသွားမလား
မသွားဘူးလား၊ ခင်ဗျားမသွားရင် ကျုပ်သွားမယ်"

"အေးပါကွာ…ငါသွားပါ့မယ်၊ ပြီးတော့ ငါဘာပြော
ရမလဲ"

"ကိုမြင့်ဦးပြန်ရောက်နေပြီ…အခုစစ်ဗိုလ်လို့၊ သူက
လည်း ဂျပန်ချမှာပဲလို့…နားလည်လား"

"အေး…အေး…ဒါဖြင့် ငါသွားတော့မယ်ဟုတ်လား"

"ခဏ…နေဦးဗျ"



"မင်းဥစ္စာဘာလဲကွ"

"ခင်ဗျား…ခုတင်က အင်္ကျီအောက်ထဲထည့်လိုက်တာ
ဘာလဲ"

"မင်းမြင်လို့လား"

"မင်းက အဲဒါကို သေနတ်မှတ်လို့လား"

"ခင်ဗျားကို သေနတ်လို့ ဘယ်သူက ပြောလို့လဲ …
သေနတ်ဆိုလည်း ထုတ်ဗျာ"

ဦးလေးပုသည် သက်ပြင်းရှိုက်၍ အင်္ကျီအောက်မှ
သေနတ်ကို ထုတ်ပြသည်။

"အဲဒီသေနတ် ကျုပ်နဲ့ထားခဲ့ဗျာ"

"ဟာ…ဘယ်…ဘယ်ဖြစ်မလဲ"

"ဖြစ်ပါတယ်ဗျ…မှန်းစမ်း ဦးလေးပု သေနတ်"

ဦးလေးပုသည် ကျွန်တော့်အား သေနတ်ကိုပေးသည်။
ကျွန်တော်က သေနတ်နှင့် ဦးလေးပုအား ချိန်လိုက်သည်။

"ကဲ…ဦးလေးပု ခင်ဗျားအမြန်သွားမလား မသွားဘူး
လား"

"ပါကောင်ရ သောက်ရမ်းတွေမလုပ်နဲ့ … ခလုတ် မှား
နှိပ်ပြီး ငါ မာလကရောက်ကြွသွားအုံးမယ်"

ဦးလေးပုသည် လက်မြှောက်ရင်း မျက်လုံးအပြူးသားနှင့်
စိုးရိမ်တကြီး ဆိုသည်။

"ကျုပ် ခလုတ်ကို ဘယ်တော့မှ မှားမနှိပ်ဘူး…ဗိုလ်
အောလင်းက ကျုပ်ကို သေနတ်ကိုင်နည်း သင်ပြပေးပြီးပြီ၊
ဒါတော့ …မှားတော့မနှိပ်ဘူး…ခင်ဗျားမသွားရင်တော့ မထည့်
လိုက်မယ်"

www.burmeseclassic.com



"ကောင်းပ ငယ်လေးရာ...ကောင်းပ၊ သွားဆို သွားပါ့မယ်... မင်းသေနတ်ကို သောက်ရမ်းတော့ လျှောက်ပစ်မနေနဲ့နော်"

"သွားမှာ သွားစမ်း... ခင်ဗျားထက် ကျုပ်သေနတ်အကြောင်းနားလည်တယ်"

ဦးလေးပုသည် အတန်ဆုတ်ရွံ့ဆုတ်ရွံ့ပြုပြီးမှ ကျောင်းပေါ်က ဆင်းပြေးသည်။

ကျွန်တော်သည် သေနတ်၌ ကျည်ဆံအပြည့်ရှိမရှိ စစ်ဆေးပြီးနောက် ကျောနပ်ပါမှ အင်္ကျီအောက်ထိုးသွင်း၍ အပြင်သို့ ထွက်ခဲ့သည်။

ကျောင်းဝင်းအတွင်းသို့ တစ်ယောက်စနှစ်ယောက်စ တိုးတိုးတိတ်တိတ် ဝင်လာကြသော ရွာမှလူကြီးများကို တွေ့ရသည်။ ကျွန်တော့်အဘလည်း ပါသည်။

ကျွန်တော်ကျောင်းလှေကားသို့ ရောက်သောအခါ သေနတ်ကိုင်ရဲဘော်နှစ်ဦးက ဆီးကားသည်။

"ရဲဘော်တို့ရာ...ကျုပ်အပေါ်မတက်ပါဘူး၊ ကိုမြင့်ဦးကို ခေါ်ပေးစမ်းပါ... သိပ်အရေးကြီးတယ်ဗျ"

ရဲဘော်နှစ်ဦးသည် ခေတ္တစဉ်းစားသည်။ ထို့နောက် တစ်ဦးက အပေါ်ထပ်သို့ တက်သွားသည်။ မကြာမီပင် ကိုမြင့်ဦးဆင်းလာသည်။

"ငယ်လေး... မင်းဘာလာရှုပ်တာလဲကွ၊ တို့...ဒီမှာ သိပ်အရေးကြီးနေတယ်"

"ခင်ဗျားထက် အရေးကြီးတာ ကျုပ်က ပြောစရာရှိတယ်"



ကျွန်တော်သည် ပြောပြောဆိုဆို အိမ်မှ ပြန်ယူခဲ့သော ပစ္စည်းကို ကိုမြင့်ဦးအား ပြသည်။

ကိုမြင့်ဦး မျက်လုံးပြူးသွားသည်။

"ဟာကောင် ငယ်လေး... ဒါ [illegible]လက်၊ မင်း... ဘယ်ကရသလဲ"

"ဗိုလ်စောလင်းဆီက"

"ဗိုလ်စောလင်းဆိုတာ ဘယ်သူလဲ"

ကျွန်တော်က အားရပါးရပြုံးလိုက်သည်။

"ကျုပ်အစောကတည်းက ဒါတွေပြောမလို့၊ ခင်ဗျားက ဟန်ကြီးပန်ကြီး လုပ်နေတာကိုး..."

ကိုမြင့်ဦး၏ မျက်နှာသည် ပျော့ပျောင်းသွားသည်။

"ကဲပါကွာ...ငယ်လေးရာ ပြောစမ်းပါ"

"ကျုပ်ပြောရင် ခင်ဗျားနဲ့အတူ ကျောင်းပေါ်တက်လိုက်ခဲ့ရမလား"

"မင်းသိပ်ဈေးကိုင်တာပဲကွာ..."

"ကျုပ်ဈေးကိုင်တာမဟုတ်ဘူး၊ ကျုပ်ပြောမှာက သေရေးရှင်ရေးဗျ..."

"ကဲကွာ...ငါကတိပေးတယ် ပြောစမ်း"

ထိုအခါမှ ကျွန်တော်သည် ဗိုလ်စောလင်းနှင့် တွေ့ရပုံ၊ ဦးလေးပုကြီးကို ဆရာတို့နောက်လိုက်ခိုင်းပုံ၊ ဦးလေးပုနှင့် ပြန်တွေ့ပုံတို့ကို ပြောပြသည်။

"အဲဒါ အခု ဦးလေးပု ဆရာတို့ကို သွားခေါ်တယ်၊ တော်တော်ကြာသူတို့ရောက်လာကြလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ဦးသည် ကျွန်တော့်ကို ယုံကြည်စိတ်ချသွားပုံ ရသည်။

"ကောင်းပြီငယ်လေး အပေါ်လိုက်ခဲ့..."

ကိုမြင့်ဦးသည် သူ့ရဲဘော်များအား အကျိုးအကြောင်း ရှင်းပြမှာထား၍ ကျွန်တော်နှင့်ကျောင်းပေါ်သို့ တက်ခဲ့သည်။

ဆရာတော်ကျိန်းစက်သော အခန်းဦးရှာမှ လူကြီးနှစ်ဆယ်ခန့် စုဝေးရောက်နေသည်၊ သူကြီးတော့မပါ။

ကျွန်တော်တို့ ဝင်လာသောအခါ ဗွာနာပိုင်ကြီးနှင့် အဘမှစ၍ အားလုံး ကျွန်တော့်ကို တအံ့တသြကြည့်ကြသည်။ သို့ရာတွင် ကိုမြင့်ဦး၏ တည်ကြည်သော မျက်နှာကြောင့် မည်သူမျှ မေးခွန်းမထုတ်ကြ၊ ဆရာတော်ကသာ "ကဲ... မောင်မြင့်ဦး လူစုံပြီ၊ ပြောစရာရှိတာပြော" ဟု မိန့်သည်။

ကိုမြင့်ဦးသည် သူ့စားကြီးပေါ်၌ လက်တင်၍ စတင်စကားပြောသည်။

"ရွာလူကြီးများခင်ဗျား ကျွန်တော်တို့ ဗမာ့တပ်မတော်ကြီးဟာ ဖက်ဆစ်ဂျပန်တွေကို တော်လှန်တိုက်ခိုက်ဖို့ ဆုံးဖြတ်ပြီးစီးကြောင်းကို ပြောပြချင်ပါတယ်"

နိဒါန်းမပျိုးဘဲ တဲ့တိုး ပြောချလိုက်သော ကိုမြင့်ဦး၏ စကားကြောင့် လူကြီးအားလုံးမှာ မျက်လုံးပြူးသွားကြသည်။ ကိုမြင့်ဦးကသာ တည်ငြိမ်စွာ ဆက်ပြောသည်။

"ကျွန်တော်တို့ဟာ ဘာကြောင့် ဂျပန်ကိုချမယ်ဆိုတာ အထူးရှင်းနေဖို့ မလိုဘူး။ ဂျပန်ရက်စက်ယုတ်မာသမျှကို ခင်ဗျားတို့ အားလုံးသိပြီးဖြစ်တယ်၊ ကျွန်တော် အခုပြောချင်တာက ချုပ်ချုနည်းကိုပဲ ဖြစ်တယ်"



ကျွန်တော်က စားကြီးပေါ်လက်တင်၍ ပြောနေသော ကိုမြင့်ဦးကို အားရစွာ ကြည့်နေမိသည်။ ဤစကားများကို ကျွန်တော် ကြားချင်သည်မှာ ကြားလိုက်ပြီး ယခုကြားရလေပြီတကား...။

"ချုပ်ချုနည်းကလည်း တစ်ခါခင်ဗျားတို့အကွက် မဆန်းပါဘူးဗျာ၊ ကျွန်တော်တို့တပ်မတော်နဲ့ ခင်ဗျားတို့ တိုင်းသူပြည်သားတွေဟာ လက်တွဲပြီး အင်္ဂလိပ်ကို ချခဲ့ဖူးကြသားပဲ၊ အခုလည်း ဒီနည်းအတိုင်းပဲ၊ ခင်ဗျားတို့ နားလည်တယ် မဟုတ်လား..."

အခန်းတွင်းရှိ လူကြီးများက သဘောပေါက်သွားကြသည်။ကျွန်တော့်အဘက အားလုံးကိုယ်စားပြောၽ်။

"ဒါလောက်ဆို ငါတို့ နားလည်ပါပြီ မောင်မြင့်ဦးရာ၊ မင်းတို့ တပ်မတော်က အတိအကျတို့ကို ဘာလုပ်ပေးစေချင်သလဲ၊ ဒါပဲပြော..."

ကိုမြင့်ဦး ရုတ်တရက်စဉ်းစားသယောင် ငိုင်သွားသည်။ အတန်ကြာမှ သတိကြီးစွာနှင့်ဆိုသည်။

"တစ်နည်းအားဖြင့် ကျွန်တော်အတိအကျ ဘာမှမပြောနိုင်ဘူး၊ တစ်နည်းအားဖြင့် ကျွန်တော်အတိအကျ ပြောနိုင်တယ်၊ ကျွန်တော့်စကားက ရှုပ်ထွေးရင်ခွင့်လွှတ်ပါ၊ ကျွန်တော်တို့ တပ်မတော်က ဂျပန်ကိုချမယ်၊ အဲဒါအတိအကျပြောနိုင်တယ်၊ ဘယ်နေ့ ဘယ်အချိန်ချမယ်ဆိုတာ ကျွန်တော်မသိဘူး တစ်ခါ ခင်ဗျားတို့ဘက်က အလျဉ်းသင့်သလို လူသူရိက္ခာစသည် စုဆောင်းထားပါ၊ အစစအဆင်သင့်ဖြစ်နေပါစေ...၊ ဒီ့ထက်ပိုပြီး တိတိကျကျ ကျွန်တော် မပြောတတ်ဘူး၊ အဲ... အတိအကျဆုံး ကျွန်တော်ပြောချင်တာရှိတယ်၊ လူတိုင်းဟာ အမိနိုင်ငံကို သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



ရှိကြပါ။ လျှို့ဝှက်စွာ စည်းရုံးကြပါ၊ နှုတ်လုံကြပါ၊ ဒါပါပဲ ဗျာ"

ဗိုလ်မြင့်ဦးက စကားကို ဤမျှဖြင့် ရပ်၍ထိုင်သည်။

ရွာလူကြီးများသည် အတန်ကြာခေါင်းချင်းဆိုင် တိုင်ပင်ကြ၏။ ထို့နောက် ကျွန်တော့်အဘက ကိုယ်စားပြောရပြန်၏။

"တို့အားလုံးနားလည်ပြီ၊ တို့ဘက်ကတော့စိတ်ချ၊ မင်းတို့တပ်မတော်ကိုလည်း တို့ယုံကြည်တယ်၊ ဒါပေမဲ့ ငါတစ်ခုမေးချင်တယ်၊ မင်းသိတဲ့အတိုင်းပဲ၊ ငါလည်း တစ်ချိန်က အင်္ဂလိပ်ကို ခံချဘူးတယ်...၊ ဂျပန်ကို ချချင်လို့လည်း လက်ယားနေတာပဲ၊ ခက်တာက တို့မှာ လက်နက်မရှိဘူး၊ မင်းတို့ လူငယ်တွေက ပြောမယ်၊ စည်းလုံးမှုဟာ လက်နက်လို့၊ ဒီစကားဟာ မှန်သင့်သလောက်တော့ မှန်တယ်၊ ဒါပေမဲ့ တရားကုန် မမှန်ဘူးကွ၊ ဒီစကားဟာ ဒီတော့ မင်းတို့တပ်က တို့အားလုံးထချမယ်ဆိုရင် လက်နက် ဘယ်လောက်ပေးနိုင်မလဲ"

ဤအကြိမ်တွင်မူ ကိုမြင့်ဦးသည် အလွန်အတန်ကြာစွာ ငိုင်ကျသွား၏။ ကျွန်တော်ကမူ ကိုမြင့်ဦးအစား အဘတို့အား ပြောကြားချင်လွန်း၍ ပါးစပ်ယားနေသည်။ သို့ရာတွင် ချက်မကျသေး၍ ငြိမ်နေရသည်။

ကိုမြင့်ဦးက သက်ပြင်းရှိုက်၍ လေအေးနှင့် စကားဆိုသည်။

"အမှန်ဝန်ခံရရင် ကျွန်တော်တို့ ဗမာ့တပ်မတော်မှာ လက်နက်တော့ သိပ်မကောင်းလှဘူး၊ ခင်ဗျားတို့သိတဲ့ အတိုင်းပဲ ဂျပန်က ကျွန်တော်တို့ကို မယုံတော့ ဘာမှပုံအပ်မထားဘူး



တစ်ခုတော့ ရှိတယ်၊ ကမ္ဘာ့အခြေအနေအရ ကျွန်တော်တို့မှာ လက်နက်မဲ့တော့ မဟုတ်ဘူး၊ ကုန်ကုန်ပြောမယ်ဗျာ...တကယ်တန်း ထချကြရင် ဝါးရုံတောတွေက လက်နက် ဖြစ်ရမယ်၊ ထင်းခုတ်ဓားမတွေက လက်နက်ဖြစ်ရမယ်၊ ပြီးတော့...ကျွန်တော်တို့မှာ တစ်ခြားဆက်သွယ်မှုတွေရှိတယ်၊ အဲဒါတော့ ငယ်လေးက ပြောပြလိမ့်မယ်...၊ ဟော့ကောင်ငယ်လေး...ခင်းချောကလက် ထုတ်ပြလိုက်ကွာ"

ထိုအခါကျမှ ဆရာတော်ကစ၍ လူအားလုံးတို့သည် ကျွန်တော့်အား လေးလေးစားစားလှမ်းကြည့်ကြသည်။ ကျွန်တော့်စိတ်ထဲ၌ ကိုမြင့်ဦးကို အနည်းငယ်အောင့်ဖိသည်။ ကျွန်တော့်၌ သူက ချောကလက်သာရှိသည်ထင်သည်။

ကျွန်တော်သည် ကျွန်တော်မစားရက်မသောက်ရက် စုထားသော ချောကလက်ကို အဘလက်တွင်းသို့ ပေးလိုက်သည်။ ချောကလက်ကို ချောကလက်မှန်းသိသောအခါ အားလုံးမျက်လုံးပြူးသွားကြသည်။ ထိုအခါမှ ကျွန်တော်သည် ပရိသတ်ရှေ့မားမား ရပ်၍ အင်္ကျီအောက်တွင်း၌ ဝှက်ယူလာသော မောင်းပြန်သေနတ်ကို ဆွဲထုတ်ပြလိုက်သည်။

ဤအကြိမ်တွင်မူ လူကြီးအားလုံးတွင်မက ဗိုလ်မြင့်ဦးပါ မျက်လုံးပြူးသွားသည်။

"ဟကောင်...ငယ်လေး၊ နင်ဒါ ဘယ်ကရသလဲ..."

ဤသို့ ဗိုလ်မြင့်ဦးကမေးသကဲ့သို့ အဘကလည်း...

"လူကလေး...မင်း ဒီခြောက်လုံးပြူးဘယ်ကရသလဲ" ဟု မေးသည်။

"အဘ အဲဒါခြောက်လုံးပြူး မဟုတ်ဘူးဗျ၊ ကျုပ်ဆွဲပစ်လိုက်ရင် တစ်ချက်ဝင်ကျော် ထွက်တယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်အားလုံး သည် ကျွန်တော့်အား မယုံရခက် ယုံ
ခက်ဟန်ဖြင့် ငါးစက်ပြူ ကြည့်နေကြသည်။ ကျွန်တော်ကိုယ်တိုင်
လည်း သူတို့ကို မည်သို့ယုံအောင်ပြရမည်မသိ။ သေနတ်ထဲ
သားမြှု ကျည်ဆံကို ဖုန်အောင်ပစ်ပြလိုက်လျှင်လည်း ရှာလန်ဦး
မည်။

ကြိုးစာမရသဖြင့် ဟိုကြည့် သည်ကြည့် ကြည့်နေသော
ကျွန်တော့်မျက်လုံးများသည် အခန်းပေါက်ဆီသို့ ရောက်သွား၏
အခန်းပေါက်ဝ၌ ဦးလေးပုသည် မျက်စိမှိတ်ကာ ခေါင်းညိတ်ကာ
နှင့် ကျွန်တော့်အား အချက်အမျိုးမျိုးပြနေသည်။

ကျွန်တော်သည် အလွန်ဝမ်းသာသွား၏။ ထို့ကြောင့်လည်
အားရပါးရလှမ်းခေါ်သည်၊

"ဦးလေးပု... ပုတ်သင်ညိုလို ခေါင်းညိတ်ပြမနေနဲ့
ဆရာတို့ ဘယ်မလဲ၊ ပြီးတော့... ဗိုလ်စောလင်းကော"

ကျွန်တော့်အမေးမဆုံး၊ ဦးလေးပုနောက်မှ ကျွန်တော့်ဆ
သည် ပေါ်လာသည်။ ဆရာ့နောက်မှ မမရှင်ပေါ်လာသည်
မမရှင်နောက်မှ ကိုအုန်းမောင်နှင့်မခင်သိန်း။

သူတို့အားလုံး၏ပခုံး၌ ကျွန်တော်တွေ့ဖူးသော တစ်တော
ကျော်ကျော်သေနတ်တိုကလေးများကို လွယ်ထားကြသည်၊

ကျွန်တော်က ဆရာ့ကိုပြေး၍ ဖက်သည်။ ထို့နော
မမရှင်ကို ဖက်သည်။ မမရှင်၏ ဝတ်စားထားပုံမှာ ကြမ်းတ
သည်။ မိန်းမချောတန်မဲ့ သေနတ်လွယ်ထားသည်မှာ ခက်တ
နေ၏။ သို့ရာတွင် ကျွန်တော့်ခေါင်းကို ပွတ်သော မမရှင်
လက်မှာ ခါတိုင်းကဲ့သို့ နူးညံ့ပေသည်၊ ကျွန်တော့်ကို ပြောသေ
မမရှင်၏ အသံမှာလည်း ခါတိုင်းကဲ့သို့ပင် နူးညံ့နေပါသည်



"ငယ်လေးရယ်... တို့ပြန်လာပါပြီ၊ မမရှင်တို့ ပြန်လာ
ပါပြီ၊ ဒီတစ်ခါတော့ ဆရာနဲ့ မမရှင်ဟာ ငယ်လေးနဲ့ ငယ်လေးတို့
ရွာကို ဘယ်တော့မှ စွန့်မသွားတော့ဘူး"

ကိုမြင့်ဦးသည် ကျွန်တော့်ထံ ချဉ်းကပ်ခါ ဆရာကလည်း
ကျွန်တော့်ကို ယုယမွေ့ပိုက်သည်။ မည်သူမျှ စကားမဆိုနိုင်၊
အတန်ကြာမှ ကျွန်တော့်ဆရာက ထိုစဉ်အချိန်၌ ကျွန်တော်နား
မလည်ခဲ့သော စကားတစ်ရပ်ကို ဆိုလေသည်။

"သန့်စင်...ငါတပည့်...မင်းက တော်လှန်ရေးသမားကြီး
ဖြစ်နေပါပြီကော"

တော်လှန်ရေး...တော်လှန်ရေး...ဤစကား အဓိပ္ပာယ်ကို
အတိအကျ ကျွန်တော်မသိ။ မည်သို့ ဖြစ်စေ၊ ကျွန်တော့်ဆရာသည်
မှန်သောစကားကို အစဉ်ဆိုတတ်သည်။ ယခုလည်းမှန်ရမည်။
ဤသို့ ဆိုပြန်သော်...

ကျွန်တော်သည် တော်လှန်ရေးသမားကြီးပါကကား။

## (၁၄)

အဘိဓါ္ဓနိုဒ္ဓရေး

ဆရာပြောသော တော်လှန်ရေးဆိုသည့်စကားကို ထိုနှစ်
နွေဦး၌ ကျွန်တော် **တစ်သက်မမေ့နိုင်အောင်** နားလည်ခဲ့ရသည်။
ဤမမေ့နိုင်သော တော်လှန်ရေးကာလ တစ်နွေဦး၏ ဇာတ်လမ်း
ကို ကျွန်တော်အပြောပြချင်ဆုံးဖြစ်သည်။ ကျွန်တော်အပြောပြချင်
ဆုံး ဤဇာတ်လမ်းသည်ပင် ကျွန်တော့်ရင်ကို ယခုတိုင်နွေကျင်
စေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတစ်ညအစည်းအဝေးပြီးနောက် ကျွန်တော်တို့ရွာမှာ အလုပ်များကြသည်။ အလုပ်များကြသည်ဆိုရာတွင် ခြပုရွက်များကဲ့သို့ သိသိသိပ်သိပ် ဆိတ်ဆိတ်ငြိမ်ငြိမ် အလုပ်များကြခြင်း ဖြစ်သည်။

ကလင်းအမြန်နယ်ကြ၍ စပါးတို့ကို ကျီ၌ ဖြည့်ကြသည်။ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်စသည့် အခြားရိက္ခာများကိုလည်း စုကြသည်။ ငါးပိငါးခြောက်၊ အမဲခြောက်တို့ကိုလည်း တတ်နိုင်သမျှ လှောင်ကြသည်။

တစ်ဖက်၌လည်း နှစ်ဖက်ချွန်၊ ဝါးချွန်၊ ဒူးလေး၊ ဆိပ်လူးမြားစသော အိမ်တွင်းဖြစ် လက်နက်များကို လူတိုင်းကိုယ်စီကိုယ်ငလုပ်ကြသည်။ ဝါးကပ်၊ သံအိတ်၊ ရေပုံးဟူသည့် မီးဘေးကာကွယ်ရေး ပစ္စည်းများကိုလည်း အဆင်သင့်လုံလောက်စေကြသည်။ ရွာစည်းရိုးကိုလည်း အခိုင်အမာရှိအောင် ပြင်ဆင်ကြ၍ ရွာပြင်စည်းရိုးတစ်လျှောက်ဆူးခက်များချပြီး ဗျှောင့်များထောင်ကြသည်။ လျှို့ဝှက်သော မလွယ်ပေါက်များမှ လွှဲ၍ ရွာဝင်ရွာထွက် တံခါးနှစ်ခုသာ ထားသည်။ ဤတံခါးမှာလည်း လူငါးယောက်နှင့် ဖွင့်မှပိတ်မှရသည့် လေးလံခိုင်မာသော တံခါးများဖြစ်ကြသည်။

ဆရာနှင့် မမရှင်သည် ထိုညပြီးနောက် ပြန်ပျောက်သွားကြပြန်သည်။ ဦးလေးပုကြီးလည်း သူတို့နှင့်ပါသွား၏။ ဗိုလ်မြင့်ဦးနှင့် ရဲဘော်များလည်း ပြန်သွားကြသည်။

အဘနှင့် ရွာလူကြီးများသာ အစစဦးစီး လုပ်ကိုင်နေကြသည်။ သူတို့သည် ရွာ၌သာ အလုပ်များကြသည်မဟုတ်။ မြို့ရှိ ဌာနာပိုင်ကြီးနှင့် အာရှလူငယ်ခေါင်းဆောင်များထံလည်း မကြာ



ခဏ သွားကြသည်၊ အနီးအနားရှိ ရွာများဆီသို့လည်း ညဥ့်အိပ်ညဥ့်နေလှည့်လည်သွားကြသည်။

အဘအိမ်မကပ်နိုင်သောအခါ ကျွန်တော်ပို၍ အလုပ်များသည်။

အမကိုယ်ဝန်မှာ နေ့လစေ့၍ မွေးဖွားချိန်နီးပြီ၊ မွေးဖွားချိန်နီးသမျှ အမကျန်းမာရေးမှာ ချွတ်ယွင်းလာသည်။ ထို့ကြောင့် အိမ်တာဝန်များကို ကျွန်တော်သည် အရီးလေးနှင့် ဘထွေးတို့အကူအညီဖြင့် အစစထမ်းဆောင်ရ၏။

ဘထွေးအဖြစ်မှာလည်း သနားစရာဖြစ်သည်။ သူ့အိမ်တာဝန်များကိုလည်း ထမ်းရသည်။ ကျွန်တော်တို့ အိမ်ကိုလည်း ကူညီရသည်။ သူကြီးအလုပ်တွေကိုလည်း သွားလုပ်ပေးရသေးသည်။

ကျွန်တော်သည် ယခုတစ်လော အလုပ်ရှုပ်နေသဖြင့် မယဉ်နွယ်နှင့် မတွေ့အားခဲ့၊ တစ်နေ့ခင်းတွင် ဘထွေးသူကြီးအိမ်မှ ပြန်လာသောအခါ အမှာစကားပါလာသည်။

“ငယ်လေး မယဉ်နွယ်က မှာလိုက်တယ်”

“ဟုတ်လား...မယဉ်နွယ်က ဘာမှာလိုက်လဲ”

“ဘာရယ်တော့ မဟုတ်ပါဘူး... ငါ့လူ ဘယ်ပျောက်နေလဲတဲ့...”

“ဟုတ်တယ်ဗျာ...ကျုပ်မယဉ်နွယ်နဲ့တောင် မတွေ့အားဘူး၊ ကိစ္စမရှိပါဘူး...ကျုပ်သွားတွေ့လိုက်ပါဦးမယ်”

ဘထွေးမျက်လုံးပြူးသွားတယ်။

“ဘာရယ်...ငါ့လူက သွားတွေ့မယ်၊ ကြီးကျယ်လှချည်လားကွာ...”

www.burmeseclassic.com

www.burmeseclassic.com



"မယဉ်နွယ်ကို ကျုပ်သွားတွေ့မယ်ဆိုတာ...ဘာများ ကြီးကျယ်လို့လဲ"

"ဟာ...ကြီးကျယ်တာပေါ့၊ ငါ့လူက ဘယ်လိုသွားတွေ့ မှာလဲ"

"ဘယ်လိုသွားတွေ့တွေ့အရေးမကြီးပါဘူး၊ ဒါပေမဲ့ ...ဘထွေးကို ကျုပ်တစ်ခုတောင်းပန်ချင်တယ်"

"ဘာလဲကွ"

"ဘထွေး ဒီညနေသူကြီးအိမ်ရောက်ဦးမလား"

"ရောက်မှာပေါ့ကွ...ငါ့လူဘာလုပ်ဦးမလို့လဲ"

"ဘာမှမလုပ်ပါဘူး၊ မယဉ်နွယ်ကို ပြောပေးပါလား... သူ့ကို ကျုပ်လာတွေ့မယ်လို့"

"အလိုလေး...မြတ်စွာဘုရား၊ ငါ့လူက တကယ်သွား တွေ့မယ်၊ ဘယ်လိုလုပ်တွေ့မှာလဲ"

"အဲဒါအရေးမကြီးပါဘူးလို့...ကျုပ် ပြောပြီးပါရောလား ကျုပ်လာတွေ့မယ်ဆိုတာသာပြောပေးပါ၊ ဟုတ်လား ဘထွေး"

ဘထွေးသည် ခေါင်းကိုစိတ်ပျက်စွာခါသည်။

"ဘယ်လိုလဲ...ပြောမပေးဘူးလား ဘထွေး..."

"ငါ့လူရာ...ပြောပေးတာ ဝန်မလေးပါဘူး၊ ဘာလို့သွား တွေ့ချင်တာလဲကွာ"

ဤအကြိမ်တွင်မူကျွန်တော်သည် လေပျော့နှင့်ဘထွေးကို ချော့ရသည်။

"ဘာလို့ တွေ့ချင်တယ်ဆိုတာ... ကျုပ်လည်း မသိဘူး ဘထွေး၊ ဒါပေမဲ့... မယဉ်နွယ်ဟာ ကျုပ်သူငယ်ချင်းပဲ၊ သူကြီး ကြောင့်သာ တခြားသူငယ်ချင်းတွေလို လွတ်လွတ်လပ်လပ် မတွေ့ရတာ၊ ကျုပ်တို့ချင်း သိပ်ခင်တယ်၊ ဒါကို ဘထွေး မသနားဘူးလား"



"ဘထွေးသည် သဘောကောင်း၍ စိတ်ပျော့သူဖြစ်သည်။ သူသည် မည်သူ့ခိုင်းနိုင်းပြင်းဆန်ရဲသူမဟုတ်။ ကျွန်တော့် အသနား ခံချက်ကို သူသာ၍ မငြင်းနိုင်။

"အေးပါကွာ ငါ့လူရာ၊ မင်းက တကယ်တတ်နိုင်တဲ့ ကောင်၊ ငါ့ကို...ခြောက်လိုက် ချော့လိုက်နဲ့...လုပ်လိုက်ပေါ့ ငါ့လူရာ...၊ ကောင်းတယ်ထင်သလို လုပ်တာပေါ့"

"ဒါဖြင့်...ဘထွေးကျုပ်ကို ပြောမပေးဘူးလား..."

"ငါ့လူခိုင်းတာ... ဘယ်တုန်းကများ ငါမလုပ်လို့လဲ ငယ်လေးရာ...ကျုပ်ပါဘိ၊ ငါပြောတယ် မဟုတ်လား...ကောင်း တယ်ထင်သလိုလုပ်...တဲ့..."

ထိုည နေဝင်ချိန်၌ ဝင်နေကျအပေါက်မှဝင်၍ သူကြီး ခြံတွင်းကျွန်တော်ရောက်ခဲ့ပြန်သည်။ ဘထွေး ကတိတည်စွာ ပြောထားသဖြင့် ခြံစပ်အမှောင်ရိပ်၌ မယဉ်နွယ် အဆင်သင့် စောင့်နေရှာသည်။

ကျွန်တော်တို့နှစ်ဦးသည် အကာအကွယ် အကောင်းဆုံး ပေးနိုင်သည့် ကောက်ရိုးပုံကြီးဘေး၌ပင် ထိုင်ကြသည်။

"သန့်ဇင်...ခုတလောနင်ဘယ်ပျောက်နေတာလဲ..."

"ရှိပါတယ်ဟာ...ရွာမှာပါပဲ၊ ငါ...နည်းနည်းအလုပ် များနေလို့ပါ..."

"နင် ဘာတွေအလုပ်များနေလဲ"

"ဘာရယ်လို့ မဟုတ်ပါဘူးဟာ...အမက မွေးခါနီး ဖွားခါနီးပြီ မဟုတ်လား"

"ဒီတော့... အိမ်အလုပ်တွေ ကူညီလုပ်ပေးနေရတာ ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသန့်ဇင်ရာ...နင်တကယ် ဘာတွေလုပ်နေတယ် ဆိုတာ ငါရိပ်မိပါတယ်"

"ငါဘာတွေလုပ်နေလို့လဲ..."

"နင်တို့ဂျပန်ကို ပြန်ချတော့မယ် မဟုတ်လား..."

ကျွန်တော်မျက်လုံးပြူးသွားသည်။

"နင့် ဘယ်သူပြောလဲမယဉ်နွယ်..."

"ဘယ်သူ့မှတော့မပြောပါဘူး...ဒါပေမဲ့ ငါရိပ်မိတာပေါ့"

ကျွန်တော်ကငိုင်နေမိသည်။ မယဉ်နွယ်က အားမရဟန် ကျွန်တော့်လက်မောင်းကို ဆုပ်ကာမေးသည်။

"သန့်ဇင် ...ငါနင့်ဆီသစ္စာကျိန်ဆိုထားတာ မေ့သွားပြီလား၊ နင်ငါ့ကို မယုံတော့ဘူးပေါ့..."

မယဉ်နွယ်၏အသံ၌ ငိုသံပါသည်။ မျက်နှာလေးကလည်း မဲ့လာ၏။ ကျွန်တော်မခံနိုင်တော့။

"ယုံပါတယ်ဟယ်...ကဲပါ ငါပြောပြမယ်၊ တို့တွေ ဂျပန်ကို ခံချကြတော့မယ်"

"ဘယ်တော့လဲ"

"အဲဒါတော့ ငါမသိဘူး၊ လူကြီးတွေလုပ်နေကြတာ..."

မယဉ်နွယ်သည် သက်ပြင်းလေးရှိုက်၍ တိုးတိုးပြောသည်။

"သန့်ဇင်...နင့်ကို ငါမှာလိုက်တာ ဘာကြောင့်လဲသိလား"

"ဟင့်အင်း..."

"ငါကြောက်လို့ဟယ်..."

"အို...နင်ကြောက်လို့၊ နင်ဘာကို ကြောက်တာလဲ..."



"ဘာကိုကြောက်မှန်းမသိဘူး၊ ငါ့အဘလည်း သိပ်ကြောက်နေတယ်၊ ကိုက်ပိုင်ကြီးလည်း သိပ်ကြောက်နေတယ်"

"သူတို့ကတော့ ဘာတွေ ကြောက်နေကြတာလဲ..."

"သူတို့ကပြောနေတာပဲ၊ အခုတောင် အဘရယ် တိုက်ပိုင် ကြီးနဲ့ တိုးတိုးကိုတ်တိုင်ပင်နေတုန်း ငါလာခဲ့တာ"

"ဒီခွေးကောင်ကြီး ရောက်နေပြန်ပလား..."

"တိုးတိုးဟယ်၊ အေး...ရောက်နေတယ်၊ ဒီလိုပဲခဏခဏ လာတာပဲ"

"နေပါအုံး...သူတို့ဘာပြောကြသလဲ"

"သူတို့က ပြောတယ်၊ မြို့ပေါ်မှာ ဂျပန်တွေ ဂနာမငြိမ် ဖြစ်နေတယ်တဲ့၊ မြစ်ကြီးနားဆိုလား...အဲဒီဘက်က အင်္ဂလိပ်တပ် တွေ ဆင်းလာပြီတဲ့၊ မြန်မာတွေကလည်း ဂျပန်ကို နေ့လားညလား ချကြတော့မှာပဲ...တဲ့၊ မြန်မာတွေထချရင် တိုက်ပိုင်ကြီးနဲ့ အဘက သူတို့ကိုပါ သတ်မှာကြောက်နေကြတယ်"

ကျွန်တော်ရုတ်တရက် ဘာမျှပြန်မပြောနိုင်၊ ကျွန်တော့်စိတ် တွင်း၌မူ ဗမာတွေဂျပန်ကိုထချလျှင် တိုက်ပိုင်ကြီးနှင့် သူကြီး ကိုပါ သတ်ထိုက်သည် ထင်နေသည်။ သို့ရာတွင် သူကြီးသည် မယဉ်နွယ်၏ အဖေဖြစ်နေသည်။

ကျွန်တော်က မလှုပ်မယှက် ဖြစ်နေသောအခါ မယဉ်နွယ် သည် ပိုမိုပူပန်ဟန်ဖြင့်မေးသည်။

"သန့်ဇင်...ငါ့ကို အမှန်ဖြေစမ်းဟာ၊ နင်တို့တွေ ဂျပန် ကို ချရင် ငါ့အဘကိုကော သတ်ကြမှာလား"

ဤအဖြေကို ကျွန်တော်မသိ။ ဤအဖြေကို ဖြေနိုင်သူမှာ ကျွန်တော့်အဘနှင့် ကိုမြင့်ဦးတို့သာ ဖြစ်မည်။ ရုတ်ချင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၌ အသိဉာဏ်ဝင်လာ၍ ယုံကြည်မှုတစ်ခုလည်း ပေါ်လာသည်။ ထို့ကြောင့် မယဉ်နွယ်ကို အားပေးစကားပြောနိုင်၏။

"နင့်အဘကို သူတို့မသတ်ကြပါဘူးဟာ..."

"နင်တကယ်ပြောတာလား..."

"ငါယုံတာငါပြောတာလေ"

"နင်က...ဘာယုံတာလဲ..."

"ဒီမှာမယဉ်နွယ်...၊ ငါပြောတာ သေသေချာချာ နားထောင်စမ်း..."

ကျွန်တော့်အသံက လေးနက်လာသဖြင့် မယဉ်နွယ်သည် မျက်တောင်ကော့များလှန်၍ ကလေးပမာ ဆိတ်ငြိမ်စွာ နားထောင်သည်။

"ငါ့အဘဟာ မဟုတ်မခံပေမဲ့ လူတစ်ဖက်သားကို မနှိပ်စက်တတ်ဘူး၊ ကိုမြင့်ဦးကလည်း ပြောဖူးတယ်၊ မြန်မာ မြန်မာချင်း မညှဉ်းဆဲရဘူးတဲ့...၊ပြီးတော့...အခုလုပ်နေကြတာမှာ ဆရာလည်း ခေါင်းဆောင်တစ်ဦးပဲ၊ ဆရာက ငါ့ကိုလည်းချစ်တယ်၊ နင့်ကိုလည်း ချစ်တယ်၊ ဒီတော့...နင့်အဘကို ရန်ရှာမှာ မဟုတ်ပါဘူး"

ဆရာ့ကို ဖော်ပြပြောဆိုသံကြားသော် မယဉ်နွယ်၏ မျက်နှာလေးမှာ အားတက်ရွှင်လန်းသွားသည်။

"ဆရာပြန်လာပြီလား"

"အေး...ဆရာရော မမရှင်ရောပြန်လာပြီ၊ ကိုအုန်းမောင်နဲ့ မခင်သိန်းလည်း ပါလာကြတယ်"

"သန့်ဇင်...နင်တကယ်ပြောတာလား၊ အခုသူတို့ ဘယ်မှာလဲ"



"သူတို့ဒီရွာမှာ မရှိတော့ဘူး။ အနီးအနားမှာတော့ရှိတယ်...နောက်ပြီး နင်နဲ့ငါရိုက္ခာပေးခဲ့တဲ့ ဗိုလ်ဘောလင်းလည်း ရှိသေးတယ် မဟုတ်လား၊ ဒီတော့...နင့်အဘအတွက် မပူပါနဲ့ဟာ"

မယဉ်နွယ်သည် စိတ်ချမ်းသာသွားဟန် ယနေ့ညအတွက် ပထမဦးစွာအဖြစ် ပြုံးသည်။

"သန့်ဇင်ရယ်...နင်နဲ့တွေ့တော့မှပဲ စိတ်ချမ်းသာတော့တယ်၊ ဒါပေမဲ့..."

မယဉ်နွယ်သည် စကားမဆက်ဘဲ ရပ်ထားသည်။

"ဒါပေမဲ့...ဘာဖြစ်လဲ မယဉ်နွယ်..."

လရောင်မရှိ ကြယ်ရောင်များက ထွန်းလက်နေသည်။ အမှောင်၌ကျင့်သားရသော မျက်လုံးများကြောင့် ကျွန်တော်တို့တစ်ဦးကိုတစ်ဦး သဲကွဲအောင်မြင်နေကြရာ မယဉ်နွယ်၏ မျက်လုံးများ တောက်ပြောင် အရောင်လက်နေသည်အား သတိထားမိသည်။

"ပြောလေ မယဉ်နွယ်...ဘာဖြစ်သလဲ"

မယဉ်နွယ်က သဲ့သဲ့ ရှိုက်သည်။ မယဉ်နွယ် ငိုနေလေသည်တကား။

"အို...မယဉ်နွယ်...နင်ငိုနေတယ်"

ကျွန်တော်ပြောခါမှ မယဉ်နွယ်သည် မထိန်းနိုင်ဘဲ ငိုသည်။ ကျွန်တော့်ကိုဖက်ငိုသည်။ ကျွန်တော်ကသူ့ကိုယ်လေးကို ပွေ့ဖက်ပွတ်သပ်ချော့မိသည်။

"တိတ်ပါ...မယဉ်နွယ်ရယ် တိတ်ပါ ဘာဖြစ်လို့ ငိုရတာလဲ...ငါပြောပါပကော၊ နင့်အဘကို တို့ရန်မရှာဘူးလို့"

မယဉ်နွယ်သည် အတန်ကြာဆက်ငိုသည်။ ငို၍ အငိုမှ စကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဝိုတာက အဘကြောင့်မဟုတ်ပါဘူးသန့်ဇင်၊ နက်ဖြန်ဆို ငါတို့ဒီရွာက ပြောင်းသွားတော့မယ်"

ကြားရသော စကားကြောင့် ကျွန်တော်ငိုင်သွားမိ၏။

"ဘာပြောတယ် မယဉ်နွယ်...နင်တို့ ဒီရွာက သွားတော့မယ်"

"ဟုတ်တယ်...အဘက ဒီရွာမှာ မနေရဲဘူး၊ ပြည်က နိဗ္ဗိန္ဒချောင်မှာ အဘဆောက်ထားတဲ့ ကျောင်းရှိတယ်၊ အဲဒီကို တို့တစ်အိမ်သားလုံး ရွှေ့သွားကြတော့မယ်၊ ဟိုမှာတော့ တို့ ဆရာတော်က ဩဇာရှိတယ်။ တို့အေးကင်းနိုင်တယ်"

ကျွန်တော်ဘာမျှမပြောနိုင်၊ မပြောနိုင်ရုံမက မယဉ်နွယ် နှင့်ရောငိုမိသည်။

ချစ်သောသူနှင့် ခွဲခွာရခြင်းသည် ဒုက္ခဟူ၍ မွေ့စကြာ သင်ရစဉ်က ကျွန်တော်က မှတ်မိဖူးသည်။ ဤဒုက္ခ၏ အနက် အဓိပ္ပာယ်အစစ်ကို ဆရာနှင့် မမရှင်တို့နှင့်ခွဲရစဉ်က ရေးရေး သဘောပေါက်မိဖူးသည်။ ယခု မယဉ်နွယ်နှင့်လည်း ခွဲရတော့ မည်။ ထိုအခါ ဤဒုက္ခ၏ဒဏ်ကို ပြည့်ပြည့်ဝဝ ခံစားနားလည် မိသည်။

ထိုညက မယဉ်နွယ်နှင့်ခွဲစဉ် ကျွန်တော် မက်မက် မောမောကောင့်တာမိသောအရာတစ်ခုကို ပြုမိသည်။

လုပသော မယဉ်နွယ်၏ နူးညံ့သော ပါးကလေးများကို နမ်းမိသည်။

ကျွန်တော်ရှေးဦးစွာ နမ်းမိချိန်ကတည်းက မယဉ်နွယ်၏ ပါးနုနုထက် မျက်ရည်ဥများနှင့်သာတကား။...။

◆



ထိုနှစ်နွေသည် ခပ်ကြမ်းကြမ်းဆိုက်ရောက်လာသည်။ တောင်လေသည် အောစောဆိုက်ရောက်၍ ရွက်ဝါတို့ကို တသောသော ကြွေစေသည်။

ရွက်ဝါကြွေသံ လေပြင်းသံတို့နှင့် အတူလေယာဉ်ပျံ များလည်း နေ့ရော ညပါ ဆူညံတတ်သည်။

ပေါင်းတလည် ပေါက်ခေါင်းလမ်းတစ်လျှောက် အနောက် မှ အရှေ့ဆီဦးတည်မောင်းနှင်ဆုတ်ခွာလျက် ရှိသောဂျပန် ကား တန်းများကို မြင်ရသည်။ ဤကားတန်းတို့နောက်မှ လေယာဉ် ပျံတို့သည် ဇက်သေနတ်တရစပ်ပစ်၍ ပါလာစမြဲဖြစ်၏။

ညအခါများ၌ ကျွန်တော်တို့ရွာတစ်ဝိုက်လေယာဉ်ပျံ ဝဲသံ များ ကြားရသည်။ ဤဝဲသော လေယာဉ်ပျံများထက်မှ ဘာတွေ ချပေးသည်ကို ကျွန်တော်သိပြီး ဖြစ်ပါ၏။

မယဉ်နွယ်တို့ တစ်အိမ်သားလုံး ရွာမှ ပြောင်းသွားပြီး သုံးရက်အကြာ၌ ကိုမြင့်ဦးနှင့် သူ့ရဲဘော်များ ပြန်ရောက်လာကြ သည်။

ဤအကြိမ်၌ သူတို့သည် စစ်ဝတ်တန်ဆာမဝတ်၊ သူတို့ ကိုယ်၌ အများရွာသားတို့နည်းတူ ဆင်ယင်ထားသည်။ သူတို့လက် မောင်းများ၌ အနီခံတွင် ကြယ်ဖြူ တစ်ပွင့်ပါသော လက်ပတ် များ စည်းထားသည်သာ ထူးခြား၏။

ကိုမြင့်ဦးသည် ရဲဘော်များကို တစ်အိမ်တစ်ယောက် ဝေပုံချခွဲထားသည်။ ရဲဘော်သည် ထင်းခွဲ၊ ရေခပ်၊ မောင်းထောင်း ဆန်ဖွပ်အလုပ်များကို လုပ်ပေးရသည်။ ထမင်းကိုမူ ရွာခံအိမ်ရှင် က တာဝန်ယူရ၏။

ကျွန်တော်တို့ရွာနှင့်တကွ အနီးတစ်ဝိုက်သစ်ပင်များ၌ ကြော်ငြာစာရွက်ကြီးများ ကပ်ထားသည်ကို မြင်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖက်ဆစ်ဂျပန်ကို ဗမာ့တပ်မတော်က တော်လှန်ပြီ"

"ဗမာတစ်မျိုးသားလုံး တပ်မတော်နှင့် ပူးပေါင်းကြလော့"

ဤစာမျိုးတို့ကို နေရာအနှံ့အပြား တွေ့ရသည်။

လက်နက်ကိုင် ခါးပြလူဆိုးတို့ပင် တပ်မတော်သို့ လက်နက်ချ၍ သူတို့ ကိုယ်ကို ဂျပန်တိုက်ရန် လာအပ်ကြသည်။

ခြံစည်းရိုးကို ပိုမိုလုံခြုံအောင် ကာကြသည်။ ရွာတံခါးများကို နေ့ကင်း ညကင်းချ၍ စောင့်ကြသည်။

ကျွန်တော်နှင့် သူငယ်ချင်းဟောင်းများ ဖြစ်ကြသည့် နက်ကျော၊ သောင်းဟန်၊ ပါစိနောင်၊ တိမ်တစ်လုံး၊ ငွေးကျား၊ ငထေစ်တို့က နေ့အခါ၌ ကျွဲနွားကျောင်း၍ ရွာပြင်တွင် မျက်စိရှင်ရှင်နေကြရသည်။ သစ်ပင်များပေါ်မှလည်းကောင်း၊ သချိုင်းဂူပျက်များမှလည်းကောင်း၊ ချောင်းကွေ့ကိုင်းစပ်တို့မှ လည်းကောင်း၊ စောင့်၍ ဂျပန်အရိပ်အရောင်မြင်သော် ကျွဲချိုမှုတ်တန်မှုတ်၊ ပလွေသံပေးတန်ပေးနှင့် ကင်းထောက်အချက်ပြကြရ၏။

ကျွန်တော့်ဆရာနှင့် မမရှင်၊ ဗိုလ်စောလင်း စသည်တို့လည်း ရွာသို့ပြောင်ပြောင်ထင်ထင် ဝင်ထွက်သွားလာနိုင်ကြပြီ။

တိုက်ရေးခိုက်ရေးကိစ္စများတွင် ကိုမြင့်ဦးနှင့် ဗိုလ်စောလင်းတို့က တာဝန်ယူခန့်ခွဲသည်။ အထွေထွေအုပ်ချုပ်ရေးနှင့် စည်းရုံးရေးတွင် ဆရာနှင့် အဘက ခေါင်းဆောင်ဖြစ်ကြသည်။

ကျွန်တော်တို့နယ်တစ်ဝိုက်မှာ စစ်ရေးစစ်ရာအရ အချက်ကျသည် ဖြစ်ကြောင်း ကျွန်တော်ပင် တဖြည်းဖြည်းသဘောပေါက်လာသည်။

ရခိုင်ဘက်မှ ဆုတ်လာသော ဂျပန်တပ်များသည် ပန်းတောင်းမှ ပြည်သို့ကူးသည်။ ပြည်မှ ပေါင်းတလည်ဖြတ်၍



ပေါက်ခေါင်းဆီပြေးသည်။ ပေါက်ခေါင်းမှ ပဲခူးရိုးမကို ကျော်၍ အရှေ့ဘက်သို့ ဆက်သွားနိုင်သည်။

အစသော် ဂျပန်တို့သည် ကားလမ်းအတိုင်း ဆုတ်ကြသည်။ ကားလမ်း၌ သွားမကောင်းသောအခါ တောရိပ်တောင်ရိပ်ခို၍ ရွာများအနီးမှဖြတ်ကာ ဆုတ်ကြသည်။ ဆုတ်ရင်းငတ်သော် ရွာတို့ကို ဝင်မွှေတတ်၏။

မြောက်ဘက် ငက်ထိးကန်နယ်တစ်လျှောက်၌လည်း အထက်ဘက်မှ ဆင်းလာသောဂျပန်တပ်များ ရိုးမဆီရှေ့ရှုဆုတ်ခွာ နေကြကြောင်း သတင်းရကြသည်။

ကိုမြင့်ဦးတို့၏ စစ်ပရိယာယ်မှာ ဂျပန်အနည်းအကျဉ်းဆိုလျှင် ဝိုင်းဝန်းတိုက်ခိုက်ချေမှုန်းသည်။ တစ်ခါတစ်ရံ ရွာတွင်းအငင်ခံ၍ အစားအစာကျွေးမွေးပြီး အလစ်တွင် သုတ်သင်ပစ်ကြ၏။

ဂျပန်အပ်အားကြီးလျှင် အနှောင့်အယှက်မပေးဘဲ သွားစေသည်။ ရိုးမတွင် ဝင်မိမှ ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ တော်လှန်ရေးသမားတို့လက်ချက်ဖြင့် မသေလျှင်လည်း တောတွင်း၌ ရိက္ခာပြတ်၍လည်းကောင်း၊ ရောဂါဘယကြောင့်လည်းကောင်း ဂျပန်တို့သေရမည်။

တော်လှန်ရေးသမား၏ ပရိယာယ်ကို ရိပ်မိသွားသော ဂျပန်တို့သည် သူတို့တပ်ကြီးများမဖြတ်မီ အသေခံတပ်ခွဲများဖြင့် ရွာတို့အား ဝင်ရောက်မွှေနှောက်ရှာဖွေကြသည်။

တစ်နေ့တွင် လက်နက်အပြည့်နှင့် ဂျပန်ငါးဆယ်ခန့် ရွာဆီချီလာသည်အား ကျွန်တော်နှင့် ပါစိနောင်သည် ရွာအပြင်ရှိ သင်္ချိုင်းဇရပ်မှ လှမ်းမြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ဂူမြှေးမပျက်ဖေဖေ့ပ်မှ ဆင်းကာ ချောင်းရိုးအတိုင်း ပုန်းကွယ်ပြေးလာကြ၍ ရွာထိပ်မှကင်းကို အချက်ပေးသည်။

ချက်ချင်းပင် ကိုမြင့်ဦးရောက်လာ၍ မန်ကျည်းပင်တစ်ပင်ပေါ်ရှိ လင့်စင်မှမျှော်ကြည့်သည်။

လင့်စင်အောက်ပြန်ရောက်ရောက်ချင်း ကိုမြင့်ဦးသည် အမြန်ဆုံး စီမံခန့်ခွဲသည်။

ဆက်သားအချို့ကို အနီးအပါးရွာများဆီ စေလွှတ်အကြောင်းကြားခိုင်းသည်။

ဗိုလ်စောလင်းနှင့် ဆရာခေါင်းဆောင်သော တော်လှန်ရေးသမားအချို့ကို အင်တိုင်းနှင့်ရိုးကလေးဆုံမှ တပ်ဖြန့်ပုန်းစောင့်ကြရသည်၊

ကိုမြင့်ဦး၊ အဘနှင့်ရဲဘော်အချို့က ရွာတွင်း၌ပင် ကိုယ်ဖျောက်နေရစ်သည်။ ကျွန်တော်နှင့် ပါစိနောင်က အိမ်ထောင့်ကျိုထောင့်၊ စပါးပုတ်ထောင့်တို့မှ ချောင်းမြောင်းကြရ၏။

ရွာတွင်း ဝင်လာသော ဂျပန်များအနက် ဤနယ်ကိုကျွမ်းကျင်သော ပေါင်းတာလည်မှ ဂျပန်များပါသည်။

သူတို့သည် ရွာကို တပ်ဖြန့်ခွဲလိုက်ပြီး ခေါင်းဆောင်ဗိုလ်တို့က သူကြီးအိမ်သို့ သွားသည်။ သူကြီး…မရှိ။ ရပ်ရွာလူကြီးများကို ရှာသည်။ တစ်ဦးမျှ…မတွေ့။

ထိုအခါ ဂျပန်တို့သည် ရွာရှိမိန်းမများကို ဖမ်းတော့၏။

ဂျပန်တို့အနက် ဤရွာအကြောင်း ကောင်းကောင်းသိသူပါရမည်။ အကြောင်းမှာ ဖမ်းမိသော မိန်းမများကို စုမောင်း၍ ကျွန်တော်တို့အိမ်ဆီခေါ်သွားပါသည်။ ကျွန်တော်တို့အိမ်ရှေ့ရောက်သော် ရပ်လိုက်ကြ၏။



ကျွန်တော့်မှာ မျက်လုံးပြူးသွားသည်။ ရင်နှလုံးသည်လည်း လည်ချောင်းဆီခုန်တက်လာသည်ဟု အောက်မေ့မိသည်။

အမသည် အိမ်ဝမှ ဂျပန်တို့အား မျက်လုံးအပြူးသားနှင့် ကြည့်နေရှာသည်။ လူစိတ်ကင်းသော တိရစ္ဆာန်ကောင်တို့သည် အမကို ကြမ်းတမ်းစွာ ဖမ်းဆီးလျက် မြေ၌လှဲကာ ကန်ကြောက်ကြသည်။

ကျွန်တော်က သတိလက်လွတ်၍ အမထံပြေးမည်လုပ်ရာ ပါစိနောင်က ဆွဲဟန့်သတိပေးသည်။

"သန့်ဇင်…အရမ်းမလုပ်နဲ့၊ လာ…လာ…တို့ဦးကြီးဆီ အကြောင်းကြားရအောင်"

ကျွန်တော်တို့သည် အိမ်ကြိုအိမ်ကြားမှ ပုဝပ်ပြေး၍ အဘတို့ကို လိုက်ရှာသည်။

အဘနှင့်ကိုမြင့်ဦးကို ကိုးဆောင်တွဲကျောင်းဝင်းစောင်းခြမ်းပင်များကြား၌ သွားတွေ့၏။

"အဘ…အမနဲ့မိန်းမတွေကို ဂျပန်တွေ ဖမ်းထားပြီ၊ အမကို နှိပ်စက်နေတယ်…မြန်မြန်"

အဘသည် သူ့သေနတ်ကို မောင်းတင်၍ ချက်ချင်းလိုက်ဟန်ပြင်သည်။ သို့ရာတွင် ကိုမြင့်ဦးက တားမြစ်၏။

"အရမ်းလုပ်လို့ မဖြစ်ဖူးဦးလေး…မိန်းမတွေ သေရုံမက ရွာပါကြေသွားမယ်…"

ကိုမြင့်ဦး၏ သတိပေးချက်အရ အဘသည် ငြိမ်ကျသွားသည်။ မခံရပ်နိုင်သော ကျွန်တော်ကသာ ဝင်ပြောမိ၏။

"ခင်ဗျားက အရမ်းမလုပ်နဲ့ပြောနေ…ဟိုမှာ ကျုပ်အမ သေတော့မယ်…"

ကိုမြင့်ဦးသည် ထောက်ထားညှာတာစွာ ပြုံးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်လှန်ရေးမှာ...လူတစ်သက်သေတာ အရေးမဟုတ်ဘူး...ငယ်လေး၊ မသေထိုက်သူတွေမသေအောင် ငါကြည့်စီစဉ်ပေးမယ် ဟုတ်ပလား"

ကိုမြင့်ဦးသည်ကျွန်တော့်အား ဤမျှသာပြောရှင်း၍ သူလိုချင်သော အချက်အလက်များကို ဆက်မေးသည်။

"ငယ်လေး...မြန်မြန်နဲ့မှန်မှန်ဖြေစမ်း။ အခု မိန်းမတွေကို ဝိုင်းဖမ်းထားတာ ဂျပန်ဘယ်နှစ်ယောက်လဲ"

"ဆယ်ယောက်..."

"ရွာထဲမှာ အားလုံးဘယ်နှစ်ယောက် နောက်ထပ်ရှိသေးလဲ"

"ရွာဝ၊ ရွာလယ် အချက်နေရာတွေမှာ သုံးဆယ်လောက်ဖြန့်ရှိတယ်"

"ကောင်းပြီ...၊ သောင်းဟန်လာစမ်း...ရွာပြင်မှာ မင်းဘယ်နှစ်ယောက်လောက်တွေ့ခဲ့လဲ"

"နှစ်ဆယ်လောက်ရှိမယ်"

ကိုမြင့်ဦးသည် ခေတ္တသာ စဉ်းစားသည်၊ ပြီးနောက် အမိန့်ဆင့်ကာ ပေးသည်။

"ဆက်သားတစ်ယောက်...ဗိုလ်စောလင်းတို့ဆီ ရောက်အောင်သွား၊ ရွာဆီအရောက်ဝင်ခဲ့လို့...၊ ကျန်တဲ့ရဲဘော်တွေက ရွာထဲက ဂျပန်တွေဆီ တက်နိုင်သမျှ အနီးကပ်ပစ်၊ ပစ်... ဆိုတာက ငါ့ဆီက သေနတ်သံကြားမှ... ကြားလား၊ကိုင်း... ဦးလေး ဒူးလေးသမားတွေ ဘယ်မှာလဲ"

"အဆင်သင့်ပဲ...ဟောဟို သရက်တောထဲမှာ"

"ကဲ...လာသွားကြရအောင်"

"ကျောက်မြောင်းဘက်၌ အုပ်ကောင်းသော သရက်တော



ရှိသည်။ သရက်တောတွင်းရောက်သောအခါ ဒူးလေးသမားငါးဦးနှင့် တွေ့သည်။

ကိုမြင့်ဦးက သူ့ရည်ရွယ်ချက်ကို အတိုချုံးရှင်းပြသည်။

"မိန်းမတွေဟာ သူတို့လက်ထဲမှာ ဓားစာခံလို ရှိနေတော့ မလွယ်ဘူး၊ အရမ်းဝင်တိုက်ရင် သေကုန်မယ်၊ ကျွန်တော်တို့နိုင်ချက်က ရန်သူကို အငိုက်မိအံ့အားသင့်စေဖို့ပဲ၊ လာ...သွားမယ်"

ကိုမြင့်ဦးရှေ့ဆောင်၍ ကျွန်တော်တို့သည် သပေါ်ကြီးဖွာနှင့် အိမ်နောက်ဘက် မရန်းတောဆီဝပ်တွားလာခဲ့ကြသည်။

ဝါးရုံနှင့် ဆူးရစ်ပင်တို့၏ ကျေးရွာကြောင့် အကာအကွယ်ကောင်းကောင်းရကာ ကျွန်တော်တို့ အိမ်နောက်ဖေးသို့ ရောက်လာသည်။

ကျွန်တော်တို့နှင့် ကိုက်သုံးဆယ်ခန့်အကွာမှ မြင်ကွင်းသည် ရှုရက်စရာမရှိ။

အမနှင့်မိန်းမသုံးဦးကို ဂျပန်အချို့က ပုဆစ်တုပ် ထိုင်စေ၍ ဆံပင်ကို နောက်မှဆွဲလျက် ခေါင်းကိုမော့ ရင်ကိုကော့ ထားစေသည်။ ကော့ထားသော ရင်တို့ဆက် ကျန်ဂျပန်များက လှံစွပ်နှင့်ထောက်၍စစ်ဆေးနေ၏။ သူတို့နှင့်ပါလာသော စကားပြန်လုပ်သူများက အော်ဟစ်မေးနေသည်။

"ကိုအုန်းဖေဘယ်မှာလဲ"

"ဦးရန်ရှင်းဘယ်မှာလဲ"

"မြန်မာစစ်ဗိုလ်...ရှိသလား"

"မြန်မာစစ်သား...ရှိသလား"

အမနှင့် မိန်းမများ ခေါင်းတွင်တွင်ခါကြသည်။

ဂျပန်တို့က ပါးကိုရိုက်–ခြေထောက်နှင့်ကျောက်ကိုပုပ်ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် လှံစွပ်ထောက်၍ မေးပြန်သည်။

"ကိုအုန်းဖေ...ရှိသလား"

"ဦးရန်ရှင်း...ဘယ်မှာလဲ၊ မြန်မာစစ်သားရှိသလား"

ကိုမြင့်ဦးသည် အံကြိတ်၍ တိုးတိုးဆိုသည်။

"အဲဒီ မုတ်ဆိတ်နဲ့ ဗိုလ်ဟာ ကျွန်တော့် ဖမ်းနှိပ်စက်ခဲ့တဲ့ ဘုရားကြီးက ကင်ပေတိုင်ဗိုလ်ပဲ။ ဒီကောင်တွေ ရွာတွေစနစ်တကျလိုက်ပိုက်စိပ်တိုက်ရှာပုံရတယ်"

"ကဲ..."

ကိုမြင့်ဦးသည် သူ့စက်သေနတ်အငယ်စား (တော်မီဂန်း)ကို အဆင်သင့်ပြုသဖြင့် အဘကလည်း သူ့သေနတ်ကို ဂျပန်များဆီ ချိန်ရွယ်ထား၏။

"ဒူးလေးသမားတွေ အရင် မိန်းမတွေကို လှံစွပ်တော့ထားတဲ့ ကောင်တွေ အရင်ပစ်၊ မလွှတ်မေနဲ့ပစ်..."

ဒူးလေးမြားတံတို့ လေကိုခွင်း၍ ဆင့်ကာဆင့်ကာပျံသွားကြသည်။

လည်ပင်းနှင့် ရင်အုံချည်းမှန်သဖြင့် ဂျပန်တို့ အသံနက်ကြီးများဖြင့် အော်ရင်း ကျကုန်သည်။

ကိုမြင့်ဦးတွက်ကိန်းမှန်သည်၊ အသံလာရာမသိစေသော ဒူးလေးလက်နက်သည် ဂျပန်တို့ကို အငိုက်မိကြောင်ကုန်စေသည်။

ထိုအခိုက်တွင်ပင် ကိုမြင့်ဦးနှင့်အဘသည် ကြက်သေသေနေသော ဂျပန်များဆီစက်သေနတ်များဖြင့် မွှေ၏။ မရှေးမနှောင်းပင် အိမ်ရှေ့လမ်းတစ်ဖက်ဆီမှ သေနတ်သံများ ပေါ်လာ၏။

မိန်းမများအနီးရှိ ဗိုလ်မုတ်ဆိတ်နှင့်ဂျပန်များမှာ ဒူးလေးနှင့် စက်သေနတ်ဒဏ်ကြောင့် အတုံးအရုံးကျဆုံးကုန်သည်။



ရွာလမ်းမှ ဂျပန်များသည့်သာ ခံပစ်ရင်း ရွာတွင်းမှထွက်ပြေးသည်။

ရွာပြင်မှ သေနတ်သံအများလည်း ပေါ်ထွက်လာ၏။

ထိုနေ့၌ ကျွန်တော်တို့ရွာအတွက် အကြီးဆုံး အောင်ပွဲကိုရလိုက်သည်။ ဂျပန်ငါးဆယ်အနက် ဆယ့်ငါးဦးသာ လွတ်သွားသည်။ သုံးဆယ့်ငါးဦးမှာ အလောင်းအဖြစ်နေရစ်သည်။

ကျွန်တော်နှင့် အဘအတွက်မှာမူ...

ကျွန်တော်သည် ယခင်က ဆရာနှင့်မမရှင်ကြောင့် ဂျပန်ကို မုန်းသည်၊ ယခုမူခွင့်မလွှတ်နိုင်အောင် မုန်းသည်။

ကျွန်တော်သေသည်အထိ ခွင့်မလွှတ်နိုင်အောင် မုန်းသည်။

အကြောင်းမှာ တစ်ရွာလုံးအောင်ပွဲခံသော ထိုညှ၌ ကိုယ်ဝန်အရင့်အမာကို ဂျပန်ကန်ကျောက်သောဒဏ်နှင့် အမသေဆုံးခဲ့ရသောကြောင့်တည်း။

(၁၅)

## ခြသံနှင့်ချွေတိုး

အမကို အကျဉ်းချုံး သင်္ဂြိုဟ်ပြီးသောအခါ အဘသည် ကျွန်တော့်အား ဘကြွေးလေးတို့နှင့်အပ်ကာ ဂျပန်ကို တွေ့ရာသချိုင်း ခါးမဆိုင်းသတ်ရန် ရွာမှထွက်ခွာသွားသည်။

ကျွန်တော့်အတွက် ဘာမျှမဆန်း...၊ အဘသည် တစ်ကြိမ်က ဤနည်းအတူအမနှင့် ကျွန်တော့်ကို စွန့်ကာ တစ်ကျွန်းသို့ပင် သွားခဲ့ဖူးပြီ။ အဘ ဂျပန်ဖက်ဆစ်များများ သတ်နိုင်ပါစေဟုပင် ဆုတောင်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com





ဆရာက ကျွန်တော့်ကို တော်လှန်ရေးသမားကြီးဟု ခေါ်ခဲ့ဖူးသည်။ ထိုစဉ်က တော်လှန်ရေးဆိုသော စကားကို ကျွန်တော်နားမလည်ခဲ့၊ ယခုမူ ရင်ခွဲနာကျင်အောင် နားလည်ခဲ့ပြီ။

တော်လှန်ရေး ဆိုသည်မှာ...အသက်နှင့် ရင်းရပါတကား၊ သွေးကိုစတေးရပါတကား...၊ ချစ်မြတ်နိုးသူတို့နှင့် ကွေကွင်းခြင်းကို ဆုလာဘ်အဖြစ် ပန်ဆင်ရလေပါပြီတကား...၊ မျက်ရည်တို့နှင့် အနက်အဓိပ္ပာယ်ဖော်ယူစောရသည်တကား...။

အမအတွက် သုံးရက်ဆက်၍ ကျွန်တော်ငိုကြွေးခဲ့သည်၊ ဤထက်တော့ပို၍မငိုနိုင်၊ ငို၍လည်း မည်သူမျှ ကျွန်တော့်ကို ချော့အားသည်မဟုတ်။

တော်လှန်ရေး၏ သွေးလှူပွဲကို ကျွန်တော်တို့ရွာနှင့် အနီးတစ်ဝိုက်ရွာများတွင် သေခြင်းသည် မဆန်းတော့၊ သေခြင်းအတွက် မတိုက်တမ်းငိုကြွေးဆိုလျှင် ရွာတိုင်း၌ငိုသံစဲလေမည်မဟုတ်။

ထို့ကြောင့် ကျွန်တော်သည် ပါစီနောင်တို့နှင့်အတူ ကင်းထောက်မြဲ ထောက်ရသည်။ တစ်ခါတစ်ရံ ဗိုလ်မြင့်ဦးတို့ တိုက်ပွဲဖြစ်လျှင် ရှေ့တန်းအရောက်ကျည်ဆန်လိုက်ပို့ပေးသည်။ တစ်ရွာမှ တစ်ရွာဆက်သားအဖြစ်လည်းသွားပေးသည်။

မည်သည်ကိုလုပ်နေသည်ဖြစ်စေ ကျွန်တော့်ရင်မှာ အမြဲဟာနေ၏၊ လောကကြီးမှာလည်း ကျယ်ဝန်းလွန်း၍ ကျွန်တော့်ကိုယ်မှာလည်း သေးငယ်လွန်းနေသည်တင်မက၊ တစ်နည်းဆိုသော်...အားငယ်စိတ်ကို ကျွန်တော်ပထမဆုံး သတိပြုမိခြင်း ဖြစ်သည်။

အမရှိစဉ်ကမူ တစ်ခါမျှဤသို့အားမငယ်ဖူး၊ အမ, မရှိသည့်တိုင် မမရှင်နှင့် နေ့စဉ်တွေ့နေရက မထောင်းတာ ...၊ မမရှင်နှင့် မတွေ့ရသည်ထား၊ မယဉ်နွယ်နှင့်ဆုံ၍ ကြုံသမျှကို





ပြောနိုင်လျှင် အတော့ ငိုကြွေးရသည်ဖြစ်စေ ကျွန်တော့်နေသာပေမည်၊ ယခုမူ ရွာ၌ မယဉ်နွယ်လည်းမရှိပြီ...။

ဤသို့ဖြင့် နွေဦးကုန်လာသည်၊ ရွက်ဝါတို့လည်း ကြွေစဉ်ပြီး ပိတောက်တို့လည်း ဝေခဲ့သည်၊ ရွက်သစ်တို့ပင် ရင့်စပြုစ၏။

တိုက်ပွဲများလည်း စဲသွားသည်၊ မြို့၌ ဂျပန်တစ်ကောင်မျှ မကျန်တော့ကြောင်းကြားကြရသည်။

တစ်ညနေတွင်... တော်လှန်ရေး စကာပြသည်းမှ ရွာသို့ မပေါ်လာသော ရွာနှပိုင်ကြီးဦးထွန်းဆိုက်ရောက်လာသည်၊ သူနှင့်အတူမျက်မှန်ထူထူနှင့် လူတစ်ဦးပါလာ၏၊ သခင်သိန်းဟုခေါ်သည်။

သခင်သိန်း၊ ဦးထွန်းနှင့်ဗိုလ်မြင့်ဦးတို့သည် အရေးတကြီး တိုင်ပင်ကြသည်။

ဦးထွန်းပြောပြချက်အရ အင်္ဂလိပ်တပ်များ မြောက်ဘက်ဝက်ထီးကန့်အထိ ရောက်နေပြီဖြစ်ကြောင်း ကြားသိရသည်။

အစသော်...ဦးထွန်း၏စကားကို ယုံရခက်မယုံရခက်ဖြစ်နေကြသည်၊သို့ရာတွင် ထိုည နေ့မပင်မိပင် မြောက်ဘက်ဆီမှ တဝုန်းဝုန်း တအိမ့်အိမ့်မြည်ဟည်း ပေါက်ကွဲသော အမြောက်သံကြီးများ ကြားရသည်။

ဂျပန်တို့မှာ ဆောက်လုပ်ခို၍ ဆုတ်ဆဲဖြစ်သည်၊ ယခုအင်္ဂလိပ်တပ်များဝင်လာပြီ တော်လှန်ရေးသမားများ ဘာလုပ်ကြမည်နည်း။

ထိုညနေဝင်ရီသရော၌ ကိုမြင့်ဦး၊ သခင်သိန်းနှင့် ဦးထွန်းတို့သည် သိုက်တွင်းများရှိရာ ထွက်ခဲ့ကြသဖြင့် ကျွန်တော်ပါလိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



များနှင့် အချို့မှာ လမ်းပင်ကောင်းကောင်း မလျှောက်နိုင်ကြတော့...။

သူတို့ကို ကြည့်ရင်း ကျွန်တော့်ရင်၌ ထူးထူးခြားခြား ဝေဒနာခံစားရသည်။

တစ်ကြိမ်က မြန်မာ့မြေပေါ်တွင် ဗိုလ်ကျ အနိုင်ကျင့် ရက်စက်ခဲ့သူ အရှင်သခင်များ...။

ယခုမြင်ရသည်မှာ သနားစဖွယ်ပင် ဖြစ်သည်။ လက်နက်လွယ်ထားသော်လည်း စစ်သားတို့မှာ ခေါင်းငိုက်စိုက်နှင့် ခြေလှမ်းများ လေးကန်လှသည်။ တော့နင်းတော့နင်းနှင့် ကိုယ့်ကိုယ်ကို အနိုင်နိုင်သယ်လာရသူများလည်း ပါသည်။

အားလုံးပေါင်းသုံးရာခန့် ရှိမည်ထင်သည်။

တရွေ့ရွေ့တအိအိနှင့် သူတို့ဖြတ်သွား၍ မျက်စိတစ်ဆုံး၌ ပျောက်ကွယ်သွားသည်အထိ ကျွန်တော်တို့ ငြိမ်နေကြသည်။

အဘက စ စကားပြောသည်။

"ဒို့လူစုပြီး နောက်ကလိုက်ကြမလား"

ဗိုလ်မြင့်ဦးက ခေါင်းခါသည်။

"နေပါစေ၊ သွားကြပါစေ၊ ဒါနောက်ဆုံးတပ်ဖြစ်ပုံရသည်။ ဒီအတိုင်းဆိုရင် ကျွန်တော်တို့နယ်မှာ ဂျပန်ကုန်ပြီ"

အဘက မကျေနပ်။

"ဒါပေမဲ့ ဟိုဘက်နယ်တွေ ဝင်မွှေရင်ကော"

"ဝင်မွှေမယ်မထင်ဘူး။ ကျွန်တော်တို့ လိုက်တိုက်မှ ဖြန့်ကွဲပြီး ရမ်းမွှေမည့်ဘေးရှိတယ်၊ သူတို့ဘာသာသူတို့ ရိုးမထဲ ဝင်သွားပါစေ၊ ပေါက်ခေါင်းဘက်လည်း ဆက်သားလွှတ်ထားပြီးပြီပဲ။ ဒီတော့အခုကျွန်တော်ကိုတာဝန်က သူတို့နောက်



လိုက်ဖို့မဟုတ်ဘူး၊ နောက်ထပ်ရောက်လာတဲ့ ရန်သူသစ်ကို ဘယ်လို ရင်ဆိုင်ရမလဲ...ဒါပဲဖြစ်တယ်..."

"ဘယ်လို ရန်သူသစ် ဟုတ်လား"

ဆရာက နားမလည်သယောင် မေးသည်။

ဗိုလ်မြင့်ဦးသည် ဗိုလ်စောလင်းအား တစ်ချက်အားနာသယောင်ကြည့်၍ဆိုသည်။

"အင်္ဂလိပ်တပ်တွေ ဝင်ထိးကန်ရောက်နေပြီ၊ အမြောက်သံတွေ ကြားကြတယ်မဟုတ်လား...၊ ဗိုလ်စောလင်းကိုတော့ အားနာတယ်၊ ဒါပေမဲ့ ဒီတပ်တွေကို ဘယ်လို သဘောထားရမှန်း အတိအကျမသိခင် ရန်သူလိုပဲ သတ်မှတ်ထားရမှာပဲ"

ဗိုလ်စောလင်းမှာ အနေရအထိုင်ရကြပ်ပုံ ပေါ်သွားသည်။ မျက်နှာ၌လည်း စိတ်ထိခိုက်သွားဟန်ပြ၏။ သို့ရာတွင် စကားကို မူ တည်ငြိမ်စွာပြောသည်။

"ကျုပ်သူတို့ လေထီးတပ်ကဟုတ်တယ်။ ဒါပေမဲ့ ကျုပ်ဘိအိုင်အေဗိုလ်ဟောင်းတစ်ဦးပဲ၊ ကျုပ် သစ္စာခံထားတာက ဗျော့ဘုရင်မဟုတ်ဘူး၊ မြန်မာပြည်နဲ့ ဗိုလ်ချုပ်အောင်ဆန်းပဲ၊ ပြီးတော့ ခင်ဗျားတို့နဲ့ ကျုပ်မခွဲဘူး၊ ခင်ဗျားတို့ အများသဘောတူတာ ဆုံးဖြတ်ကြပါ၊ ကျုပ်လိုက်နာမယ်"

ဗိုလ်မြင့်ဦးသည် စိတ်ထိခိုက်သွား၍ ဗိုလ်စောလင်း၏ လက်ကို ဆွဲဆုပ်ကာ တောင်းပန်သည်။

"ကျွန်တော်စကားပြောမှားသွားတယ် ဗိုလ်စောလင်း၊ ခွင့်လွှတ်ပါ၊ ကဲ...အခုဦးထွန်းနဲ့ သခင်သိန်းက အရေးကြီးတဲ့ သတင်းယူလာတယ်၊ သခင်သိန်းက ဒီတိုင်းရဲ့ နိုင်ငံရေးတာဝန်ခံ ကိုယ်စားလာတာပဲ၊ အဲဒါတွေ ဆွေးနွေးကြရအောင် တောင်ပေါ် ပြန်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



သိုက်တွင်းရှိရာဂူမှာ ဆရာတို့၏ယာယီစခန်းဖြစ်သည်။ ဂူတွင်းတစ်နေရာတွင် ဖိုထားသောမီးပုံဘေး၌ ဆရာတို့အားလုံး ပိုင်းထိုင်၍ ဆွေးနွေးကြသည်။

သူတို့ဆွေးနွေးသည့် စကားများကို ကျွန်တော်ကောင်းစွာ နားမလည်၊ ကျွန်တော်မကြားဘူးသော နာမည်များနှင့် အသစ် အဆန်းဖြစ်သော အသုံးအနှုန်းများပါ၏။

ငိုက်မြည်းချင်လာသော ကျွန်တော်၏ မျက်လုံးများသည် ဂူတစ်ထောင့်ဆီသို့ ရောက်သွားရာမျက်လုံးကျယ်သွားသည်။

ဂူထောင့်၌ ထင်းခုတ်ဓား၊ ပုဆိန်တစ်လက်နှင့် ပေါက်ပြား တစ်လက်ရှိနေ၏။

လူကြီးတို့အလစ်၌ ကျွန်တော်သည် ပေါက်ပြားကို ဆွဲကာ ဂူပြင်ထွက်ခဲ့သည်။

ဂူအပြင် လရောင်၌ ခြတောင်ပို့ကြီးသည် အရှုန်အဟုန် တို့နှင့် တကယ့်နဂါးကြီးပမာ ရှိနေသည်။

ကျွန်တော်အနှစ်နှစ်အလလတောင့်တခဲ့သော အလုပ်ကို လုပ်ရတော့မည်။

ယခင်က ဤခြတောင်ပို့ကြီးကို ဖြိုလိုသော်လည်း အေးအေးဆေးဆေးအခွင့်အရေးမရ၊ လူကြီးများလည်းမပါ။ ယခုမူ မလှမ်းမကမ်း၌ လက်နက်အပြည့်အစုံနှင့် ကျွန်တော် အားအကိုးဆုံး လူကြီးများရှိနေသည်မဟုတ်ပါလော...။

ကျွန်တော်က ခြတောင်ပို့ကြီးကို ခါးလယ်မှဖြတ်၍ အားရ ပါးရဖြိုသည်။ တောင်ပို့တွင်း၌ ညအချိန်အထိ အလုပ်များဟန် တူသူ ခြဖြူဖြူတို့ တရွရွလှုပ်ရှားနေ၏။

အလယ်ပိုင်းနှင့် အမြီးပိုင်းကို ဖြိုပြီး မြေ၌ အတန်နက်အောင် တူးမိသည်အထိ ကျွန်တော်လိုချင်သည်ကို မတွေ့။



နောက်ဆုံးတွင် ထုထည်အကြီးဆုံးနှင့် အခက်အခဲဆုံး ဖြစ်သော ခေါင်းပိုင်းကို တူးသည်။

ထိုအချိန်၌ ခြဖြူဖြူတို့ မှမှကြွနေပြီး ဘေးအန္တရာယ် ရောက်မှန်းသိသော ဤသတ္တဝါတို့က ကျွန်တော့်ခြေထောက်များကို ကိုက်ကြသည်။ အချို့က ခြေသလုံးမှသည် ကစ်ကိုယ်လုံး နှံ့အောင် တက်ကြသည်။

ကျွန်တော်က မည်သည်ကိုမျှ မမှုဘဲ ခေါင်းပိုင်းတစ်လုံး မကျန်အောင်ဖြိုပစ်သည်။ ထိုနောက်မြေကို ဆက်၍တူးသည်။

လက်အံသေလာခိုက် ပေါက်ပြားသွားသည့် မာကျော သော အရာတစ်ခုကို မိုက်မိ၏။

ကျွန်တော့်ရင်မှာ တဒိုင်းဒိုင်းလှုပ်ရှားလာသည်။ အားလည်း တက်၍ လက်လည်းသွက်လာခဲ့သည်။

မြေများကို သတိကြီးစွာ ဖယ်ရင်း ငုံ့ကြည့်လိုက်သော အခါ ကျွန်တော်မှာ ကိုယ့်မျက်လုံးပင် ကိုယ်မယုံမိ...။

ကျွန်တော်တူးထား၍ လေးပေခန့်မြေအနက်၌ မာမာလုံးလုံး အရာကြီး တစ်ခုသည် ငုတ်တုတ်ကြီးပေါ်နေ၏။

ကျွန်တော်၏ဝမ်းသာခြင်းကား မဆုံးနိုင်ပြီ။

ခြသံ...။ အနှစ်နှစ်အလလ ကျွန်တော် ရှာခဲ့သော... ခြသံ။

ဝမ်းသာဇောဖြင့် ကျွန်တော်သည် အဘကိုလှမ်းခေါ်သည်။

"အဘရေ...လာပါ...မြန်မြန်လာပါ၊ ခြသံအောင်ပြီ ကျွန်တော် အောင်ပြီဗျ"

ပါးစပ်ကအော်ရင်း အလုံးကြီးကို မ,သည်။ အလုံးကြီး သည် ကျွန်တော်ထင်သည်ထက်လေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသံကြောင့် လူကြီးများ ပြေးထွက်လာသော အခါ ကျွန်တော်သည် အလုံးကိုထမ်းမိပြီးဖြစ်သည်။

"ဟောကောင်… လူကလေး ဘာဖြစ်တာလဲ အလန့်တကြား"

"အလန့်တကြားမဟုတ်ဘူး…ကျူပ်အောင်ပြီဗျ"

လူကြီးတွေအားလုံးကျွန်တော့်စကားနားမလည်ကြ

"ငယ်လေးရ…ဘာအောင်တာလဲကွ…"

ကိုမြင့်ဦးက မေးသည်။

"ခြသ်ဗျ…ခြသ်လေ"

"ဘာလဲ ခြသ်ဆိုတာ"

ကျွန်တော်စိတ်မရှည်တော့။ ဟိုကြောင့် "နားမလည်လည်းနေကြဗျာ…"ဟု ဆိုပြီး မီးရောင်ရှိရာ ဝှတွင်းသို့ အလုံးကြီးကို ထမ်းပြီးပြေးခဲ့ရာ လူကြီးများနောက်က လိုက်လာသည်။

"နေပါအုံးသန့်ဇင်ရ…ဘာတွေတောက်တီး တောက်တဲ့ ပြောနေတာလဲ၊ ဘာလဲ…ခြသ်"

ဆရာကာပါဝင်မေးပြန်သဖြင့် ကျွန်တော်က အလုံးကြီး၌ ကပ်လျက်ရှိသောမြေစေးများကိုခွာရင်း ရှင်းပြရသည်။

"ခြသ်ဆိုတာ… ဒုတ်ပြီး… ဓားပြီး… သေနတ်ပြီး… ကိုယ်ရောင်ဖျောက်လို့ရတဲ့…သံ"

လူကြီးများသည် ယုံရခက်၊ မယုံရခက်နှင့် ကျွန်တော် လုပ်သမျှကြည့်နေသည်။

အပေါ်ယံကပ်နေသော မြေစေးများကွာ၍ အတွင်းမှ အရာပေါ်လာသောအခါ ကိုမြင့်ဦးသည် တဟားဟားရယ်သည်။

"ဘယ်မှာလဲသန့်ဇင်ရ…မင်းခြသ်က စဥ့်အိုးကြီး၊ ဟား…ဟား…ဟား…"



ကျွန်တော့်ဝမ်းသာမှုတို့ ပျောက်ကုန်သည်။ ယူကျုံးမရလည်း ဖြစ်လာသည်။

ကျွန်တော့်ရှေ့မှအရာသည် ကိုမြင့်ဦးပြောသကဲ့သို့ စဥ့်အိုးတစ်လုံးသာပါတကား။

ကျွန်တော်စိတ်ပျက်လက်ပျက်ငိုင်ကြည့်နေခိုက် အဘသည် လှုပ်ရှားလာသည်။

"ဖယ်စမ်း…ဖယ်စမ်း…ငယ်လေး…"

အဘသည် စဥ့်အိုးကို သေချာစွာစစ်ဆေးသည်။ ထို့နောက် စဥ့်အိုးဖင်ပိုင်းကို လှန်ကြည့်သည်။ စဥ့်အိုးဖင်၌ ကြက်ခြေခတ်အမှတ်အသားတစ်ခုပါသည်။

"ဟုတ်ပြီ…ဟုတ်ပြီ…"

အဘသည် တုန်ယင်သောအသံနှင့် အော်သည်။

ကျန်လူအားလုံးက မျက်လုံးပြူးသွားကြသည်။

အဘကသာ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲစဥ့်အိုးထိပ်မှ မြေများကိုဖယ်သည်။ မြေများကုန်သွားသော်လည်း အဝမှာ အသေပိတ်ထားသည်။ အဘက အဝကို ဓားနှောင့်နှင့်ဆောင့်ချလိုက်ရာ အဖုံးပွင့်သွား၏။

စဥ့်အိုးတွင်း လက်နှိုက်၍ အဘထုတ်ယူလိုက်သော ပစ္စည်းများကို မြင်သော် အားလုံး၏ပါးစပ်မှ "ဟယ်…" ကနဲပြိုင်တူ အော်မိကြသည်။

အဘလက်တွင်း၌ ရွှေတောင့်ရွှေခဲနှင့်အခြားလက်ဝတ်ရတနာပစ္စည်းများ…။

မည်သူမျှ စကားမပြောနိုင်ကြ။ အိမ်မက်, မက်နေသည်ထင်ကြလားမသိ။ မျက်စိများပွတ်ကြည့်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဒါကို ပြန်ရှာနေတာကြာပြီ…၊ အခုတော့ ကံမှန်လို့ ကျုပ်သားက ကြုံကြုံဖန်ဖန်တွေ့တာပဲ"

ဆရာကိုအုန်းဖေသည် ပထမဦးစွာမေးသည်။

"ဒါတွေဘယ်ကပစ္စည်းတွေလဲဦးလေး"

အဘသည် ပစ္စည်းများကို အိုးတွင်းပြန်ထည့်၍ ရှင်းပြသည်။

"ဘယ်က ပစ္စည်းလဲဆိုတော့…ကျုပ်ရဲ့ပစ္စည်းတွေပ၊ ကျုပ် ဆရာစံဆီသွားပေါင်းတော့…ကျုပ်တို့ ဘိုးဘွားအဆက်ဆက်က စုဆောင်းခဲ့တဲ့ ရွှေနှစ်ပိဿာနဲ့လက်ဝတ်လက်စားတွေပါ ယူသွားခဲ့ တယ်၊ တိုက်ကြခိုက်ကြရင်း စစ်စရိတ်အဖြစ် ရွှေတစ်ပိဿာကျော် ကုန်သွားတာပေါ့၊ နောက်…ကျုပ်တို့ အရေးတော်ပုံရှုံးတဲ့အချိန် ကျုပ်ဒီနယ်ပြန်လာတယ်၊ ကုလားတပ်တွေကလည်း…နောက်က ထက်ကြပ်ပေါ့"

အဘသည် စဥ့်အိုးကိုပွတ်ရင်း ရှေးအခါက ရန်သူဘေးမှ ပြေးရသောသူ့ဘဝကို အမှတ်ရနေဟန်တူသည်။

"ကုလားတွေကလည်း နောက်ကလိုက်၊ ကျုပ်နောက်ပါ လူတွေကလည်း စိတ်ဓာတ်ပျက်နဲ့ဆိုတော့…ကျန်တဲ့ရွှေ တစ် ပိဿာကို တစ်ညသန်းခေါင်ကျော်မှာ ကတိုက်ကရိုက်နဲ့ ဒီ တောင်ပေါ်မှာ မြှုပ်ထားရတယ်၊ အထူးအမှတ်အသားတွေ ဘာတွေ လုပ်ချိန်လည်းမရဘူး…၊ သိုက်တွင်းအနောက်ဘက် လောက်သာ အမှတ်ပြုခဲ့ရတယ်…"

အဘသည် ခေတ္တနားသည်။ သူ့သဏ္ဌာန်မှာ ရင်နာဖွယ် တစ်စုံတစ်ခုကို အမှတ်ရဟန်တူနေသည်။

"ကျုပ် မူလစိတ်ကူးတာက ကျုပ်က သေလူဆိုတော့ မထူးဘူး၊ ရာဇဝတ်ဘေးက လွတ်အောင် ပြေးတော့မယ်၊



လူကလေး အမေပန်းဝါကိုသာ ဒီပစ္စည်းတွေထားခဲ့တဲ့ နေရာပြော ပြီး ကျုပ်ရှမ်းပြည်ရှမ်းရွာရှောင် သွားမယ်ကြံတာပေါ့၊ ဒါပေမဲ့ ကျုပ် ရွာမရောက်ပါဘူး၊ ကျုပ်ထက်ပါးတဲ့ ကုလားတွေက ရွာဝိုင်းထားတော့ ပက်ပင်းပါတိုးပြီး ကျုပ်တို့ကစဥ့်ကလျား ပြေးရတာပေါ့…"

အဘ၏အသံမှာ တုန်ယင်လာ၏။

"ကျုပ်ဝရှမ်းပြေးအဖြစ် နှစ်နှစ်နေခဲ့ရပြီး ကုလားအမိခံ ရတယ်၊ ပန်းဝါကို ကျုပ်ကျွန်းမကျခင် ပစ္စည်းနေရာ ပြောခဲ့သေး တယ်၊ နှစ်ကလည်းကြာ၊ မိန်းမသားဆိုတော့လည်း ထိထိရောက် ရောက် မရှာတတ်၊ ရွှေလွန်းကလည်း အသုံးမကျ…၊ နောက်ဆုံး ကျုပ် ကျွန်းကပြန်လာတော့မှ ဆက်ရှာတယ်၊ မြေအနေအထား ကလည်း ပြောင်း၊ သစ်ပင်ချုံနွယ်တွေကလည်း ဖုံးဆိုတော့ မတွေ့ဘူး၊ ဖွဲမလျှော့ပဲကျုပ်အကြံနဲ့ ကျုပ်ဆက်ရှာတာပဲ၊ ဒီတော့ လူတွေကတောင် ကျုပ်ကိုဘောထွဲသွား ဥစ္စာစောင့်တွေနဲ့ ညား နေတယ်လို့ ပြောကုန်ကြတယ် တစ်နည်းအားဖြင့် ဒီလိုပြောကြတာ ကျုပ်အကြံ လူမရိပ်မိတော့ ကောင်းတာပေါ့လေ၊ ဒါပေမဲ့ ပစ္စည်းလည်းမတွေ့ဘူး… ဒီခြတောင်ပို့ကြီးအောက် ရောက်နေ မယ် ဆိုတာလည်းမစဉ်းစားမိဘူး၊ ပန်းဝါလည်း ဆင်းဆင်းရဲရဲနဲ့ ဆုံးသွားရပြီ…"

အဘ၏မျက်လုံးများ၌ မျက်ရည်ဝဲနေသည်။ ကျွန်တော် ပါ ငိုချင်လာ၏။

"အခုတော့ ကံဆိုက်လို့ လူကလေးက ကြုံကြုံဖန်ဖန်ပြန် တွေ့ခဲ့ပြီ၊ ဒီတော့ ဒီပစ္စည်းတွေဟာ လူကလေးအတွက်ပဲ၊ ကျုပ် ကတော့ ဒီခွေးကုလားဖြူတွေ ပြန်လာရင် ပြန်ခြေချုပ်ခြဦး မှာပဲ၊ ခြေချုပ်အဖြစ်တော့ မခံဘူး"

www.burmeseclassic.com

www.burmeseclassic.com



အဘသည် ပြောရင်း ဒေါသကြီးလာသည်။

"မင်းတို့က လွတ်လပ်ရေး တော်လှန်ရေးစကားသစ်တွေ သုံးကြတယ်...ငါနားလည်တာကတော့ သူ့ကျွန်မခံဘူး၊ ဘယ်သူ့ကျွန်မှ မခံဘူး၊ မောင်အုန်းဖေနဲ့ သခင်သိန်းပြောတဲ့ **မဟာမိတ်** ဆိုတဲ့ ခွေးကောင်အင်္ဂလိပ်တွေကို မယုံဘူး၊ မင်းတို့ဆရာကြီးတွေ ဆိုတဲ့ သခင်သန်းထွန်းတို့ သခင်စိုးတို့ဆိုတာတွေလည်း ငါမသိဘူး၊ သိတောင်မှလည်း မင်းတို့ဆရာကြီးတွေ ပြောသလို အင်္ဂလိပ်ကောင်တွေဆီ လက်နက်ချပြီး ပုဆိုးပေါင်းဆောင်ရွက်ရမယ်ဆိုရင် မင်းတို့ဆရာကြီးတွေကို ငါတွေ့ရာမှာ သတ်မယ်၊ မောင်မြင့်ဦးလိုပဲ ငါကတော့ အင်္ဂလိပ်ကောင်တွေကို ဆက်ချမယ်"

ကျွန်တော်သည် ဘာမျှနားမလည်သဖြင့် ပါးစပ်အဟောင်းသားနှင့် ကြည့်နေမိသည်။ အဘဘာစကားတွေ ပြောနေသနည်း။ ကျွန်တော်တောင်ပို့ဖြိုနေခိုက် သူတို့ ဘာတွေဖြစ်ခဲ့ကြသနည်း။

မျက်မှန်ထူထူနှင့် သခင်သိန်းဆိုသူက စ၍ စကားပြန်သည်။

"ဦးလေးက ကမ္ဘာ့အခြေအနေတွေ ဘာမှနားမလည်ဘူး...၊ ဆိုဗီယက် ရုရှားတပ်နီတော်ရဲ့ အောင်မြင်ချက်တွေကို ကျွန်တော် တစ်ညလုံး ပြောပြခဲ့ပြီးပြီ...၊ အင်္ဂလိပ်တွေဟာ ဆိုဗီယက်ရဲ့ မဟာမိတ်ပဲ...၊ ဆိုဗီယက်ရဲ့ မဟာမိတ်ဟာ ကျွန်တော်တို့ရဲ့ မဟာမိတ် ဖြစ်ရမယ်၊ မဟာမိတ်တွေကို ဆက်လက် တော်လှန်ရင် တော်လှန်သူဟာ ဖက်ဆစ်တော်လှန်ရေးကို သစ္စာ ဖောက်တဲ့ လူတွေပဲ..."

ကိုမြင့်ဦးသည် ပုန်းခနဲ နေရာမှထသည်။ သူသည်လည်း ဒေါသကြောင့် တုန်ယင်နေသည်။



"ဘယ်သူလဲကျုပ်တို့ကို သစ္စာဖောက်လို့ပြောတာ ခင်ဗျားဆရာကြီးသန်းထွန်းနဲ့ သခင်စိုးကလား"

ကိုမြင့်ဦးသည် သခင်သိန်းနားကပ်သွားသည်။ သို့ရာတွင် ဆရာက ဝင်တားသည်။

"မောင်မြင့်ဦး မင်းအရမ်းတွေ မလုပ်နဲ့ သခင်သိန်းပြောတာ လမ်းကျတယ်"

"ဘာ...လမ်းကျတယ်..."

"ဟုတ်တယ်...မင်းရယ် ဦးလေးရယ် ပြီးတော့ မင်းတို့ ဗိုလ်အောင်ဆန်းရယ် အားလုံးဟာ မျက်ကန်းမျိုးချစ်တွေပဲ တော်လှန်ရေးဆိုတာဟာ မင်းတို့လို သေရဲ သတ်ရဲရုံနှင့် လုပ်လို့ မရဘူး နားလည်လား"

ကိုမြင့်ဦး၏ မျက်လုံးများ၌ မီးဝင်းဝင်းတောက်သွားသည်။ သူသည် လျှင်မြန်စွာ သူ့သေနတ်ကို ကောက်ကိုင်လိုက်၏။ ဆရာကလည်း သူ့သေနတ်ကို မောင်းတင်လိုက်သည်။

သမီးယောက်ဖနှစ်ဦးသည် ကျားနှင့် ခြင်္သေ့ပမာ တစ်ဦးကို တစ်ဦး စောင်ရပ်နေကြသည်။ နောက်တစ်စက္ကန့်ဆိုလျှင် ဘာဖြစ်မည် မသိ...။

ကျွန်တော်သည် ထိတ်လန့်တကြားထ၍ သူတို့နှစ်ဦးကြား ဝင်ရပ်လိုက်သည်။

"ကိုမြင့်ဦး ဆရာကို ဘာလို့ သေနတ်နဲ့ချိန်ရတာလဲ၊ ဆရာကကော ဘာလို့ ကိုမြင့်ဦးကို သတ်ရမှာလဲ"

ကိုမြင့်ဦးနှင့် ဆရာ၏ မျက်လုံးများသည် ထိတ်လန့်ခြင်းနှင့် ဝမ်းနည်းမှုရောသော ကျွန်တော့်မျက်နှာပေါ် ရောက်လာကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်…သူတို့သေနတ်များကို ပြန်ချကြသည်။

ထိုအခါကျမှ ဌာနာပိုင်ကြီးက ဝင်ပြန်ခဲ့သည်။

"ဟုတ်ကဲ့ကယ်ဗျာ…ခင်ဗျားကိုတွေ့ သဘောကျလွှဲတာ ဆော လွန်းသေးတယ် ထင်တယ်၊ အချိန်လုကြပါအုံး ဘယ်နယ့်လဲ မိုလ်စောလင်း"

မိုလ်စောလင်းသည် ဌာနာပိုင်ကြီးကို ထောက်ခံသည်။

"ဟုတ်တယ်ဗျ၊ ဆောလွန်းတယ်…ဒီလိုလုပ်ပါ အဆွေးနွေး ကြတာပေါ့၊ ဆွေးနွေးတဲ့နေရာမှာ စကားပြော ဆင်ခြင်ကြစေ ချင်တယ်…၊ ကိုအုန်းမေနဲ့ သခင်သိန်းကလည်း မိုလ်ချုပ် အောင်ဆန်းကို မဟုတ်ခတ်နဲ့ဗျာ…၊ ကိုမြင့်ဦးနဲ့ ဦးလေးကလည်း သခင်သန်းထွန်းတို့ကို မထိနဲ့၊ ကဲ ကျွန်တော်တို့ တရေးတမော အိပ်ကြရအောင်…"

စကားဝိုင်းမှာ ပြတ်သွားသည်။ သို့ရာတွင် ကျွန်တော် မှာတစ်ပါး မည်သူမျှ အိပ်ပုံမပေါ်။

မေ့ကာနဲ့အိပ်ပျော်သွားသော ကျွန်တော့်မှာ လေယာဉ်ပျံ သံကြောင့် နိုးလာသည်။

ဝူပြင်သို့ ကျွန်တော်ထွက်လာခဲ့သောအခါ မိုးစင်စင်လင်း နေပြီ။ လူကြီးတစ်သိုက်သည် တောင်ဖွယ်မှ မျှော်ကြည့်နေသည်။

လေယာဉ်ပျံ နှစ်စင်းသည် ကျွန်တော်တို့ ရွာတစ်ပိုက် ဝဲကာဝဲကာ ပျံနေ၏။

"ဒီလေယာဉ်ပျံတွေလာတာ သုံးခါရှိပြီ"

အဘက မှတ်ချက်ချသည်။

"ဒီတစ်ခါ သူကို့မပြန်တော့ပါဘူး"



ဗိုလ်စောလင်းက ထပ်မှတ်ချက်ချသည်။

"ဘာဖြစ်လို့…"

"ပြန်စိုက်ဖို့မလိုဘူးလေ စောင့်ကြည့်ပေါ့"

ဗိုလ်စောလင်းပြောသည်မှာမှန်သည်၊ လေယာဉ်ပျံနှစ်စီး သည် မပြင်ရုံမက နောက်ထပ် လေးစီးထပ်ရောက်လာသည်။

နာရီဝက်နေ့ကြာသောအခါ၊ တောနှင့်တောင်တို့ကို ပဲ့တင် ဟည်းစေသော အသံကြီးများ ပေါ်လာ၏။

ကျွန်တော်တို့အားလုံး ထိတ်ထိတ်ပျာပျာဖြင့် အသံများ လာရာလှမ်းကြည့်မိကြသည်။

အဝေးလယ်ကွင်းများကို ကန့်လန့်ဖြတ်လျက် တောတန်း လေးတစ်ခုရှိနေသည်။ တောတန်းလေး၏ ဝဲယာဆီမှ ဘစ်ခဲနက် ချိုလာသော မဲမဲရှည်ရှည်အရာကြီးများ (နောက်မှ တင့်ကားဟု သိရသည်)ကို တွေ့ရသည်၊ တစ်ပြိုင်နက်မှာပင် ပေါင်းတလည် ပေါက်ခေါင်းကား လမ်းအကပ်၌ အပြင်းမောင်းလာသော အစိမ်း ရောင်မော်တော်ကားကြီးများကို မြင်ရသည်။

ဘယ်နေရာင်တွင် အိပ်ပျော်နေရာမှ ယလာသည်မသိ၊ ဦးလေးပုကြီးလည်း ပေါ်လာခဲ့၏။

"ဗြိတိသျှတွေ ပြန်လာပြီ…ဗြိတိသျှတွေ ပြန်လာပြီ"

ဤသို့ကြွေးကြော်ရင်း ဦးလေးပုသည် တောင်ခြေသို့ အပြေးအလွှားဆင်းသွား၏။

ကျွန်လူများ အားလုံးငြိမ်နေကြသည်။

အတန်ကြာမှ သခင်သိန်းက စဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကျုပ်တို့ရွာပြန်မယ်...ဘယ်သူလိုက်မလဲ"

သူ့အနီးသို့ ဆရာကပ်လိုက်သည်။ ဌာနာပိုင်ကြီးသည် ကျွန်တော်တို့အားလုံးဘက်လှည့်ပြော၏။

"ကျွန်တော်လည်း သွားမယ်...၊ ကျွန်တော့် အနေက မသွားလို့ မဖြစ်ဘူး၊ ဗိုလ်စောလင်းကော..."

ကျွန်တော်တို့အားလုံးက ဗိုလ်စောလင်းကို စိုက်ကြည့်သည်။ ဗိုလ်စောလင်းက ကိုမြင့်ဦးကို တစ်ဆင့်ပြန်ကြည့်သည်။

ကိုမြင့်ဦးသည် ဆရာ့ကို တည့်တည့်စိုက်ကြည့်ပြီး စကားပြန်၏။

"ကျုပ်မလိုက်ဖူး...၊ကျုပ်ဗိုလ်ချုပ်ဆီက အတိအကျအမိန့်မရမချင်း ကျုပ်မလိုက်ဘူး..."

ဗိုလ်စောလင်းသည်လည်း ကိုမြင့်ဦးနှင့်အတူရင်ပေါင်တန်းရပ်လိုက်သည်။

"ကျုပ်လည်းမလိုက်ဘူး..."

အဘကမူ မည်သူ့ကိုမျှ အဖက်လုပ်မပြော၊ သူ့သေနတ်ကို လွယ်ကာ ဂူတွင်းဝင်သွားသည်။

ကျွန်တော်က ကိုမြင့်ဦးတို့နှင့်အတူ ရပ်လိုက်၍ အော်ပြောသည်။

"ကျုပ်လည်းမလိုက်ဘူးဗျ..."

ဆရာ၊ သခင်သိန်းနှင့် ဌာနာပိုင်ကြီးတို့သည် ကျွန်တော်တို့အား ကျောခိုင်း၍ ရွာဆီပြန်သွားကြသည်။

ကျွန်တော်တို့အားလုံးက ဂူဆီပြန်ဝင်ခဲ့သည်။



မည်သူမျှ စကားမဆိုနိုင်...၊ အားလုံးစိတ်ထိခိုက်နေပုံရသည်။ ကျွန်တော့်အတွက်မူ စိတ်အထိခိုက်ဆုံးဖြစ်သည်။

ကျွန်တော် ပင်ပင်ပန်းပန်း တူးခဲ့ရသော စဥ့်အိုးကိုကြည့်မိသည် ဤအိုးသည် ရွှေထည့်သောအိုးမဟုတ်ဘဲ...မြေသြဇာ စစ်သာဖြစ်ပါစေ...၊ ဤကုလားဖြူတပ်များကို ကျွန်တော်တစ်ယောက်တည်း ချေမှုန်းပြပါမည်။

စင်စစ်မူ ကျွန်တော်၏ ကလေးဆန်သော အတွေးအခေါ်ဖြစ်ပါသည်။ ဤအတွေးအခေါ်သည်ပင် ကျွန်တော့်အတွက် နောက်ဆုံးဖြစ်သည့် ကလေးအတွေးအခေါ်ဖြစ်ခဲ့ရပါသတည်း...။

◆

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း – ခေး

## စိမ်းလေဦးမည့် ကျွန်တော့်မြေ


၁၆။ ပြန်လည်တွေ့ဆုံသော်

၁၇။ ကြယ်တွေ – လ, တွေဆုံသောညဝယ်

၁၈။ နောက်ဆုံးအိပ်မက်

၁၉။ မုန်းမီသဲ ဟိုင်

၂၀။ ဟောပုန်းကြီးနံ့လုံ

၂၁။ သံသာလေကမ်းတိုင်




(၁၆)

### ပြန်လည်တွေ့ဆုံသော်

ဂျပန်တော်လှန်ရေးကြီးသည် မြန်မာ့သမိုင်းတွင် အဓိက မှတ်တိုင်ကြီးဖြစ်၍ တော်လှန်ရေးကြီး နောက်ပိုင်းတွင် မြန်မာပြည်၌ ရာဇဝင်ပြောင်းမြောက်သော ပြောင်းလဲမှုအများ ဆင့်ကာပေါ်ခဲ့သည်။

ထိုနည်းတူစွာပင် တော်လှန်ရေးအပြီး၌ ကျွန်တော့်ရွာနှင့် ကျွန်တော်ကိုယ်တိုင်အတွက်ပင် ထူးခြားသော ပြောင်းလဲမှုများကို ကြုံတွေ့ရသည်။

တော်လှန်ရေးကြီးအပြီး၌ ဗိုလ်ချုပ်အောင်ဆန်း၏အမည်နှင့် ဖ–ဆ–ပ–လအဖွဲ့ကြီး၏ ဂုဏ်သတင်းသည် တစ်ပြည်လုံးတွင် ထင်ရှားရေပန်းစားသကဲ့သို့ ကျွန်တော့်ရွာတွင်လည်း ထင်ရှား ရေပန်းစားသည်။ ကွန်မြူနစ်နှင့် ဆိုရှယ်လစ်ပါတီတို့ကိုလည်းကောင်း၊ ထိုပါတီ၏ ဝါဒရေးရာတို့ကို လည်းကောင်း၊ ကျွန်တော်တို့ ရွာသည် သိခဲ့ပြန်သည်။ ကွန်မြူနစ်ဦးစီးသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းသူ လေ့ပါသမားသမဂ္ဂနှင့် ဆိုရှယ်လစ်ဦးစီးသော မတောင်သူ လယ်သမား အစည်းအရုံးတို့သည် ကျွန်တော်တို့ရွာ၌ စင်ပြိုင် လှုပ်ရှားခြင်းများပြုသည်။

အဘသည် သူ့သန္နိဋ္ဌာန်အတိုင်း ရဲဘော်နှင့် မခွဲချုပ်အဖြစ် သွားလက်မှတ်မထိုး၊ လက်မှတ် မထိုးသည့်အဖြစ် မြို့နယ် ဖ-ဆ-ပ-လ လူကြီးအဖြစ် နိုင်ငံရေးကို ပြောင်ပြောင်တင်းတင်းလုပ် သည်။ မြို့နယ်တောင်သူလယ်သမားအစည်းအရုံးဥက္ကဋ္ဌအဖြစ် ဩဇာလည်း ကြီးလာသည်။

ကျွန်တော် စိတ်မချမ်းသာဆုံးမှာ အဘနှင့်ဆရာကို တစ်ဦး နှင့် တစ်ဦးရန်သူပမာ ဆက်ဆံကြခြင်းဖြစ်သည်။ ရန်သူပမာ ဖြစ်လာရသည်မှာလည်းမဆန်း၊ ဆရာသည် အဘတို့နှင့် ပြိုင်ဘက် ဖြစ်သော မြို့နယ်တောင်သူလယ်သမားသမဂ္ဂ၏ အတွင်းရေးမှူး ဖြစ်နေသည်။

ကိုမြင့်ဦးကမူ ရန်ကုန်ဆင်းသွားပြီး ပြန်မလာတော့...၊ ထိုစဉ်က တစ်ပြည်လုံးသိကြသော ကန္နီစာချုပ်အပြီး ထပ်ဖွဲ့ စည်းသည့် စစ်တပ်တွင်း ဝင်သွားသည်ကြားရ၏။

ကျွန်တော့်ဘဝသည်လည်း မမျှော်လင့်သော နည်းနှင့် ပြောင်းလဲခဲ့ရသည်။

ဌာနာပိုင်ကြီး ဦးထွန်းသည် အင်္ဂလိပ်ပြန်ဝင်လာသောအခါ အသစ်ထွင်ထားသော ရာထူးဖြစ်သည့် "ဌာနာ-အုပ်စုပက်တော်" ရာထူးနှင့် ပေါင်းတလည်တွင် ခွေ့နေရသည်။ သို့ရာတွင် မြို့နယ်ရှိ တော်လှန်ရေးသမားဟောင်း၊ နိုင်ငံရေးလုပ်သူတို့နှင့် သင့်တင့်သော ပြစ်မှုကြောင့် မကြာမီပင် ရာထူးလျှော့၍ ပေါင်းတည်မြို့သို့ သာမန်ရာဇဝတ်အုပ်ကလေးအဖြစ် ရွှေ့ခြင်း ခံရသည်။



အဘသည် ကျွန်တော့်ကို ဘသောင်ရန် ဌာနာပိုင်ကြီးထံအပ် ၍ ပေါင်းတည်သို့ ထည့်လိုက်သည်။

ဤသို့ဖြင့် ချစ်မှာသော ရွှေဂူရွာနှင့် ခွဲ၍ လာခဲ့ရသည်။ ရွှေဂူရွာနှင့်အတူ မယဉ်နွယ်နှင့်လည်း ခွဲခွာခဲ့ရသည်။ ကျွန်တော် အထူးစိတ်မကောင်းသည်မှာ ပေါင်းတည်မြို့သို့ ကျွန်တော်ထွက် လာစဉ်အထိ မယဉ်နွယ်ရွာ ပြန်မရောက်သေး၊ သူကြီးဦးသာဇံ မှာ သူကြီးအဖြစ် ရွာပြန်ရောက်နေပြီ၊ ဂျေးရွာတစ်ပိုက် အခြေ အနေ မငြိမ်သက်သေး၍ ဒေါ်မိုးနှင့် မယဉ်နွယ်ကို ပြည်၌ထား ခဲ့သည်ဟု ကြားရ၏။

မယဉ်နွယ်ကိုယ်စား သူ့သမုဒ္ဒရာသိ ဆွဲကြိုးလေးနှင့် လက်ကိုင်ပုဝါလေးတော့ ကျွန်တော့်ထံပါခဲ့သည်။

ကျွန်တော် ပေါင်းတည်ရောက်ချိန်၌ ပေါင်းတည်မြို့ နိုင်ငံတော်မူလတန်းလွန်ကျောင်းကြီးမှာ ပြန်ဖွင့်ရန်ပြင်နေသည်။

ကျောင်းဝင်မည့် ကျောင်းသားအများ၌ ကျောင်းထွက် လက်မှတ်များမရှိကြ၊ အခြား ဘာအထောက်အထားမှလည်း မရှိ၊ ထိုအခါ စမ်းသပ်စာမေးပွဲများကျင်းပရန် ကြေညာသည်။

ဦးလေးထွန်း (ဌာနာပိုင်ကြီး) သည် ကျွန်တော့်ကို ဖြတ်လမ်းမှ အင်္ဂလိပ်စာနှင့် သင်္ချာသင်ပေးသည်။ ထို့နောက် ဆဋ္ဌမတန်း အတွက် စမ်းသပ်သော စာမေးပွဲကို ဝင်ဖြေရသည်။

ကျွန်တော်ပင်တော်၍လော...၊ သုံးနှစ်သုံးမိုး ပညာသင် ပျက်ခဲ့သော ကလေးတို့ကို စာစစ်ဆရာတို့က ညှာ၍လောမသိ၊ ကျွန်တော်စာမေးပွဲအောင်၍ ဆဋ္ဌမတန်းသို့တက်ခွင့်ရသည်။

ကျွန်တော်သည် ရွှေဂူရွာကိုချစ်သကဲ့သို့ ပေါင်းတည်မြို့ ကို ချစ်သည်။ အထူးသဖြင့် ပေါင်းတည်ကျောင်းကြီးကို ချစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ဤပေါင်းတည်ကျောင်းကြီးနှင့် ကျောင်းမှဆရာ ဆရာမများသည် ကျွန်တော့်ဘဝကို အရောင်ထွက်အောင် အမွှမ်းတင်ပေးလိုက်သောကြောင့် ဖြစ်ပါသည်။

ကာလပျက်ပြီးစ…အစစပျက်နေသော လူငယ်တို့ကို ပြု ပြင်ယူရသည်မှာ မလွယ်၊ အထူးသဖြင့် ခေါင်းထဲ၌ ဘာစာမျှ မကျန်အောင် အခြေခံနည်းသူတို့အား မြေတောင်မြှောက်ပေးရ ခြင်းကား…ခက်လှစွာ၏။

ကျောင်းအုပ်ဆရာကြီး၏ နာမည်မှာ တန်ဖိုးသိန်းဟု ခေါ်သည်။ ဆရာကြီးတန်ဖိုးသိန်းသည် အသက်အရွယ်အိုမင်း ပြီဖြစ်၍ ခေတ္တာသာလုပ်ပြီး အနားယူသွားသောအခါ ဆရာကြီး ဦးထူးရွှေပြောင်းလာသည်။

ကျွန်ုတော်တို့အတန်း၌ အင်္ဂလိပ်စာ၊ မြန်မာစာပြသူမှာ ဆရာကြင်ဖြစ်ပါ၏။ ဆရာကြင်သည် အင်္ဂလိပ်စာအလွန်အပြ ကောင်းသည်။ အပြကောင်းရုံမက အပြောလည်း အလွန်ကောင်း သည်။ ခြောက်တန်းတွင်တက်နေသော်လည်း အင်္ဂလိပ်စာဘာမျှ မတတ်သော ကျွန်တော်တို့ကို အခြေခံမှစသင်ပေးရသော်လည်း မညည်းမညူ ၊ အလွန်စိတ်ရှည်သည်။

ဆရာကြင် စိတ်ရှည်သကဲ့သို့ သဘောကောင်းသူမှာ ဆရာဦးခင်မောင်ဖြစ်သည်။ ဆရာဦးခင်မောင်က သင်္ချာ၊ ပထဝီဝင် နှင့် အထွေထွေသိပ္ပံပြသည်၊ ကျွန်တော်တို့ အတန်းပိုင်ဆရာလည်း ဖြစ်သည်။

နှစ်တစ်ဝက်တွင် ဆရာဦးခင်မောင် ဘာကြောင့်မသိ အလုပ်မှထွက်သွားသည်။ သူ့နေရာသို့ ဆရာဦးစိန်ထွန်း ရောက်ရှိ လာသည်။



ဆရာဦးစိန်ထွန်းကား…ကျွန်တော့်ဘဝတွင် ဆရာ ကိုအုန်းဖေကဲ့သို့ မမေ့နိုင်သူဆရာတစ်ဦးဖြစ်သည်။ ကျွန်တော့် ပေါ်လည်း ကျေးဇူးကြီးလှသည်။

ဆရာသည် ဖြူဖြူဝင်းဝင်းနှင့် ခန့်သမျှချောသည်။ ကျောင်း သားကျောင်းသူများ စာသင်ရင်း မပျင်းအောင်ရယ်မောဖွယ်ရာ ပြောတတ်၍ သူ့ကိုချစ်ကြသမျှ စည်းကမ်းထိန်းသိမ်းရာတွင် သူ့လက်ဝါးဖောင်းဖောင်းပြည့်ပြည့်ကြီးများဖြင့် နာရင်းတီး သည်အထိ တင်းကျပ်သောကြောင့် ကြောက်လည်းကြောက်သည်။

ကျွန်တော့်မှာ အင်္ဂလိပ်စာနှင့်သင်္ချာ ညံ့တုံးပင် ဖြစ်သည်။ အခြားဘာသာ၌ ထူးချွန်သမျှ ဤနှစ်ဘာသာ၌ ကျွန်တော်ညံ့ရ ခြင်းအကြောင်းကို ဆရာ စုံစမ်းသည်။ ကျွန်တော့်ပညာရေး အခြေခံ မှုမှန်သရုပ်ကို နားလည်သည်နှင့် တစ်ပြိုက်နက် ဆရာသည် အပြစ်ဇာင်ရိုက်နှက်ခြင်းမပြုဘဲ အထူးဖိသင်ပေးသည်။

စနေ တနင်္ဂနွေနေ့များတွင် ဆရာ့အိမ်၌ ဝေယျာဝစ္စ ဝိုင်းကူလုပ်ပေးရင်း ကျွန်တော်သည် အခမဲ့ကျူရှင်ယူရသည်။

ဆရာ့တစ်အိမ်လုံးမှာ စာအုပ်တို့ဖြင့် ပြည့်နေသည်၊ သား မယား မရှိသေးသော ဆရာသည် သူရသမျှလခကို စာအုပ် ဖိုး အဖြစ် အကုန်အသုံးပြု၍ အစဉ်ဘိုင်ကျနေတတ်၏။ သူဝယ် သမျှ စာအုပ်များမှာ ပညာရေးနှင့်ပတ်သက်သမျှချည်းဖြစ်သည်။

"ဆရာဆိုတာ…စာဖတ်ရတယ်ကွ၊ မဖတ်ရင် တုံးသွား မယ်၊ အချို့ ဆရာတွေက ဓားသွေးကျောက်နဲ့ အလွန်တူတယ်…၊ မင်းတို့ ကျောင်းသားလေးတွေက သံမဏိ ဓားလေးတွေပေါ့။ ဓားလေးတွေကတော့ ထက်ထက်သွားတယ်။ ကျောက်တုံးကြီး ကတော့ ပွန်းပွန်းပြီး ပါးပါးကျန်ရစ်တယ်။ ငါကတော့ အပွန်း အပါးမခံဘူး။ ဘာပြုလို့လဲဆိုတော့ ငါကိုယ်၌က ဆရာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အာဝရဏကျောင်းသားကြီးကွ၊ ငါကိုယ်ငါလည်းအမြဲသွေးနေတာပဲ...”

ဤသည်မှာ ဆရာပြောလေ့ရှိသော စကား ဖြစ်သည်။

ဆရာသည် ကျွန်တော့်အားသင်္ချာ၌ ကျေအောင်မသင်ပေး၊ သင်္ချာဆိုသော သိပ္ပံပညာ၌ စိတ်ဝင်စားအောင်သာ သင်ပေးသည်။

“သင်္ချာဆိုတာ ဘာမှ မဟုတ်ဘူးကွ၊ ပြဿနာ ဖြေရှင်းတာ၊ လောကကြီးမှာ ဖြေရှင်းလို့မရတဲ့ ပြဿနာတွေ အများကြီးရှိတယ်။ အဖြေထုတ်လို့မရတဲ့ သင်္ချာတွေလည်းအများကြီးရှိတယ်။ သင်္ချာမှာ အဖြေရဖို့ အရေးမကြီးဘူး၊ စံနစ်တကျတွေးခေါ်တတ်ဖို့က အရေးကြီးတယ်”

ဆရာကျွန်တော့်ကို သင်္ချာပြပေးတိုင်း အဖြေဘယ်လောက်လဲဟု မမေး၊ ဤအဖြေဘယ်ကဲ့သို့ ရလာသည်ကိုသာ စစ်စစ်ပေါက်ပေါက်မေးတတ်သည်။ ရရှိသောအဖြေအစား အခြားအဖြေရနိုင် မရနိုင်၊ ပုစ္ဆာ၌ပေးထားချက်ကို မည်သို့မည်ပုံ ပြင်လျှင်မည်သို့ အဖြေထွက်လာမည် စသည်ကိုသာ ဆွေးနွေး ညွှန်ပြတတ်၏။

အင်္ဂလိပ်စာ သင်ရာ၌လည်း မြန်မာအင်္ဂလိပ် အဘိဓာန်ကို မကိုင်ခိုင်း၊ အင်္ဂလိပ်, အင်္ဂလိပ်အဘိဓာန်အလွယ်စားကိုကိုင်ခိုင်းသည်။ အင်္ဂလိပ်ကဗျာများကို အသံနေ အသံထားမှန်ကန်စွာဖြင့် နှုတ်တက်ရအောင် ကျက်ခိုင်းသည်၊ အင်္ဂလိပ်ဘာသာနှင့် ထုတ်ဝေသည့် သတင်းစာနှင့် မဂ္ဂဇင်းများ ကိုမဖတ်မနေရခိုင်းသည်။ ကျွန်တော့်ကို စကားပြောလျှင် အင်္ဂလိပ်လိုသာ ပြော၍ ကျွန်တော်ကလည်း ပီပီ...မပီပီ...မှန်မှန် ...မမှန်မှန် အင်္ဂလိပ်ဘာသာနှင့်ပင် ပြန်ပြောရ၏။



ဆရာ့ကျေးဇူးကြောင့် ကျွန်တော် ခြောက်တန်းစာမေးပွဲကို အခက်အခဲမရှိ အောင်မြင်သည်။ နွေကျောင်းပိတ်ရက်၌ဦးလေးထွန်းက အဘနှင့်တိုင်ပင်၍ ကျွန်တော့်ကို ရွာမပြန်စေဘဲဆရာ့ထံ၌အပ်၍ အနားမပေးဘဲ စာဆက်သင်စေသည်။

ကျွန်တော့်အနေနှင့်မူ ရွာကို ပြန်ချင်လွန်း၍ ဟစ်ပိုင်းသေနေသည်။ ရွာမှထွက်လာခဉ် မတွေ့ခဲ့ရသော မယဉ်နွယ်ကိုလည်းအောက်မေ့လှသည်။

စိတ်ကစားတက်သော လူပျိုပေါက်အရွယ် ရောက်ခဲ့သဖြင့်မယဉ်နွယ်ကို သတိရတိုင်း ရင်၌ခုန်မိသည်။ နှလုံးသွေးသည်ဒိုင်းခနဲ ဒိုင်းခနဲအောင့်၍ ဘဝင်မှာ စိမ့်ခနဲ အေးခနဲဖြစ်လာသည်။

ပေါင်းတည်ကျောင်း၌ ကျွန်တော့်အချစ်ဆုံးသူငယ်ချင်းခုနစ်ဦးရှိသည်။ မောင်စန်း၊ အုန်းကျော်၊ တင်မြင့်၊ ခင်လှိုင်၊ ခင်ရွှေ၊ ထွန်းမြင့်၊ တင်ညွန့်တို့တည်း။

ကျွန်တော်တို့အားလုံးဘောလုံးကန်ကြသည်။ ဘောလုံးကန်ကြသည်ဆိုသည်မှာ...မနက်မရှောင်၊ နေ့လည် မရှောင်၊ ညနေမရှောင်၊ နေ့ရော . မိုးရော...ဆောင်းရော တကယ်ကန်ကြခြင်းဖြစ်သည်။

မိုးအခါဆိုလျှင် မြက်ခင်းစိမ်းစိမ်းနှင့် ကျွန်တော်တို့၏ဘောလုံးကွင်းကြီးသည် အလွန်သာယာ၏။ အရှေ့ဘက် ပဲခူးရိုးမကြီးကို မိုးမြူတို့အကြား၌ လှမ်းဆွတ်ဖွယ်မြင်နိုင်သည်။

ဘောလုံးကန်ပြီးလျှင် ညနေစောင်းသော်လည်း မပြန်ကြသေးဘဲ မြက်ခင်းပေါ်၌ ဝိုင်းထိုင်၍ တွေ့ကရာရှစ်သောင်းပြောကြလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အများဆုံးပြောကြသည်မှာ ကောင်မလေးများအကြောင်း ဖြစ်သည်။

ကျွန်တော်တို့အားလုံးမှာ " နှုတ်ခမ်းမွှေးလေး ပေါက်စ စုတ်ပြတ်ပြတ်နဲ့ လူကလေးတွေက ငယ်တော့...၊ စိတ်ကများ ကြတယ်"ဟု ဆရာဦးစိန်ထွန်း သမုတ်လေ့ရှိသည့်အတိုင်း... ကြီးကောင်ဝင်စ၊ စိတ်များကောင်းတုန်းအရွယ် ဖြစ်သည်။

သူငယ်ချင်းအားလုံး၌ ရည်းစားမရှိသေး၊ ရည်းစားတော့ အလွန်ထားချင်နေကြသည်။ မောင်စန်းမှာ တင်မြင့်နှမ ရွှေကုန်သည် သမီး ပေါင်းကည်မြို့၏ အလှထိပ်တင်တစ်ဦး ဖြစ်သော ကြည်ကြည်လေးကို ပိုးတုန်းဖြစ်သည်။ ခင်လှိုင်က ကျွန်တော်တို့ ကျောင်းမှအလှဆုံးဖြစ်၍ "ကြူကြူဝင်း"ဘွဲ့ရ မလှမြိုင် ရှုမလောက်တစ်ဖက်သတ် ကြိုက်ကောင်းတုန်းဖြစ်သည်။ ကျွန်လူများ မှာ လက်ကိုင် မရှိသေး၊ မိုးဦးကျကျွတ်များသို့ လန်းလန်း လန်းလန်းနှင့် ဟိုတွယ်ချင်၊ သည်တွယ်ချင် တကယ်ပင် သောက များဆဲဖြစ်သည်။

ဤအသိုက်ထဲတွင် မယဉ်နွယ်၏ ပါးကို နမ်းဖူးသော ကျွန်တော်သည် ဝါအရင့်ဆုံး ဖြစ်နေ၏။

သူတို့အားလုံးသည် တော်လှန်ရေး ဖြစ်စဉ်က ကျွန်တော်၏ စွန့်စားခြင်းများကို တအံ့တဩ နားထောင်လေ့ရှိကြသည်။ ထို ထက်...မယဉ်နွယ်နှင့်ကျွန်တော် ချိန်းတွေ့ခန်းများကို သွားရည် တများများနားထောင်ရင်း ပိုစိတ်ဝင်စားကြသည်။

"မင်း...ကောင်မလေးပါး နမ်းရတာ ဘယ်နှယ် နေလဲကွ ဟီး...ဟီး..."

တင်ညွန့်သည် နှစ်ခြိုက်ပီတိဖြစ်ခြင်းကို မထိန်းနိုင် မသိမ်းနိုင်ဘဲမေးသည်။



"ငါက ငယ်သေးတော့ သိပ် မမှတ်မိဘူး၊ ကောင်းတော့ ကောင်းတာပဲ"

အုန်းကျော်က စဉ်းစဉ်းစားစားဖြင့် တစ်မျိုးမေးသည်။

"မင်း...ဟို...ကိုယ်သင်းနံ့လေး မရဘူးလား..."

ကျွန်တော်မဖြေရမီ ခင်ရွှေက အ,တီးအ,တကြားဝင် မေး သည်။

"ကိုယ်သင်းနံ့ဆိုတာ...ဘာလဲ..."

အုန်းကျော်သည် ကိုယ်သင်းနံ့ အကြောင်းကို သူစာဖတ်၌ တွေ့သမျှ ရှင်းပြ၏။ လိုအပ်လျှင် ခင်လှိုင်က ဝင်-ဝင်ထောက်ပေး သည်။

(အုန်းကျော်ကား ယခု **မြဝတီမောင်ကျော်သာ**၊ ခင်လှိုင် ကား ယခု စာရေးဆရာ **ကောက်လှိုင်း**။)

အုန်းကျော်နှင့် ခင်လှိုင်ကျေးဇူးကြောင့် ကိုယ်သင်းနံ့ အကြောင်းကျန်လူများ သဘောအလွန်ပေါက်သွားကြသည်။ ထွန်းမြင့်ကသာ ကတ်သီးကပ်ကတ် ဝင်ကွန့်၏။

"မင်းတို့ပြောတဲ့ ကိုယ်သင်းနံ့ဆိုတာ...ချွေးနံ့ ဖြစ်မှာ ပါကွာ"

ထိုအခါ တင်မြင့်က ထွန်းမြင့်ကို ထောက်ခံသည်။

"ဟုတ်တယ်...ချွေးနံ့ သနပ်ခါးနံ့ရောနေတာပဲ ဖြစ်ရ မယ်"

ဤသည်ကို ခင်လှိုင်က မကျေမနပ်နှင့် ကန့်ကွက်၏။

"ချွေးနံ့သနပ်ခါးနံ့တော့ ဘယ်မိန်းကလေးနား ကပ်ကပ် ရတာပဲ၊ ကိုယ်သင်းနံ့ဆိုတာက သတ်သတ်"

ငြိမ်နေရာမှ မောင်စန်းသည် ခင်လှိုင့်ဘက်မှ ဝင်ပြော သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်လှိုင်ပြောတာ မှန်တယ်၊ ကိုယ်သင်းနဲ့ ဆိုတာ သဘ်သဘ် ဖြစ်ရမယ် သတ်သတ်မဟုတ်ရင် ကဗျာဆရာတွေက စာရွဲ့ခဲ့ပါ့ မလား"

အုန်းကျော်က ဝင်အဆုံးအဖြတ်ပေး၏။

"ဒီလိုရှိတယ်ကွ...၊ မိန်းမမြွက်နဲ့ မိန်းမယုတ်ဆိုတာ ရှိတယ်၊ မိန်းမယုတ်ကတော့ အားရင်နံ့နေမှာပဲ၊ မိန်းမမြွတ်ဆိုတာက ထူးရမယ်၊ ကြည့်ပါလား...မိန်းမမြွတ်က...နွေကျရင်အေးတယ်၊ ဆောင်းကျရင်နွေးတယ်တဲ့...ဟောကောင်ခင်လှိုင် ဟိုစာဟာကွာ"

ခင်လှိုင်သည် ရှစ်တန်းမှဖြစ်၍ ကျွန်တော်တို့ အားလုံးထက် အတန်းကြီးပြီး စာခွဲသည်၊ ထို့ကြောင့် ခင်လှိုင်က သူရသော စာတစ်ပိုဒ်ကို ရွတ်ပြသည်။

"နွေဂိမှာန်အငွေ့ခံလျှင်...ရေ့သဏ္ဍာန်ချမ်းမြလို့ အေး၊ ဟေမန္တပြောင်းလာ ဆောင်းအခါကိုယ်နွေးတဲ့...၊ ကောင်းသမာဂုဏ်သူ့ငွေးဟာမို့...ကြိုသေးကမြတ်ရန်..."

အုန်းကျော်က "အေး...အေးတော်ပြီ...၊ မိန်းမမြွတ်ဆိုတာ ထူးရမှာပဲ...၊ ကိုယ်သင်းနံ့ဆိုတာ ချွေးနံ့ဖြစ်ဦးတော့ မိန်းမမြွတ်ရဲ့ ချွေးက မွှေးရမယ်၊ ဘယ်နှယ့်လဲ" ဟု ဆိုသည်။

အုန်းကျော်ပြောသည်မှာ ယုတ္တိရှိသဖြင့် အားလုံးလက်ခံသဘောတူကြသည်။

"ကဲဟေ့...သန့်ဇင် မင်းအကြောင်း ဆက်ပြော"

ဤသို့ဖြင့် ကျွန်တော်က ကျွန်တော့်အကြောင်း ဆက်ပြောရပြန်သည်။



တစ်ကြိမ်ငယ်စဉ်က...ကြီးသာလျှင် မယဉ်နွယ်ကို ချစ်သူလုပ်ရက ကောင်းမည်ဟု ရေးရေးတွေးတင်မိဖူးသည်၊ ယခုကဲ့သို့ ဝေးနေမှ...မယဉ်နွယ်သည် ကျွန်တော့်ရင်၌ မေ့ဖျောက်ပရသော ချစ်သူအစစ်ပါတကား...ဟုသဘောပေါက်မိသည်။ ရွာသို့လည်း အမြန်ပြန်ပြေးချင်သည်၊ အုန်းကျော်နှင့် ခင်လှိုင် ပြောဖူးသော ကိုယ်သင်းနံ့ကိုလည်း လက်တွေ့စမ်းသပ်ကြည့်ချင်သည်။

သို့ရာတွင် ထိုနှစ်နွေ၌ ကျွန်တော်သည် ရွာမပြန်ရ၊ ဆရာအိမ်သို့ နေ့စဉ်သွား၍ သင်္ချာနှင့်အင်္ဂလိပ်စာကို ဖိသင်ရသည်။

ကျောင်းပြန်ဖွင့်၍ ခုနစ်တန်းသို့ တက်ရချိန်၌ ကျွန်တော်သည် သင်္ချာနှင့်အင်္ဂလိပ်ဘာသာတွင် အထူးချွန်ဆုံးကျောင်းသားဖြစ်နေသည်။ အခြားဘာသာများကို နိုင်နင်းပြီး ဖြစ်သဖြင့် ပထမအစမ်းစာမေးပွဲမှ နောက်ဆုံး အတန်းတင် စာမေးပွဲကြီးအထိ ကျွန်တော်သည် အမြဲပထမရခဲ့၏။

ကျွန်တော်ခုနစ်တန်းရှိစဉ် ကျောင်းသားများ သမဂ္ဂတွင် အမှုဆောင်ရာထူးတစ်နေရာ ရွေးချယ်ခန့်အပ်ခြင်းခံရသည်။ ထိုနှစ်တွင် အထွေထွေသပိတ်ကြီးပေါ်ရာ ကျွန်တော်တို့ကျောင်းလည်း သပိတ်မှောက်သည် ပုလိပ်များလည်း သပိတ်မှောက်၏။ နောက် ဗိုလ်ချုပ်အောင်ဆန်းအစိုးရ တက်လာသည်။ သပိတ်မလှန်မီ ရန်ကုန်မြို့၌ ကျင်းပသော ဗ-က-သ ညီလာခံသို့ ကိုယ်စားလှယ်တစ်ဦးအဖြစ် ကျွန်တော်တက်ခဲ့ရသည်။

ခုနစ်တန်းပြေပြီးသော နွေကျခါမှ ကျွန်တော် ရွာပြန်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းတည်မှပြည်၊ ပြည်မှပေါင်းတလည်အထိ ကားကြုံနှင့် လိုက်ခဲ့ရသည်၊ ပေါင်းတလည်အရောက် နွားပွဲနေ့နှင့် တိုက်ဆိုင်သဖြင့် ရွာသို့လှည်းကြုံတွေ့၍ ကျွန်တော် ခြေကျင်မလျှောက်တော့။

ပေါင်းတလည်မြို့အရှေ့ဖျားရှိ အလကပ္ပချစ်တီးယား၏ စက်သည် ခေါင်းတိုင်၌ အငွေ့တလူလူဖြင့် နောက်ဝယ် ဝေး၍ ဝေး၍ ကျန်ရစ်သည်။

လေပူပူမွှေ့တိုင်း ရိုးပြတ်နံ့က သင်းနေရသည်။ ထန်းပင်ထန်းလက်တို့ကလည်း ယိမ်းယိုင်လှုပ်ရှားနေ၏။

ရဲရဲနီနေသော နေလုံးသည် အနောက်ဘက်၌ ငုပ်လျှိုးစပြုသောအခါ မြူတို့သည် ပိုမိုမှိုင်းလာသည်။

ကျွန်တော်သည် ဥသြငှက်သံကို နားခံရင်းလှည်းပေါ်၌ အိပ်ရာလိပ်ကို ခေါင်းအုံးကာ ပက်လက်လှန်လျက် လိုက်ပါလာသည်။

လွန်ခဲ့သော သုံးနှစ်ခန့်က ဤခရီးကိုလည်း စိတ်၌ တရေးရေးမြင်ထင်လာသည်။ အထူးသဖြင့် ချောင်းခေါင်းရွာသချိုင်းကုန်းကို ဖြတ်စဉ်ပိုသတိရသည်။

ဤနေရာ၌ ကိုဘိုးဒန်နှင့်ကျောက်ဖြူနှမ်းရွှေနီတို့ကို တွေ့ခဲ့ရသည်၊ နောက် ကိုဘိုးဒန်၏အလောင်းကြီး၊ စီကာ စဉ်ကာနှင့် ရေးဖြစ်ဟောင်းများ ကျွန်တော်၏ခေါင်းတွင် အဆက်မပြတ်ပေါ်လာနေ၏။

လှည်းသမားမှာ ကျွန်တော်တို့ရွာမှမဟုတ်၊ ကျွန်တော်တို့ရွာကို ဖြတ်သွားရမည်ဖြစ်သောကြောင့်သာ ကျွန်တော်လိုက်လာခဲ့ခြင်းဖြစ်သည်။ လူချင်းကလည်း မကျွမ်း၊ သူကလည်း စကား



နည်းသဖြင့် ကျွန်တော် အေးအေးလူလူတွေးရင်း လိုက်ပါနိုင်ခဲ့သည်။

ရွာမရောက်ခင် တစ်မိုင်အလိုခန့်၌ လူတစ်သိုက်ကို တွေ့သည်၊ အားလုံးထန်းရည်မူးနေကြသည်။

"တပို့တွဲ... ပေါက်လဲရယ်တဲ့...ငုံစီစီ...၊ ဖူး,..တန်ကချို..."

ထန်းရည်မူးတို့အနက် လူတစ်ဦးက အသံဝါဝါကြီးဖြင့် ဟစ်ဆိုသည်။

"ဘာတဲ့...ဘာတဲ့...ကိုရွှေလွန်းရေ...၊ ကြိတ်ပေး...ကြိတ်ပေး..."

အဖော်များက ညာသံပေးရာ...ကျွန်တော်မျက်လုံးပြူးသွားသည်။

ရွှေလွန်း၊ ဘထွေးရွှေလွန်းလော...

ကျွန်တော်သည် လှည်းပေါ်၌ ထထိုင်ကာ အသံရှင်ကို စူးစမ်းကြည့်မိသည်။

ဘထွေးရွှေလွန်းမှ ဘထွေးရွှေလွန်း အစစ်ဖြစ်သည်။

ရောင်က တစောင်းထုံးလျက် ပုဆိုးကိုမူ...ကွင်းသိုင်းထားသည်။

ကျွန်တော်အံ့အားသင့်ကြည့်နေခိုက်...ဘထွေးက သီချင်းဆက်ဆိုသည်။

"ဒီရာသီ..ဘာပဲကွဲ့အပြောင်း၊ မဘိုမယ် နွဲ့နွဲ့နှောင်းရယ်ကွယ်...၊ လွဲ...ရ...တစ်ဆောင်း...၊ ငယ်ကျွန်ကြီးများ..."

"ဘုရား..."

www.burmeseclassic.com

www.burmeseclassic.com



"မဘို့မယ်နဲ့လွဲရတာများ စာဖွဲ့ရသတဲ့ကွာ၊ ဟား ... ဟား...၊ ငါက အိမ်ကကောင်မကြီးနဲ့လွဲရရင် တစ်ဆောင်း မဟုတ်ဘူး၊ ဆယ်ဘ၀...ဆယ်ဘ၀"

အမူးသမားများက ဟေးလေးဝါးလေး ဩဘာပေးကြသည်။

ကျွန်တော်မနေနိုင်တော့၊ လှည်းပေါ်မှဆင်း၍ သူတို့ဆီ ချဉ်းကပ်သွားသည်။

"ဘထွေး..."

အမူးသမားများက ခေတ္တငြိမ်သွားပြီး...တစ်ယောက် တစ်ပေါက်မေးသည်။

"ဘယ်သူ့ကိုလဲကွ...ဘထွေးဆိုတာ"

"ကျွန်တော့်ဘထွေးကျွန်တော်ခေါ်တာပါဗျာ...၊ ဘထွေး ရွှေလွန်းကို ၊ ဘထွေးရွှေလွန်း"

ဘထွေးသည် မပွင့်နိုင်အောင်မှေးသော မျက်လုံးများကို ဖွင့်၍ အာလေးလျှာလေးနှင့်မေးသည်။

"ဘယ်သူလဲကွ...ငါ့ကိုခေါ်တာဟေ..."

"ကျွန်တော်ပါ...ဘထွေး၊ ငယ်လေးရယ်ပါ"

"ဘယ်က ငယ်လေးလဲ...ငါမသိဘူး..."

"ဘထွေး...သန့်ဇင်ပါ၊ ဘထွေးသိပ်မူးနေသလား"

"ဘယ်ကသန့်ဇင်လဲ...လရိုး၊ စော်စော်ကားကား၊ ငါ့ကို သိပ်မူးနေတယ်တဲ့၊ ဖယ်စမ်း...ဆော်ရအောင်"

ဘထွေးသည် ကျွန်တော့်ကို ရိုက်ရန် ထွက်လာသည်။ သူ့အဖော်များက ဝိုင်းဆွဲထားသည်။



ကျွန်တော့်ရင်ဟာဖြဲ့ဆို့သွားသည်။ ခေါ်သလည်း ထွက်မိ၏။

ကျွန်တော်က လှည်းဆရာထံ ပြန်လာ၍ တောင်းပန်သည်။

"ဒီမှာ... ဆရာကြီး၊ အဲဒါ... ကျွန်တော့် ဘထွေးပဲ၊ သိပ်မူးနေပုံရတယ်၊ လှည်းပေါ်တင်ခေါ်သွားချင်တယ်"

ကျွန်တော်မမျှော်လင့်ဘွာ လှည်းဆရာက ခါးခါးသီးသီး ငြင်းသည်။

"ရွှေလွန်းလား၊ ရွှေလွန်းဆို မတင်ဘူး... မောင်ရင်ပါ ဆင်းနေခဲ့"

"နေပါအုံးဗျာ...ဘာဖြစ်လို့လဲ"

"ဘထွေးတို့အသိုက်က လှည်းနားကပ်လာသဖြင့် လှည်းဆရာသည် နွားများကို ကြိမ်နက်၍ အပြေးမောင်းထွက်သည်။

ကျွန်တော်က နောက်မှပြေးလိုက်ရင်း မေးမိသည်။

"နေပါအုံးဗျ...ဘယ်လိုလဲ"

လှည်းဆရာသည် ရပ်မပေး။

"ဟော့... သူငယ်၊ မလိုက်ချင်ရင် အထုပ်တွေပစ်ချခဲ့မယ်... စကားရှည်မနေနဲ့"

ရွာရောက်ရန်က လိုသေးသည်။ အိပ်ရာလိပ်နှင့် သေတ္တာများကို သယ်ရန်မလွယ်။

ကျွန်တော်က ဘာမျှ ဆက်မပြောတော့ဘဲ ပြေးနေသော လှည်းပေါ်သို့ ခက်ခက်ခဲခဲတွယ်တက်ယူရသည်။

နေပါအုံးဗျ... ဘထွေးရွှေလွန်းကို ခင်ဗျားက ဘာလို့ လှည်းပေါ် မတင်ချင်ရင်တာလဲ..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မကျေမချမ်းမေးမိသည်။

"ရွှေလွန်းကို ဘာ့ကြောင့် ငါ့လှည်းပေါ် မတင်ချင်တာ မင်းရွာရောက်မှ မင်းဘာသာမေးကြည့်ပေါ့"

လှည်းဆရာ၏အဖြေက ပြတ်တောင်းနေ၏။

ကျွန်တော်သည် ဘာမျှ ဆက်မမေးတော့ဘဲ ဆိတ်ငြိမ်စွာလိုက်ခဲ့သည်။ ရင်ထဲ၌တော့ မချမ်းသာလှ။

လှည်းဆရာသည် ရွာတွင်းဝင်၍ ကျွန်တော့်ကို အိမ်ရှေ့၌ ချပေးပြီး ဆက်ထွက်သွားသည်။

အိပ်ရာလိပ်တစ်ဖက်...သားရေ သေတ္တာတစ်ဖက်ကိုင်ရင်း ကျွန်တော်က ခြံဝမှနေအိမ်ကို ကြည့်မိသည်။

ကျွန်တော်တို့အိမ်မှာပြင်ဆောက်ထား၍ သစ်လွင်ခံ့ညား နေသည်။

ယခင်ကကဲ့သို့ ဝါးထရံကာ သက်ငယ်မိုးမဟုတ်။ ပျဉ်ကာ သွပ်မိုးနှင့်ဖြစ်သည်။

အိမ်အောက်ထပ်၌ ရုံးတစ်ခုပမာ စားပွဲကုလားထိုင်များ ကို တွေ့ရသည်။

အိမ်အလယ်ဆင့်၌ ခံ့ထည်သော ဆိုင်းဘုတ်ကြီးနှစ်ခု ရှိနေ၏။

တစ်ခုက...

"ဖ-ဆ-ပ-လ...အဖွဲ့"

ကျန်တစ်ခုက...

"ဗ-တ-လ-စ...အဖွဲ့"

ထိုစဉ် အိမ်အောက်ထပ်စားပွဲတစ်ခု၌ စုဝေးထိုင်နေကြသူ အနက်လူကြီးတစ်ဦးသည် ပြေးထွက်ကြိုဆိုလေသည်။



"လူကလေး...လူကလေးသား...ပြန်လာပြီ"

ကျွန်တော်က လက်ကမ်းကြိုဆိုလာသော အဘ၏ ရင်ခွင် ဆီပြေးဝင်မိသည်။ ပြေးဝင်မိစဉ် ကျွန်တော့်ဘဝအမှန်ကိုလည်း သတိပြုမိသည်။

ကျွန်တော် ယခု ပြန်လာသည်မှာ ယခင်ကကဲ့သို့ မျက်နှာငယ် ခြေချုပ်ကြီးဆီမဟုတ်။

ယခုကျွန်တော့်ကို ဆီးကြိုသူမှာလည်း ကျွန်းပြန်သူပုန်ကြီး မဟုတ်တော့...။

ကျွန်တော်သည် မြို့နယ် ဖ-ဆ-ပ-လ ဝင်၊ ဗ-တ-လ-စ ဥက္ကဋ္ဌကြီးဖြစ်သူ အဘ၏ရင်ခွင်၌... ဤသည်တို့ကို အစစသတိပြုမိသည်။

အဘကို ပြန်တွေ့သဖြင့် ဝမ်းသာမိသည်။ အမကို မမြင် ပြန်၍ မျက်ရည်ကျမိလေပါသည်တကား...။

◆

(၁၇)

ကြယ်တွေလတွေခုံသောညဝယ်

ထိုညက ခရီးပန်းလာသဖြင့် ကျွန်တော်သည် ဘယ်မှ ထွက်မလည်ဘဲစောစောဝင်အိပ်သည်။ နံနက်၌လည်း နေအတော် မြင့်မှ အိပ်ရာက နိုးသည်။

အဘတပည့်များ ကျွေးသော ပဲပြုတ်ဆီဆမ်းနှင့်လက်ဖက် ရည်ကြမ်းသောက်ပြီးနောက် အဝတ်အစားလဲ၍ ရွာထွင်းသို့ ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာခံလူများသည် အိမ်ပေါက်ဝစုလွှက်ကြ၍ ကျွန်တော့်ကို နှုတ်ဆက်သည်။

"ဟဲ့...ငယ်လေး... အမယ်လေးလူပျိုကြီး ဖြစ်လို့ပါလား"

"အံမယ်...သန့်စင်က မြို့သားကြီးဖြစ်လို့ ချောလာကယ်ဟော့..."

"ဟော့...အင်္ဂလိပ်ကျောင်းသားကြီး၊ တို့အိမ်လည်း ဝင်အဖန်သောက်ပါဦးဟ..."

ဤသို့ တစ်ယောက်တစ်ခွန်းနှုတ်ဆက်ကြသည်ကို တုံ့ပြန်နှုတ်ဆက်၍ ကျွန်တော်သည် တခ်အိမ်မျှင် တစ်ခေတ္တ ဝင်ထိုင်ရသည်။ ရှိသမျှကျေးသည်ကို စား၍ မြို့အကြောင်းမေးသမျှကို ဖြေရသည်။

ဘထွေးတို့အိမ်ရောက်ချိန်၌ နေအကန်မြင့်နေပြီ။

မန်ကျည်းပင်အောက်၌ ဘထွေးသည် လက်ဖက်ရည်ကြမ်းထိုင်သောက်နေ၏။ ညနေက ဘထွေး၏ အပြုအမူကြောင့် ကျွန်တော်သည် ရတ်တရက်နှုတ်မဆက်သေးဘဲအကဲခတ်ကြည့်နေသည်။

ကျွန်တော့်ကို လှမ်းမြင်သော် ဘထွေး ပါးစပ်ကြီး ပြဲသွားသည်။ ထိုနောက် နေရာမှထ၍ အားရပါးရလှမ်းခေါ်သည်။

"ဟ ငယ်လေး...၊ အာပါး ငါ့လူလာဟ...၊ နည်းတဲ့ကောင်ကြီးလားကွာ...၊ ငြိမ်းမယ်ရေ... ငယ်လေးဟ"

ဤသို့ဆိုပြန်သော် ဘထွေးမှာ ရှေးယခင်အတိုင်း အမူအရာမပြောင်းပါတကား။

သစ်ပင်အောက်၌ ကျွန်တော်မင်ထိုင်မိသော် အရီးလေးလည်း အော်ကြီးဟစ်ကျယ်နှင့် အိမ်ပေါ်မှဆင်းလာ၏။



"ငယ်လေးရယ် ...အမယ်လေးနေနိုင်လိုက်တာ... ညကတည်းက ရောက်တယ်ဆို...အခုမှ ပေါ်လာသတဲ့တော်..."

"ညက ခရီးပန်းတာနဲ့ စောစောအိပ်တယ် အရီးလေး၊ ညက အရီးလေးဆီမရောက်ပေမဲ့ လမ်းမှာ ဘထွေးနဲ့ ကျွန်တော် တွေ့ပါသေးတယ်..."

ဘထွေးမျက်လုံးပြူးသွားသည်။

"ဟာ... ညက မင်းနဲ့ငါနဲ့ တွေ့တယ်"

"ဟုတ်တယ် ကျွန်တော်က နှုတ်ဆက်တော့ လိုက်ရိုက်မယ်လုပ်သေးတယ်၊ ဘထွေးက အလွန်အကျွံ မူးနေတာကိုး..."

ဘထွေးသည် သူ့ကိုယ်သူ မယုံနိုင်အောင် ခေါင်းခါနေသည်။

"အဲဒါပဲကြည့်တော့ငယ်လေးရာ...နင့်ဘထွေး အရင်ကလို မကောင်းတော့ဘူး၊ အရက်ကိုနေ့သောက်...ညသောက် သူကြီးက မြောက်ပေးတိုင်း မာနတွေတက် လူတကာနဲ့ ရန်ဖြစ်၊ ငါ့ကိုလည်း နှိပ်စက်..."

"တန်စမ်းပါငြိမ်းမယ်ရာ၊ ငယ်လေးတစ်ခါတလေ ပြန်လာတာကို စိတ်မကောင်းအောင်"

"မတော်နိုင်ပါဘူး၊ ပြောရဦးမယ်၊ ဒီမှာငယ်လေး...၊ နင်ကျောက်ဖြူန်းရွှေနီကို မှတ်မိလား"

"မှတ်မိတယ်အရီးလေး..."

"အေး နင့်ဘထွေးလည်း ရွှေနီ့လမ်းစဉ်လိုက်နေတယ်၊ ဘယ်နေ့ရွှေနီလို ကြိုးကျမလဲမသိဘူး"

ဘထွေး၏ မျက်နှာမှာ ခက်ထန်သွား၍ အရီးလေးကို ယောက်၏။

"တော်စမ်း ဒီ မိန်းမ ဘာတွေလျှောက်ပြောနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကြံ့ရသမျှ မယုံနိုင်အောင် ဖြစ်နေသည်။ ဘထွေးသည် ယခင်က အရီးလေးကို စကားမာမာပင်ပြန်မပြော ရဲ၊ ယခု မျက်နှာထားနှင့် မာန်မဲနေပေပြီ။

ဘထွေး၏ မျက်နှာအသွင်အပြင်မှာလည်း ပြောင်းနေခဲ့ပြီ၊ အရက်သမားမှန်း သိသာစွာ မျက်နှာသည် ထူအမ်း၍ နီစပ်စပ် ဖြစ်နေသည်။ မျက်လုံးများကလည်း ရဲနေ၏။

ကျွန်တော်သည် ညနေက လှည်းဆရာပြောသော စကား များကို သတိရသည်။ ဤအတိုင်းဆိုလျှင် ဘထွေးသည် တကယ် လူဆိုးကြီးဖြစ်နေပြီလော...

ကျွန်တော် စိတ်မကောင်း ဖြစ်သွားသည်ကို ရိပ်မိဟန်နှင့် ဘထွေးသည် မျက်နှာပြင်လိုက်ပြီး "ကဲငြိမ်းမယ်ရာ...ငယ်လေး အကြမ်းနဲ့ သောက်ဖို့တစ်ခုခုသွားလုပ်ဟာ" ဟု ဆိုသည်။

"နေပါစေအရီးလေးရယ်၊ ကျွန်တော့်လမ်းက အိမ်ဝင် စားခဲ့လို့ ဗိုက်ပြည့်နေပါပြီ..."

အရီးလေးသည်လည်း မျက်နှာပြောင်းသွားသည်။ မျက်နှာ ပြောင်းရာမှ ကျွန်တော့်စကားသံကြားသော် ပြုံးချိုသွား၏။

"ဟာ...ဟာ၊ ကိုရွှေငွေ့နွန်း တော့တူ စကားပြောတာနား ထောင်စမ်း၊ မြို့သားဖြစ်လို့ လေသံတွေ ဘာတွေ တစ်မျိုးတော့"

ထိုအခါကျမှ ကျွန်တော်ကလည်း ကိုယ့်ကိုယ်ကို သတိပြန် မှုမိသည်။ ယခင်က...ဘထွေးကိုရော အဘကိုပါ ကျွန်တော်က ကျုပ်နှင့် စကားပြောသည်။ ယခုကျွန်တော်ဖြစ်နေရာ ဤသည်ကို အရီးလေးက သတိပြုမှတ်ချက်ချခြင်း ဖြစ်သည်။

"အေးပါကော်...လေသံသာပြောင်းပါ၊ စိတ်ထားတော့ မပြောင်းပါနဲ့...၊ ဗိုက်ပြည့်ပြည့် မပြည့်ပြည့် စားတော့စားဦး အရီးလေး ဆတ်သားခြောက် မီးဖုတ်လိုက်ဦးမယ်..."



အရီးလေး ထွက်သွားသောအခါ ကျွန်တော်က သတိရ၍ မေးသည်။

"ဒါထက် ကလေးတွေကော... မမြင်ပါလား"

"အကြီးကောင်တော့ ကျောင်းပို့ထားပြီကွာ...ဘယ်နှယ့် လုပ်မလဲ၊ ဒါမှစာလည်းတတ်မယ်၊ အိမ်စရိတ်လည်းသက်သာတာ ပေါ့၊ အငယ်ကောင်ကတော့ လျှောက်ဆော့နေတယ်"

"နှမကော..."

"ခင်မြိုင်က မင်း မယဉ်နွယ်တို့ အိမ်မှာ ဝိုင်းကူဝိုင်းစား သွားနေတယ်၊ ဒါထက် မင်း...မင့်ကောင်မလေး မယဉ်နွယ်နဲ့ တွေ့ပြီးပြီလား..."

ကျွန်တော်အနည်းငယ်တော့ ရှက်သလို ဖြစ်သွားမိသည်။

"ကျွန်တော့်ကောင်မလေး မဟုတ်ပါဘူး ဘထွေးရယ်၊ ကျွန်တော့်သူငယ်ချင်းပါ..."

ဘထွေးက သဘောကျ၍ တဟဲဟဲရယ်သည်။

"အေးပါ...ငါ့လူရာ...မင်းသူငယ်ချင်းပဲထားပါတော့၊ မယဉ်နွယ်က မင်းအကြောင်း ခဏခဏမေးတယ်"

မယဉ်နွယ်က ကျွန်တော့်ကို တကယ်မေးသလား..."

"မေးပါတယ်ဆိုမှကွာ၊ ဒါထက် ငါ့လူ...မင်းမယဉ်နွယ် ကို အခုတွေ့ရင် သောက်ရမ်းပစ်ကြိုက်မှာပဲ၊ မယဉ်နွယ်က အခု သိပ်လှနေတယ်"

"မယဉ်နွယ် အစတည်းကလည်း လှပါတယ်... ဘထွေး ရာ..."

"ဒါဖြင့်...ငါ့လူအစကတည်းက မယဉ်နွယ်ကို ကြိုက် တယ်ပေါ့ ဟုတ်လား၊ ဟား...ဟား..."

www.burmeseclassic.com

www.burmeseclassic.com



"ဘထွေးကလည်း ဒီတုန်းက ကျွန်တော်ကလေးပဲရှိသေးတာ၊ ဘယ်ကြိုက်တယ်ဟုတ်မလဲ၊ ဒါပေမဲ့ ကျွန်တော်မယဉ်နွယ်ကိုတော့ တစ်နေ့မှ မမေ့ပါဘူးဗျာ..."

ဘထွေး၏မျက်နှာမှာတည်သွားသည်။ အတန်ကြာမှ ညည်း ညည်းညူညူ ဆို၏။

"မင်း...မယဉ်နွယ်ကို မကြိုက်သေးရင်လည်း...မကြိုက်နဲ့တော့ကွာ...၊ ဒါမှ အေးမှာ..."

"ဘာပြုလို့လဲ ဘထွေး..."

"ဘာပြုလို့ရမလဲ... ငါ့လူအဘနဲ့ သူကြီးနဲ့က အစကတည်းက မတဲ့တာ၊ အခုတော့ ကမ္ဘာ့ရန်တွေ ပိုဖြစ်ကုန်တာပေါ့..."

"ဗျာ...ဘာဖြစ်လို့..."

"မင်းအဘကလည်းကွာ ဆိုရှယ်လစ် ဆိုလား ဘာလား၊ အဲဒီ ဝါဒတွေကို တရားဟော လယ်သမားတွေကို သီးစားခ စပါးမပေးအောင် တရားဟောလိုဟော သူကြီးနဲ့ ပုလိပ်တွေက စပါးလိုက်သိမ်းတော့ မင်းအဘနဲ့ လယ်သမားတွေက သူတို့ အလံကြီးတွေ ထူပြီး တားလိုတားနဲ့ သောက်ကျိုးနဲ မင်း အဘ ပါပဲကွာ..."

"အဘ လုပ်တာ မှန်တာပေါ့ ဘထွေးရာ..."

"ဟော...၊ မှန်တယ်..."

"မှန်တယ်၊ ဘထွေးလည်း သိသားပဲ၊ ကျွဲနဲ့နွားနဲ့ ရုန်းပြီး လုပ်ရတော့ လယ်သမားတွေပဲသီးစားခတစ်မျိုး၊ စပါးပေးကတစ်ဖုံနဲ့ စပါးလည်းပေါ်ရော သူကြီးလို မြေပိုင်ရှင်တွေ ကျီထဲရောက်ကုန်ရော၊ ဒီတော့ တစ်ခါစပါးပေးငွေပြန်ချေး၊ လယ်သမားတွေ ဒီဒုက္ခသံသရာက ဘယ်လိုလွတ်မလဲ..."



ကျွန်တော့်စကားကြောင့် ဘထွေးမျက်လုံးပြူးသွားသည်။ သို့ရာတွင် သူ မကျေနပ်။

"ဟုတ်တော့ ဟုတ်တာပေါ့ ငါ့လူရေး ဒါပေမဲ့ သူ့လယ် သူ့မြေ...သူ့ငွေမဟုတ်လား။ မင်းအဘတို့...မင်းဆရာတို့ ဟောသလို သူ့မြေပြန်မဆပ်တမ်းဆိုလျှင် နောက်ဘဝ အကြွေးမကျေမြေဆိုတော့...သွားမြေခံရပြီ၊ မြေရှင်အိမ်မှာ ခွေးမတွေ နွားတွေ ဖြစ်မကုန်ဘူးလား..."

"ဘထွေးရာ ဒီအယူအဆတွေဟာ ခေတ်ကုန်ပါပြီ၊ ကမ္ဘာဦး အစ ပဒေသာပင်ခေတ်မှာ... ဘယ်မှာ မြေမဲ့ မြေရှင် ရှိလို့လဲ၊ ကမ္ဘာဦးတောင် မတွက်ပါနဲ့လေ...ဒီနှစ်တစ်ပိုက်က မြေတွေဟာ အေးမဦးကျ မြေတွေမဟုတ်လား၊ သူတို့လက်ထဲရောက်သွားတာက သူတို့မတရားသွေးစုတ် လှလည်လုပ်သိမ်းယူလို့ မဟုတ်လား"

"ဒါတော့...ငါ့လူရ တို့ကလည်း ငွေချေးတယ် မဟုတ်လား"

"ဟုတ်တယ်...ဒါပေမဲ့ ဘာလို့ငွေချေးလဲ...မိုးဖျက်ပိုးဖျက်လို့စပါးမအောင်ဘူး၊ စပါးအောင်ပြောင် ပေါက်ဈေးမကိုက်ဘူး၊ ချေးဆိုတာလည်း...သူတို့နဲ့ ချစ်ပါးတွေနဲ့...နောက်ဘထွေးသိမှာ မဟုတ်ဘူး၊ အင်္ဂလိပ်ကုန်သည်ကြီးတွေ ကစားယူတာပါပဲ၊ ဒီတော့ ဘထွေးတို့မှာ ရိုးရိုးသားသားလုပ်ရင်းက ... ကြွေးမပေးနိုင်၊ ကြွေးမပေးနိုင်တော့ အတိုးတက်၊ အတိုးတက်တော့ ဝမ်းစာစပါး တောင်မချန်ဘဲ သိမ်း၊ တော်လို့လဲသောချင်သေပေါ့၊ ဒီတော့ ဘယ်သူက အကုသိုလ်လုပ်တာလဲ"

ဘထွေးသည် ပါးစပ်အဟောင်းသားနှင့် ကျွန်တော်ပြောသည်ကို နားထောင်နေရာမှ ခေါင်းခါသည်။ သူ့ခေါင်းခါပုံမှာ စိတ်ပျက်၍ ခါသောပုံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငယ်လေးရာ...ငါ့လူက အဖေ့သားပဲ၊ မင်းအဖေလည်း ဒီစကားပြောတယ်။ မင်းဆရာလည်း ဒီစကားပြောတယ်"

"ဒါထက်...ဆရာကော"

"အေး...အဲဒါပြောမလို့ပဲ၊ မင်းအဘနဲ့...မင်းဆရာက လည်း တစ်မှောင့်ပဲကိုယ့်လူ...မတည့်ကြဘူး၊ မင်းဆရာဝါဒက သာကြမ်း သေးတယ်၊ ဘာတဲ့ ရုပ်ဝါဒဆိုလား၊ နောက်ဘဝလည်း မရှိဘူးပြောတယ်။ ဘုရားရှိခိုးတာလည်း... အဲ... ဘိန်းစား အလုပ်တဲ့ အဲ့ရေကွာ ငှက်ဂိုဏ်းထက်တောင်ဆိုးသေးတယ်"

"ဆရာအခုဘယ်မှာလဲ... ရွာမှာပဲလား"

"ဟင့်အင်းကွ မင်းဆရာက ဒီနယ်မှာ မင်းအဘလောက် မစွံဘူး၊ သူက မြို့ပေါ်မှာပဲနေတယ်။ ဒီနေ့လည်း... မင်းအဘ တပည့် ကျော်ရှိန်တို့တပ်က ဆော်မှာပဲ"

"ဗျာ...ကိုကျော်ရှိန်တို့တပ်၊ ကိုကျော်ရှိန်က ဘာလဲ"

"အံမယ်...ကျော်ရှိန်က အခုမှ ဗိုလ်ကျော်ရှိန်အစစ်ငါ့လူ၊ သူက...ပြည်သူ့ရဲဘော် ခေါင်းဆောင်လေ"

ဤအကြိမ် စိတ်ပျက်ခေါင်းခါမိသူမှာ ကျွန်တော်ဖြစ်သည်။

အရီးလေးသည် သံပုရာရည် ဆမ်းထားသော ဆတ်သား ခြောက်ကင် လာချပေးသည်။

"ငယ်လေး အဖန်သောက်နှင့်ဦး မနက်စာလည်းတို့နဲ့ စားရမယ်နော်၊ အရီးလေး ဟင်းရွာထွက်လိုက်ဦးမယ်"

"ဒုက္ခရှာလို့ အရီးလေးရာ...ရှိတာနဲ့ပဲ စားကြတာပေါ့"

"ဒုက္ခမဟုတ်ပါဘူးဟာ...ရောက်တုန်းကျွေးရတာ၊ ပြီး တော့ ငါမယာဉ်နှယ်တို့အိမ်ဝင်ခဲ့အုံးမယ်"

အရီးလေးသည် အဓိပ္ပာယ်ပါပါပြော၍ ထွက်သွား၏။



"ဒါထက် ဘထွေးလေးက ဘာလို့ လွန်လွန် ကျူးကျူး သောက်စားနေရတာလဲ ဘထွေးရာ"

ဘထွေး ငိုင်ကျသွားသည်။ ကျွန်တော်၏ အမေးကို ရုတ်တရက် မဖြေနိုင်။

"ဖြေပါဦး ဘထွေး"

ဘထွေးက သက်ပြင်းရှိုက်၏။

"စိတ်ညစ်လို့ပေါ့ ငယ်လေးရာ"

"ဘထွေး ဘာတွေ စိတ်ညစ်လဲ"

ဘထွေးသည် ဒုတိယမွှ သက်ပြင်းချပြန်သည်။

"ငါ့လူက ကံကောင်းပြီး မြို့တက်သွားရတာကို...ရွာမှာ ဘာတွေဖြစ်တယ်ဆိုတာ ငါ့လူမှမသိဘဲ"

"သိသင့်သလောက်တော့ သိတာပေါ့ ဘထွေးရယ် ... ဆိုပါဦး ဘာတွေဖြစ်လဲ"

"ဘာတွေဖြစ်ရမလဲ ငတ်ပေါက်တွေ တိုးတာပေါ့ကွ အင်္ဂလိပ်တွေဝင်လာတော့ မြို့ကကုန်သည်တွေတက်လိုက်လာ ကွာ ...ရွာမှာရှိတာ အကုန်ဝယ်တာပဲ၊ ဆီရော...ပဲရော...စပါး ရော အထည်ရော၊ ထောင်မလဲသဲကော်တွေ ဈေးတောင်းသလောက် ပေးတယ်၊ တို့လည်းဈေးကောင်းတယ်ဆို ရောင်းလိုက်ကြတာ... ထောင်မလဲသဲကော်တွေ ဂုံနီအိတ်နဲ့ ထည့်ထားရတယ်၊ နောက်... တို့ မြို့တက်ဝယ်တော့ အင်္ဂလိပ်ငွေတစ်ကျပ်ကို ဂျပန်ငွေ တစ်ရာ နဲ့လဲရတယ်၊ နောက်တော့ ဂျပန်ငွေဆို လုံးဝလက်မခံ တော့ဘူး၊ မင်းကြည့်မလား...အိမ်ပေါ်မှာ ဂျပန်ငွေ ဂုံနီအိတ်နဲ့ အပြည့်နှစ်အိတ်ကျန်သေးတယ်"

"တော်ပါပြီဘထွေးရာ... မကြည့်ချင်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေ ...ကြည့်ဟာပဲကောင်းတယ်၊ ဟိုမှာပန်းကာစပါးလည်း မရှိဘူး၊ ဆီအားတောင် ခတယ်နိုင်ဘူး၊ ဒီတော့...အကြားရှပ်တို့၊ အငုန်တို့၊ ကိုင်းကန်မွေးကိုဆီက စပါးလေးနဲ့ကြွေးယူရတာပေါ့"

ဘထွေးသည် သူ့ဘဝသူစိတ်နာဟန် ဖွဲ့ခနဲ့တဲ့တွေးတွေး လိုက်သည်။

"ပြီးတော့... နွားတွေလည်းဂျပန်ဆွဲထားတော့ မိုးကျနွားလည်းမရှိ၊ ဝမ်းစာမပြောနဲ့...ပျိုးစပါးတောင်မကျန်၊ မိုးတွင်းစရိတ်ဆို ဝေးရော၊ ဒါနဲ့ အလကပွက ငွေထုတ်ချေးတယ်၊ အခုတော့...တို့လယ်တွေ အလကာပွလယ်တွေ ဖြစ်ကုန်ပြီကွာ"

နွေနံ့ရက်သည် ရှုံ့လာသဖြင့် ပူပြင်းလာ၏။ ဘထွေးစကားကြောင့် ကျွန်ုပ်တော့်မှာ စိတ်အိုက်လှုအိုက်ဖြစ်လာသည်။

"ငါ့အစ်ကို...မင်းအဘကတော့ ပြောမှာပဲ၊ လယ်ယာ ပိုက်ပွဲတို့ နောက်ပြီး... ဘာ... အဲ... မြေရှင် ပဒေသရာဇ် တော်လှန်ရေးဟို့၊ ခက်တာက လက်ငင်းလယ်ဘယ်လိုလုပ်ရမလဲ၊ ဒုက္ခရောက်ကုန်တဲ့ လူတွေအများကြီးပေါ့၊ ငါတောင်အတော်ခံ လိုက်ရတယ်၊ သူကြီးကယ်ပေလို့သာကွာ...နို့ဖြစ်ရင်...ဟင်း ဦးသာစံကြီးက မင်းအဘထင်သလောက်မဆိုးပါဘူး"

"ဦးသာစံက ဘယ်လိုမဆိုးတာလဲ"

"ဟ...ငါ့အခု လယ်လုပ်နိုင်တာ သူ့ကျေးဇူးပေါ့၊ အေး... သူ့လည်း မသက်သာပါဘူးကွာ၊ မင်းအဘ ကောင်းမှုကြောင့် သီးစားခတွေရော စပါးပေးတွေပါမရလို့ အရင်ကလောက် ငွေစ မတောင့်တော့ဘူး"

ကျွန်ုပ်တော်သည် ဘာပြန်ပြောရမည်မသိ၊ သို့ရာတွင် ချက်ချင်းပင် တစ်စုံတစ်ခုကို သတိရသည်။



"နေအုံးဗျ၊ ကျွန်ုပ်တော်ပြောပြမယ်၊ အခုဗိုလ်ချုပ်အောင်ဆန်းကို ဘုရင်ခံက ခေါ်ပြီးအစိုးရဖွဲ့ခိုင်းထားတယ်၊ ဘထွေးတို့ဆီ ရောက်လားတော့မသိဘူး၊ ပေါင်းတည်မှာဖယ်ဘုတ် အိုင်စကုတ်ရဲ့ကြီး ထဲမှာ တစ်ခါ...၊ ကျွန်ုပ်တော်တို့ကျောင်းဘောလုံးကွင်းကြီးထဲမှာ တစ်ခါ၊ ဗိုလ်ချုပ်ကပြောသွားတယ်၊ လယ်လုပ်သူတိုင်း လယ်ပိုင်ရမယ်တဲ့၊ ကြွေးမြီတွေ လျှော်ပစ်မယ်တဲ့၊ အမတော်ကြေးတွေ ထုတ်ပေးမယ်တဲ့၊ အဲ...ဒါတွေလုပ်နိုင်ဖို့ လွတ်လပ်ရေးရအောင် လုပ်ရမယ်တဲ့"

ကျွန်ုပ်တော့်စကားသည် ဘထွေးအတွက် မစူးရောက်။

"တော်စမ်းပါငါ့လူရာ...၊ ကားမခေတ်တုန်းက ဒေါက်တာဘမော်လည်း ဒီလိုပြောခဲ့တာပဲ..."

"ဒါပေမဲ့...ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါက်တာဘမော်က တခြားစီပဲဗျ..."

"ငါ့လူဗိုလ်ချုပ်လည်းငါနားမလည်ဘူး၊ ဒေါက်တာဘမော်လည်း အလလားပဲ၊ အေးမင့်မယဉ်နှယ်အဘ ဦးသာစံကတော့ ငါ့အပေါ် ကောင်းတယ်၊ မင်းအဘ ငါ့အစ်ကိုထက် ကောင်းတယ် ..."

ကျွန်ုပ်တော်တို့တွင်ရီး ရှေ့ဆက် စကားပြော၍ ရတော့မည် မဟုတ်၊ ကံအားလျော်စွာ အရီးလေးသည် ပုံသကူကြက်တစ်ကောင် နှင့် ပြန်ရောက်လာ၏။

"ငယ်လေး ငါမယဉ်နွယ်ကို ဝင်ပြောခဲ့တယ်"

အရီးလေးသည် ဤမျှသာပြော၍ အိမ်ပေါ်တက်ကာ ကြက်သားဟင်းချက်သည်။

ဘထွေးကလည်း စကားကိုပြောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါထက်ငယ်လေး... တို့ ဒီညနေပျားလိုက်ဖွပ်ကြအုံးမလား၊ ခါလည်းတည်ကြရအောင်"

အမှန်ဆိုရလျှင် ကျွန်တော်သည် ပျားဖွပ်ခြင်းနှင့် ခါတည်ခြင်းကို စိတ်မဝင်စားလှတော့၊ သို့သော် ဘဘွေးစိတ်ကျေနပ်အောင် ခေါင်းညိတ်လိုက်ရ၏။

အရိုးလေး ဟင်းချက်စဉ် ကျွန်တော်သည် ရွာတွင်းတစ်ခါ ပြန်ထွက်ခဲ့သည်။

ရွာသူရွာသားများနှင့် စကားပြောကြည့်သောအခါ ဘဘွေးပြောသည်မှာ မှန်ကန်ကြောင်းတွေ့ရသည်။

ဂျပန်တော်လှန်ရေးကို ကျွန်တော်တို့ရွာသည် တက်တက်ကြွကြွလုပ်ခဲ့သည်၊ တော်လှန်ရေးပြီးလျှင် လွတ်လပ်ရေး၊ လွတ်လပ်ရေးရလျှင် တစ်မျိုးသားလုံးချမ်းသာရေး...။

ယခုလွတ်လပ်ရေးလည်း မရသေး၊ ချမ်းသာရေးကားဝေးစွ၊ အိမ်တိုင်းရှိ ရက်ကန်းစင်များ အားလုံးရပ်ထားရသည်။ ဝါတွေရှိသော်လည်း ရက်လုပ်၍ အကျိုးမရှိ၊ ရွာမှဖြစ်သော ချည်ကြမ်းထည်ထက် အင်္ဂလိပ်နှင့် အတူပါလာသော စက်ရက်စက်ရိုက် အဆင်အသွေးအသားအချောသာသော အထည်တို့က ဈေး၌ ပိုမိုမျက်နှာပွင့်နေသည် မဟုတ်ပါလော...။

ကျွန်တော်သည် ကိုးဆောင်တွဲကျောင်းဘက်ဆက်လျှောက်ခဲ့သည်။

ကျွန်တော်တို့ လောကဓာတ်ကျောင်းနေရာ၌ ကျောင်းသစ်ပြန်မပေါ်သေး။

ကိုးဆောင်တွဲ ကျောင်းဝင်းအတွင်း ရောက်သောအခါမှ အစစမပြောင်းလဲသည်ကို တွေ့ရသည်။



ခြေတံရှည်ကျောင်းသစ်မှ လောကုတ္တရာစာသင်တန်းပြီးစီးချိန်ဖြစ်၍ ကျောင်းသားများ သင်ပုန်းကိုယ်စီနှင့်ဆင်းလာကြသည်။

သူတို့အားလုံး ဆွမ်းဟင်းခံထွက်ရန် အလျှင်အမြန်ပြင်ဆင်နေကြ၏။

ဦးပဥ္စင်း ဦးကောဝိဒသည် စာသင်ကျောင်းထက်မှဆင်းလာသဖြင့် ကျွန်တော်က လမ်းဘေးတွင်ဒူးတုပ်ဦးချသည်။

"ဟကောင် သေနှဲ့ဖင်ပါလား...၊ အံမယ် ငါလူတွေဘာတွေ မှားလို့၊ နင်ဥပဓိရုပ်သိပ်ကောင်းလာသဟ"

ဤသို့ အစချီ၍ ဦးပဥ္စင်းသည် ကျွန်တော်နှင့်စကားအတန်ကြာဆိုတော်မူသည်။

"ကဲ...ကဲ...ဆရာတော်ကို သွားကန်တော့အုံး၊ သနှဲ့ဖင်ရေ ပြန်တွေ့ရတာ ဝမ်းသာသကွဲ..."

ဦးပဥ္စင်း၏ မျက်နှာတော်မှာ သိက္ခာပိုမိုပြည့်နေသည်၊ အသံတော်၌လည်း ကြင်နာအေးချမ်းမှု ပြည့်နေ၏။

ကျွန်တော်သည် ကျောင်းထက်တက်ခဲ့ကာ ဆရာတော်ကို ဝတ်ပြု၏။ ဆရာတော်ကလည်း ဝမ်းသာစွာ ကျွန်တော့်အား လက်ခံ စကားပြောသည်။

"သေနှဲ့ဖင် နင်ငါ့လာကန်တော့တာ ဝမ်းသာတယ်ဟေ့"

"တင်ပါ့၊ အရှင်ဘုရားရဲ့ ဂုဏ်ကျေးဇူးကို ကြီးမှ တပည့်တော် ပိုသိပါတယ်ဘုရား..."

"အိမ်း ကျေးဇူးမမေ့သူ ကြီးပွားတယ်ကွဲ့၊ မှတ်ထား၊ ဒါထက် ငါ့တပည့် ဘယ်အတန်းရောက်နေပြီလဲ"

"တပည့်တော် ခုနစ်တန်းဖြေခဲ့ပါတယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်...ကောင်းတယ်၊ ဘာသာမျိုးခြား၊ စာဖကား၊ မှတ်သားစရာကောင်းတဲ့နှုန်းကြွေတဲ့၊ ပညာဆိုတာ ဘယ်ပညာမဆို ကောင်းတယ်၊ မှတ်ထား အေးကွာ...ငါလည်း လောကဓာတ် ကျောင်း ပြန်ထောင်ပေးဖို့ ကြိုးစားတာပဲ၊ ခုထိမအောင်မြင်သေးဘူး ကွ၊ ကာလကြီးလည်း မကောင်းပါဘူးကွာ"

ဆရာတော်သည် စိတ်မချမ်းမြေ့စွာနှင့် ရွာအကြောင်း ပြောပြသည်။

ရွာဟစ်ဝိုက်၌ ခိုးသားဓားပြထူကြောင်း၊ နွားခိုးမှုအလွန် များကြောင်း၊ သေရည်သေရက်သောက်စားသူ ပေါလာကြောင်း စသည်ဖြစ်သည်။

ဆရာကိုအုန်းဖေအကြောင်း ပြောသောအခါ၌ ဆရာတော် ၏ အသံမှာအနည်းငယ်တုန်ယင်နေသည်။

"မင်းဆရာ အုန်းဖေဟော့ သိပ်မိုက်သကွယ်...၊ ငါသူ့ ကို စာသင်ပေးပြီး မြို့ရွာကော်မတီတွေဆီမေတ္တာရပ်ခံပြီး လောက ဓာတ် စာသင်စေသကွဲ့၊ ပြီးတော့ ဆရာဖြစ်သင် အောင်၊ အောင်လည်း ငါပဲကြိုးဆောင်ပေးသကွဲ့၊ ငါ့ကျောင်းဝင်းထဲလောက ဓာတ်ကျောင်း ဖြစ်အောင်လည်းငါစွမ်းဆောင်ပေးသကွဲ့၊ ဒါပေမဲ့ အင်းအခုတော့ ဘာသာရေးဆိုတာဘိန်းတဲ့...၊ ဗုဒ္ဓဘုရားရှင်ဟာ လူညာကြီးတဲ့၊ အသည်းလည်း နာသကွာ၊ အိမ်း...မင်းလည်း လောကဓာတ် စာသင်ပြီး ရတနာသုံးပါးတော့ မပြစ်မှားနဲ့ ကြားလား"

ဆရာတော်သည် စိတ်ရှိသမျှ မြွက်ကြားပြီး ဘွမ်းခံချိန် ရောက်သဖြင့် သင်္ကန်းရုံရန် အတွင်းခန်းသို့ ကြွတော်မူသည်။

ကျွန်တော်သည် ဆရာတော်ကို ဦးချပြီး ရွာတွင်းပြန်ထွက် ခဲ့သည်။



ကျောင်းမှအထွက်၌ ဦးလေးပုကြီး၏ နေ့ရာဆိုင်ကြည့် ခဲ့သေးသည်။ ဦးလေးပုကြီးကို မတွေ့...၊ နောင်မှဦးလေးပုကို ဦးလေးပုညီ...ဂုဏ်ဝင်ခန့်ကောက် ဦးခေါင်လေးက လာခေါ်သွား သဖြင့်အောက်ပြည်လျင်မြို့သို့ ရောက်နေကြောင်း ကြားသိရ သည်။

(ဦးလေးပုသည် ယနေ့တိုင်ရန်ကုန်မြို့၌ အသက်ရှင်လျက် ရှိသေးသည်။ သူ့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဒါဖရင် ဆေးရုံအမှုထမ်းအားလုံးသိကြသည်၊ ဦးလေးပု၌ ဦးလေးဦးမောင် လေးအပြင် ဒေါက်တာသိန်းခေါ် ညီကစ်ယောက် ရှိသေးသော ကြောင့်တည်း။)

ကျွန်တော်သည် ထိုနေ့ နံနက်စာကို ဘထွေးလေးတို့ အိမ်၌ စားသည်။

ထမင်းစားပြီးနောက် ဘထွေးခါတည်ရန် ပြင်ဆင်နေ သည်ကို ထေးမှကြည့်နေမိ၏။

ငန်းကန်ခွက်ရောက်များဆေးကြောပြီးသော အရိုးလေး သည် ခြံဝထွက်၍ တစ်စုံတစ်ယောက်ကို မျှော်နေသည်။

မကြာမီ အရိုးလေး ကျွန်တော့်ထံ ပြေးလာသည်။

"ဟဲ့...ကောင် ငယ်လေး၊ ဟိုမှာ နင့်အဆက်လာနေပြီ"

ကျွန်တော့် အသည်းနှလုံးသည် လည်ချောင်းအထိ ခုန် တက်လာလေသည်လော မှတ်ရလောက်အောင် ဆောင့်တုန်သွား သည်။

မြို့ပြင်ရွာလမ်း၌ ကြော့ရှင်းသော မိန်းမပျို တစ်ဦးသည် လျှောက်လာနေ၏။

မယဉ်နွယ်...မယဉ်နွယ်။

ကျွန်တော့်ရင်များ ပိုခုန်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မယဉ်နွယ်သည် ဏ္ဍမြွေမပူက် အိမ်ဘက်လှည့်မကြည့်ဘဲ ခြေလှမ်းမှန်မှန်လျှောက်လာနေသည်။

"ဟေး… မယဉ်နွယ်… ဘယ်လဲ၊ အရိုးလေးတို့အိမ် လည်း… ဝင်ကောင်းပါတယ်ဇော်"

အရိုးလေးက လှမ်းအသံပြုသဖြင့် မယဉ်နွယ်ခြေလှမ်း တုန့်သွားသည်၊ ခေတ္တသော် မယဉ်နွယ်သည် ရှေ့ဆက်ရ ကောင်းနိုး …ခြံတွင်းဝင်ရကောင်းနိုးနှင့် ချီတုံချတုံဖြစ်နေ၏။

အလိုက်သိသော အရိုးလေးက ခြံပြင်ထွက်ကာ မယဉ်နွယ် ကို ဆွဲခေါ်ခဲ့သည်။

ခြံတွင်းရောက်မှ အရိုးလေးက လေသံတိုးတိုးဖြင့်ဆိုသည်။

"မယဉ်နွယ်…ဟိုမှာသန့်ဇင်…ငယ်လေး မယဉ်နွယ်"

ကျွန်တော်တို့ နှစ်ဦးသည် တစ်ဦးကို တစ်ဦး တုန်ရီ ချောက်ချားစွာ ရပ်ကြည့်နေမိသည်။

မယဉ်နွယ် မယဉ်နွယ်၊ ကွဲကွာခဲ့ရသော နှစ် လများအတွင်း ကျွန်တော်တမ်းတခဲ့ရသော မယဉ်နွယ်။

ယခုတွေ့ကြပြန်တော့လည်း ဘယ်ကစ နှုတ်ဆက်ရမည် မသိ။

မယဉ်နွယ်နှင့် ကျွန်တော် ခွဲရစဉ်က ဆံတောက်ပျိုး … ယခုမူ ဆံတောက်သိမ်း၍ အုပ်လုံးသွင်းစ။

အုပ်လုံးမမီသေးသော ဆံယဉ်စများက နဖူးနှင့် နားသယ် တွင် ခွေခွေနွယ်နွယ် ကျဆင်းနေသည်။

ဖြူဖြူစင်စင်အဖြစ် ကျွန်တော့်အာရုံတွင် ထင်လေသော မယဉ်နွယ်သည် ယခုအခါ ဖြူစင်ရုံမက…ဝါဝင်းတင့်ရှန်းနေ၏။



အတန်ကြာမှ ကျွန်တော်က အားတင်း၍ ခေါ်သည်။ ကြိုးစား၍ အသံကျယ်ကျယ်ခေါ်လိုက်သော်လည်း လည်ချောင်းမှ လေသံသာထွက်လာ၏။

"မယဉ်နွယ်…"

မယဉ်နွယ်က ရုတ်တရက်မထူး၊ ပါးမို့မို့များထက် ရှက်သွေး နီရဲနေသည်ကို မြင်ရ၏။ မျက်လုံးပြာများက ကျွန်တော့်ကို ကွက်ခနဲကြည့်သည်။ ထို့နောက် မြေသို့စိုက်လေပြီးမှ တစ်ခါ ကျွန်တော့်ကို ကြည့်ပြန်သည်။

"မယဉ်နွယ်…"

ကျွန်တော်က ထပ်ခေါ်မိသည်။

မယဉ်နွယ်၏ ပါးထက်ရှက်သွေးမပျောက် သို့ရာတွင် ပါးချိုင့်ကလေးပေါ်အောင် ပြုံးသည်။ ပြုံးရင်းလည်း ထူးသည်။

"သန့်ဇင်…"

ကျွန်တော်က ဘာစကားဆက်ပြောရမှန်းမသိ၊ မယဉ်နွယ် ကလည်း မျက်လွှာကလေးချကာနေသည်။

ကျွန်တော်တို့အခက်အခဲကို ရိပ်မိဟန် အရိုးလေးက ဝင် ကူ၏။

"လာကြဟယ်…နင်တို့က မဟာတကျိုး၊ လာ…လာ… အပေါ်ထပ်ကို"

ကျွန်တော်က အလိုက်သိသော အရိုးလေးကို ကျေးဇူး တင်မိသည်။

မယဉ်နွယ်က အနည်းငယ်တွန့်ဆိုင်းနေ၏။

သတ္တိမသိမသာ ပြန်ဝင်လာသော ကျွန်တော်က ရှေ့ဆီးစွာ ရဲရဲတင်းတင်းဖိတ်ခေါ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒါပါ... မယဉ်နွယ်... တို့ အေးအေးဆေးဆေး စကားမပြောကြရအောင်"

"မယဉ်နွယ်သည် မျက်တောင်ကော့များလှန်၍ ကျွန်တော့်ကို တစ်ချက်ပြန်ကြည့်သည်၊ ငြင်းတော့မငြင်း။

ကျွန်တော်က ရှေ့မှနေ၍ အိမ်ပေါ်ကတက်ခဲ့သည်၊ မယဉ်နွယ်က အရိုးလေးနှင့်အတူ နောက်မှလိုက်လာသည်။

အိမ်ပေါ်တွင် ထိုင်မိကြသောအခါ အရိုးလေးက မီးဖိုချောင်ဘက်ဆီ ထွက်သွား၏။

အရိုးလေးတို့အပေါ်ထပ် ကြမ်းခင်းထားသည်မှာ နှစ်ဆင့်ဖြစ်သည်၊ အောက်ဆင့်မှာ ဒီနပ်ချုတ်ဖြစ်၍ အပေါ်ဆင့်မှာ ဖိနပ်ချုတ်ထက် တစ်တောင်ခန့်မြင့်သည်။

မယဉ်နွယ်သည် အပေါ်ဆင့်၌ထိုင်ရင်း ခြေထောက်များကို ဖိနပ်ချွတ်သို့ချထားသည်ဖြစ်ရာ ရွှေခြေကျင်းများပေါ်အောင် မြင်ရသည်။

မယဉ်နွယ်က မျက်လွှာချထားသဖြင့်၊ ကျွန်တော်က မယဉ်နွယ်ခြေထောက်ကလေးများကို စူးစိုက်ကြည့်နေမိသည်။

ဝါဝင်းသော ခြေထောက်ကလေးများက ရွှေခြေကျင်းနှင့် လိုက်ဖက် တင့်ရွှန်းနေသည်၊ ခြေသည်းလေးများမှာ ပန်းနုရောင်ပြေး၍ ခြေဖမိုးထက် အကြောစိမ်းလေးများကို ထင်ရှားစွာ တွေ့မြင်နိုင် သည်။

ဤခြေထောက်လေးများကို တစ်ကြိမ်က ရဲရဲတင်းတင်း ကိုင်၍ ဖုန်သိပ်ပေးခဲ့သည်ကို သတိရမိ၏။ ယခုအခါ ထိုစဉ်က ရဲတင်းသော သတ္တိများ ဘယ်ဆီရောက်နေပါသနည်း၊ ဘယ်ဆီ ရောက်နေပါသနည်း...။



ကျွန်တော်က ငြိမ်လွန်းသောဖြင့် မယဉ်နွယ်သည် အနေအထိုင်ကျပ်ဟန် စကားမရှိ စကားရှာကြဟန်ရှိ၏။

"သန့်ဇင်... နင်ဘယ်ကုန်းက ပြန်ရောက်လဲဟင်"

"ငါမနေ့ညက ရောက်တယ်"

"ပေါင်းတည်နဲ့ဒီက အဝေးကြီးလား"

"သိပ်မဝေးပါဘူး...မိုင်ခြောက်ဆယ်လောက်ပဲ ရှိမယ်"

"မိုင်ခြောက်ဆယ်ဆိုတာ အဝေးကြီးပေါ့"

"မဝေးပါဘူး မယဉ်နွယ်ရယ်...ရန်ကုန်ဆိုရင် ဒီကနေ မိုင်နှစ်ရာ လောက်ရှိတယ်၊ အဲဒါတောင်လူတွေ သွားနေကြတာပဲ"

"နင်ရန်ကုန်ရောက်ဖူးလား"

"ရောက်ဖူးတယ်မယဉ်နွယ်...ဟိုတလောက အထွေထွေ သပိတ်ကြီး မလုန်ခင် တို့ကျောင်းက သမဂ္ဂကိုယ်စားလှယ်အဖြစ်နဲ့ ငါသွားရတယ်..."

"အဲ ဒီသပိတ်ကြီးဆိုတာဘာလဲ"

" သပိတ်မှောက်တယ်ဆိုတာ ... အစိုးရကို အာဏာ ဖီဆန်တာ တစ်မျိုးပေါ့၊ ဒီတစ်ခါ ...ပုလိပ်တွေကပါ သပိတ်မှောက် လို့ အင်္ဂလိပ်ဘုရင်ခံအရှုံးပေးပြီး ဗိုလ်ချုပ်အောင်ဆန်းကို အစိုးရ သစ်ဖွဲ့ခိုင်းရတယ်၊ တို့...လွတ်လပ်ရေးရခါနီးပြီ မယဉ်နွယ်"

မယဉ်နွယ်သည် ကျွန်တော့်အား တအံ့တသြမော့ကြည့်သည်၊ ကျွန်တော်ပြောသော စကားများကို မယဉ်နွယ် အားလုံး ကုန်နားလည်ဟန်တော့မတူ။ သို့ရာတွင် မယဉ်နွယ်၏ မျက်လုံးများက ကျွန်တော့်ကို အထင်ကြီးချီးကျူးသည့် အတွင်းစိတ် ထားကို ဖော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သန့်ဇင်... နှင်ခုထိ ဒါတွေလုပ်တုန်းပဲနော်...နှင်သိပ်သတ္တိကောင်းတာပဲ"

အရီးလေးသည် လက်ဖက်သုတ်နှင့် အကြမ်းအိုးလာချပေးသည်။

" စားသောက်ရင်း စကားပြောကြအုံး အရီးလေးသောက်ရေ ငင်လိုက်ဦးမယ်"

အရီးလေး တမင်ရှောင်ထွက်သွားမှန်း ကျွန်တော်ရိပ်မိသည်။ မယဉ်နွယ်လည်း ရိပ်မိပေလိမ့်မည်ထင်သည်။ သို့ရာတွင် စကားအတန် ပြောမိကြပြီဖြစ်၍ မယဉ်နွယ်ရော ကျွန်တော်ပါ တွေ့စကလောက် တစ်ဦးကို တစ်ဦး မရှက်ကြတော့။

"နှင်မနှစ်ကနွေကဘာလို့ ပြန်မလာလဲသန့်ဇင် အရီးလေးတို့ပြောလို့ ငါက နှင်ပြန်ဦးမလားလို့"

"ငါလည်း ပြန်လာချင်လို့ တစ်ပိုင်းကို သေနေတာပဲ မယဉ်နွယ်... ကျောင်းပိတ်တုန်း စာကြိုးစားစရာရှိနေလို့"

မယဉ်နွယ်၏မျက်နှာ၌ ကျွန်တော်အမျိုးအမည် မသိသော အပြုံးကလေးတစ်ခုပေါ်လာသည်။

"နှင်ဘာပြုံးတာလဲ မယဉ်နွယ်"

"ဩော်... မြို့မှာ နေရတဲ့လူက တောကို ပြန်ချင်လို့ တစ်ပိုင်းသေနေတယ်ဆိုလို့ပါ"

"နှင်...ငါပြောတာကို မယုံဘူးလား"

"ငါမယုံဘူးလို့ မပြောပါဘူး"

ကျွန်တော်က မယဉ်နွယ်၏အဖြေကို မကျေနပ်၊ ထိုကြောင့် အိတ်တွင်း၌ သွားလေရာပါသော ပစ္စည်းများကို ထုတ်ပြသည်။



"ဒီမှာကြည့်စမ်း မယဉ်နွယ်...နှင့်ဆွဲကြိုးလေးနဲ့ လက်ကိုင်ပဝါလေးလေ"

မမျှော်လင့်သည်တို့ကို တွေ့ရသဖြင့် ပထမသော် မယဉ်နွယ် အံ့အားသင့်သွားသည်၊ ခဏ၌မူ မျက်နှာဖွေးဖွေးလေး၌ ရှက်သွေးများပြန့်ဖျန်းလာသသည်။

"နှင် ဒါကို ခုထိသိမ်းထားတုန်းပဲလား သန့်ဇင်"

"သိမ်းထားရတာပေါ့ မယဉ်နွယ်... ဒါတွေဟာ နှင့်ကိုယ်စားတွေပဲ...နှင့်ကိုလည်း ငါတစ်နေ့မှ မမေ့ဘူး"

မယဉ်နွယ်က မျက်လွှာချထားရာမှ မျက်တောင်များပင့်၍ ကျွန်တော့်ကို သိမ်မွေ့ နူးညံ့စွာ စိုက်ကြည့်သည်။ ကျွန်တော်ကလည်း မယဉ်နွယ်၏မျက်လုံးများကို ပြန်ငေးစိုက်ကြည့်နေမိသည်။

တစ်သက်ပယ် လူချင်းမျက်လုံးချင်းဆိုင်၍ ကျွန်တော် မကြာခဏကြည့်ဖူးသည်။ သို့ရာတွင် ယခုမယဉ်နွယ်နှင့် မျက်လုံးချင်းဆိုင်မိစဉ် ရင်၌ခံစားရသော ဝေဒနာမျိုးကို တစ်ကြိမ်မျှ မခံစားဖူး။

ရင်၌ စိမ့်ခြင်း၊ အေးခြင်း၊ နွေးခြင်း၊ ဟာခြင်း၊ ဖိုခြင်းတို့သည် တစ်လှည့်စီလှုပ်ရှားနေသည်၊ ကြာကြာကြည့်မိပြန်တော့ ရှက်သလို သနားသလို ဘာလိုလိုဖြစ်မိသည်။ သို့ရာတွင် မျက်လုံးများကိုမူလွှဲဖယ်၍ မရ။ ရင်မှဝေဒနာသံသရာမှာလည်း ထပ်ကာလည်လျက်ရှိသည်။

ဆိုင်မိနေကြသော မျက်လုံးများကို လွှဲဖယ်မိကြသည်။ နောက် ရင်မှာတဒိုင်းဒိုင်းခုန်၍ မောနေသည်။ လည်ချောင်း၌လည်း ဆို့နင့်ပြည့်ကျပ်နေ၏။ ကိုယ်လက်များ တုန်ယင်ကာ ချွေးစေးများလည်း စြန့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မယဉ်နွယ်၏ မှိုဖောက်သောရင်များ မြင့်ချီနိမ့်ချီ လှုပ်ရှားနေသည်ကိုလည်း ကျွန်တော်သတိပြုမိသည်။ ဖြူဝင်းသန့်စင်သော မယဉ်နွယ်၏ လည်တိုင်အခြေ၌ တဆတ်ဆတ်သွေးတိုးခုန်လှုပ်နေခြင်းကိုလည်း မြင်မိသည်။

အတန်ကြာမှ ခြောက်ကပ်နေသော လည်ချောင်းကို ကျွန်တော်က တံတွေးမျိုချစိုစေပြီး စကားကြိုးစားပြောရ၏။

"ရွာကို...နို့မို့ရင် ပြန်ချင်စရာ အကြောင်းမရှိပါဘူး မယဉ်နွယ် ရွာပြန်ရောက်ရင်...ကြိုမည့် ငါ့အမေ, မရှိတော့ဘူး မဟုတ်လား"

ပြောရင်း ကျွန်တော်သည် အမှန်တကယ်ဝမ်းနည်းလာသည်။

အမေ, မရှိတဲ့ ရွာကိုပြန်လာရတဲ့ သားတစ်ယောက်ရဲ့ ဒုက္ခကို နင်နားလည်မှာမဟုတ်ဘူး မယဉ်နွယ်၊ ရောက်စ ညက ငါ...ငိုမိသေးတယ်"

မယဉ်နွယ်ကလည်း မျက်ရည်ဝဲလာသည်။

"ငါနားလည်ပါတယ်သန့်ဇင်...၊ ဒေါ်လေးပန်းဝါအတွက်ကော...နင့်အတွက်ကော ငါလည်းငိုမိပါတယ်၊ အေးလေ နင့်စကား ဆက်ပါဦး"

"ငါဆက်မည့် စကားကိုကြားရင် နင်စိတ်ဆိုးမလား မယဉ်နွယ်"

မယဉ်နွယ်သည် စိတ်တွင်းဖြူစင်သည့် ကလေးငယ်ပမာ ကျွန်တော့်ကို မော့ကြည့်ရင်းဖြေသည်။

"ငါက နင့်ကိုဘာဖြစ်လို့ စိတ်ဆိုးရမှာလဲသန့်ဇင်"

"နင်စိတ်မဆိုးရင် ငါပြောပြပါမယ်၊ ဒီရွာကို ငါပြန်လာတာ နင့်ကို တွေ့ချင်လွန်းလို့ပဲ"



မယဉ်နွယ်က မျက်လုံးတွင် မျက်ရည်ဝိုင်းရင်း...တောက်ပစွာ ပြုံးလျက်မေး၏။

"နင်တကယ်ပြောသလားသန့်ဇင်၊ ငါ့ကိုနင်တကယ်တွေ့ချင်တယ် ဟုတ်လား"

"နင့်ကိုဘာလို့ ငါညာရမှာလဲမယဉ်နွယ်"

ပထမဦးစွာ မယဉ်နွယ်၏မျက်နှာ၌ ကလေးဘဝက ကဲ့သို့ လွတ်လပ်ရွှင်လန်းသောအပြုံးကို ကျွန်တော်မြင်ရသည်။

"သန့်ဇင်...နင်ဒီစကားကို ခဏခဏပြောတယ်"

"ဒီစကားအပြင် အရင်ပြောခဲ့တဲ့ စကားတွေကို နင်မှတ်မိသေးသလားဟင်...မယဉ်နွယ်"

"နင်က အများကြီးပြောခဲ့တာပဲ၊ ငါ ဘယ်လိုလုပ်မှတ်မလဲ"

"အများကြီး ပြောခဲ့တာတော့ ဟုတ်တယ်။ ဒါပေမဲ့ တစ်ခုတော့ ငါသေသေချာချာပြောခဲ့တယ်"

"ဘယ်ဟာလဲ"

"တို့ကြီးလာရင် ဆရာနဲ့ မမရှင်လို ချစ်သူတွေ ဖြစ်ကြမယ်ဆိုတာလေ"

"အို..."

ဤအကြိမ်တွင် မယဉ်နွယ်မှာ ပါးတွင်မက တစ်မျက်နှာလုံးနီရဲသွားသည်။

"ဒါကြောင့်... ငါအစကတည်းက စကားခံခဲ့တယ်။ ဒီစကား ကြားရင် နင်စိတ်ဆိုးမယ်လို့ ငါ့ကိုနင် အခုစိတ်ဆိုးသွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



မယဉ်နွယ်သည် မဖြေ၊ ခေါင်းကို ငုံ့ထားသော်လည်း စိတ်ဆိုးဟန်မပြ။

ကျွန်တော်က အရဲစွန့်၍ မယဉ်နွယ်၏ လက်ကလေးကို ဆွဲယူသည်။ မယဉ်နွယ်က မရုန်း ...၊ နှုတ်မှမူ တိုးတိုး တောင်းပန်ရှာသည်။

"သန့်ဇင် ...၊ ရှိခိုးပါရဲ့ဟယ်၊ လူတွေမြင်ကုန်ပါ့မယ် ... ငါ့လက်ကို လွှတ်ပါ"

"ဘယ်သူမှမမြင်ပါဘူးမယဉ်နွယ် ...၊ ငါမေးတာဖြေရင် နင့်လက်ကို လွှတ်မယ်"

"ဖြေပါ့မယ် ... လွှတ်ပါ၊ အို ... လွှတ်ပါဆိုမှ"

"ငါမေးတာဖြေရင် လွှတ်မယ်လို့ ပြောတယ်၊ မဟုတ်လား"

"လွှတ်ပါဟာ ဖြေပါ့မယ်၊ နင်က ... မေးလည်းမမေးဘဲနဲ့"

မယဉ်နွယ်၏ တစ်ကိုယ်လုံးမှာ ဆတ်ဆတ်တုန်နေသည်။ မျက်လုံး၌ မျက်ရည်များ ပြည့်လျှံနေ၏။

ကျွန်တော်က မယဉ်နွယ်၏ လက်ကလေးကို လွှတ်လိုက်သည်။

မယဉ်နွယ်က ကျွန်တော်နှင့် ဝေးအောင် အနည်းငယ် ရွှေ့ထိုင်သည်။ မျက်နှာလေးကိုလည်း အနည်းငယ်စူထားသည်။

"ကဲ ... ငါမပြောဘူးလား၊ နင်စိတ်ဆိုးမှာလို့"

မယဉ်နွယ်က ကျွန်တော့်ကို ချစ်စဖွယ်မျက်စောင်းလေး ထိုးသည်။

"နင်တော်တော် ဝိတယ် သန့်ဇင် ...၊ နင့်ကို ဘယ်သူက စိတ်ဆိုးလို့လဲ"

"စိတ်သာ မဆိုးတယ်၊ ဘာလို့မျက်စောင်းထိုးလဲ"



မယဉ်နွယ်က ထပ်မျက်စောင်းထိုးပြန်သည်။

"မုန်းလို့ ... ကဲ"

မုန်းသည်ဆိုသော်လည်း မယဉ်နွယ်၏ မျက်နှာ၌ အရှက်နှင့် အပြုံးရောနေသည်။

ကျွန်တော်ကသာ စကားမဆိုနိုင်ဘဲ ပါးကြောစိမ်းစိမ်းနှင့် ရှိန်းမြနေသော သူ့မျက်နှာလေးကို ငေးစိုက်ကြည့်နေမိသည်။

"ကဲ ... မေးမယ်ဆို မေးလေ၊ ဒီက ပြန်ရအုံးမယ်၊ တော်တော်ကြာ ... ကြာလို့ အမလိုက်လာဦးမယ်"

ကျွန်တော်ကမမေး၊ ကျွန်တော့်ခေါင်းတွင်း၌ ဉာဏ်နီဉာဏ်နက်တို့ဝင်လာသောကြောင့်တည်း။

"ငါအခု မမေးတော့ဘူး၊ ညကျမှ မေးမယ်"

"အို ... ညကျမှ"

မယဉ်နွယ်အကြီးအကျယ်ထိတ်လန့်သွားသည်။

ကျွန်တော်က မျက်နှာပိုးသပ်၍ တည်ကြည်စွာ ဆိုရသည်။

"နားထောင်စမ်း မယဉ်နွယ်၊ နင့်ကို အထိမ်းအမှတ် ပေးချင်လွန်းလို့ ငါမြို့ကပစ္စည်းလေးတွေ ယူလာတယ်၊ ငါ့မုန့်ဖိုးထဲက အငတ်ခံ စုဝယ်လာတဲ့ ပစ္စည်းတွေ"

မယဉ်နွယ်၏ ထိတ်လန့်သော မျက်နှာလေးမှာ ကြေကွဲညှိုးနွမ်းလာသည်။

"နင်ငါ့ကို ဘာလို့အကျပ်ကိုင်ချင်ရတာလဲ သန့်ဇင် ...၊ နင်ပေးချင် အခုပေးပါလား"

"အခုမပေးနိုင်ဘူး မယဉ်နွယ်၊ တို့ပေးဂေျ နေရာမှာမှ ပေးမယ် ..."

မယဉ်နွယ်က ခေါင်းကလေးခါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာ သန့်ဇင်ရယ် တို့ကလေးတွေမှ မဟုတ်တော့ဘဲ"

"တို့ကလေးတွေမဟုတ်လို့ ပိုဖြစ်နိုင်ရမယ် မဟုတ်လား"

မယဉ်နွယ်က ခေါင်းကို တွင်တွင်ခါသည်။

"ရှက်စရာကြီး သန့်ဇင်ရယ်၊ လူတွေ မိုက္ခနဲ့လို့ ကျော်မကောင်း ကြားမကောင်း"

ကျွန်တော်က ဖွတ်ဆက်တောင်းဆိုသည်။ မယဉ်နွယ်က အကြောက်အကန်ငြင်းသည်။

ထိုအခိုက်တွင်ပင် အရီးလေးကရေအိုးရွက်၍ ခြံဝသို့ ပြန်ရောက်လာသည်။

"သန့်ဇင် အရီးလေးပြန်ရောက်လာပြီ၊ ငါလည်းပြန်တော့မယ်၊ နင့်ပစ္စည်းတွေ နောက်မှပေးပေါ့ဟုတ်လား..."

မယဉ်နွယ်က ပြုံးရင်း ချော့မော့သောလေသံနှင့် ဆိုသည်။

ကျွန်တော်က နောက်ဆုံးနိုင်ချက်ကို ကိုင်သည်။

"ကောင်းပါပြီ မယဉ်နွယ်...၊ နင့်သဘောပါပဲ၊ ဒါပေမဲ့ နင်ဆင်းလာလာ မလာလာ၊ ငါတော့ သန်းခေါင်တီတီမှာ ခြံထဲလာခဲ့မယ်၊ နင်ဆင်းမလာလည်း ငါ့ပစ္စည်းတွေ ငါယူပြီး မြို့ပြန်သွားတော့မယ်၊ ဒီရွာကိုလည်း ငါတစ်သက်ပြန်မလာဘူး၊ ငါ့မျက်နှာကိုလည်း နင်တစ်သက်မမြင်စေရဘူး"

မိန်းကလေးတို့၏စိတ်သည် နူးညံ့လွန်းသည်၊ မိန်းမမာယာ သဲကိုးမျှာဟု မတရားဆိုစကားရှိသော်လည်း စင်စစ်မာယာများ သူမှာ ကျွန်တော်တို့ ယောကျ်ားများသာတကား၊ ယုံလျှင် ပုံမိ တတ်၍ ပုံမိအောင်လည်း ယုံတတ်ကြသော မိန်းမသားတို့၏ ပင်ကိုယ်ရိုးသားစိတ်ကို စာဆိုပညာရှိတို့ဘာကြောင့် အသိအမှတ် မပြုခဲ့ပါသနည်း။



ကျွန်တော်သုံးလိုက်သော လက်နက်သည် မယဉ်နွယ်၏ အသည်းနှလုံးကို စူးဖောက်တိရောက်သွားဟန်တူသည်။

မျက်နှာလေးညှိုးငယ်သွား၍ သနားစဖွယ်မေးသည်။

"သန့်ဇင် နင်တကယ်ပြောတာလား"

ကျွန်တော်က စိတ်ကိုတုံးတုံးချထားသော သူရဲကောင်း၏ ပြတ်သားသော ဟန်ပန်နှင့်ဖြေသည်။

"နင့်ကို ငါဘယ်တုန်းက လိမ်ဖူးလို့လဲ မယဉ်နွယ်"

မယဉ်နွယ်သည် အိမ်ဆီလာနေသော အရီးလေးကို တစ်ချက်လှမ်းကြည့်ပြီး ကတိုက်ကရိုက်တိုးတိုးဆိုသည်။

"သန့်ဇင်...နင်အရင်ဝင်တဲ့ ခွေးတိုးပေါက် မရှိတော့ဘူး ဘယ်နယ်လုပ်မလဲ..."

"ကိစ္စမရှိဘူး၊ အရင်သရက်ပင်ကြီး ရှိသေးလား"

"ရှိသေးတယ်..."

"သန်းခေါင်လောက်ကျနင်စောင့်နေ၊ ငါကြိုးယူခဲ့မယ် သစ်ကိုင်းကိုကျော်ပြီး ငါကြိုးပစ်ပေးမယ်၊ နင်က အထဲက သစ်ပင်တစ်ပင်မှာ ချည်ထား"

အရီးလေးသည် အိမ်ပေါ်ရောက်လာ၍ မချိုမချဉ်မျက်နှာထားဖြင့် ကျွန်တော်တို့အားကြည့်သည်။

မယဉ်နွယ်သည် ရှက်ကိုးရှက်ကန်းဖြင့် "အရီးလေး ကျွန်မ ပြန်တော့မယ်"ဟု မသေမသပ်နှုတ်ဆက်ကာ အိမ်ပေါ်မှ ဆင်းပြေးသည်။

အရီးလေးက သူချပေးခဲ့သော လက်ဖက်ခွက်ကို ကြည့်သည်၊ လက်ဖက်ခွက်က အရာမယွင်း။

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း လက်ဖက်တောင်အရာမယွင်းဘူး၊ လက်ဖက်ထက် ကောင်းတာတွေ နေကြတယ်ဟုတ်လား"

"အရီးလေးကလည်းတောက်တီးတောက်တဲ့တွေ ပြောနေပြန်ပြီ၊ ကျွန်တော်တို့ စကားကောင်းနေလို့ပါ"

အရီးလေးသည် မေးငေါ့မျက်နှာမဲ့၍ သူကြားဖူးသော ရှေးဓာတ်ရှင်တစ်ခုမှ သီချင်းနှင့် ကျွန်တော့်ကို ခနဲ့သည်။

**"စကားလက်ဆုံ၊ ပြောလို့မကုန် ချစ်ခြင်းပီယ လောကဤလူ့ဘုံ"**

◆

အရီးလေးဆိုသကဲ့သို့ ထိုညဌ် ကျွန်တော်တို့ စကားလက်ဆုံ ပြော၍မကုန်နိုင်ခဲ့…။

ချိန်းသည့်ညကျမှ မြို့မငြိမ်းရေးသကဲ့သို့ ငွေလရောင်သည် လူတွင်ကျယ်လုပ်ကာ ထိန့်ထိန့်သာနေ၏။ သစ်ပင်ရိပ်ကိုသာ အားကိုး ပြုထားရတော့မည်ဖြစ်၏။

ကျွန်တော်က ဘထွေးနှင့်အတူ ဘထွေးစိတ်ကျေနပ်အောင် ညနေဌ် အဟုပုပ္ပားလိုက်ဖွပ်သည်၊ အရက်တော့မှုဘထွေး တိုက်တွန်းသည့်ကြားမှ မသောက်တော့…။

ဘထွေးကိုယ်တိုင်ချက်ကျွေးသော ယုန်သားဆီပြန်နှင့် ဆီးသီးမှည့်ခြောက် ချဉ်ရေဟင်းတို့ဖြင့် ညစာကို အားရအောင်စားပြီး ကိုဗိုလ်ကျော်ရှိန်တို့၏ ပြည်သူ့ရဲဘော်တပ်ဖွဲ့ရုံး၌ သွားအချိန်ဖြုန်းသည်။

ကိုဗိုလ်ကျော်ရှိန်မှာ ပြည်သူ့ရဲဘော်ယူနီဖောင်း၊ ဘယ်ကရထားမှန်းမသိသော ဂျပန်ဓားရှည်ကြီးနှင့် အလွန်ခံ့ညားနေ၏။



သူက တစ်ညဦးလုံး သူ့ဘဝသမိုင်း အတ်သမှု စစ်ပညာတို့ကို ကျွန်တော်တို့အား မြိန်ရေရှက်ရေရှင်းပြနေသည်။

မိချောင်းတွား တက်နည်း၊ ဘဲနက်ထိုးနည်း၊ ညတိုက်ပွဲအကြောင်း၊ မြို့တွင်း တိုက်ပွဲအကြောင်း၊ ပျောက်ကျားစနစ်စုံလှသည်၊ သူ့စစ်ပညာများအကြောင်းပြောရာမှ အချက်ကျလျှင်အားရပါးရဟာစ်အော်အမိန့်ပေးရှင်းလင်းပြောသည်။

"ဘယ်တောင်ပန်တက်၊ ညာတောင်ပန်ကာကွယ်ပစ်"

ကျွန်တော့်အတွက်တော့ အပျင်းပြေခဲ့သည်။

ကိုဗိုလ်ကျော်ရှိန်သည် သူပြောသမျှကို အားရပါးရပြောပြီးမှ ကျွန်တော့်အကြောင်းမေးသည်။

"ငယ်လေး မင်းဘာပြန်လာလုပ်တာလဲ"

"ရွာလွမ်းလို့ပေါ့ဗျာ"

"တန်စမ်းပါ၊ မင်း မငုံကောင်မလေးလွမ်းလို့ မဟုတ်လား"

"ဟာဗျာ…ခင်ဗျားကြီးကလဲ"

ကိုဗိုလ်ကျော်ရှိန်သည် အားရပါးရ တဟားဟားရယ်သည်။

"ငယ်လေးရ…နင့်ကောင်မလေးက တကယ်ချောတာ…၊ နင်အဲဒါလေးကို လက်လွှတ်မခံနဲ့…ကြားလား…"

ကျွန်တော်က မပြောဘဲ ပြုံးနေသည်။

"အေး…မင်းက ပြုံးနေ၊ တော်တော်ကြာ ဟိုခွေးမသားကြီးလက်ပါသွားဦးမယ်"

"ဘယ်ခွေးမသားကြီးလဲ"

"ဘယ်ခွေးမသားကြီးရမလဲ၊ ဦးဆံနီပေါ့၊ အနေသူက ဝန်ထောက်တွေ ဘာတွေတောင်ဖြစ်နေပြီ၊ သူကြီးမိမိလည်း ခဏခဏ လာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘာသာသူလာကော ဘာဖြစ်သလဲ"

"ဟကောင်ရ…၊ ရိုးရိုးလာတာလို့ ငါမထင်ဘူး၊ အခု သူ့မိန်းမကလည်း သေသွားပြီ၊ မုဆိုးဖို၊ မယဉ်နွယ်ကိုလာချိန်နေတာပေါ့…"

ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

"ကိုငကျော်ရှိန်… ခင်ဗျားတကယ်ပြောတာလား…"

ကိုငပိုလ်ကျော်ရှိန်သည် တစ်စုံတစ်ခုကို မကျေနပ်သည့် ဟန်မျက်နှာရှုံ့တွသွားပြီး ပြော၏။

"ငယ်လေး…မင်းငါ့နာမည်ကြီး မခေါ်နဲ့တော့ကွာ"

ကျွန်တော်ကလည်း ယခုမှသတိရကာ အားနာပါးနာ ဖြစ်သွားသည်။

"ကျွန်တော်ကောင်းပန်ပါတယ်ဗျာ၊ နို့ဘယ်လိုခေါ်ရမလဲ"

"ငါ့နာမည်က အခုဗိုလ်ကျော်ရှိန်ကွ၊ မင်းကတော့ ဗိုလ် ထည့်မခေါ်ရင်နေကွာ၊ ကိုကျော်ရှိန်ဆိုတော်ပါပြီ"

"အေးဗျ…ကိုကျော်ရှိန်၊ ဒါထက် ခုနင်က ခင်ဗျားပြောတာ တကယ်လား"

"တကယ်ပြောတာပေါ့ ငယ်လေးရာ မင်း…ဒီပုလိပ်ဆိုတဲ့ ကောင်တွေ ဘယ်တုန်းက ကောင်းဖူးလို့လဲ"

"ဦးလေးထွန်းတို့လို ပုလိပ်ကောင်းတွေလည်းရှိပါတယ် ဗျာ…"

" အေးလေ ထားပါတော့၊ ဒီ ဆံနီဆိုတဲ့ ကောင်က ဘယ်တုန်းက ကောင်းဖူးလို့လဲ"

ဒါတော့မှန်သည်။



"ဒီတော့ …ငါပြောမယ်၊ ကောင်မလေးကို လက်လွှတ် မခံနဲ့၊ မင်းအလေးအနက်ထားချင်ရင် ငါ့ကိုပြော၊ ဒီနယ်မှာ မင်းအဘ ကလွဲပြီး ငါ့ဆီအကုန်မီးသောတယ်"

ကျွန်တော်သည် ကိုကျော်ရှိန်ကို ကျေးဇူးတင်မိသွား သည်။ ကျွန်တော့်အတွက် ဗျာဒိ ယုံကြည်အားကိုးစရာ လူ တစ်ယောက်လို နေသည်။ ကိုကျော်ရှိန်သည် အနည်းငယ်ပေါ သော်လည်း ရိုးသား၍ သစ္စာရှိသည်။

ကျွန်တော်က ကိုကျော်ရှိန်ကို မယဉ်နွယ်နှင့် ကျွန်တော့် အကြောင်း အကျဉ်းချုံးပြောပြသည်။ ယနေ့ည သူကြီးအိမ်ဝင်း သို့ ကျွန်တော်ဝင်မည့်အကြောင်းလည်း ဖွင့်ဟဝန်ခံသည်။

ဤဝန်ခံချက်ကြောင့် အစစအဆင်ပြေသွားသည်။ သူကြီး ခြံဝင်းသို့ ကျွန်တော်ကပ်သောအခါ ကိုကျော်ရှိန်ကိုယ်တိုင် အဖော် လိုက်လာသည်။

ကျွန်တော်က အဆင်သင့်ယူလာသော ကြိုးထိပ်ခဲလုံး ချည်၍ သရက်ကိုင်းကိုကျော်ပစ်ပြီး ကြိုးကိုလျှောအောင် လျှော့ချ ပေးသည်။ တစ်ဖက်မှ ကြိုးစ, တင်းသွားသည့်ထောက်၍ မယဉ်နွယ် အဆင်သင့်စောင့်နေမှန်းသိသာသည်။

ကိုကျော်ရှိန်က "အစစစိတ်ချပါကွာ" ဟု ဆိုဟန် ခေါင်း ညိတ်ပြသဖြင့် ကျွန်တော်က ကြိုးစ,ကို ဆွဲကာ သရက်ကိုင်း ပေါ် တွယ်တက်ခဲ့သည်။ သရက်ကိုင်းပေါ်မှ ငုံ့ကြည့်သောအခါ ကိုကျော်ရှိန်သည် တာဝန်ကျေဖွာကြိုးစ,ကို ခြံပြင်ရှိ သစ်မြစ် တစ်ခုပေါ်၌ ချည်နေ၏။

ကိုကျော်ရှိန်လက်ပြမှ ကျွန်တော်က တစ်ဖက်ကြိုးအတိုင်း လျှောချကာ ခြံတွင်းဆင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံတွင်း၌ လရောင်ကြောင့်ထိန်နေ၏။ သရက်ပင် အောက်တွင်မူ အရိပ်ကောင်း၍ မှောင်နေသည်။

အမှောင်၌ ဖွေးဖွေးဖြူသော သဏ္ဌာန်လေးကို တွေ့သည်။

"မယဉ်နွယ်..."

မယဉ်နွယ်ကမထူး။ ကျွန်တော်အနားကပ် သွားသောအခါ ကိုယ်လေးမှာ ဆတ်ဆတ်တုန်နေရှာသည်။

"မယဉ်နွယ် ကြောက်နေသလား"

ကျွန်တော်က လေသံဖြင့် မေးရင်း မယဉ်နွယ်အပါးသို့ ကပ်သွားသည်။ မယဉ်နွယ်က ခြေတစ်လှမ်းဆုတ်သွား၏။

"သန့်ဇင်... နင် ပေးစရာရှိတာပေးလေ၊ ပြီးတော့... ပြန်တော့"

ကျွန်တော်သည် မယဉ်နွယ်ကို သနားသွားသည်။ ထို့ကြောင့် ရှေ့မတိုးတော့ဘဲ အဆင်သင့်ပါလာသော စက္ကူသေတ္တာလေးကို လှမ်းပေးသည်။

"အဲဒါ... ဘာတွေလဲ"

"ဖွင့်ကြည့်လေ မယဉ်နွယ်"

မယဉ်နွယ်က ခေတ္တတွေဝေနေပြီးနောက် သေတ္တာလေးကို ဖွင့်ကြည့်သည်။

"ဘာတွေလဲ...ငါမမြင်ရဘူး"

"နည်းနည်း လရောင်အောက် ထွက်ပြီး ကြည့်ပါလား"

မယဉ်နွယ်သည် လှမ်းထွက်ဘဲ သေတ္တာလေးကိုသာ လရောင်၌ ဖွင့်ကြည့်သည်။

"ဟယ်... လက်ကိုင်ပုဝါလေးတွေပါလား"

"ဟုတ်တယ် မယဉ်နွယ်၊ အရောင်စုံပဲ၊ တစ်ဒါဇင် ငါဝယ်လာခဲ့တယ်"



"တစ်ဒါဇင်တောင်...၊ မများဘူးလား..."

"မများပါဘူး မယဉ်နွယ်၊ သုံးထည်ကို နင့်လက်နဲ့ နင့်နာမည် ပန်းထိုးပြီး ငါ့ကို ပြန်ပေးပေါ့...ဟုတ်လား၊ နေအုံး အထဲမှာ...သေသေချာချာကြည့်စမ်း..."

မယဉ်နွယ်က သေတ္တာတွင်းသေသေချာချာကြည့်သည်။

"ဟော ဒါဘာလေးလဲဟင်၊ ရင်ထိုးလေး"

သူ့ဘာသာသူမေး၊ သူ့ဘာသာသူဖြေ၍ မယဉ်နွယ်သည် ကျောက်စိမ်းရင်ထိုးလေးကို ဝမ်းသာအားရကိုင်ကြည့်နေသည်။

"မယဉ်နွယ့် ဆွဲကြိုးလေး ငါ့ဆီမှာ ရှိတယ်လေ၊ ငါ့ကိုယ်စား ဒီရင်ထိုးလေးကို နင်ယူထားစေချင်လို့ ငါလုပ်ခဲ့တာ..."

မယဉ်နွယ်သည် လရောင်၌ဝင်းဝင်းလက်နေသော ရင်ထိုးလေးကို တယုတယကြည့်နေသည်။

ကျွန်တော်က ရင်ထိုးလေးကို မယဉ်နွယ်လက်မှ ယူပြီး သူ့လက်ဝဲရင်အုံဝယ် ကိုင်ထိုးပေးသည်။

ကျွန်တော်ထိုစဉ်၌ အမှတ်မထင်ပြုမိခြင်းဖြစ်သည်။ အစိမ်းသက်သက် မိန်းကလေးတစ်ယောက်အတွက် မည်သို့ရှိမည်ကို မတွေးခေါ်မိ။

ကျွန်တော်မော့ကြည့်လိုက်သောအခါ မယဉ်နွယ်သည် အသက်ရှူရပ်လျက် ကျွန်တော့်ကို ငေးကြည့်နေရှာသည်။

ကျွန်တော်ကိုယ်တိုင်ကလည်း အသက်ရှူရပ်သွားမိသည်။ မည်မျှကြာကြာအသက်ရှူရပ်နေမှန်းမသိ။

ကျွန်တော်လောကကို သတိပြုမိချိန်၌ မယဉ်နွယ်ကို ကျွန်တော့်ရင်ခွင်၌ တင်းကြပ်စွာ ပွေ့ထားလျက်ရှိသည်။ မယဉ်နွယ်က လည်းမရုန်း၊ မရုန်းသူကိုမှ ပိုတင်းအောင် ပွေ့ထားမိ၏။ ရင်ချင်းအပ်မိ၍ အသက်ရှူခြင်းကလည်း ရောနှော၏။

www.burmeseclassic.com

www.burmeseclassic.com



ဧပါကြီးရေမြွေ အညှိုးခံရသူတို့၏ အကြောင်းကို ကျွန်တော် ကြားဖူးသည်။ ကျွန်တော့်ရင်ခွင်ကြားမှ မော့မော့ကော့ကော့ ရှိနေရှာသူမယဉ်နွယ်မှာ ဧပါးကြီးမြွေအညှို့ခံသည့်ပမာ တူနေသည်။ ဧပါးကြီးမြွေညှို့ရာ၌ သားကောင်သည်သာ မလွှဲသာ မရှောင်သာရှိသည် ကြားဖူးသည်။ ယခုမူ မယဉ်နွယ်သာမက ကျွန်တော်ပါ မရုန်းနိုင် မရှောင်နိုင်...။

အမှန်မှာ မယဉ်နွယ်ရော ကျွန်တော်ပါ သုံးဆောင်ဝတ် စက်အကုန်နှင့်သာမုဒယာအဆိပ်ဟုန်ပြင်းသည့် ချစ်ခြင်းမြွေဧပါး ကြီး၏ အညှို့ဂယ် မတိမ်းမယိမ်းနိုင်အောင် အမိခံနေရသည့် သားကောင်များသာတည်း။

လပန်းလည်း ဆောင်းသဖြင့် သရက်ပင်ရိပ်လည်း ပြောင်းခဲ့သည်။

ကျွန်တော်နှင့် မယဉ်နွယ်က စံပယ်ရုံကြီးတစ်နေရာ ရောက်နေကြသည်။ စံပယ်ပန်းတို့လည်း လရောင်နှင့်ပြိုင် ဖွေးဖွေး ဖြူနေ၏။ ရနံ့တို့လည်း မွှေးမွှေးကြိုင်နေသည်။

လရောင်ဝယ် ရွှန်းလက်အေးကြည်သော မယဉ်နွယ်၏ ပါးနုနုမှ စံပယ်ပန်းထက်မွှေးသော ကိုယ်သင်းနံ့ကို ကျွန်တော် နမ်းရှုခဲ့ရပါ၏။

စကားလက်ဆုံပြော၍လည်း မကုန်ပါ။ တစ်နည်းအားဖြင့် မကုန်သော စကားတို့ကို ပြောမွယ်မလိုသည့် ကမ္ဘာဦးဘုံသစ်သို့ ကျွန်တော်တို့ ရောက်ရှိခဲ့ရပါသည်။

မဟာကပ်ကမ္ဘာဦး၌ ဗြဟ္မာတစ်ဖြစ်လဲ လူသားတို့ ရှိခဲ့ဖူး သည် ဆိုကြ၏။ ကြယ်ရောင်လရောင်ရောင်စုံသော တစ်ညဝယ် ကြည်အိပ်ရှိသအင်္ဂါ လက္ခဏာတို့ပြောင်းလေသော်...ကမ္ဘာဦးသူ လူသားတို့ကို မတွေ့ခြားလေသော ဓာတ်သဘာဝသည် မည်မျှ ဖမ်းစားလေသည်မသိ။



ရှေးယခင်က ညျုံရွှား ညျုံပြီ ညျုံမြေနေရာ၌ မယဉ်နွယ် နှင့် ကျွန်တော်အကြိမ်ကြိမ်တွေ့ခဲ့ဖူးသည်။ ယိုစဉ်က ကာမကမ္ဘာဦး မိုးသောက်စ နှင်းမှုန်မှုန်ကြောင့် ဘာသည်မျှ မသဲကွဲဘာကိုမျှ သတိမပြုမိ။

သဲကွဲ၍ သတိမမူမိသော ကြယ်တွေလတွေနှံသည့် ညျုံနေ့ည ကျခါမှ မတွေ့သောဓာတ်သဘာဝသည် မယဉ်နွယ်နှင့် ကျွန်တော့် ကို ကြောက်မက်ဖွယ် ဖမ်းထားပါ၏။ လွမ်းဆွတ်ဖွယ်ဖမ်းစား ပါ၏။

ကြောက်မက် လွမ်းဆွတ်ဖွယ်သော ညျုံဖမ်းစားမှုသည်ပင် မယဉ်နွယ်နှင့် ကျွန်တော့်ကို ကမ္ဘာဦးဘုံသစ်ဆီ ဆောင်ပို့ခဲ့သည်။

ကြောက်မက်လွမ်းဆွတ်ဖွယ် ဆောင်ပို့ခဲ့ပါ၏။

◆

(၁၈)

နောက်ဆုံးအိပ်မက်

နွေကုန်၍ ပေါင်းတည်ကျောင်း ပြန်ရောက်သောအခါ ကျွန်တော်သည်စာကို ခါတိုင်းထက်ပို၍ကြိုးစားသည်။

ရင်တွင်း၌မူ လွမ်းဆွေ့နှင့်အပူတစ်ပုံတစ်ခုကို သိုဝှက်ထား ရပါသည်။

အဖိုးတန်ရတနာတစ်ခုကို မပျောက်မပျက်ရန် အဝေး တစ်နေရာ၌ မြှုပ်ကွယ်ထိန်းသိမ်းထားရသော သူတစ်ဦး၏ခံစားမှု နှင့် ကျွန်တော့်ခံစားမှုသည် တူလှပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အဝေးဝယ် မပျောက်ပျက်ရန် ကျွန်တော်သိုဝှက်မြှုပ်ကွယ် ထိန်းသိမ်းထားရသည့် ရတနာမှာ မယဉ်နွယ်အတွက် ထားရှိသည့် ကျွန်တော့်အချစ်ပင် ဖြစ်ပါ၏။ ကျွန်တော့်အချစ်ဆိုသည်မှာလည်း ဖြူဝင်းဖန့်၍ ကြော့ရှင်းသန့်သော မယဉ်နွယ်ပင် တစ်ဖန်ဖြစ်နေပါ၏။

ကျွန်တော်ရှစ်တန်း၌ သင်နေဆဲဇူလိုင်လဝယ် ဗိုလ်ချုပ်အောင်ဆန်းနှင့်အပေါင်းပါ ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသဖြင့် တစ်ပြည်လုံးသိမ့်သိမ့်တုန်ခဲ့သည်။ ဒေါသနှင့်သောကရော၍ လူတိုင်း ဆောက်တည်ရာမရ ဖြစ်ခဲ့သည်။

ဒေါသနှင့် သောကတို့ ငြိမ်သော်...ခိုင်မာသော သန္နိဋ္ဌာန်တန်ခိုးသည် အစစအရာရာကို လွှမ်းမိုးပစ်လိုက်သည်။ ဤသန္နိဋ္ဌာန်တန်ခိုးဖြင့် တစ်ပြည်လုံးလွတ်လပ်ရေး မှန်ဦးဆီ တညီတညွတ်တည်း ချီတက်ကြသည်။

ကျွန်တော်သည် ကျောင်းသားသမဂ္ဂ ဒုတိယဥက္ကဋ္ဌလုပ်ရင်း ပြည်သူ့လှုပ်ရှားမှု၌လည်း ပါဝင်သည်။ စာကိုလည်း တစ်ဖက်က ဖိကြိုးစားသည်။

သနားဖွယ် ကောင်းသည်မှာ ဦးလေးထွန်းဖြစ်သည်။ တော်လှန်ရေးစဉ်က ဆောင်ရွက်မှုတို့ကြောင့် ရာထူးလျှော့ချခံရသည်။ ယခု သူ့မွေးစားသားပမာ ဖြစ်နေသောကျွန်တော်က ဗြိတိသျှအစိုးရကို ထိပ်တန်းမှ တော်လှန်နေသော ကျောင်းသားသမဂ္ဂခေါင်းဆောင်တစ်ဦး ဖြစ်နေပြန်၏။

ဦးလေးထွန်းက အင်ပီးရီး ရဲဘွဲ့ရ ဗြိတိသျှ အင်ပါယာသစ္စာတော်ခံ တမ်းဝင်ရာဇဝတ်ဝန်တို့၏ ဖိနှိပ်မှုကို ပမာမပြုဘဲ ကျွန်တော်လုပ်သမျှကို အားပေးသည်။

အမှန်စင်စစ် ထိုအချိန်က ကျွန်တော်တို့ လှုပ်ရှားသည်မှာ



မပြောပလောက်၊ တားမနိုင် ဆီးမနိုင် တက်လာသော ဒီရေဦး၌ အလိုက်သင့် မျောခိုစီးသောသည့် ဗေဒါပန်းတို့ သဖွယ်သာ ဖြစ်သည်။ ကိုလိုနီဆန့်ကျင်ရေး၊ လွတ်လပ်ရေး၊ ပြည်သူ့လှုပ်ရှားမှု ဒီရေသည် အမြင့်ဆုံးအပြင်းဆုံးအချိန်ရောက်နေသဖြင့် ဂျူဘာရင်၏ မဝင်ဘူးဆိုသော နေလုံးမှာ ငုပ်လှုဆဲဆဲတည်း။

ရှစ်တန်း၌ ပထမပတ်စာမေးပွဲတွင် ကျွန်တော်သည် ပထမရသည့်ပြင် ဘာသာစုံ ထူးချွန်သောကြောင့် ကိုးတန်းတင်ပေးခြင်းခံရသည်။ ကိုးတန်းစာမေးပွဲမှာ အစိုးရစစ် ဖြစ်သည့်ပြင် ကျောင်းထွက်လက်မှတ်လည်း ရမည်ဖြစ်သဖြင့် ကျွန်တော်သည် စာကို အသေအလဲကြိုးစားရပြန်သည်။

ထိုအတွင်း မြန်မာပြည်လွတ်လပ်ရေးရခဲ့သည်။

လွတ်လပ်ရေး ပွဲတော်ကြီးအပြီး၌ ဆရာဦးစိန်ထွန်းသည် ကျွန်တော့်အားခေါ်တွေ့၍ ကောလိပ်သို့ သွားလို- မသွားလို၊ သွားရန် တတ်နိုင်-မတတ်နိုင်ကို စုံစမ်းမေးမြန်းသည်။ ကျွန်တော်က သွားလိုကြောင်း၊ သွားရန်တတ်နိုင်ကြောင်း ဖြေသောအခါ ဆရာသည် ကျွန်တော့်ကို မက်ထရစ်စာမေးပွဲအတွက်ပါ ပြင်ဆင်ခိုင်းသည်။

မက်ထရစ်နှင့် ကိုးတန်းစာမေးပွဲမှာ အင်္ဂလိပ်စာ၊ မြန်မာစာနှင့် ရာဇဝင်တို့၌သာကွာသည်။ ကျန်ဘာသာတို့၌ မကွာလှ။

ကျွန်တော်သည် နေ့၌ ကျောင်းတွင် ကိုးတန်းအတွက် သင်ကြားရသည်။ ညဉ့်၌ ဆရာအိမ်တွင် မက်ထရစ်အတွက် အပိုသင်တန်းယူရသည်။

ကိုးတန်းစာမေးပွဲနှင့် မက်ထရစ်စာမေးပွဲမှာ တစ်လကျော်ကွာခြားသည်။ ကိုးတန်းက အရင်ဖြစ်၍ မက်ထရစ်ကနောက်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုးတန်းစာမေးပွဲကို ပေါင်းတည်တွင်ဖြေပြီး မက်အရစ်ကို သူငယ်ချင်းကျော်ဌေနှင့်အတူ ရန်ကုန်စာစစ်ဌာနသို့ ဆင်းဖြေသည်။

ရန်ကုန်တွင် ကျော်လှတို့အမအိမ်၌တည်းခိုရင်း စားကျက်နေစဉ် သတင်းစာတိုက်များ ရိုက်ချိုးခံရသော ကိစ္စနှင့်ပတ်သက်၍ တစ်မြို့လုံးဆူဆူညံညံဖြစ်နေသည်နှင့် ကြုံရ၏။

ကျွန်တော်တို့ မက်ထရစ်စာမေးပွဲမဖြေရသေးမီပင် ကွန်မြူနစ်ပါတီသည် တောခိုသွား၏။

ကျွန်တော်က ဆရာကို သွားသတိရမိသည်။ ယခုအချိန်ဆိုလျှင် ဆရာလည်း တောတွင်းရောက်နေပေမည်။ ကွန်မြူနစ်များသည် ဖဆပလကို ဦးတည်တိုက်ခိုက်သည်ဆိုရာ ဖဆပလခေါင်းဆောင်ဖြစ်သော အဘနှင့် ဆရာတို့လည်း တိုက်နေပေတော့မည်။

စိတ်မချမ်းသာသော်လည်း တစ်ပြည်လုံးနှင့်ချီ ဖြစ်သည့်ကိစ္စကြီးကို ကျွန်တော်လို လူငယ်ချာတိတ် တစ်ကောင်က ဘာများတတ်နိုင်ပါမည်နည်း။

ကျွန်တော်က စာကိုသာ ဖိကျက်သည်။ အင်္ဂလိပ်စာနှင့် မြန်မာစာမှာ မခက်လှ။ ရာဇဝင်မှာမူကိုးတန်း၌ ကမ္ဘာ့ရာဇဝင်သင်ရ၍ မက်ထရစ်၌ ဗြိတိသျှရာဇဝင် ဖြစ်နေသောကြောင့် အထူးပိုဂရုစိုက်လေ့လာရသည်။

လူပင်ပန်းသော်လည်း စာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့သည်။

စာမေးပွဲအပြီး၌ အဘတားမြစ်သည့်ကြားမှ မြို့တွင်မနေဘဲ ကျွန်တော်ရွာပြန်ခဲ့၏။

◆



ကျွန်တော့်ရွာမှာ တစ်မျိုးတစ်ပုံပြောင်းလဲနေပြန်ပေပြီ။

ပြောင်းလဲခြင်းမည်သည့် အကောင်းအတွက် ဖြစ်ပါက ဝမ်းသာရပေမည်။ သို့ရာတွင် ယခုကျွန်တော့်ရွာ၏ ပြောင်းလဲပုံ၌ စိတ်ချမ်းသာဖွယ်တစ်ကွက်မျှမရှိ။

ရွာအနီး ကပ်မိကတည်းက အစစ်အဆေး ထူသောလက်နက်ကိုင်ကင်းများကို တွေ့ရသည်။ ရွာပြင်နှင့် ရွာတွင်း၌လည်း ခံကတုတ်ကျင်းများအနံ့ရှိနေ၏။

တစ်ရွာလုံး၌လည်း အဘနှင့်ကိုကျော်ရှိန်တို့၏ လက်နက်ကိုင် ပြည်သူ့ရဲဘော်များအပြင် ဘူကြီး၏လက်နက်ကိုင် ကာကွယ်ရေး အဖွဲ့သားများနှင့်ပြည့်နေသည်။ တချိုအချိုတွင် ဝန်ထောက်ကြီး ဦးဆံနီနှင့်ရဲအဖွဲ့သားတို့ကလည်း ရောက်လာသည်။

ရွာရောက်မဆိုက်တွင် စိတ်ထိခိုက်ဖွယ် သတင်းဆိုးကို ကြားရသည်။

ရွာ၌ ကျွန်တော့် ဘထွေးရွှေလွှန်း မရှိတော့။ မရှိတော့ ဆိုသည်မှာ ရိုးရိုးမရှိတော့ခြင်းမဟုတ်။

ဘထွေးသည် ဝရမ်းပြေးကြီးအဖြစ် ရွာ၌ မရှိတော့ခြင်းဖြစ်၏။

ကြားစကမယုံမိ၊ တစ်ရွာလုံးက ပြောပြန်တော့လည်း မယုံချင်သော စာတ်လမ်းအစုံကို မကြားချင်လျက်နားဆင်ရပြန်သည်။

ဘထွေးတို့က ချောင်းခေါင်းရွာသူဌေးတစ်အိမ်ကို ဓားပြတိုက်သည်ဆို၏။ အိမ်ရှင်က ဘထွေးကို မှတ်မိရာ ဘထွေးတို့က အမှုမပေါ်ရန် အိမ်ရှင်ကို ရွာပြင်ထုတ်၍ သတ်ရန် ကြိုးစားခိုက် ရွာသားများလိုက်သည်။ ဘထွေးတို့က အိမ်ရှင်ကို သေနတ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပစ်ခဲ့ပြီး ထွက်ပြေးသည်။ အိမ်ရှင်သည် ရဲဌာနသို့ မသေမီ ဘထွေးနာမည်ကို ပြောသွားခဲ့ရာ ဘထွေးအဖမ်းခံရသည်။ အဖမ်းခံရပြီး ဘထွေးကို ဝန်ထောက်ကြီးကိုယ်တိုင်စစ်ဆေးနေရာမှ အချုပ်ကို ဖောက်လျက်ထွက်ပြေးလွတ်မြောက်သွား၏။ ထို့ကြောင့် ယခုအခါ ဝရမ်းပြေးကြီးဖြစ်နေပြီ။

အရီးလေးတို့လည်း ရွာ၌ မရှိတော့။ ဘထွေး မရှိသည့်နောက် လုပ်ကိုင်ကျွေးမွေးမည့်သူကင်းတော့ရာ အရီးလေးသည် သူ့မိဘများရှိရာ ဝက်လက်တိုက်နယ် ကွင်းကြီးရွာသို့ ပြန်သွားကြရာသည်။

ဘထွေးအတွက် စိတ်မချမ်းသာရသည့်အထဲအဘအတွက် စိတ်ဆင်းရဲရပြန်သည်။

အဘသည် ယခုအခါ တစ်နယ်လုံး၌ အာဏာရှင်သဖွယ် တန်ခိုးကြီးနေသည်။ အဘကိုခေါင်းဆောင် ခရိုင်ဥက္ကဋ္ဌမှာ အမတ်တွင်မက ပါလီမန်အတွင်းဝန်ဖြစ်နေသောကြောင့် အဘတန်ခိုးကြီးမည်ဆို ကြီးထိုက်နေသည်။

အဘက သူ့ကမ္ဘာရန်ဖြစ်သော ဦးသာဖကို သူကြီးရာထူးမှ အသာဖြုတ်ပစ်နိုင်သော်လည်းမဖြုတ်။ ဖြုတ်ရန်လည်းမလို။ သူကြီးတွင်မက ရဲဝန်ထောက်ကြီးပင် အဘကို ရိုသေ ခန့်ညားနေရသည်ဆို၏။

ကျွန်တော် အဘအိမ် ရောက်သောအခါ အဘနှင့်အတူ ကျွန်တော့် မိထွေးကို တွေ့ရသည်။

ထိုအခါကျမှ အဘသည် ဘာကြောင့်ကျွန်တော့်ကို ရွာမပြန်ခိုင်းဘဲ မြို့တွင်သာဆက်နေခိုင်းကြောင်း သဘောပေါက်မိသည်။

ကျွန်တော့်မိထွေးမှာ ကျွန်တော်နှင့်ရွယ်တူခန့်သာ ဖြစ်ပါ၏။



တစ်ပင်လဲမှ တစ်ပင်ထူသည့် မမွေတာမို့အဘကို ကျွန်တော် အပြစ်မတင်လို။ သို့ရာတွင် သမီးအရွယ်ကို မယားလုပ်ထားသည့်အတွက်မူ အဘအစားကျွန်တော်ရှက်မိသည်။

ရှက်ရာမှတစ်ဖန်ကိုကျော်ရှိန်ဆိုမှအဘ၏ အကြောင်းစုံသိရသောအခါ ကျွန်တော်သည် မခံမရပ်နိုင်အောင် ဒေါသထွက်မိသည်။

ကျွန်တော့်မိထွေးမလှယဉ်မှာ စင်စစ်ကျွန်တော်၏နံပါတ်တစ် မိထွေးသာတည်း...။ အဘ၏ နံပါတ်နှစ်၊ နံပါတ်သုံး မယားငယ်များကိုပါ ထည့်တွက်လျှင် ကျွန်တော်၌ စုစုပေါင်း မိထွေးသုံးလေးယောက် ရှိနေလေပြီတကား...။

ကျွန်တော်ရွာရောက်ပြီး သုံးရက်မြောက်၌ ဤကိစ္စနှင့်ပတ်သက်၍ သားအဖရန်ဖြစ်ကြသည်။ ရန်ဖြစ်ကြသည်ဆိုသော်လည်း ငယ်ကြောက်မို့ အဘကို မလွန်ဆန်သာ။ ကျွန်တော်ပင် အရှုံးပေးခဲ့ရ၏။

"ငါ့ဖာသာငါ... ဘာလုပ်လုပ်၊ မင်းကဝေဖန်နေဖို့မလိုဘူး၊ ငါကအဖေ၊ မင်းကသား၊ အဖေတစ်ယောက်အနေနဲ့ မင်းအပေါ် ငါ့တာဝန် ကျေရင်ပြီးတာပဲ၊ မင်းတာဝန်က ပညာသာဆက်သင် ချင်သမျှသင်၊ ကုန်ချင်သလောက်ကုန်၊ ငါပေးမယ်၊ ငါလုပ်တာချင်တွေကို ဘာမှဝင်မပြောနဲ့၊ ငါလုပ်တာတွေကို မကြည့်ချင်ရင် မင်း...ရွာပြန်မလာနဲ့"

အဘ၏စကားကြောင့် ရွာမှကျွန်တော်ချက်ချင်းပြန်ပြေးလိုသည်။ သို့ရာတွင် မပြေးနိုင်ခဲ့။ ငါ့မယဉ်နွယ် တစ်ယောက်ရှိလေသေးသောကြောင့် ကျွန်တော်မပြေးနိုင်ခဲ့...။

မယဉ်နွယ်ကို ယခင်ကလို ကျွန်တော်ခိုးကြောင်ခိုးဝှက်တွေ့ရန်မလိုတော့...။

သူကြီးနှင့်အဘသည် ပြန်ပြီးပဏာစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘက ဤနယ်တွင်အနိုးရအဖွဲ့၏ ပါတီကိုကိုယ်စားပြုသော ခေါင်းဆောင်ကြီးဖြစ်သည်။ သူကြီးက အနိုးရအမိန့်ကို ဦးထိပ်ပန်ဆင်ရသူဖြစ်၏။ သူကြီးလိုပင် ဝန်ထောက်ကြီးကလည်း အစိုးရအက်သားဖြစ်ပါ၏။

အဘ၊ သူကြီး၊ ဝန်ထောက်ကြီးတို့မှူးပေါင်း၍ ဆရာ၏ သူပုန်အဖွဲ့ကို သုတ်သင်နှိမ်နင်းနေကြသည်။

ကျွန်တော့်ဦးနှောက် ချာချာလည်ခဲ့ရသည်။

အဘနှင့်တော်လှန်ရေးတွင် လက်တွဲဆောင်ရွက်ခဲ့သော ဆရာသည် ယခုရန်သူကြီးများဖြစ်နေကြသည်။ ဆာရာစံတော်လှန်ရေးမှ ဂျပန်တော်လှန်ရေးအထိ အဘပေါ် ဘယ်တုန်းကမှ မကောင်းခဲ့သလို ပြည်သူဘက်တွင် တက်ကြွမှုမရှိခဲ့သော ဝန်ထောက်ကြီးနှင့် သူကြီးက ယခုအဘ၏မဟာမိတ်ကြီးများ ဖြစ်နေလေပြီ...။

ကျွန်တော်သည် အဘကိုလည်း ရွံမုန်းမိသည်။ ဆရာကိုလည်း နာကျည်းပါသည်။ သူတို့၏နိုင်ငံရေးဝါဒများကိုလည်း စက်ဆုပ်မိ၏။

မည်သို့ဖြစ်စေ မယဉ်နွယ်ကို ကျွန်တော်ခိုးကြောင်ခိုးဝှက် [illegible] ရတော့။

အဘကို လေးစားရှိသော၊ ခေတ်ပညာတတ်ဖြစ်ခဲ့သော ကျွန်တော့်ကို နှစ်သက်၍လော၊ သို့မဟုတ်...နှစ်ချက်စလုံးကြောင့်လော မသိ၊ သူကြီးနှင့်သူကြီးကတော် ဒေါ်မိုးသည် ကျွန်တော့်ကို သူတို့အိမ်သို့ ထွက်ဝင်ခွင့်ပေးသည်။ မယဉ်နွယ်နှင့်လည်း လွတ်လပ်စွာ ဆက်ဆံခွင့်ရ၏။

သဲကန္တာရပမာဖြစ်နေသော ဤရွာတွင် မယဉ်နွယ်သည်သာ ကျွန်တော့်အတွက် အေးမြချမ်းသာသော အိုအေစစ်ဖြစ်ခဲ့ပါ၏။



ညနေချမ်းမိုးတဖွဲဖွဲ လူသော ရိုးကလေးကို မျက်နှာမူ၍ ကျွန်တော်တို့လမ်းအတူလျှောက်ခဲ့ကြသည်။ ရွာပြင်ဝါးရုံရိပ်များ၌ ကိုင်လျက်ဥယြံကို နာစ်ရင်း တစ်ဦးမျက်နှာ တစ်ဦး ရှုမဝအောင် ဖြစ်ခဲ့ရသည်။ ငွေလရောင်သာလျှင် စံပယ်ရုံအေား၌ သူ့ကိုယ်လေးကို ပိုက်ထွေးရင်း မဆုံးနိုင်သည့် ချစ်တေးကိုလည်း ဖွဲ့ခဲ့ရသည်။

ချစ်သူရယ်ဖြစ်လာပြန်တော့ ငယ်စဉ်က စရိုက်အတိုင်း "နင်" "ငါ"အသုံးအနှုန်းကို မဆီလျော်ဟု ကျွန်တော်ထင်သည်။ မြို့သားဖြစ်ခဲ့၍ မြို့ဓလေ့အတိုင်း ကျွန်တော်က ကျွန်တော့်ကို "မောင်"ဟု မယဉ်နွယ်ကို ခေါ်ခိုင်းသည်။ သူ့ကိုလည်း ချစ်စနိုးမို့...နွယ်ဟုသာ အဖျားဆွတ်ခေါ်မိသည်။

"မောင်"ဟုခေါ်ရမည်ကို မယဉ်နွယ်က ရှက်နေပြန်သည်။

"မခေါ်ချင်ပါဘူးကွယ်ရယ်၊ မောင်ဆိုတာ ဇာတ်ရှင်ထဲက မင်းသမီး မင်းသားတွေ သုံးတာ...၊ ရှက်စရာကြီး"

"ဘာကြောင့်ရှက်ရမလဲ...မယဉ်နွယ်ရယ်...၊ မောင်နဲ့နွယ်မှာ ထူးရှက်စရာကျန်သေးလို့လား"

"အို...သန့်ဇင်...ဘာတွေလျှောက်ပြောနေတာလဲ"

မယဉ်နွယ်က ကျွန်တော့်ပါးစပ်ကို လက်ဖဝါးနုနုကလေးများ ဖြင့်ပိတ်သည်။ မျက်နှာလည်း ရှက်သွေးကြောင့်ရဲနေ၏။

"ဒါဖြင့်... ကိုယ့်ချစ်သူကို တစ်သက်လုံး နင်နဲ့ ငါနဲ့ ပြောတော့မလားဟင်...နွယ်"

"အို... ဒီလိုတော့လဲ မပြောချင်ပါဘူးရှင်...၊ ငရဲကြီးမှာပေါ့..."

"ဒို့...ဘယ်လိုပြောမလဲ"

မပြေတတ်သော မယဉ်နွယ်က ကလေးငယ်လိုသာ ကျွန်တော့်ရင်ခွင်၌ မျက်နှာအပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆုံးမတော့ ထုံးစံအတိုင်း ကျွန်တော်ပင် အနိုင်ရခဲ့သည်။

သူ့နီထွေးသော နှုတ်ခမ်းကလေးများဖြင့် မရဲတရဲခေါ်သည်။

"မောင်..."

ဤမရဲတရဲခေါ်သံသည်ပင် ကျွန်တော့်နားဌ် ချိုခဲ့ရသည်တကား၊ ချိုခဲ့ရပါလေသည်တကား။

မက်ထရစ်အောင်စာရင်းဌ် ကျွန်တော့်ခုံနံပါတ်နှင့် နာမည်ပါလာသည်။

ကောလိပ်တက်ရန် ရွာမှုခွာခါနီး မယဉ်နွယ်နှင့် ကျွန်တော်သည် တောင်ဆွယ်မြေပြန့် ဆီးတော်ပင်ကြီးဌ် နှစ်ဦးတည်းရှိနေခဲ့ကြသည်။

ရိုးလေးပေါ်ဌ် တောင်ပေါ်တောရကျောင်း ရှိသည်။ နယုန်လပြည့်မဟာသမယနေ့ ဖြစ်သောကြောင့် တောရကျောင်းဌ် လူကြီးတို့ဥပုသ်စောင့်တရားနာသည်။

ခွဲခွာခါနီးမို့ ရသမျှအချိန်သည် အဖိုးမဖြတ်နိုင်သော မယဉ်နွယ်နှင့် ကျွန်တော်က တောရကျောင်းမှ ထွက်ကာကျွန်တော်တို့သမုဒယဇာတ်အိမ် မဏ္ဍိုင်စတည်ရာ ဤဆီးတော်ပင်ကြီးဆီ ရောက်လာခဲ့ကြသည်။

မိုးဦးကျခဲ့ပြီဖြစ်သဖြင့် တောင်ခြေ မြေပြန့်လယ်ကွင်းများဌ် ရေဝါတို့ဖုံးနေသည်။ ရေဝါဝါထက် အညွန့်တလူလူဖြင့် ပျိုးနုတို့မြစိမ်းရောင်လွင်နေသည်။

ပျိုးနုတို့အသွင်ရွှန်းသစ်ပျိုမျစ်သည့် ငယ်ချစ်ကို ရင်မှာပိုက်ထွေးရင်း အဝေးသို့ ငေးလျက် ကျွန်တော်အတွေးနက်နေမိ၏။



ဤသည်တစ်ဝိုက်တွင် မယဉ်နွယ်နှင့်ကျွန်တော်အတူကြီးပြင်းခဲ့သည်။ ဤသည်တစ်ဝိုက်တွင်ပင် မယဉ်နွယ်နှင့်ကျွန်တော်ချစ်ကြိုးခွေ၍ ချစ်မိုးဖွဲ့ခဲ့ရသည်။

ဤသည်တစ်ဝိုက် ကျွန်တော့်မြေသည် ရေယဉ်ဝန်းကာမြရောင်လွှမ်း၍ စိမ်းလန်းနေပါ၏။

သို့ရာတွင် ကျွန်တော့်မြေသည် အဘယ်မျှဆက်၍ စိမ်းလန်းနိုင်ပါမည်နည်း...၊ ကြောက်မက်ဖွယ်သော ပြည်တွင်းစစ်သည် ဘယ်အချိန်ကို စိမ်းလန်းသည့်မြေကို သွေးရောင်နှင့် ဖုံးလွှမ်းလေမည်နည်း...

"မောင်...ဘာတွေ တွေးနေတာလဲ..."

မယဉ်နွယ်သည် ရင်ခွင်တွင်းမှ မော့ကြည့်ရင်းမေးသည်။

"မောင်တွေးနေတာက မောင့်အဘရယ်...၊ မောင့်ဆရာရယ် နွယ့်အဘနဲ့ တခြားလူကြီးလူမိုက်တွေဟာ ဘယ်လောက်အထိဆက် မိုက်တွင်းနက်ကြအုံးမလဲလို့..."

"အို...လူကြီးတွေကို ဒီလိုမပြောနဲ့လေ...မောင်ငရဲကြီးနေအုံးမယ်..."

ကျွန်တော်သည် ရိုးသားဖြူစင်သော မယဉ်နွယ်၏ မျက်နှာလေးကို ငုံ့ကြည့်မိသည်။

"မောင် ငရဲမကြီးပါဘူးနွယ်၊ ဒီလူကြီးမျိုးတွေကို ပြစ်မှားလို့ ငရဲကြီးမယ်ဆိုရင် အဲဒီငရဲကို မောင်မယုံဘူး၊ ကြောက်လဲမကြောက်ဘူး..."

"ဟော ... ပြောရင်းဆိုရင်း မောင်စကားတွေ လွန်လာပြီ..."

မယဉ်နွယ်သည် ကျွန်တော့်ရင်ခွင်မှထတိုင်၍ ပြုံးမူမူနှင့်ဟန့်တားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မယဉ်နွယ်ကို သနားသွားသည်။ အလိုက်မသိသော ကိုယ့်ကိုယ်ကိုလည်း အပြစ်တင်မိသည်။

ခွဲခွာခါနီးချစ်သူသည် ခမင်္ဂလာကွဲ့ တေးစကားတွေကို သာ ကြားချင်ရှာမည်။ ယခုကျွန်တော်က ဘာစကားတွေ ပြောနေမိပါသနည်း...။

ကျွန်တော်သည် မျက်နှာထားပြင်၍ ပြုံးရသည်။

"အလကား စိတ်ရှိလို့သာ ပြောတာပါနွယ်၊ သူတို့ဘာ လုပ်ကြကြပေါ့၊ မောင်က ဘွဲ့ရအောင် မြန်မြန်ကြိုးစားမယ်၊ မောင်မြန်မြန်ဘွဲ့ရမှ နွယ်နဲ့မြန်မြန်လက်ထပ်ရမယ်"

"မောင် ဘွဲ့ရအောင် ဘယ်လောက်ကြာမလဲ"

"လေးနှစ်ထဲပါ နွယ် ... လေးနှစ်ဆိုတာဟာလည်း ခဏ လေးပါ..."

"လေးနှစ်ကို ခဏလေးလို့ မောင်က ပြောတယ်"

မယဉ်နွယ်က မျက်နှာလေးကို ညှိုး၍ တိုးတိုးမေး၏။

"ခဏလေးမဟုတ်လားနွယ်ရဲ့၊ ကဲ...မောင်တို့အင်္ဂလိပ် တက်ပြီး ကွဲသွားကြတာပြန်စဉ်းစားစမ်း၊ သုံးနှစ်တောင်မဟုတ် လား၊ ဒါပေမဲ့...ခဏလေးလိုပဲဟာ..."

"ဟိုတုန်းကတော့ ဟုတ်တယ်လေ၊ ခုတော့တစ်မျိုးပဲ"

"ဘယ်လိုတစ်မျိုးလဲ..."

မယဉ်နွယ်သည် စကားရှာဟန်စဉ်းစားနေသည်။ မျက်သားပြာသော မျက်လုံးများ၌လည်း မျက်ရည်များဝဲနေ၏။

"ပြောလေ...ဘယ်လိုတစ်မျိုးလဲ..."

မယဉ်နွယ်က သက်ပြင်းလေးရှိုက်သည်။



"ဟိုတုန်းကတော့ တစ်မျိုးမို့လား၊ ဒါပေမဲ့...မနှစ်က မောင်ပြန်သွားတော့ တစ်နှစ်ထဲဟာ... နွယ့်စိတ်ထဲမှာ အကြာကြီးပဲ"

ကျွန်တော်က မယဉ်နွယ်၏ ဖဝါးလေးကို ဆုပ်ကိုင်ရင်း အားပေးနှစ်သိမ့်ရ၏။

"ဒီတစ်ခါတော့ တစ်နှစ်လုံးမခွဲရပါဘူးနွယ်၊ တစ်နှစ်မှာ သုံးခါမောင်ပြန်လာခဲ့မယ်"

"အို...သုံးခါ...တကယ်ပြောတာလား"

"တကယ်ပြောတာနွယ်၊ သီတင်းကျွတ်ကျရင် တစ်ခါ၊ ဒီဇင်ဘာလကျရင်တစ်ခါ၊ နွေကျောင်းကြီးပိတ်တော့တစ်ခါ..."

မယဉ်နွယ်၏မျက်လုံးများ၌ မျက်ရည်အဝဲမပျောက်၊ ညှိုးသော မျက်နှာလေးမှ အနည်းငယ်ပြန်ရွှင်လာသည်။

"မောင် ပြန်လာရင်လေ... အရင်တစ်ခါလိုပဲ နွယ့်ဖို့ လက်ဆောင်တွေဝယ်ခဲ့ဦးမယ်"

"တော်ပါ... အဲဒီလက်ဆောင်တွေနဲ့ လူကို...ဟွန်း... မုန်းပါတယ်"

မယဉ်နွယ်က မျက်စောင်းလေးထိုး၍ ကျွန်တော့်ရင်ကို မနာအောင် အသာထုသည်။

မယဉ်နွယ်နှင့်ကျွန်တော် ဆီးကော်ပင်ကြီးအောက်မှ ပြန်ကြချိန်၌ အနောက်မိုးပြင်၌ နေဝင်လျှိုးစပြု၍ ရဲရဲနီနေသည်။

မိုးပြင်မှ အရောင်နီနီရဲရဲတို့ လယ်ရေပြင်မှာ ဟပ်သောအခါ စိမ်းသောလယ်ကွင်းတို့၌ ချောက်ချားဖွယ် သွေးရောင်ရိပ် ရိပ် လွှမ်းနေသတည်း။

◆

www.burmeseclassic.com

www.burmeseclassic.com



## (၁၉)

## မုန်းမီသဲတိုင်

ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်၌ လွတ်လပ်သော မြန်မာပြည်၏ ပထမဆုံးကျောင်းသားသစ်များအနက် တစ်ဦးအဖြစ် တက်ခဲ့၏။

ထိုနှစ်ကျောင်းသားအများစုမှာ ဆရာဝန်နှင့်အင်ဂျင်နီယာ သင်တန်းသို့ တက်နိုင်သည့် ဘာသာတွဲတို့ကို ယူကြသည်။

ကျွန်တော်မှာ ဆရာဝန်ဖြစ်ချင်သည်။ သို့ရာတွင် နှစ်ရှည် မုန်းသိ၍မယူရ၊ မယဉ်နှယ်နှင့်လ, ပိုင်းခန့်ခွဲရသည်ကိုပင် နှစ်နှင့် ချီခွဲရသကဲ့သို့ လွမ်းရလှပြီ။

ကျွန်တော်က တက္ကဗေဒ၊ သချင်္ာနှင့် ဘောဂဗေဒယူ၍ အိုင်အေတန်းတက်သည်၊ အိုင်အေတန်းသားအများမှာ ဗဟိုကျောင်း ဆောင်များ၌နေကြသော်လည်း ကျွန်တော်သည် တစ်နယ်တည်း သား သူငယ်ချင်းတင်မောင်လတ်နှင့် အဖော်ရ၍ ပြည်ကျောင်း ဆောင်၌နေ၏။

ကျောင်းရောက်စ ပထမသော် မနေတတ် မထိုင်တတ်ဖြစ်မိ သည်။ ဖြူနုစင်ကြယ်သော ကျောင်းသူကလေးများကို မြင်တိုင်း ရှာ၍ ကျန်ရစ်သည့် မယဉ်နှယ်ကို ပိုသတိရသည်။

ကံအားလျော်စွာပင် ဦးလေးထွန်းနှင့် ဒေါ်ဒေါ်ကြင်တို့ စုံထောက် အင်စပက်တော်အဖြစ် ရာထူးတက်၍ အင်းစိန်သို့ပြောင်း လာကြသဖြင့် ကျွန်တော့်မှာခိုလှုံဖွယ် မေတ္တာရိပ်မြုံတစ်ရပ်ပြန်ရ သောကြောင့်ဝမ်းသာရသည်။

မြန်မာ့နိုင်ငံရေးကားမအေး၊ ကွန်မြူနစ်ဆူပူသောင်းကျန်းမှု ကြားတွင် ပြည်သူ့ရဲဘော်နှင့် ဖဆပလလည်း ကွဲကြမည့် အရိပ် အယောင်တွေပြနေ၏။



တက္ကသိုလ်နယ်မြေ၌လည်း သန့်ရှင်းသော ကျောင်းသား၊ ဆိုရှယ်လစ်ကျောင်းသား၊ ကွန်မြူနစ်ကျောင်းသားဟု အကွဲကွဲ အပြိုပြို ခြေရှုပ်နေကြသည်။

သန့်ရှင်းသော ကျောင်းသားများက သူတို့သည် ပါတီမဲ့ ဝါဒမဲ့ဟုဆိုသည်။ သူတို့ အားအကောင်းဆုံးလည်း ဖြစ်သည်။ ဆိုရှယ်လစ်နှင့် ကွန်မြူနစ်ကျောင်းသားများက ဆိုရှယ်လစ်၊ ကွန်မြူနစ်ဟု ပြောင်အမည်မခံ၊ မည်သူသည် ဆိုရှယ်လစ်ဖြစ်၍ မည်သူသည် ကွန်မြူနစ်ဖြစ်မှန်း ကျောင်းသားများသိတော့သိ ကြသည်။

မြစ်ဝကျွန်းပေါ်ဘက်မှ ကရင်တို့၏ ဆူပူသံတွေလည်း ကြားရသည်။ ကေအင်ဒီအိုအဖွဲ့နှင့် စောဘဦးကြီး နာမည်သည် လည်းကြီးလာ၏။

ထိုအတွင်း နမှ ၁၄ ချက်နှင့် ရဲဘော်မှ ၁၅ ချက်ဆို သည် ပေါ်လာပြီးနောက်ရဲဘော်ဖြူ– ရဲဘော်ဝါဟု ကွဲသွားကြပြန် သည်။

ပြင်ပနိုင်ငံရေးဂယက်သည် ကျွန်တော်တို့ တက္ကသိုလ် နယ်မြေကို ပြင်းထန်စွာရိုက်ခတ်သည်။ ထိုအချိန်က နိုင်ငံရေး သမားဆိုလျှင် ရွံရှာနေသော ကျွန်တော်က မည်သည့်ကျောင်းသား အဖွဲ့အစည်းတွင်မှ မပါ၊ တော်လှန်ရေးဆိုသည်ကို အမြီးဖျား ခေါင်းဖျားလောက်ပင် မမြင်ဖူးဘဲ စာအုပ်ထူထူ ကိုင်ကာ တော်လှန်ရေးအကြောင်း အာပေါင်နီနှင့်အော်နေကြသော သတ္တဝါ ကလေးများကိုလည်း နှလုံးနာသည်။

အတန်းမှန်မှန်တက်၍ စာကိုသာကြိုးစားသည်။ မယဉ်နှယ် ထံလည်း တစ်ပတ်တစ်ခါမှန်မှန်စာရေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂုဏမဲ့သော် မယဉ်နွယ်ထံမှ စာမှန်မှန် ပြန်လာသည်။ သို့ရာတွင် ဓာတ်ချည်း မှာများပေါ်မလာတော့။

ကျွန်တော်ဆေးခါးမီးပေါက်နေစဉ် နယ်ပိုင်လ နောက်ဆုံးပတ်တာမိရောက်၌ မြော်လင့်သော ကြေးနန်းစာကစ်ရောင်ရသည်။

"မယဉ်နွယ် ယဉ်တမ်မည်...၊ အမြန်လာ...အရေးကြီး ကျော်ရှိန်..."

ခေါင်းမီးတောက်ရုံတွင်မက ယော်ထိပ် ခြေမှုပေါက်ခံရသကဲ့သို့လည်း ဖြစ်မိသည်။ ကိုယ့်မျက်စိကိုယ်မယုံဘဲ သံကြိုးစာကို ထပ်တလဲလဲဖတ်မိသည်။

နောက်ဆုံး၌မူ မယုံသော်လည်း အသည်းမီးလောင်၍ ရွာသို့ အမြန်ဆုံးပြန်ပြေးခဲ့သည်။

◆

ရွာရောက်သော်...အဘသည် ကျွန်တော့်အား အံ့အားသင့်စွာကြည့်သည်။ မျက်နှာသည် မှုန်မှိုင်းသွားပြီး နောက် ပြတ်တောင်းစွာမေးသည်။

"ကျောင်းမပိတ်ဘဲ မင်းဘာလို့ ပြန်လာရသလဲ"

"ကျွန်တော်ကျောင်းထက် အရေးကြီးတာရှိလို့ ပြန်လာတာ"

"ဘာကွဲ..."

"ကျွန်တော်က သံကြိုးစာကို ထုတ်ပြသည်။

အဘ၏ မျက်နှာကြီးမှာ ဖက်တင်ရော်သွား၏။

"ကျော်ရှိန်က ဘာလို့ဒီသံကြိုးကို ရိုက်ရတာလဲ"

အဘခေါ်သကြီးနေခိုက် ကိုကျော်ရှိန်သည် ဣန္ဒြေရစွာဖြင့် အိမ်တွင်းဝင်လာသည်။



"ဟော့ကျော်ရှိန် ဒီသံကြိုးမင်းရိုက်သလား"

"ဟုတ်တယ် ဦးလေး ကျွန်တော်ရိုက်တယ်"

ကိုကျော်ရှိန်က အေးအေးစွာပင်ပြောသည်။

"မင်းက ဘာလို့ရိုက်ရသလဲ"

"ရိုက်သင့်တယ်ထင်လို့ ရိုက်တာပဲဦးလေး..."

"ဘာကွ...၊ ရိုက်သင့်လို့...၊ ခင်းက ငါ့သားပညာသင်ပျက်အောင်လုပ်ရသလား"

အဘကစားပွဲပေါ်ရှိ သေနတ်ကိုလှမ်းဆွဲယူသည်။ ကိုကျော်ရှိန်ကလည်း သူ့ဘောင်းဘီအိတ်တွင်းမှ လျှို့ဖွက်ယူလာသော ခြောက်လုံးပြူးကို ထုတ်ယူ၏။

နှစ်ဦးစလုံး တစ်ဦးကိုတစ်ဦး ခက်ထန်စွာ ကြည့်နေကြသည်။ ကိုကျော်ရှိန်က ဦးစွာ သူ့ခြောက်လုံးပြူးကို ပြန်သိမ်းသည်။

"ဦးလေးအပြစ်တင်ရင် ခံပါ့မယ်၊ ဦးလေးနဲ့ ကျွန်တော်သဘောကွဲလွဲတာကို ဘေးချိတ်၊ ဒီကိစ္စမှာ ငယ်လေးကိုရောမယဉ်နွယ်ကိုပါ ကျွန်တော်ချစ်လို့ မေတ္တာအရင်းခံပြီး ကိုယ်ရေးကိုယ်တာကိစ္စအနေနဲ့လုပ်တာ၊ ဒါပါပဲ"

အဘငိုင်ကျသွားသည်။ သူတို့အချီအချပြောနေသည်ကို ကြက်သေသေကြည့်နေမိရာမှ ကျွန်တော်က ဝင်မေးရ၏။

"နေပါအုံး ကိုကျော်ရှိန်၊ ဒီသံကြိုးစာထဲပါတာ အမှန်လား"

"အမှန်မဟုတ်ဘဲ မင်းဆီ ငါဘာလို့ လိမ်ရိုက်ရမလဲ ... ငယ်လေးရာ..."

"ဗျာ...အမှန်၊ ဒါဖြင့် မယဉ်နွယ် ဘယ်သူနဲ့ လက်ထပ်မှာလဲ"

ကိုကျော်ရှိန်မျက်နှာကြီးမှာ တင်းမာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူရမလဲဟိုခွေးမသား ဝန်ထောက်နဲ့ပေါ့၊ မင်းကို ငါသတိပေးဖူးသားပဲ"

"ဗျာ...ဦးဆံနီနဲ့..."

ကျွန်တော့်နား ကျွန်တော်မယုံမိ၊ မဖြစ်နိုင်...၊ လုံးဝမဖြစ်နိုင်။

ကျွန်တော်သည် အရူးသဖွယ်အဘနားကပ်သွားသည်။

"အဘ...ဒါမဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ အဘစဉ်းစားပါ၊ မဖြစ်နိုင်ဘူးမဟုတ်လား..."

အဘ၏ခက်ထန်မှုများ မျက်နှာ၌ကွယ်ပျောက်ကုန်သည်။

"လူကလေး...ကျော်ရှိန်ပြောတာမှန်တယ်"

"ဟင်...မှန်တယ်၊ မှန်ရင်ခင်ဗျားဘာလို့ လက်ပိုက်ကြည့်နေသလဲ"

ကျွန်တော့်အသံမှာ ဒေါသနှင့် ဝမ်းနည်းမှုတို့ကြောင့် တုန်နေ၏။

အဘ၏မျက်လုံးတို့၌ မျက်ရည်များဝဲနေသည်။ အဘမျက်နှာ၌လည်း စိတ်ထိခိုက်မှုကြီးစွာပြနေ၏။

"လူကလေး အဘပြောတာ နားထောင်စမ်း၊ လူကလေးတို့ လူငယ်ချင်းချစ်နေလို့သာ အဘကမကန့်ကွက်ခဲ့တာ၊ သာဖိုးသမီးနဲ့ ငါ့သားကို ဘယ်တုန်းကမှ အဘသဘောမတူဘူး"

"ဗျာ...အဘတို့ချင်းမုန်းတာနဲ့ ကျွန်တော်နဲ့မယဉ်နွယ်က ကွဲကြရမှာလား...ဟုတ်လား"

"လူကလေးရယ်...အဘပြောတာ နားထောင်စမ်း၊ အဘ သာဖိုးကို မုန်းပေမဲ့ လူကလေးတို့ချစ်ခြင်းကိုခွင်းဖို့ အဘမကြံခဲ့



ဘူး၊ လူကလေးနဲ့ မိယဉ်နွယ်မျက်နှာကို ထောက်ပြီးသာဖိုးကို အဘဖြတ်နိုင်ပေမဲ့ အဘ မဖြတ်ခဲ့ဘူး၊ အခု အဘနိုင်ငံရေးအရ အေးကျပ်နံ့ကျပ်ဖြစ်နေတယ်၊ ဒါကို အခွင့်ကောင်းယူပြီး သာဖိုးက လက်စားချေတယ်၊ ငါ့ကို တစ်သက်လုံး မနိုင်နိုင်တော့ ငါ့သား ရင်ကိုကွဲစေပြီး လက်စားချေတယ်"

ကျွန်တော်သည် အဘ၏စကားကို ဆုံးအောင် နားမထောင်၊ အဘပြောသော စကားတွေကိုလည်း မယုံ၊ အိမ်မှ ပြေးဆင်း၍ သူကြီးအိမ်ကို အပြင်းထွက်ခဲ့သည်။

သူကြီးရောဒေါ်မိုးပါ ကျွန်တော့်ကို မျက်လုံးကြီးပြူး၍ စိုက်ကြည့်နေကြသည်။ ဒေါ်မိုးက အရင်သတိဝင်၍ ထိတ်လန့်တကြားမေး၏။

"ဟဲ့ ငယ်လေး...မင်းဘယ်တုန်းက ပြန်ရောက်လာသလဲ"

"ဒေါ်ကြီးရယ်၊ ကျွန်တော့်ကို ဒါတွေ မေးမနေပါနဲ့တော့၊ မယဉ်နွယ်ဘယ်မှာလဲ"

ဒေါ်မိုးက မဖြေနိုင် သူကြီးကိုသာ လှမ်းကြည့်သည်။

သူကြီးက ကျွန်တော့်ကို တည်ငြိမ်စွာဆိုသည်။

"နေပါအုံး မောင်သန့်ဇင်... ဒေါသကြီးလှချည့်လား၊ ထိုင်ပါအုံးကွဲ့၊ အကျိုးအကြောင်းကို ပြောအုံးမှပေါ့"

ကျွန်တော်သည် စိတ်ကို အနိုင်နိုင်ထိန်း၍ သူကြီးအနီး၌ ဝင်ထိုင်သည်။

"မောင်သန့်ဇင်...ဘာကြောင့်ပြန်လာတာလဲ"

သူကြီးက အလွန်ဟန်ဆောင်ကောင်းသူဖြစ်သည်။

ကျွန်တော်သည် ခံစားရမှုမှန်သမျှကို ချိုးနှိမ်၍ တတ်နိုင်သမျှ တောင်းပန်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးရယ် ...ကျွန်တော်ဘာကြောင့် ပြန်လာတယ် ဆိုတာ ဦးလေးသိပါတယ်၊ ကျွန်တော်မေးတာကိုသာ အမှန်ဖြေပါ"

"မေးပါလေ... ဦးဖြေပါ့မယ်..."

သူကြီး၏အမူအရာမှာ တည်တည်ငြိမ်ငြိမ်ပင်...

"မယဉ်နွယ်ကို ဦးတို့ ဝန်ထောက်ကြီးနဲ့ လက်ထပ်ပေး တော့မယ်ဆိုတာ ဟုတ်သလား..."

သူကြီး ရုတ်တရက်မဖြေနိုင်၊ ကျွန်တော်ကသာ သူ့အဖြေ ကို အသက်မရှူဘဲ ရပ်စောင့်မိ၏။

ဘာကြောင့်မသိ သူကြီး၏မျက်နှာကြီးသည် အနည်းငယ် ညိုမှိုင်းသွားသည်။ အတန်ကြာမှ လေးပင်စွာဖြေသည်။

"မှန်တယ်၊ ဦးတို့ဒီအတိုင်း စီစဉ်ထားပြီးပြီ..."

ကျွန်တော်သည် ပါးစပ်အဟောင်းသားနှင့် သူကြီးကို ငေးကြည့်နေမိသည်။ ရုတ်တရက်မို့ ဘာစကားမှ မပြန်နိုင်။

အတန်ကြာမှ တောင်းပန်ဝပ်လျှိုးမိသည်။

"ဦးလေးရယ်...မယဉ်နွယ်ဟာ...ကျွန်တော့်အချစ်ဆုံး မိန်းကလေးပါ၊ မယဉ်နွယ်ကလည်းကျွန်တော့်ကိုချစ်ပါတယ်၊ ဦးလေးတို့ ဒါကိုသိပါတယ်"

"ဒါကို ဦးသိပါတယ်..."

"သိရင်လည်းဦးလေးရယ်...ကျွန်တော်တို့ ချစ်ခြင်းကို မခွင်းပါနဲ့..."

သူကြီးကမဖြေ ခေါင်းသာခါနေ၏။

"ကျွန်တော်ဟာ ဝန်ထောက်မဟုတ်သေးပါဘူး...ဒါပေမဲ့ ကောလိပ်ကျောင်းတက်နေပါပြီဦးလေးရယ်...ကျွန်တော်ကြိုးစား သမျှဟာ မယဉ်နွယ်အတွက်ပါ..."



"ဒါတွေပြောမနေပါနဲ့တော့ မောင်သန့်ဇင်၊ ဦးတို့အား လုံးကုန် စီစဉ်ပြီးနေပြီ၊ ဒီတော့ မင်းနဲ့မ မယဉ်နွယ်လည်း ကောင်းစားမည့်ကိစ္စဟာ ငါ့ကျ အေးအေးချမ်းချမ်းပြန် သွားစေ ချင်တယ်"

"မယဉ်နွယ်ကောင်းစားမယ်ဆိုတာ ဦးလေးဘာကိုဆိုလို ပါသလဲ၊ မချစ်မနှစ်သက်တဲ့လူကို ယူရမှာဟာ ကောင်းစားတာ လား... ဟင်"

သူကြီးမဖြေနိုင်၊ ထိုစဉ်သူကြီးအစား မဖြသံတစ်ရပ် ပေါ်လာသည်။

"မယဉ်နွယ်ကလည်း သဘောတူပြီးပါပြီကွာ..."

ဤအသံမှာ အိမ်ပေါ်ထပ်မှ ဆင်းလာသည့် လှေကားထိပ်မှ ပေါ်လာခြင်းဖြစ်သည်။

လှေကားထိပ်၌ ဝန်ထောက်ကြီးသည် ခံ့ညားစွာ ရပ်နေ၏။

ကျွန်တော်က သူ့ကိုမှုန်းတီးရွံရှာစွာ ကြည့်နေဆဲသူက စစ်အောင်သော ဗိုလ်တစ်ဦးပမာ လှေကားမှ ဆင်းလာသည်။ သူ့နောက်မှလည်း ရဲသားသုံးဦးပါလာ၏။

"ဦးဆံနီ...ကျွန်တော်ငယ်စဉ်မှစ၍ မျက်မုန်းကျိုးခဲ့သော ဦးဆံနီ...

ကျွန်တော့်မျက်လုံးများမှာ ပြာသွားသည်။ ကိုယ့်ကိုယ်ကို မချုပ်တီးနိုင်တော့ဘဲ ရှေ့သို့တစ်ဟုန်ထိုးပြေးကာ သူ့မျက်နှာကို လက်သီးဖြင့် ဆင့်ကာ...ဆင့်ကာ ထိုးမိသည်။

ဝန်ထောက်ကြီးမှာ ကြမ်းပြင်ပေါ် လဲကျသွားသည်။ ကျွန်တော်က သူ့အပေါ်ကျားအုပ်သကဲ့သို့ ခုန်အုပ်စဉ် ရှေ့တွင်ပါ ရဲသားများက ကျွန်တော့်ကို ဖိုင်းချုပ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်နှင့် တစ်ယောက် ဖြစ်သဖြင့် ကျွန်တော့်မှာ မရုန်းသာ သူတို့လက်တွင်း၌ အမိခံလိုက်ရသည်။

ဝန်ထောက်ကြီးသည် လဲနေရာမှထသည်။ ပထမသူက သူ့ခါးကြားမှ ခြောက်လုံးပြူးကို ကိုင်သည်။ ထို့နောက်မှ ဘာ အကြံရသည်မသိ၊ စဉ်းလဲစွာပြုံး၍ ခြောက်လုံးပြူးကို လွှတ်လိုက်သည်။

သူ့ပါးစပ်မှ စီးကျလာသော သွေးများကို လက်ဝါးနှင့် သုတ်၍ ကြည့်လိုက်ပြီးသော်...ဝန်ထောက်ကြီး၏ မျက်လုံးများမှာ မီးဝင်းဝင်းတောက်လာသည်။

သူ့တပည့်များက ကျွန်တော့်ကို မလှုပ်နိုင်အောင် ချုပ်ထားဆဲဖြစ်သည်။ ဝန်ထောက်ကြီးသည် လက်သီးကို ကျစ်ကျစ် ပါအောင်ဆုပ်၍ ကျွန်တော့်နားချဉ်းကပ်လာသည်။

ထိုအခိုက်တွင် အိမ်ရှေ့မှ ဝုန်းဝုန်းဒိုင်းဒိုင်းအသံ ကြားရသည်။

“မခေါ်း ခွေးမျိုးတွေ၊ မသေချင်ရင် ငါ့သားကို လွှတ်လိုက်”

အိမ်ပေါက်ဝ၌ အဘသည် ကာဘိုင် စက်သေနတ်ကို ကိုင်ရင်း ကျားဟိန်းသကဲ့သို့ အော်လျက်ပေါ်လာသည်။ အဘ နောက်၌လည်း သေနတ်ကိုင် ပြည်သူ့ရဲများနှင့် ကိုကျော်ရှိန် ပါလာသည်။

ရဲများက ကျွန်တော့်ကို လွှတ်လိုက်ကြသည်။

အဘသည် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ အိမ်ပေါ်သို့ မားမားကြီး တက်လာသည်။

“ဆိုစမ်း...၊ ဒါက ဘာလုပ်ကြတာလဲ”

ဝန်ထောက်ကြီးက လေသံပျော့၍ပြောသည်။



“ကျွန်တော်တို့က ဘာမှမလုပ်ပါဘူး၊ ခင်ဗျား သားကသာ ကျွန်တော့်ကို ထိုးတာ၊ ဒီမှာကြည့်ပါ၊ ပါးစပ်က သွေးထွက်တုန်း”

အဘသည် ဝန်ထောက်ကြီးကို အဖက်လုပ်မပြောဘဲ သူကြီးဘက်သို့သာ လှည့်လိုက်သည်။

“တော်သေးတာ...သွား...၊မင်းက ငါ့မှိုင်ထားနဲ့...သမီးနဲ့ လွှတ်ပေးပြီးမှ ငါ့သားရင်ကွဲအောင် လုပ်သလား ဟုတ်လား...”

သူကြီး၏မျက်နှာကြီးမှာလည်း ဖဲ့သွားသည်။

“ကိုရန်ရှင်း၊ ဒီကိစ္စမှာ...ခင်ဗျားနဲ့ ကျုပ်ရန်ငြိုးနဲ့ ဘာမှ မဆိုင်ဘူး၊ ကျုပ်သမီး ကျုပ်ပိုင်တယ်၊ ကျုပ်ပေးစားချင်သူနဲ့ ကျုပ်ပေးစားမယ်...”

“ဘာ...ဟား...ဟား...မင်းသမီးမင်း ပေးစားချင်သူနဲ့ ပေးစားမယ်ဟုတ်လား၊ အေး...မင့်သမီး၊ ငါ့သားနဲ့ပဲရရမယ် သိလား၊ ရန်ရှင်းဟဲဟော့၊ မင်းကိုလည်းသတ်မယ်၊ မင်းဝန်ထောက် စုတ်ကိုလည်း သတ်မယ်”

အဘသည် သူ့သေနတ်ကို သူကြီးဆီ ချိန်လိုက်ရာ ကျွန်တော်သည် အချိန်မီဝင်ဆွဲ၍ ရှေ့မှကာလိုက်သည်။

အိမ်တွင်းခန်း တစ်နေရာမှလည်း လိုက်လံဆွဲငင်သော မိန်းမနှစ်ဦးကို တွန်းဖယ်လျက် မယဉ်နွယ်သည် ပေါ်လာပြီး သူ့အဘရှေ့မှ ဆီးကာရပ်လိုက်သည်။

လူကြီးများအုံ့အားသင့်ငြိမ်ကျသွားသည်။

ကျွန်တော်က အဘကို တောင်းပန်ရသည်။

“တော်ပြီအဘ၊ ဒီကိစ္စကို အဘတို့ ဝင်မပါနဲ့” ကျွန်တော် တို့ချင်း ရှင်းမယ်”

ကျွန်တော်သည် မယဉ်နွယ်ဘက် လှည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မြင်ပြီမဟုတ်လား…နွယ်၊ ဒီတော့နွယ်အဖြေပေးပါ၊ တခြား လူတွေကိုမဟုတ်ဘူး…မောင့်ကိုပေးပါ၊ နွယ့်အဖြေကို မောင်ဘာပဲဖြစ်ဖြစ် လက်ခံပါ့မယ်"

မယဉ်နွယ်၏ အလှသည် ခံ့ညားနေ၏။ သူ့ဖခင်ရှေ့၌ ရဲဝံ့စွာရပ်နေပုံမှာ ငယ်စဉ်တစ်ကြိမ်က သူကြီးနှင့်အဘအကြား တွင်ရပ်နေဟန်ကို သွားအမှတ်ရစေသည်။

မယဉ်နွယ်က ကျွန်တော့်ကိုကြည့်သည်။ မျက်လုံးများ၌ မျက်ရည်များဝဲနေသည်။ ဤမျက်လုံးများ၌ ကျွန်တော့်အတွက် အမုန်းကို မမြင်မိ။

ကျွန်တော်က ဖျော့လင့်ယုံကြည်တကြီးနှင့် မေးသည်။

"ဖြေပါနွယ်…ဝန်ထောက်ကြီးနဲ့ လက်ထပ်မှာဟာ… လူကြီးတွေ မတရားစီစဉ်လို့လား…နွယ်ကသဘောတူလို့လား"

တစ်ခန်းလုံးမှာ အပ်ကျသံကြားရလု ငြိမ်သက်လျက် မယဉ်နွယ်ဆီ အာရုံစိုက်နေကြသည်။

မယဉ်နွယ်က မဖြေ၊ ကျွန်တော့်ကိုကြေကွဲစွာ စိုက်ကြည့် နေသည်။ ထို့နောက် ဝန်ထောက်ကြီးကို လှမ်းကြည့်သည်။

နောက်ဆုံး၌မူ သူ့အဖေမျက်နှာဆီကြည့်၏။

သူကြီးမျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ သူ့သမီးကို ကြည့်ဟန်မှာ အားကိုးတကြီးသနားခံဟန်ပေါ်နေ၏။

မယဉ်နွယ်၏ကိုယ်မှာ မတ်လျက် ရင်လေးမှာကော့လာ သည်။ မျက်လုံးမှ မျက်ရည်တို့ပါးဆီဆင်းကျနေသော်လည်း မေးရိုးခိုင်ခိုင်လေးများက တင်းမာနေ၏။

"သန့်ဇင်…နင့်ကိုငါချစ်တယ်၊ ဒါပေမဲ့ ငါ့အဖေ သဘော တူသူသာ ငါယူမယ်၊ ဝန်ထောက်ကြီးနဲ့ လက်ထပ်ဖို့ ငါကိုယ်တိုင် ဆုံးဖြတ်ပြီးပြီ၊ ငါ့ကိုခွင့်လွှတ်ပါ"



ကျွန်တော်သည် မတ်တတ်မှငဲ့ကျမသွားရုံ ကိုယ်ကို မနည်း ထိန်းထားရသည်၊ ကြည်လင်ပြတ်သားသော မယဉ်နွယ်၏ အသံများကို နားကကြားနေရသော်လည်း ဦးနှောက်ကမယုံမိ၊ မျက်လုံးများက ပြာလာကာ ခေါင်းမှာ မူးရီလာသည်။

အဘသည် ဘာမျှမပြောတော့ဘဲ ကျွန်တော့်ကို ခက်ထန်စွာ တစ်ချက်စိုက်ကြည့်လျက် အိမ်ပေါ်မှဆင်းသွားသည်။

ကိုကျော်ရှိန်က ကျွန်တော့်လက်မောင်းများမှ ဆွဲကာ ပြန်ရန်ခေါ်သည်။

ကျွန်တော်က မယဉ်နွယ်ကို မလှုပ်မယှက်စိုက်ကြည့်နေ မိသည် မျက်လုံးမှ မျက်ရည်တို့လည်း မထိန်းနိုင်ဘဲ ကျလာခဲ့၏။ ဤမျက်ရည်တို့နှင့်အတူ မယဉ်နွယ်အတွက် ကျွန်တော့်၌ရှိသမျှ မေတ္တာတို့လည်း မျှောပါကုန်ခန်းသည်ထင်၏။

ကိုကျော်ရှိန်ဆွဲခေါ်ရာ မလိုက်ခဲ့မီ ရင်ထဲရှိသမျှတော့ ပြောခဲ့မိ၏။

"တော်တယ် မယဉ်နွယ်၊ နင်သိပ်တော်တယ်၊ နင့်အဘ ကိုယ်စား နင် ငါ့အပေါ်ကောင်းကောင်းလက်စားချေနိုင်တယ် မစိမ်းကားကြီး ပျော်ပျော်နေရစ်ပါ…"

◆

အိမ်ပြန်ရောက်သော် အဘက သေနတ်လွယ်ရင်း ခေါက်တုန့်ခေါက်ပြန်လျှောက်လျက် မကျေမချမ်းဖြစ်နေသည်။

ကျွန်တော့်ကိုမူ မမာန်…။

ကျွန်တော်က စားပွဲပေါ် မျက်နှာမှောက်လျက် အသံမထွက် အောင် ငိုကြွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှက်ခြင်း၊ ဒေါသကျည်ခြင်း၊ ဆုံးရှုံးတာသခြင်းတို့က ကျွန်တော့်ရင်ကို မခံချိအောင်လောင်မြိုက်နေသည်။

ရင်မှဒဏ်ကို မခံနိုင်သောအဆုံး၌ ကျွန်တော်က အနီးရှိ သေနတ်တစ်လက်ကို ဆွဲယူကာ ပြောင်းဝကို ပါးစပ်တွင်းငုံ လိုက်သည်။

လမ်းလျှောက်နေရာမှ အဘက လျင်မြန်စွာဖြင့် သေနတ်ကို ခြေနှင့်ခတ်ထုတ်လိုက်ရာ ကျွန်တော်မောင်းဖြုတ်လိုက်သော ကျည်ဆံသည် ခေါင်မိုးဖောက်ထွက်သွား၏။

အဘက ခက်ထန်စွာ ကျွန်တော့်ရှေ့ရပ်လိုက်သည်။

"မင်းကို ငါမွေးထားတာ အသုံးမကျတဲ့ မိန်းမ တစ်ယောက်အတွက် ကိုယ့်ကိုယ်ကိုသတ်သေဖို့ မဟုတ်ဘူးကွ"

အဘ၏လက်ဝါးကြီးများသည် ကျွန်တော့်ပါးပေါ်ဘယ်ပြန်ညာပြန်ဆက်တိုက်ကျလာသည်။ နောက်တစ်လောကလုံးကို ကျွန်တော်မေ့သွားသည်။

ကျွန်တော်သတိရသောအခါ သေနတ်သံများ တဒိန်းဒိန်းဆူညံနေသည်၊ ပြေးသံလွှားသံကြိမ်းမောင်းဆဲဆိုသံများကို လည်း ကြားရသည်။

ကျွန်တော်က လူးလဲထကြည့်သည်၊ သို့သော် လှုပ်၍မရ၊ ကျွန်တော့်လက်များနှင့်ခြေများကို ကြိုးတို့ဖြင့် တုပ်ထားသည်။

ချက်ချင်းပင် ကျွန်တော်၌ အသိဝင်လာသည်။

ညက အဘသည် ကျွန်တော်ထင်ရာမလုပ်နိုင်အောင် ကြိုးနှင့်တုပ်ထားခြင်း ဖြစ်ရမည်။

ယခုသေနတ်သံများ၏ အဓိပ္ပာယ်သည် အဘယ်ပါနည်း။

သို့ရာတွင် မကြာမီပင် အဓိပ္ပာယ်ကို ကျွန်တော်သိရသည်။



"တပ်နီတော်တဲ့ဟေ့...တပ်နီတော်၊ မအေ..ိုး ဆိုရှယ်လစ်ကျော်ငြိမ်းမယားပါ သားတွေ၊ ထွက်ခဲ့လေ..."

ကျွန်တော်ငြိမ်အကဲခတ်နေခိုက် အိမ်ပေါ်သို့ တက်လာသော ခြေသံများ ကြားရသည်။

"ဒါ...ဟိုခွေးမသားအိမ်ပဲ"

"အေး...ဟုတ်တယ်၊ သူ့မယားငယ်ရှိလား မသိဘူး"

လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် သေနတ်ကိုင်လူလေးဦး တက်လာကြသည်၊ လက်နှိပ်ဓာတ်မီးရောင်က ကျွန်တော့်ပေါ်ကျလာ၏။

"ဟေ့...ဒီမှာလူတစ်ယောက်၊ ဟာ...လက်ပြန်ကြိုး တုပ်ထားပါလား"

"ဟော...ဟုတ်တယ်၊ ခွေးမသားကြီး ဘာလုပ်ဖို့ ညှဉ်းသလဲ မသိဘူး"

"သူ့မယားငယ်တွေ ကြာခိုလို့ ဖြစ်မှာပေါ့၊ ဟား...ဟား"

သူတို့က ကျွန်တော့်လက်နှင့်ခြေမှကြိုးတို့ကို ဖြည်ပေးသည်။

တစ်ဦးက သောက်ရေအိုးမှရေနှင့်မျက်နှာပက်၍ သတိရအောင် လုပ်ပေးသည်။

ကျွန်တော်က ယခုမှ သတိရလာဟန် ပြု၍ ညည်းညူသည်။

"ဟော...သတိရလာပြီ ဆရာကြီးဆီခေါ်သွားရအောင်"

သူတို့က ကျွန်တော့်ကို တွဲ၍ ရွာတွင်းခေါ်လာသည်။ ကျွန်တော်က သတိရလျက်သားနှင့် မူးမော်နေဟန်ဆောင်၍ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တောက် နာသကွာ၊ ခွေးမသားဝန်ထောက်လွတ်သွားတာ"

"အေးကွ...၊ သောက်ဖျိုးယုတ်က... ကောင်မလေးနဲ့ သူ့ယောက္ခမလောင်းသူကြီးကိုပါ အပါခေါ်ဆုတ်သွားတာ"

"ဘာပဲဖြစ်ဖြစ် ခွေးမသားရန်ရှင်းကြီး တို့အသေမိပြီ မဟုတ်လား၊ တစ်ရန်ရှင်းတာပဲ"

ကျွန်တော့် တစ်ကိုယ်လုံး တုန်လှုပ်သွားသည်၊ ယောင်၍ အသံထွက်မတတ်ဖြစ်သွား၏။ သို့ရာတွင် သတိဝင်လျက်ငြိမ်လိုက်လာရသည်။ သူတို့ကသာ ဆက်ပြောနေ၏။

"ကျောက်ရှိန်တို့က ခံချတာ ဘာသဘောလဲ"

"ခွေးမသား ပြည်သူ့ရဲဘော်ဆိုတဲ့ကောင်တွေ... ဘယ်တုန်းက ယုံရလို့လဲ"

ဤသို့ဖြင့် ကျွန်တော်တို့သည် ရွာလယ်မြေကွက်လပ်တစ်ခုသို့ ရောက်လာကြသည်။

ကျွန်တော့်ကို သယ်လာသူတို့က ဤနေရာ၌ ချပေးကြသည်။

ကျွန်တော်က မျက်စိကိုမှေး၍ ဖွင့်ကြည့်အကဲခတ်သည်။

ကျွန်တော့်အနီး၌ သွေးအလူးလူးဖြင့် တုံးလုံးပက်လက်ကျဆုံးနေသော အလောင်းများကို မြင်ရသည်။

ကျွန်တော့်မျက်လုံးက အနီးရှိအလောင်းတစ်ခုဆီရောက်သွား၏။

အဘ...၊ ကျွန်တော့်အဘ...။

ကျွန်တော်သည် ဟန်ဆောင်ရန် မေ့သွားသည်။ လဲနေရာမှ ကုန်းထကာ အလောင်းကို ပြေးပွေ့သည်။

အဘသည် သေသော်လည်း မာန်မလျှော့၊ မျက်နှာကြီးမှာ ခက်ထန်မြဲ ခက်ထန်၍ ရှေ့သွားများက အောက်နှုတ်ခမ်းကို ခဲ



သားသည်။ ညာလက်၌ ကာဘိုင်သေနတ်ကို မြဲအောင်ဆုပ်ထားလျက်တည်း။

ထိုစဉ် အေးစက်မာကျောသော အရာတစ်ခုက ကျွန်တော့်ခါးကို လာထောက်ကား၏။

ကျွန်တော်က မလှုပ်၊ အဘအလောင်းကို ပိုက်လျက်မှ ခေါင်းကို မော့ကြည့်သည်။

ကျွန်တော့်ရှေ့၌ မားမားကြီးရပ်နေသော ဆရာ့မျက်နှာကို မြင်ရ၏။

ဆရာက စတင်းဂန်းလွယ်လျက်နှင့် ကျွန်တော့်ကို ခက်ထန်စွာ ကြည့်နေ၏။

သို့သော် ခဏတွင်းပင် ဆရာ၏မျက်နှာသည် လျှော့ကျသွား၏။

"သန့်ဇင်...၊ တပည့်...၊ မင်းသန့်ဇင် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ သန့်ဇင်ပါ၊ ဒါပေမဲ့ သန့်ဇင်အဖေဟာ ဆရာတို့လက်ချက်နဲ့သေပါပကော..."

ဆရာ့မျက်နှာ၌ကြီးမားသော စိတ်ထိခိုက်ခြင်း ပေါ်လာ၏။

ဆရာသည် ဒူးထောက်၍ ကျွန်တော့်ရင်ခွင်တွင်းမှ အဘ၏ မျက်နှာကို ငုံ့ကြည့်သည်၊ ထို့နောက် ဆရာ့လက်တစ်ဖက်က ကျွန်တော့်ပခုံးပေါ် ယုယစွာ ကျလာသည်။

"ငါစိတ်မကောင်းဘူး...သန့်ဇင်၊ ဒါပေမဲ့ မင်းအဘကို ငါမသတ်ဘူး"

"ဟုတ်ပါတယ်၊ ကျွန်တော့်အဘကို ဆရာမသတ်ဘူး၊ ဒါပေမဲ့ ဆရာတို့လက်ချက်နဲ့ သေရတယ်"

ကျွန်တော်က ရှိုက်ဖိုငိုကြွေးရင်းပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာက ခေါင်းတွင်တွင်ခါသည်။

"ဘယ့်နှယ်လုပ်မလဲသန့်ဇင်၊ မင်းအဘကို သေပါစေလို့ ငါ မရည်ရွယ်ဘူး။ ဗိုလ်လမ်းစဉ်အရ လုပ်ဆောင်ကြတာမှာ မတော်တဆ ဖြစ်တာပဲ၊ မင်းအဘတို့က နိုင်ရင် ငါလည်းဒီလိုပဲ သေရမှာပဲ"

ကျွန်တော်က အဘကိုမြေမှာအသာချ၍ ဆရာ့ကို မျက်ရည်လည်ရွဲနှင့်ရန်တွေ့မိသည်။

"ဟုတ်ပါတယ်၊ ဆရာတို့လမ်းစဉ်က လက်နက်စွဲပြီး လူသတ်နေပေမဲ့ လူကို မသေစေလိုဘူး။ မှန်ပါတယ်၊ သိပ်မှန်ပါတယ်။ တခြားလူကပြောရင် ကျွန်တော်မယုံပေမဲ့ ကျွန်တော့်ကျေးဇူးရှင် ဆရာကပြောတော့ ကျွန်တော်ယုံပါပြီဗျာ…"

ဆရာ ဘာမျှပြန်မပြောနိုင်၊ အံကြိတ်သာ ကြိတ်နေ၏။

"ဆရာက… ဆရာ့လမ်းစဉ်ပြောတယ်၊ အဘက သူ့လမ်းစဉ်သူပြောတယ်၊ အဲဒီလမ်းစဉ်ဆိုတဲ့ ဆင်ခြေတွေနဲ့ ဆရာတို့က တစ်ကြိမ်က အတူတွဲ တိုက်ခဲ့တဲ့ လူချင်း ပြန်သတ်နေကြတယ်၊ ဟုတ်လား…"

ဆရာသည် သည်းမခံနိုင်တော့၊ သူ့လူအားလုံးကို နောက်ဆုတ်ရန် အမိန့်ပေးသည်။

ထိုနောက် သူလွယ်ထားသော သေနတ်ကို ဖြုတ်၍ ကျွန်တော့် အားပေးသည်။

"သန့်ဇင်၊ မင်းအဖေကို ငါသတ်တယ်၊ ဒီတော့ ငါ့ကို မင်းပြန်သတ်"

ကျွန်တော်က ဆရာပေးသော လက်နက်ကို လှမ်းယူလိုက်သည်။



"ဆရာတစ်ကြိမ်က သေနတ်အသုံးချနည်းပြောဖူးတယ်၊ ခေါင်းပုံးပြူးဆိုတာ မကျည်းသီးမှည့်ချွေဖို့လောက်သာ ကောင်းတယ်ဆို။ အခု ဆရာ့သေနတ်ကလည်း ရိုက်ချိုးပစ်ဖို့သာ ကောင်းတယ်"

ပြောပြောဆိုဆို ကျွန်တော်သည် အနီးရှိသစ်တုံးဟာစ်တုံးနှင့်ရိုက်ချိုးပစ်လိုက်သည်။

"ဆရာတို့ လူကြီးချင်းသာ သတ်ကြပါ…။ ဆရာ့ကိုတော့ ကျွန်တော်မသတ်ဘူး၊ မသတ်နိုင်ဘူး"

ကျွန်တော်သည် ချုပ်တီးမနိုင်ဘဲ အဘ၏မှုန်နွေးခြင်းကင်းသော ရင်ခွင်ထက် မျက်နှာမှောက်ကာ ချုံးပွဲချငိုကြွေးမိသည်။

◆

(၂၀)

ဒေါသမုန်တိုင်း ခုံသို့

ဆရာတို့တပ်က ရွာကို ဆက်သိမ်းထားသည်။ အဘကို သင်္ဂြိုဟ်ပြီးနောက် ကျွန်တော်ရွာမှ ထွက်ခဲ့သည်။

ဘယ်ကိုမှ သွားစရာမရှိသဖြင့် ရန်ကုန်တက္ကသိုလ်မြေသို့သာ ပြန်ခဲ့ရ၏။

အဘကအမြော်အမြင်ကြီးစွာ ကျွန်တော့်အတွက် ဘဏ်၌ငွေထားခဲ့၍ ကျောင်းတော့ဆက်တက်နိုင်သည်။

ကျွန်တော်ဖြစ်ခဲ့သမျှကို ကြားသိရသော ဦးလေးဖွန်းနှင့် ဒေါ်ဒေါ်ကြင်က သူတို့အိမ်မှာသားအဖြစ်နေ၍ ကျောင်းတက်ရန် ခေါ်ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ငြိမ်းငယ်ခဲ့သည်။ ဦးလေးယွန်းကို မြင်သော် အဘကို သတိရသည်၊ ဆရာကိုအမှတ်ရသည်။ တခါကြိမ်က ကျွန်တော့်အမောက်ဆား ဖြစ်သလို ယခုအခါ အမုန်းဆုံးဖြစ်သော ရွှေဝှရှာကို ပြန်လွမ်းမိသည်။

ကျွန်တော်က အားလုံးကို မေ့ချင်သည်။ ရွာကိုမေ့ချင်သည်၊ အဖျားဒဏ်ဖြင့် မိယဉ်နွယ်ကို မေ့ချင်သည်။

ဈေးဈေးကွေးမှ ရေးရေးပေါ်ဟူသကဲ့သို့ အဘ၏ စကားများကို ကြားယောင်လာသည်။

"အဘမှာ နိုင်ငံရေး ဘေးကျပ်နံ့ကျပ်ဖြစ်နေတယ်၊ ဒါကို သာဓုက အနှင့်ကောင်းယူပြီး လက်စားချေတယ်..."

ကျွန်တော်ကျောင်းပြန်ရောက်၍ မကြာမီ စစ်တပ်အချို့ တောမိုပြီး ရဲဘော်ဖြူများပါ လိုက်၍ ပြည်ထောင်စု အစိုးရကို တော်လှန်မှ အဘ၏ စကားအဓိပ္ပာယ်ကို နားလည်မိသည်။

အဘတို့ကို ကွန်မြူနစ်က တိုက်နေသည်။ ရဲဘော်ဖြူကလည်း စောင်နေ၏၊ ထိုအခါ အဘအတွက် သူကြီးနှင့်ရဲကို ပေါင်းထားရ၏။

ဤအခိုက်အတန့်တွင် ဦးသာစံက လက်စားချေသည်။

ဤသဘောကိုပေါက်မိကာမှ မယဉ်နွယ်ကို မုန်းမိသည်။ အခဲမကျေအောင်မုန်းမိသည်။

ကျွန်တော့် အသည်းနှလုံးတို့သည် အစသော် ဒဏ်ရာ ဒဏ်ချက်ကြောင့် ကွဲအက်ခဲ့သည်။ မကြာမီ အနာရွတ်ထက်၍ ကျက်မာခဲ့သည်။

တိုင်းပြည်မှာ ဆူသည်ထက်ဆူ၍ ပူသည်ထက်ပူလာသည်။

နောက်ဆုံးပိတ် အင်းစိန်ကို တောခင်ဒီအိုသိမ်းခြင်းဖြင့် ဆူပူမှုအဖွဲ့က အထွတ်အထိပ်ရောက်သည်။



တက္ကသိုလ်ကိုလည်း ရက်အကန့်အသတ်မရှိ ပိတ်ပယ်လိုက်၏။

တက္ကသိုလ်ကျောင်းသားအချို့က နေရပ်ပြန်၍ ရဲဘော်ဖြူ ထဲဝင်သည်။ အချို့က ကွန်မြူနစ်များနှင့် သွားပေါင်းသည်။ အချို့က ဆိုရှယ်လစ်ကျောင်းသားများ ဦးစီးသော တပ်ကွန်း ဝင်ကြသည်။

အချို့က ဗမာ့တပ်မတော်သို့ဝင်လိုကြသည်။ သို့ရာတွင် အဆက်အသွယ်မရှိ။

မမျှော်လင့်သောအချိန်တွင် ကျွန်တော်သည် ဗိုလ်မြင့်ဦး ကို ပြန်တွေ့ခဲ့သည်။ သူ့ကို ကျွန်တော်သည် ဖရေဇာလမ်းထွဲ ယောင်ပေပေလျှောက်နေဆဲအမှတ်မထင်တွေ့ဆုံရခြင်း ဖြစ်သည်။

သူက ယခုဖန်းထက်သပြေရှက်သုံးတန်းနှင့် တပ်မတော် ဗိုလ်ကြီးဖြစ်နေသည်။

စကားစပ်မိရာမှ တပ်မတော်တွင်းဝင်လိုသော ကျောင်းသား များအကြောင်းပြောမိသည်။

"ကွာ... ငယ်လေး...၊ အခုအချိန် တပ်မတော်မှာ... ပြည်ထောင်စုကို သစ္စာရှိတဲ့လူတွေ သိပ်လိုနေတယ်၊ တစ်ယောက် ရရ...နှစ်ယောက်ရရအမြတ်ပဲ၊ ငါ...ဆိုင်ရာတွေ အစီရင်ခံပေး ပါ့မယ်..."

အသေးစိတ်ကို ကျွန်တော်မဖော်ပြလိုတော့ပါ...။ ထိုစဉ် က သမဂ္ဂခေါင်းဆောင်များနှင့် အခြားမျိုးချစ်စိတ်ရှိသူ ကျောင်းသား တို့ တပ်မတော်နှင့်ပူးပေါင်းမိကြသည်။

ရှက်ဝါသံသဲစ၊ ကြွေခိုက် အင်းစိန်မြို့ဆီမှ အမြောက်သံကြည် သော ၁၉၄၉ - ဖေဖော်ဝါရီ ၁ - ရက် နေ့ည ကိုးနာရီခွဲ့တွင်

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်စစ်ကားကြီးများ ပြည်ကျောင်းဆောင်ကြီးအတွင်းသို့ ဆိုက်လာကြသည်။ ကျွန်တော်အပါအဝင် မြန်မာ ထားဝယ် ကျောင်းသားနှစ်ဆယ် တက်လိုက်ခဲ့သည်။

ကျွန်တော်တို့သည် ဗမာ့ခြေလျင်တပ်ရင်းအမှတ် ၁ သို့ဝင်ရောက်ကြသည်။

နောက်ရက်ပိုင်းများတွင် တပ်သို့ တက္ကသိုလ်ကျောင်းသား တစ်ရာခန့် ထပ်ရောက်လာသည်။

၁၉၄၉-ခု အရေးတော်ပုံ အကြောင်းကို ကျွန်တော် အကျယ်ချဲ့မရေးလိုတော့ပါ။ အင်းစိန်ပင် သူပုန်လက်တွင်းကျ၍ ပြည်ထောင်စုအစိုးရကို ရန်ကုန်အစိုးရဟု ကမ္ဘာက မလေးမခန့် ခေါ်လာခဲ့သည်ကို မှတ်မိကြပေမည်။

စမစ်ဒွန်းအရာကျပြီးနောက် ဗိုလ်ချုပ်ကြီးနေဝင်းသည် တပ်မတော်ကို ခေါင်းဆောင်သည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ ခေါင်းဆောင်မှုဖြင့် တပ်မတော်သည် ခံစစ်မှထိုးစစ်ပြောင်းကာ ဗမာတစ်ပြည်လုံးကို သောင်းကျန်းမှုဘေးအန္တရာယ်မှ အချိန်မီ ကယ်တင်နိုင်ခဲ့သည်။

အင်းစိန်မြို့တွင်းသာမက သာယာဝတီကိုပါ တပ်မတော် ပြန်သိမ်းပြီး၍ တိုင်းပြည်ငြိမ်းချမ်းစ အခါ၌ ကျွန်တော်တို့ တက္ကသိုလ်သို့ပြန်ခဲ့ကြသည်။

တပ်မတော်၌ စစ်စည်းကမ်း, စစ်တာဝန်နှင့်အချိန်ပြည့်နေရစဉ်က မေ့ပျောက်ထားခဲ့သော ကျွန်တော့်ရင်မှ ဒဏ်ရာများသည် တက္ကသိုလ်နယ်မြေရောက်ရောက်ချင်းပြန်ပေါ်ခဲ့သည်။

ထို့ကြောင့် ဒုတိယပတ် ဗိုလ်သင်တန်းခေါ်သောအခါ ကျွန်တော်သည် ဝင်လျှောက်ခဲ့ရာ အစမ်းအသပ် အောင်မြင်၍ မေမြို့ဗိုလ်သင်တန်းသို့ တက်ခဲ့သည်၊ မေမြို့ဗိုလ်သင်တန်းသို့



တက်ရင်း အထူးအရွေးအချယ်ခံရသဖြင့် ဗြိတိန်နိုင်ငံရှိ ဆင်းဒါ့စ်ဘုရင့်စစ်တက္ကသိုလ်သို့ သွားရောက်သင်ကြားကြရပြန်သည်။

ကျွန်တော်မြန်မာပြည်ပြန်ရောက်လာသောအခါ ရှမ်းပြည် တောင်ပိုင်းမိုင်းပန်နယ်၌ တာဝန်ကျသည်။

အချိန်ကား တစ်သောင်းကျော် အင်အားဖြင့် တရုတ်ဖြူတို့ မြန်မာပြည်ကို ကျူးကျော်တိုက်ခိုက်ချိန်ဖြစ်သည်။

အရှေ့ဘက်ခိုင်းဆတ်ဆိပ်၌ တရုတ်ဖြူဗိုလ်ချုပ်လီမီသည် အခိုင်အမာ ဌာနချုပ်ဖွင့်ထားသည်။

တရုတ်ဖြူတို့သည် ကျူးကျော်စက သံလွင်မြစ်၏ အရှေ့ဘက် ကမ်းဆိပ်၌သာ နေကြသည်။ ယခုမူသံလွင်မြစ်ကိုကူး၍ အနောက်ဘက်ဆီ ထိုးဖောက်တိုက်ခိုက်လာကြပြီ။

❖

ခါတိုင်းဆိုလျှင် စိမ်းမြသော သံလွင်မြစ်ရေခွက်ကား စီး၍ အေးချမ်းသာယာသော ဝမ်ဆာလာကူးတို့ဆိပ် တစ်ဝိုက်သည် သေနတ်သံ မော်တာသံများကြောင့် ဆူညံနေ၏။

ဝမ်ဆာလာရှိရာ အရှေ့ဘက်မှ တပ်ရင်းတစ်ရင်းစာရှိ တရုတ်ဖြူများသည် လှေဖောင်ဖွဲ့၍ ကူးလာနေကြသည်။

တပ်ခွဲတစ်ခွဲသာရှိ၍ အားချင်းမမျှသဖြင့် စစ်အခြေအနေအရ ကျွန်တော်တို့ဗမာ့သေနတ်ကိုင်တပ်သားများသည် မိုင်းပန်ဘက်သို့ စနစ်တကျပြန်ဆုတ်နေကြ၏။

ဆုတ်ခွာနေကြသော ရဲဘော်များကို အကာအကွယ်ပေးရန် တာဝန်ကျသည့် ကျွန်တော်အုပ်ချုပ်သော တပ်စိတ်ကလေးသည် မြစ်အနောက်ဘက် ကမ်းမှနေရာယူ၍ ပုရွက်ဆိတ်များပမာ လူ အားကိုး သွန်ဖိတက်လာကြသော တရုတ်ဖြူများကို အပြင်းအထန် ခုခံပစ်ခတ်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်းမှောင်ပြင်းပြင်းအနံ့ဆိုး ခံနေသော်လည်း အချိန်ကြာသောအခါ လူအင်အားက အကာအဆိုပြုလာသည်။

တရုတ်ဖြူအချို့မှာ တောင်ဘက်ဝေးဝေးမှ ကမ်းဘက်မှီပေပြီ၊ ခြေကုပ်ရသော ရန်သူတို့သည် တောင်ဘက်မှဝိုက်ကွေ့ကာ ကျွန်တော်တို့ ဆုတ်မည့် အရှေ့ဘက်ဆီချိတက်၍ ခါးဖြတ်ထားလိုက်သည်။

မြစ်ဘက်မှ ရန်သူများကလည်း ကမ်းသို့ကပ်နိုင်ရန် ဖိပစ်နေ၏။

သူတို့အကြံမှာ ကျွန်တော်တို့အား အရှေ့အနောက် ဖိညှပ်ရန်ဖြစ်သည်။

တပ်ခွဲမှူး သတ်မှတ်အမိန့်ပေးခဲ့သော နှစ်နာရီစေ့သည်အထိ ခုခံကာကွယ်ပြီး ကျွန်တော်တို့သည် မြောက်ဘက်သို့ အမြန်ဆုံးဆုတ်ခွာလာကြသည်။

ကျွန်တော်တို့ ရှေးရှုပြေးခဲ့သော မြောက်ဘက်ဆီ၌ ထူထပ်စွာပေါက်နေသော ကျွန်းတောကြီးများရှိသည်။ ကျွန်းတောအတွင်းသို့ဝင်မိလျှင်ပင် ကျွန်တော်တို့ကို နောက်မှလိုက်ပစ်နေသော တရုတ်ဖြူများ မျက်ခြေပြတ်သွားသည်။

တစ်ဟောဝင်တစ်တောင်တက်ဖြင့် ကျွန်တော်တို့ ခရီးမိုင်အတော်ပေါက်ခဲ့၏။ နောက်မှလိုက်လာသော တရုတ်ဖြူတို့၏ အရိပ်အယောင်ကိုကို မတွေ့ရတော့...။ သို့ရာတွင် ကျွန်တော်တို့၏အဓိကတာဝန်မှာ တရုတ်ဖြူတပ်ရှေ့မှ လွတ်အောင် လျှောက်ပြေးနေရန်မဟုတ်။ မိုင်းပန်ရှိတပ်ရင်းဌာနချုပ်သို့ အမြန်ရောက်ရန်သာ ဖြစ်သည်။

ကျွန်တော်သည် ရဲဘော်များကို ခေတ္တအနားပေးလိုက်ပြီး တောင်ကုန်းတစ်ခုတက်၍ ပတ်ဝန်းကျင် ပထဝီအနေအထားကို တပ်ကြပ်ကြီးစိန်လွင်နှင့်အတူ မျှော်မှန်းကြည့်သည်။



မိုင်းပန်သို့ သွားရိုးသွားစဉ်လမ်းကို တရုတ်ဖြူတို့ ပိတ်ထားပြီးသည်မှာသေချာ၏။ ကျွန်တော်တို့ပြဿနာမှာ ယခုရောက်ရှိနေရာမှ ကွေ့ပိုက်၍မိုင်းပန်အရောက် အတိုဆုံးလမ်းရှာရမည်။ အတိုဆုံးလမ်းမရှာ၍လည်းမဖြစ် ကျွန်တော်တို့၌ ကျည်ဆံနည်းပါးနေပြီး ရိက္ခာလုံးဝမပါ။

ကျွန်တော်နှင့် ဆရာစိန်လွင်သည် ပတ်ဝန်းကျင် အနေအထားနှင့် မြေပုံကို ထုတ်ကြည့်၍ကိုက်ညှိသည်။

တပ်ကြပ်ကြီး ကိုစိန်လွင်သည် ကျွန်တော့်ထက် ဤနယ်ကို အရောက်ရော၍ ဤနယ်တောတောင်တို့ကို ပိုကျွမ်းကျင်သည်။

ကျွန်တော်က မြေပုံပေါ်၌ လမ်းတစ်ခုကို သတ်မှတ်ရွေးသည်။ ကိုစိန်လွင်က သဘောတွေ့...။ သူသည် အနောက်မြောက်အရပ်ရှိ တောင်တန်းတစ်ခုကိုညွှန်ပြသည်။

တောင်တန်း၌ တောင်ထွတ်တစ်ခုသည် ရေးမားထားသဖြင့် မွှေးမွှေးဖြူသော နံရံနှင့်ရပ်တည်နေ၏။

ဗိုလ်ကြီးရွေးတဲ့လမ်းက ကောင်းတော့ ကောင်းတယ်၊ ဒါပေမဲ့ သုံးညအိပ်ခရီးသွားရမယ်၊ ဟော ဟို...ကျောက်တောင်ဖြူကြီးမြင်လား...အဲဒါကိုကျော်သွားရင် တစ်ညအိပ်ခရီးပဲရှိတယ်”

ကျွန်တော်က မြေပုံကို ပြန်ကြည့်မိသည်။ ဆရာစိန်လွင်ပြောသည်မှာမှန်၏။ သို့ရာတွင် တောင်တန်းသည် မြင့်လွန်း၍ ဤတောင်တန်းအနောက်အခြားမြင့်မားသော တောင်တန်းများခံနေသေး၏။

“လမ်းကတော့တိုတယ်၊ ဒါပေမဲ့ တောင်တွေထူထပ်ပြီး မြင့်လည်းမြင့်တယ်၊ ရိက္ခာမရှိဘဲ ကျုပ်တပ်သားတွေကို ဖွတ်ပင်အောင် ပန်းပန်းမခေါ်ချင်ဘူး၊ ခုနင်က ကျွန်တော်ရွေးထားတဲ့ လမ်းက ရွာတွေရှိတော့ ရိက္ခာရနိုင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



ဆရာစိန်လွင်သည် ခေါင်းခါ၍ ..

"ကျွန်တော် အဲဒီတောင်တစ်ပိုက် အပေါ်လိုက်ဖူးတယ်၊ မြေပုံထဲမပါတဲ့ လမ်းတွေရှိတယ်၊ ရိက္ခာအတွက်ကတော့ မပူနဲ့ ဗိုလ်ကြီးတောဝက်တွေ အင်မတန်ပေါတယ်"

"သေရာရဲ့ လားကိုစိန်လွင်"

"သေရာပါတယ်ဗိုလ်ကြီး၊ မဟုတ်ရင် လမ်းတင်ဗိုလ်ကြီး ကြိုက်တဲ့ အပြစ်ပေးပါ၊ အဲတစ်ခုတော့ရှိတယ်၊ အခန့်မသင့်ရင် ရန်သူတစ်မျိုးကို တိုက်ဖောက်ထွက်သွားတန်သွားရမယ်"

"ဘယ်လိုရန်သူတစ်မျိုးလဲ"

"ကျွန်တော်တို့ ခိုင်းနဲ့လုံတို့အဖွဲ့နဲ့ ရင်ဆိုင်တန် ရင်ဆိုင်ရမယ်"

ခုံလုံကို ကျွန်တော်ကြားဖူးသည်။ မိုင်းပန်၊ နန်းဆန်၊ လွယ်လင် ကားလမ်းတစ်လျှောက် ဖိန့်ဖိန့်တုန်ကြောက်အောင် နာမည်ကြီးသော ရှမ်းဓားပြဖြစ်၏။ ရှမ်းဓားပြတို့သည် လူသတ် တတ်သည်။ လူသတ်တတ်သည်မှာ သတ္တိရှိ၍မဟုတ်၊ အမှုပေါ် မည်ဖြစ်သောကြောင့် ဖြစ်၏။

ခုံလုံနာမည်ကြီးသည်မှာ ဓားပြတိုက်လျှင် လူမသတ် သောကြောင့် ဖြစ်သည်။ လူမသတ်သောဓားပြသည် ရှမ်းပြည်၌ သတ္တိရှိသည်ဟူ၍ ပို၍နာမည်ကြီးသည်။

"ခုံလုံမကလို ဘာဖြစ်ဖြစ်လေကွာ၊ ဓားပြများ မှုစရာ လုပ်လို့ တပ်စိတ်တစ်ခုတည်းနဲ့ တရုတ်ဖြူ တပ်ရင်းတစ်ခုလုံးကို တို့ဆော်ခဲ့ကြပြီးပြီ မဟုတ်လား..."

ကျွန်တော်သည် တပ်ကြပ်ကြီး စိန်လွင်ပြောသော လမ်းကို ရွေးချယ်လိုက်၏။ ရဲဘော်များကိုလည်း သတိပေးသည်။



"တို့မှာ ကျည်နည်းနေပြီ၊ လမ်းမှာရန်သူကို တွေ့ရင် ကျည်ဆံကို ချွေမယ်၊ ဘက်နက်ကို အများဆုံးအသုံးပြုမယ်"

ကျွန်တော်တို့ဆက်ချီတက်ခဲ့သည်။ တပ်ကြပ်ကြီး စိန်လွင် ပြသောလမ်းမှာ မြေပုံ၌မပါသော ချောင်းငယ်တစ်ခုအတိုင်း ဖြစ်သည်။

ချောင်းကမ်းပါး ထက်မှ တပ်ကြပ်ကြီးစိန်လွင်ခေါင်းဆောင် ၍ ရဲဘော်တစ်ဝက်ချီတက်သည်။ နောက်ကိုက်တစ်ရာအကွာမှ ကျွန်တော်ခေါင်းဆောင်၍ ကျန်ရဲဘော်တစ်ဝက်က ချောင်းအတိုင်း အနိမ့်မှချီခဲ့သည်။

နှစ်နာရီခန့်ချီမိသော် နေဝင်လုပြီ၊ ထိုစဉ်ရှေ့ဆီမှ သေနတ် သံများပေါ်လာ၏။ ဆရာစိန်လွင်တို့တပ်ကို အမည်မသိ ရန်သူ သည် ဝိုင်းပစ်ဟန်တူသည်။

ကျွန်တော်နှင့် ရဲဘော်များက ခြေသံမကြားအောင် ရှေ့သို့ ကျော်လျက်ချီတက်သည်။

ဆရာစိန်လွင်တို့ကို ပစ်၍ပစ်နေသော ရန်သူသည် ကျွန်တော်တို့ကိုမမြင်။

ရန်သူငါးဆယ်ခန့်ရှိသည်။ ရှမ်းပတ်ရှမ်းစားဝတ်ထား၍ သစ်ပင်နှင့်ကျောက်ဆောင်တို့ကို အကာအကွယ်ယူကာ ဆရာ စိန်လွင်တို့ဘက် မဲပစ်နေကြသည်။ ခုံလုံတို့အဖွဲ့ပေတည်း။

ကျွန်တော်က ကျွန်တော့်တပ်စုကို နှစ်စိတ်ခွဲလိုက်သည်။ တစ်စိတ်က ချောင်းတွင်းမှလှမ်းပစ်ရ၏။

ကျန်တစ်စိတ်ကို ခေါင်းဆောင်၍ ကျွန်တော်လည်း ချောင်း ကမ်းပါးပေါ်တက်သည်။

ရှေ့နှင့်ဘေးကို အာရုံစိုက်ပစ်နေသော ရန်သူများကို ကျွန်တော်တို့က နောက်ပိုင်းမှဘက်နက်နှင့်ဝင်ထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျား... တပ်မတော်"

ကျွန်တော့်အသံကြားသော် ဆရာစိန်လွင်ကလည်း ဝပ်
ပစ်နေရာမှထ၍ ဘက်နက်တိုက်ပွဲဆင်သည်။

ခုံလုံတို့မှာ အစသော်အငိုက်မိ၍ အုံအားသင့်သွားသည်
ထိုနောက် ဓားရှည်များကို ချွတ်၍ခုခံသည်။

ကျွန်တော်က နီးခမောက်ကြီး ဆောင်းထား၍ နှတ်ခမ်းမွေ
ကားကားနှင့်ခုံလုံရှိရာ တိုးတက်ကာအတင်းဝင်တိုက်သည်။

ကျွန်တော်က ဘက်နက်နှင့်ထိုးသည်ကို သူက ဓားရှည်ကြီး
ဖြင့် ကျင်လည်စွာ ခုခံနေ၏။

တိုက်ရင်းခိုက်ရင်း သူ့ခမောက်ကြီး ကျွတ်သွားသည်
ရောင်တစောင်းထုံးထားသော ဦးခေါင်းပေါ်လာ၏။ သူ့ မျက်နှာ
ကိုလည်း ပီပီသသမြင်ရသည်။

အစသော် ကျွန်တော်မျက်စိကို ကျွန်တော်မယုံမိ။

လူဆိုးကြီး ခုံလုံကား အခြားမဟုတ်၊ ဤနေရာ ဤဘဝတွင်
မြင်တွေ့ရမည်ဟု ကျွန်တော် လုံးဝမမျှော်လင့်သော ဘထွေး
ရွှေလွန်း။

ကျွန်တော်က နောက်သို့ ခြေကစ်လှမ်းမုန်ဆုတ်၍ သူ့ကို
လှမ်းခေါ်သည်။

"ဘထွေး...၊ ဘထွေးရွှေလွန်း..."

သူက ရုတ်တရက်ကြောင်သွားသည်။ ကျွန်တော့်ကို
မှတ်မိ ပုံမရ၊ ကျွန်တော်က ဆောင်းထားသော သံခမောက်ကို
ချွတ်လိုက်၏။

"ဟိုက်...ငယ်လေး..."



သူက အလန့်တကြား အော်သည်။ ချက်ချင်းပင် သူက
သူ့လူများကို အတိုက်ရပ်ခိုင်းသည်။ ကျွန်တော်ကလည်း
ကျွန်တော့်ရဲဘော်များကို ရပ်ရန် အော်ဟစ်အမိန့်ပေးသည်။

တိုက်ပွဲမှာ ဤသို့မမျှော်လင့်ဘဲ ပြီးဆုံးသွားသည်။ ဓားပြ
ငါးဦးကျပြီး၍ ကျွန်တော်တို့ ဘက်မှ ရဲဘော်နှစ်ဦးသာဒဏ်ရာ
ရသည်။

"ကံကောင်းလို့ကွာ...လူမှားပြီး သေကုန်ကြမလို့၊ ဒါထက်
မင်းတို့ ဘယ်ကလာတာလဲ"

"ကျွန်တော်တို့ တရုတ်ဖြူနဲ့ တိုက်ပွဲဖြစ်ပြီး ဆုတ်လာတာ၊
မိုင်းပန်ဘက်သွားမလို့"

"ဟေ...ကြိုကြိုဖန်ဖန်တွေ့ရတယ်ကွာ...၊ ကဲ မင်းတို့
ငါ့စခန်းလိုက်ခဲ့ကြ"

"ဘထွေးစခန်းမှာ စားစရာ၊ သောက်စရာ ရမလား"

"အို...ဒါကို မပူပါနဲ့ကွာ၊ ငါက ဖိတ်ရင် မင်းတို့က ငါ့
ဧည့်သည်ပေါ့"

ကျွန်တော်သည် တပ်ကြပ်ကြီး စိန်လွင်နှင့် ရဲဘော်များကို
အကျိုးအကြောင်းရှင်းပြပြီး ဒဏ်ရာရသူနှင့် ကျဆုံးသူများကို
သယ်ကာဘထွေး၏စခန်းသို့ လိုက်ခဲ့ကြသည်။

ဘထွေးစခန်းမှာ စောစောက တပ်ကြပ်ကြီး စိန်လွင်ပြခဲ့
သော နံရံဖြူနှင့် တောင်ထွတ်ကြီးအခြေရှိ ဂူကြီးတစ်ဂူသာဖြစ်၏။

ညစာကို ဘထွေးက ဒယ်အိုးသင်သည့်ပင် ပစ်ပြီးရှိနေသော
တောဝက်နှစ်ကောင်ကို ကင်ကျွေးသည်။

ထမင်းစားသောက်ပြီး မီးဖိုဘေး၌ ထိုင်ရင်း ဘထွေးနှင့်
ကျွန်တော်သည် အေးအေးဆေးဆေး စကားပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘထွေးက ဘယ်နှယ့်ဒီရောက်လာသလဲ"

"ရာဇဝတ်ဘေးလွတ်အောင်ပြေးလာတာပေါ့ ငယ်သေးရာ၊ ဒီကျတော့လည်းမကူးဘူးဆိုပြီး ဂိုဏ်းဖွဲ့ ဓားပြတိုက်နေတာပေါ့"

"ဖြစ်ရလေ ဘထွေးရာ ဘယ်နှယ်ကြောင့် ခင်ဗျားမားပြ တိုက်ရတာလဲ"

"ကြွေးတင်ဘာကစတာပေါ့...စပြီးတော့ သူကြီးကလည်း လက်နက်ထုတ်ပေးတယ်"

"ဗျာ...သူကြီးက လက်နက်ထုတ်ပေးတယ်"

ဟုတ်တယ် အင်္ဂလိပ်တက်ပြီးစ မြာဟာစ်ဝိုက်မှာ ဓားပြ တိုက်သမျှ သူကြီးလူတွေချည်းပဲ"

"နို့၊ ဘထွေးကိုမိပြီးမှ ဘယ်လိုလွတ်အောင်ပြေးသလဲ"

"ငါ့စွမ်းလို့ မဟုတ်ပါဘူးကွာ...၊ ဝန်ထောက်ကြီးက လွှတ်ပေးတာပါ"

"ဘယ်လို ဝန်ထောက်ကြီးက လွှတ်ပေးတာ"

"ဟုတ်တယ်...ငါ့ကို သူတို့ ပိုင်းစစ်တော့ ငါမဖော်ပါဘူး နောက်ဆုံး ဝန်ထောက်ကြီးတစ်ယောက်တည်း ချေစစ်တော့ ငါအမှန်တွေ ပြောလိုက်တယ်"

"အမှန်တွေဆိုတာ ဘာတွေလဲ"

"အေးလေ ငါပြောပြီးပါရောလား၊ သူကြီးက လက်နက် တွေ ထုတ်ပေးတဲ့အကြောင်း"

ကျွန်တော်ငိုင်ကျသွားသည်၊ ဝန်ထောက်ကြီး ကောက်ကျစ် စဉ်းလဲသော ဉာဏ်ကိုလည်း သဘောပေါက်သွားသည်။

"ဘထွေးကို ဝန်ထောက်ကြီးက ဘာလို့လွှတ်ပေးတာလဲ သိလား"



"သူကြီးနဲ့ သူက ခင်ကယ်မဟုတ်လား...၊ သူကြီးကို ကာကွယ်ချင်လို့ဖြစ်မှာပေါ့..."

ကျွန်တော်က ခေါင်းခါသည်။

"သူကြီးကို ကာကွယ်ချင်လို့ မဟုတ်ဘူး၊ သူကြီးကို သူ့လက်ခုပ်ထဲရောက်အောင်"

"ဘယ်လို...သူကြီးကို သူ့လက်ခုပ်ထဲရောက်အောင်"

"ဟုတ်တယ်...၊ ကျွန်တော်လည်း နု ဘထွေးဆီက အမှန်တွေကြားရမှ သဘောပေါက်တာပဲ...၊ ဒီမှာ ဘထွေး အခု မယဉ်နွယ် ဘာဖြစ်သွားပြီလဲသိလား..."

"ဟေ...မယဉ်နွယ်၊ ဘာဖြစ်သွားလဲ..."

"မယဉ်နွယ်အခု ဝန်ထောက်ကြီးမယားဖြစ်သွားပြီ..."

"ဘာ...၊ မယဉ်နွယ်က ဝန်ထောက်ကြီးမယား..."

ကျွန်တော်က နာကျည်းစွာဖြင့် ဖြစ်ခဲ့သမျှ အကြောင်း တွေကို ဘထွေးအား ပြောပြသည်။

ဘထွေးသည် စိတ်မကောင်းခြင်းကြီးစွာနှင့် နားထောင်နေ သည်။ ကျွန်တော့်စကားဆုံးမှ ဘထွေးက မှတ်ချက်ချသည်။

"ဒီလိုဆို ကောင်မလေး သနားပါတယ်ကွာ..."

"ဟုတ်တယ်၊ အစကတော့ မယဉ်နွယ်ကို ကျွန်တော်သိပ် စိတ်နာမိတယ်၊ ခုအတိုင်းဆိုတော့ မယဉ်နွယ် အပြစ်မရှိဘူး၊ ဝန်ထောက်ကြီးက ညစ်လို့သူ့အဖေကို သူကယ်ချင်လို့ အနစ်နာခံ သွားတာပဲ"

ဘထွေးက သက်ပြင်းရှိုက်သည်။

"အေးကွာထားပါတော့ ရွာအကြောင်းတွေပြောပါအုံး"

www.burmeseclassic.com

www.burmeseclassic.com



"တခြားဘာမှ ကျွန်တော်မပြောနိုင်ဘူး၊ ခုနင်က ပြောခဲ့သလိုပဲ၊ မယဉ်ခွယ်နဲ့လည်းကွဲ၊ အဘလည်းဆုံးပြီးတဲ့နောက် ကျွန်တော်ရွာနဲ့ လုံးဝအဆက်ပြတ်ခဲ့တယ်"

ဘထွေးကငြိမ်နေသည် ကျွန်တော်က ဖြစ်ပျက်ခဲ့ပြီးသော နောက်ကြောင်းတို့ထက် လောလောဆယ်ပြဿနာကို စိတ်ပိုဝင်စားသည်။

"ဒါထက် ဘထွေးရော တစ်သက်လုံးဒီအတိုင်းနေသွားတော့မလား…"

"ဒီအတိုင်းမနေလို့ ဘာလုပ်ရမလဲ ရာဇဝတ်မှုတွေက တစ်ခုပြီးတစ်ခု ငါ့ပေါ်ပတ်နေတာ"

ကျွန်တော်လည်း မဖြေနိုင်၊ ဘထွေးကိုသာ စိတ်မချမ်းသာခြင်းကြီးစွာနှင့်ကြည့်နေမိသည်။

ထိုအခိုက် တပ်ကြပ်ကြီးစိန်လွင်သည် ကျွန်တော့်နားကပ်လာသည်။

"ဗိုလ်ကြီး…ဟိုထဲမှာ တရုတ်ဖြူနှစ်ကောင်တွေ့ခဲ့တယ်"

"ဟော…တရုတ်ဖြူ…"

ဘထွေးက အမှုမကြီးဟန် ဝင်ပြောသည်။

"ငါဖမ်းထားတဲ့ တရုပ်နှစ်ကောင်ပါကွာ"

"ဘထွေးဖမ်းထားတာ ဘာလုပ်ဖို့လဲ"

"ပြန်ပေးဆွဲထားတာလေ…"

"ဗျာ…တရုတ်ဖြူကို ဘထွေးပြန်ပေးဆွဲထားတယ်"

"ဘထွေးသည် တရုပ်ဖြူရော ဗမာတပ်ပါ အုပ်စုကွဲ၍ သူ့နယ်တွင်းကျူးလာလျှင် ဝိုင်းဝန်းတိုက်ခိုက်၍ လက်နက်ယူသည်၊ ဤနည်းသည် အသေချာဆုံးလက်နက်စုနည်းဖြစ်သည်၊ ကျွန်တော်တို့ကို ဆီးတိုက်သည်မှာလည်း လက်နက်လိုချင်၍ ဖြစ်သည်။



တရုတ်ဖြူကို မီလျှင်မှ ပြန်ပေးလုပ်၍ တရုတ်ဖြူထံမှရွှေချောင်းနှင့် ကျည်ဆံများရသည်။

"ဘထွေး…အဲဒီနှစ်ကောင်ကို ကျွန်တော် မကြည့်ရဘူးလား"

"ကြည့်ပါကွာ…ဘာအပန်းကြီးတာမှတ်လို့"

ဂူအတွင်းပိုင်း၌ ချုပ်နှောင်ထားသော တရုတ်ဖြူနှစ်ဦးထံ ကျွန်တော်တို့သွားကြသည်။

တရုတ်ဖြူတစ်ကောင်မှာ မေဂျာအဆင့်ရှိသည်။

ကျွန်တော်သည် စိတ်ဝင်စားလာ၍ တရုတ်ဖြူမေဂျာ၏ ကိုယ်ပေါ်တွင် စစ်ဆေးရှာဖွေသည်၊ ကျွန်တော်မျှော်လင့်ထားသည့်အတိုင်း စာရွက်စာတမ်းများနှင့် မြေပုံများတွေ့ရသည်။

စာအချို့မှာ တရုတ်လိုရေးထား၍ အချို့မှာ အင်္ဂလိပ်ဘာသာနှင့်ဖြစ်သည်။

တပ်ကြပ်ကြီးစိန်လွင်နှင့် ကျွန်တော်တို့သည် စာများကို သေချာစွာ စစ်ဆေးကြသည်။ ခဏမှာပင် ကျွန်တော်တို့သည် ရန်သူ၏ အရေးကြီးသောစာရွက်စာတမ်းများကို သိမ်းမိနေကြောင်း သတိထားမိသည်။

ကျွန်တော်သည် ရုတ်ခြည်းအကြံရ၍ ဘထွေးကို တောင်းပန်သည်။

"ဘထွေး အဲဒီတရုတ်ဖြူနှစ်ကောင်ကို ကျွန်တော်တို့ လက်ထဲအပ်လိုက်ပါ"

ဘထွေးငိုင်သွား၏။

"ဒီတရုတ်ဖြူ နှစ်ကောင်ကို ကျွန်တော်တို့နဲ့ ထည့်လိုက်ရင် ဘထွေးအကွက် ရွှေချောင်းတွေ မရလို့ နစ်နာမည်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သိတယ်၊ ဒါပေမဲ့ ဘထွေး သူတို့ကို ကျွန်တော်တို့ လက်အပ်ရင် ဘထွေး ရွှေချောင်းထက် အဖိုးတန်တာပေးနိုင်မယ်"

"မင်းက ဘာပေးမလဲ"

"ဘထွေး သေသေချာချာ နားထောင်စမ်းပါ ဒီတရုတ်ဖြူဟာအရေးကြီးတဲ့ ဗိုလ်မှူးတစ်ကောင်ပဲ၊ သူ့ကိုယ်ပေါ်ကရတဲ့ စာရွက်စာတမ်းတွေအရ...သူတို့စခန်း သူတို့စစ်ဆင်ရေးတွေကို ကျွန်တော်တို့သိနိုင်တယ်၊ သူ့ကို စစ်ရရင်ကျွန်တော်တို့ပိုသိမယ်၊ သူ့ကို ကျွန်တော်တို့နဲ့ထည့်လိုက်ရင်...ဘထွေးကို အစိုးရဆီက လွတ်ငြိမ်းချမ်းသာခွင့်ရအောင် ကျွန်တော်တို့ဆောင်ရွက်ပေးမယ်"

ဘထွေး၏မျက်လုံးများအရောင်တောက်လာသည်။

"မင်းတကယ်ပြောတာလား၊"

"တကယ်ပြောတာဘထွေး...ဘထွေးက ကျွန်တော်တို့ကို ကူညီရင်... နိုင်ငံရဲ့ဘေးအန္တရာယ်ကြီး တစ်ရပ်ကို ဘထွေး ဟန့်ထားပေးရာရောက်တာမို့ ... အစိုးရကလည်း ဘထွေးကို သက်ညှာစွာ စဉ်းစားပေးမှာပဲ"

ဘထွေးသဘောပေါက်သွားသည်။

"ဒီလိုဆိုခေါ်သွားကွာ...အေး...နေအုံး...ငါသတိရ ပြီ"

ဘထွေးသည် ဂူတစ်ထောင့်ရှိဘောင်းတစ်လုံးကို ယူလာသည်။

"ဒီထဲမှာလည်း...ငါအရင်ကမိတဲ့ တရုတ်ဖြူတွေ ကိုယ်ပေါ်က ရတဲ့ စာတွေပဲ၊ တို့ကောနားမလည်ပါဘူး၊ မီးမွေးဖို့နဲ့ ဆေးကုန်းဖို့ဆို သိမ်းထားတာ...ယူသွားကြပေါ့"

"နောက်တစ်နေ့နံနက်စောစော၌ ကျွန်တော်တို့တပ်စိတ်သည် တရုတ်ဖြူနှစ်ကောင်ကိုပါခေါ်၍ ဘထွေး၏ စခန်းမှ ထွက်လာခဲ့သည်။



တပ်ရင်းပြန်ရောက်သော် တရုတ်ဖြူ နှစ်ကောင်နှင့် စာရွက်စာတမ်းများကို တပ်မဟာဌာနသို့ ပို့လိုက်သည်။

တရုတ်ဖြူ စာရွက်စာတမ်းများ၌ တပ်မတော် အလိုရှိသော စစ်ဆင်ရေးနှင့် နိုင်ငံရေးသတင်းများကို ကျွန်တော်တို့ မျှော်လင့်သည်ထက် ပိုမိုဖော်ပြထားသည်။

ကျွန်တော်ဖမ်းမိခဲ့သော မေဂျာမှာလည်း တရုတ်ဖြူဗိုလ်ချုပ်လီမီထံမှ ရှမ်းပြည်စော်ဘွားအချို့ဆီအထူးလွှတ်လိုက်သော တမန်တော်ဖြစ်နေကြောင်း သိရသည်။

မကြာမီတပ်မတော်သည် မဟာနှင့် နဂါးနိုင်စစ်ဆင်ရေးကြီးများဖြင့် တရုတ်ဖြူတို့အား ချိုတက်တိုက်ခိုက်ချေမှုန်းသောအခါ ကျွန်တော်သည် တပ်ခွဲမှူးအဆင့်အတန်းသို့ ရောက်လာခဲ့ပြီ။

ဆိုင်ရာမှတစ်ဆင့် တပ်မဟာမှူးကြီး၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကိုယူကာ ကျွန်တော်နှင့်တပ်သည် ဘထွေး၏ စခန်းဆီ အပြင်းချီတက်ခဲ့သည်။

သို့ရာတွင် ကျွန်တော်နောက်ကျသွားပေပြီ။

ဘထွေး၏ စခန်းတစ်ခုလုံးမှာ...ရာစရာမရှိအောင် ပျက်စီးနေသည်။

စခန်းထိပ်၌ ကားစင်တင်၍ ရက်စက်စွာ အသတ်ခံထားရသည့် ဘထွေး၏ ပုပ်ပွနေသော အလောင်းသည်သာ ကျွန်တော့်ကို ဆီးကြိုနေ၏။

နောက်မှ စုံစမ်းသိရှိရသည်မှာ ကျွန်တော်တို့ လက်သို့ ဘထွေးအပ်လိုက်သော တရုတ်ဖြူတို့အတွက် ရွှေချောင်းရသည်ကို မကျေနပ်သည့် ဘထွေး၏ တပည့်တို့က သစ္စာဖောက်၍ တရုတ်ဖြူ တပ်ကို လက်ထောက်ချလျက် စခန်းသို့ ဖွင့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဘဝမွေးသည့် ကြေကွဲဖွယ်ရာဘဝကို မှတ်သိမ်းခဲ့ရှာသည်။

ကျွန်တော်သည် နဂိုက အရုပ်ကြိုးကို တိုင်းပြည် အဘန်း အရတိုက်သည်။ နေ့စဉ်တွင် အဆွေးအကွက်ပေါ် လက်မှားချေ ရန် အသက်ကို မပေးမြုပ်ခဲ့တိုက်၏။

၁၉၅၄ ခုနှစ်ဆောင်စစ်ဆင်ရေးကြီးသည် မိုင်းဟုံ မိုင်းဆတ် ပုံးပေါ်ကျင်ရှိ ကရုတ်ကြိုကို့အား အပြီးတိုင်ချေမှုန်းသုတ်သင် ခဲ့သည်။

ဤစစ်ဆင်ရေးကြီးအတွင်း ကျွန်တော်သည် အပြင်းအထန် ဒဏ်ရာရခဲ့သည်။

ဆေးရုံ၌ရှိစဉ် "သူရ"ဘွဲ့ ကျွန်တော်ရရှိခဲ့၏။ ဆေးရုံမှ ဆင်းပြီးသောအခါ ကျွန်တော်သည် မေဂျာရာထူးသို့ တိုးတက် ချီးမြှင့်ခြင်းခံရသည်။

အနားယူခွင့်ရက်ရှည်ရသဖြင့် နှစ်ပေါင်းများစွာ ကျွန်တော် မရောက်ခဲ့သည့် ရွာဆီ ယခုပထမဆုံးပြန်လာခဲ့ခြင်း ဖြစ်သည်။

◆

(၂၁)

သံသာလောကမ်းဗိုင်

ချောင်းရေနှံ၊ လယ်ရနံ့နှင့် သစ်စိမ်းနံ့တို့ကို ရှူရှိုက်ရင်း ကန်သင်းတစ်လျှောက် အေးအေးဆေးဆေး လျှောက်လာမိုက် ရှည်လျားသော ဤဓာတ်လမ်းသည် ကျွန်တော့် အာရုံတွင် တရေးရေး ဝေ့လည်ထင်လာနေ၏။

မွေးရပ်ရွာဆီ ပြန်လာခဲ့သော်လည်း ဤရွာ၌ ကျွန်တော့်ကို ဆီးကြိုမည့်သူတစ်ဦးမှ မရှိတော့ပါပြီ…။



ကျွန်တော်သည် ရွာသို့မရောက်သော် ခေတ္တရပ်မိသည်။

ကျွန်တော့်ကို မှတ်မိလေအောင်မည် မဟုတ်သည့် ဤရွာဝယ် ဘယ်အိမ်သို့ ကျွန်တော်ဝင်ရမည်နည်း…။

ကျွန်တော့် ခြေထောက်များက ကျွန်တော့်ကို ရွာဦး ကိုးဆောင်တွဲကျောင်းဆီဆွဲခေါ်ခဲ့သည်။

ကျွန်တော်နေခဲ့သော လောကဓာတ်ကျောင်းနေရာမှာ ချုံနွယ်ပိတ်ပေါင်းလွှမ်းလျက်ရှိသည်။ ရှည်လျားသော နှစ်များကုန် ဆုံးလေသည်အထိ ကျောင်းကို ပြန်မဆောက်နိုင်သေးကြတကား။

ဦးလေးပု၏ ကျောင်းပျက်ကြီးဆီ မျှော်ကြည့်မိသည်။

ကျောင်းပျက်လည်း မြေ၌ပြားအောင်ပြိုလဲနေခဲ့လေပြီ။

ကိုးဆောင်တွဲ ကျောင်းဝင်းအတွင်းရောက်လျှင်မှ မပြောင်း သေးသော အစဉ်အလာတစ်ရပ်က ကျွန်တော့်ကိုဆီးကြိုသည်။

ခြေတံရှည်ကျောင်းအောက်၌ ဦးပဉ္ဇင်းတစ်ပါးသည် ကြိမ် လုံးကိုကိုင်ကာ ပက်လက်ကုလားထိုင်တစ်လုံးထက် စံနေတော် မူသည်။

သူ့ခြေရင်းမြေ၌ ဝပ်လျက် ကျောင်းသားလေးများက အံပြီးသောစာကို ပြန်နေကြသည်။

ကျွန်တော်သည် ဦးပဉ္ဇင်း၏မျက်နှာကို သေသေချာချာ ကြည့်သည်။

ကိုရင်လောစံပေတည်း၊ ယခုမူ ဦးပဉ္ဇင်းလောစံဖြစ်နေ ပေမည်။

ကျွန်တော့်ရင်မှာ ကြေကွဲကြည်နူးဖြစ်မိသည်။ ကျေးရွာ သံဃာတော်မြတ်၏ ဂုဏ်ကျေးဇူးကိုလည်း လှိုက်လှိုက်လှဲလှဲ အောက်မေ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်မညီမှုပျက်၍ ခေတ်မညီမှုပြောင်းသော်လည်း သံဃာမြတ်တို့သည် သူတို့၏ဝတ်ကိုမပျက်စေပါတကား...။

ကျွန်တော်သည် ဦးပဥ္ဇင်းအလုပ်ကို မနှောက်ယှက်ချင်သဖြင့် ကျောင်းကြီးပေါ်သာတက်ခဲ့သည်။

ဆရာတော်ထိုင်နေကျနေရာတွင် ဦးပဥ္ဇင်းကောဝိဒသည် ထိုင်လျက်ရှိနေ၏။

အသက်အရွယ်ကြီးရင့်ခဲ့သဖြင့် ဆရာတော် ဦးကောဝိဒသည်တည်ငြိမ်ခံ့ညားနေသည်၊ သိက္ခာတော်လည်း ကြည်ညိုဖွယ်ပြည့်ဝနေ၏။

ကျွန်တော်က ဦးချပြီး၍ မော်ဖူးသောအခါ ဆရာတော်သည် ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်ရင်း မိန့်တော်မူ၏။

"နေပါအုံး...ဒကာကြီး...၊ ဒကာကြီးမျက်နှာ ဘုန်းကြီးမြင်ဖူးပါတယ်"

"တင်ပါ၊ တပည့်တော်ဟာ ဆရာတော်ရဲ့ တပည့်ရင်းပါပဲ။ သန့်ဇင်ပါဘုရား"

ဆရာတော်သည် အံ့သြခြင်းကို ရုတ်တရက်ဖြစ်သဖြင့် မထိန်းနိုင်။

"ဟာ...သန့်ဇင်...၊ နင်ကြီးပွားလှချည်လား၊ အံမယ် ငါမမှတ်မိဘူးဟာ"

"တင်ပါ၊ တပည့်တော်ရွာပြန်မရောက်တာလည်း ခုနစ်နှစ်လောက်ရှိပြီကိုးဘုရား..."

"အိမ်း...ခုနစ်နှစ်၊ နဲတဲ့နှစ်တွေမှ မဟုတ်ဘဲလား...၊ ဒါထက် နင်ရွာထဲရောက်ပြီးပြီလား..."

"မရောက်သေးဘူးဘုရား၊ ရောက်လည်းတပည့်တော်ကို မှတ်မိတဲ့လူ ရှိမယ်မထင်ပါဘူး၊ ဒါကြောင့် အရှင်ဘုရားဆီ တစ်ရင်လာဖူးတာပါ..."



"ဘယ့်နှယ်ကြောင့်မမှတ်မိရမလဲ၊ ဟာ...နေအုံး"

ဆရာတော်သည် တစ်စုံတစ်ခုကို သတိရဟန်အနီးရှိကြက်မွေးကြိမ်လုံးဖြင့် ကြမ်းပြင်ကိုရိုက်သည်၊ ကျောင်းသားလေးတစ်ဦးထွက်လာ၏။

"ဟဲ့... အုန်းသော်... ဦးကေသရကို သွားပင့်စမ်း။ ပိဋကတ်ကျောင်းမှာ ရှိလိမ့်မယ်"

ကျောင်းသားလေး အပြေးဆင်းသွား၏။

"ဦးကေသရဟာ ဘယ်သူတုန်းဘုရား"

"ရောက်တော့ ခင်းသိပါလိမ့်မကွာ"

မကြာမီ ဦးကေသရ ကြွလာသည်။

"အို...ကိုကျော်ရှိန်..."

ဦးကေသရဖြစ်သော ကိုကျော်ရှိန်က တည်ကြည်စွာဖြင့် ကျွန်တော့်ရှေ့ရပ်နေတော်မူသည်။

ဆရာတော်က နေရာမှထသည်။

"ကဲဦးကေသရနဲ့ စကားပြောနေရစ်၊ ငါတော့ဆွမ်းခံထွက်ဖို့ ပြင်အုံးမယ်။ ဦးကေသရကတော့ ဆွမ်းခံ မလိုက်နဲ့တော့၊ သန့်ဇင်ကို အကျိုးအကြောင်းတွေ အကုန်ပြောပြလိုက်ပါဦး"

ဆရာတော်ကြွသွားမှ ဦးကေသရနှင့် ကျွန်တော်လွတ်လပ်စွာ စကားပြောကြသည်။

"နေပါအုံး ကိုကျော်ရှိန်...၊ အဲလေ...ဦးဇင်း...ဦးဇင်း ဘယ်နှယ့် ရဟန်းဘောင်ရောက်နေသလဲ"

ဦးဇင်းက ပြုံးသည်။

လောကကို ငြီးငွေ့လို့ပေါ့ သန့်ဇင်ရာ..."

"တပည့်တော်က ဦးဇင်းတောခိုနေတုန်းပဲ ထင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါလက်နက်ချတာကြာပါပြီး လက်နက်ချပြီး ထောင်ထဲ ထောင် နှစ်နှစ်နေခဲ့ရသေးတယ်"

"ထောင်ထဲမှာနှစ်နှစ်...ဘယ်လိုဖြစ်လို့လဲ"

"ဒါတွေထားပါလေ မင်း မယဉ်နွယ်ကို စိတ်နာတုန်း ပဲလား..."

မယဉ်နွယ်...။ ကျွန်တော်မေ့ချင်သော အတိတ်ကိုမှ ဦးပဍင်းသည် ဘာကြောင့်ဖော်ရပါသနည်း။

"ဦးဇင်း ဘာလို့ ဒီမေးခွန်းကိုမေးတာလဲ..."

"ငါ့ကိုပြန်မမေးနဲ့လေ...ငါမေးတာဖြေစမ်းပါအုံး"

ကျွန်တော်က သက်ပြင်းရှိုက်သည်။

"အစတုန်းကတော့ မယဉ်နွယ်ကို တပည့်တော်သိပ် စိတ်နာတယ်၊ ဒါပေမဲ့...ဘတွေးနဲ့တွေ့ပြီး အကြောင်းစုံသိရလို့ မယဉ်နွယ်ကို တပည့်တော် ခွင့်လွှတ်တဲ့အပြင် သနားတောင် သနားမိပါတယ်"

"မင်းဘတွေးနဲ့ မင်းဘယ်မှာတွေ့လဲ"

"ရှမ်းပြည်တစ်နေရာမှာပေါ့ဘုရား၊ ခု သူလည်းမရှိတော့ ပါဘူး၊ ဆုံးသွားရှာပြီ..."

"ကျွတ်...ကျွတ်...ဖြစ်ရလေ၊ ဒါထက်...မင်း မယဉ်နွယ် ကို မတွေ့ချင်ဘူးလား..."

"သူများမယားဖြစ်မှ...တပည့်တော်ဘာလို့ တွေ့ရမလဲ"

"မယဉ်နွယ်ကို သူများမယားလို့ မင်းဘာလို့ပြောသလဲ"

"နို့...ဝန်ထောက်ကတော်ဖြစ်နေပြီ မဟုတ်လား"

"ဒါက မင်းထင်တာကိုး၊ မယဉ်နွယ် ဝန်ထောက်နဲ့ မရပါဘူး"



"ဘာဖြစ်ခဲ့တယ် ဘုရား..."

"မင်းက ရွာနဲ့ လုံးဝအဆက်ပြတ်သွားတာကိုး ငါပြောပြ မယ် နားထောင်..."

ဦးပဍင်းသည် မပုံနိုင်လောက်သော ဇာတ်ကြောင်းကို ပြန်သည်။

"မင်းရွာက ထွက်သွားပြီး မကြာခင် ဖောနီတပ်တွေနဲ့ ပေါင်းပြီး ကိုပြည်ခရိုင်ကိုသိမ်းတယ်၊ ငါလည်းအမြင်ကတ်ကတ် ရှိတာနဲ့ ဝန်ထောက်ကြီးကို ဖမ်းလိုက်တာပေါ့၊ နောက် တို့ သုံးပါတီခုံရုံးက သူ့ကိုစစ်တယ်၊ သူလုပ်ထားတာတွေ မကောင်း လုပ်ထားတာတွေပေါ်တာနဲ့ ခုံရုံးက သေဒဏ်ပေးပစ်လိုက်တယ်၊ မယဉ်နွယ်နဲ့ ယက်မထပ်ရပါဘူးကွာ..."

ကျွန်တော်မှာ အံ့ဩလွန်း၍ စကားမဆိုနိုင်။

"နောက်... ငါလက်နက်ချတော့ သူ့သတ်မှုနဲ့ အဖမ်းခံ ရတာပဲ၊ နှစ်နှစ်ကြာမှ... ခုံရုံးက သတ်တာ ငါအပြစ်မရှိဘူးဆို လွှတ်လာတယ်..."

"ဒို့...သူကြီးကော"

"သူကြီးလည်း ဝန်ထောက်နဲ့အတူ အသတ်ခံရတာပဲ"

"ဒါထက်...ဆရာကော"

"မင်းဆရာက တောတွင်းမှာ မိုက်တွင်းနက်ရင်းကျခဲ့ ပြီလေ"

ကျွန်တော့်ရင်မှာ လှုပ်ရှားလာသည်။ မျှော်လင့်ချက် ရောင်ခြည်များလည်း သန်းလာ၏။

"ခုနင်က...ဦးဇင်း မယဉ်နွယ်ကို မတွေ့ချင်ဘူးလား မေးတယ်၊ ခု... သူတို့ဘယ်မလဲ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟို တောင်ပေါ်ကျောင်းမှာ၊ သူ့အမေက သီလရှင် ဝတ်နေပြီ၊ မယဉ်နွယ်ကောင် ဘယ်တော့ သီလရှင်ဝတ်မလဲ မသိဘူး"

ကျွန်တော်သည် ဦးပဥ္စင်းကို ပုဆိန်ပေါက် ဦးချသည်။ ကြာကြာမဆိုင်းဘဲ ရိုးကလေးဆီ အပြေးအလွှားလာခဲ့၏။

တောင်ခြေရောက်သော် ကျွန်တော်ဆိုင်းသွားသည်...။

ရှေ့မလှမ်းမကမ်း၌ ဆီးတော်ပင်ကြီးသည် မားမားရပ်နေ၏။ ကျွန်တော်က အမှတ်မထင်ဆီးတော်ပင်ရှိရာ လျှောက်ခဲ့သည်။

သို့သော်...ဆီးတော်ပင်အောက်၌ ကျွန်တော့်ထက် ဦးသူက ရောက်ရှိနေ၏။

"မယဉ်နွယ်..."

ကျွန်တော်သည် အရှူးသဖွယ် အော်ခေါ်ရင်း ဆီးတော်ပင်အောက်သို့ပြေးသည်။

ဆီးတော်ပင်စည်ကိုမှီရင်း မျှော်ငေးနေသော မယဉ်နွယ်သည် ထိတ်လန့်လျက် ကျွန်တော့်ကို ကြည့်သည်။

ကျွန်တော်ကလည်း သူ့ကို ရင်၌ တုန်လှုပ်စွာနှင့် ကြည့်မိ၏။

မယဉ်နွယ်...။ ကျွန်တော့်ချစ်လှစွာသော မယဉ်နွယ်...။ နှစ်တွေခြားသော်လည်း အနည်းငယ် ပိန်သွားသည်မှတစ်ပါး အလှမပျက်သည့် ကျွန်တော့်အချစ်ဦး မယဉ်နွယ်...။

ကျွန်တော်က လက်ကို ဆန့်တန်း၍ မယဉ်နွယ်ဆီ ချဉ်းကပ်သည်၊ မယဉ်နွယ်က ကျွန်တော့်ရင်ခွင်ဆီပြေးဝင်လာ၏။

ကျွန်တော့်ပခုံးထက် မျက်နှာမှောက်၍ တရှုပ်ရှုပ်ငိုကြွေးလေသော ချစ်သူ၏ ကျောကလေးကို သပ်ကာ... ယုယစွာ ဆိုမိသည်။



"မငိုပါနဲ့ မယဉ်နွယ်ရယ် ... မောင် ပြန်လာပါပြီ...၊ နွယ်နဲ့ ဟာစ်သကာမခွဲဘဲနေဖို့ မောင်ပြန်လာပါပြီ"

မှန်သည်။ ဤအကြိမ်တွင် မယဉ်နွယ်နှင့်ကျွန်တော် ဘယ်အခါမျှ ခွဲတော့မည်မဟုတ်...။

ကျွန်တော်သည် ရင်ခွင်ဟွင်းမှာမယဉ်နွယ်၏ ပခုံးလေးကို ကျော်ကာ ကျွန်တော့်မြေကို လှမ်းမျှော်ကြည့်မိသည်။

ဤမြေကို သွေးအထပ်ထပ်ဖုံးလွှမ်းရန် ကြိုးပမ်းကြသည်။ သွေးအထပ်ထပ်လည်း ကျခဲ့ဖူးပြီ ... ။ ကျွန်တော့်အဘနှင့် ကျွန်တော်ဆရာတို့၏ အချည်းနှီးသောအစီပွာယ်ခဲ့ သွေးတို့ကို ဤမြေသည် မကျေမနပ်လက်ခံခဲ့ရပြီးပြီ...။

သို့သော် စိမ်းသောမြေကို ယာယီသွေးတို့ ထာဝစဉ် မလွှမ်းနိုင်။

ကျွန်တော့် မိခင်မြေသည် စိမ်းနေဆဲဖြစ်ပါ၏။ အတိတ အတိတ်ကာလဟု မှန်ကန်စွာ သုံးနိုင်သော ရှေးပဝေသဏီ ကျွန်တော့် ဘိုးဘွားဘီဘင်ကျေးဇူးရှင်များ လက်ထက်ကတည်းမှ ကျွန်တော့်မြေသည် စိမ်းလန်းသာယာခဲ့သည်။ ယခုလည်း စိမ်းလန်း သာယာနေပါ၏။ နောက်နောင်၌လည်း စိမ်းလန်းသာယာနေပေမည်။

ထာဝစဉ် **စိမ်းနေဦးမည့်ကျွန်တော့်မြေ** မိခင်နန်းမဟော တည်း။

ချစ်သောမယဉ်နွယ်နှင့် ပြန်ဆုံတွေ့ရပြီဖြစ်သောကျွန်တော့် ဘဝအတွက်လည်း စိမ်းသောဤမြေပမာ ထာဝစဉ်မနွမ်းအောင် စိမ်းလန်းနေပေလိမ့်မည်တကား...။...။

ပြီးပါပြီ

ကဏ္ဍသိုလ်ဘုန်းနိုင်

www.burmeseclassic.com